
www.burmeseclassic.com

ဥက္ကာရနေလ

# ပိတ်ချင်းမြောင်ကောရိ ဒေဝီရှင်မွန်လှ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဥတ္တရနေလ

# ပိတ်ချင်းမြောင်ကောရီ

ဒေဝီရှင်မွန်လှ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၃၆၀၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၂၉၀၁၀၈

၂၀၀၈ ခုနှစ်၊ မတ်လ
ပထမအကြိမ်၊ အုပ်ရေ (၅၀၀)
တန်ဖိုး - ၂၀၀၀ ကျပ်

ထုတ်ဝေသူ
ဦးအောင်သိန်းဝင်း
ကြည်လှမောင်စာပေ (မြ - ၀၄၁၁၂)
အမှတ်(၃၂)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊
ဗဟန်း

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်အေးအေးခိုင်
စိန်ကြယ်ပုံနှိပ်တိုက် (မြ - ၀၃၈၈၅)
အမှတ်(၇၂)၊ လမ်း (၃၀)၊ ပန်းဘဲတန်း။

ဖြန့်ချိရေး
ကြည်လှမောင်စာပေ (မြ - ၀၄၁၁၂)
အမှတ်(၃၂)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊
ဗဟန်း

ဖြန့်ချိရေး
ကြည်လှမောင်စာပေ (မြ - ၀၄၁၁၂)
အမှတ်(၃၂)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊
ဗဟန်း

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

. . . . . . . . . . . . . . . . . . . . . . . .

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ် ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်**

. . . . . . . . . . . . . . . . . . . . . . . .

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

. . . . . . . . . . . . . . . . . . . . . . . .

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

. . . . . . . . . . . . . . . . . . . . . . . .

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

. . . . . . . . . . . . . . . . . . . . . . . .

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC

# အခန်း(၁)

လန်းဆန်းလတ်ဆတ်သောလေကို အားရပါးရ ရှူရှိုက်လိုက်ရသဖြင့် ပြင်ဦးလွင်အထွက်လမ်းသို့ ရောက်လာပြီဆိုတာ စိတ်က အလိုလိုသိလိုက်သည်။ အောင်ပင်လယ်ကို ကျော်လွန်သည်နှင့် အော်ရစ်ရှားပင်များသည် လမ်းဘေးနှစ်ဘက်စလုံးထူထပ်သိပ်သည်းစွာ အုပ်မိုးထားမှုကြောင့် အဖူရှိန်သည် အလိုအလျောက်နည်းပါးသွားတော့သည်။ လယ်ကွင်းကို ဖြတ်ထွက်လာသည့် လေနုအေးသည် နောင်နောင်၏ရင်ထဲရှိ ပူလောင်မှုတွေကို ခေတ္တငြိမ်းအေးစေသည်မှာကတော့ အမှန်ပင်။ အောင်ပင်လယ်ကို ဖြတ်ကျော်တိုက်ခတ်သည့် လေသည် နောင်နောင်၏ရင်ကို ခေတ္တငြိမ်းအေးစေသလို အခြားသူတစ်ဦးတစ်ယောက်အတွက်လည်း ငြိမ်းအေးစေအောင်ဆောင်ရွက်ပေးနိုင်သူ ဟုတ်မဟုတ်ဆိုတာ ပြန်စဉ်းစားနေမိသည်။

တောင်ခြေကိုကျော်ပြီး (၁၉)မိုင်တိုင်ရောက်လျှင် မြေညီညာသော တောင်ကြောပြန့်ကြီးကို အရှိန်ပြင်းစွာဖြတ်ကျော်လိုက်သည်။ ပတ်ဝန်းကျင်ရှိ ကျောက်ဆောင်တုံးများအား ကျော်ကျက်ဆင်ကြီးသဏ္ဍာန်ဖန်တီးပြုပြင်၍ ယင်းအပေါ်တွင် ရေးထိုးရေးထိုးထားပြီး၊



www.burmeseclassic.com

www.burmeseclassic.com



အများကုသိုလ်ပွားနိုင်ရန် ရည်သန်လှူဒါန်းထားကြသည်။ ထိုမှ တစ်ဆင့်(၂၁)မိုင်ရောက်သော် ကားဒရိုင်ဘာမှ 'နားဦးမလား'ဟု မေးထိုးပြသည်။ နောင်နောင် ခေါင်းခါလိုက်မိသည်။ အရေးကြီး နေသောအချိန်တွင် နောင်နောင်အဖို့ အချိန်ကိုသာ ဦးစားပေးမိ တော့သည်။ ယခုအချိန်လု၍ အမီသွားရမည်ဟူသော အသိကသာ နောင်နောင့်ကို စိုးမိုးနေသည်။ အချိန်ဆိုသော စကားရပ်သည် နောင်နောင့်အတွက် ပဟေဠိတွေချည်းဖြစ်နေသည်။ အတိတ်ဟု ခေါ်သော ပုပ်သိုးဆွေးမြည့်သွားသည့်အရာသည်လည်း ပစ္စုပ္ပန် ဟုခေါ်သော လတ်ဆတ်လန်းဆန်းသည့် ဘဝများကို အမြဲအနှောင့် အယှက်ပြုနေကြသည်။ ကောင်းကျိုးကော မပေးကြတော့ဘူးလား ဟု အမြဲတမ်းအပြစ်ဖို့မိစမြဲ။ နောင်နောင်ဘဝကတော့ ထူးခြားမှု မရှိသည့်ဖြစ်ရိုးဖြစ်စဉ်ဘဝမို့ ကိုယ့်ဘဝအကြောင်း ဒီလိုနက်နက် နဲနဲမတွေးမိတာအမှန်ပါ။ သို့ပေမယ့် ညီမလေး'ထူး'အတွက်ကြောင့် အချိန်ဆိုတာကိုရော အတိတ်ဆိုတာကိုရော အရိပ်လိုလိုက်၍နှောင့် ယှက်တတ်သည့်အရာများဟု နောင်နောင် ငယ်စဉ်ကတည်းက အစိုပွာယ်ကောက်ယူခဲ့မိသည်။

သာမန်လူသားတွေအတွက်ကား အတိတ်သည် ပုပ်သိုး ဆွေးမြည့်သွားသော်လည်း အနာဂတ်ဖြစ်လာမည့် ပစ္စုပ္ပန်အချိန်ကို အနှောင့်အယှက်ပြုတတ်သောအရာဟု ယူဆချင်မှယူဆ၍ 'ရတတ် သည်။ အတိတ်ဟူသည် မွေးပျံ့ကြိုင်လှိုင်ပြီး ပစ္စုပ္ပန်ကိုလျှောင်ချိုင့် နှင့်တူသော ပန်းခြံထဲသို့ ဖြားယောင်းခေါ်ယူတတ်သည့်အရာဟု လည်းဆိုနိုင်သည်။ သို့သော် ထူးခြားသည့် ပုဂ္ဂိုလ်များ၊ ပုထုဇဉ်ထက် မြင့်မြတ်သော ပုဂ္ဂိုလ်များ၊ ဘုရား၊ ရဟန္တာများအတွက်ကား အတိတ်ဟူသည် ပါရမီထူးအတွက် ဖြည့်ဆည်းအပ်သောအရာပင် ဖြစ်သည်။ အချိန်ဆိုသည်မှာလည်း မြေသြဇာကောင်းပင်ဖြစ်ပေ မည်။ ယင်း၌ သူတော်ကောင်းတရားများပွားများကျင့်ကြံအား





ထုတ်ရင်း လူသာမန်တို့ မရရှိနိုင်သည့် အကျိုးထူးများရရှိကြအောင် ကြိုးပမ်းအားထုတ်လျက်နေကြမည့်သူတို့အတွက် နေပူခြင်း၊ မိုးရွာ ခြင်း၊ လသာခြင်းတို့အားလုံးသည် အရေးမကြီး၊ ယင်းသည် အခက် အခဲမဟုတ်။ သို့ပေမယ့် အရိယာသူတော်စင်တို့အတွက် အချိန် သည်လည်း တန်ဖိုးရှိပေ၏။ သူတို့အတွက် ကျော်လွန်ခဲ့သော အချိန် များကား ပုပ်သိုးသွားခြင်းမဖြစ်။ အချိန်တို့ ရင့်ရော်အိုမင်းသွား ခြင်းကတော့ မလွန်ဆန်နိုင်သော သဘာဝတရား၏လျှို့ဝှက်ချက် သာဖြစ်မည်။ အချိန်တို့ကို နုပျိုအောင်လုပ်၍ ရစကောင်းလျှင် လည်း သူတို့အတွက်ကတော့ ဘာမျှအစိပ္ပာယ်မရှိ။

ညီမလေး'ထူး'သာ့အချိန်တို့ကို ပုပ်သိုးဆွေးမြည့်ပြီး လုံးဝ မကျန်တော့သည်တိုင်အောင် မေ့ပစ်နိုင်စွမ်းရှိသူဖြစ်ခဲ့ရင် ဘယ် လောက်ကောင်းလေမလဲ။ သို့တည်းမဟုတ် အရိယာသူတော်စင် တို့လို သိဒ္ဓိတွေရှိပြီး အချိန်ကိုနုပျိုအောင် အမြဲလန်းဆန်းအောင် လုပ်နေနိုင်ရင်တော့ 'ထူး'ရဲ့ဘဝ အမြဲတမ်းလသာနေမှာပဲလို့ သာ သာထိုးထိုး တွေးလိုက်မိသည်။ ဪ. . . ဒါတွေက အိပ်မက်မှ မဟုတ်ဘဲလို့။ အိပ်မက်မဟုတ်ပေမယ့် ယုံနိုင်စရာအဖြစ်တွေလား။ ယုံနိုင်စရာမဟုတ်လို့ မေ့ပျောက်ရနိုင်စရာကောဟုတ်ရဲ့လားဟု ပြန် မေးမိတိုင်း. . . နောင်နောင်ကိုယ်တိုင်ပင် မေ့ဖျောက်၍မရ။ နောင်နောင် မေ့ဖျောက်၍မရသလို ထူးထူးသည်လည်း ဒီအိပ်မက် ဆိုးကြီးတွေ၏ အမြဲလာရောက်ခြောက်လှန့်မှုကို ခံနေရတတ်စမြဲဖြစ် သည်။ ဒီအိပ်မက်ဆိုးကနေလန့်နိုးပြီး လရောင်လေးသာနေတဲ့ အဖြစ်ကိုပဲ သူတို့ကိုတွေ့စေချင်၏။ နောင်နောင် ဆုတောင်းပြည့် ပါစေ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ပုပ်သိုးဆွေးမြည့်သွားသောအချိန်ကို လက်ဆင့်ကမ်းသယ်ယူမိသောအ... ဥပါဒန်ကြောင့် ဥပဒ်ရောက်သည့် သဘောလေလား။ သို့တည်းမဟုတ် Unitting ဟုခေါ်သော ဘဝအနားသတ်မျဉ်း(ဝါ) ကံဇာတ်ဆရာ၏ကန့်သတ်ချက်ပေလော နောင်နောင်မသိ။ နောင်နောင်ဉာဏ်မမီပါ။ ဘဝဟူသည်မှာ အမျိုးမျိုးသောဖြစ်ပျက် ပြုပြင်မှုများကိုတွေ့ကြရသည်။ ဆရာကြီးဦးသုခဖန်တီးခဲ့သော 'ဘဝသံသရာ'ဇာတ်ကားကြီး၏ ဆိုလိုချက်အရ သုံးသပ်ကြည့်လျှင် ဘဝဆိုတာ ရှည်လျားတွေပြားပြီး မနေမနားဘဲ သွားနေသော အချိန်ရထားကြီးတစ်ခုပင်ဖြစ်ပေတော့သည်။ ထိုအထဲမှာမှ ပန်းခင်းသောလမ်းချည်းလျှောက်လှမ်းရသူတွေရဲ့ ဘဝတွေရှိသလို ပန်းခင်းလမ်းတစ်ဝက် ခရောင်းလမ်းတစ်ဝက်သော်လည်းကောင်း၊ ခရောင်းလမ်းပြည့်လျှမ်းနေသော ဘဝကိုလည်းကောင်း၊ အမျိုးမျိုးအထွေထွေ လျှောက်လှမ်းနေရသူများ ရှိခဲ့ပေ၏။

ညီမလေးထူး၏ ဘဝသည် ခရောင်းလမ်းတို့ များခဲ့ပါပြီ။ ဒါကြောင့် ဘဘလှိုင်တို့၏ကြင်နာယုယမှုအောက်တွင် ခရောင်းလမ်းတို့ အဆုံးသတ်လောက်ပေပြီဟု နောင်နောင်ယူဆပါ၏။

ကြည်လှမောင်စာပေ



ညီမလေးဘဝ ပန်းခင်းလမ်းနဲ့ တစ်ဆစ်ချိုးစပါစေတော့။

(၂၁)မိုင်ကျော်လျှင် တိမ်ညိုမဲတို့သည် သာနေသောလ...
ကို ဖုံးလွှမ်းလိုက်ပေပြီ။ ဇီးပင်ကြီးလမ်းဆုံရောက်လျှင် မိုးထစ်ချုန်း...
ပြီး လျှပ်စီးတွေလက်ကာ မိုးများက တဖျောဖျောကျလာ၏။ ထို...
နောက် မိုးတို့ သည်းသည်းမဲမဲအငြိုးကြီးကြီးသွန်ချလိုက်တော့သည်။...
နောင်နောင်၏ အတွေးစတို့သည် သာခဲနေသောလကို တိမ်မဲညိုတို့...
ဖုံးလွှမ်းသွားသလို ပြောင်းလဲသွားရပေပြီ။ မိုးတို့အားပါးတရသွန်ချ...
မှုကြောင့် ခြောက်ထပ်ကွေ့အတက် ကမ်းပါးယံတို့တွင် မိုးရေများ...
တဝေါဝေါစီးကျသံတို့ကို ဆူညံစွာကြားနေရသည်။ လျှပ်စီးလက်...
လိုက်တိုင်း မိုးရေတို့အရှိန်ပြင်းစွာ စီးဆင်းနေသံ၊ ရေတံခွန်မှ ရေ...
များတဝေါဝေါထိုးဆင်းသည့်အသံတို့ကို အဆက်မပြတ်ကြားနေရ...
သည်။ သစ်တစ်ပင်ခင်တန်း၊ လျှိုနားရောက်သောအခါ နောင်နောင်...
စိတ်ထဲမှာ မကြားချင်ဆုံးဖြစ်သည့် ရေတံခွန်ကြီးတစ်ခုမှ ရေထိုး...
ဆင်းသံများ 'ဝေါ. . . ဝေါ. . . ဝေါ'ဟု ပြင်းထန်စွာကြားရသည်။...
ရေများက အမြင့်မှထိုးဆင်းပြီး အောက်ရှိချောက်ထဲသို့ရောက်...
သောအခါ တဝုန်းဝုန်း တဖြုန်းဖြုန်းနှင့်အသံတွေကြားနေရသည်...
သစ်တုံးအတိုအစတွေကော ကျောက်တုံးကျောက်ခဲတွေကော...
မျောပါလာဟန်တူသည်။ မိုးကလည်း သည်းသည်ထက် သည်းလာ...
၏။ နောင်နောင်တို့ကားမောင်းလို့မရတော့ ခြောက်ထပ်ကွေ့အော...
တစ်နေရာမှာ ကားကို မီးထိုးလျက်နှင့် ဘေးကပ်ရပ်ထားရတော့...
သည်။ နားထဲမှာ ရေထိုးဆင်းသံများနှင့်အတူ "ဘဘ ရေထဲကျ...
သွားပြီ၊ ဘဘကို ကယ်ပါဦး၊ ဘဘကို ကယ်ပါဦး"ဟူသော အသံကို...
သာ နားထဲကြားယောင်နေတော့သည်။

ထူးထူး၏ငယ်သံပါအောင် အော်ဟစ်အကူအညီတောင်း...
နေသည့်အသံ၊ ရေထဲသို့ ခုန်ချလိုက်ပါ၍ ဆယ်ယူရန်ကြိုးဆင်နေ...
သော ထွဏ်းထွဏ်း၏ ဟန်အမူအရာတွေ ကြားတော့ကြာခဲ့ပေပြီ။...

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကာလအားဖြင့် (၇)နှစ်ခန့်ကြာမြင့်ခဲ့ပြီ။ ဒါပေမဲ့ နောင်နောင့်ရင်ထဲမှာမေ့၍မရ။ နောင်နောင်ပြောခဲ့တဲ့ ပုပ်သိုးဆွေးမြည့်တဲ့အတိတ်က နောင်နောင့်ကိုပါ ခြောက်လှန့်ခဲ့ပါပြီ။ နောင်နောင့်ကိုခြောက်လှန့်သလို ထူးထူးတို့ကိုလည်း အမြဲခြောက်လှန့်နေမှာဖြစ်တော့ ပုပ်သိုးဆွေးမြည့်သော အ်တိတ်တို့ကို ဘယ်လိုပြန်လည်ကုစားရပါလိမ့်။ ပစ္စုပ္ပန်တွင် ယူလာမိပြီဆိုတော့ အနုံအသက်၊ အလှအပလေးတွေနဲ့ ပြုပြင်ပေးလိုက်ရရင် လူသားတွေအတွက်လည်းကောင်း၊ ထူးထူးအတွက်လည်းကောင်း၊ တစ်နည်းနည်းတော့ အကျိုးရရှိတန်ကောင်းပါရဲ့ဟု အတွေးနယ်ချဲ့မိတော့သည်။

◆◆◆



## အခန်း(၃)

လွန်ခဲ့တာတော့ လွန်ခဲ့ပါပြီ။ (၇)နှစ်တာကာလကြာပြီဆော၊ နောင်နောင်လည်း ဘဘလှိုင်နဲ့အတူ ဝက်ဝံရေအားလျှပ်စစ်စက်ရုံသို့ လိုက်လာခဲ့မိသည်၊၊ ဤသည်ကိုက ထူးထူးတို့ဘဝက်ကြမ္မာအလှည့်အပြောင်းနဲ့ ဆက်စပ်နေ၏။ ဝက်ဝံကျေးရွာမှနေ၍တော့ာက်ကြမ်းလမ်းအတိုင်းအောက်ဘက်ကို ဆင်းလာကြ၏။ (၁)မိုင်ကျော်ကျော်ခန့်မှာ ချောင်းအကူးတံတားလေးက မသေသေပ်ဖြစ်နေသည်။ ဒါကြောင့် ပျဉ်တွေကွာတာဆင်းရိုက်၍ ကားဖြတ်တူးရန် စီစဉ်ကြရ၏။ ထိုစဉ် နောင်နောင်က ဘဘကို ပူဆာမိ၏။

"ဘဘလှိုင်ရေ. . . သား ဒီလျှိုကြီးတွေ၊ ချောက်ကြီးတွေကိုဓာတ်ပုံလှလှရိုက်ချင်လို့"

"အဝေးကြီးမသွားနဲ့သားရေ၊ ဟိုဘက်က ကောင်ရှည်အကြီးတွေ တအားပေါတာပဲ"

"ဟုတ်ကဲ့ ဘဘ"

နောင်နောင်က ပတ်ဝန်းကျင်ကို ဓာတ်ပုံတဖျပ်ဖျပ်ရိုက်၏။ ချောက်အပေါ်နားရှိ တောင်ယာစိုက်ခင်းလေးဘေး၌ ရေတံခွန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအသံကြားရာသို့လိုက်သွားမိ၏။ မြက်တော၊ ချုံတောကြီးများတိုးသွားရင်း ဘွားခနဲတွေ့လိုက်ရသည်က အလွန်လှသောရေတံခွန်တစ်ခု၊ ၎င်းကို ကင်မရာဖြင့် တဖျပ်ဖျပ်ရိုက်မိ၏။ ရေတံခွန်အခြေကိုပါ လှမ်းကြည့်လိုက်တော့ ရေတံခွန်ကဆင်းသည့် ချောင်းကလေး၏ တံတားပေါ်မှာ လူတစ်ယောက်၊ တံတား၏ ဒီဘက်ကမ်းမှာ တလေးငယ်နှစ်ယောက်၊ ထိုစဉ် တံတားပေါ် လျှောက်နေသော လူမှာ ငိုက်ခနဲယိုင်ကျသွားသည်ကို တွေ့ရ၏။ ထိုသူလက်ထဲကိုင်ထားသော အထုပ်မှာ ရေချောင်းထဲပြုတ်ကျသွားသည်ကို သဲသဲကွဲကွဲမြင်လိုက်ရသည်။ အသံလည်း ကြားလိုက်ရသည်။ ထိုအထုပ်ပြုတ်ကျသည်နှင့်တစ်ဆက်တည်း တံတားပျဉ်ချပ်ပေါ်မှလူလည်း ရေထဲသို့ ဝုန်းခနဲကျသံကြားလိုက်ရ၏။ ပြုတ်ကျသွားတာလား ခုန်ဆင်းသွားတာလား မသိလိုက်ရ။

တို့နောက် ကလေးနှစ်ယောက်ထဲမှ . . .

"ဘဘ. . . ဘဘ"ဟု တကြော်ကြော်အော်ခေါ်သံကြားရသည်။ နောင်နောင် ကလေးနှစ်ယောက်ထံသို့ ပြေးဆင်းသွားမိသည်။

မိန်းကလေးမှ . . .

"ပီအိုက် လုပ်ပါဦး၊ ဘဘ ရေထဲကျသွားတာထင်တယ်"

ယောကျ်ားလေးမှ . . .

"ပီအိုက် ဆင်းကယ်မယ်"ဟု ဆိုတာ အတင်းဆင်းပြေး၏။ ထိုအခါ မိန်းကလေးက ဆွဲထား၏။

"မဆင်းနဲ့ . . . မဆင်းနဲ့"

နောင်နောင်လည်း ရောယောင်၍ လိုက်ဆယ်ဖို့ပြင်ဆင်မိ၏။

ထိုစဉ် ရေတံခွန်ဘက်မှ ကြီးမားသော ရေလုံးကြီးများပြုဆင်းလာ၏။ ခါတိုင်း ရေတံခွန်တွင် ဆင်းနေကျ ကြည်လင်သော





ရေအလျဉ်တို့မဟုတ်။ မြေနီရောင် (ဝါ) သွေးရောင်ဟု တင်စားခေါ်သော ရေအလုံးတို့ အဆီးအတားမဲ့ ပြေးဆင်းလာကြပေပြီ။

အပေါ်ဘက်မှာ မိုးရွာနေပြီကော။

ဒီအချိန်မှာတော့ ဆင်ဖြတ်လျှင် ဆင်ပါမျောပါသွားမည်ဖြစ်၏။ ကြောက်စရာကောင်းသောအသံတို့မှာ ပတ်ဝန်းကျင်တစ်ခုလုံး တဝေါဝေါ တဝုန်းဝုန်းမြည်ဟီးပဲ့တင်ထပ်လျက်ရှိပါသည်။ ကြောက်စရာသတ္တဝါတစ်ကောင်မှ သွေးဆာမွတ်သိပ်သော အော်ဟစ်သံမျိုးဖြင့် ပြင်းထန်စွာအော်ဟစ်စီးဆင်းနေချေသည်။ နောက်မှသည်း ဘဘလှိုင်တို့အုပ်စုလိုက်လာကြ၏။ "နောင်နောင်ရေ၊ နောင်နောင်"ဟု တကြော်ကြော်ခေါ်ရင်း ရောက်လာကြ၏။

ဘဘလှိုင်တို့ အော်ခေါ်သံနှင့်အတူ တွေ့နေရသော တလေးနှစ်ယောက်မှ "ဘဘရေ၊ ဘဘ"ဟု အော်ခေါ်ရင်း ရေထဲသို့ခုန်ချမည့် ယောကျ်ားလေးနှင့် မိန်းကလေးငယ်တို့၏ အော်သံသည် ပြိုင်တူပေါ် လျက်ရှိတော့၏။ ယင်းအသံများအားလုံးကို ဝါးမျိုလိုက်သည်ကတော့ ရေတံခွန်ကြီးမှ ကျဆင်းလာသည့် ကြီးမားသော ရေလုံးကြီးများ၏ သွေးဆာနေသော 'တဝေါဝေါ တဝုန်းဝုန်း' အသံများ လူးလိမ့်ငိုကြွေးနေသည့် မိန်းကလေးငယ်လေး၏ အော်ဟစ်ငိုယိုသံများ ကမ္ဘာပျက်ခမန်း ဆူညံလျက်ရှိကြလေတော့၏။

ရေလှိုင်းလုံးကြီးများသည် ရေတံခွန်မှ အဆက်မပြတ် လိမ့်ဆင်းလာကြ၏။ ရေလှိုင်းလုံးနှင့်အတူ သစ်တုံးကြီးများ၊ သစ်ပင်ကြီးများ တဝုန်းဝုန်းနှင့်မျောပါလာကြသည်။ ကလေးများကို ဘေးနားရှိ ကျောက်ဆောင်အမြင့်ပေါ်သို့ ခေါ်လာကြပေသည်။ ခဏနေသော အခါ ကျွန်တော်တို့ ရပ်ခဲ့သော တံတားသည် ရေလုံးများနှင့်အတူ မျောပါသွားချေပြီ။ ထိုတံတားလေးများ ပါသွားခြင်းနှင့်အတူ ထူထူးတို့၏ အတိတ်ဘဝသည်လည်း မျောပါသွားခဲ့ချေပြီကော။ မိဘမဲ့ တွယ်ရာမဲ့အမွှာကလေးနှစ်ဦး၏ ဘဝလည်း ရေနဲ့အတူမျောပါသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ထို့အတူ သူတို့၏တွယ်ရာမဲ့ ဆင်းရဲချို့တဲ့သောဘဝသည်လည်း ရေနှင့်အတူ မျောပါသွားကြချေသည်။

"သူတို့ကို ဘဘ အမိုင်မွေးစားတယ်။ နောင်နောင်သဘောတူလားဟင်"

"သနားပါတယ် ဘဘရယ်၊ သားတို့ခေါ်သွားရမှာပေါ့"

◆◆◆



## အခန်း(၄)

"အကြီးယောကျ်ားလေးက ထွက်းနန္ဒာတဲ့ ဘဘလှိုင်ရဲ့"

"ဒါနဲ့ အငယ်လေးကကော သား"

"သူက ထူးနန္ဒာတဲ့ ဘဘရဲ့"

"ဟယ်. . နာမည်လေးတွေက နန်းဆန်သလို ကလေးတွေ ကလည်း တကယ့်ကို နန်းသွေးနန်းဟန်ပါတဲ့သူတွေပဲ သားရယ်"

"ဟုတ်တယ် ဘဘလှိုင်ရဲ့ သူတို့က အမြွှာမောင်နှမလေ"

"ဩော်"

"ကလေးတို့က ဘယ်မှာနေကြတာလဲ"

"ပိတ်ချင်းမြောင်မှာလေ ဘဘရဲ့"

"ဂူထဲမှာနေကြတာလား မီးမီးတို့က . . ."

"မဟုတ်ပါဘူးရှင်၊ ပိတ်ချင်းမြောင်ဂူရဲ့ အပေါ်ဘေးက တောင်ထိပ်မှာလေ၊ အဲဒီမှာ ဘဘက တောင်ယာလည်း စိုက်ထားတယ်"

"ဩော်. . . အေးအေး၊ ဒါဆို သားသားတို့ မီးမီးတို့ ပန်းညိုးလေးတွေ သွားယူရအောင်"

တောင်ကုန်းကလေးပေါ်သို့ ဝါးလှေကားငယ်းမှ တစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



တက်ကြရသည်။ အပေါ်ရောက်တော့ မြင်ကွင်းကားတစ်မျိုးဖြစ်သွားပေပြီ။ လယ်ကွင်းများကို စနစ်တကျပြုလုပ်ထား၏။ ရေသွင်းပြီး စိုက်ပျိုးထားသောနေရာများဖြစ်၍ လယ်ကွင်းကြီးသည် တပြန့်တပြူးသာယာလှပေသည်။ လယ်ကွက်၏ ဟိုဘက်ကုန်းမို့မို့နေရာများမှာတော့ ဖူးစားပြောင်းဖူးတစ်ချို့ စိုက်ပျိုးထားသည်။ အဖူးများပင် ဝေဝေဆာဆာ ထွက်နေကြပေပြီ။

"သားသားတို့ရဲ့ ဒီအပင်တွေကို ဘယ်သူကြည့်မှာလဲ ဘဘ"

"စိတ်ချပါ ကလေးတို့ရယ်၊ ဘဘလှိုင် လူတစ်ယောက်ထားခဲ့ပါမယ်"

"ကဲ. . . အေးမောင်ကြီး၊ မင်းတပည့်နှစ်ယောက် လယ်ဆက်စိုက်ပြီး လယ်ပါသိမ်းပေးကြပေ့"

"ဟုတ်ကဲ့ပါ ဘဘလှိုင်"

ဘဘလှိုင်နှင့် ကျွန်တော် တဲပေါ်တက်၍ ကလေးတွေ၏ ပစ္စည်းတွေထုပ်ပိုးကြ၏။ နောက် သူတို့ဖခင်၏ပစ္စည်းကိုယူကြရာ ရှမ်းပိုးသားဝတ်စုံတစ်စုံ၊ မှန်စီရွှေချထားတစ်စင်း၊ အပေါ်မှသားရေဖုံးအုပ်ပြီး ကလစ်နှင့်သော့ပိတ်ထားသည့် စာအုပ်တစ်အုပ်တွေ့ရ၏။ မှန်စီရွှေချထားပေါ်မှာကား 'စပ်သီဟနန္ဒာ'ဟူသော ရွှေစာလုံးကို ရှေးရိုးလက်ရေးနှင့် ထွင်းထုထား၏။ စာအုပ်ပေါ်တွင်လည်း 'စပ်သီဟနန္ဒာ'ဟူသည့် စာကို ရှေးရိုးလက်ရေးနှင့် အသပ်များ၊ နငယ်များကို ရှည်ရှည်ရေးချကာ ရေးသားထားသည်ကိုတွေ့ရ၏။

"ဒါ သားတို့ အဖေပစ္စည်းတွေလား"

"ဟုတ်တယ် ပီအိုက်"

"ပီအိုက်ဆိုတာ ဘာလဲ . . ဘဘလှိုင်"

"ပီအိုက်ဆိုတာ အစ်ကို့ကို ခေါ်တာကွ"

"ဟာကွာ ငါ့ကို ပီအိုက်လို့မခေါ်နဲ့ သိပ်စိတ်အိုက်တာပဲ၊





အစ်ကိုနောင်လို့ ခေါ်ကွာ"

"ဟုတ်ကဲ့ပါ အစ်ကိုနောင်"

"သွက်လိုက်တဲ့ ကောင်မလေး"

"မင်းတို့အဖေ ပစ္စည်းတွေကလည်း နည်းလိုက်တာ၊ ဝတ်စုံအစ်စုံတည်းပဲရှိပါလား"

"မဟုတ်ဘူး ဘဘက ပိတ်ချင်းမြောင်ဂူထဲမှာ အနေများတယ်၊ အဲဒီအထဲမှာ သူ့ပစ္စည်းတစ်ချို့ရှိတယ်"

"အေး ဒါဆို အဲဒီကို သွားကြည့်ရအောင်"

"ဂူထဲ ဝင်လို့ရလို့လား သားရဲ့"

"လမ်းသိမှ ဝင်လို့ရတာ ဘဘကြီးရဲ့ မဟုတ်ရင် ရေတံခွန်ထဲလိမ့်ကျရော"

"အေးပါ သားရယ်၊ ဒါဆိုလိုက်ပြစမ်းပါဦး"

"လာ . . . ဘဘကြီးတို့"ဟု ဆိုကာ လမ်းပြခေါ်သွားကြ၏၊

ပိတ်ချင်းပင်များ အုပ်အုပ်ဆိုင်းဆိုင်းအပင်စောက်တွေပေါ်တက်နေကြ၏။ ကွမ်းသီးပင်လို အပင်ကြီးတွေကလည်း အများကြီး အလေ့ကျပေါက်နေကြသည်။ ထိုထဲမှ လူသွားလမ်းအတိုင်း လမ်းမပေါ်မှ ဖြတ်သွားကြရသည်။

ဂူဝတွင်ကား ကျားပါးစပ်ကြီးကဲ့သို့ဖြစ်ပေါ်နေပြီး တစ်ဖက်တစ်ချက်မှာ ရေတံခွန်သဖွယ်ကျနေ၏။ ယောကျ်ားကလေးက ကျွန်တော်ကို လက်တို့ခေါ်ကာ ရေတံခွန်အောက်ဝင်သွား၏။ ထိုအထဲမှ (၁၀)ပေအမြင့်ခန့်ရှိ ဝါးလှေကားကြီးကို ကျွန်တော်နှင့်အတူ ထုတ်လာကြ၏။ ထို့နောက် ကျားပါးစပ် ရေကျ၏ဘေးတွင် ယင်းဝါးလှေကားကို ကပ်ထောင်လိုက်၏။ ၎င်းနောက် သူကပင် ရှေ့မှ ဦးဆောင်၍ မကြောက်မလန့်တက်သွားလိုက်သည်။ အပေါ်ရောက်သောအခါ ဂူထဲတွင်စီးဆင်းနေသော ရေထဲမှဖြတ်ရ၏။ တချို့



www.burmeseclassic.com

www.burmeseclassic.com



နေရာ ရင်ခေါင်းလောက်နက်၏။ ကောင့်လေးကားမမြုပ်။

"သားလေး၊ မင်းက ရေထဲမမြုပ်ပါလား"

"သားသားက ရေအောက်မှာရှိတဲ့ ကျောက်ဆောင်လမ်းလေးပေါ်ကနေ သွားနေလို့ပါ"

ဂူအထဲသို့ ပေ (၁၀၀)ခန့်ရောက်သောအခါ မည်းမှောင်နေလေပြီ။

"သားလေး နောင်နောင်၊ လက်နှိပ်ဓာတ်မီးပါလား၊ ထိုးစမ်း"

ကျွန်တော်က အိတ်ထဲရှိ လက်နှိပ်ဓာတ်မီးအသေးဖြင့် ထိုးပြလိုက်၏။ ရှေ့ပေအစိတ်ခန့်တွင်ကား ကွပ်ပျစ်ကလေးတစ်ခု၊ သင်းအပေါ်တွင် ဖျာတစ်ချပ်၊ ဝါးလုံးခေါင်းအုံးတစ်ခု၊ ဘေးမှ လွယ်အိတ်တစ်လုံး၊ အဖိုးတန်စောင်တစ်ထည်၊ မှန်အိမ်တစ်လုံး။

"အဲဒါ မင်းတို့အဖေ ပစ္စည်းတွေလား"

"ဟုတ်တယ် ဘဘကြီး"

"ဒါဆိုရင် သယ်ခဲ့ကြကွာ"

ကလေးတွေက မသိမ်းချင် သိမ်းချင် သိမ်းကြ၏။

"ဖျာနဲ့စောင်တော့ထားခဲ့ပါ ဘဘကြီး"

"ဟ. . . ဘာလို့လဲဟ၊ မင်းတို့အဖေ ရေလှိုင်းလုံးနဲ့ပါပြီး သေသွားလောက်ပြီဖေ့၊"

"သားတို့တောင်းပန်ပါတယ် ဘဘကြီးရယ်၊ စောင်တစ်ထည်နဲ့ ဖျာတော့ ချန်ခဲ့ပေးပါနော်"

"ဟုတ်တယ် ဘဘလှိုင်၊ သူတို့စိတ်ချမ်းသာအောင် ထားခဲ့ပေးလိုက်ပါ ဘဘ"

"အေး. . အေး သားကြီးသဘောပဲ"

ဟော. . . ဘဘလှိုင် အခေါ်အဝေါ်က တစ်မျိုးပြောင်းသွားပေပြီ။ သားကြီးသဘောတဲ့။ ထူးထူးတို့အဖေသည် ပြန်လည်





ရှင်သန်နိုင်သည်ဟု သူတို့ထင်နေကြဆဲ။ သူတို့ရဲ့အတိတ်ကို ပြန်အသက်သွင်းလိုကြသည်။ သူတို့ဘဘ၏ သေဆုံးသွားမှုကိုလည်း မယုံကြည်လိုကြ။ သူတို့အဖေကို အသက်သွင်းပြီး သူတို့ဘဝအားကိုးမှုကို ဆက်လက်ထားရှိစေလိုကြပေ၏။

နောင်နောင်ကတော့ စိတ်ထဲမှာပဲပြောလိုက်မိပါ၏။ "ဘဘလှိုင်လည်း အားကိုးစရာကောင်းတဲ့ ဖခင်တစ်ယောက်ပါ။ နောင်နောင်လည်း ဒီလိုပဲ အားကိုးနေရတာမဟုတ်လား။ မင်းလေးတို့ မပူကြပါနဲ့ကွာ။ ဘဘလှိုင်က တကယ့်ကို စိတ်ကောင်းရှိတဲ့ တရုဏာရှင်ကြီးတစ်ယောက်ပါကွာ"ဟု စိတ်ထဲမှ ပြောလိုက်မိပေတော့သည်။

"ဟို ရုပ်တော်မှုဗျာဒိတ်ပေး ကိုယ်တော်လေးကော ပင့်ခဲ့မလား"

"မပင့်နဲ့ အစ်ကိုနောင်၊ ဒါကလည်း ဘဘအမိဋ္ဌာန်နဲ့ ထားတဲ့ ဘုရားပဲ"

"ဟုတ်တယ် ဘဘလှိုင်၊ ဘုရားကို ထုထားတဲ့အသားက နတ်မှောင်နေတာပဲ"

"ကျွန်းအနက်၊ ကျွန်းအမတေသားလို့ပြောတာပဲ အစ်ကိုနောင်ရဲ့"

ထူးထူးတို့က ကလေးပင်ဖြစ်ငြားသော်လည်း အကုန်သိပါ၏၊ အထူးသဖြင့် သူတို့ဘဘ လုပ်ခဲ့တာတွေကို ခရေစေ့တွင်းကျသိ၏။ ဒါဆိုကြလျှင်တော့ မေးကြည့်ချင်သည်။ သူတို့ဘဘ ရေထဲမျောစင် ကျသွားသောအထုပ်တစ်ထုပ်၊ ဒါကိုတော့ နောင်နောင်ဆက်စပ်ကြည့်သည် ဘာတွေများဖြစ်မလဲ။ အဖိုးတန်ပစ္စည်းတွေလား၊ သူတို့ရဲ့ စော်ဘွားနန်းစဉ်ပစ္စည်းတွေလား။ ရတနာတွေလား။ ဒါမှမဟုတ် ပုရပိုက်ထုတ်တွေလား။ ဒါတွေနဲ့ပတ်သက်ပြီး ဘာလျှို့ဝှက်ချက်တွေရှိမလဲ။ ဒါပေမဲ့ ကလေးပဲလေ။ ဘယ်သိပါ့မလဲ၊ နောင်



www.burmeseclassic.com

www.burmeseclassic.com



နော်င်အတွေးယဉ်ကြော နှစ်မြောနေစဉ် ဘဘလှိုင်က ဆုံးဖြတ်ချက်တစ်ခုပေး၏။

"ကျွန်းအမတေဘုရားကို ဒီမှာပဲထားခဲ့။ အေးမောင်ကြီးနဲ့ တပည့်နှစ်ယောက်က အပေါ်ကလယ်ထဲမှာနေရင်း ဒီဘုရားကို နေ့တိုင်းဆွမ်းကပ်။ ဘုရားဆွမ်းကပ်အလုပ်လုပ်ရင်း တောပစ်လည်း ထွက်မနေနဲ့ဦး"

"ဟုတ်ကဲ့ ဘဘ"

"နောက်ပြီး ကျန်တဲ့ပစ္စည်းအားလုံးသယ်လာခဲ့။ အေးမောင်ကြီးနဲ့ တပည့်နှစ်ယောက်နေခဲ့တော့ ကားလည်းချောင်သွားပြီ။ အဲဒီမှာ ကလေးအမြွှာကိုတင်ခဲ့ပါ"

"ဘဘကြီး၊ သားတို့ ဒီမှာမနေရတော့ဘူးလား"

"ဟုတ်တယ်လေ၊ သားတို့က ဘဘကြီးတို့နဲ့လိုက်နေရမှာ"

"အဲဒါဆိုရင် မီးမီးတို့ ဘဘနဲ့ ဒီမှာပြန်မတွေ့နိုင်တော့ဘူးပေါ့"

"တွေ့နိုင်ပါတယ် သားရယ်၊ ဒီထူးခြားတဲ့ဂူမှာ ဘဘလှိုင်ဘုရားတည်မယ်လေ၊ အဲဒါဆို တစ်ပတ်တစ်ခေါက်လောက် ရောက်နေမှာပေါ့၊ ကျောင်းပိတ်ရက်ဆို ကလေးတို့လိုက်လာပေါ့"

"ဟင်. . . ထူးထူးတို့ကျောင်းနေရမှာလား၊ အဲဒါဆိုလိုက်မယ်"

ဟုတ်တယ်။ ကလေးတို့ကို ဘဘက သားသမီးအဖြစ် တစ်သက်လုံးမွေးစားတော့မှာ။ မင်းတို့လေးတွေဘဝ ဒုက္ခကင်းဝေးအောင်လို့ ဘဘလှိုင်က ကယ်မယ်ကွယ်ဟု ဘဘလှိုင်စိတ်ထဲမှ ပြောမိလိုက်သည်။

♦ ♦ ♦



## အခန်း(၅)

တောဓိတစ်ထောင်ဆရာတော်ကြီးကြွလာခိုက်နှင့်ဆုံ၍ ဘဘလှိုင် အလွန်ဝမ်းသာမိ၏။ ထူးထူးနှင့် ထွဏ်းထွဏ်းအား တောတ်ယူမွေးစားခဲ့ရသည့် ပိတ်ချင်းပင်များ နေပြောက်မထိုးသည့် စမ်းရေထွက်ရှိသည့် ဂူအတွင်း ဘုရားတည်လိုကြောင်းလျှောက်ထားရတော့၏။

"ဘုရားတည်တာကောင်းတာပေါ့ ဒကာကြီးရယ်၊ ဒါပေမဲ့ သူ့နေရာဌာနနဲ့ လျော်ညီတဲ့ ဘုရားတည်နိုင်ဖို့ အရေးကြီးတယ်"

"မှန်ပါ့ဘုရား။ ဂူအတွင်းထဲမှာ စမ်းချောင်းလေးစီးနေတဲ့ ဝိုသဏ္ဌာန်ကို မှန်းဆကြည့်ပါဘုရား"

"အဲဒါဆို ဒကာကြီးတည်မဲ့ဘုရားက မုစလိန္ဒအိုင်အတွင်း ဝေါတမမြတ်စွာဘုရား ဖလ္လာသမ္မာပတ်ဝင်စားနေတော့ "နဂါးမင်းတ ပါးပျဉ်းထောင်ပြီး လေဒဏ်၊ မိုးဒဏ်ကာကွယ်ပေးနေတဲ့ ပုံတော်တည်ကြပေါ့"

"သင့်မြတ်လှပါတယ် ဘုရား"

"ဒါဆိုရင် သန်ဘက်ခါ နေ့ကောင်းရက်သာဖြစ်တယ်၊ (၁၃၈၉)ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်၊ နံနက်(၅)နာရီလုပ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်ရဲ့ မွေးနေ့က အဲဒီနေ့ပဲ ဘုရား၊ ဒါဆို ဒီနေ့ကတည်းက ပတ်ဝန်းကျင်ရှင်းဖို့ ဂူထဲပန္နက်ရိုက်ဖို့စီစဉ်ပါမယ့်ဘုရား"

"အင်း. . . ဒကာကြီးဦးစိန်လှိုင် ဒီနေ့ကစပြီး ဘုရားဒကာဖြစ်ပြီပေါ့"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

"ဆရာတော့်ချည်း ကျေးဇူးတင်မနေနဲ့၊ ဂူထဲဝင်ဖြစ်အောင်ခေါ်တဲ့ ထူးနန္ဒာနဲ့ ထွဏ်းနန္ဒာရယ်၊ ရေအားလျှပ်စစ်စက်ရုံခေါ်သွားတဲ့ မြို့နယ်လျှပ်စစ်မှူးဒကာကြီးဦးထွန်းကြည်ရယ်ကို ပိုပြီးကျေးဇူးတင်ရမှာ။ သူတို့ကို မေတ္တာပို့ပါ"

"ဆရာတော် အဆုံးအမအတိုင်း အမြဲမေတ္တာပို့လျက်ပါဘုရား"

"ကောင်းတယ် ကောင်းတယ်"

ဆရာတော့် စရိုက်အတိုင်း 'ကောင်းတယ်၊ ကောင်းတယ်' ပြောလျှင် ဒကာ၊ ဒကာမများ ငြိမ်နေကြပေရော့။ ဆရာတော်အလုပ်လုပ်ဖို့ အချိန်ရောက်ပေပြီ။ ဆရာတော်ပန္နက်ရိုက်မည့်နေ့မရောက်ခင် ပိတ်ချင်းမြောင်ဂူပတ်ဝန်းကျင် ချုံများကို ရှင်းထုတ်စေရသည်။ ပိတ်ချင်းပင်တွေလည်းပါ၏။ ဘိစပ်ပင်တွေ၊ စိန်နဘဲချုံတွေ၊ မြရာချုံတွေရှင်းကြရသည်။ မင်းဘောပင်ကြီးတွေကို နွယ်တက်နေသော ကျားမနိုင်နွယ်ပင်ကြီးတွေကိုတော့ မဖြစ်မနေချန်ခိုင်းထားခဲ့၏။

"ဒါက နောင်လာနောက်သားတွေ သိအောင်ချန်ထားရမယ်။ ဒီပိတ်ချင်းပင် တချို့လည်း ပိတ်ချင်းမြောင်ဆိုတဲ့ဝေါဟာရရဲ့ဆက်စပ်မှုသိအောင်ချန်ထားရမယ်"ဟု ဘဘလှိုင် ပြောလည်းပြော လုပ်လည်းလုပ်၏။ တပည့်သားမြေးများက

"ဘဘလှိုင် ဝင်မလုပ်ပါနဲ့၊ ဘေးမှာလိုအပ်တာခိုင်းရင်





[illegible]သာပဲ" ဆိုသော်လည်း မရတော့။

"ဆရာတော်က မိန့်တယ်၊ မကြာခင် လပိုင်း၊ ရက်ပိုင်းအတွင်း ပိတ်ချင်းမြောင်ဆိုတာ တကယ့်အထင်ကရနေရာဖြစ်လာမယ်တဲ့၊ ဘုရားဖူးတွေ အများကြီးရောက်လာကြမယ်တဲ့။ ဒါကြောင့်ဒါက ကိုယ်တိုင်ကုသိုလ်ဝင်ယူရတာပေါ့" ဘဘလှိုင်က အပြောနဲ့အထုပ်လည်းညီ၏။

"ကဲ. . . အပြင်ဘက်ရှင်းတာကို မောင်အောင်နဲ့ သူ့တပည့်တွေက ဆက်ရှင်း၊ ဘဘလှိုင်တို့ အတွင်းဝင်မယ်"

အတွင်းသို့ ဝင်မယ်ဆိုတာ အပြောကလွယ်၏။ လက်တွေ့ထား ခက်ခဲပါဘိတောင်း။ ပြင်ဆင်ခဲ့ရတာတွေကိုက အများကြီး။

ဂူကြီးသည် အတွင်းတွင် အင်မတန်ရှည်လျားစွာတည်ရှိသည်ဟုဆိုသဖြင့် အောက်ဆီဂျင်ပြတ်ခဲ့သော် ရှုရန်အတွက်အသက်ကယ်အောက်ဆီဂျင်ဘူးအသေးနှစ်စုံယူခဲ့ရ၏။ အထဲမှာရေချောင်းရှိနေသဖြင့် ရေအင်မတန်နက်ခဲ့လျှင်လည်းကောင်း၊ ရေဆန်ကြီးဖြစ်ခဲ့လျှင် သွားလာရန်ခက်ခဲခဲ့လျှင်လည်းကောင်း၊ အသုံးပြုရန် ရေငုပ်ဝတ်စုံက သုံးစုံယူခဲ့ကြ၏။ နောက်ပြီးရေစိုထဲဖြတ်သော်လည်း မီးထိုး၍ရမည့် လက်နှိပ်မီး၊ တောက်လျှောက်ထွန်းထားနိုင်မည့် မာတ်ခဲသုံးလျှပ်စစ်မီးအိမ်၊ နောက်ထပ်အပြင်နှင့်ဆက်သွယ်နိုင်မည့် နိုင်လွန်ကြိုးအရှည်ကြီးကို ရှာ၍ငှားရသည်ကိုကမလွယ်ကူပေ။

နောင်နောင်က ညီလေး'ထွဏ်းထွဏ်း'ပြထားသည့်အတိုင်းရေတံခွန်အောက်ထဲရှိ ဝါးလှေကားအရှည်ကြီးကို ဆွဲထုတ်လိုက်၏။ ၎င်းဝါးလှေကားကို ဂူပေါက်ဝသို့ ထောင်ပြီးတက်ကြရ၏။ အတွင်းရောက်တော့ ဘဘလှိုင်က တွေး၏။

"အထဲကိုဝင်ဖို့ ဘဘလှိုင်ရယ်၊ ညဏ်ဝင်းက ရေကူးကျွမ်းတယ်၊ ညဏ်ဝင်းလိုက်ခဲ့၊ နောက် မောင်အောင်ရယ်



www.burmeseclassic.com

www.burmeseclassic.com



"မောင်အောင်က အောက်မှာ ချရှင်းဖို့နေခဲ့ပြီ ဘဘ"

"အဲဒါဆို နောက်တစ်ယောက်လိုက်ခဲ့"

"ဒါဆို နောင်နောင်လိုက်မယ် ဘဘလှိုင်"

"တလေး,မလိုက်ပါနဲ့တွာ၊ အန္တရာယ်များတယ်"

"လိုက်မယ် ဘဘလှိုင်၊ ထူးထူးပြောပြထားလို့ အထဲမှာဘာရှိတယ်၊ ဘယ်နေရာမှာ ဘေးကတက်လျှောက်လို့ရတယ်ဆိုတာ သားသိနေပြီ ဘဘလှိုင်"

"တဲ့ . . တားလို့မရလည်း မောင်မင်းကြီးသား သဘောပဲ"

သုံးယောက်သား မီးထိုး၍ စမ်းတဝါးဝါးသွားကြ၏။ နောင်နောင်က ရေမြှုပ်နေသော ကမ်းပါးယံမှာကိုင်၍လျှောက်၏။ ထိုအခါ ရေက ပေါင်လယ်လောက်သာရှိ၏။ ဘဘလှိုင်တို့က ရေထဲလျှောက်ရာတွင် တဖြည်းဖြည်းနက်လာ၏။ လူတစ်ရပ်မြုပ်သောအခါ ဆက်ပြီး ရေချောင်းအလယ်က မလျှောက်တော့၊ နောင်နောင်ဘေးတစ်လျှောက်သလို အားလုံးဘေးမှကပ်၍လျှောက်ကြတော့၏။ နောက်ဆက်သွားရာ ပေ(၉၀၀)ခန့် ဝင်မိသောအခါ ဉာဘက်လမ်းတား ရေတံခွန်လေးတစ်ခုဖြစ်နေ၏။ တဝေါဝေါနှင့် ရေစီးသံမှာဆူညံနေတော့၏။ တစ်ယောက်နှင့်တစ်ယောက် စကားပြောလျှင် အော်ဟစ်ပြီးပြောကြရတော့သည်။ ဘယ်ဘက်လမ်းမှာတား နှစ်ပေခန့်လွတ်နေပြီး ကျောက်အမိုးကြီးက ရေချောင်းနှင့်ထိလုနီးပါးအုပ်ဆိုင်းနေ၏။ ၎င်းအောက်မှ လေးဖက်ထောက်၍ သွားလျှင်ရနိုင်၏။ ဒါပေမဲ့ ဘဘလှိုင်က ခေတ္တမျှတွေဝေစဉ်းစားတာ ဆုံးဖြတ်ပေးလိုက်၏။

"ဉာဘက်လမ်းက ကျယ်တယ်၊ ရှည်လည်းရှည်နိုင်တယ်၊ အဲဒီလမ်းကပဲလိုက်ကြတွာ" ကျွန်တော်တို့ ဉာဘက်လမ်းက ဆက်လိုက်၏။

"ရေတွေစီးနေတော့ အောက်ဆီဖျင်မဖြတ်နိုင်သေးဘူး၊





အောက်ဆီဖျင်ဘူးတွေ ဒီလမ်းဆုံမှာ ထားခဲ့ကြ"

နောင်နောင်တို့ ဉာဘက်လမ်းဆုံအတိုင်း ဖြည်းဖြည်းမြင့်ထား လိုက်သွားကြ၏။ ကျောက်ခက်ပန်းဆွဲတို့လည်း တစ်ခါ ရဲ့အရပ်နှင့် မလွတ်တလွတ်၊ ဘဘလှိုင်၏ခေါင်းကိုပင် တစ်ချက်တိုက်လိုက်သေး၍ သေချာစွာမီးထိုးကာ လျှောက်သွားကြရသည်။ ဒီလိုနှင့် စမ်းတဝါးဝါးနေရာအနှံ့မီးထိုးရင်း လျှောက်ကြရ၏ တစ်ခါတစ်ခါ လင်းနို့အုပ်လိုက်က ဝိုးကနဲဖြတ်၍ပျံသန်းသွား၏။ လင်းနို့တစ်ကောင်က အတင်းဖြတ်၍ပြေးရာ ဉာဏ်ဝင်းမှ လက်နဲ့ရိုက်လိုက်ရာ လက်နှိပ်ဓာတ်မီးပြုတ်ကျသွား၏။ မှောင်နဲ့မည်းမည်းမို့တာ ရှာမရ၊ ရှာမရသည့်အဆုံး ဘဘလှိုင်က မီးခြစ်,ခြစ်ပြီးရှာရ၏။

"ဘဘလှိုင် သားမေ့နေလို့၊ ဒီမှာ. . ဟင်းလင့်(ပ) Hand Lapm ပါတာပဲ"ဆိုကာ ၎င်းကို ဖွင့်ရ၏။

အားကောင်းသော မီးအိမ်အလင်းရောင်သည် ပတ်ဝန်းကျင်တစ်ခုလုံးဖြာထွက်သွား၏။ လက်နှိပ်ဓာတ်မီးရောင်က မိမိမီးထိုးရာတစ်ဝိုက်ကိုသာ မြင်နိုင်၏၊ Hand Lapm အရောင်က ပတ်ဝန်းကျင်တစ်ခုလုံးမြင်နိုင်၏။ ထိုသောအခါ ဘေးဘက်ရှိ တောင်နံရံသည် ကွင်းပြန့်ကလေးပမာဖြစ်နေ၏။ ထိုအပေါ်တွင် ပေါင်လုံးသာသာခန့် မြွေကြီးနှစ်ကောင်သည် ခွေကာအိပ်နေကြ၏။ ရန်ပြုမည့်ဟန်လည်းမပေါ်၊ မိမိတို့လာသည်ကိုလည်း သိဟန်မပြ၊ ဘဘလှိုင်က ခြေဟန်လက်ဟန်ပြပြီး တိတ်တိတ်နေရန်သတိပေး၏၊ ၎င်းနောက် ဖြည်းညှင်းစွာပြန်ထွက်လာကြ၏။ အဝင်တုန်းက တဲ့သို့ အချိန်တော့မကြာ၊ ဂူ၏ပါးစပ်ပေါက်ဝမှ အလင်းရောင်မြင်ရချိန်တွင် လေနုအေးတို့သည် မျက်နှာကို အားပါးတရတိုးဝင်လာကြ၏။ ထိုအခါ ရင်ထဲတွင် လန်းဆန်းပြီး အားတက်သွားတော့၏။

"နောင်နောင်၊ နောင်နောင် ထတော့လေ၊ မိုးလင်းတော့မယ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဩော်. . ဟုတ်ပေသားပဲ။ ခြောက်ထပ်ကွေ့မှာ မိုးရွာလို့ ကားရပ်ထားရင်း အိပ်ပျော်သွားတာပဲ။ အိပ်ပျော်သွားတုန်း အတိတ်က အိပ်မက်တွေက လွှမ်းမိုးသွားတာပဲ။ ဒါကိုလရောင်နှင့် လေနုအေးတို့က ပြန်လည်ဆွဲထုတ်လိုက်ခြင်းဖြစ်ချေ၏။ ထူးထူးဆီ အချိန်မီအောင် မောင်းရဦးမှာပဲ။ ကားက အရှိန်ပြင်းစွာ မောင်း တက်သွား၏။

♦♦♦



# အခန်း(၆)

ဒိုးဂွင်ကော်ဖီခြံများကို ကျော်လိုက်သည်[illegible] မီးမောင်း၏ အလင်းရောင်အောက်တွင် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်လှစွာသော ဇိနမာရ်အောင်ကျောက်တောင်စေတီကြီးကို ဖူးမြော်ရသည်။ ဘာဘလိုင်ပဲ ဦးဆောင်ကာတည်ခဲ့သော ဘုရားပေတည်း။ ပြင်ဦးလွင်ဆိုတာ ဗုဒ္ဓဘာသာ၊ မွတ်စလင်ဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဘာသာလေးမျိုးစလုံး များပြားပျံ့နှံ့စွာရှိနေကြလေတော့ ဗုဒ္ဓဘာသာသည် အားနည်းစွာထွန်းကားနေရ၏။ မြန်မာပြည်အနှံ့အပြားမှ လာရောက်လည်ပတ်သူတွေအဖို့ ပြင်ဦးလွင်ကို ရောက်သည်နှင့် ဘုရားဖူးရန် ရည်မှန်းချက်မပါ။ 'ရုက္ခဗေဒဉယျာဉ်သွားမယ်။ ပွဲကောက်ရေတံခွန်သွားမယ်။ တရုတ်ဘုံကျောင်းသွားမယ်' ဒီလိုရည်မှန်းချက်တွေနှင့်သာ တက်လာကြ၏။ အခုတော့ ဒီလို မဟုတ်တော့ပေ။ 'ပိတ်ချင်းမြောင်ဘုရားသွားဖူးမယ်၊ ခေတ်တော်ချိုင့်သွားမယ်၊ ကျောက်တောင်ဘုရားသွားဖူးမယ်'ဟု ကုသိုလ်တရားလေးတွေ ပါလာ၏။ ဗုဒ္ဓဘာသာဝင်တို့အတွက် 'ဘုရားဖူးမယ်'ဟူသော ရည်မှန်းချက်နှင့်တက်လာကြတာဖြစ်၍ ကုသိုလ်ပါသည့် လာခြင်းကောင်းသောခရီးဖြစ်ကြ၏။ မြို့ဝင်ဂိတ်ကို ဖြေလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



'မြင်ဦးလွင်မှ ကြိုဆိုပါ၏'ဟူသော စာတန်းကိုမြင်တော့လည်း နောင်နောင်စိတ်သည် အတိတ်သို့ တစ်ချက်ရောက်သွားပေ၏။ ယခင်က "Welcome to May Myo" မှတစ်ဆင့် 'မြင်ဦးလွင်မှ ကြိုဆိုပါ၏'ဟူသော မြန်မာမှုကို ပြုခဲ့ကြပေပြီ။ Major May ကို ဂုဏ်ပြုသောအားဖြင့် မေမြို့ဟုတွင်ခဲ့တာကို မြန်မာမှုပြန်ပြုကြရ၏။ ယင်း မြန်မာပြုခြင်းအတွက် ပြင်ဦးလွင်ဟူသောအမည်ကို ပြင်ဦးလွင် သခင်ရေးသော မေမြို့(သို့မဟုတ်)ပြင်ဦးလွင်မှာ ဖတ်ခဲ့ရသည်။

မြန်မာသက္ကရာဇ်(၁၂၁၂)ခုနှစ်၊ "အမရပူရရွှေမြို့တော် တွင် ပုဂံမင်းစိုးစံနေချိန် မြန်မာမင်းအမှုတော်ထမ်းအရာရှိတစ်ဦး ဖြစ်သည့် ဦးမောင်မောင်ဒွေးသည် ပုဂံမြို့တော် ရွှေကြိုးသတ်မှတ် ရာ နယ်ပယ်[illegible] စစ်ဆေးဖို့ ထွက်လာခဲ့သည်။ ဦးမောင်မောင်ဒွေး နှင့်အဖွဲ့သည် ကြွက်နဖားတောင်ခြေမှ (၄)ရက်ခရီးတွင် ညအိပ်ရပ် နားရန်အတွက် ပြင်ဦးလွင်ကျောက်တိုင်အနီး တောင်ကုန်းတွင် တဲများထိုး၍ စခန်းချကြသည်။ နှင်းများစဲသည့်အချိန်တွင် မြန်မာ အရာရှိဦးမောင်မောင်ဒွေးသည် တဲအပြင်ထွက်လိုက်သည်နှင့် ရှေ့ ခပ်ဝေးဝေး၌ တဲအိမ်လေး၊ငါး၊ဆယ်လုံးခန့်ကို တွေ့လိုက်ရ၏။ မင်း ချင်းတစ်ယောက်အားခေါ်ပြီး ရှေ့တွင်တွေ့နေရသော ရွာမှ ရွာလူ ကြီးအားအခေါ်ခိုင်းလိုက်သည်။ ရွာလူကြီးရောက်ရှိလာသောအခါ ရွာနာမည်နာမ မေးမြန်းရာ အမည်နာမ,မရှိသေးကြောင်း ပြောပြ လာသည်။

ဦးမောင်မောင်ဒွေးက ရွာလူကြီးဦးခန်းဦးအား ရွာရှိလျှင် အမည်ရှိသင့်ကြောင်း၊ အမည်ပေးရန်တိုင်ပင်သည်။ ဦးမောင်မောင် ဒွေး ရှေ့ရှိလွင်ပြင်ကြီး၏အဦးအထိပ်တွင်ရှိခြင်း၊ ပြင်စာနှင့် ပြင်ကြီး ရွာနှစ်ခုအကြား တည်ရှိခြင်းကြောင့် ပြင်ဦးလွင်ဟု အမည်ပေးရန် သဘောတူလိုက်ကြသည်။ (၁၂၁၂)ခုနှစ်၊ အမရပူရရွှေမြို့တော်၌ ပုဂံမင်းစိုးစံနေချိန်တွင် ပြင်ဦးလွင်ရွာဟု အမည်နာမသမုတ်ခဲ့ကြ





ပေသည်။ ဩော်. . . 'ပြင်ဦးလွင်'ရွာကနေ အင်္ဂလိပ်တွေ အုပ်စိုး ချိန်၌ 'မေမြို့'ဖြစ်သွားသည်။ အချိန်၏ကန့်သတ်ချက်တစ်ခုရောက် သောအခါ 'ပြင်ဦးလွင်'မြို့ ဖြစ်သွားပြန်သည်။ အချိန်ဟူသည် သမိုင်းလိုပင် မှတ်တမ်းတင်မည်ဆိုလျှင် လည်ပတ်လှည့်လည်ခြင်း သဘောဟု မျက်မမြင်ပုဏ္ဏား(၆)ယောက် ဆင်ကိုစမ်း၍ အကန်းမြေ သည့် အဖြေမျိုးအဖြေထုတ်နေလိုက်မိသည်။

ဂိတ်ကိုဖြတ်ကျော်လိုက်သောအခါ အတွေးစတို့သည် နောက်တွင်ပျံ့နှံ့လွင့်ကျန်ခဲ့သည်။ ဂိတ်ဝင်,ဝင်ချင်း၊ ညာဘက်ချိုး ပြီး မြို့ပတ်လမ်းအတိုင်း ဂေါက်ကွင်းကိုကျော်ခဲ့၏။ နောင်နောင် ခွဲခွာသွားခဲ့သော နှစ်ကာလများအတွင်း ဂေါက်ကွင်းသည်လည်း ပြောင်းလဲခဲ့ပေပြီ။ ယခင်က တစ်ထပ်တိုက်ပုလေးသာရှိသော ဂေါက်ကွင်းအဆောက်အဦ၌ ယခုသုံးထပ်အဆောက်အဦနှင့် ၎င်း ပတ်ဝန်းကျင်တွင်လည်း ခေတ်မီတိုက်များ အစီအရီနှင့်တိုးတက်မှု ၏အသီးအပွင့်များ ဝေဆာနေသည်။ ၎င်းမှ အိမ်တော်လမ်းအတိုင်း မီးမှောင်မှောင်၊ လမ်းမှောင်မှောင်တွင် မိုးရေစက်သံများ နားထောင် ရင်း အိမ်ဝင်းကျယ်ကြီးများကို ဖြတ်ကျော်ခဲ့သည်။ 'ချယ်ရီမြိုင်'ဟူ သော ယခင်အိမ်တော်(၁)အိမ်ဝင်းကြီးကို ဖြတ်ကျော်ပြီးနောက် မြဲဝင်းကျယ်ကြီးတစ်ခု၏ ရှေ့တွင်ကားကရပ်ပြီး မီးထိုးထားလိုက် သည်။ 'နန္ဒဝန်'ဥယျာဉ်ဟူသော ကျောက်ပြားဆိုင်းဘုတ်ကြီးကို မီး ထိုးထားရင်း 'တီ. . တီ'ဟု ဟွန်းသံပေးလိုက်သည်။

စိုင်းပေါက်တံခါးကို လာဖွင့်၏။

"ဘဘလှိုင်. . . အစ်ကိုလေးတို့လာပြီ"ဟုလည်း လှမ်း အော်လိုက်သည်။

ကြီးမားသော ဆင်ဝင်ကြီးဖြင့် ခံ့ထည်လှသည့် အိမ်ကြီး၏ အတွင်းမီးများဖွင့်လိုက်ကြ၏။ လင်းထိန်နေသောမီးများဖြင့် နန္ဒဝန် ဥယျာဉ်အိမ်ကြီးသည် ကကြိုးတန်ဆာများဆင်ယင်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဘွယ်စုံဆင်ကြီးပမာ ခုံထည်လှပလင်းလက်လာသည်။ ဒီအိမ်ကြီးကို ရောက်တော့ နောင်နောင် ငယ်မူငယ်သွေးတွေ ဝင်လာသည်။ နောင်နောင့်အဘိဓာန်မှာ ထပ်မံထည့်သွင်းလိုက်၏။ နန္ဒဝန်ကို ရောက်ရန်အတွက် စိတ်ဆန္ဒစောစွာဖြင့် နောင်နောင်ခရီးပြင်းနှင်ခဲ့ရသည်။ ဒီကိုရောက်တော့ ဘဘလှိုင်က သွေးအေးစွာပင်

"သား ကြီး နားလိုက်ဦးလေ၊ ဖြည်းဖြည်းတော့ ဘဘလှိုင်ရှင်းပြပါ့မယ်"

"ဘဘလှိုင် ရှင်းပြတာတွေ နားထောင်ဖို့ နောင်နောင်ခရီးပြင်းနှင်လာတာပါ၊ ဘဘလှိုင်ပြောစရာရှိရင် အခုပဲပြောလိုက်ပေါ့"

"ကဲပါ သားကြီးရယ်၊ အခုပြောလည်း ဒီစကားပဲ၊ နောက်မှပြောလည်း ဒီစကားပါ၊ ဒီတော့ သားကြီးနားနားနေနေနဲ့ စိတ်အေးသွားတော့မှပြောကြရင် ဆုံးဖြတ်ချက် မှန်မှန်ကန်ကန်ချနိုင်တာပေါ့ သားကြီးရဲ့"

ဘဘလှိုင်သည် သူ၏မြင့်မားသောအရပ်ကြီးဖြင့် မိုးကာလျှောက်ရင်း နောင်နောင့်ပခုံးကို ဖက်ခေါ်လာ၏။ တိုးလုံကလည်း ဘေးမှနေ၍ ခါးပေါ်တက်လိုက်၊ လက်ကိုလျှာဖြင့်လျက်လိုက်နှင့် တအီအီအော်ရင်းလိုက်လာ၏။ ထိုစဉ် အိမ်၏ဆင်ဝင်ရှိ မီးလုံးအောက်တည့်တည့်သို့ မြားတစ်စင်းသည် 'ဝှီး. . ဒုတ်'ခနဲလာရောက်စိုက်မှန်၏။ ၎င်း၏နောက်အမြီးတွင် စာရွက်တစ်ရွက်ပါလာသည်။

"စပ်သီဟနန္ဒာ၏ ရေမျောသွားသော အထုပ်ကိုရအောင်ရှာ"

နောင်နောင်တို့ စာဖတ်နေစဉ် တိုးလုံက 'ဝုတ်. . ဝုတ်'ဟု ဟောင်ရင်း အိမ်၏အနောက်ထောင့်ရှိ လင့်စင်ဘက်သို့ ပြေးလိုက်သွားသည်။ ဘဘလှိုင်က ပွိုင့်တူးတူးသေနတ်ကို လင့်စင်ဘက်





မြှောက်၍ချိန်လိုက်သည်။

"ဘဘလှိုင် မပစ်နဲ့"

"စိုင်းပေါက်. . တိုးလုံကို ပြန်ခေါ်လိုက်" နောက်တစ်ဆက်တည်းပြောလိုက်သည်။

"တိုးလုံ ပြန်လာခဲ့" တိုးလုံ ပြန်ပြေးလာခဲ့သည်။

"သားကြီး ဘယ်လိုယူဆလို့လဲ"

"ဒါက ရန်သူမဖြစ်နိုင်ဘူး ဘဘလှိုင်၊ မိတ်ဆွေမဟုတ်သောင် ရန်သူတော့မဖြစ်နိုင်ဘူး"

"ဖျော. . . ဖျော. . ဖုတ်"ခနဲ အသံကြားလိုက်သည်။ လင့်စင်ပေါ်ရှိ လျှောချသော ပျဉ်လျှောပေါ်မှ ဆင်းသွားသည့်အသံ၊ ဒီအသံနှင့် တစ်ပြိုင်တည်း . . .

"အစ်ကိုနောင်. . . ဒီတစ်ခါ ထူးထူးတို့ဆီ အကြာကြီးနေမှာနော်"

ဘဘလှိုင်သည် နောင်နောင့်အစား ခေါင်းညိတ်ပြလိုက်သည်။ နောင်နောင်ကလည်း ဘဘလှိုင် စိတ်ချမ်းသာအောင် ခေါင်းညိတ်ရုံမှတစ်ပါး ပြောစရာစကားမရှိ၍ နှုတ်ဆိတ်နေလိုက်သည်။

တိုးလုံကား "ဝုတ်. . . ဝုတ်. . ဝုတ်"ဟု လင့်စင်တက်သို့ ထိုးဟောင်ပြရင်း လူစိမ်းကို သူလိုက်မကိုက်လိုက်ရသော မကျေနပ်မှုအား ပွင့်ပွင့်လင်းလင်း ဟောင်ပြလိုက်၏။ တို့ကတော့ တိုးလုံလို စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူးလေ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

ထမင်းစားခန်းထဲတွင် လက်ဖက်ရည်သောက်နေသော နောင်နောင့်အား ဘဘလှိုင် မသိမသာအကဲခတ်လိုက်၏။ နောင်နောင်သည် ရန်ကုန်မှာအနေမျှားတော့ အသားကတော်တော်လေး ဖြူဝင်းလာ၏။ ပေါ်လွင်သော နှာတံ၊ စူးရှသော မျက်လုံးအစုံတို့သည် ထက်မြက်၍သတ္တိရှိပုံကို ထင်ရှားစေ၏။ သို့သော် သူ၏ထူထဲသောနှုတ်ခမ်းသည် အမြဲပြုံးယောင်သမ်းနေပြီး၊ တစ်ဖက်သားကို သနားတတ်သောစိတ်၊ သည်းခံသောစိတ်တို့ရှိကြောင်း ဖော်ပြလျက်ရှိပေ၏။ ဘဘလှိုင်ကဲ့သို့ အရပ်တော်တော်မမြင့်သော်လည်း (၅)ပေ (၇)လက်မဆိုသောအရပ်နှင့် လိုက်ဖက်ညီစွာတောင့်တင်းသန်မာသော ကိုယ်ခန္ဓာအချိုးအဆက်သည် ယောကျ်ားပီသမှုကို ထင်ရှားစေ၏။ စူးရှသောမျက်လုံးအစုံသည် အကြောင်းအရာတစ်ခုကို နက်နက်နဲနဲစဉ်းစားသလောက် လုပ်လျှင်နောက်မဆုတ်တတ်ကြောင်းဖော်ပြလျက်ရှိ၏။ ခန္ဓာကိုယ်ကြီးမားသလောက် စိတ်ကလက်တစ်ဆစ်ဆိုလို အလွန်လျင်မြန်၏။ ဒါကြောင့် ဘဘလှိုင်က သားကြီးကို နားဝင်အောင်သေချာပြောဖို့ အားခဲထားမိ၏။

"သား စာမေးပွဲကောင်းကောင်းဖြေနိုင်တယ်မဟုတ်လား"





"စာမေးပွဲသက်သက်မှ မဟုတ်ဘဲ ဘဘရယ်၊ လက်တွေ့အနေနဲ့ ဆေးရုံဆင်းပြီး အလုပ်သင်လုပ်ရတာပဲ ဘဘရဲ့"

"အေးပါ. . . ဘဘကလည်း သားစိတ်ဓာတ်ကို သိတယ်လေ၊ သားကြီးက အလုပ်တစ်ခုလုပ်ရင် ရေဆုံးရေဖျားလုပ်တာမဟုတ်လား။ ဒါကြောင့် သားကြီး အလုပ်သင်ဆရာဝန်ပြီးတဲ့အထိစိတ်ရှည်ရှည်စောင့်ပြီးမှ သမီးလေးထူးထူးရဲ့ကိစ္စကို ပြောဖို့ခေါ်လိုက်ရတာပဲ သားရယ်"

နောင်နောင်က စိတ်မြန်လက်မြန်ပင် သိချင်တာပြန်မေးလိုက်၏။

"ထူးထူးက ဘယ်လိုဖြစ်နေလို့လဲ ဘဘ"

"အေးပါ၊ ဘဘပြောရရင်တော့ အရင်ဘဘတို့ ယူဆထားတာက သူ့အဖေနဲ့ပတ်သက်ပြီး ထူးထူးရဲ့စိတ်စွဲလမ်းမှုကြောင့်ဖြစ်တဲ့အကြောင်းတွေလို့ ထင်နေခဲ့တာ။ မနေ့ညက ကိစ္စကိုတွေ့လိုက်မှ ထူးထူးပြောတာတွေ အမှန်တွေပဲဆိုတာ ဘဘကောက်ချက်ချနိုင်တော့တယ်ကွယ်"

ဘဘလှိုင် အသေးစိတ်ပြောပြချေ၏။ နောင်နောင်၏နားထဲဝင်တာတွေလည်းရှိ၏။ နောင်နောင့်နားထဲမကြားမိတာတွေလည်းရှိ၏။ ညီမလေးထူးကား တဇွတ်ထိုးဉာဉ်ရှိသူ၊ ဒီတော့ ဘဘလှိုင်တို့ တားမြစ်ထားတဲ့ကြားမှ တစ်ခါတစ်ရံပိတ်ချင်းမြောင်းကို အဖော်မပါဘဲ သွားတတ်တယ်တဲ့၊ သူတို့ ဘဘစပ်သီဟအိပ်သော ပိတ်ချင်းမြောင်းဂူထဲရှိ ကွပ်ပစ်နေရာကိုလည်း တစ်ယောက်တည်း သွား၏။ ခါတိုင်းနေရာတွင် သူ့အဖေစောင်တွေ၊ ဝါးခေါင်းအုံးတွေလည်း မတွေ့တော့ဟု ဆို၏။ နောက်ပြီးကွပ်ပျစ်အောက်တွင် တူးဆွထားဘာတွေကိုလည်း တွေ့ရမြန်သည်။ နောက် သူ့ဘဘစပ်သီဟ၏ ဖောင်နှင့်ဝါးခေါင်းအုံးကို နှစ်ထပ်ဂူအပေါ်ထပ်မှအပြင်ထွက်ပေါက်အလွန်ရှိ ကျောက်ရိုးအခင်းတွေပေါ်တွင် ပြန်တွေ့ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဂူင်းအိပ်ယာခေါင်းရင်းတွင်လည်း ရေးခြစ်ထားတဲ့ပုံတွေ တချို့တွေ့ရ၏။ သူ့ဘဘစာအုပ်တွင်လည်းကောင်း၊ ပိတ်ချင်းမြောင်ဂူ၏ အိပ်ရာမျက်နှာကျက်ဘေးတွင်လည်းကောင်း၊ တောင်ယာတဲပေါ်တွင်လည်းကောင်း တွေ့ရတတ်သော အမှတ်အသားရေးဆွဲထားမှုတွေမျိုး အားလုံးထပ်တူဖြစ်နေသည်။ နေ၏ပုံသဏ္ဌာန်၊ ဂူင်းအလယ်တွင် အဝါရောင်လ၏လပြည့်ပုံ၊ လဆန်းပုံသဏ္ဌာန်၊ ယုန်ရုပ်ကလေးနှင့် ဂူင်းအပေါ်တွင် အပြာရောင်ဖြင့် ခြယ်ထားပုံတွေ့ရ၏။ ဂူင်း၏ဘေးတွင် တာလီမှတ်ထားသော တုတ်ချောင်းအခြစ်ကလေးတွေ (၁၅)ချောင်းတစ်တန်း၊ (၁၄)ချောင်းတစ်တန်းစသည်ဖြင့် အတန်းလိုက်တွေ တွေ့ရ၏။ ထိုအခါ ညီမလေးထူးမနေသာတော့ ဘဘလှိုင်ကို ပြောချေပြီ။

"ဘဘလှိုင်၊ သမီးရဲ့ဘဘမသေဘူး။ သမီးတွေ့တာတွေက ဘဘရေးတဲ့လက်ရာပဲ။ ဘဘမှ ဘဘအစစ်"

"သမီးရယ်၊ သမီးလေးထူးတို့ ဘဘစပ်သီဟရဲ့လက်ရာနဲ့ တူအောင် တစ်ယောက်ယောက်က ရေးထားတာနေမှာပေါ့"

"မဟုတ်ဘူး ဘဘလှိုင်၊ သမီး ဘဘရေးတာ၊ အဲဒီတုတ်ချောင်းအခြစ်လေးတွေမှာ လျှို့ဝှက်ချက်ရှိတယ်။ တစ်နေ့ကျရင် သမီးဖော်နိုင်မှာပါ"

"အချိန်ကိုစောင့်ကြည့်သေးတာပေါ့ ကလေးရယ်" ဘဘလှိုင်က တစ်ခုတော့ထပ်၍ အထူးပြုပြောခဲ့သည်။

"သမီးလေးထူးက ပိတ်ချင်းမြောင်မှာလား၊ နှစ်ထပ်ဂူမှာလား၊ ဝါးဆစ်ပိုင်းဂူမှာလား၊ တစ်နေရာရာမှာ သူနဲ့ယခင်က သိဟောင်းကျွမ်းဟောင်းဖြစ်ဖူးသူတစ်ယောက်ကို သွားပြီးတွေ့တွေ့နေတယ်လို့ ဘဘကြားထားတယ် သားကြီး"

"အဲဒီလိုတွေ့တာဘာဖြစ်လဲ ဘဘလှိုင်ရယ်၊ သူ့သိဟောင်းကျွမ်းဟောင်းပဲ တွေ့ခွင့်ရှိတာပေါ့"ဟု အလွယ်တကူပြန်ပြော၏။

ကြည်လှမောင်စာပေ



"မဟုတ်ဘူးသား၊ အဲဒီပုဂ္ဂိုလ်နဲ့ တွေ့ပြီးကတည်းက သူ့[illegible]တွေတစ်မျိုးပြောင်းသွားတယ်။ လစ်ရင် ဘဘတို့ဆီကနေ တစ်[illegible]ခိုးထွက်ဖို့ စဉ်းစားနေတဲ့ပုံပဲ"

"အဲဒီလို ခိုးထွက်ရင် သူ့ဘဝအတွက် ဘာအာမခံချက်[illegible]ရှိလာမှာလဲ ဘဘလှိုင်ရယ်" နောင်နောင် စိတ်ကမလျှော့။

"အဲဒီသဘောမဟုတ်ဘူးလား သားကြီး၊ သူ့မှာ လျှို့ဝှက်[illegible]တဲ့ ကိစ္စတစ်ခုရှိနေပုံရတယ်" ဘဘလှိုင်ကလည်း ထပ်ပြီး[illegible]ည်ပြုနေဆဲ။

"ဘဘလှိုင်ကလည်း သူ့မှာ လျှို့ဝှက်ကိစ္စလုပ်နေတယ်ဆို[illegible] ဘဘကို မယုံကြည်ရာရောက်မှာပေါ့၊ ထူးထူးက ပါးနပ်ပါတယ်၊ [illegible] စိတ်မျိုးထားမှာ မဟုတ်ပါဘူး"

"သားကြီးကလည်း ဘဘဆိုလိုရင်းကို သဘောမပေါက်[illegible]င်းညီမလေးဘက် မဲတင်ပေးဖို့ချည်း အားသန်နေတာကိုး။ [illegible]ဆိုလိုတာက ထူးထူးနဲ့ ထွက်းထွက်းရဲ့အဖေက သေသွားတယ်[illegible]အားလုံးက ယုံကြည်ထားကြတယ်။ ဒါပေမဲ့ ထူးထူးကတော့ [illegible]လို့ ယုံကြည်ထားတယ်။ အဲဒါကြောင့် ဘယ်သူ့ကိုမှ ဖွင့်[illegible] သူ့အဖေကို ကျိတ်ရှာနေတာဖြစ်မယ် သားရဲ့"

ဘဘလှိုင်ကား အရပ်ရှည်သလောက် စိတ်မရှည်၊ စိတ်[illegible] ဒါပေမဲ့ နောင်နောင်နဲ့ ပတ်သက်လာလျှင်ကား အမြဲစိတ်[illegible]အမြဲသည်းခံ၏။

"ဟဲ . . . အဲဒီတော့ နောင်နောင်က ဘာတွေလုပ်ရမလဲ [illegible]"

"အခုလည်း အလုပ်သင်ဆရာဝန်အဖြစ် လက်တွေ့ဆေးရုံ[illegible]ပြီးပြီ အဲဒီကနေ အလုပ်မဝင်ခင်မှာ ညီမလေးကို စောင့်[illegible]လုပ်တာလေးတွေ မမှားယွင်းအောင် သားကြီးတာဝန်ယူ[illegible]တ်ဖို့ပါ"

လရိပ်

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . . ." နောင်နောင် သက်ပြင်းရှည်ကြီးချမိ၏။ နောင်နောင်နှင့် ဘဘလှိုင်တို့စကားပြောနေကြသော စာကြည့်ခန်း၏ဘေးဘက်မှ ခြေသံသဲ့သဲ့ကြားလိုက်ရသည်။ တံခါးပေါက်မှ ထွက်သွားသော လူရိပ်တစ်ခုနှင့် ညင်သာသောခြေသံတို့ကိုသာ နောင်နောင်ကြားလိုက်ရသည်။ ဒါပေမဲ့ နောင်နောင် မကြားနိုင်တာတွေရှိ၏။ ထူးထူးစိတ်ထဲမှာ ပြောနေသော "သမီးအတွက် စိတ်မပူပါနဲ့ ဘဘလှိုင်တို့ရယ်၊ သမီးဆက်စပ်လို့မရသေးတဲ့ ကွင်းဆက်လေးတစ်ခုအတွက် သမီးအဖြေရှာနေတာပါ။ အဲဒီအဖြေပေါ်လာတဲ့တစ်နေ့ ဘဘလှိုင်ကိုရော၊ အစ်ကိုနောင်ကိုပါ အားလုံးဖွင့်ပြောပါ့မယ်လို့ သမီးကတိပြုပါတယ်"ဟု ထူးထူးပါးစပ်ကလေး ရွရွလှုပ်ကာ တိုးတိုးပြောရင်း အောက်လှေကားဆီသို့ ဆင်းသွားသော ခြေသံများ၊ သိပ်လျှို့ဝှက်တတ်တဲ့ ညီမလေးထူးရယ်ပါ။

♦♦♦



## အခန်း(၈)

ဘဘပြောသည့်ကတော့ ထူးထူးသည် သူ့ဘဘစပ်သီဟ၏နောက်ယောင်ကိုခံရင်း အမူအရာပျက်ပြီး ကယောင်ချောက်ချားဖြစ်နေသော ကလေးတစ်ယောက်ရဲ့အဖြစ်မျိုး၊ နောင်နောင်ကတော့ ဆရာဝန်မျက်စိနဲ့ပဲကြည့်တော့ ထူးထူး၏အမူအရာများသည် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းနေသည့် ဟန်အမူအရာမျိုးပေါ်နေသည်။ ထူးထူးသည် ညပိုင်းတွင် ပြတင်းပေါက်ဘောင်ပေါ် မေးတင်ရင်း ညဉ့်နက်သန်းခေါင်ထိ အိပ်ရာမဝင်ဘဲ အတွေးတွေနစ်မျောနေသည်ကိုလည်း တွေ့ရ၏။

"ဒီအေးမြတဲ့ လရိပ်ကလေးဟာ ထူးထူးကို စိတ်ချမ်းသာမှု အပေးနိုင်ဆုံးပဲ" ဒီလရိပ်ကလေးမှာပဲ တစ်ခါတစ်ရံ အိပ်ပျော်နေတတ်ရှာ၏။ လရိပ်ကလေးကို နှမြောတသစွာဖြင့် ပျောက်ဆုံးမှာစိုးသည့်အလား တမက်တမောပွေ့ပိုက်ထားလိုတတ်၏။

လရိပ်သည် အချိန်လိုပါပဲ။ ဆွဲဆန့်လို့မရသည့် ပရမတ္ထသဘောကို ပိုင်ဆိုင်သည်တဲ့။ ဒါပေမဲ့ ဒီလမင်းကို အနာဂတ်မှာ ပြန်လည်၍ တွေ့ရအောင်ကြိုးစားနိုင်၏။ သူ့စိတ်ထဲမှာတော့ မနေ့က လရိပ်သည် အတိတ်ဟု မသတ်မှတ်နိုင်ရှာပါ။ မနေ့က လရိပ်



www.burmeseclassic.com

www.burmeseclassic.com



သည်လည်းကောင်း၊ ဒီနေ့လရိပ်သည်လည်းကောင်း အတူတူဖြစ်၏ဟု မှတ်ယူရာ၏။ နက်ဖြန်ကိုတော့ သူမပိုင်တဲ့။ မနက်ဖြန်ကတော့ အမှန်လည်း ဘယ်သူမှမပိုင်ပါ။ ဒီတစ်ချက်က လူသားအားလုံးနှင့် သဘောထားကိုက်ညီတဲ့ တူညီမှုဖြစ်ပေ၏။ အတိတ်နှင့် ပစ္စုပ္ပန်တူသည်ဟု စိတ်မှတ်မှားနေသည်ကတော့ လူသားတိုင်း၏ မှတ်ယူမှုနှင့် မကိုက်ညီပါ။ ဒီလိုမကိုက်ညီမှုလေးတွေကိုဘဲ စိတ်မူမမှန်မှု၏အချက်တစ်ချက်အဖြစ် မှတ်ယူလိုက်၏။ နောက်ပြီး လကိုကြည့်စကားပြောလိုက်၊ နေကို မျက်နှာမူစကားပြောလိုက်၊ သစ်ရွက်လှုပ်တာ၊ တံခါးလေတိုက်လို့ ပိတ်သွားတာ၊ အဲဒီလှုပ်ရှားမှုအမျိုးမျိုးကို ကြည့်ပြီးစကားပြောနေတတ်၏။ မရှိတာကို အရှိလုပ်နေတတ်၏။

“ဘဘ. . , သမီး ဒီအချိန်ဆို ဘဘလာတတ်လို့ အမြဲစောင့်နေတာ” သူ့ဘဘ စပ်သီဟနန္ဒာကို မျှော်၏။

“ဘဘ. . . ဒီနေ့ သိပ်မောနေလား၊ ဘဘ မောမှာပေါ့၊ ဘဘရဲ့ ကြေးပုရပိုက်တွေ လျှို့ဝှက်ပစ္စည်းတွေကို တစ်တောလုံး တစ်တောင်လုံး လိုက်ရှာနေတာကိုး”

“ဘဘ. . သမီးတို့ မောင်နှစ်မနှစ်ယောက်ကို အကြာကြီးခွဲမထားနဲ့နော်” အားကိုးမျှော်လင့်တဲ့ သနားစရာအသံလေး။

“ဟော. . ဟော ဘဘက လုပ်ပြန်ပြီ၊ သမီးကိုတွေ့ချင်လို့ ချယ်ရီပင်ပေါ်က တက်စောင့်နေတာလား၊ အဲဒါဆို သမီးဖို့ချယ်ရီပန်းတစ်ခက်လောက်ခူးပေးဦး ဘဘရဲ့” ထူးထူးအဖြစ်ကို ဘဘလှိုင်တို့ကတော့ သေချာဂရုမထားမိကြ။ ထူးထူးကလည်း အချိန်ပြည့်တံခါးချက်ထိုးထားတာမို့ မသိကြ။ နောင်နောင်က ချောင်းကြည့်ပေါက်ကလည်း ကြည့်တတ်၏။ လက်စွဲတော်နားကြပ်နှင့် ကပ်၍လည်း နားထောင်တတ်၏။ တစ်ခါတစ်ရံ ထူးထူးမသိအောင် ကြီးမဲ့မိုက်ခွက်တပ်ထားပြီး နားထောင်ကြည့်၏။ သနားစဖွယ်အသံ





လေးကို ကြားရ၏။ ကက်ဆက်နှင့် အမြဲသွင်းထားပြီး ပြန်ဖွင့်နားထောင်မိ၏။

“ဘဘရယ်၊ ဘဘက သမီးအမြဲစောင့်နေတဲ့ ပြတင်းပေါက်မှာ တွေ့သာတွေ့နေရပြီး၊ တစ်ခါမှ သမီးကိုနှုတ်မဆက်ဘူးနော်။ ဒါကြောင့် သမီးက ပိတ်ချင်းမြောင်ဂူထဲမှာအနံ့လိုက်ရှာမိတာ ဘဘရဲ့။ နောက်နှစ်ထပ်ဂူရဲ့အောက်ထပ်မှာ ဘဘကိုမတွေ့လို့ သမီးက အပေါ်ထပ်ကို ဝါးလုံးလှေကားလေးနဲ့တက်ကြည့်လိုက်တာ အပေါ်ထပ်တစ်ခုလုံးနံ့နေတာပဲ။ မတွေ့လည်း မတွေ့ပါဘူး၊ နောက်ဆုံးမှာမှ နေရောင်ဖျော့ဖျော့လေးဝင်လာတဲ့ဘက်လိုက်သွားပြီးကြည့်မိတယ်လေ။ အဲဒီဘက်သွားရတာ တော်တော်ခက်ပါတယ်။ စွန့်စွန့်စားစားသွားယူရတာ။ တစ်ချက်တိမ်းလိုက်ရင်လည်း ချောက်ထဲအကျပဲပေါ့။ အဲဒီထွက်ပေါက်ကိုရောက်တော့ လေတွေတဟူးဟူးဝင်နေတယ် ဘဘရယ်။ နောက်ပြီး မြင်ကွင်းကလည်း ကောင်းလိုက်တာ၊ ဝက်ဝံရေတံခွန်ကြီးကို အစဆုံးမိုးပြီးကြည့်နိုင်တဲ့နေရာပဲ။ အပေါ်ဘက်ကြည့်လိုက်ရင်လည်း ရေတံလျှောက်ချောက်ကြီးလေ။ တောင်နှစ်လုံးကို နှစ်ပေလောက်ဖြက်ရှိတဲ့ သစ်လုံးထွင်းရေမြောင်းကြီးနဲ့ ရေဖြတ်သွယ်ထားတာ။ အင်္ဂလိပ်ခေတ်ကတည်းက သွယ်ထားတဲ့အကြီးဆုံးရေတံလျှောက်ကြီးပေါ့ ဘဘရဲ့။ အရှည်က ပေ(၅၀၀)လောက်ရှိတယ်ထင်တာပဲ။ ဆက်ပြောရဦးမယ် ဘဘရယ်။ အဲဒီထွက်ပေါက်ဘေးလေးအတိုင်း ဆက်လျှောက်လိုက်တော့ ကောက်ရိုးတွေခင်းထားတဲ့ အိပ်ရာတွေ့ရတယ်။ အဲဒီအပေါ်မှာ ဘဘရဲ့စောင်၊ ဝါးခေါင်းအိုး၊ နောက် ဘဘအမြဲသုံးတတ်တဲ့ တာလီမှတ်တဲ့ တုတ်ချောင်းပုံအမှတ်အသားတွေ ဂူဘေးမှာ ရေးထားတယ်။ ဒါဆို ဘဘအိပ်ရာသေချာတာပေါ့နော့။ ဒါနဲ့သမီးက ရေတံခွန်အောက်ခြေဘက်ကို လှမ်းမျှော်ပြီး အကြာကြီးစောင့်ကြည့်နေခဲ့တာ။ တော်တော်ကြာတဲ့အခါကျတော့ အဲဒီရေတံခွန်



www.burmeseclassic.com

www.burmeseclassic.com



အခြေ ရေတံခွန်ရေလုံးကြီးဘေးဘက်ကနေ ရှမ်းဘောင်းဘီအနက်၊ အင်္ကျီကလည်း အနက်ရောင်နဲ့ လူနှစ်ယောက်ထွက်လာတာ သမီးတွေ့ရတယ် ဘဘရဲ့။ တစ်ယောက်ကတော့ ခပ်တောင့်တောင့် တင်းတင်းလူငယ်ပုံပဲ။ ဘဘခေါင်းပေါင်းနေကျ ပိုးပုဝါပန်းရောင်လေး။ လွယ်အိတ်က အစိမ်းရောင်လွယ်အိတ်။ ဓားလွယ်အစားတောင်ဝှေးတစ်ချောင်းကိုင်ထားတယ်။ အကုန်ဘဘသုံးနေကျပစ္စည်းတွေချည်းပဲ။ သမီးမှတ်မိတာပေါ့။ ဒါနဲ့သမီးကအကြာကြီးဆက်ပြီး စောင့်နေတာ။ အပေါ်ရောက်လာတော့ ဘဘလည်းမပါလာဘူး။ ဟိုခပ်ငယ်ငယ်ရှမ်းချောလေးတစ်ယောက်ပဲရောက်လာတယ်။ 'သူ့နာမည်အရှည်တော့ မမှတ်မိပါဘူး စိုင်းတဲ့'ဟု ပြောသောအသံသည် ထူးထူးရဲ့အသံဝဲသော်လည်း ကရုဏာသံအပြည့်ပါသောအသံလေး ငိုသံလေးပါစွက်နေ၏။ မရေရာခဲ့သောအတိတ်အား သေချာစွာရှိနေမည့် ပစ္စုပ္ပန်သို့ စိမ့်ဝင်ပျံ့အောင်ခေါ်ယူခဲ့လေပြီ။ ကြောက်စရာကောင်းနေသော ထူးထူး၏ဘဝကို အတိတ်ဆင်ဆိုးကြီးက ခွာဖြင့်နင်းချေခဲ့လေပြီ။ ပိတ်ချင်းမြောင်၏ရေတံခွန်တို့မှာ ရေနီနီတို့ဖြင့် ရေစီးကြမ်းခဲ့လျှင် သူတို့လေးတွေ၏ဘဝများသည် ပုပ်သိုးဆွေးမြည့်နေသော အတိတ်၏လွှမ်းမိုးမှုကိုခံရချေတော့မည်။ ယခုလည်း သူတို့၏မွေးပျံသော ဘဝပန်းလေးတွေအကျည်းတန်သွားစေပြီလား။ ထူးထူးပြောတဲ့ရှမ်းချောချောလေးစိုင်းဆိုတာ ဘယ်သူလဲ။ သူတို့ ဘဘနဲ့အတူပါလာတဲ့ သူတို့အမျိုးဆိုတာ တကယ်ဟုတ်ပါရဲ့လား။ ပိတ်ချင်းမြောင်အနီးမှာ မြစ်ဖျားခံခဲ့သည့် သူတို့၏ရင်မောဖွယ်ရာဘဝများကို အခုပြန်ပြီး စိုထိုင်းသွားအောင် ဘာလို့လုပ်ရက်တာလဲ စိုင်းရယ်။ နောင်နောင်လည်း စိုင်းကိုတွေ့ပြီး မေးချင်ပါတယ်။ စိုင်းကိုမတွေ့ခင် ညီမလေး'ထူး'ဆီကလည်း သေချာတဲ့စကားတွေကြားချင်ပါရဲ့။ ကြားနိုင်ဖို့အတွက် 'ထူးထူး'ကပဲ အတိတ်ဖော်ကောင်လုပ်ပြီး နောင်နောင့်ကို အတိတ်





စိမ်းတွေ အဖြေဖော်ပေးဦးနော်။ နောင်နောင်ဉာဏ်မမီတာတွေအများကြီးပဲ။ "နောင်နောင်ဆီမှာ အဖြေမထုတ်နိုင်သေးတဲ့ ပဟေဠိတွေ အများကြီးပဲ ထူးထူးရယ်"

ပဟေဠိတွေရဲ့တစ်ဝက်က ထူးထူးဝှက်ခဲ့တာတွေလေ။ အဲဒီပဟေဠိတွေကို နောင်နောင်ရှင်းမယ်။ ဒါပေမဲ့ အဖြေထုတ်ပေးရမှာက 'ထူးထူး'ပဲလေ။ 'ထူးထူး'ပဲပေါ့။ နောင်နောင်ကိုယ်တိုင်ကလည်း တခြားစကားပြောဖက်မရှိဘဲ တစ်ယောက်တည်းစကားပြောနေမိတယ်။

"သြော်. . . ငါကိုယ်တိုင်လည်း စိတ္တဇရေစီးကြောင်းရဲ့တိုက်စားမှုကို ခံနေရပြီကော"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

နောင်နောင်က အလုပ်တစ်ခုကို ရေဆုံးရေဖျားလုပ်တတ်သည်။ ဒါကြောင့်မန္တလေးရှိ ဆရာအဖြစ်တော်ခဲ့ဖူးသူ စိတ်ရောဂါကုဆရာဝန်ကြီး ဒေါက်တာချောန်မြင့်ထံ သူကိုယ်တိုင်ဖမ်းယူထားသော ထူးထူး၏အ[illegible]များကို တတ်ဆက်ဖြင့် ပြန်ဖွင့်ပြနေခြင်းဖြစ်သည်။

"ဟုတ်တယ်. . . နောင်နောင်၊ ဒီကတ်ဆက်ခွေကို နားထောင်ရသမျှရယ်၊ နောင်နောင်ပြောသမျှအရရယ်တော့ ထူးထူးဟာ စိတ်ဝေဒနာတစ်ခုခုကို ခံစားနေရတဲ့သဘောပဲ"

"ထူးထူးကို ဆရာ့ဆီခေါ်လာပါလား"

"သူက ခေါင်းမာတယ်ဆရာ၊ ဆရာလည်း ပြင်ဦးလွင်မှာ အနားယူဖို့တက်ဦးမှာဆို။ အဲဒါ ကျွန်တော်တို့ခြံက သီးခြားအိမ်ကလေးမှာ ဆရာတည်းပေါ့။ သူ့ကို သာမန်အသိအကျွမ်းမိတ်ဆွေတစ်ယောက်အနေနဲ့ လေ့လာဆက်ဆံပြီး ကုသပေးရင် မကောင်းဘူး လားဆရာ"

"ကောင်းတယ်. . နောင်နောင့်အကြံဉာဏ်က အကောင်းဆုံးပဲ၊ စိတ်ဝေဒနာသည်တစ်ယောက်ကို ကုသတာဟာ သူ့ကိုယ်သူ ရောဂါသည်လို့ မထင်မှတ်စေဘဲ ကုသတဲ့နည်းဟာ အညင်သာဆုံး





ပဲ၊ ဒါပေမဲ့. . . နောင်နောင်တို့ တာဝန်ပိုနေမှာစိုးလို့"

"ရပါတယ် ဆရာ၊ နောင်နောင်လည်း ဆရာ့ဆီက ဒီပညာလေးတွေ လေ့လာလို့ရတာပေါ့ဆရာ"

နောက်ရက်တွင် ဆရာက သူ့တပည့်တစ်ယောက်နှင့်အတူ ပြင်ဦးလွင်သို့ရောက်လာ၏။

"ဒါက ကျွန်တော့်ကျောင်းက ဆရာဦးချောန်မြင့်၊ ဆရာ ဒါက ဘဘလှိုင်"

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာ"

"ညီမလေးထူးထူး၊ ဒါ အစ်ကိုနောင့်ဆရာ၊ ဆရာဦးချောန်မြင့်"

"တွေ့ရတာဝမ်းသာပါတယ် ဆရာ. . .၊ ထူးထူးကိုလည်း နောင်နောင့်လိုပဲ ခင်နိုင်ပါတယ်ဆရာ"

"ဆရာလည်း ထူးထူးကို ခင်ပါတယ်"

"လာ. . ညီမလေးရေ၊ ဆရာက အစ်ကိုနောင်တို့ရဲ့ နန္ဒဝန်ဧည့်ဆောင်မှာတည်းမှာ။ လိုက်ပို့ကြရအောင်"

ဆရာ့ကို နန္ဒဝန်ဧည့်ဆောင်သို့လိုက်ပို့၏။ ဧည့်ဆောင်လေးမှာ တစ်ထပ်တိုက်ပုလေးဖြစ်၏။ ဧည့်သည်(၅)ဦးခန့် တည်းခိုနိုင်၏။ ချယ်ရီပင်လေးများ တောအုပ်ပမာ ပေါက်ရောက်နေသည့် တောင်ကုန်းလေးပေါ်တွင် ဆောက်ထားသည့် သီးခြားအဆောင်လေးမို့ အေးချမ်းလှ၏။ ချယ်ရီပွင့်ချိန်ရောက်နေပြီမို့ အလွန်လှပသည့် ချယ်ရီတောင်ကုန်းလေးပေါ်မှာ နေချင့်စဖွယ်ဧည့်ဆောင်လေးအား ဆရာ အလွန်သဘောတွေ့နေ၏။

နန္ဒဝန်ခြံကြီးကား (၁၅)ဧကခန့်ကျယ်ဝန်း၏။ အိမ်ကြီးဟုသည် ၊ ပြင်ဦးလွင်မြို့သူ၊ မြို့သားများက ခေါ်ဝေါ်ကြ၏။ အိမ်မကြီးတွင် အပေါ်ထပ်၌ပင် အိပ်ခန်း(၆)ခန်း၊ ဘုရားခန်း၊ စာကြည့်ခန်း၊ အဝတ်လဲခန်း၊ အခန်းခန်း၊အဆောင်ဆောင်အလွန်များပြားလှ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အောက်ထပ်မှာ ဧည့်ခန်းနှစ်ခန်း၊ ထမင်းစားခန်း၊ အစည်းအဝေးခန်း၊ ဧည့်သည်များတည်းရန် (၃)ခန်း၊ တီဗွီကြည့်ရန်(၁)ခန်းနှင့် မီးဖိုဆောင်မှာ စကြံလမ်းအတိုင်း ပေ(၃၀)ခန့်တောင်ဘက်သို့ ခပ်မြင့်မြင့်တက်သွားလိုက်လျှင် အလုပ်သမားတန်းလျားရှိ၏။ အလုပ်သမား(၅)ဦး မိသားစုအလိုက်နေနိုင်သည်။ အလုပ်သမားတန်းလျားနှင့် ဆရာချောနိမြင့်တို့တည်းသည့် ဧည့်ဆောင်၏အကြားမှာ ကားဂိုဒေါင်ရှိသည်။ ကား(၄)စီးခန့်ထားရန် ဂိုဒေါင်များ၊ နောက်ပြီး မြင်းစောင်းအပြင် မြင်းသုံးကောင်ခန့်ထားနိုင်သည်။ အဲဒီမှာ မြင်းစီးဂျော်ကီများနေရန် အခန်းလည်းပါရှိသည်။ ဆရာချောနိမြင့်တို့တည်းသည့် ဧည့်ဆောင်၏မြောက်ဘက်မှာရှိသော ချယ်ရီပင်(၃)ပင်၊ ညောင်ပင်ကြီးတစ်ပင်နှင့်တွဲလျက် အပေါ်မှာလင့်စင်ကြီးတစ်ခု ဆောက်ထားသည်။ လင့်စင်ပေါ်မှာ ပေ(၂၀)ပတ်လည်ခန့်ကျယ်ပြီး ယင်းလင့်စင်ပေါ်သို့ ပျော်ပွဲစားထွက်လို့ရအောင် စီစဉ်ထားသည်။ ယင်းလင့်စင်နှင့် အိမ်ရှေ့ကားလမ်းမကြီးအကြား ကွက်လပ်မှာကား မေမေဝင်းစိတ်ကြိုက်စိုက်ပျိုးထားသည့် ပန်းခြံကြီး(၆)ဧကခန့်ရှိသည်။ ပန်းခြံကြီးကား ပန်းမျိုးစုံအကန့်လိုက်စိုက်ပျိုးထားသည်။ ဟော်လန်သစ္စာပန်းများ၊ ရွှေရောင်အနားတွန့်ဟောလန်ပန်း၊ အသည်းကွဲရောင်ဂန္ဓမာမျိုးစုံ၊ အာဖရိကန်ဒေစီ၊ ကျူးလစ်ပန်းအချို့လည်းရှိသည်။ မေမေဝင်းကား မီးဖိုချောင်ကို စီမံခန့်ခွဲပြီးသည်နှင့် ယင်းပန်းခြံထဲသို့ရောက်နေပြီ။ သူ့အဓိကအလုပ်မှာကား ပန်းစိုက်ပျိုးဖို့ရယ်၊ ဘုရားခန်းထဲမှာ ပုတီးစိပ်အဓိဋ္ဌာန်လုပ်ဝင်ဖို့ရယ် အဓိကဖြစ်၏။ အခြားဘယ်ကိစ္စမှ မေမေဝင်းမပါဝင်ပါ။ စကားလည်းနည်းလှ၏။ စကားနည်းပြီး အလုပ်များများလုပ်၏။ နောင်နောင့်ကိုပင် တရက်လျှင်တစ်ကြိမ်ခန့်သာ စကားပြောဖြစ်၏။

အိမ်ရှေ့မျက်နှာစာမှာတော့ ရေကူးကန်ဟုလည်း ခေါ်နိုင်သည်။ ရေလှောင်ကန်လို့လည်းခေါ်လို့ရသည်။ အဲဒီထဲမှာ





နောင်နောင်တို့၊ ထူးထူးတို့၊ ထွဏ်းထွဏ်းတို့ နွေအခါရေကူးလေ့ရှိသည်။ နန္ဒဝန်အိမ်ကြီးမှာ အင်္ဂလိပ်ခေတ်က ကော်မရှင်နာမင်းကြီးနေ သောအိမ်ဖြစ်သည်။ ဒါကြောင့် အခြွေအရံအသင်းပင်းများစွာနေနိုင်ဖို့ အဆောက်အဦအပြည့်အစုံဆောက်ထား၍ ခြံဝင်းမှာ အည်(၁၅)ဧက ခန့်ကျယ်ဝန်းသည်။ အိမ်မှာလည်း နေရောင်ခြည်စွမ်းအင် မီးဖိုပြီးအနွေးဓာတ်ရရှိရေးအဆုံး၊ စနစ်တကျပြည့်စုံအောင်ဆောက်ထားသည်။

"ကျွန်တော်တို့က ဧည့်ဝတ်မကျေမှာစိုးပြီး ဆရာ့ကိုအားနာနေကြတာ"

"နောင်နောင်ကလည်းကွာ၊ မင်းတို့အိမ်ရဲ့ရှုခင်းတွေက တန်တော်ကြီးကိုလည်း ဒီကနေမြင်ရတယ်၊ ကျောက်တောင်ဘုရားသည်းဖူးရတယ်။ ဂေါက်ကွင်းကလည်း နီးနီးလေး၊ ညနေမှာဖျင်းရင် မြင်းစီးမလား၊ မြင်းလှည်းစီးမလား၊ ရောင်စုံပန်းခင်းထဲလမ်းလျှောက်မလား၊ ငါကတော့ တစ်ခါတစ်ခါ ကိုယ့်ကိုကိုယ် နိုင်ငံခြားရောက်နေတယ်လို့တောင် ထင်မိပါရဲ့"

"အဲဒါဆို အားတဲ့တစ်ရက် ထူးထူးရောဂါကိုသာ စစ်ဆေးဖို့ ဆရာစီစဉ်ပေးပါ"

"နောင်နောင် ပြောသလိုဆိုရင် ထူးထူးကို ငါက စမ်းသပ်စစ်ဆေးမယ်၊ မင်းက ငါမေးတဲ့မေးခွန်းတွေအတိုင်း တစ်ခုချင်းမေးပေး၊ မင်းလည်း ပညာကိုလေ့လာရင်းပေါ့၊ အခု ထူးထူးခံစားနေရတာ သာမန်စိတ်ဝေဒနာအပျော့စားလေးပါ။ (Neurosis)လို့ခေါ်တာပေါ့။ ဒီဝေဒနာက မသိစိတ်ကို ကောင်းမွန်အောင်တည့်မတ်ပေးလိုက်ရင်ရပါတယ်။ နည်းနည်းလေးအိပ်မွေ့ချပြီး၊ မသိစိတ် (Sapecficial Mind) လှုပ်ရှားအောင် ဆောင်ရွက်ရမယ်။ အဲဒီကမှနေ သူဘာတွေခံစားနေရတယ်ဆိုတာ ပေါ်လွင်အောင်လုပ်ပြီး အဖြေထုတ်သွားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ဆရာ။ အဲဒါဆို ကျွန်တော်တို့အပေါ်ထပ်က ထူးထူးအခန်းကို သွားရအောင်"

"သွားကြတာပေ့ါ" အပေါ်ထပ်သို့ တက်လာကြ၏။

"ဒေါက်. . ဒေါက်. . ဒေါက်"

"ညီမလေးထူးရေ. . . အစ်ကိုနောင်တို့ပါ"

"ဝင်ခဲ့လေ အစ်ကိုနောင်၊ ညီမလေး ဂျက်ထိုးမထားပါဘူး"

ညီမလေးထူး၏ အခန်းမှာ အိပ်ခန်း၊ ရေချိုးခန်းအပြင် ဧည့်ခန်းလည်းပါသော ထောင့်ဆုံးအခန်းဖြစ်၏။

"ဆရာလည်း ပါလာတယ်"

"ဟုတ်ကဲ့ ဆရာ. . . ထိုင်ပါ"

"အစ်ကိုနောင်က စာတမ်းပြုစုရမှာလေ။ အဲဒီမှာဆရာက အစ်ကိုနောင်ရဲ့ကြီးကြပ်တဲ့ ဆရာ့အနေနဲ့လိုအပ်တာတွေ ကူညီပေးရမှာပေ့ါ"

"ဘာစာတမ်းလည်း အစ်ကိုနောင်ရဲ့"

"ဘာစာတမ်းဆိုတာထက် ညီမလေးထူးရဲ့ အကူအညီအများကြီးရဖို့လိုနေတယ်၊ အဲဒါကို ညီမလေးက အင်တိုက်အားတိုက်ကူညီမှရမယ်"

"ကဲပါ. . . လုပ်ရမယ့် အလုပ်ကိုသာပြောပါ"

"လောလောဆယ်တော့ ကလေးဘဝနဲ့ လူကြီးဘဝ အကူးအပြောင်းအချိန်မှာရှိတဲ့ မိန်းကလေးတွေရဲ့ အတွေးအခေါ်တွေကို အစ်ကိုနောင် မှတ်တမ်းပြုရမယ် သိလား"

"ကဲ ညီမလေးက ဒီပြတင်းပေါက်မှာထိုင်၊ ဒီပြတင်းပေါက်မှာ မေးတင်ပြီး၊ ချယ်ရီပန်းတွေကို ငေးကြည့်၊ အဲဒီအချိန်မှာ အစ်ကိုနောင် မေးတာတွေဖြေတော့"

လူနာတစ်ယောက်ကို မေးသည့်မေးခွန်းမျိုးမဟုတ်ဘဲ စာ





[illegible]ပြုစုသောအခါ မေးမြန်းသည့် မေးရိုးမေးစဉ်ကိုသာ မေးလိုက်
[illegible] နာမည်၊ အသက်၊ မွေးဖွားရာဇာတိ၊ မိဘအမည်၊ ညီအစ်ကို
[illegible]မောင်နှစ်မ၊ ပညာအရည်အချင်း၊ ကျောင်းမှာတွေ့ကြုံရသော
[illegible]ဖြစ်အပျက်များအားလုံးကို ထူးထူးလည်း စိတ်ကာစဉ်ကာဖြေဆို
[illegible]၏၊ လိုအပ်သောအချက်များကို ဆရာမှ ဘေးကနေထောက်ပေး
[illegible]၏၊ (၄၅)မိနစ်ခန့်ကြာသောအခါ "ကဲ ဆရာလည်း ဂေါက်ကွင်း
[illegible]သွားမယ်၊ ထူးထူးလည်းမောရော့မယ်။ သွားကြရအောင် နောင်
[illegible]နောင်"ဟု ဆရာဦးဈာန်မြင့် စကားစဖြတ်လိုက်သည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

"စိတ်နဲ့ပတ်သက်တဲ့ အတတ်ပညာရရှိစေဖို့ ဒီပညာသင်လိုတဲ့ဆရာဟာ မိမိရဲ့ပင်ကိုယ်စိတ်ဓာတ်ကို စွမ်းရည်မြင့်မားအောင်ဆောင်ရွက်ရမယ်။ နောက်ပြီး ဒီပညာရပ်ကိုလည်း အကျိုးပြုလုပ်ငန်းတွေမှာ ရည်မှန်းချက်သန့်သန့်နဲ့ အသုံးချပါ့မယ်လို့ သန္နိဋ္ဌာန်ချထားသူဖြစ်ရမယ်"

"စိတ်ချပါ ဆရာ"ဟု နောင်နောင်က ရိုသေလေးစားစွာ ဖြေကြားလိုက်၏။

"စိတ်ညှို့ခြင်းနည်းသုံးပြီး တစ်ဖက်လူရဲ့ စိတ်ဓာတ်စွမ်းရည်တွေ တိုးတက်မြင့်မားစေခြင်း၊ သေးသိမ်ယုတ်ညံ့သောစိတ်များ၊ အားငယ်နေမှုများ၊ မိမိကိုယ်ကို မယုံကြည့်မှုများအား ပြုပြင်တည့်မတ်ပေးခြင်းတို့လုပ်ဖို့ဖြစ်တယ်"ဟု ဆရာဈာန်မြင့်မှ စိတ်ရောဂါကုဆရာဝန်ပီပီလေအေးအေးနှင့် ရှင်းလင်းပြောပြ၏။

"အိပ်. . အိပ်. . အိပ်၊ နှစ်ခြိုက်စွာ အိပ်၊ အိပ်ပျော်တော့မယ်၊ ဟုတ်ပြီ. . အိပ်ပျော်ပြီ၊ အိပ်ပြီ၊ အိပ်သွားပြီ"စတဲ့ အသုံးအနှုန်းနဲ့စေ့ဆော်မှုလုပ်ရတယ် နောင်နောင်။ အဲဒါကတော့ မသိစိတ်သည် သိစိတ်ကို မသိမသာဦးစီးကြိုးကိုင်နေတတ်တယ်။ အခု





ထူးထူးကိုကြည့်ပါလား။ ဖခင်မဲ့နေတယ်ဆိုတာကို သိစိတ်က သိနေတယ်။ ဒါပေမဲ့ မသိစိတ်က ဒါကိုလက်မခံဘူး။ အဲဒီနေရာမှာ ပထမအစားထိုးဖို့ ဘဘလှိုင်ကို နေရာယူခိုင်းကြည့်တယ်။ ဒါပေမဲ့ မသိစိတ်က လက်မခံဘူး။ ဒါကြောင့်နောင်နောင့်ကို သူ့အဖေနေရာမှာ အစားထိုးကြည့်တယ်။ ပထမပိုင်းမှာ အစားထိုးလို့ရတယ်။ အဲဒီအချိန်မှာပဲ နောင်နောင်က ဆေးကျောင်းကိုတက်ရတယ်။ အဲဒီတော့ တွယ်ရာမဲ့ဖြစ်လာတယ်။ တွယ်ရာမဲ့ဖြစ်တဲ့အချိန်မှာ သူ့ဘဘကို တွေ့ပြီဆိုပြီး သူ့စိတ်ကို သူလိမ်ထားတာလည်းဖြစ်ချင်ဖြစ်နိုင်တယ်။ ဒါမှမဟုတ် တကယ်ပဲ သူ့ဘဘကို လှမ်းမြင်တာလည်းဖြစ်ချင်ဖြစ်နိုင်တယ်။ ဒါပေမဲ့ ဒီထဲမှာတော့ မသိစိတ်ကနေ ထိန်ချိန်ခိုင်းလို့ ဆရာတို့ကို ဖွင့်မပြောတဲ့ ကိစ္စတစ်ခုရှိနေတာတော့ အမှန်ပဲ။ အဲဒါကို ဖော်ထုတ်နိုင်အောင်ကြိုးစားကြရမှာပဲ၊ အဲဒါဖော်ထုတ်ဖို့အလွယ်တကူလည်း ဖြစ်ချင်ဖြစ်နိုင်မယ်။ ခက်ခက်ခဲခဲဖော်ထုတ်ချင်လည်း ဖော်ထုတ်ရလိမ့်မယ်။ နောင်နောင်နဲ့ ဆရာတို့ရဲ့ကြိုးစားမှုနဲ့ ဖွဲလုံ့လအပေါ်မှာ မူတည်တာပေါ့လေ။

"နောင်နောင် ကြိုးစားပါ့မယ် ဆရာ။ ညီမလေးထူး၊ နေကောင်းဖို့အတွက်ဆို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ကြိုးစားပါ့မယ်ဆရာ"

"ကြိုက်သွားပြီ ငါ့တပည့်ရေ၊ ဒီနေ့တော့ ညနေပိုင်းမှာပဲ စမ်းသပ်မှုတစ်ခုစရမှာပေါ့"

"စိတ်ဝေဒနာကုသပေးမယ့် သူဟာ ဝေဒနာရှင်ရဲ့သိတတ်သောအာရုံအမြင် စိတ်ကိုရှေးဦးစွာ ဖိနှိပ်ချိုးနှိမ်ဖယ်ရှားရမှာဖြစ်တယ်။ ဒီလိုဖယ်ရှားလို့ သိတတ်သော အာရုံခံအပြင် စိတ်ဝေဒနာရှင်ထံက ပျောက်ကွယ်သွားမှာဖြစ်တယ်။ အဲဒီနောက်တော့ ဝေဒနာသည်ရဲ့စိတ်ကို တိုက်ရိုက်ဝင်ရောက်ဆက်သွယ်နိုင်ပြီကွ။ သူ့ကိုအမျိုးမျိုးပြောဆိုညွှန်ကြားခြင်းတို့၊ လမ်းကြောင်းပေးခြင်းတို့၊ သိလိုတာ



www.burmeseclassic.com

တွေကို ဖော်ထုတ်ခြင်းတို့ လုပ်နိုင်မှာဖြစ်တယ်"

"ဝေဒနာရှင်ရဲ့ မသိစိတ်ကို တိုက်ရိုက်ဆက်သွယ်နိုင်စေဖို့ သူ့ရဲ့အသိစိတ်ကို ကျော်လွှန်ပြီး ထိုးဖောက်ဝင်ရောက်ရမှာဖြစ်တယ်။ ဒါကြောင့်လည်း သိတတ်မှု၊ အာရုံခံအသိစိတ်နဲ့ စပ်ဆိုင်တဲ့ အာရုံငါးပါး (ထိ၊ မြင်၊ သိ၊ ကြား၊ အနံ့)ဆိုတဲ့ အာရုံတွေနဲ့အတူ ဝေဖန်ပိုင်းခြားဆင်ခြင်နိုင်တဲ့ စဉ်းစားဉာဏ်တွေကို ဘယ်လိုထိုးဖောက်ဝင်ရောက်ဆက်သွယ်စေမလဲ။ အဲဒီလိုဆက်သွယ်ဝင်ရောက်နိုင်တဲ့နည်းလမ်းတွေအနက် အန္တရာယ်ကင်းဝေးပြီး အများနဲ့သင့်လျော်တဲ့၊ အများပြုလုပ်နိုင်တဲ့နည်းလမ်းကောင်းတစ်ခုကတော့ ဝေဒနာရှင်ကို 'အနည်းငယ်အိပ်ပျော်စေခြင်း'(Saperficial Hyposis) ကို ပြုလုပ်ပေးခြင်းပဲကွ။ အဲဒီလို 'အနည်းငယ်အိပ်ပျော်ငိုက်မျဉ်းနေစေတဲ့အခါ စဉ်းစားဉာဏ်ကြိုးမျှင်လေးနဲ့ သောတအာရုံသဲ့သဲ့လေးသာ အလုပ်လုပ်ပြီးကျန်ရှိနေတော့တယ်။ အဲဒီအချိန်မှာတော့ ကုသပေးတဲ့ ဆရာရဲ့စေ့ဆော်မှုအသံနှင့် အဲဒီအသံကိုကြားနေရတဲ့ သောတအာရုံမှတစ်ပါး အားလုံးသောအာရုံတွေ ကင်းစင်နေအောင် ဆောင်ရွက်ပေးထားတဲ့ သဘောပေါ့"ဟု ဆရာက နောင်နောင့်အား လက်တွေ့ဘာသာရပ်တစ်ခုသင်ကြားသကဲ့သို့ ပို့ချချက်များ ပို့ချနေပေ၏။

ညီမလေးထူးအား ပီဘိကလေးငယ်တစ်ဦးကဲ့သို့ ဆရာချာန်မြင့် ပြင်ဆင်ထားသည့် အရေးပေါ်ကုသခန်းတွင်းသို့ အိပ်ရာပေါ်ဝယ် ပက်လက်ကလေးအိပ်နေစေ၏။ ထူးထူး၏မျက်နှာသည် ရှမ်းသွေးနွယ်သောကြောင့် နှာတံမပေါ်လွင်သော်လည်း သူမ၏ မျက်နှာဝိုင်းဝိုင်းနှင့် လိုက်ဖက်စွာဖြောင့်စင်းလှပလျက်ရှိသော နှာတံလေး၊ သမင်မျက်လုံးအစုံသည် ကော့ညွတ်လျက်ရှိသော မျက်တောင်အစုံ၏ ပုတ်ခတ်မှုကြောင့် လင်းတစ်လှည့် မှိတ်တစ်ခါ သောက်ရှူးကြယ်ပမာဟု စာသားမှာ တင်စားသကဲ့သို့ပင်တည်း။





ချစ်ဖွယ်သော နဖူးထက်ဝဲကျနေသော ဆံစကလေးများမှာ ကလေးငယ်တစ်ယောက်၏နုနယ်သော မျက်နှာလေးကို ဖုံးကွယ်မပေးနိုင်ပါချေ။ ထို့ထက်ပို၍ လှပသောနှုတ်ခမ်းတစ်စုံကား ကရုဏာသံပါသည့် နှုတ်ထွက်ခွန်းချိုသံများကြောင့် ကြားရသူနားဝင်မှာ အမြဲအေးမြလျက်ရှိပေသည်။ ပူလောင်သောအသံမဟုတ်ဘဲ အေးမြ၍ ချွဲဆောင်မှုရှိသောအသံကြောင့် ညီမလေးထူးသာဆိုလျှင် နွဲ့ဆိုးဆိုးသော်လည်း ချစ်စရာကောင်းနေသည်မှာ လူတိုင်းတွေ့ထိခံစားရမြဲဖြစ်၏။

"ကဲ. . . ညီမလေးကို လက်တွေ့ခန်းပစ္စည်းသဘော အကူအညီယူရမှာပဲနော်၊ အခုလက်တွေ့သင်ခန်းစာ,စတော့မယ်သိလား"

"အင်းပါ၊ အဲဒီအတွက် မနက်ကျမှ ညီမလေးကို မြို့ထဲက ရှမ်းခေါက်ဆွဲဝယ်ကျွေး"

"စိတ်ချ၊ ရှမ်းခေါက်ဆွဲရော၊ ဝက်သားချဉ်ရော အကုန်ကျွေးမယ်၊ အခုလက်တွေ့လုပ်ငန်းစမယ်နော်"

"ထူးရဲ့တစ်ကိုယ်လုံး ထုံထုံထိုင်းထိုင်းဖြစ်နေပြီ။ လေးလေးလံလံဖြစ်နေပြီ။ လေးသထက်လေးလာပြီ။ တစ်ကိုယ်လုံးငြိမ်နေပြီ၊ လက်ခြေတွေလည်း တဖြည်းဖြည်းနဲ့လေးလာပြီ။ မျက်လုံးတွေစင်းစင်းလာပြီ၊ တဖြည်းဖြည်း. . . တဖြည်းဖြည်း မျက်လုံးတွေ. . မှုန်. . မှိုင်း. . လာ. . ပြီ။ ရီ. . ဝေ. . ဝေဖြစ်နေပြီ။ တဖြည်းဖြည်းနဲ့ မျက်လုံးတွေ မှိတ်. . မှိတ်လာပြီ. . . မှိတ်လာပြီ၊ မျက်စိ. . မှိတ်ချင်လာပြီ၊ မျက်စိ. . . အရမ်းမှိတ်ချင်လာပြီ. . . မှိတ်နေပြီ. . . မှိတ်ပြီ. . မှိတ်ပြီ. . . မှိတ်. . . မှိတ်. . . မှိတ်. . . မှိတ်ထား. . . အားလုံး. . . မှိတ်ထား"

ဆရာချာန်မြင့်က ထူးထူးကို တိုးညင်းသည့်စကားသံဖြင့် ပြောလိုက်၏။

"အခု သမီးမျက်စိထဲမှာ ဘာမြင်လဲသမီး" ဆရာက မေး၏။

www.burmeseclassic.com



"သမီးမျက်စိထဲမှာ ဘဘကိုမြင်ရတယ်၊ ဘဘက သမီးကို သိပ်ချစ်တယ် သိလား"

"ဟုတ်ပြီ. . ဟုတ်ပြီ အဲဒီသိပ်ချစ်တဲ့ ဘဘက ဘာဖြစ်လဲ၊ သမီး ဘဘ. . ဘာဖြစ်တာတွေ့လဲ"

"ဘဘ ပိတ်ချင်းမြောင်ဘေး၊ ရေတံခွန်မှာ တံတားပေါ်က အောက်ကိုကျသွားတယ်. . နောက်ပြီး. . ." ထူးထူးဆက်ပြော၏။

"သူများတွေက ဘဘသေတယ်လို့ ပြောတယ်၊ ဒါပေမဲ့ သမီးက သိနေပါတယ်၊ ဘဘမသေဘူး သိလား"

"အဲဒီနောက် သမီးတို့မောင်နှစ်မနှစ်ယောက် အားကိုးရာမဲ့ပြီလေ၊ ဒါပေမဲ့ ဘဘလှိုင်က သမီးတို့အပေါ်မှာ ချစ်ရှာပါတယ်"

"ဘဘလှိုင်က ချစ်တယ်ဆိုတော့ သမီးတို့အဖေအစားရပြီပေါ့၊ အားကိုးစရာရပြီပေါ့" ထူးထူးက တိုးညင်းစွာပြောသည်။

"ဒါပေမဲ့ ဘဘလှိုင်က သမီးတို့နဲ့ တစ်နေကုန်လို့တောင် တစ်ခါမတွေ့ဖြစ်ဘူး၊ သူ့အလုပ်ထဲမှာနစ်နေတာ" ထူးထူးနှုတ်ခမ်းများက ဖွဖွသောအသံလေးကို မနည်းနားထောင်ယူရသည်။

"အဲဒီတော့ သမီးစိတ်ထဲ ဘယ်လိုဖြစ်လဲ" ဆရာက ဦးဆောင်ပြောလိုက်၏။

"သမီးက ဘဘလှိုင်ကိုလည်း အားကိုးလို့မရတော့ အစ်ကိုနောင်၊ အစ်ကိုနောင်ကိုလေ. . ." ခေတ္တနားကာ အသက်ရှူ၏။

"အစ်ကိုနောင်ကို သမီးတွေ့တာ တစ်ခါတစ်ခါရှမ်းဘောင်းဘီကြီးနဲ့ ဓားရှည်ကြီးလွယ်ထားပုံဟာ ဘဘနဲ့တစ်ထေရာတည်းပဲ၊ အစ်ကိုနောင်က သမီးကို သိပ်ဂရုစိုက်တာ၊ သိပ်လည်းချစ်တာ၊ အဲဒါကြောင့် သမီးစိတ်ထဲမှာ အစ်ကိုနောင့်ကို တိုးတိုးလေး ဘဘ. . ဘဘနဲ့ခေါ်တဲ့အခါ ခေါ်မိတယ်" တော်တော်ကြာကြာ နားနေသဖြင့် ဆရာက မေး၏။

"ဟုတ်ပြီ၊ အစ်ကိုနောင်ကို ဘဘလိုပဲ အားကိုးတယ်၊ ချစ်





တယ် ဟုတ်ပြီ. . . နောက်ကော"

"နောက်တော့ အစ်ကိုနောင်က ဆေးတက္ကသိုလ်သွားတက်တော့ သမီးတို့နဲ့ တစ်နှစ်မှာနှစ်ခါပဲတွေ့ရတော့တယ် သိလား။ ကျောင်းပြီးခါနီးကျ အစ်ကိုနောင်က တစ်နှစ်မှာ တစ်ခေါက်လာတော့တယ်။ စာတွေများလို့တဲ့။ တစ်နှစ်တစ်ခေါက်တောင် မှန်မှန်မလာတော့ဘူး။ ဘာကြောင့်လဲဆိုတော့ အစ်ကိုနောင့်မှာချစ်သူရှိနေပြီလေ။ သူ့ချစ်သူက 'မွန်း'တဲ့။ သမီးက သူ့ဆီက လာတဲ့စာအိတ်တွေရဲ့အပေါ်က စာကိုဖတ်ကြည့်လို့ သိရတာပါ"

"အဲဒီတော့ သမီးက ဘာတွေဆက်သိထားလဲပြော. . ပြောသမီးသိတာတွေပြော. . ."

"အဲဒီတော့ အစ်ကိုနောင်ကိုလည်း သမီးတို့အားကိုးလို့ရမလဲလေ။ သမီးတို့ ဘဘကိုပဲ ပြန်ရှာရတော့တာပေါ့" အဲဒီအချိန်မှာ နည်းနည်းအသံလေးကျယ်လာပြီး အသံလည်းမာလာ၏။

"ဟုတ်ပြီပြော၊ အဲဒီလိုလိုက်ရှာတော့ သမီးလေး ဘာတွေ့သေး. . . ပြောဦးလေ. . . ပြော"

ထူးထူးပြောခဲ့တာတွေက နောင်နောင့်ကက်ဆက်ထဲက အသံအတိုင်း အကုန်ပြန်ပြော၏။

"အဲဒါဆို သမီးတွေ့ရတဲ့ ရေတံခွန်ဘေးက ရှမ်းလေးနဲ့ သမီးတွေ့တာကော ဘာပြောကြသေးလဲ"

"သမီး ဘဘအောက်ကနေ ဘာလို့လိုက်မလာဘဲ ကျန်နေခဲ့ရတာလဲ အစ်ကိုစိုင်း"ဟု စကာ စီကာပတ်ကုံးပြောရှာ၏။

"ဘဘကို မေးတာလား နောင်ရင်းရဲ့"

"ဟုတ်တယ်လေ. . သမီးဘဘကို ပြောတာ"

"အဲဒါက စိုင်းရဲ့ဘကြီးလေ"

"ဟယ်. . ဒါဆို စိုင်းက ညီမလေးရဲ့ကိုကိုပေါ့။ ကိုကိုစိုင်းလို့ ခေါ်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုစိုင်း"

"ပြော ညီမလေး"

"ဘာဘဆီလိုက်ပို့နော်"

"ဒီနေ့တော့ တွေ့နိုင်မှာမဟုတ်ဘူး ညီမလေးရယ်၊ နောက်နေ့ အစ်ကို ဆက်ဆက်တွေ့ပေးမယ်"

"ဟင့်အင်း . . . ဒီနေ့ ဘာဘကို တွေ့ရမှဖြစ်မယ်"

"ဒီလို တစ်ဇွတ်ထိုးမလုပ်နဲ့ ညီမလေးရဲ့၊ ညီမလေး ဒီကို ရောက်လာမယ်မှန်းသိရင် ဘာဘ နေရာပြောင်းပြီးသွားလိမ့်မယ်"

"တကယ်ပြောင်းပြေးမှာ သေချာလား"

"ကိုကိုစိုင်း လိမ်မပြောပါဘူး ညီမလေးရယ်၊ ဒီတစ်ခါ ညီမလေး အိမ်ကိုပြန်နှင့်။ ကိုကိုစိုင်းကို နောင်တစ်ပတ်လောက်မှာ ပြန်ဆက်သွယ်ပေါ့"

"ဘယ်လိုဆက်သွယ်ရမှာလဲ၊ ကိုကိုစိုင်းကို ဘယ်မှာတွေ့အောင်ရှာရမှာလဲ"

"လွယ်ပါတယ် ညီမလေးရယ်၊ ဟောဒီနှစ်ထပ်ဂူပေါက်က နေ နေရောင်တည့်တည့်ဝင်တဲ့အချိန်မှန်းလာလိုက်။ အဲဒီနေရောင်ကို ဟောဒီလိုမှန်နဲ့ခံပြီးထိုးလိုက်။ အဲဒီမှန်ရောင်က ဝက်ဝံရေတံခွန်ဘေးမှာရှိနေတဲ့ သံဖြူပြားကြီးလာထင်ပြီး အလင်းပြန်လိမ့်မယ်"

"အဲဒါကို ကိုကိုစိုင်း တွေ့မတွေ့ ဘယ်လိုသိမလဲ"

"ကိုကိုစိုင်း တွေ့တယ်ဆိုရင် ဟောဒီလို ကျွဲချိုအသေးကို မှုတ်မယ်၊ အဲဒါဆို လာမယ်ဆိုတာ သိထား"

"တူ . . တူ . . တူ"ဟု အသံစူးစူးလေးမြည်၏။

"ချက်ချင်းမလာနိုင်သေးရင် ဟောဒီကျွဲချိုအကြီးကို မှုတ်မယ်။ ဒါဆို နောက်(၃)နာရီလောက်ကြာမှ လာမယ်ဆိုတာမှတ်ထား"

"ပူ . . ပူ . . ပူ"ဟု မှုတ်၏။ ထိုအချိန်တွင် အောက်ဘက်





ဝက်ဝံရေတံခွန်ဆီက "တူ . . တူ . . တူ"၊ "ပူ . . ပူ . . ပူ"ဟု ကျွဲချိုအသေးအမှုတ်သည့် အသံကော၊ ကျွဲချိုအကြီးမှုတ်သည့်အသံကော နှစ်မျိုးဆက်၍ကြားလိုက်ရ၏။

"ကဲ . . ညီမလေး ပြန်တော့၊ ကိုကိုစိုင်းကို ဘာဘပြန်ခေါ်နေပြီ"

"ညီမလေးလည်းလိုက်မယ် ကိုကိုစိုင်း"

"ညီမလေးကလည်းကွာ၊ နားလည်ရဲ့သားနဲ့ သည်းခံ၊ လက်အက်ကောင်းစားချင် ပလောင်တောင်တက်နေ့ရတယ်တဲ့ မှတ်ထား"

"ရော့ ဘာဘရဲ့လက်စွပ်ကို ယူထား"

"နောက်ရက်သာ ကိုကိုစိုင်းဆီလာရင် နှစ်ထပ်ဂူဘက်လာခဲ့"

"စိတ်ချ" ကိုကိုစိုင်း ပြေးဆင်းသွား၏။ ထူးထူးစိတ်ထဲမှာ မဝေခွဲနိုင်သောအချက်တွေ ဝင်လာ၏။ ဘာဘကသမီးကို ဘာလို့ မတွေ့ချင်ရမှာလဲ၊ ဘာဘအရင်က ကျွဲချိုမှုတ်လေ့ရှိမှ မရှိဘဲ။ ဒါပေမဲ့ လက်စွပ်ကတော့ ဘာဘလက်စွပ်။ သမီးနားမလည်ဘူးလေ။ သမီးခေါင်းတွေ ရှုပ်နေပြီ။ ရှုပ်နေပြီ။ ဟင့် . . . ဟင့်"ဟု ဆိုကာ ငိုရှိုက်သံလေးပေါ်လာ၏။

"သမီးလေးထူးထူးဟာ တကယ့်ကလေးပမာတည်း။ စိတ်မှာဖြစ်သောဝေဒနာ၏တိုက်စားမှုကို ရုပ်ကလိုက်၏။ ရုပ်သည်ကား အမှန်အမှားဝေဖန်ပိုင်းခြားမှုမရှိချေ။ အမှန်အမှားဝေဖန်ပိုင်းခြားသည့်ဦးနှောက်သည်ကား စိတ်နှင့်ရုပ်၏တိုက်စားမှုကို ခံနိုင်အားမရှိချေတော့။ မျက်ရည်ဖြင့်သာ ဖြေသိမ့်နေ့ဆဲ။ ထူးထူးအဝ လမင်းသာစေဖို့ နောင်နောင်တို့ ကြိုးစားကြရမှာပါလေ"

ဆရာကပြောသည်။ ညီမလေးရောဂါက သာမန်ရောဂါပါပဲတဲ့။ ဆရာက ဘုရားဟောတောင် ပြောသွားသေးတယ်။

"ပုထုဇနော၊ ဥမ္မတကော"တဲ့။ လူတိုင်းမှာ အရူးစိတ်နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းစီရှိတာပဲ။ အများလက်ခံနိုင်တဲ့ အခြေအနေဆိုရင် အရူး မဟုတ်ဘူးပေါ့။ ဒါဆို "ညီမလေး ဘာမှမဖြစ်ပါဘူးလို့"အစ်ကိုနောင့် ဘာသာ ပြန်ပြောနေမိတယ်လေ။ အစ်ကိုနောင်လည်း "စိတ္တဇရေ စီးကြောင်းရဲ့တိုက်စားခြင်း"ကို ကိုယ့်ဘာသာခံစားနေရပြီလား။ လူတိုင်းကော ခံစားဖူးမှာပေါ့လို့ ဖြေသိမ့်မိတယ် ညီမလေးရယ်။

♦♦♦



## အခန်း(၁၁)

ဒီနေ့တော့ ပြင်ဦးလွင်၏ဆောင်းနှင်းနံနက်သည် အလွန် အေး၏။ စောင်ထူထူထဲမှာ ကွေးနေဖို့ကောင်းလှသည်။ ဆရာက တော့ ချမ်းချမ်းစီးစီးအချိန်မှာပင် လာနှိုးသည်။

"နောင်နောင်. . ထပါတော့။ ဂေါ့ဖ်သွားရိုက်ရအောင်"

နောင်နောင် စောစောထရမှာ အလွန်ပျင်းသည်။

ကျောင်းမှာတုန်းက စာကိုညဥ့်နက်အောင်ကျက်ပြီး အိပ် ရာထနောက်ကျတတ်၏။ အခုလည်း ကျောင်းသားစိတ်က မကုန် ချင်သေး။ သို့သော် အချိန်သည် အရာရာကိုကုစားခဲ့ပြီ။ မိမိသည် ယခုကျောင်းသားမဟုတ်တော့။ ငယ်ငယ်ကလို ပျင်းနေ၍မဖြစ်။ ဒါကို မိမိသိရမည်ပဲ။ ဒါကြောင့် အားယူပြီး ထလိုက်၏။ ပြင်ဦးလွင် ဆောင်းနံနက်ကား နှင်းခြုံလွှာတို့ဖြင့် အမြင်ခါတ်ကို ပိတ်ဖုံးထား ၏။ အချိန်၏ရွေ့ပြောင်းမှုအရ နံနက်(၉)နာရီကျော်သောအခါ အနည်းငယ်နှင်းကွဲစပြုပြီ။

ဆရာတို့ရောက်သည်မှာ တစ်လပင်ပြည့်ခါနီးပြီဖြစ်၏။ ချယ်ရီပင်တို့လည်း အပွင့်များကုန်ချေပြီ။ ချယ်ရီအစား ငနွာမားငုံ နှင့် ငုံစပ်တို့ အစားထိုးနေရာယူလျက်ရှိချေပြီ။ ဆောင်းကုန်ခါနီး



www.burmeseclassic.com

www.burmeseclassic.com



ံ့ ပြင်ဦးလွင်မြေကြီးအနံ့မှာ မြေတွင်းဥပေါင်းစုံမှ အပင်လေးတွေ
စို့အညှောက်ထွက်လာကြပြီဖြစ်၏။ နွေဦးမှာ မြေတွင်းဥမှပေါက်
လာသည့် အပင်မျိုးစုံမှ အပွင့်တွေဝေသီနေတတ်သည်။ အီစတန်
လီလီအပင်မျိုးတွေ၊ နှင်းပန်းနှင့်ဆင်ဆင်တူသော အပင်မျိုးတွေမျိုး
ံ့အောင်ပွင့်တော့မည်။ ဆောင်းနှောင်းမှာတော့ အပင်ကြီးတွေက
ပြီးပွင့်၏။ နေကြာရိုင်းတွေလည်း တစ်ချို့ပွင့်နေကြပြီ။

မေမေဝင်းကတော့ အဲဒီအချိန်ကို အလွန်မျှော်၏။ တခြား
မြို့တွေမှာသာဆို နေကြာရိုင်းလည်း ပန်းအိုးထိုးဖို့ အလွန်သင့်၏။
ပြင်ဦးလွင်မှာတော့ နေကြာရိုင်းကို ကလေးပင်ယူမဆော့။ မလှ၍
မဟုတ်။ သူ့ထက်လှတဲ့ပန်းတွေက အများကြီးဖြစ်နေလို့ကိုး။
ဟုတ်စွအဆုံး ခွေးသေးပန်းပင်ကအပွင့်တောင် ပြင်ဦးလွင်မှာ လှ
နေတတ်၏။

ထူးထူးကတော့ ခတ္တာလိုအပင်မျိုး၊ ဂမုန်းစေတီလိုအပင်
မျိုးက အပွင့်ပွင့်လျှင် အမြဲခူး၏။ ဘုရားတင်တာမဟုတ်။ သူ့စာ
ကြည့်စားပွဲမှာ အမြဲတင်ပြီး ခြောက်တဲ့အခါ ပလတ်စတစ်နဲ့ ထည့်
သိမ်းထား၏။

"အဲဒီအပွင့်လေးတွေက ထူးဘဝနဲ့ သိပ်တူတယ် အစ်ကို
နောင်၊ သူတို့လေးတွေက သိပ်အထီးကျန်တာပဲ"ဟု တယုတယ
နမ်းရင်းပြောတတ်၏။

"ညီမလေးဘဝမှာ ဘယ်မှာအထီးကျန်ဆန်လို့လဲ၊ ညီမ
လေးမှာ ထွဏ်းထွဏ်းရှိတယ်။ အစ်ကိုနောင်ရှိတယ်။ ဘဘလှိုင်ရှိ
တယ်။ မေမေဝင်းရှိတယ်။ ဘယ်မှာအထီးကျန်ဆန်လို့လဲ"

"အို . . အားလုံးက ထူးထူးကိုချစ်မှမချစ်ကြတာ" ထူးထူး
က ခြေလေးဆောင့်ပြီးပြောတုန်း ထွဏ်းထွဏ်းရောက်လာ၍
လွယ်တော့။

"ဒါဆို ညီမလေးက အမကျန်ဆန်တာပေါ့နော် အစ်ကိုနောင်"





"ဟုတ်တယ် ထွဏ်းထွဏ်းရေ၊ ညီမလေးက အမကျန်၊ အမ
ကျန်ပေါ့"

ထွဏ်းထွဏ်းနဲ့ ကိုနောင်သံပြိုင်ဟစ်ပြီး၊ နောက်ပြောင်
သောအခါ သူအနိုင်မရ၍ငိုရစမြဲ။ နောင်နောင် အဲဒီတုန်းက
ထူးထူး၏အားငယ်စိတ်ကို သိရ၏။

"နောင်နောင် ဘာစဉ်းစားနေတာလဲ၊ မင်းအလှည့်ရိုက်
တော့လေကွာ၊ တီပေါ်ဂေါက်သီးတင်ပြီး စဉ်းစားနေလိုက်တာ"

"ဟုတ်တယ်ဆရာ၊ ကျွန်တော် စိတ်တိုက်စားသွားလို့"

"ဘာလဲကွ၊ စိတ်တိုက်စားတယ်ဆိုတာ" ဆရာက ပြန်မေး
၏။

"ဆရာကလည်း ဟိုအကြောင်း ဒီအကြောင်းစဉ်းစားရင်
ခေါင်းစားတယ်လို့ ဖြေကြတာမဟုတ်လား၊ အမှန်ကတော့ခေါင်း
စားတယ်ဆိုတာ ဘယ်အဓိပ္ပာယ်ရှိပါ့မလဲ။ ရေတိုက်စားသလိုပဲ စိတ်
တိုက်စားခြင်း (Mind Erration)ပဲပေါ့မဟုတ်လား ဆရာ။

"ကဲပါ စိတ်ဆရာကြီး. . ခင်ဗျားရိုက်ဖို့အလှည့် လုပ်ပေ
တော့"

နောင်နောင်တို့ ပထမကော်နာက ထွက်လာရာတွင်
အမှတ်(၆) (Sixth hole)ပါ သရိုးကျင်းသို့ပင် ရောက်လာ၏။

နောင်နောင်စိတ်ကိုတည်ငြိမ်စွာထား၍ ဂေါက်သီးပေါ်
တွင် အာရုံထားလိုက်၏။ ဖြောင်းဟူသော အသံနှင့်အတူ လက်ထဲ
တွင် စီးပိုင်သော အတွေ့အထိကိုခံစားလိုက်ရပြီ။ ဒါဆို ရိုက်ချက်
ကောင်းပြီဆိုတာ သိလိုက်၏။ ဟုတ်ပါသည်။ ဂရင်းပေါ်သို့တောက်
လျှောက် အွန်(ရောက်)သွား၏။ လိမ့်သွားသော ဂေါက်သီးလေး
သည် ဂရင်းအလယ်ရှိ အလံတိုင်ကို ထောက်ခနဲသွားထိ၏။

"ဟာကွာ. . . နောင်နောင်၊ မင်းလက်တွေ ပေါက်ထား
တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်ကြက်ကန်းဆန်အိုးတိုး သွားတာပါ"

"မဟုတ်ဘူး တပည့်ရ၊ အဲဒါ မင်းစိတ်စုစည်းမှုမှန်သွားလို့ ဖြစ်သွားတဲ့အဖြေတစ်ခုပဲကွ"

"ကျွန်တော်ကတော့ ကိုယ့်ကိုကိုယ်တောင် သတိမထားမိဘူးဆရာ၊ တစ်ခါမှလည်း ဒီလိုမဖြစ်ဖူးဘူး ဆရာ၊ ဒါ. . ပထမဦးဆုံးအကြိမ်ပါပဲ"

"ဂရင်းပေါ်လည်း အွန်တယ်။ ဘာဒီ(တစ်ချက်လျော့)လည်းရတယ်ဆိုတော့ ကြက်ကန်းဆန်အိုးတိုးသွားတယ်လို့ ထင်တာပါပဲ"

"အမှန်ကတော့ ဘယ်အလုပ်ပဲလုပ်လုပ် စိတ်စုစည်းမှုမှန်ဖို့ပဲ အရေးကြီးတာပါ။ သေနတ်ပစ်တဲ့အခါမှာလည်း မျက်စိရယ်၊ ချိန်ပေါက်ရယ်၊ ရှေ့ချိန်သီးရယ်၊ ပစ်မှတ်ရယ် တစ်တန်းတည်းထား။ အသက်မှန်မှန်ရှူပြီး အသက်ပြန်ထုတ်တဲ့အခါ လက်ညှိုးကိုတည်ငြိမ်စွာဆွဲလိုက်ရင် ဘယ်ပစ်မှတ်ဖြစ်ဖြစ်မမှန်ဘဲ မရှိဘူး။ ဒါအဓိကပဲ။ ဆက်တိုက်ပစ်ခတ်မှုတို့၊ သေနတ်အပြစ်အနာအဆာတို့ကြောင့်ဆိုရင်လည်း ဒုတိယနဲ့ တတိယပစ်ခတ်မှုတွေမှာ မှန်ကို မှန်ရမယ်။ ထိကို ထိရမယ်။ ဒါပေမဲ့ လူတော်တော်များများ မမှန်ကြဘူး။ ဒီတော့လူတော်တော်များများဟာ စိတ်စုစည်းမှုအားနည်းလို့ပဲ"

ဆရာက စိတ်ရောဂါကုဆရာဝန်ပီပီ စိတ်အပြောင်းအလဲအကြောင်းပဲပြော၏။

"အင်း. . ဂေါ့ဖ်ပညာရှင်ကိုနေဝင်းမြင့်ရှေ့မှာ ပြောရမှာတော့အားနာပါတယ်၊ ဂေါ့ဖ်ရိုက်တဲ့အခါမှာ ပထမဦးဆုံး မိမိရဲ့ဦးနှောက်မှတ်ဉာဏ်က (Fair way)ဖဲယားဝေးရဲ့လမ်းကြောင်းကို မှတ်လိုက်တယ်။ လိုချင်တဲ့ဦးတည်ရာကို ဘယ်ဘက်ပခုံးက





ဘယ်၊ နောင်အနီးအဝေးကိုစွကိုရွေးတဲ့ ဂေါက်တံအမျိုးအစားနဲ့ လွဲအားက လိုက်တွက်ပေးတယ်။ ဒါတွေကို ဦးနှောက်က ပြီးတော့ ဂေါက်တံထိပ်ရယ်၊ ဂေါက်သီးရယ်တွေ့ဆုံမယ့် ကို စိတ်စုစည်းမှုက အပြည့်ထားရမယ်။ ဒါကြောင့် ကိုနေဝင်း ဝင်ပြီးထောက်ပေးတယ်လေ။ "ဟာ. . ဆရာခေါင်းပါသွား လှမ်းလှမ်းတားတာ။ ဒါဆိုသေချာပြီ။ စုစည်းမှုပျက်ပြီ။ ဂေါက်သီးကလည်း သွားချင်ရာသွားတာပဲ"

ဆရာက မိန့်ခွန်းရှည်ကြီးပမာ ရှင်းလင်းပြ၏။

"ဆရာပြောမှပဲ ကျွန်တော်တို့လည်း ကိုယ့်ကိုကိုယ် သတိထားမိတယ်၊ ကျွန်တော်တို့ရိုက်တဲ့အခါ သူက စကင်နေချား(လုပ်) မို့ ဘာမှ ဂရုမပြုသလို ရိုက်လိုက်တာပဲ။ တကယ်ကျတော့ ဂေါက်သီးမှာပဲ မျက်စိက အမြဲအာရုံစိုက်ထားလိုက်တာ။ ဒါကြောင့် လည်း လိုတဲ့ဦးတည်ရာကို လိုတဲ့အကွာအဝေးအလိုက် ရိုက်လို့ရ တာပဲဆရာ" ကိုနေဝင်းမြင့်က ဝင်၍ရှင်းပြ၏။

"ဒီမှာလည်း စုစည်းမှုကို အင်နဲ့အားနဲ့ အသုံးပြုခြင်း၊ မပြောရရင် အလေးမတာတို့၊ ကရာတေးနည်းနဲ့ အုတ်ခဲခွဲတာ ဒါဟာနည်းတစ်နည်း၊ နောက်ပြီး စုစည်းမှုကို လိုတဲ့နေရာမှာ သလောက်သုံးခြင်းနည်း။ ဥပမာဆိုရင်တော့ ဂေါက်သီးရိုက်ခြင်း၊ သေနတ်ပစ်ခြင်း၊ ကားမောင်းခြင်းပေါ့။ ဒီစုစည်းမှုတွေအားလုံး သိစိတ်က ဦးဆောင်ပြီးလုပ်နေကြတာ။ ကိုနေဝင်းမြင့်ပြောတဲ့ ure ဆိုတာက တစ်ခါတစ်လေ မသိစိတ်ကဦးဆောင်သွားတာ ဒါကျတော့ တစ်ရေးနိုးထလုပ်ချင်လည်းရတယ်။ ဆရာအဓိက ချင်တာကတော့ မြတ်စွာဘုရားဟောသလိုပဲ ရထားထိန်းသည် ခြင်းကို လိုရာအရပ်သို့ မောင်းနှင်သကဲ့သို့ မိမိစိတ်ကိုလည်း ရာသို့ ထိန်းကျောင်းခိုင်းစေနိုင်ဖို့ အရေးကြီးပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ရင် လောကမှာ အောင်မြင်မှုရမှာမဟုတ်ဘူး။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ထက် စိတ်ကိုလက်လွှတ်စပဲ့ယ်ထားခဲ့ရင် (ဝါ)ထိန်းကျောင်းမှုမပြု နိုင်ခဲ့ရင် စိတ်ရောဂါရတာပဲ"

"ဆက်ပြောပါဦးဆရာ"

"အခု ထူးထူးဟာ သာမန်နိုရိုးဆစ်အဆင့်ပါပဲ၊ ဒါကိုအခု ဆရာပြောတဲ့နည်းအတိုင်း စိတ်ကိုလိုရာမောင်းနှင်ထိန်းကျောင်း ပေးဖို့ နောင်နောင့်မှာတာဝန်ရှိတယ်။ နောင်နောင်ဟာ သူ့အား ကိုးရာအဖြစ် အလိုလိုက်ရမယ်။ ဒီအရွယ်မှာဖြစ်ပေါ်တဲ့ စိတ်ဆန္ဒ အလိုကို လိုက်ဖြည့်စွမ်းတတ်ရမယ်။ သူသွားလို လာလိုတဲ့နေရာ၊ သူလိုချင်တဲ့ ပစ္စည်းလေးတွေကအစ ဂရုစိုက်ပေးလိုက်ပါ နောင် နောင်၊ ထူးထူးဟာ မကြာခင်ကောင်းသွားမှာပါ"

ဆရာက လေးလေးနက်နက်အကြံပေးလိုက်သည်။

◆◆◆



## အခန်း(၁၂)

ဆရာဈာန်မြင့်၏အကြံပေးချက်အရ ထူးထူးသွာလိုတဲ့ နေရာတွေကို လိုက်ပို့ပြီးလေပြီ။ သူသွားလိုတဲ့နေရာတွေကလည်း ဘုးဆန်း၏၊ ပုဂံမြို့ဟောင်း သွားလို၏။ တစ်ညအိပ်လိုက်ပို့ကြရ သည်။ ရွှေစာရံဘုရားပွဲလည်း လိုက်ပို့ရသည်။ ဒီနေ့တော့ မှတ်မှတ် ရရ ပိတ်ချင်းမြောင်သွားချင်တယ်ဆို၍ ပိတ်ချင်းမြောင်သွားရန် စီစဉ်ရ၏။

"စိုင်းပေါက်. . . ကားကို စီဂျေဖိုက်ပဲထုတ်ကွာ၊ ထူးထူးက နှစ်ထပ်ဂူကိုသွားချင်နေမှာ။ ကားလည်း သေသေချာချာအောက် ပိုင်းစစ်ဆေးဦး"

"စိတ်ချပါ အစ်ကိုနောင်"

"သားကြီးရေ ဘဘလိုင်လည်းလိုက်မယ်။ နောက်ထပ် ဘည်တဲ့ ဘုရားတွေအတွက် ဘဘစီစဉ်စရာတွေရှိတယ်"

အိမ်အပေါ်ထပ်မှ ဆင်းလာသော ထူးထူး ဘယ်လိုစိတ် ပြောင်းသွားသည်မသိ။

"ဘဘနဲ့ အစ်ကိုနောင်တို့ အလုပ်ရှိရင်သွားကြလေ။ ထူး ထူး ဒီနေ့မလိုက်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



နောင်နောင် နားထဲမှာ ဆရာချောနီမြင့်ပြောထားသော စကားတစ်ခွန်း အမြဲအမှတ်ရနေ၏။

"ထူးထူးရဲ့အလိုကို နောင်နောင်တို့လိုက်လျောထားရမယ်၊ သူ့ရဲ့အားကိုးရာအဖြစ် ရောက်အောင်ကြိုးစားနေထိုင်ရမယ်"

နောင်နောင် ဘဘလှိုင်ကို မျက်ရိပ်ပြလိုက်၏။

"ကဲ . . ကဲ သမီးထူး၊ သွားစရာရှိရင်သွား၊ ဘဘတို့မလိုက်တော့ဘူး"

"စိုင်းပေါက် . . . ကားကိုဖြည်းဖြည်းမောင်း၊ ထူးထူးခိုင်းတဲ့အတိုင်း သေချာလုပ်ပေး" နောင်နောင်မှာလိုက်၏။

ထူးထူးတို့ကားထွက်သွားပြီး (၁၅)မိနစ်ခန့်ကြာသောအခါမှ နောင်နောင်နှင့် ဘဘလှိုင်တို့ အဆင်သင့်ရှိသော အမိုးဖွင့်ဟိုင်းလက်ကိုထုတ်၍ ပိတ်ချင်းမြောင်ဆီသို့ဦးတည်မောင်းရင်းလိုက်ပါခဲ့ကြသည်။ နောက်ခန်းမှ ဒရိုင်ဘာမောင်အောင်လိုက်ခဲ့၏။ ပိတ်ချင်းမြောင်သို့ရောက်သောအခါ ကားဖြတ်သောဂူချောင်းတံတားမရောက်ခင် ကိုက်(၂၀၀)ခန့်အကွာ ငှကျောက်ကမ်းပါးယံကြီးဘေးတွင် ကားကိုရပ်ထားလိုက်ကြ၏။

"သားကြီး ဒီကျောက်ကမ်းပါးယံကြီးကိုထွင်းပြီး မြတ်စွာဘုရားရုပ်တော်မှုပုံတော်တည်လို့ရရင် ဘယ်လောက်သမ္မာယ်လိုက်မလဲ မသိဘူးနော်"

"ဘဘ . . တည်လက်စ ပိတ်ချင်းမြောင်ထဲက ဘုရားတွေပဲ အပြီးသတ်အောင်တည်ပါဦး ဘဘရာ၊ အခုတောင် ဘဘမှာ ဘုရားတည်ဖို့ငွေလက်ကျန်နည်းနေပြီ မဟုတ်လား"

"အေးကွာ . . သားကြီးကလည်း ထူးထူးတို့ ဘဘစပ်သီဟနန္ဒာရဲ့အထုပ်ကို မြန်မြန်မှ တွေ့အောင်မှမရှာဘဲကိုး။ အဲဒါသာတွေ့ရင် ဘုရားတွေကြိုက်သလိုတည်နိုင်ပြီ၊ ရသေ့ကြီးဦးခန္တီလိုလိုတရပြီပေါ့ သားရဲ့"





"သားကတော့ စပ်သီဟနန္ဒာရဲ့အထုပ်ကြီးထဲမှာ ကြေးပုရပိုက်တွေပါမယ်ထင်တယ်။ အဲဒါကို စိတ်ဝင်စားတာပါ။ တော်ရုံရတနာလောက်နဲ့တော့ လူတွေဒီလောက်အပင်ပန်းခံပြီးလိုက်မှာမဟုတ်ဘူး ဘဘရဲ့"

"ဟုတ်တယ်သားရဲ့၊ အခု ထူးထူးတွေ့ဖို့သွားတဲ့အဖွဲ့ကလည်း သူ့အဖေရဲ့ တပည့်တပန်းဆွေမျိုးတွေ ဟုတ်ရင်တော်သေးရဲ့၊ မဟုတ်ရင် သမီးလေးတော့ ဒုက္ခပါပဲ"

"စိတ်ချပါ ဘဘရဲ့၊ အခုသူတို့ ဘယ်သူတွေဆိုတာ တတ်နိုင်သမျှသိအောင် သားစီစဉ်ထားပါတယ်။ လာ . . သွားကြမယ် ဘဘ"

နောင်နောင်က ကားပေါ်မှ ကက်ဆက်ကို တစ်ဖက်ကဆွဲ၊ ဘဘလှိုင်၏နှစ်လုံးပြူးကို တစ်ဖက်ကလွယ်၍သွား၏။ ဘဘလှိုင်က မှန်ပြောင်းကိုင်လျက် လိုက်လာသည်။

"သားကြီး ကက်ဆက်က ဘာလုပ်ဖို့လဲကွဲ့"

"နီးလာတော့သိလိမ့်မယ် ဘဘ"

နောင်နောင်တို့နှစ်ယောက်သား လူသွားလမ်းမှမဟုတ်ဘဲ ချုံတောထဲမှတိုးပြီး နှစ်ထပ်ဂူအနီးတိုးကပ်လာကြသည်။ နှစ်ထပ်ဂူနားရောက်ခါနီးသောအခါ ဂူပေါ်မှ ကျွဲချိုမှုတ်သံစူးစူးတစ်ချက်ကြားရ၏။ မိနစ်ဝက်ခန့်ကြာသောအခါ ဝက်ဝံရေတံခွန်ဘက်မှ ကျွဲချိုမှုတ်သံပြန်လည်ကြားလိုက်ရ၏။

"ဘဘ . . . အောက်ဘက်ရေတံခွန်ကနေ ကိုစိုင်းတက်လာပြီ သိလား"

"ငါတော့ သိပ်နားမလည်ဘူးကွ၊ သားတို့အလုပ်ကို မျက်စိလည်နေပြီ"

"ခဏနေရင် နားနဲ့ကြားပြီးတော့ သဘောပေါက်လာလိမ့်မယ် ဘဘ"



www.burmeseclassic.com

www.burmeseclassic.com



ချုံကောင်းကောင်းတွင် နေရာယူပြီး နောင်နောင်က ကက်ဆက်ကို လိုင်းနှုန်းညှိနေ၏။ ထိုစဉ် ဘဘက အောက်ဘက် ရေတံခွန်သို့ မှန်ပြောင်းတစ်လက်နှင့်လှမ်းမျှော်ကြည့်နေ၏။

"ဟော ဟော. . ရှမ်းဘောင်းဘီနဲ့ လူတစ်ယောက်တက်လာပြီ သားရေ"

"သားကြည့်ဦးမယ် ဘဘ"

"အင်း. . . ဒါ ထူးထူးပြောတဲ့ ကိုစိုင်းဖြစ်လိမ့်မယ်။ လူယ်တော့ လူငယ်ပဲ"

ယင်းရှမ်းဘောင်းဘီနှင့်လူငယ်သည် သွက်လက်ဖျတ်လတ်စွာဖြင့် နှစ်ထပ်ဂူ၏လေဝင်ပေါက်မှာရှိသော နွယ်ကြိုးမှတစ်ဆင့် နှစ်ထပ်ဂူအပေါ်ထပ်သို့ ဝင်ရောက်သွားသည်။

ထိုစဉ် နောင်နောင်၏ကက်ဆက်မှ အသံပေါ်လာတော့၏။

"ကိုစိုင်းရယ် မြန်မြန်လာတာမဟုတ်ဘူး၊ ထူးထူးက တစ်ယောက်တည်းဆိုတော့ သိပ်ကြောက်တာပဲ"

"နောင်ရင်း ယာပင်ကိုး"

ဘဘလှိုင်က ကက်ဆက်ကိုနားထောင်ရင်းနားမလည်စွာ ကြည့်၏။

နောင်နောင် တိုးတိုးလေးပြောလိုက်သည်။

"ထူးထူးရဲ့ စလင်းဘတ်အိတ်ထဲမှာ (Coridless mic) ကို သားထည့်ပေးထားတာ ဘဘရဲ့ အခုဒီကက်ဆက်ထဲမှာ သူ့လှိုင်းနှုန်းနဲ့ညှိပြီး နားထောင်မယ်၊ အခွေနဲ့လည်း ဖမ်းထားတယ်"

"သားကြီးက ဆရာဝန်ပေမယ့် စုံထောက်အလုပ်လည်း တွမ်းသားပဲကွ"

"ညီမလေးရဲ့အန္တရာယ်ကို ကာကွယ်နိုင်အောင်လို့ပါ ဘဘရဲ့"





"အေးပါကွယ်၊ သူတို့ဘဝလုံခြုံဖို့အတွက် ဘဘနဲ့သားကြီးမှာ တာဝန်ရှိတာပေါ့ကွယ်"

ယင်းနောက် ကက်ဆက်မှအသံများကို ဆက်လက်နားထောင်ကြရသည်။

"ကိုစိုင်းရယ် ဘဘကို ထူးထူးမတွေ့ရသေးဘူးလား"

ထူးထူး၏ကရုဏာသံပါသော အသံသာသာလေးထွက်ပေါ်လာသည်။

"ညီမလေးရယ်၊ ဘဘခေါင်းမာတာလည်း ညီမလေးသိသားပဲကွယ်၊ သူ့ရဲ့ရေထဲကျသွားတဲ့အထုပ်ကို မတွေ့မချင်း ညီမလေးတင်မကဘူး ဘယ်သူ့ကိုမှ သူထွက်မတွေ့ဘူးတဲ့။ ဒီတော့ ညီမလေးက အဲဒီအထုပ်တွေ့အောင်ကူပြီးရှာပေးပေါ့ကွယ်"

"ညီမလေးလည်း ကြိုးစားရှာတာပဲကွယ်၊ ဒါပေမဲ့ မိန်းကလေးဆိုတော့ ဘယ်လွယ်မလဲ ပီအိုက်ရယ်၊ အခုတောင် စိုင်းပေါက်ကိုပဲ နေရာအနှံ့ရှာခိုင်းရတယ် သိလား"

"ဟုတ်တယ် ညီမလေး၊ စိုင်းပေါက်ဆိုတာ ကားမောင်းတဲ့ ဒရိုင်ဘာလား၊ ဒီကောင်ကတော့ ညီမလေးအပေါ် သစ္စာရှိမယ့် တပည့်ရင်းဖြစ်လောက်တယ်၊ နောက်ပြီးအားလည်းသန်ပုံပဲ၊ သူ့ကို သေချာရှာခိုင်းပေါ့ကွယ်"

"အင်းပါ. . . အစ်ကိုစိုင်းရဲ့၊ ညီမလေးကတော့ အဲဒီအထုပ်ထဲပါတဲ့ ရတနာတွေကို မမက်မောပါဘူး၊ ဒါပေမဲ့ အဲဒီအထုပ်ရမှ ဘဘကအတွေ့ခံမယ်ဆိုတော့ ထူးထူးအတွက်သေရေးရှင်ရေးမကအရေးကြီးတဲ့ပစ္စည်းဖြစ်နေပြီလေ။ ဒါတွေရရင် အစ်ကိုစိုင်းကို ဘယ်လိုဆက်သွယ်ရမလဲ"

"ဒီဂူပေါ်ကိုလာပြီး ခါတိုင်းလိုဆက်သွယ်ပေါ့၊ အရေးကြီးတဲ့သင်္ကေတကတော့ ကျွဲချိုကို သုံးရှည်နှစ်ချက်၊ သုံးတိုနှစ်ချက်မှုတ်လိုက်။ ကိုစိုင်းတက်လာမယ်။ နောက်ကိုစိုင်းက အထုပ်ရကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အချက်ပေးလိုက်ရင် ဘဘကော တက်လာလိမ့်မယ်"

နောက်ကက်ဆက်ထဲမှအသံများသည် ဘဘစပ်သီဟနန္ဒာ၏ကျန်းမာရေးအခြေအနေနှင့် အရေးမပါသောစကားတွေမှ နောင်နောင်မှန်ပြောင်းတစ်လက်နှင့် ပတ်ဝန်းကျင်ကိုလေ့လာနေလိုက်သည်။

ထိုစဉ် တက်ဆက်ထဲ၌ . . .

"အမယ်လေး. . အစ်ကိုစိုင်း၊ နောက်မှာရန်သူ. . ရန်သူ"

တွန်းထိုး၍ ခုတ်ထစ်သံများ ဝင်လာ၏။

"သားကြီး မင်းညီမလေးဆီတက်ကြမှထင်တယ်"

နောင်နောင်လက်ကာပြ၏။

အခြားအသံတစ်သံ ကက်ဆက်ထဲမှထပ်ပေါ်လာသည်။

"ထူးထူး နောက်ဆုတ်နေ၊ ဒီစိုင်းဝဏ္ဏက လူလိမ်၊ ဒီကောင်ကမှ ရန်သူအစစ်၊ နောက်ဆုတ်နေ"

"ကယ်ကြပါဦး၊ အစ်ကိုစိုင်းကို ခုတ်နေပြီ"

"ထူးထူး နောက်ဆုတ်။ အဲဒီစိုင်းဝဏ္ဏနားမကပ်နဲ့။ သူနဲ့အတူရှိနေတဲ့အဘိုးကြီးက စပ်သီဟနန္ဒာမဟုတ်ဘူး၊ စပ်သီဟနန္ဒာကိုလုပ်ကြံမယ့် စိုင်းပဏ္ဏိတို့ပဲ။ ထူးထူး အောက်ကိုပြန်လမ်းအတိုင်းဆင်း၊ ဒီကောင်ကို ငါရှင်းထားမယ်"

ထိုစဉ် နှစ်ထပ်ဂူပေါက်ဘက်မှ နွယ်ကိုကိုင်၍ဆင်းလာသော ကိုစိုင်းကိုတွေ့ရ၏။ ၎င်းနောက်မှာ ဓားလွတ်နှင့်လူဆက်ပြီးဆင်းလာ၏။

တဝုန်းဝုန်းနှင့် ချုံတွေတိုး၍ ဆင်းပြေးသံကြားလိုက်ရသည်။

"ဘဘလာ၊ ဇာတ်လမ်းတွေပိုပြီးမရှုပ်ခင် ထူးထူးကို တက်ခေါ်မှ . . ."

ညီမလေးထူးထူးက နှစ်ထပ်ဂူထဲရှိ ခြသေ့်ရုပ်နှင့်တူသော





ဆောက်စက်ကျဘေးမှာ ထိုင်၍တရှုံ့ရှုံ့ငိုနေသည်။

"ညီမလေး တိတ်တိတ်၊ ဒီမှာအစ်ကိုနောင်ကော ဘဘသိုင်ကောရှိတယ်"

ညီမလေးထူးထူးကား အတင်းပြေးလာ၍ အစ်ကိုနောင်ရင်ခွင်ထဲခေါင်းဝှက်ကာ ငိုနေလေပြီ။

"ထူးထူးကြောက်တယ် အစ်ကိုနောင်၊ ထူးထူး ဘာကိုနားလည်ရမှန်းမသိတော့ဘူး၊ ထူးထူးကို ကယ်ပါဦး"

"အချိန်တစ်ခုရောက်ရင် အဖြေထွက်လာမှာပေါ့ညီမလေးရယ်၊ အဲဒီအဖြေထုတ်ပေးမယ့် အချိန်ကိုမရောက်ခင် ညီမလေးမှာ အန္တရာယ်မရှိအောင် ဘဘလှိုင်နဲ့ အစ်ကိုနောင်တို့ အသက်ပေးဘာကွယ်သွားမယ်ဆိုတာ ညီမလေးယုံထား"

"တခြားလူတွေရဲ့ စည်းရုံးသိမ်းသွင်းတဲ့စကားကို မယုံနဲ့နော် သမီးလေး"

ခေါင်းလေးကိုညိတ်ပြရင်း တရှုံ့ရှုံ့ငိုရှာ၏။ ကြောက်လွန်း၍ တဆက်ဆက်တုန်နေ၏။

ထိုစဉ် ကိုစိုင်းတို့ တိုးဝင်သွားသော ချုံလမ်းအတိုင်း တိုးဝင်သွားသံတစ်ခုထပ်ကြားရသည်။ ဘဘလှိုင် မှန်ပြောင်းနဲ့လိုက်ကြည့်၏။

"သားကြီး. . . ကြည့်စမ်း၊ အဲဒါ စိုင်းပေါက်မဟုတ်လား"

"ဟုတ်တယ်. . ဘဘလှိုင်၊ ဒီကောင်ကလည်း တစ်မျောင့်၊ ဘယ်သူက ရန်သူ၊ ဘယ်သူက မိတ်ဆွေမှန်းမသိဘဲ ဘာကြောင့်ကမူးရှူးထိုးလိုက်သွားလည်း မသိဘူး"

"ဟုတ်တယ် အစ်ကိုနောင်. . ၊ ထူးထူးစိတ်ထဲမှာလည်း ကိုစိုင်းနဲ့ ဟိုနောက်ရောက်တဲ့လူ ဘယ်သူကမိတ်ဆွေ၊ ဘယ်သူက ရန်သူဆိုတာ မခွဲခြားတတ်ဘူးသိလား"

"အချိန်တစ်ခုရောက်လာရင် သိလာမှာပေါ့ ညီမလေးထူး



www.burmeseclassic.com

www.burmeseclassic.com



ထူးရယ်၊ အဲဒီလုံလောက်တဲ့ အချိန်တစ်ခုရယ်၊ စဉ်းစားဆုံးဖြတ်ချက်မီတဲ့ ဦးနှောက်ရယ်ပေါင်းလိုက်ရင် အဖြေတစ်ခုထွက်လာမှာပေါ့ကွယ်။ ဘယ်သူကရန်သူ၊ ဘယ်သူကမိတ်ဆွေဆိုတာပေါ်လာမှာပါ"

နှောင်နှောင်သည် မိမိဘာသာနှစ်သိမ့်ပြောကြားလိုက်ပြီး ပြန်စဉ်းစားမိ၏။ မိမိလိုချင်သော အဖြေမြန်မြန်ရရေးအတွက် ဒီအချိန်ဆိုတာကိုဖြတ်တောက်ကာ ချုံ့ပစ်လိုလှ၏။ ဒါပေမဲ့ သဘာဝတရားကလက်မခံပေ။ လိုအပ်လာသောအခါ အချိန်ကိုဆန့်ထုတ်ချင်၏။ ဒါပေမဲ့ မရ။

သို့ပေမယ့် ငြီးငွေ့စရာတွေ ပေါများနေသောအခါ အချိန်သည်ကုန်ခဲ၏၊ ရှည်လျား၏။ မိမိ၌လုပ်ငန်းတွေရှုပ်ထွေးနေသောအခါသည် တကယ်ပဲဖြစ်နေတာလား။ တစ်ခါတစ်လေကျတော့လည်း တကယ်ပဲဖြစ်နေလေယောင်ယောင် မိမိစိတ်က ထင်လိုက်မိ၏။ ကဲ. . အခုပဲကြည့်၊ စိုင်းပေါက်ကိုစောင့်ရတာ အချိန်တွေကုန်ခဲလိုက်တာ။ ဒီအချိန်ကုန်အောင် ဘာလုပ်ရမလဲ၊ ပိတ်ချင်းမြောင်ချောင်းရိုးတစ်လျှောက်ဆန်တက်၍ ရှာနေမိသည်။

နွေခါရေနည်းချိန်ဖြစ်၍ ကျောက်တုံးကျောက်ခဲများ ပေါ်နေ၏။ (Sink hole) များကို တစ်ခါတစ်ရံတွေ့ရ၏။ အပေါက်သိပ်မကြီး၍ငုံ့ကြည့်သော်လည်း မှောင်မှောင်ကြီးတွေ့ရ၏။ ဘဘလှိုင်ကစိတ်မရှည်တော့။

"သားကြီး စိုင်းပေါက်ကိုထားခဲ့ကွာ၊ ဘဘတို့ကားနှစ်စီးနဲ့ ပြန်ကြမယ်"

◆◆◆



## အခန်း(၁၃)

နွေညများမှ ပြင်ဦးလွင်၏လရိပ်မှာ အလွန်သာယာလှပေသည်။ လရောင်၏ရွှန်းလဲ့သော အလင်းမှုန်လေးသည် ပြင်ဦးလွင်နွေည၏ အေးစိမ့်သော ရာသီဥတုနှင့်အလွန်လိုက်ဖက်ညီလှ၏။ လရောင်ဆီမှ အလင်းမှုန်လေးများသည် အေးမြသောည၏အပူရှိန်အားလေးကြောင့် သိပ်သည်းကာ အခြားဒေသ၏ဆောင်းရာသီတဲ့သို့ပင် ချမ်းနေသည်။

နန္ဒဝန်အိမ်ကြီး၏ထောင့်ခန်းရှိ လသာဆောင်ပေါ်တွင်ဘား ပြတင်းပေါက်ပေါ်တွင် ထူးထူးတစ်ယောက်လရောင်ကို ငေးမောနေရှာသည်။ ဒေါက်တာချောန်မြင့် ပြောသည့်စကားလေးကို သတိရမိသည်။

"လရောင်ဆိုတာ အဲဒီအရောင်ကနေ ရောင်ခြည်တွေပါလာတယ်။ အဲဒီရောင်ခြည်ဟာ လူရဲ့အရေပြား၊ အသားနဲ့ထိတဲ့အခါဓာတ်ပြောင်းလဲခြင်းဖြစ်ပေါ်ပြီး လူရဲ့စိတ်တွေလည်း ပြောင်းလဲတတ်တယ်။ အဲဒီစိတ်ပြောင်းလဲမှုကနေ (Lunatic)ဆိုတဲ့ ရောဂါဆန်းတစ်မျိုးဖြစ်ပေါ်တတ်တယ်။

သို့ဖြစ်၍ နှောင်နှောင်သည် ထူးထူးထိုင်နေသော အခန်း



www.burmeseclassic.com

www.burmeseclassic.com



၏ အောက်ထပ်ရှိအခန်းထဲမှာထားသည့် အသံဖမ်းစက်အားလှိုင်းနှုန်းထပ်မံညှိကာ အသံရှာလိုက်သည်။

ညီမလေးထူး၏ ကရုဏာသံလေးပါလာ၏။ ယခုတစ်ခါ ထွက်ပေါ်လာသော ညီမလေးအသံသည်ကား ကြေကွဲဝမ်းနည်းမှု၊ အားငယ်မှုတို့ ရောပြွမ်းနေသယောင်ထင်ရသည်။

"ဘဘရယ်. . . သမီးကို ဘာလို့တွေ့ခွင့်မပေးတာလဲကွယ်၊ သမီး. . ဘဘကို ဘယ်အချိန်မှာမှ တွေ့ခွင့်ရမှာလဲလို့၊ သမီးကို ကိုစိုင်းကပြောတော့ ဘဘနဲ့အတူ ရေထဲကျသွားတဲ့အထုပ်ကြီးတွေရမှ ထူးထူးနဲ့တွေ့လို့ရမယ်တဲ့။ အဲဒီအထုပ်ထဲမှာ ဘာတွေများပါလို့လည်း ဘဘရယ်၊ ထူးထူး အဲဒီအထုပ်ကိုတွေ့အောင်ရှာပေးပါ့မယ်။ အခုတော့သမီးကို ကျန်းမာရေးမကောင်းသေးလို့ဆိုပြီး ဘယ်မှထွက်ခွင့်မပေးဘူး ဘဘရဲ့။ ထူးထူး အပြင်သိပ်သွားချင်တာပဲ။ ဒီခြံကြီးထဲကနေ ခိုးပြီးထွက်ပြန်လည်း အစ်ကိုနောင်က စိတ်ဆိုးမှာတဲ့ ဘဘရဲ့။ ထူးထူးကိုအရင်ကလို မချစ်တော့ရင် ဒုက္ခပဲ"

သနားစဖွယ်ပြောပြနေသော အသံလေးကိုကြားနေရ၏။ လရောင်တွင် ညမအိပ်ဘဲ တစ်ဦးတည်းစကားပြောနေတတ်ခြင်း၊ သူ့ဘဘ၏ စကားသံကြားရသဖြင့် ပြန်ပြောကာနေခြင်းတို့ကို ညစဉ်ရက်ဆက်တွေ့နေရ၏။ (၅)ရက်ခန့်ကြာလာတော့ နောင်နောင်လည်း အိပ်ရေးပျက်လာပေပြီ။ ဒါကြောင့် ဒေါက်တာဈာန်မြင့်ထံ ဖုန်းဆက်ပြီး အခြေအနေတင်ပြလိုက်၏။

"ဟုတ်တယ် ဆရာ၊ အခုဆို တစ်ညလုံးမအိပ်ဘဲ ထ,ထ စကားပြောနေရှာတာ (၅)ရက်ရှိပြီ ဆရာ"

အဝေးဖုန်းပြောသောအခါ ပြင်ဦးလွင်တယ်လီဖုန်း၏ ခလေ့အတိုင်း နောင်နောင်အော်ပြောနေရ၏။

"သူ့ကို သိပ်ပြီးမတိုက်တွန်းဘဲ သူလိုချင်တဲ့ဆန္ဒကိုလိုက်





လျှောပေးလိုက်။ ကျွန်တော့်ဆီကို ဆင်းလာဖို့အတွက်လည်း သူသွားချင်တဲ့နေရာလေးတစ်ခုလောက် လိုက်ပို့တယ်ပြောပြီးခေါ်လိုက်ပေါ့"

"ဟုတ်ပြီဆရာ၊ သူက မန္တလေးတောင်ကို တက်ကြည့်ချင်နေတယ်၊ အဲဒါပြောပြီးခေါ်လာရမှာပေါ့။ အဲဒီတောင်တက်လမ်းပေါ်ခေါ်ရင်း ဆရာနဲ့တွေ့ပေးရရင် ကောင်းမလားဆရာ"

"ဒီလိုလုပ်လေ နောင်နောင်၊ မန္တလေးရောက်ရင် ဆရာ့ကိုဝင်ခေါ်၊ နောက်ပြီးမှ မန္တလေးတောင်ပေါ်တက်ကြတာပေါ့"

နောက်ရက် မန္တလေးတောင်သို့တက်လာခဲ့ကြသည်။ မန္တလေးတောင်တက်လမ်းကို မတ်စောက်ကွေ့ကောက်စွာတတ်ပြီးနောက် ဗျာဒိတ်ပေးကိုယ်တော်ကြီးအနီးထိ ရောက်ရှိကြ၏။ ရင်ပြင်တော်ပေါ်က မျှော်ကြည့်လိုက်လျှင် အနောက်ဘက်ဧရာဝတီကမ်းကို မြူခိုးများခပ်ဆိုင်းဆိုင်းအတွင်း မှုန်ပျပျတွေ့ရ၏။ အဲဒီဧရာဝတီမြစ်အနောက်ဘက်မှာတော့ မင်းကွန်းဘုရားများကို ဖူးတွေ့ရသည်။

ဧရာဝတီမြစ်ကြောအတိုင်း စုန်ပြီးလိုက်ကြည့်လိုက်ရာ စစ်ကိုင်းတောင်ရိုးနှင့် ဖြူဖွေးသော စေတီများကို ဖူးတွေ့ရသည်။

တောင်ဘက်ဆီမျှော်ကြည့်လိုက်တော့ တောင်သမန်အင်းနှင့် ဦးပိန်တံတားက ဒီဘက်ဆီမှာရှိလောက်မည်ဟု မျှော်မှန်းကြည့်ရသည်။

အရှေ့တောင်ဘက်ဆီမှာတော့ ပြင်ဦးလွင်ဘက်ထိုးထွက်သွားသည့်တောင်တန်းများ။

"ရွှေစာရံက အဲဒီတောအုပ်လောက်မှာရှိမယ်နော် အစ်ကိုနောင်"

"ဟုတ်တယ် ညီမလေး၊ ဟိုးကမြင်ရတဲ့ စစ်ကိုင်းတံတားကြီးဘေးမှာ ဧရာဝတီနဲ့ မြစ်ငယ်မြစ်ဆုံတယ်လေ။ အဲဒီမြစ်ငယ်မြစ်အတိုင်းပြန်ပြီး ဆန်တက်သွားရင် ရွှေစာရံဘုရားကိုရောက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီရွှေစာရံဘုရားကနေဆက်ပြီး မြစ်ငယ်မြစ်အတိုင်း ဆန်တက်ရင် ဘယ်ကိုရောက်မလဲ အစ်ကိုနောင်"

"အဲဒါတော့ အစ်ကိုနောင်လည်း မသိဘူး"

"ညီမလေးသိတယ်၊ အဲဒါပြောနိုင်ရင် အစ်ကိုနောင် ဘာကျွေးမလဲပြော"

"ညီမလေးကြိုက်တဲ့ ရှမ်းခေါက်ဆွဲအဝကျွေးမှာပေါ့၊ ရွှေစာရံအထက်မှာ ဘယ်ကိုရောက်မလဲ အစ်ကိုနောင်တော့မသိဘူး၊ ညီမလေးသိရင် ပြောပြလေ"

"ဟုတ်တယ် . . . ဆရာလည်း မရောက်ဖူးဘူး၊ ထူးထူးသိရင် ပြောပြပါလား"

ဆရာချောန်မြင့်လည်း မြစ်ငယ်မြစ်ကြောင်းအတိုင်း ဆက်တက်ရသော မြစ်ရိုးလမ်းကို သိချင်နေ၏။ နောင်နောင့်ကိုလည်း လက်ကုတ်ပြီး သတိပေး၏။

"ကဲ. . ညီမလေး ပြောပြလေ"

"အေးအေးဆေးဆေးထိုင်ရင်း အအေးသောက်ရင်းပြောရအောင် အစ်ကိုနောင်"

မန္တလေးတောင်ပေါ် ရင်ပြင်ရှိ အအေးဆိုင်မှာထိုင်ပြီး အအေး(၃)လုံးမှာကာ သောက်လိုက်ကြ၏။

"ညီမလေးပြောပြကွာ၊ ညီမလေးက သိပ်ဈေးကိုင်တာပဲ"

"အင်းပါ . . . အစ်ကိုနောင်ရဲ့၊ ညီမလေးက ပြန်စဉ်းစားရသေးတာ၊ တစ်ခုတော့ရှိတယ်၊ ညီမလေးပြောပြတဲ့နေရာတွေက တကယ်မှန်၊မမှန်သိရအောင် အဲဒီကိုသွားကြည့်ချင်တယ်၊ လိုက်ပို့ပေးမှာလား"

"ကဲပါ လိုက်ပို့ပါ့မယ် ပြောမှာသာပြော"

အတွေးထဲမှာလည်း ဆရာချောန်မြင့်မှာတာတွေ သတိရထား၏။ "နောင်နောင် မင်းညီမလေးထူးထူးကို သူ့ဂရုစိုက်ကြောင်း





သူ့ကိုချစ်ကြောင်း၊ မိသားစုကပြရမယ်။ အဲဒီလို ပြသတဲ့အခါ အပြုအမူတွေနဲ့ပါ လက်တွေ့ပြရမယ်။ နောက်ပြီးသူ့ကိုစိတ်ထွက်ပေါက်ပေးရမယ်။ သူသိပ်ပြီး လုပ်ချင်နေတဲ့အလုပ်ဆိုရင် လုပ်ခွင့်ပေးလိုက်။ သူ့စိတ်တွေပျော်ရွှင်ပြီး ကျေနပ်အောင်လုပ်ပေးလိုက်ခြင်းဟာလည်း သူ့ကို ကုသပေးခြင်းတစ်မျိုးပဲ" ဆရာ့စကားတွေကို သတိရ၏။

"ကဲ. . ညီမလေးထူး သွားချင်တဲ့ဆီကို အစ်ကိုနောင်တို့ လိုက်ပို့မယ်၊ ဆရာကော လိုက်မှာမဟုတ်လား"

ဆရာက လက်သီးဆုပ်ပြီး လက်မကိုထောင်ပြ၏။ OK ဆိုတဲ့သဘောအပြင် နောင်နောင့်ဆုံးဖြတ်ချက်ကို သိပ်ကောင်းတာပဲဟု ထောက်ခံသည့်သဘောလည်းပါနေ၏။

အအေးဆိုင်ထိုင်ရင်း ထူးထူးပြောပြတာတွေ အလွန်အံ့သြဖွယ်၊ အလွန်ဆွတ်ပျံ့ဖွယ်ကောင်း၏။ ရှေးနှစ်ပေါင်း (၉၀၀)ခန့်ရှိ ပုဂံခေတ်ကို မိမိတို့ကိုယ်တိုင်ရောက်ရှိ ခံစားရသကဲ့သို့ပင်တည်း။

ရှင်မွန်လှသည် ရွှေစာရံဘုရားကို မည်သို့မည်ပုံတည်ခဲ့သည်တို့လည်းပါ၏။ ထိုမှဆက်၍ မြစ်ငယ်မြစ်ကြောင်းအတိုင်း ဆန်တက်သွားသောအခါ နေ့ဝက်ခရီးသာသာခန့်တွင် မြစ်ကမ်းနံဘေး၌ ကျောက်အမိုးစွန်းကြီးအပြင်ထွက်နေသည့် ကြီးမားသော ဂူကြီးတစ်ခုအကြောင်းကို အဓိကပြောနေ၏။ အဲဒီဂူမှာ ဘုရားအလောင်းနစဉ်အခါက ခိုမင်းဘဝစံနေစဉ် ခိုအောင်းရာဂူလည်းဖြစ်၏။ ခိုမင်းဘဝပုံသဏ္ဌာန်၊ ခိုရုပ်ကလေးများရှိသောဂူဟု ပြောပြ၏။

နောင်နောင်က "ခိုမင်းနေတဲ့ဂူဆိုတော့ 'ခိုမင်းဂူ'ပေါ့ ညီမလေး"ဟု ဝင်ပြောသေးရာ . . .

"ဒေသအခေါ်တော့ ဘယ်လိုခေါ်သလဲမသိဘူး အစ်ကိုနောင်။ အဲဒီဂူမှာတော့ ရှင်မွန်လှက သစ္စာအဓိဋ္ဌာန်ပြုခဲ့တာအမှန်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ညီမလေးထူးက ဘယ်လိုလုပ်သိသလဲ"

"ညီမလေး အဲဒါကို ခဏခဏအိပ်မက်တယ် အစ်ကို၊ အဲဒီနေရာကို သိပ်ရောက်ဖူးချင်တာပဲ"

"တကယ်ရှိပါ့မလား ညီမလေးရယ်၊ မရှိရင်ခက်မနေဘူးလား"

ဆရာချွန်မြင့်က လက်ကုတ်၏။

"နောင်နောင်ကလည်းကွာ၊ ထူးထူးသွားချင်ရင် လိုက်ပို့ကြတာပေါ့၊ ဒီနေ့ည ဆရာ့အိမ်မှာအိပ်၊ ကားနဲ့သွားလို့ရမလား။ မဲ့ချိတ်မော်တော်နဲ့သွားရမလားဆိုတာ ဆရာစုံစမ်းမယ်။ နောက်နေ့မနက် သွားကြတာပေါ့"

မန္တလေးတောင်ပေါ်မှ ဆရာ့အိမ်သို့ပြန်လာကြသည်။ ဆရာ့အိမ်လေးကား နယူးစီဗွီလိုင်းတွင် ခြံဝင်းကျယ်ကြီးနှင့်ဖြစ်ရာ ထူးထူးအကြိုက်ဖြစ်၍အလွန်ပျော်ရွှင်နေပေ၏။ ခြံဝင်းအလယ်၌ ကြီးမားသော ရေကန်ကြီးရှိရာ ၎င်းအစပ် ရေပေါ်တွင်အိမ်အသေးလေးတစ်လုံးဆောက်ထား၏။ ၎င်းအိမ်လေးပေါ်မှ ဟိုဘက်ကမ်းအရောက်ထိုးထားသော တံတားလေးပေါ်လျှောက်ရင်း ကြာပန်းပြာပြာလေးတွေ၊ ကြာပန်းနီနီရဲရဲလေးတွေခူးရတာ ထူးထူးအလွန်သဘောကျလှသည်။ ဆရာချွန်မြင့်က သီးခြားခေါ်ပြောသည်။

"နောင်နောင် မင်းညီမလေးက တစ်နေ့ကအဖြစ်အပျက်ကို မေ့ထားတဲ့ပုံပဲကွ၊ ဒါမှမဟုတ် ဟန်ကိုယ့်ဖို့လုပ်ပြီး သတိမေ့ချင်ယောင်ဆောင်နေတာလား မသိဘူး"ဆရာကပြော၏။

"အဲဒါထက် သူ့ဘဘနဲ့ တွေ့ချင်တာအဓိကပဲ။ သူ့ဘဘတွေ့ဖို့ကလည်း သူ့ဘဘနဲ့အတူ ရေထဲကျသွားတဲ့အထုပ်ကိုတွေ့မှဖြစ်မယ်ဆိုတော့ အဲဒီအထုပ်ကိုရှာဖို့ အဓိကဖြစ်နေတယ်ဆရာ"

"ဟုတ်ပြီ၊ ဆရာတို့ညပိုင်းမှာ အိပ်မွေ့ချပြီး သူ့ကို Relex ရီလက်(စ်)လုပ်ပေးကြသေးတာပေါ့။ ဒီမှာက အဲဒီအတွက်သီးခြား





လုပ်ထားတဲ့အခန်းဆိုတော့ ပိုပြီးတော့ကောင်းမယ်"

"ဆရာသင့်သလို စီစဉ်ပါဆရာ၊ နောက်ပြီး ခိုမင်းနေတဲ့ ဂူကိုစလည်း ကျွန်တော်တွေးရခပ်ခက်ခက်ဖြစ်နေတယ် ဆရာ၊ အဲဒါ သွားရရင်ကောင်းမလား"

"သွားသင့်ပါတယ် နောင်နောင်၊ အဲဒီဂူအကြောင်း ဘယ်လိုသိနေတယ်ဆိုတာတော့ ညပိုင်းအိပ်မွေ့ချတော့ အဖြေပေါ်မှာပါ"

ဒီတစ်ခါအိပ်မွေ့ချတော့ နောင်နောင်က ဆရာအဖြစ်ပင် ဆောင်ရွက်နိုင်နေပေပြီ။

"အိပ်. . . အိပ် ညီမလေး၊ စိတ်တွေလျှော့ချပြီး အိပ်လိုက်"

လူနာများကုသရန်အတွက် အသင့်ပြင်ဆင်ထားသော အခန်းဖြစ်၍ ထူးထူးသည်အလွယ်တကူပင် အိပ်မွေ့ချ၍ရ၏။ ထူးထူးပြောပြသောအကြောင်းတွေက ရှည်လျားလှ၏။ ထူးထူးထပ်ကာတလဲလဲပြောပြသည်ကတော့ "ဘဘကိုတွေ့ဖို့က ဘဘနဲ့အတူ ရေထဲကျတဲ့အထုပ်ကို တွေ့မှဖြစ်မှာ။ အဲဒီတော့ ထူးထူးဒီကပြန်ရင် အဲဒီအထုပ်ကို ပိတ်ချင်းမြောင်မှာ မတွေ့တွေ့အောင်ရှာရမယ်"

ထူးထူးသည် သူ့ဘဘစပ်သီဟနန္ဒာ၏အထုပ်ကို အထူးပြုပြောသလို ဘုရားလောင်းခိုမင်းရှိရာဂူကိုလည်း အထူးပြုပြော၏။ ထိုခိုမင်းဂူမှ လွင်ပြင်တစ်ဖက်အတိုင်းဆက်ထွက်လျှင် ရှင်မွန်လှ တည်ခဲ့သော မြေပုံဘုရားအကြောင်းလည်းပါနေ၏။ ပထမပိုင်းတော့ ယခုလောက်ကိုသာ ဆက်စပ်၍သိရှိရသေးသည်။

လောလောဆယ် နောင်နောင်တို့ ထူးထူးကို ခိုမင်းဂူသို့ လိုက်ပို့ကြရပေဦးမည်။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

ထူးထူးပြောပြသည့်အတိုင်း ခိုမင်းစံရာဂူသို့သွားရန် စီစဉ်ကြ၏။

ဆရာချာန်မြင့်၏တပည့်လေးတွေပါ လိုက်မည်ဆို၍ ဆရာချာန်မြင့်အိမ်မှ ကားတစ်စီး၊ နောင်နောင်တို့ကားတစ်စီး၊ ကားနှစ်စီးနဲ့ ဆက်ထွက်လာကြ၏။

မန္တလေး-ပြင်ဦးလွင်ကားလမ်းအတိုင်းဆက်တက်လာခဲ့ကြရာ ပြင်ဦးလွင်နယ်စပ်မရောက်မီ တောင်ခြေ၌ကျောက်ချောရွာကို ရောက်ကြသည်။ ကျောက်ချောရွာဘေးမှ ကားလမ်းအတိုင်း တစ်မိုင်သာသာခန့်ဆက်မောင်းသောအခါ ကျွဲနဖားရွာကိုရောက်လာကြသည်။ ယင်းရွာကား မြစ်ငယ်(ဒုဋ္ဌဝတီ)ကမ်းခြေတွင် တည်ရှိသောရွာပင်တည်း။ ထင်းလုပ်ငန်း၊ သစ်လုပ်ငန်းများ၊ ခြံစိုက်ပျိုးခြင်းလုပ်ငန်းများလုပ်ကိုင်ကြသည်ဖြစ်၍ လူစည်ကားသော ရွာကြီးတစ်ရွာဖြစ်ပေသည်။ ၎င်းရွာရောက်သောအခါ ဆရာချာန်မြင့်စီစဉ်ထားသော ပဲ့ချိတ်နှစ်စီးဖြင့် မြစ်ငယ်မြစ်ကြောင်းအတိုင်း အထက်သို့ဆန်တက်ကြရသည်။ ဘေးတွင် ကျွဲနဖားတောင်ကြီးကား မြစ်ဘေးတစ်လျှောက်အုပ်မိုးလျက်ရှိ၍ အလွန်လှပသည့် မြစ်





ကြောင်းခရီးပေတည်း။ ဆရာချာန်မြင့်၏စီစဉ်မှုကြောင့် နံနက်(၄)နာရီခွဲတွင် မန္တလေးမှထွက်လာခဲ့သဖြင့် ဝေလီဝေလင်းတွင် မြစ်ကြောင်းကို စတင်ဆန်တက်ခြင်းမို့ နေပူအလွန်သက်သာလှသည်။ တောင်ကြီးအုပ်မိုးနေသည့် မြစ်ကြောင်းလမ်းကို ဆန်တက်ခဲ့ရာ တစ်နာရီခရီးသာသာခန့်တွင် ဘေး၌ကမ်းပါးမြေပြန့်များနှင့် သံပုရာခြံ၊ ရှောက်ခြံများတွေ့ရှိရပြီး၊ ယင်းမှကျော်လွန်သောအခါ ကမ်းပါးမြင့်မြင့်များကို စတင်ဖြတ်ကျော်ရလေပြီ။ (၃)နာရီခန့်ဆန်တက်ပြီးသောအခါ မန်ကျည်းအင်းရွာကို ရောက်ပေပြီ။ မန်ကျည်းပင်ကြီးတွေတစ်ချို့တော့ အုပ်အုပ်ဆိုင်းဆိုင်းနှင့်တွေ့ရ၏။ ဒါပေမဲ့ မန်ကျည်းတောကြီးဖြစ်လောက်အောင်တော့ အပင်များလှပေ။ ရွာမှာကား ထင်းအလုပ်ကိုသာ အားပြုလုပ်ကိုင်ကြရသည်။ ဆင်းရဲနွမ်းပါးသည်ဆိုခြင်းကား ရွာရှိအိမ်များကိုမြင်လိုက်ရုံနှင့် သိသာလှပေသည်။ ရွာထဲရောက်သောအခါ ပါလာသောအသားဘူး၊ အသီးဘူးများကိုထုတ်ပြီး ချက်ဖို့စီစဉ်ကြရသည်။ ရွာသူကြီးဦးဘုန်းကျော်၏ စီစဉ်ပေးချက်အရ ထမင်းချက်ပြုတ်ရေးကို ကျေးရွာကာလသားအဖွဲ့ခေါင်းဆောင် ကိုမုန်းမှ စီစဉ်ပေးတော့သည်။ ထမင်း,ဟင်းများကျက်လျှင် သွားရမည့်ဂူသို့ လိုက်ပို့ပေးကြသည်။ ရွာရောက်တော့ ခိုမင်းစံရာဂူသည် ခိုနန်းရှင်ဟုအမည်တွင်သည်ကို သိကြရပေသည်။ ယင်းဂူကြီးကား ရွာ၏အထက်အမြင့်တွင်ရှိပြီး ကျောက်စွန်းကြီးမိုး၍ ထွက်နေသည်ကိုအတိုင်းသားမြင်နေရ၏။

မန်ကျည်းအင်းရွာ၏ တစ်ဖက်ယွန်းယွန်းတွင်ကား ပုဂံခေတ်က မင်းရှင်စောလာရောက်နေထိုင်နန်းတည်ဖူးသည့် မြို့လေးရှိသည်။ ကျုံးပစ္စင်၊ ရင်၊ တား၊ မြို့ရိုးတွေနှင့် တကယ့်မင်းနေပြည်အသေးလေးဖြစ်ပေသည်။ ပုဂံမှ ရှူးပျံကြီးလာရောက်၍တစ်ခါတစ်လေနေသည်ဟုလည်း ပြောစမှတ်ပြုကြသည်။ ဒါကြောင့် သစ်ကြီးဝါးကြီးများအုပ်ဆိုင်းဆိုင်းရှိနေသော အပေါ်ဘက်မြစ်ငယ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘောဇ်ရှာကြီးကို ငှက်ကြီးသိုက်ဟု အမည်ပေးထားသည်ဟု သိကြရသည်။

မန်ကျည်းအင်းရွာမှ စီစဉ်ပေးစရာရှိသည်တို့ပြီးသည်နှင့် ခိုနန်းရှင်ဂူသို့ ဆက်ထွက်ကြ၏။

"ညီမလေးထူး လှည်းစီးပြီးလိုက်ခဲ့နော်"

"ဟင့်အင်း . . . အစ်ကိုနောင်တို့လိုပဲ လမ်းလျှောက်ချင်တယ်"

ဆရာချာန်မြင့်က ဝင်ပြီးထောက်၏။

"ထူးထူး လျှောက်ချင်လျှောက်ခိုင်းလိုက်ပါ နောင်နောင်ရာ၊ စကားပြောရင်း သွားတာပိုကောင်းတာပေါ့"

"ဦးလေးဦးဘုန်းကျော်၊ ဒီခိုနန်းရှင်မှာ ရှင်မွန်လှတည်ခဲ့တဲ့ဘုရားရှိသလား"ဟု ထူးထူးကမေး၏။

"ရှိတာပေါ့ သမီးရယ်၊ ဂူထဲမှာ လျောင်းတော်မူကိုယ်တော်တစ်ဆူရှိတယ်။ ဂူအထဲမှာကို ကျွန်းသားဇရပ်ထပ်ဆောက်ပြီး အဲဒီအထဲမှာ ဘုရားတည်ထားတာ"

"ဂူထဲမှာ ဘာလို့ဇရပ်ထပ်ဆောက်တာလဲ ဦးဘုန်းကျော်ရဲ့"

နောင်နောင်မေးတော့ . . .

"အရင်က ဂူအမိုးကနေ ရေတွေဘာတွေ စိမ့်လို့နေမှာပေါ့၊ အခုတော့ တောပြုန်းလို့ ရေမကျတော့ပါဘူး"

"ကျွန်းဇရပ်က ပြန်ပြုပြင်သေးလား ဦးဘုန်းကျော်ရဲ့"

"ပြန်ပြင်ဟန်မတူပါဘူး၊ ရှေးလက်ရာအတိုင်းပဲရှိသေးတယ်။ ကျွန်းတိုင်တွေဟာ အမိုးအကာအောက်မှာနေရင် ကျွန်းသက်တစ်ထောင်လို့ပြောတာပဲလေ။ အခုအနှစ်တစ်ထောင်မှ မပြည့်သေးတာ"

ဦးဘုန်းကျော်က ပြည့်ပြည့်စုံစုံပြောပြ၏။





"နောက်ပြီး တန်ခိုးကြီးတဲ့ခြေတော်ရာတစ်ဆူလည်းရှိတယ်လို့ ထူးထူးသိထားတယ် ဦးဘုန်းကျော်ရဲ့" ထူးထူးက စိတ်အားထက်သန်စွာပြော၏။

"ဟုတ်တယ် သမီးရဲ့။ ဒီခြေတော်ရာက သိပ်တန်ခိုးကြီးတယ်၊ ဂျပန်ခေတ်မှာ ဂျပန်တွေက ဒီဂူထဲမှာစခန်းချတယ်၊ စခန်းချတော့ ဒီကျောက်တုံးကြီးက မြင်ကွင်းပိတ်နေတယ်၊ ရန်သူကိုကြည့်ရင် သူကပိတ်နေတယ်ဆိုပြီး ချောက်ထဲတွန်းချလိုက်ကြတယ်။ ဒါပေမဲ့ မနက်ကျတော့ မူလနေရာပြန်ရောက်နေရော။ ကျောက်တုံးက အလေးချိန်တန်(၂၀)ကျော်လောက်လေးမယ့် ကျောက်တုံးဆိုတော့ ဂျပန်တွေတအားလန့်ဖျပ်ကုန်ကြတယ်။ နောက်ကျတော့ အပေါ်ဘက်က ဂူထဲရွှေ့ကြတယ်"

နောက်စကားတပြောပြောနှင့်တက်လာကြရာ ဂူမျက်နှာစာ ထိတက်လာမိကြသည်။ ပေလေးရာခန့်မြင့်၏။ အပေါ်လည်းရောက်ရော ဘယ်သူမှပြောမပြရသေးဘဲနှင့်ပင် ကြီးမားသောကျောက်တုံးကြီးရှေ့တွင် ထူးနန္ဒာရောက်သွားပြီး ထိုင်ရှိခိုးနေလေပြီ။

"ဟဲ့. . သမီးလေး၊ ဒီကျောက်တုံးကို ဘာလို့ထိုင်ကန်တော့နေတာလဲ"ဦးဘုန်းကျော် အံ့သြစွာပြော၏။

"ဒါခြေတော်ရာလေ ဘဘဦးဘုန်းကျော်ရဲ့၊ တန်ခိုးသိပ်ကြီးတာပဲ"

"ဒီကျောက်တုံးအပေါ်ကိုတက်ကြည့်မှ ခြေတော်ရာမြင်နိုင်မှာ၊ သမီးက ဘယ်လိုသိသလဲ" ဦးဘုန်းကျော်က ဘုမသိ၊ ဘမသိမေးလိုက်၏။ ဆရာချာန်မြင့်က ဆက်မမေးဖို့ နောက်မှလက်ကာပြသည်။ ဦးဘုန်းကျော် သဘောပေါက်သွားလေပြီ။

"သမီး ဘယ်လိုသိတယ်ဆိုတာ အရေးမကြီးပါဘူး ဘဘရဲ့၊ အခုဒီခြေတော်ရာနဲ့ ပတ်သက်ပြီး ဘာထူးသလဲ ဘဘဦးဘုန်းကျော်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ထူးတာကတော့ မပြောနဲ့တော့ သမီးရေ၊ တပေါင်းလပြည့်နေ့တိုင်း မြို့ပေါ်ကလူတွေတက်ကြတယ်။ ရွာကဆင်းရဲတဲ့လူတွေအတွက် အကျီ၊ ပုဆိုးအဟောင်းတွေ လာဝေပေးလေ့ရှိတယ်။ အဲဒီနေ့ဆိုရင် ကျောက်တုံးကြီးရဲ့ခြေရာတော်ကနေစပြီး ဓာတ်တော်ကွန့်မြူးတယ်လေ။ အဲ့ဒီကရောင်ခြည်တော်ဟာ ခဏလောက်ကွန့်မြူးပြီးရင် အနောက်ဘက်ကမ်းမြို့လေးက ဘုရားဆီဆက်ပြီး ဝင်းကနဲကူးသွားတာပဲ"

"ဒါဆို တန်ခိုးသိပ်ကြီးတာပဲနော်။ ခြေတော်ရာကြီးရယ်၊ ဟိုးအပေါ်က လျောင်းတော်မူကိုယ်တော်ရယ်ကို ထူးထူးတို့ ပြင်ချင်တယ် အစ်ကိုနောင်။ နောက်ပြီး နောင်နှစ်တပေါင်းလပြည့် အမီလည်းလာပြီး ဓာတ်တော်ကွန့်မြူးတာဖူးချင်တယ် အစ်ကိုနောင်"

"ညီမလေး သဘောပဲ"

"ဒီဓာတ်တော်ကွန့်မြူးမှုဟာ ဟိုးအပေါ်က မြေပုံဘုရားမှာလည်း အဲဒီညမှာကွန့်မြူးမှာ အသေအချာပဲ အစ်ကိုနောင်။ နန္ဒဝန်အိမ်ကြီးကိုရောက်ပြီးရင် ဘဘလှိုင်ကို အဲဒီနေရာတွေသွားဖို့ခွင့်တောင်းရမယ် အစ်ကိုနောင်" ထူးထူးကပြော၏။

"ဘာကြောင့်များလဲ ထူးထူးရယ်"

"အဲဒီဓာတ်တော်ကွန့်မြူးတဲ့နေရာတွေထဲမှာ မြေပုံဘုရားလည်းပါတယ် အစ်ကိုနောင်ရဲ့။ အားလုံးဟာ ရှင်မွန်လှသွားခဲ့တဲ့လမ်းကြောင်းတွေပဲ။ ဒီလမ်းကြောင်းဟာ ပိတ်ချင်းမြောင်ထိဦးတည်နေတယ် အစ်ကိုနောင်"

"အစ်ကိုနောင်တော့ ဉာဏ်တောင်မမီချင်တော့ဘူး ညီမလေးရယ်"

"ဟုတ်တယ် နောင်နောင်ရာ၊ ဆရာတောင် ရှုံးချင်လာပြီ"

"ဆရာပဲ ပြောတယ်လေ၊ ပုထုဇနော ဥမ္မတကော"





"ငါမသိ ငါမသိ. . . နောင်နောင်ရေ။ ဒီကိစ္စတွေမှာတော့ ဒီတပည့်ပဲ။ အဲဒီနေရာမှာ မင်းကဆရာလား၊ ထူးထူးကဆရာလား"

"ထူးထူးပဲ ဆရာဖြစ်မယ်ထင်တယ်"

"အစ်ကိုနောင်က. . ထူးထူးလမ်းကြောင်းပေးတဲ့အပေါ် ပျောက်နေရတဲ့ အရိပ်မှိုစက်ရုပ်တစ်ရုပ်ပါ ညီမလေးရယ်"

"စက်ရုပ်အစ်ကိုနောင်ပေါ့ ဟုတ်လား၊ အစ်ကိုနောင် ဓာတ်ရုပ်ကို သံပတ်ပေးရမယ်"

နားရွက်ကိုဆွဲ၍ သံပတ်ပေးနေချေပြီ။

အဲဒီမှာပဲ ထူးထူးဆန္ဒအရ ခြေတော်ရာကျောက်တုံးကို ရှာပေးဖို့ ဦးဘုန်းကျော်အားအပ္ပကပ်ရ၏။ ယခုနှစ်တပေါင်းလပြည့်မှာ ရေစက်ချမယ်တဲ့။

"ဒီခြေတော်ရာရယ်၊ မြေပုံဘုရားပြုပြင်ဖို့ရယ် နောင်နောင် အလုပ်ရှုပ်ဦးမှာပဲ"ဟု ညည်းမိသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

ပြင်ဦးလွင်ရှိ နန္ဒဝန်အိမ်ကြီးမှာ ဘာမျှထူးခြားမှုမရှိဘဲ ထူးထူးနဲ့စာအကြောင်းဆွေးနွေးလိုက်၊ ကြက်တောင်ရိုက်လိုက်၊ ကန်တော်ကြီးပတ်ပြီး မြင်းစီးလိုက်နဲ့ အချိန်ကုန်၏။ ထူးထူးကြက်တောင်ရိုက်တော့ တိုးလုံကား ထူးထူးနောက်မှအမြဲနေ၏။ ကြက်တောင်ဘေးကျသွားသောအခါ ကောက်ပေး၏။ သူ့သခင်မရှုံးလျှင် ကူပောင်ပေး၏။

"ကြက်တောင်ရိုက်ဖော်မရှိသောအခါ (တင်းနစ်ဘောလုံး) တစ်လုံးနှင့် ထူးထူးတို့ တိုးလုံတို့အလုပ်ရှုပ်တော့၏။ ဘောလုံးကို ပစ်လိုက် တိုးလုံကကောက်ပြီးပြန်လာပို့လိုက်လုပ်၏။ ဘယ်လောက်ဝေးဝေး ဘယ်လိုတောထဲမှာပစ်ပစ် တိုးလုံက ကောက်လာပေးသည်။

နောင်နောင်ပစ်သော ဘောလုံးကိုကား တိုးလုံကောက်ပေးချင်မှကောက်ပေး၏။ ဘာကြောင့်ဆိုတော့ တိုးလုံလာကောက်ပြီးပို့သောအခါ စားစရာဘီစကစ် နောင်နောင့်မှာမရှိ၍ သူစိတ်ဝင်စားမှုနည်းသည်။ ထူးထူးဆိုလျှင် သူက ဘီစကစ်တစ်ခုခုစားရစမြဲ။





ဒီနေ့မနက် ပိတ်ချင်းမြောင်သွားဖို့ ထူးထူးပူဆာသည်။ တိုးလုံပါခေါ်လာခဲ့မည်။ ဘဘလှိုင်လည်း လိုက်မည်။

"ထမင်းဟင်းတော့ ဝက်စံရေတံခွန်ရောက်မှ ပါစီတန်ဆိုင်က ဝယ်စားတော့မယ် ညီမလေးရေ"

"ဒီနေ့ ဂူထဲကို အုတ်သယ်လုပ်အားပေးပဲ။ ဘဘလှိုင်တို့အိမ်ကြီးက လူအကုန်ပါလိမ့်မယ်။ သားကြီးပဲ အစီအစဉ်လုပ်ပေါ့"

ဘဘလှိုင်က ပြော၏။

"တိုးလုံကြီးက ဘယ်ကားနဲ့လိုက်မလဲ"

"ထူးထူးတို့ကားနဲ့ခေါ်မယ် အစ်ကိုနောင်"

"သဘောပဲ. . သဘောပဲ"

"ဘာလဲ အစ်ကိုနောင်က တိုးလုံကိုခိုင်းမရလို့ သိပ်မခေါ်ချင်ဘူးထင်တယ်"

"ဟုတ်တယ်ကွ. . . ဒီကောင်က သူ့အတွက်ရမှလုပ်တဲ့အကောင် ညီမလေးရ"

"ဒီလိုပဲ အစ်ကိုနောင်ရာ၊ လူသားတွေလည်း ကိုယ့်အတွက်ရမှပဲလုပ်တာ မဟုတ်လား"

"ဒီအထဲမှာ ဘဘလှိုင်မပါဘူး ညီမလေး၊ အခုပိတ်ချင်းမြောင်ဘုရားတွေ တည်တာပဲကြည့်။ သူ့အတွက်ဘာပါလို့လဲ"

"ဟုတ်ပါတယ် အစ်ကိုနောင်ရယ်၊ ညီမလေးတို့မောင်နှမမွေးတာပဲကြည့်လေ။ ဘာများ ဘဘလှိုင်အတွက် ရစရာရှိလို့လဲလို့"

ဘဘလှိုင်က ရှေ့ကားပေါ်ရောက်သွားစဉ် မောင်နှမနှစ်ယောက်ပြောဖြစ်ကြ၏။

ပိတ်ချင်းမြောင်ရောက်သောအခါ ထူးထူးနှင့် တိုးလုံကတစ်တွဲတွဲ၍ ဘောလုံးတစ်လုံးနှင့် အလုပ်ရှုပ်နေကြပြီ။

နောင်နောင်နှင့် ဉာဏ်ဝင်း အုပ်သယ်လုပ်အားပေးပြီးနောက် စမ်းရေချိုးဖို့စီစဉ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ဘောင်းဘီတိုကိုယ်စီနှင့် ရေကူးကြသည်။

ထူးထူးပစ်လိုက်သော ဘောလုံးကို ကောက်ပေးရ၍ ဘိုးလုံကား ဘီစကစ်တော်တော်စားနေရချေပြီ။

ထူးထူးပစ်လိုက်သော ဘောလုံးတစ်လုံးက ဂဲလောင်းချောင်းထဲသို့ ကျ၏။ ယင်းကျသောနေရာသည် ချောက်ကြီးဖြစ်၍ တိုးလုံဆင်းမရချေ။ သို့သော် ဘောလုံးကား သူ့ကိုလွန်သွားချေပြီ။ ထိုအခါ တိုးလုံတံတားဘေးမှဆင်းပြီး ချောင်းအတိုင်း ခုန်ဆွခုန်ဆွနှင့် လိုက်သွားသည်ကို မြင်ရသည်။

ထူးထူးက တိုးလုံ ဘောလုံးနောက်လိုက်သွားရာ တော်တော်နှင့် ပြန်မလာသောအခါ . . .

"အစ်ကိုနောင် တိုးလုံပြန်လာရင်ကျွေးဖို့ ဘီစကစ်ထားခဲ့မယ်၊ ညီမလေး ဟိုဘက်ရေကန်မှာ ရေခပ်ချိုးဦးမယ်"

"အေး . . . အေး"

ဟု ပြောရင်း နောင်နောင်တို့ ဆပ်ပြာတိုက်၊ အဝတ်လဲနှင့်နေရိပ်မှာနေကြသည်။

ထူးထူးရေချိုးပြီး ပြန်လာ၏။

"အစ်ကိုနောင် တိုးလုံကော"

"ဟေ. . . နင့်ဆီမလာဘူးလား"

"မရောက်သေးဘူး အစ်ကိုနောင်"

"ဒါဆို တိုးလုံကို ကျားများဆွဲပြီလား မသိဘူး"

"အစ်ကိုနောင်ကလည်း ဘယ်ကကျားရှိမလဲ" ထူးထူးက ငိုသံပါလေးနှင့် ပြော၏။

"မသိဘူးလေ၊ ဘုရားတည်တဲ့ ပန်းပုဆရာမျိုးမြင့်ပြောတော့ တစ်ခါတစ်ခါကျားဟိန်းသံကြားတယ်ဆို"

"အစ်ကိုနောင်ကလည်း နောက်မနေပါနဲ့၊ တိုးလုံရေများ





နစ်လားမသိ"

"မဟုတ်သေးဘူး ညီမလေးရဲ့၊ ဟိုတစ်ခါ မြွေနဲ့အိမ်ကိုပစ်တဲ့ကောင်တွေ့ပြီးများ သတ်သွားလား"

"တဲ. . ပြောမနေနဲ့ အစ်ကိုနောင်ရာ၊ လိုက်ရှာကြပါဦး"

"တဲ. . အစ်ကိုနောင်ရယ်၊ အစ်ကိုနောင့်တပည့်မောင်အောင်ရယ်၊ ချောင်းအတိုင်းဆက်ရှာမယ်၊ ဉာဏ်ဝင်းနဲ့ လှဦးကတားလမ်းအတိုင်းရေအားလျှပ်စစ်စက်ရုံဘက်ထိ သွားရှာပေါ့"

ဟု ပြောပြီးဆက်ရှာကြသည်။ ချောင်းတစ်လျှောက် ဒေါင်းတောက်အောင်ရှာလည်းမတွေ့။ နောင်နောင်နှင့် မောင်အောင်ချောင်းရိုးအတိုင်းပြန်ပြီးလျှောက်လာကြသည်။ တံတားမရောက်ခင်ညာဘက်ဘေးကောင်နံရံအောက်ဘက်မှ အသံအုပ်အုပ်တစ်ခုကြားနေရသည်။

"အု. . အု. . . အု"ဟု အဆက်မပြတ်အသံ။

"မောင်အောင် နားထောင်စမ်း ဘာသံလဲ"

"ထူးတော့ ထူးတယ်နောင်နောင်၊သွားကြည့်ကြရအောင်"

ချောင်းဘေး ယင်းအသံကြားရာဘက် ခွဲထွက်၍လိုက်ကြည့်ကြသည်။ ကျောက်ကမ်းပါးပေါ်ကပ်ပြီး နားထောင်ကြည့်၏။ အောက်တွင်ရေကျသံတစ်ခုကြားရသည်။

ယင်းရေကျသံသည် စဉ်ဆက်မပြတ်ကြားရ၏။ ယင်းအသံအတိုင်းလိုက်သွားရာ ဝါးတစ်ရိုက်ခန့်တွင် မြေကြီးကိုကပ်လှဲ့နားထောင်ရာ အောက်ကအသံကား ခွေးဟောင်သံဖြစ်နေ၏။ နောင်နောင်မျက်လုံးပြူးသွားချေပြီ။

"မောင်အောင်. . . တိုးလုံကို မြေမျိုတာလားမသိဘူးကွ"

"ဟာ. . အစ်ကိုနောင်ကလည်း မဟုတ်မဟတ်"

"တဲ. . ဒါဆို မောင်အောင်၊ ဘဘလှိုင်တို့အဖွဲ့သွားခေါ်၊ ဉာဏ်ဝင်းတို့လည်းပြောလိုက်၊ ပေါက်ချွန်းတို့၊ သံတူရွင်းတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့ဖို့ပြောလိုက်"

နောင်နောင်ကား ၎င်းရေကျသံအစပြုရာကို လိုက်ရှာ၏။

တွေ့ပါချေပြီ။ ချောင်းထဲတွင် ဝဲကတော့ထိုးပြီး ရေတွေ ဝဲလည်လည်ဖြစ်သောနေရာ။ ယင်းနေရာကို ဝါးလုံးဖြင့် စမ်းကြည့်တော့ အောက်ကိုဒိုးယိုပေါက်ဖြစ်နေ၏။ ယင်းအပေါက်ကား လူတစ်ဖက်ခန့်ရှိသည့်အပေါက် ခွေးတစ်ကောင်တော့ကောင်းကောင်း ပါသွားနိုင်သည်။

ဘူမိဗေဒအခေါ် အဝေါ် အရ (Sink hole) ပင်တည်း။ ဒီဒေသအခေါ် အဝေါ် အရ ရေငုပ်ပေါက်ပင်ဖြစ်သည်။ ယင်းရေငုပ်ပေါက်အတိုင်းလိုက်ဖို့ကလည်း ဘယ်လိုအခြေအနေရှိမယ်မသိ၍ မလွယ်။ ရေစီးသွားသံကို မြေကြီးကမ်းပါးယံ၌ ကပ်နားထောင်၏။

ဘဘလှိုင်တို့အဖွဲ့ရောက်လာ၏။

"တိုးလုံ ဒီထဲကျသွားတယ် ဘဘလှိုင်၊ အဲဒါ ဒီလိုဏ်ဂူကို ချဲ့ပြီး ဆင်းကယ်ရမှာ ဘဘရဲ့"

"ဟင် အစ်ကိုနောင်၊ တိုးလုံကို ကယ်ပါဦး"

ဟု ငိုမဲ့မဲ့ဖြစ်နေ၏။

"အမယ်. . ညီမလေးက ခုမှငိုနေ၊ ခုနကတော့ ညီမလေးပဲ ဘောလုံးပစ်ပြီး ရှာခိုင်းနေတာ"

"ကဲ. . ကဲ လာကြဟေ့၊ သံတူရွင်းတွေ၊ ပေါက်ချွန်းတွေ လိုပြီ"

ဘဘလှိုင်က လောဆော်၏။

အားရပါးရအောက်ကို ဖောက်ကြ၏။ အတော်ကြာ၏။ နေ့လယ်မှ ဖောက်ကြရာ ညနေ(၄)နာရီခန့်တွင် နည်းနည်းထွင်းလို့ရပြီး အောက်ကိုမြင်ရချေပြီ။

"ဝုတ်. . ဝုတ်. . . ဝုတ်"

တိုးလုံ ဟောင်သံကို အားရပါးရကြားရချေပြီ။

ကြည်လှမောင်စာပေ



"တိုးလုံရေ. . . တိုးလုံ"

ညီမလေးထူးမှ လှမ်း၍အသံပြုကာ အားပေးရှာ၏။

"တိုးလုံရေ ငါလာမယ်ဟေ့"

"ဝုတ်. . ဝုတ်"သူကပြန်ပြီး အသံပြုသည်။

"ဘာမှမဖြစ်ဘူးလို့ သတင်းပြန်ပို့တာဖြစ်မယ်" ဟု စကားပြန်ပေးမိ၏။

တွင်းကို ဆက်၍ချဲ့ရာ နေဝင်ခါနီးပင်ရောက်ပေပြီ။ ခက်ခက်ခဲခဲ ဝါးပိုးတစ်လုံးထောင်ပြီး အောက်ကိုဆင်း၏။ ရှေ့ဆုံးမှ နောင်နောင်၊ နောက်က မောင်အောင်နဲ့ ဉာဏ်ဝင်း၊ အဲဒီနောက်မှာ စိုင်းဖေါက်။ အောက်ကို ပေ(၂၀)ခန့် ဝါးနဲ့လျှောဆင်းရ၏။ အပေါ် ထိပ်ဝအနီး ကျောက်အထုပိတ်နေပြီး အောက်ဘက်၌ဂူကြီးဖြစ်နေ၏။ ပေ(၂၀)၏အောက်ပိုင်း၌ ဂူသည်ပြေလျှောစွာရှိ၏။ ရေသည် အသာအယာလမ်းကြောင်းအတိုင်းစီးဆင်းနေ၏။

ဘောလုံးကလေးကိုကိုက်လျက် တိုးလုံကိုတွေ့ရသည်။

"အမယ်လေးဟဲ့ တိုးလုံ၊ မင်းကို ဒုက္ခပေးတဲ့ဘောလုံးကို အခုထိကိုက်ထားတုန်းလား"

သူ့ဆီမှ ဘောလုံးကိုယူပြီး ထူးထူးပေးထားသော ဘီစကစ်ကျွေးလိုက်သည်။

တိုးလုံကား တအီအီအော်ရင်း နောင်နောင်၏ပုဆိုးစကို တိုက်ဆွဲနေချေပြီ။

နောင်နောင်အလိုက်သင့်လိုက်သွား၏။ ရှေ့နားရောက်သောအခါ ဂူကြီးကားအလွန်ကျယ်ဝန်းသွား၏။ မှောင်နှင့်မည်းမည်းမို့ နောင်နောင် မာကျောသောအထုတ်တစ်ထုတ်ကို မတွေ့ဘဲ ခလုပ်တိုက်မိလိုက်ချေသည်။

'ချလွမ်'ခနဲအသံမြည်ကာတိုက်မိပြီး နောင်နောင်လဲသွား၏။

ကြည်လှမောင်စာပေ

www.burmeseclassic.com



ညာဏ်ဝင်းက လက်နှိပ်မီးထိုးပြ၏။

"နောင်နောင် မင်းတိုက်မိတာ ဘာအထုပ်ကြီးလဲ"

ရေနီတို့၊ မြေနီတို့ဖြင့် ညစ်ပတ်စွန်းနေသောအထုပ်ကြီး ပါပေ။ လူတစ်ယောက်ထမ်းဖို့ပင် မလွယ်ပေ။

နောင်နောင် မ၍ကြည့်လိုက်၏။ အလွန်လေးလံလှပေ သည်။

စိုင်းပေါက်က "အစ်ကိုလေးပေး. . ကျွန်တော်ထမ်းမယ်"

"နေပါကွာ၊ ငါထမ်းမယ်၊ မင်းက တိုးလုံနဲ့တည့်တယ် အပေါ်တက်ရင် တိုးလုံကိုထမ်းခဲ့"

ဘဘလှိုင်က အထုပ်ကိုအသာအယာစမ်းကြည့်၏။

"ဒီအထုပ်က ဘဘလှိုင်တို့ ရှာရမယ့်အထုပ်များဖြစ်နေ မလား"

"မသိဘူး ဘဘလှိုင်၊ အဲဒီအထုပ်ဖြစ်နေရင်လည်း ထူးထူး ကုသိုလ်ပေါ့လေ"

"ကဲ စိုင်းပေါက်၊ တိုးလုံကို အပေါ်အရင်ပို့"

တိုးလုံအပေါ်ရောက်သွားသောအခါ မြေကြီးပေါ်သို့ပစ်ချ လိုက်သည်။

အထုပ်ကို ရေပုံးတစ်ပုံးဖြင့် အပေါ်မှပက်လိုက်၏။ မိုးကာ စဖြင့် ချုပ်ထားသည့် စစ်အိတ်အစိမ်းကြီးဖြစ်၏။ (Kilbag)အစဖြစ် ပေမည်။ ယင်းကို အပေါက်များအတိုင်းသံကြိုးတစ်ခုထည့်ပြီး သော့ ခတ်ထားသည်။ ကင်းပတ်အိတ်ကား ဆွေးလုနေပေပြီ။ သို့သော် ကင်းပတ်အိတ်အတွင်းရှိ အိတ်က ရေဒဏ်,လေဒဏ်ခံနိုင်သည် ထင်၏။ ထူးထူးက ခွေးကိုထားခဲ့ပြီး အိတ်အနားရောက်လာ၏။

"ဒါ ဘဘစပ်သီဟနန္ဒာ့ရဲ့အထုပ်ပဲ အစ်ကိုနောင်"

"ကဲ. . . ဒါဆိုယူခဲ့၊ သွားကြမယ်၊ စိုင်းပေါက်ထမ်းခဲ့"

စိုင်းပေါက်ကို ရှာမတွေ့တော့ချေ။





"စိုင်ပေါက်ရေ. . . စိုင်းပေါက်၊ ဒီကောင်ပျောက်,ပျောက် သွားတာ နှစ်ကြိမ်ရှိပြီ"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၀၆)

စပ်သီဟနန္ဒာ၏ရေထဲမှဆည်၍ရသောအထုပ်ကြီးကို ပိတ်ချင်းမြောင်မှာဖွင့်ကြည့်ဖို့ ပထမစီစဉ်ကြ၏။ ဒါပေမဲ့ လုံခြုံရေး အခြေအနေအရ ဘဘလှိုင်က နန္ဒဝန်ရောက်မှဖွင့်ကြည့်ရန် အမိန့်ပေး၏။

"စိုင်းပေါက်လည်း မစောင့်နဲ့၊ ဒီအထုပ်လည်းမဖြည်နဲ့၊ ပိတ်ချင်းမြောင်ကနေ အမြန်ထွက်၊ နန္ဒဝန်ကို အမြန်ဆုံးမောင်း။ သားကြီး. . ပွိုင့်တူးတူးသေနတ်ကို အသင့်လုပ်ထား"

ဘဘလှိုင်ကား သူ့ခြောက်လုံးပြူးသေနတ်ကြီးအား လက်ထဲမှာ တဆဆလုပ်ရင်း အမိန့်ပေး၏။

"မောင်အောင်. . . နှစ်လုံးပြူးလည်း အဆင်သင့်ဖြစ်အောင်လုပ်"

ပိတ်ချင်းမြောင်လုပ်အားပေးအဖွဲ့၊ နန္ဒဝန်လုပ်အားပေးအဖွဲ့ကော အားလုံးစုစုပေါင်း ကား(၃)စီးဖြစ်၏။ ထူးထူးစီးသောကားတွင် ရေငုပ်ပေါက်မှတွေ့သော စပ်သီဟနန္ဒာ၏အထုပ်အားတင်ခဲ့ပြီး အလယ်မှလိုက်စေသည်။ ကားများအား လေးညို့မှ လွတ်သည့် မြားတံကဲ့သို့ ပြင်ဦးလွင်ဆီဦးတည်၍ အမြန်ဆုံးမောင်းနှင့်





စေသည်။ အိမ်ကိုရောက်သည်နှင့် နောင်နောင်အလုပ်ရှုပ်တော့၏။ နန္ဒဝန်ရှိ ဝန်ထမ်းအားလုံးကို ကင်းအဖြစ်တာဝန်ချလိုက်သည်။ နောင်နောင်၊ ဉာဏ်ဝင်း၊ လှဦး၊ မောင်အောင်နှင့် ဉာဏ်ထွန်းက ဘဘလှိုင်၏အမိန့်အရ စပ်သီဟနန္ဒာ၏သော့ခပ်ထားသည့် အိတ်ကြီးအား ရိုက်ဖွင့်လိုက်ရသည်။ အထဲမှာကြေးပြားများတွေ့ကြရသည်။ ကြေးညှိအနည်းငယ်တက်နေ၍ နန္ဒဝန်အိမ်အပေါ်ထပ်ရှိ ရေချိုးခန်းမှာပင် ကြေးပွတ်ဆေးနှင့်ပြောင်အောင် တိုက်ချွတ်ကြရသည်။ ဖိုင်စက္ကူကဒ်အပါးခန့်သာရှိပြီး အလျား(၁၂)လက်မ၊ အနံ(၈)လက်မခန့်ရှိသည့် ကြေးပြားအချပ်ပေါင်းတစ်ရာပါရှိသည်။

"နောင်နောင် ဒါတွေက ရွှေပြားတွေများလားမသိဘူးနော်"

မောင်အောင်က စိတ်ဝင်စားစွာမေးလေသည်။

"ရွှေပြားတွေဆို ကြေးညှိဘယ်တက်ပါ့မလဲ မောင်အောင်ရာ"

နောင်နောင်က ပြန်ပြောပြလိုက်သည်။ ဉာဏ်ဝင်းက အထွန့်တက်၏။

"ဟာ. . . အစ်ကိုနောင်ကလည်း ကြေးပြားက တိုက်လိုက်တဲ့အခါပြောင်ရှဲပြောင်သွားတာ အခုအပြားလိုရွှေရောင်ဝင်းထိန်မနေပါဘူးဗျာ"

"ဟာကွာ. . . ဒါက ဗဟန်းရွှေနည်းနည်းပါချင်ပါမှာပေါ့၊ အဲဒီလိုမှလည်း အခုလိုအပြားပါးပါးခပ်ပြီး ဘေးမှာပတ္တာတွေထည့်လို့ရမှာပေါ့"

"ဟာ. . . အစ်ကိုလေး၊ ဒီကြေးပြားတွေ နောက်ကျောမှာ စာတွေရေးထားတယ်"

"ဟုတ်တယ်လေကွာ၊ ပြင်ဦးလွင်အနားတစ်ဝိုက်နဲ့မြေပုံဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အစ်ကိုနောင်ရဲ့၊ သေချာကြည့်ဦး၊ ရေတံခွန်နာမည်တွေ၊ ဂူနာမည်တွေက ရှေ့ဘက်မှာ အဲဒီရဲ့နောက်ကျောဘက်လှန်ကြည့်ဦး"

"ဟုတ်တယ်ဟ. . . ကျောဘက်မှာ ရှေးစာတွေနဲ့ ရှမ်းစာတွေရောပြီးရေးထားတာ"

နောင်နောင် ဖတ်ကြည့်မိသည်။

"ဟုတ်တယ် မောင်အောင်ရဲ့၊ တချို့က ဘာစာမှန်းမသိဘူး၊ ဘဘလှိုင်ကိုမေးရမှာပဲ"

"ဒီကြေးပြားတွေကို တစ်ခုနှင့်တစ်ခု ဆက်ကြည့်စမ်းဟေ့"

အနံလိုက်ဆယ်ချပ်ကိုထပ်လိုက်ပါက ၎င်းတို့ကိုပတ္တာဆက်လေးတွေကပ်သလို ကပ်ပြီး၊ ဘာဂျာကဲ့သို့ ခေါက်လိုက်ရသည်။ ဆယ်ပြားတစ်ထပ်ဖြစ်၏။ ယင်းကဲ့သို့ ဆယ်ပြားအထပ်ပေါင်း ဆယ်ထပ်ရမည်ဖြစ်၏။ ယင်းတို့ကို ပထမထိပ်ပြား၌(က)၊ ဒုတိယထိပ်ပြား၌(ခ)စသည်ဖြင့် တပ်ထားရာ အက္ခရာ ကမှညအထိရှိ၏။ တပ်ထားသောအပြားများတွင် အပေါ်ဆုံးမှတပ်ထားသောအပြားများအား (က-၁)မှ (က-၂)ထိဖြစ်၏။

နောက်အပြားတစ်ထပ်မှာကား (ခ-၁)မှ (ခ-၁၀)ထိဖြစ်၏။ ထို့အတူပင် (ဂ-၁)မှ (ဂ-၁၀)ထိကား ကပ်ပြား(၁၀)ပြားတစ်ထပ်ဖြစ်၏။ နောက်တစ်ထပ်ကား (ဃ-၁)မှ (ဃ-၁၀)ထိလည်းကောင်း၊ ငလည်း (င-၀)မှ (င-၁၀)ထိလည်းကောင်း၊ ထိုကဲ့သို့ ကြေးပြား(၁၀)ပြားတစ်ထပ်၊ ကြေးပြား(၁၀)ပြားတစ်ထပ်ဖြစ်လေရာ၊ နောက်ဆုံးကြေးပြား(၁၀)အထပ်ကား (ည-၁)မှ (ည-၁၀)ထိဖြစ်ပေသတည်း။

အလျားလိုက်(၁၀)ချပ်ဖြစ်၍ အလျား(၁၉)ပေဖြစ်ပြီး၊ အနံ(၁၀)ချပ်ကို ဖြန့်လိုက်လျှင် အနံ(၇)ပေဖြစ်သည်။ ကြေးပြားစုစုပေါင်း (၁၀၀)ချပ်အား အကုန်ဖြန့်၍ဆက်လိုက်ပါက အလျား





ဂ)ပေ၊ အနံ(၇)ပေဖြစ်ပေသတည်း။ ကြေးပြားအားလုံးထပ်ပြီးသားကာ မြေပုံဘက်မျက်နှာစာကို ဝိုင်းဝန်းကြည့်ရှုကြ၏။

"သားကြီးနောင်နောင်ရေ. . . အဲဒီမြေပုံမှာပါတဲ့ စာသားတွေအကုန်ဖတ်ပြစမ်း"

"နောင်ချိုနယ်ထဲကလည်း တစ်ချို့ပါတယ် ဘဘရဲ့၊ နောင်ချိုနယ်ထဲကဆိုရင် ချောင်းငွေ့ဂူရယ်၊ မိုင်းဝေါင်းဂူရယ်ပါတယ် ဘဘ"

"အေး. . . နောက်တော့ကော"

ဘဘလှိုင်ထပ်မေး၏။

"နောက်ပြီး မြေပုံရဲ့ မြောက်ဘက်ပိုင်းမှာ မဲတော်ဂူ၊ တောရေတံခွန်တွေပါတယ် ဘဘ"

"အဲဒီဂူတွေတော့ ဘဘတို့လည်း မသိဘူး"

ဘဘက စိတ်ရှုပ်ဟန် လေးတွဲ့စွာပြော၏။

"ပိတ်ချင်းမြောင်တစ်ဝိုက်ရဲ့ ဂူနဲ့ ရေတံခွန်တွေလဲပါတယ် ဘဘ၊ ဟိုဘက်ဆုံးမှာ ရေတံခွန်ပုတ်၊ နောက်ဝက်ဝံရေတံခွန်၊ ကျောက်ပုတ်၊ ငါးဆစ်ပိုင်းဂူ၊ ရေသယောင်ချောက်၊ ရေငုပ်၊ ပိတ်ချင်းမြောင်ဂူလို့ ရေးထားတယ် ဘဘ"

"ဒီထဲမှာလည်း တချို့ဂူတွေ ရေတံခွန်တွေက ဘဘတို့ထပ်ရှာရဦးမယ်"

မောင်အောင်တို့တစ်တွေ မျက်လုံးပြူးကုန်၏။

"ပိတ်ချင်းမြောင်ဂူကိုတောင် လုပ်လို့မပြီးသေးဘဲ ဘဘရယ် ဖြည်းဖြည်းပေါ့"

"ဖြည်းလို့မရဘူးကွ တပည့်တို့ရ၊ ဒီမြေပုံထဲက လုပ်ရမယ့်လုပ်ငန်းတွေ အဖြေထွက်နိုင်ဖို့ ဒီနေရာတွေကို တောနင်းရှာရမှာပဲ"

ဘဘဆုံးဖြတ်ချက်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြေပုံက ဖတ်လို့မပြီးသေးဘူး ဘဘ၊ ကျန်သေးတယ်"

"ပြင်ဦးလွင်အနီးတစ်ဝိုက်မှာဆိုရင် နတ်ကျုံးတောရရယ်၊ ဦးနှောင်းဂူရယ်၊ စဖိုတောင်၊ စမတောင်၊ ဓာတ်တော်ချိုင့်ရေတံခွန်၊ ဓာတ်တော်ဂူ၊ သကြားဟင်းအိုး၊ ဘရောဂူနဲ့ ရှေးစေတီတွေ ကျွန်တော်တို့ မသိတဲ့ဂူတွေတော်တော်များတာပဲ"

နောင်နောင်စကားစဖြတ်ပြီး လက်နှိပ်ဓာတ်မီးတစ်လက်ယူကာ ကျန်သည့်ကြေးနီပုရပိုက်များအား ဆက်ဖတ်၏။ ကြေးပုရပိုက်ပြားများအား စီစီရီရီပြန်ထပ်၏။ ၎င်းနောက် (Kit bag) အိတ်အသစ်ဖြင့် ပြန်ထည့်ကာ သော့ခတ်၏။ အခန်းကိုလည်း သေချာစွာသော့ခတ်၏။ ကြေးပုရပိုက်များထားသောအခန်းမှာ နန္ဒဝန်တွင် သီးခြားစည့်သည်များထားသော အခန်းလွတ်ဖြစ်၍ အမြဲသော့ပိတ်ထားသည့်အခန်းဖြစ်သည်။ နောင်နောင်တို့အားလုံး လူစု ခွဲပြီး၍ နောင်နောင်ဧည့်ခန်းမှာ ပြန်ထိုင်စဉ်မှာပင် ဘဘလှိုင် ရောက်လာ၏။

"သားကြီး အဲဒီကြေးပြားတွေ အရှယ်ရှိတဲ့ကြေးပုရပိုက် အများကြီးပေါ့၊ ဘဘတို့ဘုရားတည်ရင်အတွင်းမှာ ဌာပနာထည့်ဖို့လုပ်ထားတဲ့ ကြေးပုရပိုက်တွေလေ၊ ဘဘတို့ ဘုရားခန်းမှာရှိတယ်။ အဲဒါတွေကို (Kit bag)အိတ်တစ်လုံးနဲ့ထည့် သော့ခတ်ပြီး အောက်ထပ်မှာရှိတဲ့ စပ်သီဟနန္ဒာရဲ့ကြေးပြားအိတ်နဲ့လဲထား လိုက်ကွာ"

"ဘာဖြစ်လို့လဲ ဘဘ"

နောင်နောင်က အံ့သြစွာမေး၏။

"တို့ဖတ်တဲ့အကြောင်းအရာတွေကို ဘဘတို့တပည့်တွေ အကုန်သိနေတယ် မဟုတ်လား၊ အကယ်၍များသူတို့သစ္စာဖောက်ခဲ့သော် ကြေးပုရပိုက်အတုပဲရမှာပေါ့ သားရဲ့"

"ဘဘလှိုင်ရဲ့ ဉာဏ်ကိုမီဖို့ သားအများကြီး ကြိုးစားရ





ဦးမှာနော်"

နောင်နောင်က လေးစားအားကျစွာပြော၏။

"ဖြတ်သန်းလာရတဲ့ ဘဝအတွေ့အကြုံကြောင့်ပေါ့ သားကြီးရယ်၊ သားလည်းနောက်တော့ ဒီလိုပဲတွေးခေါ်တတ်လာမှာပါ"

ပြုံးပြုံးကြီးကြည့်ရင်း နှစ်သိမ့်လိုက်သည်။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

"ဖန်း. . . ဖန်း"

ပွိုင့်တူးတူးသေနတ်သံကြောင့် နောင်နောင်နိုးလာသည်။

"ဝုတ်. . ဝုတ်. . ဝုတ်"ဟူသော တိုးလုံဟောင်သံနှင့်အတူ တိုးလုံခြံစည်းရိုးဘေးသို့ ပြေးထွက်သွား၏။ နောင်နောင်အတင်း ပြေးဆင်းလိုက်လာသည်။ ညဏ်ထွန်းကား ပွိုင့်တူးတူးသေနတ်ကို ထမ်းရင်းလင့်စင်ပေါ်သို့ တက်နေပြီ။ လင့်စင်ပေါ်ရောက်သော အခါ ခြောက်တောင့်ထိုးလက်နှိပ်ဓာတ်မီးဖြင့် တဝင်းဝင်းထိုးကြည့် နေသည်။

"ညဏ်ထွန်း. . . ဘာတွေ့လဲ"

နောင်နောင် လှမ်းမေး၏။

"ချယ်ရီပင်ကြီးတစ်ပင်ပေါ်မှာ ကြိုးနှစ်ချောင်းတွေ့နေ တယ် နောင်နောင်"

နောင်နောင်တို့ခြံစည်းရိုးအနီး ၎င်းချယ်ရီပင်ပေါ်တွင် ကြိုးတစ်ချောင်းကို အစကတည်းက ချည်ထားဟန်တူသည်။ ၎င်း ကြိုးကိုဆွဲ၍ ချယ်ရီပင်ပေါ်တက်ကာ ချယ်ရီပင်မှတစ်ဆင့် ကျန် ကြိုးတစ်ချောင်းအကူအညီဖြင့် ခြံစည်းရိုးကိုကျော်ဆင်းသွားသည်။





"သားကြီး. . . ဘယ်လိုလဲ မိလိုက်လားရန်သူကို . . ."

"ဝုတ်. . ဝုတ်. . ဝုတ်"

တိုးလုံက ညဏ်ထွန်းကို အိပ်ငိုက်တယ်လို့ပြောနေ သယောင်ယောင်။

"ညဏ်ထွန်း မင်းအပြစ်ကတော့ နက်ဖြန်မှအရေးယူရ တော့မယ်၊ သားကြီးရေ လာဟေ့. . . တို့ပုရပိုက်ထုပ်ကြီးသွားကြည့် ရအောင်"

ဘဘက သွေးအေးအေးပဲပြောလာသည်။ နောင်နောင် တို့ အခန်းတံခါးသော့ဖွင့်ဝင်ကြသောအခါ ပုရပိုက်ထည့်သော (Kite) အိတ်ကြီးမရှိတော့။ ဒါပေမဲ့ ပြောင်ချောနေသော ကြမ်းပြင်မှာ ဖိနပ်ရာတွေကျန်နေခဲ့သည်။

"ဒီဖိနပ်ရာကတော့ ရှားရှားပါးပါးဖိနပ်ပဲ ဘဘ"

နောင်နောင်ပြောတော့ ဘဘက အနည်းငယ်ပြုံးလိုက် ပြီး၊ ညဏ်ထွန်းကတော့ အားရပါးရဝင်ပြော၏။

"ဟောဒီဖိနပ်ရာကတော့ စိုင်းပေါက်အမြဲစီးတဲ့ ဖိနပ်ပဲ"

"နောင်နောင်ကတော့ ဒီကောင့်ဖိနပ်လို့ သေချာမသိဘူးလေ"

နောင်နောင့် စကားသံမဆုံးခင် . . .

"အင်း. . . ညဏ်ထွန်းက အတည်ပြုတယ်ဆိုတော့ ဘဘ ပြောရမှာပေါ့၊ တိုးလုံက သေနတ်သံကြားပြီးမှ ဟောင်တာရယ်၊ ခွေးတွေက သူခိုးအိမ်ထဲဝင်တာမဟောင်ဘဲနဲ့ ပြန်ထွက်သွားမှသိ တာရယ်၊ ဒါတွေကြည့်ခြင်းအားဖြင့် အိမ်ကအတွင်းလူတစ်ယောက် ယောက်ဖြစ်မယ်လို့ တွက်ပြီးသား၊ စိုင်းပေါက်ကလည်း ပျောက်နေ တယ်ဆိုတော့ စိုင်းပေါက်က အဖြစ်နိုင်ဆုံးတရားခံပေါ့လေ"

ဘဘ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြော၏။

"ဒါဆို စိုင်းပေါက်က ဒီအခန်းထဲကို ဘယ်ကဝင်လာတာ လဲ ဘဘ"



www.burmeseclassic.com

www.burmeseclassic.com



နောင်နောင့်အမေးကို ဘဘက နှုတ်ဖြင့်မဖြေတော့၊ လက်ညှိုးထိုးပြ၏။ မှန်ချပ်ကို မှန်ဖြတ်ကိရိယာဖြင့် ဖွင့်သွားသောနေရာကိုတွေ့ရသည်။ နောင်နောင် သေသေချာချာကြည့်၏။ မှန်ချပ်ကိုဖြတ်၊ ပလာစတာကပ်ပြီး အပြင်ကိုတွန်းထုတ်ထားသည့် အနေအထားဖြစ်သည်။ လက်ကိုမှန်ကွဲထိ၍ ကျသောသွေးများကားအတွင်းဘက်မှန်မှာပဲရှိသည်။

"အင်း. . . စဉ်းစားစရာတစ်ခုက မှန်ကိုအပြင်ကဖြတ်တာမဟုတ်ဘဲ အတွင်းကဖြတ်ထားတာဖြစ်နေတယ် ဘဘ၊ လက်ကိုမှန်ရှလို့ ထွက်တဲ့သွေးတွေကလည်းအတွင်းမှာချည်းပဲ ဘဘ"

နောင်နောင်ဝေခွဲရခက်နေသည်။ ဘဘကတော့ အေးအေးဆေးဆေးပင်။

"အချိန်က စကားပြောမှာပေါ့ သားကြီးရယ်"

လာပြန်ပြီ ဒီအချိန်၊ ဟိုက်ပိုးသီးစစ်ကြီး၊ ဒါပေမဲ့ တွေးချိန်မရလိုက်။ အပြင်ထွက်၍ ပုရပိုက်ခိုးသည့်တရားခံ၏ခြေရာလက်ရာများကို ထွက်၍စစ်ဆေးကြည့်ကြသည်။ နောက်ဆင်ဝင်ဘက်မှပြန်ဝင်လာကြစဉ် ဆင်ဝင်တိုင်ကြီးတစ်ခုသို့ မြှားတစ်စင်းလာစိုက်ချေပြီ . . .။

"ဗွီး . . . ဒုတ်"

ဟူသော မြည်သံအဆုံးမှာ တိုးလုံက 'ဝုတ်ခနဲ' ထိုးဟောင်ကာ ပြေးထွက်သွား၏။

"တိုးလုံ . . . ရပ်"

ဉာဏ်ထွန်းက ပွိုင်းတူးတူးသေနတ်ကို ရမ်း၍ချိန်၏။

"ဉာဏ်ထွန်း. . . မင်းရမ်းသမ်းပြီး သေနတ်နဲ့လင့်စင်ဘက်ချိန်နေပြန်ပြီ၊ တိုးလုံကမင်းထက်လျင်တယ်၊ ဧည့်ဆောင်(၂)ဘက်ကိုလှမ်းဟောင်တာတွေ့လား၊ မြှားလာတဲ့လမ်းကြောင်းကလည်း အဲဒီဘက်ကပဲ"





မြှားမှုပါသော စာကားရှင်းသည်။

"ဧည့်ဆောင်ထဲရှိ အခန်း(၂)ကိုသွားကြည့်၊ လျှို့ဝှက်နည်းရှိတယ်"

"လက်ရေးကတော့ စပ်သီဟနန္ဒာ၏ရေမျှောသွားသောအထုပ်ကိုရအောင်ရှာဆိုတဲ့ လက်ရေးနဲ့အတူတူပဲ ဘဘ"

နောင်နောင်ပြောလိုက်၏။

"လာလေ. . သားကြီး၊ ဘဘတို့သွားကြည့်ရအောင်"

ဘဘဦးဆောင်၍ ဧည့်ဆောင်ကိုသွားကြသည်။ ဧည့်ဆောင်၏ပြတင်းပေါက်ပွင့်နေသည်။ ပြတင်းပေါက် ဘယ်လိုပွင့်သလဲ အဖြေမထုတ်နိုင်ကြသေးပါ။ ဒါပေမဲ့ မောင်အောင်ကပါလာသော သော့ဖြင့်အခန်း(၂)ကို ဖွင့်လိုက်ကြသည်။

*ရှောင်းရင်းကြီးဦးစိန်လှိုင်*

*ယခုပစ္စည်းများသည် ရှောင်းရင်းတို့တွေ့သော စပ်သီဟများ၏ ကြေးပရပိုက်များ ဖတ်ရှုနိုင်ရေးအတွက် အဓိကကျလှသော ပုရပိုက်ကြေးပြားတွေဖြစ်ပါတယ်။ အပေါက်ဖောက်ထားသည့် အပေါက်တန်း(၇)တန်းပါသည့် ကြေးပုရပိုက်(၁၀)ချပ်ဟာ မြေပုံပါသည့် ကြေးပုရပိုက်၏နောက်ကြောရှိစာသားများအား ဖတ်ရှုရန်ဖြစ်ပါတယ်။ စပ်သီဟနန္ဒာရဲ့ကြေးပုရပိုက်အချပ်အားလုံးကို မှောက်၍ထားလိုက်ပါ။ မြေပုံပါသောဘက်၏ ဆန့်ကျင်ဘက်ကျောဘက်တွင် ဖတ်မလည်နိုင်သောစာများဖြင့် ရေးသားထားသော စာတမ်းများပါသည့် ပုရပိုက်၏ကျောဘက်ပေါ်လာပါမည်။ ယင်းအပေါ်တွင် ယခုအပေါက်ပါတဲ့ ကြေးပြား(၁၀)ချပ်တင်၍ ဖတ်ရမှာဖြစ်တယ်။*

*နောက်ဒုတိယတန်းရှိ ကြေးပုရပိုက်များကို အဲဒီအစီအစဉ်အတိုင်း ဖတ်သွားရမှာပါ၊ ကြေးပုရပိုက်(၁၀၀)ချပ်အားလုံးဖတ်ပြီးသောအခါ စာပါအတိုင်း ရှောင်းရင်းကြီးဦးစိန်လှိုင်ဆောင်လက်*



www.burmeseclassic.com

www.burmeseclassic.com



*ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ကျွန်ုပ်ကဲ့သို့ ကျွန်အဖွဲ့တစ်ဖွဲ့လည်း ရှိနေပါတယ်။ အထူးဂရုပြုဖို့ သတိပေးလိုက်ပါတယ်။ ထူးနန္ဒာရဲ့လုံခြုံမှု အထူးဂရုပြုကြပါရန်။*

*အကျိုးလိုလားရောင်းရင်းများ*

"ဟယ်. . အဲဒီလက်ရေးက ဘဘလက်ရေးပဲ၊ သမီးကို ပြပါဦး"

"ဟဲ့ သမီးလေးထူးထူး၊ ညကြီးမိုးချုပ် ဘာလို့ဆင်းလာတာလဲ"

ဘဘလှိုင် စိတ်ပူစွာပြော၏။

"သားပါ့ပါတယ် ဘဘလှိုင်ရဲ့၊ ထူးထူးကညော့်ဆောင်ဘက်က ပြတင်းပေါက်ဝမှာ ဘဘလှိုင်နဲ့တူတဲ့လူ တွေ့တယ်ဆိုပြီး လာနှိုးလို့ ဘဘရဲ့" ထွေးနန္ဒာက အလောတကြီးဝင်ပြော၏။

"ဒါဆို မြှားနဲ့ပစ်တာက ဘဘသီဟနန္ဒာပေါ့"

နောင်နောင့်အမေးကို ထွေးထွေးကမဖြေဘဲ၊ ထူးထူးဝင်ဖြေ၏။

"ဘေးကတစ်ယောက် အစ်ကိုနောင်ရဲ့၊ အရပ်ကတစ်အားပုတာပဲ၊ အရပ်က(၄)ပေကျော်ရုံလောက်ပဲရှိမှာ၊ အစ်ကိုစိုင်းလည်း ပါမလာဘူး"

"အဲဒီမြှားပစ်တဲ့လူက ဘယ်သူလဲညီမလေး"

နောင်နောင့်အမေးကို ထူးထူးချက်ခြင်းမဖြေနိုင်သေး၊ စဉ်းစားနေသည်။ ယင်းအချိန်တွင် အားလုံးက ထူးထူးအဖြေကို မျှော်လင့်နေကြသည်။ ဒီအချိန်တစ်ခဏသည် တစ်ကမ္ဘာကြာသည်ဟု နောင်နောင့်ရင်မှာ ထင်လိုက်၏။

"ညီမလေးထူး ပြန်ပြီးစဉ်းစားကြည့်စမ်း"

ထွေးထွေးကပါ အားဖြည့်ရင်းဝင်ပြော၏။ ဩော်. . .





အချိန်ဆိုတာ တစ်ခဏဟု ကွာခြားချိန်ခြင်းတူပေ၏။ သို့သော် တန်ဖိုးခြင်းကွာတတ်၏။ ထူးထူးပါးစပ်က ထွက်လာသော တစ်ခဏသည် တန်ဖိုးတစ်ခု၏အဖြေပင်တည်း။

"နှစ်ထပ်ဂူတုန်းက အစ်ကိုစိုင်းကို မားနဲ့ဝင်ခုတ်တဲ့လူပဲ အစ်ကိုနောင်"

"ဒါဆိုရင် စိုင်းဟာ"

နောင်နောင့်စကားမဆုံးခင် ဘဘလှိုင်က စကားဖြတ်လိုက်၏။

"ကဲ. . မိုးလင်းတော့မယ်၊ ကော်ဖီစောစောသောက်ရင်း ထမင်းစားခန်းမှာ စကားပြောကြတာပေါ့"

အားလုံးအိမ်ကြီးဆီသို့ ဦးတည်၍လှမ်းလိုက်ကြသည်။ မေမေဝင်းက ဘုရားကို အာရုံဆွမ်းကပ်နေပြီ။ ဒေါ်စောရွှေက ခေါပုတ်ကြော်ပူပူနွေးနွေးနှင့် ကော်ဖီများပြင်ထားနှင့်ပေပြီ။ ထူးနန္ဒာကား ဧည့်ဆောင်ထဲမှရခဲ့သည့် သူ့ဘဘလက်ရေးဟု ယူဆသောစာရွက်ကိုင်ပြီး ရှေ့မှသွားနှင့်သည်။ ဘဘလှိုင်က နောင်နောင့်အနီးကပ်လာပြီး. . . နှစ်ထပ်ဂူက စိုင်းဝဏ္ဏအကြောင်း၊ သားကြီးနောင်နောင်က ထူးထူးကိုမပြောမိဖို့မှာသည်။ နောင်နောင်သည် ယင်းပြောလိုမှုဆန္ဒကို သိုဝှက်ထားလိုက်ရမည်။ အချိန်အတိုင်းအတာတစ်ခု အထိပေါ့လေ. . . .။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

ထမင်းစားခန်းမှာ ကော်ဖီသောက်တော့ ဘဘလှိုင်၊ နောင်နောင်နှင့် ထွဏ်းနန္ဒာတို့ သုံးဦးထဲသာဖြစ်နေသည်။

"သားကြီး. . . သမီးလေးထူးကော"

ဘဘလှိုင်အမေးကို . . .

"သူ့အခန်းထဲဝင်သွားတာ မြင်လိုက်တယ် အဖေကြီးရဲ့"

မေမေဝင်း ပြန်ဖြေ၏။

"ဒါဆို သားကြီး မြန်မြန်စားသောက်ပြီးရင် မင်းညီမလေးဆီသွားလိုက်၊ သူယူသွားတဲ့ စာရွက်ယူလာခဲ့၊ ပြီးတော့ ဘဘတို့စာကြည့်ခန်းမှာ ဆုံရအောင်"

ဘဘလှိုင်ပြောပြောဆိုဆို ရေနွေးကြမ်းမှုတ်သောက်လိုက်၏။ နောင်နောင် လက်စသတ်စားကာ ထူးနန္ဒာအခန်းထဲသို့ တက်လာခဲ့သည်။ နောင်နောင် အသံဖမ်းစက်ကို ဖွင့်ကြည့်လိုက်သည်။

"ဘဘ မသေဘူးဆိုတာ သမီးလေးစိတ်ထင်တာမှန်နေပြီပေါ့နော်၊ အစ်ကိုနောင်တို့၊ ဆရာဈာန်မြင့်တို့က သမီးလေးကို စိတ်မနှံ့ဘူးထင်နေကြတာ ဘဘရဲ့၊ အမှန်ဆို ဘဘကမေတ္တာလှိုင်းလွှတ်ပြီး သမီးကိုပြောနေတာလား၊ ဒါမှမဟုတ် လူကိုယ်တိုင်ပဲ သမီးကို





လာပြောနေတာလား၊ အဲဒါတွေကြောင့် သမီးအမြဲကြိုပြီးသိနေရတယ်နော်၊ ကိုစိုင်းနဲ့ ဘဘဆီက လူပုနဲ့ ရန်ပွဲဖြစ်တုန်းကလည်း သမီးအခန်းဘေးမှာ လာပြောတယ်နော် 'စိုင်းဝဏ္ဏကို သတိထား၊ အဲဒါသမီးကို ဒုက္ခပေးမယ့်ကောင်'လို့ ပြောတယ်နော်၊ နောက်ပြီး တစ်ခါ ညပိုင်းလည်း သူခိုးဝင်မလာခင်လေးဘဲ ဘဘကပြောသေးတယ်နော် 'အောက်ထပ်မှာ သူခိုးဝင်နေပြီလို့' သမီး ဒီလိုအသံတွေ ကြားနေရတာကို အစ်ကိုနောင်တို့ကိုပြန်ပြောရင် သူတို့က သမီးကို ပိုပြီးအရူးလို့ထင်ကြမှာပဲ ဘဘရဲ့၊ အခု ဘဘမသေဘူးဆိုတာသိတော့ သမီးကိုယ့်ကိုကိုယ်စိတ်ချသွားပြီ ဘဘရဲ့၊ သမီးမှာ အားကိုးစရာတွေအများကြီးပဲ၊ ဘဘလည်းရှိတယ်၊ ဘဘလှိုင်ကလည်းချစ်တယ်၊ အစ်ကိုနောင်ကလည်း သမီးကိုချစ်တယ်၊ အစ်ကိုနောင်က ချစ်တယ်ဆိုတာထက် သမီးကိုကရုဏာပဲထားတာပါ၊ ထူးထူးကိုတော့ ဆရာဈာန်မြင့်က ဂရုစိုက်ရမယ်ဆိုလို့သာ ဝတ်ကျေတန်းကျေ ဂရုစိုက်တာပါ၊ အစ်ကိုစိုင်းက သမီးနဲ့ အစ်ကိုတော်တာပဲဆိုပြီး သမီးက သူ့ကို အားကိုးမိသေးတယ်၊ ဒါပေမဲ့ တကယ်ကျတော့ အစ်ကိုစိုင်းက သမီးနဲ့ဘာမှမတော်ဘူးလေ၊ သူ့အားကိုးတာလည်း ညီမလေးရဲ့အမှားတစ်ခုပဲလေ၊ အဲဒီအမှားပြန်ပြင်ဖို့ ခဏလေးအချိန်စောင့်ရဦးမှာပေါ့"

နောက်ရှိုက်သံသဲ့သဲ့နှင့်အတူ တတွတ်တွတ်ပြောသံကြားရသည်။ တိုးလွန်းတော့ ဘယ်လိုမှမကြားရ။

နောင်နောင်စိတ်စောနေမိသည်။ ခဏစောင့်နေ၏။ တံခါးဖွင့်သံ'ကလစ်'ကနဲကြားရသည်။ နောင်နောင် ထူးထူးဘေးရှိအခန်းထဲမှထွက်လာ၏။

"ညီမလေးထူး၊ ကော်ဖီသောက်ရအောင် လာခေါ်တာ"

"တော်ပါ. . . အစ်ကိုနောင်သောက်ပြီးမှ လာခေါ်တာ၊ မသောက်ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မသောက်ရသေးပါဘူး ညီမလေးကလဲ"

"အမယ်လေး ညီမလေးကို ဖြီးမနေနဲ့၊ အစ်ကိုနောင့်ပါးစပ်က ဆီတွေသုတ်လိုက်ပါဦး"

နောင်နောင် ပါးစပ်ကိုလက်ခုံဖြင့် သုတ်လိုက်၏။

"ဟေဟေ့. . ငါတို့ပြောတာယုံယုံ. အစ်ကိုနောင်စဖြီး"

"ကဲပါ. . လာပါ. . အစ်ကိုနောင် ကော်ဖီထပ်ပြီးသောက်ပါမယ်"ဟု ပြောရင်း ထမင်းစားခန်းထဲခေါ်သွားရသည်။

"ဟော. . . သားကြီး၊ ကော်ဖီနောက်ထပ်,ထပ်သောက်နေပြန်ပြီ"

နောင်နောင် ဘယ်လိုပါးစပ်ပိတ်ပြပြ မေမေဝင်းကား မုသာဝါဒကို မသုံးသူဖြစ်၍ခက်နေ၏။

"ကဲ. . . အစ်ကိုနောင်စဖြီး၊ မေမေဝင်းနဲ့ကျတော့ ညာလို့မရတော့ဘူးဟုတ်"

ထူးထူးက ဒေါသသံပါသည့် အသံစာစာလေးနှင့်အော်၏။

"ဩော်. . ညီမလေးကလည်း မနက်ကသောက်တာက အနောက်နိုင်ငံမှာဆို (Bed Tea) ပေါ့၊ အခုဟာက (Tiffen)လေ၊ မြန်မာလို အိပ်ရာထလက်ဖက်ရည်"

နောင်နောင်ကရယ်ရင်း နှစ်သိမ့်လိုက်၏။

"သူပဲအပြောကောင်း၊ အဲဒါကြောင့် ကောင်မလေးတွေကြိုက်ကြတာနေမှာ၊ ယောင်းမလေး ဘယ်နှစ်ယောက်ချိန်ထားပြီလဲ မသိဘူး"

"မချိန်ပါဘူး ညီမလေးရယ်၊ အစ်ကိုနောင့်ဘဝမှာ ဘဘလှိုင်ရယ်၊ မေမေဝင်းရယ်၊ ထွေးနန္ဒာရယ်၊ ထူးနန္ဒာရယ်. . . ဒါပဲရှိတယ်"

"ဟင့်အင်း. . . မရဘူး၊ အဲဒီလေးယောက်ထဲမှာ ဘယ်သူ့





ကို အချစ်ဆုံးလဲ . . . ပြော"

"ကဲပါ. . . ညီမလေးထူးက အဆိုးဆုံးမို့ အချစ်ဆုံးပဲ"

"ဟေး. . . ဒါမှ တို့ကိုကိုကွ"

ညီမလေးထူးကား အစ်ကိုနောင့်ရင်ခွင်တွင် ခေါင်းကလေးနှင့်ခွေ့ရှာသည်။ ပီတိကလေးငယ်ပမာတည်း။ မေမေဝင်းကတော့ ပီတိလွှမ်းသော မျက်လုံးများနှင့်ကြည့်ရင်း အပေါ်ထပ်သို့တက်သွားသည်။ ဘဘလှိုင်ထံ နောင်နောင်တက်သွားတော့ ဘဘလှိုင်ဘစ်နေ့ကရထားသော ပတ္တာဆက်ကြေးပုရပိုက်များကို စာကြည့်စားပွဲအကြီးကြီးပေါ်တွင် အစီအရီချထားပြီးလေပြီ၊ ပတ္တာများဆက်သားလိုက်၍ မြေပုံတစ်ချပ်ပမာဖြစ်နေ၏။

"လာ. . သားကြီး". ပြောပြီးနောက်၊ ပထမကြေးပုရပိုက်များပေါ်တွင် အပေါက်ဖောက်ထားသော ကြေးပုရပိုက်များထပ်တင်လိုက်သောအခါ အဓိပ္ပာယ်ပေါ်လွင်လာ၏။ မူလအောက်ကခံစာများအား မြန်မာစာသားနှင့် ရှမ်းစာသားများ သုံးလုံးခြား၊ လေးလုံးခြားစသည်ဖြင့် ရေးထားသည်။ ရှမ်းစာသားမသိ၍ထားတော့ မြန်မာစာသားများချည်း စုစည်းဖတ်ရင်လည်း အဓိပ္ပာယ်မပေါ်ပါ။ အပေါ်တစ်တန်းလုံးစာရေးထားသည့် စာလုံးအရေအတွက်ကား တစ်ချပ်လျှင် တစ်တန်း၌(၁၂)လုံးနှုန်းတွက်ပါက (၁၀)ချပ်ဆိုလျှင် စာလုံး(၁၂၀)လုံးဖြစ်၏။ ကြေးအပိုင်းပေါက်ပါ ပုရပိုက်တင်လိုက်သောအခါ တစ်တန်းလျှင် (၁၀)လုံးခန့်သာရှိတော့သည်။ (၂)တန်းဖြစ်၍ စာလုံး(၂၀)လုံးရ၏။ ပထမအပြားတစ်ပြားတစ်တန်းလုံးဖတ်ပါက အပြား(၁၀)ပြားတွဲပင်ဖြစ်၍ စာလုံးရေ (၃၀၀)ခန့်ဖြစ်သည်။ စာသားများကား အပေါ်ရှိကြေးပုရပိုက်များအတွင်းပေါ်လွင်ထင်ရှားစွာမြင်နေရသည်။

*ယခုကြေးပုရပိုက်များအား ပတ္တာများအလိုက်ဆက်တွဲ၍ထားစေသတည်း၊ ယင်းကြေးပုရပိုက်အတွဲကြီးအား ပိတ်ချင်းမြောင်*



www.burmeseclassic.com

www.burmeseclassic.com



ဂူတွင်းရှိ သပိတ်ရေတံခွန်၏အပေါ်ဘက် နေရောင်ခြည်ဝင်ပေါက် နှစ်ပေါက်အောက်တွင် ချထားရန်၊ မူလကြေးပြားကြီးများကို ချောင်းဂွေ့ဂူ၊ ကျားတွင်းရေဂူ နေရာများတွင် ဒင်္ဂါးဝိုင်းသာသာ အပေါက်များဖောက်ရန်၊ ရွှေလှန်ဂူနှင့် နောင်လှိုင်ဂူတွင် ယင်း အပေါက်များ ဖောက်ပြီးသော ကြေးပြားဆက်ကြီးအားလှည့်ပြောင်း၍နေရာချသောအခါ နေရောင်အပေါက်အောက်တည့်တည့်ရှိ ကျောက်ငုပ်(၄)ခုနှင့် ယင်းအပေါက်စွပ်မိသည်အထိလှည့်လည်၍ နေရာချရန်။ ထိုသို့နေရာချပြီးသောအခါ အပေါ်မှနေရောင်ဝင် ပေါက်နှစ်ပေါက်မှ နေရောင်ကျမည့်နေရာကိုကြည့်ရန်၊ ဂူအမိုးရှိ အပေါက်နှစ်ပေါက်သည် နေမွန်းတည့်ချိန်ရောက်မှသာ နေရောင် ခြည်ဝင်ရောက်လာမည်ဖြစ်တော့သည်။ ထိုနေရောင်ခြည်ထိတွေ့သောနေရာမှာ နှစ်ခုဖြစ်သတည်း။ ထိုနှစ်ခုရှိသောနေရာများသို့ သွားရောက်ပြီး သတ်မှတ်ချက်များအတိုင်း စောမွန်လှ၏မြှုပ်နှံထားသော မြေပုံနှင့် ပုရပိုက်ပစ္စည်းများကို ဖော်ထုတ်ယူရမည်ဖြစ်ပေသတည်း။ ဖော်ထုတ်ရမည့် ပစ္စည်းများမှာလည်း နှစ်နေရာစလုံးတွင် တူးယူမှသာပြီးပြည့်စုံမည်ဖြစ်အံ့။ ယင်းသို့တူးယူရာတွင် ရေတံခွန်ဖြစ်ပါက ရေတံခွန်၏ရေကျသောအောက်ထဲဝင်ပြီး ယင်းရေလုံး၏အောက်ထဲ အလယ်ဗဟိုချက်မတွင်လည်းကောင်း၊ ဂူဖြစ်ပါက ဂူ၏အလယ်ထဲရှိ ထင်ရှားသောကျောက်တုံးများကို မ,ထုတ်၍လည်းကောင်း၊ ရေအောက်တွင်လည်းကောင်း၊ ဂူထဲတွင်ရေရှိပါက ယင်းရေအိုင်၏အလယ်တွင်လည်းကောင်း၊ အဆောက်အဦ (သို့) အထင်ကရနေရာတွေကို အလယ်တည့်တည့်မျဉ်းကြောင်းနှစ်ခုဆွဲကာ ဗဟိုချက်မနေရာတွင်လည်းကောင်း၊ တောင်ချောက်ကမ်းပါးများဖြစ်ပါက တောင်ချောက်ကမ်းပါး၏အလယ်ရှိ ဂူပေါက်များတွင်လည်းကောင်း၊ အင်းများ,အိုင်များဖြစ်ပါက အိုင်၏အလယ်တွင် ငုပ်ကာ ယင်းအောက်ထဲတွင်ရှိ ရေငုပ်ပေါက်ဂူများတွင် ရှာဖွေကြ





ပါလေ။ ယင်းဖော်ထုတ်ရရှိမည်ဖြစ်သော ပုရပိုက်များ၊ မြေပုံများမှတဆင့်တူးဖော်ရရှိသော ရတနာ၊ ရွှေ၊ ငွေအားလုံးအနက်တစ်ပုံအား အရိမေတ္တေယျဘုရားအားရည်မှန်း၍ ဘုရားတည်ရန်ကိုလည်းကောင်း၊ တစ်ပုံသည် မူလပိုင်ရှင်စောမွန်လှအတွက်ရည်စူး၍လှူဒါန်းဒါနပြု၊ ဘုရားတည်၊ ကျောင်းဇရပ်များဆောက်လုပ်လှူဒါန်းရန်အတွက်လည်းကောင်း၊ ကျန်တစ်ပုံသည် တူးဖော်ရရှိသူမှ စောမွန်လှနှင့် ၎င်းအနွယ်စပ်နောင်လှ၏ဆွေစဉ်မျိုးဆက်သို့ ခွဲဝေပေးရန်လည်းကောင်း၊ ကျန်တစ်ပုံသည် တူးဖော်ရရှိသူသုံးစွဲရန်အတွက်လည်းကောင်း ထားရန်ဖြစ်စေသတည်း။ ကျွန်ုပ်စပ်ဗလနန္ဒာ သစ္စာပြုထားသည့်အတိုင်း ခွဲဝေမှုမပြုခဲ့ပါက သစ္စာကျိုးပေါက်မှုအတိုင်း အဝီစိငရဲသို့ ကျရောက်ပါစေသတည်း။ ဤသစ္စာအတိုင်း မကျိုးမပေါက်ဘဲ ဆန္ဒပြုဆောင်ရွက်သူတို့အနက် ပါရမီအလျောက် သာသနာပြုရန် ဆုတောင်းအဓိဋ္ဌာန်ထားသူအားလုံးရှာဖွေတွေ့ရှိကြပါစေသတည်း။ ရှာဖွေတွေ့ရှိပြီး ကျွန်ုပ်နှင့်အတူ စောမွန်လှ၊ စပ်နောင်လှတို့အတွက်ပါ အလှူဒါနများပြု၍ အမျှအတန်းပေးဝေနိုင်ကြပါစေသတည်း။

စပ်ဗလနန္ဒာ

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၉)

ကြေးပြားများအားဆက်ထားသည့် မြေပုံကြီးအား ဖြန့်ချကာ အပေါက်ဖောက်ရမည့်နေရာများအား ဘောလ်ပင်ဖြင့်မှတ်သားလိုက်သည်။ ၎င်းနောက် နောင်နောင်က ကားတစ်စီးနှင့်လူအပြည့်တင်၍လည်းကောင်း၊ ဘဘလှိုင်ကလည်း ကားတစ်စီးနှင့်လူအပြည့်တင်၍လည်းကောင်း ပိတ်ချင်းမြောင်သို့ထွက်လာခဲ့ကြသည်။

ပိတ်ချင်းမြောင်ရောက်သောအခါ ဂူကြီးထဲဝင်သည့် အဝင်ပေါက်အား ခေတ္တပိတ်ထားရန်မှာထားပြီး အတွင်းသို့ ဘဘလှိုင်၊ နောင်နောင်၊ တပည့်မောင်အောင်တို့ သုံးယောက်ဝင်ကြ၏။ ဝင်လာပြီး အထဲရောက်လာသောအခါမှ ကြေးပြားအဆက်တွေကို သေချာဆက်မိအောင်ချိတ်ပြီး ပတ္တာတွေလည်း အသေအချာဆက်လိုက်သောအခါ ကြေးပြားအချပ်တွေသည် (၈)ပေ၊ (၁၀)ပေခန့်ရှည်သော ကြေးပြားအကြီးကြီးဖြစ်သွားသည်။ ၎င်းကြေးပြားများကို စပ်ဗလနန္ဒာ၏စာထဲမှာပါသည့်အတိုင်း ပထမတစ်နေရာဖြစ်သော ရွှေလှုံ့ဂူနေရာ၊ ဒုတိယနေရာဖြစ်သော ပိတ်ချင်းမြောင်ဂူအတွင်းရှိ ချမ်းမြေ့ဂူရောတွင် ဒင်္ဂါးအပေါက်ကလေး(၂)ခုဖောက်လိုက်၏။ ရွှေ





ဆို့ဆိုသော ကြေးပြားပေါ်နေရာတွင် နှစ်ဆလောက်ရှိအပေါက်ဖောက်လိုက်သည်။ နေရောင်ခြည်နှင့်တည့်တည့်ရှိမည့်နေရာကိုချထားပြီး အောက်မှာရှိသော ကျောက်စက်ကျရေကနေဖြစ်သည့် ဆုံးကျောက်ငုတ်ကလေးများအပေါ်ကို ချထား၏။ ဟိုဘက်, ဒီဘက် အဲဒီအပေါက်နှစ်နေရာချသောအခါ အောက်မှာရှိငုတ်ကလေးများနှင့်အတိအကျဆက်မိသောအခါ . . .။ ၎င်းကြေးပြားကြီးဟာ ရွှေ့လို့မရအောင်ဖြစ်သွားပေသည်။ ယင်းသို့သောအချိန်ဟာ(၁၁)နာရီ ကျော်ကျော်ပဲရှိသေး၍ အချိန်ပိုနေသေးဆဲ။ အချိန်တွေအများကြီး ပိုနေ၍ ဘဘလှိုင်က . . .

"ကဲ. . . သားတို့ ရွှေ့ထဲမှာပါလာတဲ့ ထမင်းထုပ်တွေ ခဏထွက်စားလိုက်ရအောင်"

ဘဘလှိုင်၊ နောင်နောင်တို့၊ မောင်အောင်တို့ ရွှေ့ထွက်ပြီး ထမင်းစားကြရာ ရွှေ့ရောက်သောအခါ လူတွေက စိုးရိမ်တကြီးနဲ့ စောင့်ပြီး ဂူတွင်းကသတင်းကို နားထောင်နေသောသူတွေ၊ စုစုပေါင်းကား(၂၀)စီးလောက်ကိုတွေ့ရရာ ဘဘလှိုင်ကအပြင်မှာရှိ ဉာဏ်ဝင်းတို့အဖွဲ့ကို ခေါ်လိုက်၏။

"ဉာဏ်ဝင်း မင်းတို့ ဒီသေနတ်တွေနဲ့ ဝင်ပေါက်နေရာတွေမှာ စနစ်တကျစောင့်ထား၊ ဒီအချိန်က သိပ်အရေးကြီးတယ်၊ ဟိုတစ်ဘက်အဖွဲ့လူတွေအားလုံး ဝင်လာနိုင်တယ်၊ ဂရုစိုက်ပြီးစောင့်နေ"

ဟု ဆိုကာ အစောင့်ချထားလိုက်ပြီး ဘဘလှိုင်သည် ဂူတွင်းမှာရှိ ဘုရားရှေ့တွင်သုံးယောက်သားထမင်းစားရန် ပန်းကန်ထဲသို့ ဟင်းတွေပုံပြီး စားဖို့ပြင်ကြတော့၏။ ဘဘလှိုင်က ချက်ချင်းမစားနိုင်သေး။ ထမင်းကို ဘုရားမှာဆွမ်းကပ်ကာ ငါးပါးသီလခံယူလိုက်၏။ ငါးပါးသီလခံယူပြီးနောက် အဓိဋ္ဌာန်ပြုတော့သည်။

"အရှင်ဘုရား. . . တပည့်တော်သည် သာသနာ့အကျိုးအတွက် အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာသာသနာအတွက် 'ဗုဒ္ဓမြတ်စွာ သာသနာ၏ ရောင်ဝါအစွန်. ရှည်စွာကွန်.ဖို့ စွန့်စွန့်စားစား ငါကြိုးစားသည်၊ စိတ်ထား ငါ့မှာအမြဲတည်း'ဆိုသည့် သီရိမေ္ဃာသောကမင်းကြီးရဲ့ အဓိဋ္ဌာန်အတိုင်းဘဲ သာသနာအကျိုးအတွက် လေးပုံတစ်ပုံရရှိခွင့်ရှိကြောင်းဆိုလင့်ကစား၊ တပည့်တော် ဒါတွေအားလုံးအတွက် ဆောင်ရွက်ခြင်းမဟုတ်ပါ။ တပည့်တော်၏သားဖြစ်သည့် နောင်နောင်သည်လည်း တပည့်တော်ကဲ့သို့ ဆုတောင်းရှိအပ်ပါသည် ဘုရား၊ တပည့်တော်၏တပည့် မောင်အောင်သည်လည်း ဤကဲ့သို့ ဆုတောင်းအပ်ပါသည်။ ဤသစ္စာစကားမှန်ကန်ပါက တပည့်တော်တို့ ဆောင်ရွက်မည့်လုပ်ငန်းအားလုံးသည် အနှောင့်အယှက်မရှိဘဲ အလွယ်တကူဖြစ်မြောက်အောင်မြင်ပါစေဘုရား" ဒီလို ဘဘလှိုင်က အဓိဋ္ဌာန်ခဲ့၏။ အဓိဋ္ဌာန်ပြီး ဘုရား၌ကပ်ပြီးတဲ့ဆွမ်းကို ထမင်းအဖြစ်ပြန်စွန့်ပြီး ဘဘလှိုင်စားတော့၏။ နောင်နောင်နှင့် မောင်အောင်တို့လည်း ဘဘလှိုင်လုပ်သည့်အတိုင်း လိုက်ပါဆောင်ရွက်ကာ ဘုရားမှာဆွမ်းကိုကပ်၊ ကပ်ပြီးပြန်စွန့်၊ စွန့်ပြီးနောက် ထမင်းကိုစားတော့၏။ ဘဘလှိုင်ကား ထင်းစားရင်းပဲ ပြောပြရာ. . .

"သစ္စာအဓိဋ္ဌာန်ဟာ မိမိတို့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းအပေါ် မှန်ကန်စွာသစ္စာပြုပြီးဆောင်ရွက်ပါ၊ နွယ်, မြက်, သစ်ပင်တောင်ဆေးဖက်ဝင်သည်ဆိုတဲ့အတိုင်း မိမိလုပ်တဲ့လုပ်ငန်းအားလုံးဟာ ဘယ်တော့ဖြစ်ဖြစ်အကျိုးရှိစွာ အောင်မြင်ပါတယ်။ မြတ်စွာဘုရားနုစဉ်ကာလက ငုံးမင်းဘဝမှာ ငုံးဥကနေပေါက်တဲ့သားတစ်သဖွယ်ရှိနေတဲ့အချိန်မှာပဲ ဒီလိုသစ္စာအဓိဋ္ဌာန်ပြုပြီးအောင်မြင်ခဲ့တဲ့အချက်တစ်ခုရှိတယ်။ မြတ်စွာဘုရားဟာ ငုံးမင်းဘဝ၊ ဒီလိုသားတစ်သဖွယ်ရှိနေတဲ့အချိန်ကာလ၊ နွေရာသီတောမီးကြီးဟာ လောင်ကျွမ်းရော။

နွေရာသီဖြစ်တဲ့အတွက် တောမီးကြီးဟာ ကြီးမားစွာ





လောင်ကျွမ်းပြီး တောတစ်ခုလုံးဟာ ဖြုန်းဖြုန်းဒိုင်းဒိုင်း လုံးဝအပူမီးတောက်လောင်ပြီး ဘယ်သူမှ ဒီအနီးအနားမကပ်နိုင်တော့ဘူး၊ ဒီတောမီးကြီးဟာ အသံတွေမြည်ပြီး ငုံးမင်းတို့အနားရောက်လာတယ်။ အဲဒီအချိန်မှာ ငုံးမင်းရဲ့အမိ,အဖဖြစ်တဲ့ ငုံးထီးနဲ့ ငုံးမဟာလည်း သားသမီးကိုစွန့်လွှတ်ပြီး ထွက်ခွာသွားပြီဖြစ်တယ်။ အဲဒီအချိန်မှာ ငုံးမင်းက မှန်ကန်သောသစ္စာစကားကိုဆိုတယ်။ 'ငါသည် ဥမှပေါက်ကာစ သားတစ်သဖွယ်ရှိနေတယ်။ ငါ၏အတောင်များသည်လည်း အသုံးပြုမရသေးတဲ့အတွက် ပျံလို့မရဘူး။ ငါ၏ခြေလက်များသည်လည်း သွားလာနိုင်မှုမရှိသေးဘူး။ အဲဒီအတွက် ငါ၏အမိ,အဖတို့လည်း ငါ့ကိုပစ်ပြီး အဝေးသို့စွန့်ခွာသွားကြပြီ။ ဒီသစ္စာစကားသည်မှန်ကန်သော သစ္စာစကားဖြစ်ပါတယ်။ ဒီသစ္စာစကားသည် မှန်ကန်ခဲ့ပါလျှင် ဒီတောမီးသည် ငါ့အနီးမရောက်မီ လောင်ကျွမ်းမှုရပ်ဆိုင်းပြီး ငြိမ်းပါစေသတည်း'လို့ သစ္စာပြုတယ်။ ဤသစ္စာဆောင်ရွက်မှုကြောင့် တောမီးကြီးသည် ငုံးမင်းအနီးမရောက်ခင် (၁၆)ပယ်လောက်မှာ ဒီတောမီးကြီးဟာ လုံးဝလောင်ကျွမ်းမှုမရှိဘဲ ရပ်သွားရောတဲ့။

မြတ်စွာဘုရားလက်ထက်၊ မြတ်စွာဘုရား ဒီတောကိုကြွတဲ့အချိန် တောမီးကြီးဟာ ဒီလိုပဲလောင်ကျွမ်းတယ်။ လောင်ကျွမ်းတဲ့အခါမှာ ပါလာတဲ့ရဟန်းသံဃာတွေဟာ ဆောက်တည်ရာမရဟိုပြေး၊ ဒီပြေး၊ ဟိုလှုိုထဲဆင်းပြေး၊ ဒီတောင်ပေါ်တက်ပြေးနဲ့ ကြောက်လန့်နေကြတယ်။ အဲဒီအချိန်မှာ စဉ်းစားဆင်ခြင်ဉာဏ်ရှိတဲ့ရဟန်းတော်တွေကနေပြီး 'ငါတို့သည် ကြာပင်၊ ကြာပန်းအောက်မှာနေတဲ့ဖားသူငယ်လိုပဲ ကြာပင်၊ ကြာပန်းရဲ့တန်ဖိုးကို မသိဖြစ်နေကြတယ်။ တို့လည်း ဒီလိုပဲ မြတ်စွာဘုရား အနီးမှာရှိပြီး မြတ်စွာဘုရားရဲ့တန်ခိုးကို မသိဖြစ်နေကြတယ်။ မြတ်စွာဘုရားရဲ့ တန်ခိုးတော်အရ မြတ်စွာဘုရားအနီးအနားနေရင် ဒီတောမီးကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆိုင်းသွားမှာဖြစ်တယ်ဆိုပြီး မြတ်စွာဘုရားအနီးအနားမှာ တစ်စုတဝေးတည်း ရပ်နေကြတယ်။ အဲဒီမီးကြီးဟာ ယခင်အတိုင်းပဲ မြည်ဟည်းပြီး အားလုံးလောင်ကျွမ်းတဲ့အခါမှာ မြတ်စွာဘုရားအနီးမရောက်ခင် (၁၆)ပယ်လောက်အရောက်မှာ တောမီးဟာ ရပ်ဆိုင်းသွားတယ်။

အဲဒီအခါမှာ အားလုံးဟာတအံ့တသြဖြစ်ပြီး မြတ်စွာဘုရားကို လျှောက်ထားကြတယ်။ လျှောက်ထားကြတဲ့အခါ မြတ်စွာဘုရားက ငုံးမင်းဘဝကသစ္စာပြုခဲ့တာတွေကို ပြန်လည်ပြောပြတဲ့အခါကျတော့ ဒီမှာသစ္စာတန်ခိုး၊ သစ္စာစွမ်းအားသည် ဘယ်နေရာဖြစ်ဖြစ်တည်တယ်ဆိုတဲ့အကြောင်းကို သိရှိရတယ်။ အဲဒီတော့ သားတို့၊ မောင်အောင်တို့ကလည်း ဒီသစ္စာအတိုင်းတည်ပြီး တို့သုံးဦးကလွဲပြီး ဘယ်သူမှမသိအောင်ဆောင်ရွက်ဖို့လိုတယ်”ဟု ပြောပြသည်။

ဘဘ၊ မောင်အောင်နဲ့ နောင်နောင်တို့ ထမင်းစားပြီးချိန်ဟာ (၁၂)နာရီထိုးဖို့နီးပြီဖြစ်၏။ အဲဒီအချိန် ဘဘလှိုင်လည်း ကမန်းကတမ်းလက်ဆေး၊ စားပြီးတဲ့ပန်းကန်တွေထားပြီး၊ ဂူအထဲကို ဝင်သွားကြရင်း ရေတံခွန်အနားကိုအရောက်သွားကြတော့၏။ အရောက်သွားပြီး (၁၂)နာရီတိတိထိုးမယ့်အချိန်ကိုပဲ စောင့်နေကြရ၏။ အဲဒီစောင့်နေရသည့်အချိန်ဟာ (၁၂)နာရီထိုးဖို့ (၁၅)မိနစ်ဆိုပေမယ့် သာမန်အတိုင်း(၁၅)မိနစ်သည် ကွမ်းတစ်ယာညက်ခန့်သာသာအချိန်ပါပဲ။ ခဏလောက်နေပြီး ကြာမြင့်ချိန်မသိလိုက် မသိဘာသာအချိန်ကလေးမှာ ဒီ(၁၅)မိနစ်သည်ပြည့်သွားတော့၏။ ဒါပေမဲ့ အခု(၁၅)မိနစ်ဆိုတဲ့အချိန်ဟာ နေကြီးမွန်းတည့်အောင်စောင့်နေရတာ သာမန်အတိုင်းတွက်ကြည့်ရင် တစ်ကမ္ဘာကြာတယ်လို့ပဲ ထင်နေရသည်။ ဒီအချိန်ဆိုတဲ့ နေရာဒေသအလိုက် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းရဲ့အနှေးအမြန်၊ အရေးကြီးမှု၊ ငွေကုန်မှု၊ အခြေအနေအလိုက်အချိန်ဟာ နှေးခြင်း၊မြန်ခြင်း၊





ဆန့်ခြင်း၊ကျုံ့ခြင်း၊ ဒါတွေကို နောင်နောင်သတိထားမိတော့သည်။

အခုစောင့်နေရတဲ့ (၁၅)မိနစ်ဆိုတာကလည်း တစ်ကမ္ဘာလောက်ကြာတယ်လေ။ ဒါပေမဲ့ နောက်ထပ်(၁၅)မိနစ်ကနေ စက္ကန့်နဲ့တွက်သွားတဲ့အခါ စက္ကန့်(၃၀)လောက်ဆိုတာကလည်း (၁၅)မိနစ်ထက် ပိုပြီးတော့နှေးနေပြန်ရော၊ ဒီစက္ကန့်(၃၀)အလိုဟာ ခုနက (၁၅)မိနစ်လိုပဲ တစ်ကမ္ဘာကြာတယ်လို့ထင်နေရပြန်ရော။ဒါကြောင့် အချိန်ဆိုတဲ့အရာသည် လူသားတွေအားလုံးအတွက် နေရာပြောင်းလဲမှု၊ အကြောင်းအရာပြောင်းလဲမှုတွေကြောင့် တူညီမှုမရှိဘဲ ပြောင်းလဲမှုတွေရှိနေနိုင်သလားလို့ တစ်ခါတစ်လေ ဆန်းစစ်မိတယ်လေ။ အဲဒီကနေ (၁၂)နာရီတိတိထိုးတဲ့အချိန်မှာ နေရောင်ဟာ တဖြည်းဖြည်းချင်း ဒီမြေပုံရဲ့အလယ်ခပ်ကျကျနေရာကိုထိုးလာတာတွေ့ရ၏။ အပေါက်နှစ်ခုကလည်း တစ်ခုနှင့်တစ်ခုမကပ်ပေ။ ဘဘလှိုင်က ဘော(လ်)တစ်ချောင်း၊ နောင်နောင်က ဘော(လ်)ပင်တစ်ချောင်းကိုင်ပြီး နေရောင်လည်း တည့်တည့်ကျလာရော နေရောင်တစ်ခုက ညာတကုတ်ဂူ၊ နောက်နေရောင်တစ်ခုက နတ်ကျူးတောရဂူနေရာတစ်ခုတို့ကို တည့်တည့်နေရောင်တွေထိုးနေတာ တွေ့ရသည်။ နောင်နောင်ကထပြီး . . .

“ဒီနေရာအတိအကျရောက်တာတော့ အံ့သြစရာကောင်းတယ်နော်. . . ဘဘ”ဟု ပြောရာ . . .

ဘဘလှိုင်က “ဒီတစ်ခါတော့ အောင်ပြီပေါ့ သားရယ်” ဟု ပြောပြီး မြေပုံကြီးကို ပြန်လည်ရုပ်သိမ်းလိုက်ကြသည်။

“မောင်အောင်. . . ဒါတော့ တို့ဘဝအားလုံးအတွက် အရေးအကြီးဆုံးပဲ၊ မင်းဘယ်သူ့ကိုမှ ပြောပြခွင့်မရှိဘူး”ဟု ဆိုကာ မောင်အောင်ထံ မြေပုံလိပ်အပ်လိုက်တော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

ဘဘလှိုင်၊ နောင်နောင်နဲ့ မောင်အောင်တို့ ပိတ်ချင်းမြောင်ဂူထိပ်ဝကို ထွက်လာချိန်မှာ အားလုံးကဝမ်းပန်းတသာနဲ့ ဘဘလှိုင်အား လျှို့ဝှက်အဖြေတွေ ဖော်ထုတ်လို့ရပြီလားဆိုပြီး မေးကြရာ ဘဘလှိုင်က . . .

"နောက်တစ်ဆင့်ကျန်သေးတယ်ကွာ၊ တို့အသေအချာ မသိသေးပါဘူး"ဆိုပြီး သောင်မတင် ရေမကျစကားပဲပြောပြီးတော့

"ကဲ. . . အားလုံးပြန်ကြမယ်"လို့ လှမ်းအော်ကာ ပိတ်ချင်းမြောင်ကနေ ဆက်ထွက်လာကြတယ်။

အဲဒီကနေ အိမ်ကြီးရောက်တဲ့အခါကျတော့မှ ဘဘလှိုင်ရယ်၊ နောင်နောင်ရယ်၊ မောင်အောင်ရယ် အပေါ်ထပ်ရှိ ဘုရားခန်းထဲမှာ ဆုံကြတယ်။

"ကဲ. . . သားရယ်၊ တပည့်မောင်အောင်ရယ် တို့တစ်တွေက ကိစ္စအားလုံးကိုလည်း ဂဃနဏသိထားကြပြီ။ အခုမွန်းတည့်နေရောင်ခြည်ကနေ ပိတ်ချင်းမြောင်ဂူအတွင်းမှ ဒီကြေးပြားစပ်မြေပုံကြီးချပြီးဖော်ထုတ်လိုက်တဲ့အခါ အဓိကပေါ်လာတာက ညာတကုတ်ဂူနဲ့ နတ်ကျုံးတောရ အဲဒီနှစ်ခုတွေအထဲမှာ တို့ပထမ





ဆုံး နတ်ကျုံးတောရကိုဖော်မယ်"

"နတ်ကျုံးတောရဆိုတာကတော့ စပ်သီဟနန္ဒာနဲ့ စပ်ဗလနန္ဒာတို့ ဖော်ပြချက်အရဆိုရင်တော့ တို့ရေတံခွန်ရဲ့ရေကျသောနေရာ၊ နောက်အထဲဝင်ပြီး ရေလုံးရဲ့အလယ်ဗဟိုချက်မမှာ ဂူထဲအလယ်ရှိထင်ရှားသော ကျောက်တုံးမ,ထုတ်ပြီး၊ အဲဒီအောက်ထဲမှာ ဂူထဲတွင် ရေရှိခဲ့လျှင် ယင်းရေ၏အလယ်မှာဖြစ်တယ်။ အဆောက်အဦ(သို့မဟုတ်) အထင်ကရအမှတ်အသားတွေဖြစ်လို့ရှိရင်တော့ အထင်ကရအမှတ်အသားတွေ အလယ်တည့်တည့်မျဉ်းကြောင်းနှစ်ခုဆွဲပြီးဆုံတဲ့နေရာ တောင်၊ ချောက်ကမ်းပါးဖြစ်ရင် တောင်၊ ချောက်ကမ်းပါးရဲ့ အလယ်ဂူပေါက်တွေမှာ၊ အင်းအိုင်ရဲ့အလယ်ငုပ်ပေါက်တွေမှာ ရှာဖွေရမယ်" ဘဘလှိုင် ခဏနားပြီးဆက်ပြောသည်။

"အဲလိုဖော်ပြီးတော့မှ ရရှိမယ်လို့ဆိုတော့ နတ်ကျုံးတောရထဲမှာ ဘာတွေရှိမလဲ။ အဲဒါက အဆောက်အဦလား၊ ရေအိုင်လား၊ တောင်တန်းလား၊ ဂူလား၊ ချောင်ကြီးလား၊ တို့ဘာမှသိမှာ မဟုတ်သေးဘူး။ အဲဒီကိုသွားဖို့တော့ ကျန်တဲ့သူတွေကို တို့မခေါ်တော့ဘူး။ တို့သုံးယောက်ပဲ တိတ်တဆိတ်အစောကြီးထွက်ပြီး သွားရှာမှဖြစ်မယ်။ အဲလိုမဟုတ်ရင် ကျန်တဲ့သူတွေအားလုံးသိကုန်ပြီး တို့လုပ်ရကိုင်ရမယ့်နေရာမှာ အခက်အခဲတွေအများကြီးရှိနိုင်မယ်" ဘဘလှိုင်ရေနွေးငုံ့သောက်ရင်း ဖြေးလေးစွာပြော၏။

"အဲဒီတော့ နက်ဖြန်မနက်စောစောကို သွားမယ်။ ဒီညနေလောက်ကတည်းက မောင်အောင်က ပွေးကောက်ရေတံခွန်ကို မြင်းသုံးကောင်ပို့ထားနှင့်ပြီးပြန်ခဲ့။ မနက်ကျရင် ဒီကထပြီးကားနဲ့သွားမယ်။ အဲဒီရောက်မှ တို့မြင်းထားတဲ့နေရာရောက်ရင် မြင်းနဲ့ဆက်သွားမယ်။ အဲဒီတော့ မောင်အောင်က ပထမညနေတုန်းကတည်းက လုပ်ထားနှင့်၊ ဒီခြံကကောင်တွေ မသိအောင်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



မြင်းကို ဘာကိစ္စအဲဒီကို သွားထားသလဲမေးရင်၊ အဲဒီမှာ လွတ်လွတ်လပ်လပ်အညှောင်းပြေလမ်းလျှောက်နိုင်အောင်ဆိုပြီး သွားပို့ထားတာလို့ပြော။ အဲဒီတော့ မောင်အောင်ညနေကတည်းက စလုပ်ထား။ မြင်းထားတာကလည်း ဘယ်သွားထားတယ်ဆိုတာ ကျန်တဲ့လူမသိအောင် စပြီးဆောင်ရွက်”

“စိတ်ချပါ ဘဘ”

မောင်အောင်က ညနေကျတော့ ကားကြီးတစ်စီးပေါ်မှာ မြင်းတွေကိုတင်ပြီး မောင်းထွက်သွားရာ ကျန်တဲ့သူတွေက သံသယဖြစ်ပြီး မေးကြ၊ မြန်းကြသည်။ ဘဘမှာထားသည့်အတိုင်း ‘မြင်းတွေ ဒီအထဲမှာအညှောင်းမိနေလို့ အခြားအဝေးသွားနိုင်လာနိုင်အောင်ပို့တာပါ’ဟု ဆိုကာ ရေငယ်မှာရှိသော ဘဘလှိုင်တို့ခြံထဲကို သွားပို့ထားနှင့်လိုက်၏။ ပို့ထားပြီး ပြန်လာရာ၊ နောက်နံနက်စောစောတွင်မှ ဘဘလှိုင်နဲ့ နောင်နောင်တို့ကားကို ကမန်းကတန်းမောင်းထွက်လာတော့၏။ အရေးကြီးတဲ့အချိန်ဆိုတော့ လုံခြုံရေးကို အဓိကထားနေကြသည်။ လုံခြုံရေးကို အဓိကမထားပါကလည်း လုပ်ရမယ့်ကိစ္စတွေအားလုံး အခက်အခဲတွေဖြစ်ကုန်မှာ သေချာတော့၏။

ရေငယ်ရောက်ချိန်သည် ရောင်နီပျို့လာသော ဝေလီဝေလင်းအချိန်၊ အဲဒီရောက်မှ မြင်းသုံးကောင်ကို ကုန်းနှီးတွေအသင့်ပြင်ပြီးစီးလာခဲ့ကြ၏။ ရေငယ်နဲ့ နတ်ကျွံးတောရသည် (၂) မိုင်လောက်ဖြစ်၍ မြင်းနှင့်စီးသွားကြရသည်မှာ အနည်းဆုံးနာရီဝက်နီးပါးကြာသည်။ ကတ္တရာလမ်းဘေးရှိ လှည်းလမ်းကလေးအတိုင်းစီးလာရာ ဝေလီဝေလင်းနှင်းမှုန်မှုန်ဝါးဝါးတွင် ဘဘလှိုင်သည် နှာစီးမှာစိုး၍ ခေါင်းမှာပဝါကြီးပေါင်းပြီး မြင်းကိုလေးဘက်ကျစီးသွားသည်။ ၎င်းကိုနောက်ကနေကြည့်ရသော နောင်နောင့်စိတ်ထဲမှာ ရှေးခေတ်ကို ပြန်ရောက်သွားသလိုပင်။ ဘဘကတော့





ရှေးခေတ်က မင်းစိုးရာဇာအတိုင်း မြင်းကြီးစီးသွားရာ၊ နောင်နောင်ကား ဘောင်းဘီရှည်နဲ့ ပစ်စတိုကိုခါးမှာချိတ်၊ ဝေ့(စ်)ကုတ်နဲ့မို့ကြည့်လိုက်လျှင် တကယ့်ကောင်းဘွိုင်တစ်ယောက်၊ မောင်အောင်ကတော့ ကွန်မန်ဒိုအကျီ၊ ကွန်မန်ဒိုဘောင်းဘီနဲ့ တောဆောင်းဦးထုပ်နဲ့ သူကတော့တကယ့် ဒီခေတ်အမေရိကန်စစ်သားပုံစံပေါ်နေ၏။ ဒီသုံးဦးကိုကြည့်ခြင်းအားဖြင့် ရှေးခတ်ရယ်၊ အလယ်ခေတ်ရယ်၊ ခုခေတ်ရယ်ပုံကို ဖြုန်းခနဲကြည့်လိုက်တဲ့သူတွေအနေနဲ့ဆိုရင် တကယ့် တစ္ဆေ၊ သရဲများလာခြောက်သလားလို့ အောက်မေ့မှာ သေချာ၏။

အဲဒီကနေ ကမန်းကတန်းမြင်းကဆုန်ဆိုင်းပြီး စီးသွားကြရာ ပွေးကောက်ရေတံခွန်ကိုလွန်ပြီး ဝက်ဝံဘက်မဆင်းမီ ထုံးဘိုကိုကျော်၊ ဘယ်ဘက်အောက်ထဲ တည့်တည့်ဆင်းသွားသည့်လမ်းအတိုင်းမြင်းတွေကို ဖြည်းဖြည်းနဲ့တောင်ကျောစောက်ကလေးအတိုင်းဆင်းသွားကြ၏။ ဆင်းသွားလျှင် လှည်းလမ်းမရှိတော့ချေ။ ကျွဲတွေ၊ နွားတွေ လွတ်ကျောင်းသောအခါမှာ သုံးတဲ့လမ်းကလေးတွေသာရှိ၏။ အဲဒီလမ်းကလေးအတိုင်း ခရီးက(၁)မိုင် မရှိတရှိသို့ပေမယ့် လမ်းကမတ်စောက်ပြီး၊ လမ်းကလည်း သေချာမရှိသည့်အတွက် ဆင်းရတာပိုပြီးခက်ခဲ၏။ ထိုလမ်းကလေးကို ဆင်းရတာက အနည်းဆုံးနာရီဝက်ကျော်၏။ နာရီဝက်ကျော်ကျော်ဆင်းသွားပြီးသောအခါကျမှ အောက်က ဂဲလောင်းချောင်းက ရေကျသံတွေကို ကောင်းကောင်းကြားနေရပြီ။ တဝေါဝေါနဲ့ ရေတွေစီးဆင်းနေသံက ရေတံခွန်အသေးလေးငါးဆယ်ခုလောက်ရှိတဲ့ ရေတံခွန်လေးက ရေအသံတွေကို နေရာအနှံ့က ကြားနေရ၏။

ဆင်းသွားလျှင် ချုံနွယ်ပိတ်ပေါင်းတွေတိုးရ၏။ တိုးတဲ့အခါ မောင်အောင်က သူ့မှာပါတဲ့ ကွန်ဘတ်ဓားကြီးထုတ်ခုတ်ရှင်းမပြတ်၍ တစ်ချို့အပင်တွေ သူ့ခါးမှာချိတ်ထားတဲ့ ဂျပန်ကင်တိုဓားကြီး



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြီး ထပ်ခုတ်ရာ တစ်ချို့ပေါင်လုံးလောက်ရှိ အပင်တွေကို မပြတ်ချေ။

"မြင်းသွားရတာရော အခက်တွေ့တယ်မဟုတ်လား။ မင်းတို့ အင်္ဂလိပ်မားတွေ၊ ဂျပန်မားတွေ ဘယ်လောက်ကောင်းကောင်း တို့ဗမာဓားကို မမီဘူးဟေ့"ဆိုပြီး နောက်က ဘဘလှိုင်တို့မျိုးနွယ်စဉ်ဆက်ကိုင်ခဲ့တဲ့ ပတ္တမြားကျောက်စီဓားကြီးကို ခါးကနေဆွဲထုတ်ပြီး ခုတ်လိုက်ရာ ပေါင်လုံးလောက်ရှိသစ်ပင်များ တိခနဲပြတ်သွား၏။ ၎င်းမှဆက်ခုတ်လိုက်ပြီး တည့်တည့်ဆင်းသွားရာ ဟိုဘက်ကမ်းရှိဂူကလေးတစ်ခု၊ ဒီဘက်ကမ်းမှာ ဘုရားတည်တဲ့ အုတ်ပုံနေရာလေးတစ်ခု . . .။

"အဲဒါကတော့ တို့ရှာတဲ့ နတ်ကျုံးတောရမဖြစ်နိုင်ဘူး။ ဒီဟာက ဒီခေတ်မှာတည်ထားတဲ့ ဘုရားနဲ့ဂူပဲ။ တို့ ဟိုဘက်ကို ဆက်ခုတ်ကြရအောင်"ဆိုပြီး ဆက်ခုတ်ရာ ခုတ်နေရင်းကနေ အပေါ်ကိုတက်လာ၏။ အချိန်ကြည့်လိုက်ရာ ကိုးနာရီခွဲပြီးလောက်ဖြစ်နေချေပြီ။ အနီးအနားတစ်ဝိုက်အကုန်ခုတ်ပြီးကြည့်ရာ ဘာမှမတွေ့ရချေ။ အပေါ်နားဆက်တက်ပြီး နောင်နောင်တို့ ခုတ်ကြရ၏။ ဘဘလှိုင်လည်းခုတ်ရာ၊ ခုတ်ရင်း၊ခုတ်ရင်းနဲ့ ညာဘက်လမ်းဘေးကို တဖြည်းဖြည်းကိုက်(၅၀၀)ခန့် မြင်းနဲ့တိုးသွား၏။ ရှင်းရင်းရှင်းရင်း ကျောက်တုံးတွေနဲ့ ညီညီညာညာစီထားတဲ့ အုတ်ရိုးသဏ္ဌာန်အုတ်ခုံကြီးတွေကို တွေ့ရချေပြီ။

ဘဘလှိုင်က . . .

"နတ်ကျုံးတောရဆိုတာ ဒါဖြစ်ချင်ဖြစ်နိုင်တယ်။ ကြည့်ရတဲ့ပုံက ဆင်ကျုံး၊ မြင်းကျုံးတွေပဲ"

နောင်နောင်က အတည်ပြုပြော၏။

"ဟုတ်တယ် ဘဘ၊ ဒါ ကျုံးမြို့ရိုးပုံသဏ္ဌာန်ပေါ်နေတယ်။ အထဲမှာ ဆင်တွေ၊ မြင်းတွေထားတဲ့ပုံပဲ"ဆိုပြီး၊ အကုန်လိုက်ခုတ်





လိုက်တဲ့အခါမှာ အဲဒီကျုံးတွေ၊ မြို့ရိုးတွေရဲ့အလယ်တည့်တည့်မှာ ပေ(၂၀၀)လောက်ရှိပြီး၊ အနံ ပေ(၄၀)လောက်ရှိ အုတ်ခုံအကြီးကြီးတစ်ခုကိုတွေ့ရ၏။ တွေ့တဲ့အခါမှ အဲဒီအုတ်ခုံပေါ်ကို အားလုံးတက်ပြီး ဘဘလှိုင်ကပဲ စပြောသည်။

"ဒီအနီးတစ်ဝိုက်မှာတော့ ဒီအုတ်ခုံအကြီးဆုံးပဲ သားရဲ့"

"ဟုတ်တယ် ဘဘ၊ ဒီအုတ်ခုံကတော့ အားလုံးထဲမှာအကြီးဆုံးပဲ" နောင်နောင် မှတ်ချက်ပေးသည်။

"ဒါဆိုရင်တော့ စပ်ဗလနန္ဒာပြောတဲ့ လျှို့ဝှက်စာထဲက အတိုင်းဆိုရင် ဒီအုတ်ခုံကိုပဲ တို့ကထောင့်ဖြတ်မျဉ်းဆွဲပြီး အလယ်တည့်တည့်ကို တူးရမှာပဲ သားရဲ့။ စမ်းကြည့်ကြတာပေါ့"

နောင်နောင်တို့ အဲဒီ အုတ်ခုံကြီးကို အလယ်ထောင့်ဖြတ်မျဉ်းဆွဲ၊ ဆွဲပြီးအလယ်ကျတဲ့နေရာကို တူးကြ၊ ဆွကြ၏။ တူးရင်းတူးရင်းနေ့လယ်မွန်းတည့်လာပြီမို့ ဘဘလှိုင်က . . .

"ကဲ. . . တို့တူးတာလည်း ခါးကျော်သွားပြီ၊ ခုထိမတွေ့သေးဘူး။ ထမင်းစားကြတာပေါ့" ဆိုပြီး ဖက်နဲ့ထုတ်ပြီးအိမ်ကထည့်လာတဲ့ ကောက်ညှင်းနဲ့ တို့ဟူးကြော်ကို လှည်းလမ်းကြောင်းဘေးထွက်ပြီးစားကြ၏။ ဘဘလှိုင်က . . .

"အင်း. . . တို့ခါးလောက်တူးတာလည်း မတွေ့ရသေးဘူး။ ဒီတစ်ခါတော့ တော်တော်လေးစဉ်းစားစရာဖြစ်နေပြီ" အဲဒီမှာ နောင်နောင်က . . .

"ထပ်တူးကြည့်တာပေါ့ ဘဘရာ"ဟု အားမလျှော့ဘဲ ပြောသည်။

"အေး. . တူးတာတော့ဟုတ်တယ်၊ တို့လည်းတော်တော်ပင်ပန်းနေပြီ"

"ရပါတယ် ဘဘလှိုင်ရယ်၊ တပည့်တို့အောက်ခြေရောက်အောင်တူးပါ့မယ်"လို့ မောင်အောင်က တူးရင်းပြောပြီး ဝန်ခံကတိ



www.burmeseclassic.com

www.burmeseclassic.com



မြှုလိုက်သည်။

တွင်းကြီးထဲမှာပါလာတဲ့ပေါက်ပြား၊ တူးရှင်းတွေနဲ့ဆက်တူးကြ၏။ နလးပေလောက်ရောက်တဲ့အထိတူးရာ ဘာမျှမတွေ့တော့။ ဘဘလှိုင်က . . .

"ကဲ. . . ဒါဆိုရင် ဘဘဟိုဘက်ကို တစ်ချက်ကြည့်ဦးမယ်၊ ဒီနေရာ လွဲများလွဲနေသလားလို့"

ဘဘလှိုင်က သူ့ဓားတစ်ချောင်းနဲ့ထွက်သွားပြီးနောက် ပတ်ဝန်းကျင်မှာလည်း တောခုတ်သံတွေကြားနေရ၏။

"ကဲ. . မောင်အောင်ထားခဲ့တော့၊ တို့ ဘဘလှိုင်ကို လိုက်ရှာကြမယ်"ဆိုပြီးထွက်လာကြ၏။ ဘဘလှိုင်က ရှေ့ကိုက်(၂၀၀)လောက်ကို ဆက်ခုတ်သွားရာ နောင်နောင်တို့လည်း အဲဒီအတိုင်းဆက်လိုက်တဲ့အခါ ဟိုဘက်ကျတော့ ဘဘလှိုင်က ခုတ်ရင်းခုတ်ရင်းနဲ့ . . . .

"ဟာ. . ဒီနားက အဆောက်အဦလုပ်သွားတဲ့နေရာပဲ"

"ဟုတ်တယ်. . ဘဘ၊ တိုင်အကျိုးအပဲ့တွေလည်းရှိတယ်၊ ကျွန်းတိုင်တွေပဲ၊ ဒီအုတ်ခုံကြီးက ခုနကအုတ်ခုံကြီးထက် အများကြီးကြီးတာပဲ၊ အလျားပေ(၄၀၀)လောက်ရှိပြီး၊ အနံပေ(၇၀)လောက်ရှိတဲ့ အုတ်ခုံကြီး၊ ခုနက အုတ်ခုံထက်လည်းမြင့်တယ်"

"ဒါများဖြစ်နေသလား မသိဘူး"

"အေးလေ. . မသိဘူး၊ ရှာကြည့်ကြမယ်"

အချိန်ဟာ တော်တော်လေးနှောင်းနေပြီ။ ညနေသုံးနာရီလောက်ရှိနေပြီ။

"ကဲ. , ဒါဆို ဒါကို ဘယ်လိုမျဉ်းဆွဲကြဆိုပြီး . . . "ဆွဲကြ၊ တူးကြ၊ တူးပြီး တစ်နာရီလောက်မှာ မောင်အောင်လည်း ခြေပစ်လက်ပစ်ဖြစ်နေပြီ။

နောင်နောင်က "သွားတူးမယ်လို့" ပြောရာ . . .





"သွား ဘယ်တူးနိုင်မလဲ၊ မင်းက ကလောင်ကိုင်တဲ့လက်နဲ့ ဘယ်တူးနိုင်မလဲ"

"သွားလဲ ယောက်ျားပါ၊ ဖြစ်အောင်တူးပါ့မယ်" မောင်အောင်တူးပြီးတာ တွင်းကနှစ်ပေလောက်ရောက်နေပြီမို့ နောင်နောင်ဆက်တူးလိုက်ရာ နောက်ထပ်တစ်နာရီလောက်ကြာလျှင် သုံးပေလောက်ကျသဖြင့် လူတစ်ရပ်နီးပါးခန့်ဖြစ်နေပြီ။

"ကဲ. . . တူးလို့တောခက်နေပြီ။ ကဲ. . မင်းတို့စိတ်မလျှော့ကြနဲ့၊ ငါဆက်တူးမယ်" ဘဘလှိုင်က အောက်ကိုဆင်းတူးသော်လည်း မတွေ့။

"နောက်ဆုံးတော့ တစ်နည်းစဉ်းစားရမှာပဲ၊ မောင်အောင်ဟိုနားက ဝါးရုံတစ်ခုကို ခုတ်၊ ဝါးကိုချွန်ခဲ့"ဟု ခိုင်း၏။

"အဲဒီဝါးကို မင်းတို့အပေါ်ကနေ ရိုက်ကြ"ဆိုပြီး ဝါးရှည်ကြီးကို အပေါ်ကနေရိုက်ကြရ၏။

တဖြည်းဖြည်းနဲ့ နှစ်ပေလောက်ရိုက်ချရာ 'ဒုတ်ခနဲ'၊ အောက်မှထိသွားတဲ့အသံကို ကြားရ၏။

"ဟာ. . အောက်မှာတော့ တစ်ခုခုတွေ့နေရပြီ ဘဘရဲ့"

"အေး. . ဟုတ်တယ်၊ ဒီတစ်ခါတော့ သေချာတယ်"

မောင်အောင်လည်း အားတက်သရောနဲ့ အဲဒီဝါးလုံးကို ဖက်ပြီးဆင်းလိုက်သည်။ အောက်တွင် ဘဘလှိုင်နဲ့ မောင်အောင်တို့ ဆက်ပြီးတူးလိုက်ရာ တစ်ပေကျော်၊ နှစ်ပေနီးပါးရောက်လျှင်

"ဟော. . . ဘဘလှိုင်. . . တွေ့ပြီ. . . တွေ့ပြီ"

"ဘာလဲ"ဆိုပြီး အောက်ကနေဖော်လိုက်ရာ စဉ့်အိုးကြီးတစ်လုံးဖြစ်နေ၏။ နောင်နောင်ကကြိုးချပေးပြီး အဲဒီကြိုးနဲ့ စဉ့်အိုးကြီးရဲ့ဘေးမှာရှိတဲ့ လျှိုပြီးထမ်းရတဲ့ အပေါက်ကလေးတွေကိုကြိုးကြိုးထည့်ပြီးအပေါ်ကို သုံးယောက်စလုံးတက်ပြီးနောက် တုတ်နဲ့လျှိုပြီး တဖြည်းဖြည်းချင်းမရာ မ,တော့လည်း စဉ့်အိုးအလေးချိန်



www.burmeseclassic.com

www.burmeseclassic.com



သိပ်များ၍မနိုင်ချေ။ နောက်ကြိုးတစ်ချောင်းထပ်ချည်၊ ချည်ပြီး တစ်ဖက်ကထပ်ဆွဲလိုက်သောအခါ စဥ့်အိုးကြီးလည်းအပေါ် ရောက် [illegible]။

စဥ့်အိုးကြီးအပေါ်ကို အိုးအသေးတစ်ခုမှောက်ပြီး အုပ်ထားတာကို တွေ့ရ၏။ အဲဒီအိုးအသေးကို အပေါ်ကရွှံ့တွေနဲ့ မံထားတော့ လုံးဝအပိတ်ဖြစ်နေရာ အိုးကိုလှည့်ပြီးချွတ်မရ၍ နောင်နောင်လည်း စိတ်မရှည်တော့ဘဲ တူးရွင်းပြားဖြင့် ခွမ်းကနဲ ရိုက်ခွဲလိုက်ရာ ဘဘလှိုင်မှ . . .

"အေးအေးဆေးဆေးလုပ်ပါ သားရယ်၊ ဒီဟာလေးတစ်ခုခုထိခိုက်သွားရင် အခက်အခဲဖြစ်နိုင်တယ်"

"ဒါလောက်ကြာနေမှတော့ ပျက်စီးချင်လည်း ပျက်စီးရောပေါ့ ဘဘရယ်"

အထဲကြည့်လိုက်လျှင် ကြေးပုရပိုက်များ အထပ်လိုက်တွေ့ရ၏။ ကြေးပြားအရှည်က အပြားတစ်ထောင်ကျော်လောက်ဖြစ်ပြီး ကြေးပုရပိုက်ကတော့ တစ်ထပ်ကြီးဖြစ်သည်။ ဘဘလှိုင်က

"ကြေးပြားကတော့ ကြေးပြားအလျောက်တန်ဖိုးရှိမှာပေါ့ကွာ၊ ဒါပေမဲ့ ကြေးပုရပိုက်ကတော့ တို့လိုချင်မယ့် အချက်အလက်တွေကိုအကုန်ပေးမယ့်သဘောပဲ၊ ကဲ. . . ဒါကိုတော့ တို့အသက်နဲ့လဲပြီးကာကွယ်ရမယ်။ မောင်အောင်ကလည်း အရင်ကသစ္စာဆိုထားတဲ့အတိုင်းပဲ။ ဒါကိုတော့ ကတိတည်စွာနဲ့ ဆောင်ရွက်ရမယ်"

ဂုင်းပုရပိုက်တွေကိုကြည့်လိုက်သောအခါ ထူးဆန်းသည့် ဂူကြီးအကြောင်းဆိုသည့် စာတမ်းတွေ့ရ၏။ ဘဘလှိုင်လည်း ကမန်းကတန်းဖတ်နေသဖြင့် နောင်နောင်က . . .

"ဘဘ. . . အလင်းရောင်လည်း နည်းနေပြီ။ မှောင်တော့မှာ ကျွန်တော်တို့ ဒီကနေဆက်တက်ပြီး ကားလမ်းကိုမမှောင်ခင် ရောက်ထားမှအတော်ဖြစ်မှာ ဘဘရ"





"အေးလေ. . . သွားကြတာပေါ့"

ကြေးပုရပိုက်တွေကို ဘဘလှိုင်မှ သူ့မြင်းပေါ် အထုပ်လိုက်တင်၏။ နောင်နောင်နဲ့ မောင်အောင်က ကြေးပြားတွေကို တစ်ယောက်တစ်ဝက်အိတ်ထဲထည့်၊ မြင်းပေါ်တင်ပြီး ဆက်တက်၏။ အလေးချိန်က သိပ်များ၍ မြင်းတွေအပေါ် မတက်နိုင်ဖြစ်နေသောကြောင့် မြင်းတွေကိုဆွဲကားအားလုံးတအိအိနဲ့ တက်လာကြ၏။ မယူခဲ့ရသော စဥ့်အိုးကြီးကို နတ်ကျုံးတောရဘေးက ချုံတစ်ခုတွင် အမှတ်အသားပြုပြီးထားခဲ့ကြ၏။ အပေါ်ကိုရောက်လာကြသောအခါ လုံးဝမှောင်နေပြီ။ မောင်အောင်တို့လည်း မြင်းထားမယ့်နေရာသို့ မြင်းကိုစီးသွားပြီးနောက် မြင်းထားကာ ကားဖြင့် မောင်းပြန်လာရာ အိမ်ကြီးရောက်ချိန်သည် ည(၈)နာရီ၊ (၉)နာရီခန့်ရှိနေပြီဖြစ်သည်။

"ကဲ. . မောင်အောင်လည်းနား၊ သားနောင်နောင်လည်းနား၊ မနက်မှ အေးအေးဆေးဆေးပြောကြတာပေါ့" ဆိုပြီး ပုရပိုက်တွေ၊ ပစ္စည်းတွေကို သေတ္တာတစ်ခုထဲထည့် သော့ခတ်ပြီး လုံလုံခြုံခြုံထားလိုက်တော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

ကြေးပုရပိုက်များကို အလျင်အမြန်ထုတ်လိုက်သည်။ စိတ်ဝင်စားစွာ သေချာဖတ်ကြည့်လိုက်သည်။

"သားကြီးရေ . . . ဒီကြေးပုရပိုက်တွေဖတ်ဖို့တော့ တော်တော်ခက်မယ်ဟေ့"

"ဘာဖြစ်လို့လဲ ဘဘ"

"သားကလည်းကွာ၊ ရှေးစာလုံးတွေမှန်းမသိ၊ ရှမ်းစာတွေမှန်းမသိ၊ ဘယ်လိုမှ မှန်းလို့မရဘူးဟေ့"

"အင်း . . . ရှေးစာတွေဆိုရင်တော့ ပေစာတို့၊ ပုရပိုက်စာတို့ဖတ်ဖို့ စစ်တက္ကသိုလ် သမိုင်းဌာနကဗိုလ်မှူးကြီးကျော်ဇောကို အကူအညီတောင်းရမှာပဲ ဘဘ"

"အေးပါ သားရာ၊ ရှမ်းစာဆိုလည်း မခက်ပါဘူး၊ စပ်သီဟနန္ဒာကို ရှာတွေ့ရင် သူ့ကိုဖတ်ခိုင်းမှာပေါ့"

"စပ်သီဟနန္ဒာကို ဘဘတွေ့နေလို့လား"

"ဟာ . . . မတွေ့သေးပါဘူး သားကြီးရာ၊ သူ့တွေ့ရင်တော့ အကောင်းဆုံးပေါ့၊ သူမတွေ့သေးလည်း ဦးစိုင်းမောင်တင့်ရှိတာပဲ သားကြီးရာ၊ သူခိုင်းမှာပေါ့"

ဘဘက ပုရပိုက်တွေကို ဘေးရှိနံရံကပ်ဗီရှိုတွင် ထည့်





ကာ သော့ခတ်၏။ သို့သော်ကြေးပြားများကိုတော့ အခန်းထောင့်တွင် ချထားခဲ့လေ၏။

"ကဲ . . . အိပ်ကြမယ်ဟေ့၊ ညဥ့်လည်းနက်လှပြီ"

နောင်နောင်က အခန်းသော့ခတ်ပြီး အပေါ်ထပ်တက်လာခဲ့သည်။

အပေါ်ထပ်ရောက်၍ ရေမိုးချိုးပြီး ထမင်းဆင်းစားလိုက်သည်။ ထမင်းစားပြီးနောက် အပေါ်ထပ်တက်ခဲ့ရာ လှေကားထစ်များရှိ ကြေးပြားများကိုကြည့်ရင်း တက်လာရာမှ တူးဖော်ရရှိခဲ့သော ကြေးပြားများကို သတိရသွားသည်။ ဒီကြေးပြားတွေနဲ့ပတ်သက်တာအကြောင်းတစ်ခုခုတော့ရှိရမည်။ နောင်နောင် ချက်ချင်းပင် ယင်းပစ္စည်းများထားသည့် ထောင့်ခန်းကိုလာခဲ့သည်။ တံခါးသော့ကို ဖွင့်လိုက်၏။ ထိုသို့ဖွင့်စဉ်မှာပင် အခန်းထဲ၌ခပ်အုပ်အုပ်ထိုးနေသည့် မီးရောင်ကိုတွေ့လိုက်ရသည်။ နောင်နောင်တံခါးကို ဆွဲမဖွင့်သေးဘဲ အသာလေးရပ်လိုက်၏။ မီးရောင်၏ရွေ့လျားနေသည့် ခြေသံမှာလည်း ညင်သာလှပေသည်။ သို့ဖြစ်ရာ နောင်နောင်သည် တံခါးကိုအသာအယာဆွဲဖွင့်ဖို့အချိန် စောင့်နေလိုက်သည်။ အခန်းထဲမှ 'ချွမ် ခရွမ်'ဟု ကြေးပြားအိတ်များ ရွေ့သံပေါ်ထွက်နေချိန်တွင် တံခါးကိုအသာဆွဲဖွင့်လိုက်သည်။ ခြေသံကိုမကြားအောင် ရွေ့လျားပြီး၊ မီးခလုတ်အနီးသို့ ကပ်လိုက်၏။ ထို့နောက် လက်ထဲတွင် ပွိုင့်တူးတူးပစ္စတိုကို အသင့်ကိုင်ကာချိန်တွယ်ထားရင်း မီးခလုတ်ကိုဖျတ်ခနဲ ဖွင့်လိုက်၏။

"တစ်ယောက်မှ မလှုပ်ကြနဲ့၊ လှုပ်ရင်တော့ အပစ်ပဲ"

"မလှုပ်ပါဘူး သားကြီးနောင်နောင်ရယ်၊ ဘဘက စပ်သီဟနန္ဒာပါ သားရဲ့"

"ဟာ . . ဘဘကလည်း ဘာလာပြီးညာနေရတာလဲ။ ဘဘစပ်သီဟနန္ဒာက ရေထဲကျပြီး သေသွားပြီပဲဟာ အခုလည်း



www.burmeseclassic.com

www.burmeseclassic.com



သားတို့တူးဖော်လာတဲ့ ပစ္စည်းတွေခိုးမလို့ မဟုတ်လား"

"မဟုတ်ရပါဘူး သားရယ်၊ ကြီးတောင့်ကြီးမားနဲ့ ဘဘ မဟုတ်တာ မပြောဝံ့ပါဘူးကွယ်"

"ဒါဖြင့်ရင် ဘဘက ဘာကြောင့် ဒီအခန်းထဲရောက်နေရတာလဲ၊ ဒီအခန်းထဲကို ဘယ်လိုလုပ်ရောက်နေရတာလဲ"

"ကဲပါ . . အဲဒီအမေးရဲ့တချို့တဝက်ကို ဖြေလိုက်ရင်၊ သားကြီးနောင်နောင် သဘောပေါက်သွားမှာပါ၊ ကဲ. . . သားကြီးမေးတဲ့ အမေးကို မေးခွန်းနဲ့ပဲ ဘဘဖြေပါ့မယ်ကွယ်၊ သားကြီးပဲ အခန်းတို့ တံခါးဖွင့်ဝင်ခဲ့တယ်၊ နောက်ပြီး ဘဘတို့ဒီအထဲဝင်တာ ဘယ်တံခါးတွေများ ခြေရာလက်ရာပျက်သလဲ စစ်ဆေးကြည့်ဦး"

နောင်နောင်သည် သေနတ်ကိုချိန်ထားရင်း၊ သတိကြီးစွာဖြင့် အခန်းတံခါးတွေ၊ ပြတင်းပေါက်တွေကို စစ်ဆေးကြည့်လိုက်၏၊

ခြေရာလက်ရာမပျက်တွေ့နေရ၍ နောင်နောင်အံ့ဩစွာ ဖြန်ပြီးမေးခွန်းထုတ်မိပြန်၏။

"ဟုတ်တယ်ဗျာ၊ ဘဘတို့ ဘယ်ကနေဝင်လာတာလဲ၊ ခြေရာလက်ရာလည်း မပျက်ဘူး၊ သားကို အခြေအနေပြန်ရှင်းပြပါဦး"

လေသံအနည်းငယ်ပျော့ပျောင်းသွားချေပြီ။

"ဟုတ်တယ် သားရယ်၊ အသေးစိတ်ကိုတော့ မင်းတို့ ဘဘလှိုင်လာမှပြောပြမယ်၊ ဟောဒီသော့ကလည်း မင်းဘဘလှိုင်ကကြေးပုရပိုက်ထားတဲ့ ဗီရိုကိုဖွင့်ပြီး ပုရပိုက်စာတွေ ဖတ်ဖို့ခိုင်းလိုက်တာကွယ်"

ပြောရင်းပင် အဘိုးကြီးသည် ဗီရိုကိုဖွင့်လိုက်ချေပြီ။

"အင်းပါ ဒါဆို သားလည်းယုံပါပြီ။ လောလောဆယ်တော့ ဘဘလှိုင်ကိုခေါ်ပြီး ညှိခန်းထဲမှာပြောကြတာပေါ့ ဘဘရာ"

"နေဦးသားရေ၊ ဘဘတို့အရေးကြီးတာ ဒီကြေးပြား





အမည်းတွေကိစ္စပဲ၊ အဲဒီထဲက နမူနာသုံးပြားယူမယ်၊ ဒီအခန်းကို သားပိတ်ပြီး နန္ဒဝန်ညှိဆောင်ကို သွားနှင့်၊ ဘဘတို့လိုက်ခဲ့မယ်"

"ဒီညှိခန်းထဲမှာ ဘာဖြစ်လို့လဲ ဘဘရဲ့"

"မဟုတ်သေးဘူး၊ ထူးနန္ဒာက ဘဘကို တွေ့မသွားဖို့အရေးကြီးတယ်၊ အဲဒါကြောင့် အပြင်က သော့ခတ်ထားလိုက် သားရေ၊ နောက်ပြီး သားကတောင်ကုန်းပေါ်က ညှိဆောင်ကိုသွားနှင့်ကွဲ့၊ ဘဘလိုက်ခဲ့မယ်"

နောင်နောင်လည်း ဘာမှပြန်မမေးတော့။ တောင်ကုန်းပေါ်ရှိ ညှိရိပ်သာဆောင်သို့သွားနိုင်ရန် အစီအစဉ်လုပ်လိုက်ရတော့သည်။

ဘဘလှိုင်ဆီဝင်တွေ့ပြီး၊ ဘဘလှိုင်ဆီကနေ ဆင်းလာရာ နောင်နောင့်စိတ်ထဲတွင် နားမရှင်းတာတစ်ခုမေးရန်အတွက် စပ်သီဟနန္ဒာကို တွေ့ခဲ့သောအခန်းသို့ တံခါးသော့ဖွင့်ကာပြန်၍ ဝင်ခဲ့လေသည်။ သို့သော်အခန်းတွင်းရောက်သောအခါ စပ်သီဟနန္ဒာနှင့် သူ့တပည့်ကိုမတွေ့ရတော့ပေ။ ပြတင်းပေါက်နှင့်အခြားထွက်နိုင်သော အပေါက်တို့လည်း လုံးဝမတွေ့ရပေ။ နောင်နောင်တစ်ချက်ပြုံးလိုက်မိသည်။

"အင်း. . . ငါတွေးတာတော့ မှန်နေပြီ"

စိတ်ထဲမှရေရွတ်ရင်း၊ ဘဘစပ်သီဟနန္ဒာတို့စောင့်ဆိုင်းနေသော ညှိရိပ်သာဆောင်သို့ထွက်လာခဲ့လေသည်။

နောင်နောင် ညှိရိပ်သာဆောင်ကို အပြင်မှသော့ဖွင့်ပြီး ဝင်လိုက်သည်။

အထဲရောက်သောအခါ ဘဘစပ်သီဟနန္ဒာတစ်ဦးတည်း ထိုင်နေသည်ကို တွေ့ရသည်။

နောင်နောင် အားရပါးရပြုံးလိုက်မိလေသည်။ ဒီတစ်ခါတော့ နောင်နောင်တွေးထားတာ မမှားတော့တဲ့အပြင် သေချာ



www.burmeseclassic.com

www.burmeseclassic.com



ပေါက် မလွဲနိုင်တော့ဘူးဟုလည်း ခိုင်မာစွာတွေးလိုက်တော့၏။ အဲဒါအပြင် မြွားနဲ့ပစ်လိုက်တာတွေဟာလည်း ဒီအခန်းကနေ အပြင်ထွက်ပြီး ပစ်ခြင်း၊ နောက်ဒီအခန်းထဲဝင်ပြီး ပျောက်သွားခြင်း၊ အားလုံးတို့ကိုပါ ရုပ်ရှင်ကားတစ်ကားကြည့်သလို ထင်ထင်ရှားရှား မျက်စိတွင်ပေါ်လွင်လာတော့သည်။

"သားကြီးရဲ့ ဘဘလှိုင်ကော"

"လိုက်လာမှာပါ ဘဘ"

"သားကြီး ထိုင်လေ"

"ဟုတ်ကဲ့ပါ။ ကျွန်တော် ဘဘစပ်သီဟနန္ဒာကို မေးရဦးမယ်"

"မေးပါ သားရဲ့"

"ဘဘ. . မြားပစ်တော်တော်တည့်သလားဟင်"

"တည့်တာပေ့ါ သားရဲ့၊ ကြည့်လို့ရတယ်ဆိုရင် ယင်ကောင်ကိုတောင် ဘဘထိအောင်ပစ်နိုင်တယ် သားရဲ့"

"နောက်ပြီး အောက်ထဲမှာတွေ့နေကြတာ ဘဘစပ်သီဟနန္ဒာရယ်၊ နောက်ပြီး ဘယ်သူရှိသေးလဲဟင်"

"ဟိုဂျပုရယ်၊ ဘဘရယ်၊ နောက်ပြီး စကားမပြောတတ်တဲ့ကလေးတစ်ယောက်ရယ်ပဲပေ့ါ သားရဲ့"

"ဒါတွေကို ဘဘလှိုင် သိသလားဟင်"

"သူ စီစဉ်ပေးတာပါ သားကြီးရာ"

'ဒါဆို စိုင်းပေါက်တို့၊ စိုင်းဝဏ္ဏတို့ကရော"

"သူတို့ကတော့ ဘဘတို့ ဆွေစဉ်မျိုးဆက်ကိုလိုက်ဒုက္ခပေးနေတဲ့ကောင်ပဲ၊ စိုင်းဝဏ္ဏအဘိုးက တို့ကိုအမိကအနှောင့်အယှက်ပေးခဲ့သူပဲပေ့ါ သားရယ်၊ အဲဒီနှောင့်ယှက်မှုတွေက လွတ်အောင်လို့ ဘဘကခြေရာဖျောက်ထားခဲ့ရတယ်။ အခုလည်း သူတို့ကို အသိမပေးဘဲနေမှရမယ် သား၊ ဒါ့ထက်ပိုအရေးကြီးတာက





သမီးလေးထူးထူးမသိဖို့ ပိုအရေးကြီးတယ် သားရယ်"

"စိတ်ချပါ ဘဘစပ်သီဟရယ်၊ ဒါ့အပြင် ဘဘမသေဘဲနဲ့၊ ဒီရောက်လာတဲ့အကြောင်းလေးတွေကို သားသိပ်ကို သိချင်တာပဲ ဘဘရယ်"

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

ဘဘစပ်သီဟနန္ဒာပြောပြသည့် ဘဘစပ်သီဟနန္ဒာ၏ အကြောင်းတို့မှာကား စိတ်ဝင်စားစရာလည်းကောင်းလှ၏။ သည်းထိတ်ရင်ဖိုဖွယ်လည်းရှိ၏။ ကြေကွဲလွမ်းမောဖွယ်လည်း ကောင်း၏။ ဘဘစပ်သီဟနန္ဒာ ပြောပြမှသာ ထွဏ်းထွဏ်းနှင့် ထူးထူးသည် ဘဘ၏တူနှင့်တူမများဖြစ်ကြောင်း သိရတော့၏။ ထွဏ်းထွဏ်းနှင့် ထူးထူးတို့သည်ကား နန်းစွန့်စော်ဘွားတစ်ပါးဖြစ်သူ၏သား ကျမိုင်းလေးစပ်ဗလနန္ဒာ၏ဖခင် နန်းစွန့်စော်ဘွားကြီး၏ပစ္စည်းများသည် များပြားလှသောကြောင့် ယင်းပစ္စည်းများအပိုင်စီးနိုင်ရေးအတွက် စိုင်းဝဏ္ဏ၏ဖခင်စပ်ပင်းဟုန်က ဉပါယ်တံမျဉ်ဖြင့် ထောင်ချောက်ဆင်ခဲ့၏။ စပ်ဗလနန္ဒာ ယင်းထောင်ချောက်သို့သက်ဆင်းခဲ့ရသည့်ပြင် ဉပဒေစက်ကွင်းမှလွတ်အောင်ပုန်းရှောင်ရင်း သေဆုံးခဲ့ရသည်။ ယင်းသို့ စီးပွားလည်းဆုံး၊ အသက်လည်းဆုံးဖြစ်ချိန်တွင် စပ်ဗလနန္ဒာ၏ဘဏ္ဍာစိုးလည်းဖြစ်၊ အစ်ကိုဝမ်းကွဲလည်းတော်သော စပ်သီဟနန္ဒာမှာအမြွာကလေးနှစ်ယောက်အားခိုးယူကာ ဝေးရာသို့ထွက်ပြေးခဲ့ရသည်။ ထို့ပြင်စပ်ဗလနန္ဒာ၏အဆက်အနွယ်များဖြစ်သော မျိုးနွယ်ဆက်နီးစပ်သူများမှာလည်း အကြောင်း





အမျိုးမျိုးကြောင့် တိုက်တိုက်ဆိုင်ဆိုင်ဆုံးပါးကုန်ကြပြီဖြစ်၏။ သို့ဖြစ်၍ စပ်ဗလနန္ဒာ၏တိုက်တာခြံမြေများ၊ လယ်ယာများ၊ လက်ဖက်ခြံ၊ လိမ္မော်ခြံစသည်တို့မှာ စိုင်းဝဏ္ဏတို့မိသားစုက ပိုင်ဆိုင်နေကြပြီဖြစ်သည်။ သို့သော်သူတို့အထင်တကြီးရှာဖွေနေကြသော ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားစသည့်အဖိုးတန်ပစ္စည်းများကား လုံးဝမတွေ့ရပေ။ ထိုသောအခါ ကျိတ်မနိုင်ခဲမရဖြစ်ပြီး စိုင်းဝဏ္ဏတို့သည် တပည့်တပန်းများစုစည်းလျက် စပ်သီဟနန္ဒာကို ခြေရာခံကာလိုက်ခဲ့ကြသည်။ နောင်နောင်တို့နှင့် ထူးနန္ဒာတို့ ပိတ်ချင်းမြောင်ဘေးဝဲလောင်းချောင်းတံတားပေါ်တွင် စတွေ့ခဲ့သောနေ့သည်ကား အမှန်တိုက်ဆိုင်လှသောနေ့ဖြစ်ပေသည်။ ယင်းနေ့တွင် စိုင်းဝဏ္ဏတို့သည်လည်း ဘဘစပ်သီဟနန္ဒာကို ခြေရာခံမိကာ ဘဘစပ်သီဟနန္ဒာထံမှ ပုရပိုက်အထုပ်ကြီးရယူနိုင်ရေးကြိုးစားခဲ့ပေ၏။ ထိုပုရပိုက်ကြီးရရှိတော့မည့် လက်တစ်ကမ်းအလိုတွင် ပိတ်ချင်းမြောင်မှ ရေနီလုံးကြီးများကျလာခဲ့သည်။ ဘဘစပ်သီဟနန္ဒာသည်လည်းကောင်း၊ ပုရပိုက်ထုတ်ကြီးသည်လည်းကောင်း၊ ယင်းရေနီလုံးကြီး၏ ဝါးမြိုမှုကိုခံခဲ့ရပေသည်။ ဘဘစပ်သီဟနန္ဒာမှာကား သစ်တုံးတစ်တုံးကိုဖက်တွယ်မိရင်း ရေတံခွန်ကြီးနေရာမရောက်ခင်တွင် တွယ်ကပ်ကျန်နေခဲ့ပေသည်။ ပုရပိုက်ထုပ်ကြီး ဘယ်သို့ပျောက်သွားပြီဆိုသည်ကိုကား မခန့်မှန်းနိုင်တော့ပေ။

ဘဘစပ်သီဟနန္ဒာသည်ကား ပိတ်ချင်းမြောင်ရှိ ချောင်းထဲသို့ တံတားပေါ်မှတစ်ဆင့် ရေအောက်သို့ထိုးကျသွားရခြင်းမှာအား စိုင်းဝဏ္ဏအဖွဲ့၏လက်ချက်ကြောင့်ဖြစ်ပေသည်။ ရေစီးအတိုင်း အရကြမ်းမျောပါသွားသော်လည်း ကံတရား၏မျက်နှာသာပေးမှုကြောင့် သေကံမရောက် သက်မပျောက်ဖြစ်ခဲ့ရချေသည်။ ရေစီးအတိုင်းမျောပါလာရင်း စုပ်ဝဲ၏စုပ်ယူမှုကြောင့် ရေငုပ်ပေါက်တွင်းဝင်ကာထုံးကျောက်မြေအောက်ဂူအတွင်း ကျရောက်ခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းထုံးကျောက်မြေအောက်ဂူမှာကား အတော်ကြီးမားသဖြင့် ရေဝင်ပေါက်လေးဘေးမှဝင်သော ရေများသည် ယင်းဂူအားပြည့်မသွားနိုင်ပေ။ ထို့ပြင်ဂူမှာလည်း နိမ့်လျှောဂူဖြစ်သဖြင့် အသာအယာပဲ ရေစီးအတိုင်းပါရင်း အသက်ဘေးမှသီသီကလေးလွတ်ရချေ၏။ ထိခိုက်ပွန်းပဲ့ဒဏ်ရာတို့သာ အနည်းငယ်ရရှိလေ၏။ သို့သော်လူမှာကား ပထမကျသောနေရာမှ အလွန်ဝေးကွာသော ထွက်ပေါက်အတိုင်း ရေစီးနှင့်မျောပါသွားပြီး ရေစီးမှအထွက်တွင် အပြင်ချုံများပေါ်၌တင်နေခဲ့ခြင်းဖြစ်ပေသည်။ မိမိနှင့်အတူပါခဲ့သော ကြေးပုရပိုက်အိတ်ကိုကား လုံးဝရှာမတွေ့ချေ။ ထိုကဲ့သို့သေကံမရောက်၊ သက်မပျောက်အနေအထားမှ ပိတ်ချင်းမြောင်ဂူအံနီးတစ်ဝိုက်တွင် ပြန်လည်ကျက်စားနေထိုင်ရတော့၏။

ဘဘမှာကား သေကံမရောက် သက်မပျောက်ခဲ့ပေ။ ဘဘစပ်သီဟနန္ဒာ၏ဇာတိရပ်ရွာမှလိုက်ခဲ့သော လူပုစိုင်းလျှံ၏အကူအညီဖြင့် ပိတ်ချင်းမြောင်တစ်ဝိုက်တွင် ကျက်စားနေသည်ကိုသိ၍ ၎င်းတို့ကိုပုန်းရင်း,ရှောင်ရင်း သမီးလေးထူးထူးတို့ကိုလည်းရအောင်စုံစမ်းခဲ့ပေသည်။

သမီးလေးတို့ လူကောင်းသူကောင်းတို့လက်တွင် မွေးစားသမီးအဖြစ်ရောက်ရှိနေတာသိရတော့ ဘဘတစ်ချက်စိတ်အေးရပြီဖြစ်၏။ သို့သော်စိုင်းဝဏ္ဏတို့ကား ဘဘမသေဆိုတာကို သိသွားလေပြီ။ ထိုအခါ သမီးလေးထူးနန္ဒာကို အနီးကပ်စောင့်ရှောက်ဖို့လိုအပ်လာပြီဖြစ်၏။ ဒါကြောင့် ဘဘစပ်သီဟနန္ဒာသည် နန္ဒဝန်ခြံ၏အနီးတစ်ဝိုက်တွင် အမြဲတမ်းလှုပ်ရှားနေ၏။

ထိုသို့လှုပ်ရှားရင်း မြိုင်ယံကြီးခြံကို ငှားရမ်းနေထိုင်ကာ ရုပ်ဖျက်ခိုအောင်းနေ၏။ ကံအားလျော်စွာ မြိုင်ယံကြီးခြံနှင့် နန္ဒဝန်ခြံ၏မြေအောက်လျှို့ဝှက်လမ်းကို တွေ့ရှိခဲ့လေ၏။ ဒီလျှို့ဝှက်လမ်းကို အသုံးပြုရင်း နောင်နောင်နှင့် ဘဘလှိုင်တို့ မြားတံအသုံးပြု၍





အမျိုးမျိုးသတိပေးနိုင်ခဲ့လေ၏။

"ပျောက်နေတဲ့ စပ်သီဟနန္ဒ၏အထုပ်ကို အမြန်တွေ့အောင်ရှာ"ဆိုသည်မှာ ဘဘစပ်သီဟနန္ဒ၏လက်ချက်ပါပေ။ ထိုသို့နေရင်း ဘဘစပ်သီဟနန္ဒာနဲ့ ဘဘလှိုင်တို့ ထိပ်တိုက်ရင်ဆိုင်မိကြသည်။ ဒါပေမဲ့ ဘဘစပ်သီဟနန္ဒာက သေချာစွာရှင်းပြ၍ ဘဘလှိုင်သည်လည်း သဘောပေါက်ခဲ့၏။ ဒါကြောင့် တစ်ယောက်ကိုတစ်ယောက်လိုအပ်တာကူညီနိုင်ကြသည်။ ကျောထောက်နောက်ခံပြုနိုင်ကြသည်။ ပိတ်ချင်းမြောင်နဲ့ပတ်သက်၍ ဘဘစပ်သီဟနန္ဒာသည် အသေးအမွှားကစ၍ အကုန်သိ၏။ ဒါကြောင့် ဘဘလှိုင်သည် လုပ်ငန်းအားလုံးအချိန်ကိုက် လှုပ်ရှားဆောင်ရွက်နိုင်ခဲ့ပေသည်။

"ဘဘစပ်သီဟ ရှင်းပြမှပဲ အကုန်လုံးပဟေဠိတွေ ရှင်းနိုင်တော့တယ် ဘဘရာ"

"ဟုတ်တယ် သားကြီးရေ၊ ဘဘလှိုင်လည်း ရောက်တာကြာပြီ၊ ဒါပေမဲ့ အပြည့်အစုံသိချင်နေလို့ ဝင်မထိုင်ဘဲ အခန်းအပြင်က စောင့်နေတာ"

"အင်း . . . ဘဘလှိုင်ကလည်း ဘဘစပ်သီဟအကြောင်း သားကို ပြောမပြဘူး၊ ဘာလဲ သားကိုမယုံလို့လား"

"မဟုတ်ပါဘူး သားရယ်၊ ဘယ်သူမှမသိအောင် လျှို့ဝှက်ထားရမယ်လို့ စပ်သီဟက သစ္စာရေတိုက်ထားလို့ပါ သားရယ်"

"အခုတော့ သားတို့လုပ်စရာလုပ်ငန်းနည်းနည်းပဲ ကျန်တော့တယ်နော်"

"အေးပါ သားရယ်၊ ဒါပေမဲ့ သမီးလေးထူးထူးကိုတော့ ဒီအကြောင်းမပြောပါနဲ့ဦးကွယ်၊ စိုင်းဝဏ္ဏအန္တရာယ်ကို ဒီထိုပ်ခြေရာဖျောက်ရင်း ကာကွယ်ရမှာမို့ပါ"

စပ်သီဟနန္ဒာမှ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဘဘတို့ရယ်"

နံနက်လင်းတော့မည်ဖြစ်၍ သထုံကျောင်းမှ အုန်းမောင်း ခေါက်သံပင်ကြားနေရချေပြီ။ ထူးထူးတို့ဘဝလည်း တစ်မိုးသောက်ရန်အချိန်မလိုတော့ပါတကားလို့ အတွေးရောက်လိုက်မိသည်။

♦♦♦



## အခန်း(၂၃)

"သမီးလေးထူးထူးရေ. . ."

"ရှင်. . . ဘဘ"

"ဗိုလ်မှူးကြီးကျော်ဇောကို သိလား"

"သိတာပေါ့ ဘဘရဲ့၊ သမီးသူငယ်ချင်းစန္ဒာကျော်ရဲ့ အဖေပဲဟာ"

"ဟုတ်ပြီ၊ ဒါဆိုရင် အခုဘဘပေးလိုက်မယ့် ပုရပိုက်တွေ ယူသွားစမ်း၊ ပြီးတော့ ဗိုလ်မှူးကြီးကျော်ဇောကို အခု တစ်ရက်၊ နှစ်ရက်အတွင်း အပြီးဖတ်ပေးဖို့ပြောကွယ်"

"ပေးလေ ဘဘ၊ သမီးယူသွားမယ်"

ဘဘလှိုင်က သမီးငယ်ထူးထူးကိုခေါ်သွားပြီး၊ အောက်ထပ်ရှိ ဗီရိုကိုဖွင့်ကာ ကြေးပုရပိုက်များကို ထုတ်ပေး၏။

ထိုစဉ် သမီးလေးထူးထူးသည် ဘေးနားရှိ ဂုန်နီအိတ်ထုပ်ကြီးကိုလည်း သတိထားမိသွားသည်။

"ဒါလည်း ပုရပိုက်တွေပဲလား ဘဘ"

"မဟုတ်ပါဘူး သမီးရယ်"

ထူးထူး စိတ်ဝင်စားသည်။ ယင်းဂုန်နီအိတ်ထုပ်အား



www.burmeseclassic.com

www.burmeseclassic.com



လက်သီးဆုပ်ဖြင့် ထုကြည့်လိုက်သည်။

"ဂျလွမ် . . . ဂျလွမ်"

"ဟင် . . . ဘာတွေမှန်းလဲ မသိဘူး"

ထူးထူးသည် ယင်းဂုန်နီအိတ်များကို ကြိုးဖြေ၏။ ဘဘက

"သမီးလေး ဘာလုပ်မလို့လဲ"

"ဘဘရဲ့ဂုန်နီအိတ်ထဲကဟာတွေက ကြေးပြားသံတွေ မဟုတ်ဘူး ဘဘရဲ့"

"ကြေးပြားမဟုတ်ရင် ဘာပြားလဲသမီးရယ်၊ ငွေပြားတွေ များလား"

"အသာလေးကြည့်နေ ဘဘ၊ ဘာပြားလဲဆိုတာ သမီး လက်တွေ့ပြမယ်"

ယင်းအထဲမှ ကြေးပြားတစ်ပြားကိုယူ၏။ ၎င်းနောက် မီးဖိုထဲသို့ပြေးကာ ပြန်လာတော့ သံပုရာသီးနှစ်ခြမ်းနှင့် ဖယောင်းတိုင်မီးအတွန်းခိုင်းလိုက်သည်။ ကြေးပြား၏ဟိုဘက်၊ ဒီဘက်ကို သံပုရာသီးခြမ်းများဖြင့် အားပါးတရပွတ်နေ၏။ ၎င်းနောက် မီးဖိုချောင်ထဲသို့ပြေးကာ မီးညှပ်တစ်ခုကိုယူခဲ့ပြန်သည်။ ယင်းကြေးပြားကို မီးညှပ်ဖြင့်ကိုင်၏။ ဖယောင်းတိုင်မီးကို နှစ်ချောင်းပူး၍ထွန်းထား၏။ သံပုရာရည်သုတ်ထားသော ကြေးပြားကို မီးညှပ်ဖြင့်ကိုင်လျက် ဖယောင်းတိုင်မီးဖြင့် ကင်၏။ ဖယောင်းတိုင်မီးဖြင့်ကင်ရင်း ယင်းအပြားကို စေ့စေ့စပ်စပ်လေ့လာကြည့်၏။

"ဒီမှာကြည့်စမ်း ဘဘ၊ ကြေးပြားပေါ်မှာ စာသားတွေပါ တယ် ဘဘ"

"အေးဟဲ့ . . ဘယ်လိုလက်ရေးနဲ့ ဘယ်လိုစာတွေလဲ မသိ ဘူး"

ဟု စိတ်ဝင်စားစွာကြည့်နေကြ၏။ ကြည့်ရင်း ကြည့်ရင်း ယင်းအပြားမည်းမည်းသည် အဝါရောင်ဘက်လုလာ၏။ နာရီဝက်





ခန့်ကြာသောအခါ အလယ်က ကွက်ကွက်လေးသည် မီးအထိနာသောကြောင့် ဝင်းဝါလာ၏။

"ဘဘ တွေ့လား၊ ဒီအပြားတွေက ရွှေတွေ ဘဘရဲ့၊ ရွှေရဲ့ဂုဏ်သတ္တိပျောက်အောင်လုပ်ထားတာ၊ အင်္ဂလိပ်ရတ်ပညာပေါ့ ဘဘရယ်"

"ဒီရွှေပြားကိုမည်းအောင်လုပ်ထားတဲ့ ထူးခြားမှုထက် သမီးလေးက ဒီလျှို့ဝှက်ချက်ကို သိနေတယ်ဆိုတဲ့အချက်က ပိုပြီး ထူးဆန်းတယ်ကွယ်၊ အဲဒါဘယ်လိုသိသလဲ"

"အဲဒါလည်း ဘယ်လိုသိနေမှန်းမသိပါဘူး ဘဘရယ်၊ သမီးကိုယ် သမီးလည်း သိပ်အံ့သြနေမိတယ် ဘဘရဲ့"

"နောက်ပြီး ဟောဒီရွှေပြားပေါ်မှာပါတဲ့ စာတွေလဲဘာဆိုတာ သမီးသိတာပဲ၊ ခဏနေရင် ရွှေပြားတွေဝင်းလာပြီး၊ ဒီစာတွေ သေချာထင်လာမယ်၊ မထင်ခင်မှာ သမီးရေးပြမယ် ကြည့်နေ၊ အဲဒီစာက ဒီအတိုင်းပဲ"

သမီးငယ်က ကြမ်းပြင်ပေါ်တွင် မြေဖြူခဲဖြင့်ရေးပြသည်။

"စောမွန်လှ"

"ဟယ် . . . ဒါက သမီးလေးတို့ရဲ့အနွယ်တော်မိဖုရားကြီး စောမွန်လှရဲ့ပစ္စည်းတွေ ဟုတ်လား"

"ဟုတ်တယ် ဘဘရဲ့၊ ဒါတွေကို ဘုရားတည်၊ ကျောင်းဆောက်စတဲ့ သာသနာပြုလုပ်ငန်းတွေလုပ်ဖို့ မိဖုရားကြီးစောမွန်လှက ချန်ထားခဲ့တာ ဘဘရယ်၊ ဒါ့အပြင်ခုနက ဘဘပြောတဲ့ ကြေးပုရပိုက်တွေကိုလည်း သမီးဖတ်တတ်မှာပေါ့ ဘဘရဲ့"

"ဟုတ်ပါ့မလား သမီးရယ်၊ ဘာစာတွေမှန်း မသိဘဲနဲ့ဟာ ဒါတွေကို သမိုင်းဌာနကမှ ဖတ်တတ်မှာပေါ့"

"ကဲပါ ဘဘရယ်၊ ဖြေမှာသာ ဖြေကြည့်စမ်းပါ၊ သမီး ဖတ်ပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြေးပုရပိုက်များကား ‘ဖွင့်ထုတ်လိုက်သောအခါ အကုန်မဲနေပြီဖြစ်သည်။ သို့ဖြစ်၍ မောင်အောင်တို့အဖွဲ့အားခေါ်ပြီး ယခင်ကြေးပုရပိုက်များနည်းတူ သံပုရာရည်ဖြင့်ဆေး၏။ သိပ်ပြီးမဝင်းနိုင်သေးပေ။ ထိုအခါကြေးပွတ်ဆေး(ဘရာဇို)အရည်များ ပြေးယူလျက်အားပါးတရပွတ်ကြည့်ကြသည်။ တဖြည်းဖြည်းအမည်းရောင်တွေလျော့သွားသည်။ ယင်းကိုဂွမ်းဖြင့် ပွတ်ကြသည်။ ဂွမ်းမလောက်သောအခါ ဖင်လန်နယ်စများယူပြီး ပွတ်၏။ ဖလန်နယ်စများအကုန်နီးပါးပင် ချေးအထပ်ထပ်နှင့်ဖြစ်နေသည်။ ကြေးပြားတစ်ခုချေးပြောင်ပြီး ဝင်းလာအောင်ပင် အနည်းလုပ်ယူရသည်။ ကြေးပြားတစ်ပြားပြောင်ဝင်းသွားသောအခါ ထူးနန္ဒာသည် ကြေးပြားအား တယုတယထပ်မံပွတ်၏။ ပွတ်ပြီးသောအခါ ကြေးပြားကိုစားပွဲခုံပေါ်ချလျက် မြေဖြူခဲဖြင့် စာသားနေရာများတွင် အထပ်ထပ်ပွတ်လိုက်၏။ အထပ်ထပ်ပွတ်ပြီးသော် ကြေးပြားပေါ်သို့လေဖြင့် ‘ဖူး’ကနဲမှုတ်လိုက်သည်။ စာသားများကို ထင်းခနဲမြင်ရတော့သည်။ ကျန်တစ်ဖက်ကိုလည်း ယခုကဲ့သို့ပင် မြေဖြူဖြင့်ပွတ်ပြီးမှုတ်ထုတ်လိုက်၏။ ထင်းခနဲမြင်ရချေပြီ။ ဘဘလှိုင်ကား ထူးထူးလုပ်ကိုင်နေပုံကိုကြည့်လျက် သုံးသပ်မိ၏။ သမီးလေးလုပ်ကိုင်နေတာက သူလုပ်နေကျအလုပ်တစ်ခုကို လုပ်နေသကဲ့သို့တည်း။ ပီဘိလူကြီးတစ်ယောက်သွင်ဟန်ပေါ်နေသည်။ ပုရပိုက်ကိုဖတ်ရင်းလည်း မျက်နှာ၌အလွန်အားတက်သရောပုံစံများ ပေါ်လာ၏။ ၎င်းနောက်ကြေကွဲဝမ်းနည်းဆွတ်ပျံ့သွားဟန်ကိုလည်း မြင်ရ၏။ နောက် . . .

“ဘဘက ကြေးပြားတွေအကုန်လုံးပြောင်အောင်တိုက်ပြီးတဲ့အခါ မြေဖြူနဲ့အခုလိုပွတ်ပေး၊ အဲဒါတွေလုပ်ပြီးရင် သမီးအခန်းထဲအကုန်ယူခဲ့၊ သမီးဖတ်ပြီး စာရွက်နဲ့အကုန်ပြန်ရေးထားမယ်”

“အခုလည်း တချို့တစ်ဝက် မသိရဘူးလား သမီးရယ်”





“သမီးစိတ်ထဲမှာ စိတ်ဝင်တစားနဲ့ဈာန်ဝင်ပြီး ဖတ်မှရမယ် ဘဘရဲ့၊ တခြားလူတွေရှိရင် အလုပ်ဖြစ်မှာမဟုတ်လို့ပါ”

“ကဲ . . . သား၊ မောင်အောင့်တို့ သမီးလေးပြောတဲ့အတိုင်းလုပ်ပြီးရင် ကြေးပုရပိုက်တွေကို သူ့အခန်းထဲပို့ပေးလိုက်ကြတွယ်”

“ဟုတ်ကဲ့ပါ ဘဘ”

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

"တိီ. . . တီ"

နံနက်(၉)နာရီခန့်၊ နှင်းမကွဲသေးခင်မှာပင် ကားဟွန်းသံကြားရ၍ ဉာဏ်ထွန်း ဝင်းတံခါးကိုပြေးဖွင့်လိုက်သည်။ နောင်နောင်ကတော့ ကန်တော်ကြီးတစ်ပတ်မြင်းစီးပြီး မြင်းကိုမြင်းဇောင်းထဲသွင်း၍ ဆင်ဝင်အောက်သို့လျှောက်လာသည်။ ပေါ်တီကိုအောက်သို့ဝင်လာသော ပါဂျရိုကားကြီးပေါ်မှ မျက်မှန်တဝင်းဝင်းနှင့် ဆရာဈာန်မြင့် ဆင်းလာသည်။

"ဟာ. . . ဆရာ၊ အစောကြီးရောက်နေပါလား"

"ဟုတ်တယ် နောင်နောင်ရေ၊ ဆရာလည်း ညှိသည်ကိုအလည်လိုက်ပို့ရင်း မင်းတို့အိမ်ဝင်လာတာ"

"ဒါဆို ဝင်ထိုင်ဦးလေ ဆရာ"

"အေးပါ၊ မထိုင်ခင် ငါ့မိတ်ဆွေ ကိုတင်မောင်စိုးတို့ကို ပိတ်ချင်းမြောင်လေး၊ ဘီအီးဖောလေး လိုက်ပို့ခိုင်းပေးဦးကွာ"

"ရပါတယ် ဆရာ၊ ကျွန်တော်စီစဉ်လိုက်ပါ့မယ်"

ဆရာ့မိတ်ဆွေများ လိုက်ပို့ရန်အတွက် မောင်အောင်တို့ကိုခေါ်၍ အိမ်ကကားဖြင့် လိုက်ပို့ခိုင်းလိုက်၏။ ဆရာဈာန်မြင့်





နှင့် နောင်နောင်တို့နှစ်ဦး တောင်ကုန်းလေးပေါ်မှ နန္ဒဝန်၏ညှိဆောင်တွင် အေးအေးလူလူစကားပြောကြရသည်။

နောင်နောင်က ဆရာဈာန်မြင့်နှင့်မတွေ့ရသော၊ ဆရာနိုင်ငံခြားသွားနေသည့် တစ်နှစ်တာကာလအတွင်း ပိတ်ချင်းမြောင်နှင့် နန္ဒဝန်အိမ်ကြီး၏အတွေ့အကြုံတို့ကို အတိုချုံးပြောပြနေမိသည်။

"ကဲ. . . အဓိကအကျဆုံးအလုပ်ကျန်နေသေးတယ် နောင်နောင်ရာ၊ လူနာအခြေအနေက တိုးတက်သလား"

"အခြေအနေတိုးတက်တယ်လို့ခေါ်ရမလား မသိဘူးဆရာ၊ ထူးထူးက တစ်ယောက်တည်းစကားပြောတာတော့ မတွေ့ရသေးဘူး"

"တစ်ယောက်တည်း စကားမပြောပေမယ့် တခြားထူးခြားတဲ့အပြုအမူတွေကတော့ နောင်နောင်တွေ့ရသေးလား"

"တစ်ခုတော့ ထူးခြားတယ်ဆရာ၊ နံနက်နေထွက်စအချိန်မှာ နေဘက်ကိုမျက်နှာမူပြီး တရားထိုင်တာကိုတွေ့ရတယ် ဆရာ"

"ဒါကတော့ သမထလုပ်ငန်းကိုလုပ်တဲ့သူတွေလည်း နေထွက်စအချိန်မှာ နေကိုမျက်နှာမူပြီး ဂါထာရွတ်ဆိုလေ့ရှိကြတာပဲကွာ"

"ဆရာ သမထလုပ်ငန်းလည်းကျွမ်းသားပဲ၊ အဲဒါဆို ကျွန်တော့်ကို လက်ချာပို့ချပါဦးဆရာ"

"အလွယ်လေးပါ နောင်နောင်ရာ၊ ဦး သူရိန်စန္ဒာ၊ စန္ဒာသူရိန်၊ ငါ့အဖကား နေ၊ ငါ့အမိကား လ၊ သွားလေရာရာ ငါ့မျက်နှာကား နေနဲ့လဆိုပြီး ရွတ်ဆိုကြတယ်လေကွာ၊ အဲဒါကိုအနည်းဆုံး (၇)အုပ်ရွတ်ဆိုရတယ်ကွာ။ လုပ်ကြည့်ပါလား။ မျက်နှာပွင့်မြင့်ထင်တယ်ကွာ"

"အဲဒါအပြင် ထူးထူးက ညပိုင်း(၁၂)နာရီလောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လရောင်ထဲထွက်ပြီးတော့ သမထထိုင်တာလည်း တွေ့ရတယ် ဆရာ"

"ဒါဆို တော်တော်တိုးတက်နေပြီပဲ၊ ဆရာတောင်မှ စစ်ဆေးဖို့မလိုတော့ဘူး နောင်နောင်ရဲ့။ ထူးထူးက နေနဲ့လကျင့်စဉ်ကို ကျင့်နေတာပဲကွ"

"နေနဲ့လကျင့်စဉ်ဆိုတာ ဘာလဲဆရာချာန်။ ကျွန်တော်က ထူးထူးရဲ့အစ်ကိုသာဖြစ်တာ။ ဒီလောကီရဲ့ချာန်တန်ခိုးလုပ်ငန်းတွေကို သူငယ်တန်းအဆင့်လောက်တောင် မသိဘူးဆရာ"

"အေးပေါ့ နောင်နောင်ရာ၊ ငါ့နာမည်ကိုက ချာန်မြင့်ဆိုတော့ ချာန်တန်ခိုးကျင့်စဉ်အကြောင်း အဆင့်မြင့်မြင့်သိတာပေါ့ကွာ"

"အဲဒီလက်ချာကိုတော့ ကျွန်တော်စိတ်အဝင်စားဆုံးပဲ ဆရာ"

"သိသွားရင်လွယ်လွယ်လေးပါ နောင်နောင်ရာ။ ဘယ်အရာဖြစ်ဖြစ်၊ ဘယ်ဝတ္ထုပစ္စည်းဖြစ်ဖြစ် ဆန့်ကျင်ဘက်အရာတွေ ညီမျှပေါင်းစည်းထားတာပါပဲကွာ။ ဥပမာအားဖြင့် ဒြပ်ဝတ္ထုတွေထဲက အသေးဆုံးဖြစ်တဲ့ အက်တမ်တစ်ခုကိုခွဲခြမ်းစိတ်ဖြာကြည့်လိုက်ပေါ့ကွာ။ အလယ်မှာ ပရိုတွန်ဆိုတဲ့ အဖိုဓာတ်တွေစုနေတဲ့ နျူကလိယပ်ရှိတယ်။ အဲဒါကို အပြင်ကနေ ပတ်လမ်းတစ်ခုခြင်းအလိုက် အီလက်ထရွန်တွေက ပတ်နေတယ်။ အဖိုဓာတ်ဖြစ်တဲ့ ပရိုတွန်အရေအတွက်အတိုင်းပဲ အီလက်ထရွန်ကအရေအတွက်တူစွာ အပြင်ဘက်ပတ်လမ်းတွေက ပတ်နေတယ်။ ပတ်လမ်းတစ်ခုမှာ တစ်လုံးကျစီပေါ့လေ။ နောက်တစ်ခါတစ်ရံ လျှပ်စစ်အဖိုကော အမ ပါရှိတဲ့ နျူထရွန်ဆိုတဲ့ ကြားနေပစ္စည်းတစ်ခုလည်း နျူကလိယပ်မှာရှိတတ်တယ်။ အဲဒီဖွဲ့စည်းမှုအတိုင်း ဓာတ်ဖို၊ ဓာတ်မအင်အားတူစွာရှိနေရင် ဒီဒြပ်စင်တစ်ခုရဲ့ အက်တမ်ဟာ ခိုင်မြဲနေတယ်။





အဲဒီဒြပ်စင်အက်တမ်ထဲကနေ အီလက်ထရွန်တစ်ခုသော်လည်းကောင်း၊ ပရိုတွန်တစ်ခုသော်လည်းကောင်း၊ အပြင်ကိုထုတ်ပစ်လိုက်ရင် ပြင်းထန်တဲ့အားလှိုင်းတွေဖြစ်ပေါ်လာလေ့ရှိတယ်။ ဒီမှာချာန်တန်ခိုးရဲ့အခြေခံပဲ။

လူတစ်ဦးမှာ အဖိုလျှပ်စစ်ဓာတ် (Positive ion)တွေများနေရင် တက်ကြွမှုလွန်ကဲမယ်။ နောက်ပြီး အဖိုဓာတ်လွန်ကဲတဲ့ ရောဂါတွေရမယ်။ ဒါတော့ ငါလည်းအသေးစိတ်မရှင်းတတ်ဘူး။ အမလျှပ်စစ်ဓာတ် (Negative ion)တွေများနေရင် လူဟာအားငယ်စိတ်တွေလွန်ကဲပြီး စိတ်ချောက်ချားမှုတွေဖြစ်ပေါ်မယ်။ ဒါပဲပေါ့ကွာ"

"အဲဒါဆိုရင် ထူးထူးအရင်တုန်းက စိတ်ချောက်ချားမှုတွေဖြစ်တာဟာ လရောင်ဓာတ်ကိုယူတာများပြီး လျှပ်စစ်အမဓာတ် (Negative ion)တွေ များနေလို့ပေါ့နော် ဆရာ"

"ဟုတ်တယ်ကွ၊ လူမှာ လျှပ်စစ်ဓာတ်ညီညွတ်ဖို့အရေးကြီးဆုံးပဲကွာ၊ ဒါကြောင့် ကလေးငယ်လေးတွေကို နေရောင်ကိုပုံမှန်ပြပြီး လျှပ်စစ်ဓာတ်တွေလက်ခံရယူကြဖို့လိုအပ်ရင် ကလေးခြေဖဝါးကို မြေကြီးနဲ့ထိပေးပြီး လျှပ်စစ်ပြင်းအားလျှော့ပေးဖို့လည်း လိုသေးတယ်ကွ"

"မြေကြီးနဲ့ ခြေဖဝါးကိုထိလိုက်ရင် လျှပ်စစ်ဓာတ်လျော့တာပဲလား ဆရာချာန်"

"ဟုတ်တယ်လေကွာ၊ မြေကြီးဆိုတာ ဇီးရိုးပိုတင်ရှယ် (လျှပ်စစ်ဓာတ်အားသုည)အနေအထားပဲလေ။ လူရဲ့ခန္ဓာကိုယ်မှာ လျှပ်စစ်အဖိုဓာတ်တွေများနေရင် မြေကြီးနဲ့ထိလိုက်၊ အဖိုဓာတ်တွေမြေကြီးထဲဝင်ပြီးတော့ သူဟာလျှပ်စစ်မျှခြေ (Equalibrium)အခြေအနေ ရောက်ပြီး နေလို့ကောင်းသွားတာပဲ။ လျှပ်စစ်အမဓာတ်များနေရင်လည်း ခြေဖဝါးအလွတ်နဲ့ မြေကြီးပေါ်ကြာကြာလေးလျှောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင် မြေကြီးက လျှပ်စစ်အဖိုဓာတ်တွေ လူ့ခန္ဓာကိုယ်ထဲစီးဝင်ပြီး လျှပ်စစ်မျှခြေအခြေအနေရောက်တာပေါ့ကွာ။ ဒါကြောင့်ရှေးကျတဲ့တို့မြန်မာဘိုးဘေးဘီဘင်တွေဟာ ဖိနပ်မစီးဘဲ နေထိုင်လေ့ရှိတယ်။ အဲဒီလိုနေထိုင်တဲ့လူမှာ ကိုယ်တစ်ပိုင်းသေတာတို့၊ လေဖြတ်တာတို့ မဖြစ်ဘူးပေါ့ကွာ"

"တိရစ္ဆာန်တွေလည်း ဒါကြောင့် ကိုယ်တစ်ပိုင်းသေတာတို့၊ လေဖြတ်တာတို့ နည်းတာပေါ့နော်"

"ဒါပေါ့ နောင်နောင်၊ လူအပါအဝင် သက်ရှိသတ္တဝါအားလုံးမှာ လျှပ်စစ်ဓာတ်ဟာ ဆိုဒီယမ်ကလိုရိုက်နဲ့ ပိုတက်ဆီယမ်ကလိုရိုက်ရှိတယ်။ ဆိုဒီယမ်တို့ ပိုတက်ဆီယမ်တို့ဆိုတာ အဖိုအိုင်းယွန်း။ အဲဒီအဖိုစိတ်၊ အမစိတ်လျှပ်စစ်တွေ တစ်ရှူးတွေကနေတစ်ဆင့်စီလက်ဆင့်ကမ်းပြီး လျှပ်စစ်ကို ဆက်ကနယ် (Signal)ခေါ် အချက်ပြနည်းနဲ့ လက်ဆင့်ကမ်းသယ်ကြတယ်။ အဲဒါတွေဟာ နှလုံးအိမ်ထဲရောက်၊ နှလုံးအိမ်ထဲကနေ သွေးအဖြစ်ရော၊ အီလက်ထရိုလိုက် (Electrolyte) အဖြစ်နဲ့ပါ ဦးနှောက်ကိုပေးပို့တာပဲ။ ဦးနှောက်က အဲဒီလျှပ်စစ်ရဲ့ဓာတ်အားအခြေအနေနဲ့ အချက်ပြလှိုင်းတွေပေါ်မူတည်ပြီး အဖြေတွေထုတ်ပေးတော့တာပဲ"

"ဒါဆို လူသား(သို့မဟုတ်) သက်ရှိသတ္တဝါရဲ့ဦးနှောက်ဟာ လျှပ်စစ်ဓာတ်ရရှိမှုအပေါ်မှာ တည်မှီတာပေါ့ ဆရာချာန်"

"သေချာတာပေါ့ နောင်နောင်ရာ၊ ဒါကြောင့် ဖာရိုဘုရင်တွေရဲ့ဦးနှောက်ကို မသေအောင်လို့ကိုယ်ပေါ်မှာ ဆေးရည်အမျိုးမျိုးစိမ်တဲ့အပြင် သူတို့ရဲ့ရုပ်အလောင်းကို ပိရမစ်ကြီးတွေထဲမှာ ထည့်ထားရတာပေါ့"

"ပိရမစ်ရဲ့ထူးခြားမှုက ဦးနှောက်ထဲက လျှပ်စစ်ဓာတ်တွေ မသေအောင်ထားနိုင်တာပေါ့ ဟုတ်လားဆရာ။ ဒါလည်းသေသေချာချာသိရင် လက်ချာပေးပါဦး ဆရာ"





"ဒီလိုရှိတယ် နောင်နောင်ရ၊ ပိရမစ်ဟာလေးထောင့်အညီကန့်တော့ချွန်ပုံရှိတယ်၊ အဲဒီပုံစံမျိုးဟာ ထိပ်တည့်တည့်မှာ လျှပ်စစ်ဓာတ်စုနေလေ့ရှိတယ်၊ အဲဒီလျှပ်စစ်ဓာတ်စုနေရာရဲ့အောက်တည့်တည့် ဝင်ရိုးလမ်းပေါ်မှာရုပ်အလောင်းကို ထားတဲ့နေရာဟာလည်း ကမ္ဘာ့သဘာဝသံလိုက်ကြီးရဲ့ တောင်နဲ့မြောက်အနေအထားပေါ်မှာ တောင်မြောက်လားရာအတိုင်းချထားမယ်"

"အဲဒီတော့ ဘယ်လိုအားတွေ၊ ဘယ်လိုစက်ကွင်းတွေကများ ဒီရုပ်အလောင်းရဲ့ဦးနှောက်မှာ လျှပ်စစ်တွေ၊ စွမ်းအင်တွေရအောင်လုပ်ပေးသလဲ ဆရာချာန်"

"ဒါကိုတော့ ကိုယ့်အယူအဆအရပြောရမယ်ဆိုရင် ပိရမစ်ရဲ့ထိပ်တည့်တည့်အတိုင်းက လျှပ်စီးကြောင်းဖြစ်ပြီး လျှပ်စစ်စက်ကွင်းဖြစ်ပေါ်တော့တယ်။ နောက်ရုပ်အလောင်းကို တောင်နဲ့မြောက်သံလိုက်ဝင်ရိုးအတိုင်းထားလိုက်တော့ သံလိုက်စက်ကွင်းဖြစ်လာတယ်၊ အဲဒီနှစ်ခုထောင့်မှန်ကျအနေအထားအတိုင်း သက်ရောက်ရင်အားတစ်ခုဟာ ထောင့်မှန်ကျထပ်ပေါ်လာတယ်။ အဲဒီအားက စွမ်းအင်အသစ်တစ်ခုပဲ နောင်နောင်"

"ဒါဆို ဆရာသတိထားမိသလား ဆရာ၊ ကျွန်တော်တို့သွားခဲ့တဲ့ ခိုနန်းရှင်ဂူဟာ ကန်တော့ပုံစံထိပ်ချွန်နေတာပဲ။ အဲဒီအောက်မှာဆို အခုလိုစွမ်းအင်တစ်မျိုးမျိုးရနိုင်တာပေါ့နော် ဆရာ"

"ဟုတ်တယ် နောင်နောင်ရ၊ အမှန်ကဂူအောင်းပြီး တရားကျင့်မယ်ဆိုရင် အအေးဓာတ်ရှိရမယ်။ တတ်နိုင်ရင် ရေရှိရမယ်။ ဂူရဲ့ကန်တော့ချွန်နေရာနဲ့တည့်တည့်မှာရှိတဲ့ ရေထဲကတစ်နေရာမှာ တရားထိုင်နိုင်ရင် စွမ်းအင်တစ်ခုရမှာသေချာတယ်။ နောင်နောင်၊ ဒါကသီအိုရီအရ ကိုယ်ပြောတာနော်"

"ပိတ်ချင်းမြောင်ကတော့ ဂူထိပ်က သိပ်မချွန်လှူး။ အခြားရေရှိပြီး ဂူနဲ့ထိပ်ချွန်နေတဲ့နေရာတွေ နောင်နောင်လိုက်ရှာဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေရာမှာ စွမ်းအင်တွေရအောင်ကျင့်မယ် ဆရာချာန်"

"အဲဒါနောက်မှထား ကိုယ်တော်လေးရဲ့ ကိုယ်တော်လေး ညီမတို့ ကြုံတုန်းစစ်ဆေးပေးဦးမှဖြစ်မယ်"

"ရပါတယ် ဆရာချာန်၊ ကျွန်တော်သွားခေါ်လိုက်မယ်" ဟု ပြောပြောဆိုဆို နောင်နောင်က အပြင်ထွက်လာသောအခါ အိမ်ကြီး၏ပေါ်တီကိုအောက်မှ လှမ်းထွက်လာသည့် ရှမ်းတိုင်းရင်းသားဝတ်စုံအစိမ်းကလေးနှင့် လှချင်တိုင်းလှနေသည့် ညီမလေး ထူးထူးကိုတွေ့လိုက်ရသည်။

"အတော်ပဲ ဆရာ၊ ညီမလေးထူး ဒီဘက်လာနေတယ်"

"ကဲ. . . ကိုယ်တို့စကားပြောတဲ့ ဦးတည်ရာလေးတွေ ပြောင်းလိုက်ကြစို့ကွာ"

"ဟုတ်ကဲ့ ဆရာချာန်"

ထူးထူးအခန်းထဲသို့ လှမ်းဝင်လာစဉ် နောင်နောင်က ပြောလိုက်သည်။

"ထူးထူးရေလာဟေ့၊ ညီမလေးကို ဆရာကတွေ့ချင်လို့ တဲ့"

"အစ်ကိုနောင်ကလည်း ဝေ့လည်ကြောင်ပတ်လုပ်နေပြီ၊ ညီမလေးကို စိတ်ကယောက်ကယက်ဖြစ်သလားလို့ ဆာချာန်မြင့်က စစ်ဆေးမလို့ မဟုတ်လား"

"အဟီး . . . ဒါက အစ်ကိုနောင်နဲ့ မဆိုင်ဘူးလေ"

"စစ်ခြင်းစစ်ရင် အစ်ကိုနောင်ကော၊ ဆရာချာန်မြင့်တို့ ကော၊ ဘာဘလိူင်တို့ကော အကုန်စစ်ရမှာပေါ့။ ဘာကြောင့်လဲဆို တော့ ဘုရားဟောထားခဲ့တာကိုက ပုထုဇနော ဥမ္မတကော၊ လူတိုင်း ဟာ အရူးစိတ်ရှိကြတာချည်းပဲလို့ ဟောထားခဲ့တယ် မဟုတ်လား"

"ကောင်းတယ်ဟေ့၊ ထူးထူးလက်ချာက ပိုကောင်းနေ တယ်။ ဟုတ်ပြီ နောင်နောင် ဖောင်တိန်နဲ့စာအုပ်ယူပြီး လက်ချာ





တွေ လိုက်မှတ်ပေတော့ဟေ့"

"အဲဒါတွေထားပါဦး၊ ဆရာချာန်မြင့် ပို့ချတဲ့အထဲမှာ ခံရခဲ့လည်းပါတယ်။ ပိရမစ်လိုချွန်နေပြီး အောက်တည့်တည့်မှာ ရေရှိတဲ့ဂူမျိုးဟာ အဲဒီအပေါ်မှာ သမထကျင့်ရင်စွမ်းအင်တစ်မျိုး ရတဲ့အကြောင်းလည်းပါတယ်။ အဲဒါတွေ ထူးထူးသိပ်သိချင်တာပဲ"

"ဟိုက်. . . ညီမလေးထူးက သမထထိုင်ရင်းနဲ့ အကြား အမြင်ရနေပြီထင်တယ်။ အစ်ကိုနောင်နဲ့ ဆရာချာန်ပြောတာကို ဘယ်လိုကြားသလဲ"

"ဒါတွေထားပါဦး။ ဆရာချာန်မြင့်နဲ့ အစ်ကိုနောင်တို့ ပြော နေတဲ့ထိပ်ချွန်ချွန်ရှိတဲ့ဂူဟာ အောက်မှာရေအားခံရှိနေရင် ဘယ်လို စွမ်းတယ်ဆိုတဲ့အကြောင်းလေး သေသေချာချာပြောပြပါဦး"

"ကဲပါ. . . အဲဒါဆို အစ်ကိုနောင်တို့လည်း ပြောပြမယ်။ ထူးထူးကလည်း အစ်ကိုနောင့်နဲ့ ဆရာချာန်တို့ခိုင်းတဲ့ လိုလားချက် အတိုင်းလုပ်ပေးရမယ်နော်"

"ဘယ်တုန်းကများ လုပ်မပေးဘဲနေလို့လဲ အစ်ကိုနောင် ရယ်။ ပြောမှာသာပြောပါ"

အစ်ကိုနောင်က လက်နှစ်ဖက်ကို လှန်ပြရင်း ပခုံးတွန့်ပြ လိုက်၏။

"ဒီလိုပါ ထူးထူးရယ်၊ စုချွန်နေတဲ့ ဂူခေါင်မိုးသားဟာ မိုး သားတိမ်လိပ်တွေထဲက (သို့တည်းမဟုတ်) လေတွေထဲကတချို့၊ နေရောင်ခြည်ထဲက တစ်ချို့၊ လျှပ်စစ်ဓာတ်တွေကို ညှို့ယူတယ်။ တစ်နည်းအားဖြင့် လျှပ်စစ်စက်ကွင်းကို ဖြစ်စေတယ်ပေါ့ထူးထူး"

ဆရာချာန်မြင့်က ခြေဟန်လက်ဟန်ဖြင့် ရှင်းပြ၏။

"ဘာလို့ အဲဒီလိုဖြစ်တာလဲ ဆရာချာန်"

"ဒါတော့ ဆရာဖြေရှင်းမပြတတ်ဘူး၊ သိပ္ပံပညာရှင်ရာ ပါရဂူတွေကိုမေးတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ညီမလေး၊ ဒါကို သီအိုရီတစ်ခုလို့ပဲ မှတ်ထား ထားလိုက်တော့ပေါ့"

နောင်နောင်ကဝင်ပြီး လေပြေထိုးလိုက်သည်။

"ကဲပါ မှတ်ထားပါပြီ၊ မှတ်ထားပါပြီ"

ထူးနန္ဒာလက်လျှော့သွား၏။

"နောက်ပြီး လူဟာ တောင်,မြောက်နီးပါးလဲလျောင်းနေရင်၊ ဒါမှမဟုတ် တောင်,မြောက်နီးပါး လားရာအတိုင်းထားတဲ့ ခုံပေါ်မှာတောင် ဦးတည်ထိုင်နေခဲ့ရင် ကမ္ဘာ့သဘာဝသံလိုက်တုံး ကြီးရဲ့ညှို့ယူမှုကြောင့် သံလိုက်စက်ကွင်းတစ်ခုထပ်မံဖြစ်ပေါ် စေပါတယ်တဲ့"

ဆရာချန်မြင့်က စိတ်ပါလက်ပါရှင်းပြသည်။

"အဲဒါကိုလည်း ထူးထူးနားမလည်ဘူးဆရာ"

"အဲဒါကတော့ ထူးထူးရာ၊ စက္ကူတစ်ချပ်ပေါ်မှာ သံအမှုန့်ကလေးတွေတင်ထားပြီး အောက်ကနေသံလိုက်နဲ့ သုံးလေးကြိမ် တောင်,မြောက်ဆွဲလိုက်ရင် သံလိုက်စက်ကွင်းပုံဖြစ်လာသလိုပဲပေါ့ ကွယ်"

"ဟုတ်ပြီ. . . ဟုတ်ပြီ၊ ထူးထူးတို့ငယ်စဉ်တုန်းက သိပ္ပံလက်တွေ့လုပ်တဲ့အခါ သံမှုန့်နဲ့ သံလိုက်ထိတွေ့ပြီး စက်ကွင်းပုံဖြစ်သလိုပေါ့"

"အင်း. . . ထူးထူး ဦးနှောက်တော်တော့်ကို တော်လာပြီပေါ့နော်"

"အဲဒီပြောထားတဲ့ လျှပ်စစ်ကွင်းနဲ့ သံလိုက်စက်ကွင်းကို ထောင့်မှန်ကျစွာ အားတွေတည့်ပေးလိုက်ရင် နောက်ထပ်စွမ်းအင်အသစ်တစ်ခုပေါ်ထွက်လာတယ်။ အဲဒီစွမ်းအင်အား ဦးနှောက်အားတို့ ခန္ဓာကိုယ်အကြောအားတို့ကို အကျိုးဖြစ်ထွန်းစေမှာပေါ့" ဆရာချန်မြင့်က ရှည်လျားစွာရှင်းပြ၏။

ကြည်လှမောင်စာပေ



"ဒါဆို ထူးထူးဦးနှောက်ပိုပြီးကောင်းလာအောင် အဲဒီလိုနေရာမှာ တရားထိုင်ရမှာပေါ့နော် ဆရာ" ထူးထူးက စိတ်အားထက်သန်စွာမေးသည်။

"ကဲပါ ညီမလေးရာ၊ ဆရာကလည်း စမ်းသပ်ပြီးရင် အဖြေထုတ်နိုင်ပြီပေါ့၊ လာ ခုတင်ပေါ်မှာနည်းနည်းလှဲလိုက်"

"ကဲ. . . နောင်နောင်၊ မင်း စမ်းသပ်တော့ကွာ၊ မင်းလည်း ထူးနကို စစ်ဆေးတတ်နေပြီပဲ"

နောင်နောင်၏အသံသည် ကရုဏာသံပြည့်ဝစွာဖြင့် တိုးတိုးညင်သာစွာ ထွက်ပေါ်လာ၏။

"ညီမလေးရဲ့တစ်ကိုယ်လုံး ထုံထုံထိုင်းထိုင်းဖြစ်နေပြီ။ အဖြည်းဖြည်းလေးလဲလာပြီ၊ တစ်ကိုယ်လုံး ငြိမ်သက်နေပြီ"

နောင်နောင့်အသံသည် တိုးရာမှကြားရုံတစ်မည်လေး ပြောလိုက်၊ နောက်ပြီး တဖြည်းဖြည်းအသံကျယ်လာလိုက် တိတ်သွားလိုက်နှင့် အသံအနိမ့်အမြင့်ထား၍ ပြောလျက်ရှိပေ၏။

"တဖြည်းဖြည်းနဲ့ မျက်လုံးတွေမှုန်ဝါးလာပြီ၊ ရီဝေဝေဖြစ်နေပြီ၊ တဖြည်းဖြည်း မျက်လုံးတွေမှိတ်လာပြီ"

ထူးထူးကလည်း နောင်နောင်ပြောသည့်အတိုင်း အစမှအဆုံးစိတ်ထဲမှ လိုက်လံရွတ်ဆိုလျက်ရှိ၏။

"မှိတ်လာပြီ၊ မှိတ်လာပြီ၊ မျက်စိမှိတ်ချင်လာပြီ။ မျက်စိအရမ်းမှိတ်ချင်လာပြီ၊ မှိတ်နေပြီ၊ မှိတ်နေပြီ၊ မှိတ်. . . မှိတ်. . . မှိတ်. . မှိတ်ထား. . အားလုံးမှိတ်ထား"

ထူးထူးက မျက်လုံးများမှိတ်လျက် တဖြည်းဖြည်းအသက်မှန်မှန်စွာ အိပ်မောကျသွားချေပြီ။

"ဆရာ ကျွန်တော့်ပညာက လက်လွန်သွားပြီ ဆရာ၊ အခု ထူးထူးအိပ်ပျော်သွားပြီ"

"မအိပ်ပါဘူး နောင်နောင်ရာ၊ ကြည့်လိုက်စမ်းပါဦး"

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာက ပြုံးရယ်လျက်ပြော၏။

ဟုတ်ပါသည်။ နောင်နောင်လှည့်ကြည့်သောအခါ ထူးထူးမှာ မျက်လုံးလေးအပြူးသားဖြင့် နောင်နောင့်အားပြန်ကြည့်နေသည်။ နောက်ပြီး 'ခစ်ခနဲ'ရယ်သံလွင်လွင်လေးထွက်လာ၏။

"ဟာ. . . ဒီကောင်မလေး၊ ငါထုလိုက်ရ သေသွားတော့မယ်"

"ဆရာချာန်၊ ကျွန်တော်တော့ စိတ်ညစ်သွားပြီ၊ ဆရာ့ဘာသာစမ်းသပ်တော့ဗျာ၊ ဒီကောင်မလေး ကျွန်တော့်ကို သက်သက်အရူးလုပ်တာ"

ဆရာချာန်မြင့်က နောင်နောင့်ကျောကို သပ်လျှက်ချော့၏။

"ဒီလိုပဲပေါ့ နောင်နောင်ရယ်၊ သူတည်းတစ်ယောက်ကောင်းဖို့ရောက်မှ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ခမ္မတာတည်းဆိုသလိုပေါ့"

"ဟုတ်တယ် ဆရာ၊ သူတည်းတစ်ယောက်ကောင်းဖို့ရောက်မှ ကျွန်တစ်ယောက်မှာ ရူးသွပ်ကာတာ ခမ္မတာတည်းဖြစ်ပြီဆရာရေ့ . . . သေချာတယ်"

"ဆရာသင်တော့ အခုလိုအသံအနိမ့်အမြင့်ပြောပြီး အိပ်မွေ့ချရင် ရကိုရတယ်ဆို ဆရာချာန်"

"တရားသေမှတ်မထားနဲ့ပေါ့ နောင်နောင်ရာ၊ အခုကိစ္စမှာ အိပ်မွေ့ချတဲ့စကားလုံးတွေအတိုင်း သူကလိုက်ဆိုနေလို့ရယ်၊ နောက်ပြီး ထူးထူးက နောင်နောင့်ထက် သမထတန်ခိုးတွေ၊ စရဏအားတွေပိုထက်နေလို့ရယ်၊ ဒါတွေကြောင့် နောင်နောင် အိပ်မွေ့ချလို့မရတာပေါ့"

"အင်း . . . ဒါဆိုရင် ကျွန်တော်လည်း သမထကျင့်စဉ်တွေ လုပ်ကိုလုပ်ရမယ်"





"လုပ်သင့်တာပေါ့ နောင်နောင်ရာ"

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

ဆရာဈာန်မြင့်ကား မန္တလေးသို့မဆင်းဖြစ်သေး။ သူ့ခေါ် လာခဲ့သောဧည့်သည်ကို မန္တလေးသို့ လိုက်ပို့ခိုင်းလိုက်ပြီး ပြင်ဦးလွင်မှာအနားယူသည်။ အနားယူရင်း ညနေမှာ ဂေါက်ရိုက်လိုက်၊ နေ့လယ် မှာ နောင်နောင်နဲ့အတူ ပိတ်ချင်းမြောင်သွားလိုက်၊ စိတ်ရောဂါနှင့်ပတ်သက်သော လက်ချာများရိုက်လိုက်ဖြင့် အချိန်ဖြုန်း နေဟန်တူသည်။

ဒီနေ့ညတွင် နောင်နောင်ရဲ့သူငယ်ချင်းတွေရောက်လာ၍ မြို့ထဲလိုက်ပြီး ဆိုင်မှာညစာလိုက်ကျွေးရသည်။ ဧည့်ခန်းထဲမှာ ဘဘလှိုင်၊ မေမေဝင်းနှင့် ဆရာဈာန်မြင့်တို့သုံးဦးစကားပြောလျက် ရှိကြသည်။ ပြောရင်း,ပြောရင်း သားရေးသမီးရေးကိစ္စသို့ဦးတည် ပြောဆိုလျက်ရှိသည်။

"ဆရာဈာန်မြင့်ရဲ့တပည့်မရှိတုန်းမှ လွတ်လွတ်လပ်လပ် ပြောရဦးမယ်ဆရာ" ဘဘလှိုင်စကားစ၏။

"ပြောပါ ဘဘလှိုင်၊ ညီလေးနောင်နောင်က လိမ္မာပါ တယ်"

"လိမ္မာတာတော့ မပြောနဲ့တော့ ဆရာဈာန်ရေ၊ ကျွန်မ





ဘို့မှာ သားအရင်းရှိရင်တောင် သူ့လောက်လိမ္မာဖို့မလွယ်ဘူး"

"ဘာပြောတယ် မေမေဝင်း။ နောင်နောင်က သားအရင်း မဟုတ်ဘူးလား"

'မဟုတ်ဘူး ဆရာဈာန်ရဲ့၊ ကျွန်မရဲ့ဆွေမျိုးနီးစပ်တော် တာပေါ့။ သူ့မိဘတွေက ကားမှောက်လို့ဆုံးသွားကြပြီလေ" မေမေ ဝင်းက ဝမ်းနည်းသံဖြင့် ညည်းညည်းညူညူပြော၏။

"ဪ . . . သနားစရာ"

"ကျွန်မရဲ့ ဆွေမျိုးနီးစပ်ဆိုပေမယ့် သားကိုသူ့အဖေ ကိုစိန်လှိုင်က ပိုချစ်တယ်၊ အခုလည်း ကိုစိန်လှိုင်ရဲ့စိတ်တိုင်းကျ နေရာချပေးချင်လို့ ဆရာရေ့"

တစ်ဖက်တစ်ခန်းကျော်မှာ ကက်ဆက်နားကြပ်ဖြင့် (Codless Mic) သုံး၍ ခိုးယူနားထောင်နေသော ထူးနန္ဒာမှာ အသံကို အနည်းငယ်မြှင့်၍ နားထောင်လိုက်သည်။ စကားပြောနည်းလှ သော မေမေဝင်းသည် အခုစကားအခွန်းပေါင်းများစွာ ပြောနေချေ ပြီ။ သို့ဖြစ်၍ ထူးနန္ဒာ မိုက် (Mic)မှအသံကို အနည်းငယ်မြှင့်ပေး လိုက်သောကြောင့် အသံကိုပီသစွာကြားရသည်။

"ဒီလိုပါ ဆရာဈာန်ရယ်၊ ဆရာဈာန်ရဲ့တပည့်နောင်နောင် နဲ့ ကျွန်တော်တို့မွေးစားသမီးထူးထူးကို လက်ထပ်ပေးချင်တယ် ဆရာ"

"ဗုဒ္ဓေါ"

ဆရာဈာန်မြင့်ထံမှ 'ဗုဒ္ဓေါ'ဟု အသံထွက်သွားသလို အသံ ဖမ်းစက်ဖြင့် ခိုးယူနားထောင်နေသော ထူးထူးထံမှလည်း 'ဗုဒ္ဓေါ'ဟု ယောင်၍အသံထွက်သွား၏။

"ဖြစ်ပါ့မလား ဘဘလှိုင်ရယ်။ သူတို့က မောင်နှမအရင်း လိုချစ်ကြတာ။ နောက်ပြီး ထူးထူးက ကလေးစိတ်ပဲရှိသေးတယ်"

"ဒါကတော့ ဒါပေါ့ဆရာရယ်၊ ကျွန်တော်တို့လည်း စိတ်

www.burmeseclassic.com



အေးလက်အေး တရားဓမ္မအားထုတ်နိုင်ဖို့ ဒီလမ်းပဲရှိတယ် ဆရာရယ်။ ထူးနန္ဒာကတော့ သားကြီးနောင်နောင့်အပေါ် သံယောဇဉ်ကြီးရှာပါတယ်။ ဒါပေမဲ့ဆရာတပည့်နောင်နောင့်မှာ ရည်းစားသန့်ရှိနေရင် တော်တော်ခက်မှာမို့ပါ ဆရာ"

"ရပါတယ် ဘဘလှိုင်၊ နောင်နောင်က သဘောပေါက်အောင်ပြောရင်ရပါတယ်၊ ထူးထူးကိုတော့ သေသေချာချာနားချဖို့လိုလိမ့်မယ်"

"အဲဒါတော့ ကျွန်မတာဝန်ထားပါ ဆရာ"

ထူးထူးလှုပ်ရှားမှုကို စတင်ရချေပြီ။ အစ်ကိုဖြစ်သူ ထွန်းနန္ဒာကို အရင်စည်းရုံးရသည်။ ထူးထူးနဲ့ နောင်နောင်ကို မေမေဝင်းက လက်ထပ်ပေးဖို့ စီစဉ်နေကြောင်း၊ ထူးနန္ဒာမှာ နောင်နောင်နှင့်လက်ထပ်ဖို့ သဘောတူလိုက်လျှင် နောင်နောင့်မှာ သူ၏ချစ်သူမွန်းနှင့်လွဲရမှာဖြစ်ကြောင်း၊ မေမေဝင်းက နောင်နောင်နဲ့ထူးထူးတို့ လက်ထပ်ဖို့နားချလျှင် ကျေးဇူးရှင်များဖြစ်နေ၍ ထူးထူးဘယ်လိုမှ ငြင်းရမှာမဟုတ်ကြောင်း၊ ဒီတော့ထူးထူး နောင်နောင်နှင့်ဝေးရာကိုရှောင်နေရချေမည်။ ဒီအချိန်အတောအတွင်း နောင်နောင်နှင့်သူ၏ချစ်သူမွန်းတို့ လက်ထပ်ခွင့်ရရှိရေးအတွက် အစ်ကိုထွန်းနန္ဒာမှ ဉာဏ်စွမ်းရှိသ၍ကူညီပေးရန်တို့ကိုပါ ထူးနန္ဒာက အထပ်ထပ်ကတိတောင်းထားသည်။

"ညီမလေးက ဘယ်ကိုရှောင်နေမှာလဲကွာ"

"သိပ်မဝေးပါဘူး ကိုထွန်းရယ်၊ ပြင်ဦးလွင်မြို့နယ်ထဲမှာပဲနေမယ်"

"ဘယ်နေရာမှာနေမှာလဲ၊ အဲဒါကိုထွန်းကို တိတိကျကျပြော၊ ဒီတော့မှ ကိုထွန်းကူညီနိုင်မယ်ကွာ"

"အင်းပါ ကိုထွန်းရယ်၊ ထူးထူးနေတဲ့နေရာရောက်ရင် လူလွှတ်ပြီး အကြောင်းကြားပေးမယ်စိတ်ချ။ ဒါပေမဲ့အနည်းဆုံး





(၃)ရက်၊ (၁၀)ရက်ကြာမှ အကြောင်းကြားမယ်"

"လူလွှတ်အကြောင်းကြားမယ်ဆိုတော့ ဘယ်သူတွေခေါ်သွားမှာလဲ ထူးထူးရဲ့"

"နောင်ချိုကနေ ဝက်ဝံပြောင်းနေတဲ့ ထူးထူးတို့အမျိုးတော်တဲ့ စိုင်းဖုန်းနဲ့ နန်းကျော့က်တို့လင်မယားကိုခေါ်သွားမယ် ကိုထွန်းရယ်၊ နောက်ပြီး စိုင်းဖုန်းကိုလွှတ်ပြီး အစ်ကိုထွန်းဆီအကြောင်းကြားမယ်၊ ဒါဆိုသဘောတူသလား"

"သဘောတူပါတယ် ညီမလေးရာ၊ တစ်ခုတော့ရှိတယ် ညီမလေးပျောက်နေပြီဆိုတာ ဘဘလှိုင်တို့၊ မေမေဝင်းတို့ ကိုနောင်တို့မသိအောင် ဘယ်လိုလုပ်မလဲ၊ ဉာဏ်ထုတ်ဦး ညီမလေး"

"ဟင်. . . အစ်ကိုထွန်းကတော့ ညီမလေးပဲခိုင်းစားနေဘာ၊ လွယ်ပါတယ် အစ်ကိုထွန်းရာ၊ ညီမလေးရဲ့အခန်းတံခါးကိုအတွင်းကနေ သော့ချထားမယ်။ ညီမလေးကြေးပုရပိုက်တွေဘာသာပြန်နေလို့ ဘယ်သူမှမဝင်ရဘူးလို့ ပြောထားမယ်"

"ထမင်း,ဟင်းမစားဘူးလား မေးရင်ကော"

"လွယ်ပါတယ် အစ်ကိုထွန်းတစ်ယောက်ပဲ ထမင်း,ဟင်းပို့ရမယ်လို့မှာထားလို့,လို့ ပြောမှာပေါ့"

"ပြတင်းပေါက်ကနေ လှမ်းကြည့်လို့မမြင်ရရင်ကော"

"ဒါကတော့ ညီမလေးဗီရိုထဲက အရုပ်အကြီးကြီးကို ညီမလေးဆံပင်ပုံနဲ့တူအောင်ပြင်ပေးမယ်။ နောက်ပြီး ညီမလေးရဲ့အဝတ်အစားဝတ်ထားပြီး စာကြည့်စားပွဲမှာ ထိုင်ခိုင်းထားမှာပေါ့ အစ်ကိုထွန်းရယ်"

"ပြတင်းပေါက်ကိုဖျက်ပြီး ဝင်ကြည့်ကြရင်ကော"

"အဲဒါဆိုရင် အစ်ကိုထွန်း ထိုင်ငိုလိုက်"

"ဟာ. . . ခွေးမလေး အစ်ကိုထွန်းက အကောင်းပြောဘာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်ထိ လိုက်ရှာလို့မှမိရင်လည်း ညီမလေးပြန်လာရုံပေါ့ အစ်ကိုထွဏ်းရယ်၊ ဒါလောက်လဲ ဘဘတို့က ထူးထူးတို့အပေါ် အထင်မသေးပါဘူး အစ်ကိုထွဏ်းရယ်"

"ကဲ. . . ဒီလိုလုပ်တော့ကော ဘဘလှိုင်ရဲ့ ယုံကြည်မှုကိုတို့က အလွဲသုံးစားလုပ်နေတာနဲ့ မတူဘူးလား ညီမလေးရာ"

"မဟုတ်တာ အစ်ကိုထွဏ်းရယ်၊ အစ်ကိုနောင်ရဲ့စိတ်ချမ်းသာရေးအတွက်ပါ၊ ညီမလေးတို့ ဘဝလုံခြုံဖို့ကိစ္စအတွက် အစ်ကိုနောင်ရဲ့အသည်းနှလုံးတွေ စတေးပေးရမယ်ဆိုတာ ညီမလေးလက်မခံနိုင်ဘူး အစ်ကိုထွဏ်း၊ တကယ်တော့ အစ်ကိုနောင်က ညီမလေးတို့နှစ်ယောက်ရဲ့ကျေးဇူးရှင်အစစ်ပါ။ ဘဘစပ်သီဟနန္ဒာတို့၊ ဘဘလှိုင်တို့က မွေးကျေးဇူး၊ ကျွေးကျေးဇူးပဲရှိတာ။ တကယ့်အသက်သခင်ကျေးဇူးရှင်အစစ်က အစ်ကိုနောင်ပါ။ ပြန်စဉ်းစားကြည့်ပါဦး"

"နားလည်ပါပြီ မမကြီးရယ်၊ ခင်ဗျားလုပ်စရာရှိတာတွေသာ ဝိဝိရိရိလုပ်ပါတော့။ ကြားထဲကနေ ထွေးကခါးနာလှပြီ"

"အောင်မယ် အစ်ကိုထွဏ်းက ညီမလေးအတွက်ဆိုရင်မူးတင်းမဲတင်းလုပ်ပြီး၊ သူ့ကောင်မလေးအတွက်ဆိုရင် သွားကြီးဖြဲပြီး တဟီးဟီးနဲ့ . . ."

"ဟာ. . . အစ်ကိုထွဏ်းမလုပ်နဲ့၊ အော်တိုင်လိုက်မယ်နော်မေမေဝင်း ဟောဒီမှာလုပ်ပါဦး . . . နွားကြီးလိုက်ဝှေ့နေတယ်"

မေမေဝင်း ဘုရားခန်းထဲမှထွက်လာပြီး . . .

"ဟဲ့ ထွဏ်းထွဏ်း. . . ညီမလေးကိုမလုပ်နဲ့လေ"

ထွဏ်းထွဏ်းအောက်ထပ်သို့ တဒိုင်းဒိုင်းနဲ့ပြေးဆင်းသွားချေပြီ။ ထူးထူးကတော့ လိုက်ကာကိုမ၍တခြားအခန်းသို့ကူးသွားခဲ့ချေပြီ။ အခုလည်း ထူးထူးဘဝကား လိုက်ကာတစ်ခုအတွင်းဝင်ကူး၍ ဘဝ၏အဆစ်အပိုင်း၊ အကွေ့အကောက်အခန်းတစ်ခုထဲ





ဝင်ဖို့စတဲ့အချိန်ပေပဲလား။ အချိန်ဆိုတာ သူ့ရဲသတ်မှတ်တဲ့ကာလစည်းကမ်းသတ်ကိုရောက်လာရင် ဒီလိုပဲအပြောင်းအလဲတစ်ဆစ်ချိုးထဲကို ရိုက်သွင်းလေ့ရှိလား။

ထူးထူးမစဉ်းစားတတ်တော့ပါ။ အချိန်တို့ကို နားမလည်နိုင်ပါ။ နားလည်အောင်လဲ မကြိုးစားလိုပါ။ မိမိကြိုးစားလို့ကောမိမိလိုရာအတိုင်းရမည်တဲ့လား။ အခြားလိုလား တောင့်တချက်တွေကိုသာရချင်ရပါမည်။ အချိန်၏ကာလစည်းကမ်းသတ်ကတော့ ဘယ်သူမှ မပိုင်ပါ။

ထူးနန္ဒာအိမ်ခန်းအပြင်မထွက်ဘဲ. . .၊ ပျောက်ချက်သားကောင်းနေသည်မှာ ကြာလှပေပြီ။ ကြေးပုရပိုက်များနှင့် အလုပ်ရှုပ်နေသည်ဆိုတော့ ဘယ်သူမှစောဒကမတက်ကြချေ။ သက်ရှိထင်ရှားလူတွေက စောဒကမတက်ကြသော်လည်း သက်မဲ့လူ့ခန္ဓာကိုယ်တစ်ခု၏စောဒကတက်မှုကြောင့် ထူးနန္ဒာပျောက်ဆုံးမှုကို အိမ်ကြီးရှိ လူအားလုံးသိရှိသွားခဲ့ကြသည်။

သက်မဲ့ခန္ဓာကိုယ်ဟုခေါ်ဆိုအပ်သော အလောင်းကောင်ကြီးတစ်ခုအိမ်ကြီးရှိအခန်းထဲ တိတ်တဆိတ်ရောက်လာသောအခါတွင် ကား တစ်အိမ်လုံးပွက်လောရိုက်အောင် ဆူညံသွားခဲ့ပေသည်မဟုတ်လား။ အလောင်းကောင်ကြီးရောက်ရှိလာမှုအတွက် တစ်အိမ်လုံးကို ဘဘလှိုင်ကခေါ်ယူစစ်ဆေးခဲ့သည်။

အိမ်ထဲရှိ လူအားလုံးဟုဆိုရာ၌ အိမ်နောက်တန်းလျားတွင်ရှိ ဖထီး၏သားအငယ်လေး (၇)နှစ်ခန့်ရှိ အောင်ကျော်မြင့်ကိုပါမကျန်စစ်ဆေးခဲ့ပေသည်။

"ဖထီးရဲ့သားအောင်ကျော်မြင့်ကတော့ ဒီလူကြီးကို သတ်တဲ့လူမဖြစ်နိုင်ပါဘူး ဘဘရာ" နောင်နောင်က စောဒကတက်၏။

"မဟုတ်ဘူးလေ သားကြီးရဲ့၊ ဒီအလောင်းထားခဲ့သူ တရားခံဘယ်ထွက်ပြေးသလဲဆိုတာလောက်တော့ ဒီကလေးမြင်ချင်မြင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်လေ သားရဲ့"

"အမယ်လေး ဘဘရယ်၊ အိမ်မှာက တိုးလုံတို့ အယ်ဖေး ရှင်းသားအုပ်က ဘယ်လက်လွှတ်ပေးပါ့မတုန်း။ အရအမိလိုက်ဆွဲမှာသေချာတာပေါ့ ဘဘရာ"

"အရင်တစ်ခါ ဉာဏ်ထွန်းသေနတ်နဲ့လိုက်ပစ်တုန်းက တိုးလုံတို့အဖွဲ့လိုက်မဟောင်ဘူးလေ၊ သားကြီး သတိမေ့နေပြီလား"

"အင်း . . . ဟုတ်တယ် ဘဘ၊ အဲဒီတုန်းက ထွက်ပြေးတဲ့လူဟာခွေးတွေနဲ့ရင်းနှီးပြီးဖြစ်သလို မှန်တွေကိုခွဲပြီး ပြတင်းပေါက်ဖွင့်တော့လည်း အတွင်းကနေဖွင့်တာ"

"ဒါဆို အဲဒီအလောင်းရောက်နေတဲ့ အခန်းထဲကိုရောက်နိုင်တဲ့မြေအောက်လမ်းတစ်ခုရှိနေမှာသေချာပြီ သားကြီး"

"ရှိတယ်လေ ဘဘ၊ အဲဒီလမ်းကဧည့်ဆောင်ကိုလည်း ရောက်တယ်၊ မြိုင်ယံကြီးဂေဟာကိုလည်းရောက်တယ်"

"မြိုင်ယံကြီးရောက်တဲ့လမ်းကတော့ စပ်သီဟနန္ဒာတို့လမ်းပဲလေ၊ သောကမြိုင် ဒါမှမဟုတ် တခြားအိမ်ကြီးတစ်ခုခုကို ရောက်တဲ့လမ်းရှိသေးတယ်လို့ ဘဘဆိုလိုတာပါ"

"ဒီအိမ်ကြီးတွေကလည်း ဘဘရာ၊ မြေအောက်လမ်းတွေကို ဖောက်လိုက်တာ မွစာကျဲနေတာပဲ"

"ဒါပေါ့ သားကြီးရာ၊ အင်္ဂလိပ်လူမျိုးဆိုတာ ဉာဏ်နီ ဉာဏ်နက်အများသားလား၊ ဒါကြောင့်လည်း သူတို့ဟာ နေမဝင်နိုင်ငံကို ထူထောင်နိုင်တာပေါ့"

"အင်္ဂလိပ်များထားတဲ့ ဉာဏ်နီဉာဏ်နက်တွေကို သားတို့ကပြန်ပြီးဖော်ထုတ်မယ် ဘဘရာ၊ အဲဒီတော့ သားတို့အားလုံး နောက်ထပ်မြေအောက်လိုဏ်ဂူလမ်းတစ်ခုကို မတွေ့တွေ့အောင် မြေလှန်ရှာမယ် ဘဘ"

"လုပ်ကြတာပေါ့ သားရာ၊ လိုအပ်ရင် (Drilling machine)





သုံးရမှာပေါ့"

"တဲ့ . . . မောင်အောင်တို့၊ ဉာဏ်ဝင်းတို့၊ ဉာဏ်ထွန်းတို့ လုပ်ငန်းစကြမယ်ဟေ့"

"သားကြီးတို့ အဲဒီလုပ်ငန်းစနေတုန်း ဘဘလည်းစစ်ဆေးသင့်တဲ့လူတွေ စစ်ဆေးရဦးမယ်"

နောင်နောင်တို့လည်း ခြံဝင်းတွင်းမြေအောက်လမ်းရှာရန် အုးရှင်းအရှည်ကြီးနှင့် ခြံထဲရှိမြေကြီးထဲရိုက်သွင်းသူတွေရှိသလို ဆောက်တူးပေါက်ချွန်းဖြင့် မြေတူးဆွသူလည်းရှိ၏။ ဉာဏ်ထွန်းကတော့ ပိတ်ချင်းမြောင်တွင် ဘဘအသုံးပြုနေကျ ကျောက်ဖောက်စက်ကြီးကို ပြုပြင်နေ၏။ (Dill) ကို ပြောင်းအရှည်တပ်ပြီး စက်နှိုးကြည့်နေသည်။

"အစ်ကိုနောင့်ကို ဘဘခေါ်ခိုင်းလို့"

"ဟာ. . . ထွက်းထွက်းပါလား၊ ဘဘက ဘာကိစ္စရှိလို့ ခေါ်ခိုင်းတာလဲ ညီလေး"

"ကျွန်တော်မသိဘူး အစ်ကိုနောင်"

"ဟာ. . ညီလေး မျက်နှာလည်းမကောင်းပါလား၊ ဘာဖြစ်သာလို့လဲဟင်"

"ထူးနန္ဒာ အိမ်ကပျောက်နေတာ ဘဘသိသွားတယ် အစ်ကိုနောင်၊ အဲဒါကို ညီလေးကလည်းမပြောဘဲ ထိန်ချိန်ထားသလိုဖြစ်သွားတယ်၊ အဲဒီတော့ ဘဘလှိုင်နည်းနည်းဒေါပွသွားတာပေါ့"

"ထူးထူးက ဘယ်ကိုသွားတာလဲ ညီလေး"

"သူသွားမယ့်နေရာရောက်ရင် စိုင်းဖုန်းကိုပြန်လွှတ်ပြီး အကြောင်းကြားမယ် ပြောတယ်၊ အဲဒီကျတော့မှပဲ ထူးထူးသွားတဲ့နေရာသိရမှာပေါ့"

"ဟာ. . အဲဒါဆိုအချိန်တွေ သိပ်နောက်ကျကုန်လိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



တို့ဖြစ်တဲ့နည်းနဲ့ လိုက်ရှာရလိမ့်မယ် ညီလေးရေ"

ဘဘလှိုင်နဲ့တွေ့ပြီးနောက် ထူးထူးပျောက်ဆုံးနေသည့်အကြောင်းကို ဘဘစပ်သီဟနန္ဒာလည်း သိရှိအောင်ခေါ်ပြောလိုက်ကြသည်။ ထူးထူးကိစ္စဖြင့် အလုပ်ရှုပ်နေကြစဉ် မောင်အောင်က ပြေးပြီးလာပြော၏။

"နောင်နောင်ရေ၊ သောကမြိုင်ဘက်သွားတဲ့ မြေအောက်လိုဏ်ဂူလမ်းကိုတွေ့နေပြီ"

"ဒါဆို ဘဘလှိုင်နဲ့ ဘဘစပ်သီဟနန္ဒာတို့က ထူးထူးရှာဖွေရေးကိစ္စအတွက် ဆောင်ရွက်ဖို့လုပ်ပေါ့။ သားနဲ့ဆရာစျာန်တို့က သောကမြိုင်လိုဏ်ဂူလမ်းကို ဝင်ကြည့်ကြမယ်"

"သားတို့သွားရင် ရန်သူကိုသတိထား၊ လိုအပ်တဲ့လက်နက်ကိရိယာတွေ၊ လက်နှိပ်မီးတွေ၊ လက်ဆွဲမီးတွေအပြည့်အစုံယူသွားကွယ်"

"စိတ်ချပါ ဘဘ"

◆◆◆



## အခန်း(၂၆)

အလောင်းကောင်ကြီးတွေ့သောအခန်းသို့ နောင်နောင်တို့ရောက်သောအခါ အခန်းကြီးတစ်ခုလုံးမှစာကျဲအောင် မောင်အောင်တို့အဖွဲ့ မြေလှန်၍ထားပြီးကြပေပြီ။ ယခင်က 'စောမွန်လှ' အမည်ပါကြေးပြားများခေတ္တထားခဲ့ဖူးသည့် ဗီရိုကြီးအပြင်သို့ရောက်နေချေပြီ။ ၎င်း၏အောက်တွင်ခင်းထားသော ပျဉ်ကြမ်းခင်းအားလုံးလည်းအပေါ်သို့ခွာထားခဲ့ပြီးပေပြီ။ ကြမ်းပြင်အောက်ရှိတံခါးကြီးကို ရိုက်ဖွင့်လိုက်ရာ ယင်းအတွင်းလှေကားထစ်များနှင့် အောက်ဆင်းလမ်းသို့ ဆင်းနိုင်ရေး၊ တူအသေးတစ်ခုဖြင့် ခေါက်ကြည့်ရာတွင် လိုဏ်သံထွက်နေသဖြင့် ဖောက်ထွင်းကြည့်ရာမှ မြေအောက်လမ်းနှင့် မြေအောက်လှေကားတို့အား တွေ့ရှိရခြင်းဖြစ်ပေသည်။

နံရံထုကြီးအတွင်း၌ကား မောင်းတံများ၊ ပင်နီယံများဖြင့် စက်ခလုတ်ပေါင်းများစွာရှိပေ၏။ ယင်းကိုအပြင်ရှိ ပန်းချီကားချိတ်ဆွဲသည့်သံချောင်းကို အောက်သို့ဆွဲနှိပ်လိုက်သောအခါ နံရံထဲမှအစိတ်အပိုင်းတစ်ခုလည်းကာပွင့်လာခြင်းဖြစ်သည်။ ယင်းပွင့်လာသောတံခါးဝမှ ဆင်းလျှင်ကား လှေကားထစ်များဖြင့် နန္ဒာနန်းအိမ်ကြီးအောက်သို့ဆက်ဆင်းသွားနိုင်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဉာဏ်ဝင်းရေ. . လက်နှိပ်ဓာတ်မီးရှစ်တောင့်ထိုးယူခဲ့ကွာ"

"ဟုတ်ကဲ့ပါ အစ်ကိုနောင်"

"နောက်ပြီး ဆလိုက်မီးသုံးလို့ရတဲ့ မီးမောင်းပါယူခဲ့ကွာ"

"အဲဒီမီးကို မောင်အောင်ယူလာပြီ အစ်ကိုနောင်"

"အေးကွာ. . . . အဲဒါဆိုဆင်းကြရအောင်"

"ကဲပါ. . အစ်ကိုနောင်က ကျွန်တော့်နောက်ကလိုက်ပေါ့ ကျွန်တော်အရင်ဆင်းမယ်"

ဟု ဆိုကာ မောင်အောင်လည်း ရှေ့မှပြောပြောဆိုဆို ဆင်းသွားသည်။

နောင်နောင်သည်ကား မောင်အောင်နောက်မှ ပို့ဝင့်တူး တူးပစ္စတိုလေးကို အဆင်သင့်ကိုင်ထားရင်းနောက်မှလိုက်ခဲ့ပေ၏။

မောင်အောင်ကတော့ ငှက်ကြီးတောင်ဓားကြီးကို ညာဘက်ကကိုင်ကာ ဝင့်လျက်၊ လက်နှိပ်ဓာတ်မီးကို ဘယ်ဘက်က ထိုးကိုင်လျက်လည်းကောင်း၊ ရှေ့မှတစ်လှမ်းချင်း၊ ဦးဆောင်သွားလျက်ရှိပေသည်။

လှေကားထစ်များကား သာမန်လှေကားများထက်အနည်းငယ်မြင့်နေ၍ တစ်ထစ်ချင်းအားစိုက်ဆင်းရသည်။ ထို့ပြင်မြေအောက်ခန်းဖြစ်နေသောကြောင့် စိုထိုင်းလွန်းလှ၏။ အနံ့အသက်မှာလည်း စိုစွတ်၍မိုးများသောဒေသဖြစ်ခြင်းကြောင့် မှိုနံ့နှင့် မြေနံ့တို့ဖြင့်ရောထွေးကာ စူးရှသောအနံ့သည် နှာခေါင်းတွင်းကို ရှိန်းမြစွာဝင်ရောက်လျက်ရှိ၏။ မြေတွင်းရှိမွှားကလေးများသည်လည်း လက်နှင့်မျက်နှာများသို့ ရွစိရွစိတက်နေသောကြောင့် ခဏခဏ ပွတ်ချေနေရပေသည်။ ယင်းမွှားများတစ်ကိုယ်လုံးအနှံ့တက်ရောက်ခြင်းကို ပွတ်သပ်၍ချနေရခြင်းမှာလည်း အနှောင့်အယှက်ကြီး တစ်ခုဖြစ်ပေသည်။





မြေအောက်သို့(၁၅)ပေခန့်အနက်ကို (၄၅)ဒီဂရီခန့် ခပ်စောင်းစောင်းဆင်းသွားခြင်းဖြစ်ပေသည်။ လှေကားအဆုံးသို့ ရောက်သောအခါ ပေ(၃၀)ခန့်ကျယ်ပြီး၊ ရှည်လျားလှသော မြေအောက်လိုဏ်ဂူကြီးဖြစ်နေကြောင်း တွေ့ရှိရပေ၏။ အောက်ရှိလူသွားလမ်းအား အင်္ဂတေဖြင့်အချောကိုင်ထားလျက်ရှိ၏။

ဘေးဘက်များသည်ကား ကျောက်တုံး၊ ကျောက်ချွန်များဖြင့်ပြည့်နှက်နေသော မြေအောက်(Sink hole)ကြီးတစ်ခုဖြစ်ကြောင်း တွေ့ရှိရပေသည်။ သို့ဖြစ်၍နန္ဒဝန်ခြံကြီး၏ ဘေးဘက်တောင်တန်းများမှ စီးဆင်းသမျှသောမိုးရေများသည် ဤ(Sink hole)ထဲသို့ စီးဝင်ပျောက်ကွယ်ကုန်ကြခြင်းဖြစ်ပေသည်။ ဤကဲ့သို့မိုးရေများသည် မြေအောက်ရှိ ထုံးကျောက်လွှာများနှင့်ဓာတ်ပြုပြီး ထုံးကျောက်တို့သည် အရည်အဖြစ်ပျော်ဝင်စီးဆင်းကြသည်တို့လည်း ရှိကြ၏၊ အချို့သည် ကျောက်တုံးကျောက်ဆိုင်များအဖြစ် ပြောင်းလဲဖြစ်ပေါ်ကြကုန်၏။

ယင်းတို့သည်ပင်လျှင် မြေအောက်လိုဏ်ဂူများဖြစ်ပေါ်စေရန် သဘာဝ၏ဖန်တီးမှုများဖြစ်ပေသတည်း။ ပြင်ဦးလွင်မြို့နယ်ရှိ အောက်ခံမြေသားများသည် ထုံးကျောက်အလွှာများပေါ်တွင်တည်ရှိ၏။ ယင်းပေါ်တွင်မြို့တည်ထားခြင်းဖြစ်၏။ မိုးရေနှင့်ထုံးကျောက်အလွှာတို့ဓာတ်ပြုဖြစ်ပေါ်သည့် မြေအောက်လိုဏ်ဂူများသည်လည်း နေရာအနှံ့ဖြစ်ပေါ်တွေ့ရှိရသည်မှာ မဆန်းလှပေ။

ဆက်လက်၍ လူသွားလမ်းကျယ်ကြီးအတိုင်းလျှောက်ခဲ့ကြရာ ပေနှစ်ရာကျော်ခန့်လျှောက်ပြီးသောအခါတွင် လမ်းကျယ်ကြီးသည် တဖြည်းဖြည်းကျဉ်းသွားရာ ရှစ်ပေခန့်အကျယ်သာရှိတော့၏။ ဘေးနှစ်ဖက်သည်လည်း ရိုးရိုးမြေနှင့်ကျောက်ရောထွေးနေသည့် နံရံမဟုတ်တော့။ လူပြုပြင်ထားသည့် ကျောက်သားနံရံများဖြစ်ပေါ်လာ၏။ အနည်းငယ်လျှောက်မိသောအခါ လမ်းဘေး



www.burmeseclassic.com

www.burmeseclassic.com



ဝဲယာရှိ နံရံများတွင် တံခါးပေါက်များ အစီအရီတပ်ထားသည်ကို တွေ့ရ၏။ ယင်းတံခါးပေါက်များတွင်လည်း သော့များခတ်ထားသည်ကိုတွေ့ရခြင်းအားဖြင့် အခန်းများဖွဲ့စည်းထားသော မြေအောက်ခန်းများဖြစ်ကြောင်းတွေ့ရသည်။ ဆက်၍လျှောက်သွားသောအခါ အလုံပိတ်အခန်းများမဟုတ်တော့ဘဲ သံတိုင်များဖြင့် အခန်းများဖွဲ့ထားသည့် မြေအောက်လှောင်အိမ်ခန်းအဖြစ်တွေ့ရှိရသည်။ တစ်ကျပ်လုံးခန့် သံတိုက်များဖြင့် အခန်းဖွဲ့ထားခြင်းကို တွေ့ရှိရခြင်းကြောင့် အကျဉ်းစခန်းများဖြစ်မည်ကို ခန့်မှန်းနိုင်လေသည်။

"အစ်ကိုနောင်. . လူတစ်ယောက် ညည်းညူနေတဲ့အသံကြားရတယ်၊ အစ်ကိုနောင်ကြားရဲ့လား"

"အင်း ငါလည်း သဲ့သဲ့အသံကြားမိသလိုပဲ"

ဆက်၍သွားလိုက်သောအခါ လူညည်းသံပိုမိုသဲကွဲလာပေသည်။

"ဟိုရှေ့ ညာဘက်အခန်းထဲကပဲ အစ်ကိုနောင်"

"အေးကွာ. . . လာကြ၊ သွားပြီးကြည့်ကြသေးတာပေါ့"

လက်နှိပ်မီးဖြင့်ထိုးကာကြည့်ကြ၏။ အခန်း၏အတွင်းဘက်ရှိကောက်ရိုးများဖြင့် မွေ့ရာကဲ့သို့ဖြန့်ခင်းထားသောအပေါ်ဝယ်ခွေခွေလေးလဲနေသူတစ်ယောက်ထံမှ ညည်းညူသံထွက်ပေါ်နေခြင်းပင်တည်း။ ညာဏ်ထွန်းက အချုပ်ခန်းတံခါးသော့ကို လှုပ်ကြည့်၏။ တုတ်တုတ်မျှမလှုပ်ပေ။

"သော့ဝိဇ္ဇာလှဦးကို ပြန်ခေါ်မှဖြစ်မယ် အစ်ကိုနောင်"

"ဟုတ်တယ်ကွ၊ ညာဏ်ထွန်းပြန်တက်သွား၊ လှဦးကို သူ့ဆီကမာစတာကီးမျိုးစုံနဲ့အတူ လိုက်ခဲ့ဖို့သွားခေါ်ခဲ့"

"ဟုတ်ကဲ့ အစ်ကိုနောင်"

ညာဏ်ထွန်းထွက်သွားသောအခါ အချုပ်ခန်းများကိုလှ





သာကြည့်၏။ အချုပ်ခန်းများကား ႏစုစုပေါင်းတစ်ဖက်လျှင်(၆)ခန်းစီနှင့်နှစ်ဖက်(၁၂)ခန်းဖြစ်၏။ အချုပ်ခန်းများနှင့်ကပ်လျက် ဟိုဘက်၊ ဒီဘက်များ၌ အလုံခန်းများရှိ၏။ ယင်းအလုံခန်းများကားသော့ခတ်မထားပေ။

ကြေးခုတင်တချို့လည်းရှိနေသဖြင့် ယခင်ကလုံခြုံရေးတပ်ဖွဲ့များအိပ်နိုင်သည်ဟု ယူဆရပေ၏။ ယင်းအခန်းများလွန်လျှင် အခန်းကျယ်ကြီးဖြစ်၏။ အခန်းကျယ်ကြီးမှဆက်သွားလျှင်တံခါးပေါက်တစ်ခုရှိ၏။ ယင်းတံခါးပေါက်အလွန်တွင်ကား အပေါ်သို့တက်သောလှေကားကြီးဖြစ်ပေသည်။ သောကမြိုင်နှင့် ဆက်ထားသောမြေအောက်လျှို့ဝှက်အချုပ်ခန်းကြီးဖြစ်သည်မှာ ထင်ရှားလှပေသည်။ မြန်မာနိုင်ငံအားနှစ်ပေါင်းတစ်ရာခန့် အုပ်ချုပ်သွားသောအင်္ဂလိပ်လူမျိုးတို့လက်ကိုင်ထားသည့် ဗျူရိုကရေစီယန္တရား၏ အမိကအစိတ်အပိုင်းများဖြစ်မည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပေသတည်း။

"ကဲ. . . ညာဏ်ဝင်းရေ၊ တို့က ဟိုအချုပ်ခန်းတစ်ခုဖွင့်နေတုန်းမှာ သောကမြိုင်ထဲက ဆင်းလာတဲ့လူရှိရင် ချက်ချင်းမဝင်နိုင်အောင်လို့ ဟိုတံခါးကိုလုံအောင်ပိတ်ထားပေတော့"

ညာဏ်ဝင်းတစ်ယောက် သွားရောက်ပိတ်ဆို့ပြီးပြန်ရောက်လာ၏။

"တံခါးချက်တွေပိတ်တယ်။ အလယ်က မင်းတုံးတွေကိုသွပ်နန်းကြိုးနဲ့ချည်ထားခဲ့တယ်"

"အေးပေါ့ကွာ၊ ရန်သူတွေရောက်လာရင်တော့ နာရီဝက်လောက်တော့ ဟန့်တားလို့ရနိုင်တာပေါ့လေ"

"ကျွန်တော်ရောက်ပြီ အစ်ကိုနောင်"

"ဒီလူတစ်ယောက်ညည်းနေတဲ့ အချုပ်ခန်းတံခါးကိုဖွင့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အား . . တံခါးကတော့ သော့အခိုင်အမာပဲဟေ့၊ ဒီတံခါး ဖွင့်ဖို့မလွယ်ဘူး၊ ဖွင့်မရရင်တော့ ဖြတ်လွှနဲ့ဖြတ်ရမှာပဲ"

လှဦးဖွင့်နေစဉ်မှာပဲ ညာဏ်ထွန်းက သံဖြတ်လွှဖြင့်အချပ်ခန်းသံတိုင်ကို ဖြတ်နေပြီဖြစ်၏။

"ဖွင့်ရပြီဗျို့"

"ကဲ . . . ဝင်ကြတာပေါ့"

ဆရာချာန်မြင့်မှ ဦးဆောင်ဝင်သည်။ နောင်နောင်တို့ လူနာဆီရောက်၍မှောက်ခုံဖြစ်နေသော လူနာအားပက်လက်လှန်ကြည့်လိုက်သောအခါ . . .

"ဟာ . . . စိုင်းပေါက်ပါလား"

"ကဲကွာ . . . စိုင်းပေါက်ကို နန္ဒဝန်အိမ်ထိခေါ်ခဲ့ကြ၊ ဒီကောင့်ကို အရေးပေါ်ဆေးကုသပေးမှဖြစ်မယ် နောင်နောင်"

ဆရာချာန်မြင့်မှ ဆုံးဖြတ်ချက်ပေး၏။

"ဟိုဘက်လှေကားကို ဆက်မတက်ဘူးလား ဆရာချာန်"

"ဒီလူနာရဲ့အသက်ကပိုအရေးကြီးတယ်။ ဒီလူနာအသက်ရှင်ခဲ့ရင်လည်း သူ့ဆီကတန်ဖိုးရှိတဲ့သတင်းတွေရဦးမှာပေါ့။ အဲဒီကျတော့မှ ဟိုဘက်လှေကားကိုဆက်တက်ဖို့ သင့်မသင့်စဉ်းစားကြတာပေါ့"

"ဟုတ်ပါတယ်လေ၊ ဘဘလှိုင်တို့ရယ်၊ တာဝန်ရှိတဲ့ပြည်သူ့ရဲတပ်ဖွဲ့ရယ်ကို အကူအညီတောင်းရမှာပေါ့လေ"

နန္ဒဝန်အိမ်ကြီးကို ပြန်တက်သောလှေကားထိပ်ဝနားရောက်သောအခါ . . .

"ညာဏ်ထွန်းနဲ့ မောင်အောင်၊ ဒီလှေကားထိပ်မှာအစောင့်အဖြစ်နေခဲ့၊ ဟိုဘက်ကလာတဲ့လူကို အပိုင်စောင့်ပြီးခဲဏလှဲသိပ်ရမယ်ဟေ့"

ဆရာချာန်မြင့်က မှာ၏။

ကြည်လှမောင်စာပေ



"စိတ်ချပါဆရာ၊ ကျွန်တော်တို့က လက်မှန်းကောင်းပါတယ်"

"ညာဏ်ထွန်းကတော့ ရန်သူလာရင်ခေါင်းထိုးခံလိုက်ကွာ"

"တပည့်က ဒီတစ်ခါတော့ အပိုင်လှဲသိပ်လိုက်ပါ့မယ် ဆရာရဲ့၊ မယုံရင်စောင့်ကြည့်နေ"

"ကောင်းပါလေ့ဗျာ၊ မောင်ရင့်ခေါင်းပတ်တီးမစည်းရရင်ဘဲ ကျေးဇူးတင်လှပါပြီ"

အားလုံးအရေးပေါ်ဆေးကုသရေးအတွက် ကမန်းကတန်းဆောင်ရွက်ရတော့သည်။

♦ ♦ ♦

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၇)

စိုင်းပေါက်အား ဒဏ်ရာများဆေးထည့်ခြင်း၊ အကြောဆေးသွင်းခြင်းတို့ ပြီးဆုံးသွားသောအခါ နံနက်လင်းဖို့ ရောင်နီပင်ပျို့လာပြီ။

"စိုင်းပေါက်ဒဏ်ရာက သိပ်မပြင်းပါဘူး၊ အစာမစားရလို့ အားပြတ်သွားတာပါ"

"ဟုတ်တယ်. . . နောင်နောင်၊ ဒီကောင်တွေ သုံး,လေးရက်လောက်က မြေအောက်ခန်းထဲထည့်ပြီး မေ့ထားပစ်ခဲ့ကြတာကွ၊ သူတို့သိပ်အရေးကြီးတဲ့ကိစ္စရှိလို့ တစ်ဖွဲ့လုံးလိုလို ခရီးထွက်သွားကြတယ်။ အစောင့်အဘိုးကြီးနှစ်ယောက်ပဲ သောကမြိုင်မှာကျန်ခဲ့တယ်"

"မင်းကရော. . . သူတို့အဖွဲ့ထဲကဖြစ်လျက်နဲ့ ဘာကြောင့်အချုပ်ထဲရောက်နေတာလဲ"

"အင်း. . . ဒါကတော့ သူတို့မယုံကြည့်ရတဲ့ကိစ္စတစ်ခုကြောင့်လို့ပဲ မှတ်ထားလိုက်ပါ။ ဒါပေမဲ့ ဘဘလှိုင်တို့အားလုံး စိုင်းဝဏ္ဏတို့နောက်ကို အမြန်လိုက်မှဖြစ်မယ်။ သူတို့ ထူးထူးကိုဖမ်းပြီး ရှင်မွန်လှရဲ့ရတနာတွေအပြင် အခြားရတနာတွေရှိတဲ့နေရာကိုပါ





ထူးထူးဆီက ဖော်ထုတ်ကြလိမ့်မယ်"

"ဟာ. . . ဝဏ္ဏဆိုတဲ့ကောင်ဟာ အလကားဥစ္စာရှူးပဲ၊ ထူးနန္ဒာက ဘာသိမှာမို့လို့လဲ၊ ပြောလိုက်ကွာ သတ္တိရှိရင် သီဟနန္ဒာကိုလာစမ်းလှည့်လို့၊ ဒီကောင်နဲ့ဓားချင်းယှဉ်ပြီးတော့ကို ရှင်းမှဖြစ်မယ်"

"ဘဘရယ်၊ စိတ်ကိုလျှော့ထားပါ။ ငစိုင်းတို့အဖွဲ့ကို သားကြီးရှင်းပါ့မယ်၊ ညီမလေးကို သူတို့မဖမ်းနိုင်အောင်လည်း သားပဲစီစဉ်ပါ့မယ်"

"ကဲပါ. . . ကိုသီဟရာ၊ သားကြီးနောင်နောင်နဲ့ဆရာဈာန်မြင့်တို့ စီစဉ်ပါလိမ့်မယ်။ ခင်ဗျားနဲ့ကျွန်တော် ဆက်ပြီးဆွေးနွေးစရာတွေရှိသေးတယ်ဗျာ၊ လာ. . . ဧည့်ခန်းထဲသွားကြရအောင်"

စိုင်းပေါက်ပြောပြသော လမ်းကြောင်းများကို မှတ်သားရသည်။ ပြင်ဦးလွင်မှဆင်းလာသောအခါ ပြင်စာကိုမရောက်ခင် လမ်း၏ဘယ်ဘက်ခြမ်း(အရှေ့ခြမ်း)၌ မြေပုံရွာသို့သွားသော လမ်းခွဲရှိ၏။ ယင်းလမ်းအတိုင်း ဂျစ်ကားဖြင့် မြေပုံသို့သွားနိုင်၏။ မြေပုံ၌တောအလွန်ကျွမ်းသော ညီအစ်ကိုနှစ်ယောက်ရှိ၏။ ဦးလှအုန်းနှင့်ဦးလှဘုန်းတို့ဖြစ်သည်။ ယင်းတို့နှစ်ဦးအနက် တစ်ဦးကိုခေါ်၍ ရွှေကျောင်းရွာကို သွားရန်ဖြစ်၏။

ရွှေကျောင်းရွာဟူသည်မှာ ယခုလက်ရှိ,ရှိနေသည့် ရွှေကျောင်းရွာမှာကား ခေတ်ပျက်ပြီးနောက်ပြန်တည်သောရွာအသစ်ဖြစ်၏။ မင်းတုန်းမင်းလက်ထက်ရှိခဲ့သော ရွှေကျောင်းရွာသည် တောထဲ၌ရှိ၏။ နန်းဦးဆရာတော်ဦးပညာဇမရောက်ခင်က တောင်ယာလုပ်ကိုင်စားသောက်သော တဲကလေးနှစ်လုံးသာဖြစ်၏။ ၎င်းနေရာအနီးရှိ ရေတံခွန်တွင်တောရကျင့်ရင်း ဆရာတော်ထံဆွမ်း, ကွမ်းလုပ်ကျွေးနေသော ၎င်းတောင်ယာတဲနှစ်လုံးရှိ မိသားစုအတွက် ဆရာတော်က တစ်သက်စားမကုန်သည့် ရွှေတို



www.burmeseclassic.com

www.burmeseclassic.com



အစတစ်ခုစီချီးမြှင့်လိုက်၏။ ထိုအခါ ရင်းမိသားစုနှစ်စုမှ ဆရာတော်အတွက်ရွှေဖြင့်အတိပြီးသော ကျောင်းကြီးကိုလည်းကောင်း သိမ်တော်ကြီးကိုလည်းကောင်း ဆောက်လုပ်ခဲ့၏။ နောင်သောအခါ ဆရာတော်ကြီးထွက်ရပ်လမ်းသို့ မြန်းသောအခါ နောင်လာနောက်သားတို့ လောဘတက်မည်စိုး၍ ယင်းရွှေအတိပြီးသော ကျောင်းရွှေသိမ်တို့ကို ခေတ္တကွယ်ဝှက်ထားခဲ့သည်ဟု ပါးစပ်ရာဇဝင်ရှိခဲ့၏။ ထိုရွှေကျောင်း၏ဘေးတွင် ပတ်၍စီးနေသော ချောင်းကား ဗဟန်းချောင်းဟုအမည်တွင်၏။ ဗဟန်းချောင်းဖျား လမ်းအဆုံးသို့လိုက်ပါက ဘုရားကျောက်ခေါင်းတောင်သို့ရောက်၏။ ဘုရားကျောက်ခေါင်းတောင်မှာကား သစ်သားဖြင့် လျှောင်းတော်မူဆင်းတုတော်ကြီးတည်ထားခဲ့ရာ ခြတိုးသည့်ဒဏ်ကြောင့် ဦးခေါင်း(မဏိတော်)သာလျှင်ကျန်ခဲ့ပြီး ကျန်ကိုယ်လုံးတော်အားလုံး ပျောက်ပျောက်ကုန်လျက်ရှိပေသည်။ ယင်းဘုရားကျောက်ခေါင်းတောင်၏ အရှေ့ဘက်တွင် ဘေးမှတောင်များပတ်လည်ဝန်းရံလျက်ရှိပြီး အလယ်၌တစ်လုံးတည်းထီးထီးဖြစ်ပေါ်နေသည့် တောင်လည်းရှိ၏။ ထိုတောင်ကို ညာတကုတ်ဂူဟုခေါ်သည်။ အပြင်မှကြည့်လျှင် အီဂျစ်ပြည်မှ ပိရမစ်များ၏ပုံစံကဲ့သို့ ထိပ်ချွန်းပြီး အပြင်မှ လေးထောင့်စောင်းစောင်းပုံများရှိသည်။ ပိရမစ်တို့ထက် ထူးခြားသော အချက်များကား အပေါ်ဘက်ထိပ်တည့်တည့်ပွင့်နေခြင်းဖြစ်ပေသည်။ ယင်းထိပ်တည့်တည့်မှ ပွင့်နေခြင်းမှာကား အနည်းဆုံးတစ်ပေပတ်လည်သာသာခန့်ရှိအပေါက်ကြီးဖြစ်ပေသတည်း။ မိုးပေါ်ရှိ ထိုအပေါက်မှ လရိပ်တို့သည်လည်းကောင်း၊ နေရောင်တို့သည်လည်းကောင်း၊ ဂူတွင်းကိုကျရောက်လျက်ရှိသတည်း။ ထိုအလင်းတန်းကိုခံယူ၍ ယောဂကျင့်စဉ်တစ်မျိုးမျိုးကို ကျင့်ကြံအားထုတ်ကြသည်ဟု စိုင်းပေါက်ပြောပြ၏။

"ထူးနန္ဒာ အဲဒီဂူထဲရှိမှာသေချာတယ် နောင်နောင်၊ တစ်ခု





ဟာ့ရှိတယ်၊ အဲဒီဂူထဲကိုဝင်ဖို့က တော်တော်ပုဂ္ဂိုလ်တော့ဝင်ဖို့လွယ်ဘူး။ အတားအဆီးတွေ တော်တော်များတယ် ပြောကြတယ်။ ချင်းမြောင်က ဧရာမမြွေကြီးနှစ်ကောင်လည်း အဲဒီမှာအစောင့်အဖြစ်ရောက်နေတယ်။ နောက်ပြီးဂူထဲဝင်တဲ့ လျှို့ဝှက်တံခါးကလည်း သာမန်အတိုင်းဖွင့်လို့မရဘူးတဲ့။ သူတို့လျှို့ဝှက်ထားတဲ့ အရာဆစ်ခုကိုအသုံးပြုပြီး ဖွင့်မှရတယ်တဲ့။ စိုင်းဝဏ္ဏတို့ အဲဒီရောက်နေလည်း မပူပါနဲ့။ ထူးထူးက ဂူထဲသာရောက်နေရင် ဘယ်လိုမှဖွင့်ဖို့ရမှာမဟုတ်ဘူး"

နောင်နောင်တို့အမြန်ဆုံးခရီးထွက်ရန် ပြင်ဆင်ကြသည်။ နွားဝန်ရှိ အင်အားအကုန်လုံးအသုံးပြုရန်ဖြစ်သည်။ သတ်မှတ်ရက်ဆက်ကြာမြင့်လျှင်တော့ ပြည့်သူ့ရဲတပ်ဖွဲ့ကိုပါခေါ်၍လိုက်ခဲ့ရေးအိမ်ရှိအစောင့်တို့ကိုမှာခဲ့သည်။

"သားကြီးနောင်နောင် လိုလိုမည်မည် ယမ်းပြွအိမ်မြှောင် (Compus)ရယ်၊ နယ်မြေ,မြေပုံရယ်၊ တောတွင်းရိက္ခာတွေရယ် အကုန်ယူခဲ့ကြကွယ်၊ မိုးကာတဲလည်း နှစ်လုံးလောက်ယူခဲ့ကြဦး၊ ကိုသီဟနန္ဒာကတော့ ကျန်းမာရေးသိပ်မကောင်းတော့နေခဲ့ဗျာ"

"ဟာ. . . ကျုပ်သမီးထူးထူးကို ကယ်ဖို့ကိစ္စပဲ၊ ကျုပ်ကိုယ်တိုင်လိုက်ရမှာပေါ့ဗျာ၊ ကျုပ်သေချင်သေသွားပါစေဗျာ၊ လိုက်ရမှာပဲ ခင်ဗျားထားခဲ့လည်း မနေဘူး"

"ကဲပါ ဘဘလိုင်ရယ်၊ ဘဘသီဟနန္ဒာလိုက်ပါစေ၊ မြေပုံရွာကနေဟိုဘက်ဆက်ထွက်ရင် မြင်းနဲ့လှည်းတွေပါဦးမှာပဲ။ မပူပါနဲ့"

နောင်နောင်တို့မြေပုံရွာကိုရောက်သောအခါ နေလုံးပင်အတန်ငယ်စောင်းနေချေပြီ။

သူကြီးကိုခေါ်တွေ့ကြသောအခါ ဦးလှအုန်းနှင့်ဦးလှဘုန်းတို့ညီအစ်ကိုနှစ်ယောက်စလုံးကို စိုင်းဝဏ္ဏတို့ခေါ်သွားကြကြောင်းသိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို အဲဒီဘက်သိတဲ့လူ မရှိဘူးလား”

“အဲဒီ ပြင်ကြီးကြိုးဝိုင်းဘက်ကို ဘယ်သူမှမသွားရဲဘူး ဆရာလေးရဲ့”

“ဘာကြောင့်မသွားရဲတာလဲ သူကြီးရာ”

“မကောင်းဆိုးဝါးတွေပေါလို့တဲ့ ဆရာလေးရေ၊ တစ်ခါ တလေဘုန်းကြီးတွေမှန်းမသိ၊ သိုက်ဆရာမှန်းမသိ၊ တစ်ခါတစ်လေ ကျတော့လည်း ရှေးနန်းဝတ်နန်းစားနဲ့ မင်းညီမင်းသားတွေ၊ မင်း သမီးတွေ တွေ့ရသတဲ့။ ဘယ်သူမှမသွားကြတာတော့အမှန်ပဲ”

“ကဲပါဗျာ၊ အဲဒီအစပ်လောက်အထိ လက်ညှိုးထိုးပြနိုင် ရင်တော်ပါပြီ”

“နက်ဖြန်ကျစီစဉ်ကြတာပေါ့ဗျာ”

နေဝင်ရီတရောတွင် ရွာ၏အခြေအနေလေ့လာရင်း ရွာ မြောက်ဘက်ဘုန်းကြီးကျောင်းဘေးရှိ တောင်ကုန်းပေါ် သို့ရောက် သွား၏။ (၂၇)တောင်ခန့်ရှိစေတီတစ်ဆူကို ထုံးဖြူအဖွေးသားနှင့် တွေ့ရသည်။ ဘုရားစေတီမှ ဆည်းလည်းသံတို့မှာ နောင်နောင်၏ ရင်ကို လှုပ်ခတ်စွာဆွဲဆောင်လျက်ရှိ၏။

ထိုစေတီတောင်ကုန်းပေါ် သို့ တက်ခဲ့၏။

“မိဖုရားစောမွန်လှကောင်းမှု”

နောက်မြေပုံစေတီဟူသော အမည်ကလည်းထူးခြားနေ သည်။ ဘုရားအရှေ့ဘက်ရှိတန်ဆောင်းကို ကျော်ပေးလျက် စေတီ အား ဖူးမြော်လိုက်သည်။

“ညီမလေးထူး. . ကျန်းမာပါစေ. . ဘေးမသီရန်မခပါ စေနဲ့”

“ဟယ်. . ညီမလေးထူးပါလား”

အဝတ်အစားကတော့ ရှမ်းအဝတ်အစားမဟုတ်၊ မိဖုရား အဆောင်အယောင်ဖြင့် ဝတ်စားထားသည်။ အနားသို့လျှောက်





ပြီး ဘုရားဖူးမြော်နေဟန်ရှိသည့် မိဖုရားအဝတ်အစားဝတ် ထားသည့် ညီမလေး၏ပခုံးအား ကိုင်ကြည့်လိုက်သည်။

“ဟာ. . ရုပ်ပုံတူကြီးပါလား၊ ပန်းပုလက်ရာကလည်း ဆန်း ထိုက်တာ၊ ညီမလေးထူးနဲ့တစ်ထေရာတည်းပါလား၊ ပုံတော်အောက် မှာ ရေးထားတဲ့စာတမ်းက ‘မိဖုရားကြီးစောမွန်လှပုံတော်’. . .

“ညီမလေးထူး ကိုယ်စိတ်နှစ်ပါးလုံး ကျန်းမာချမ်းသာပါ စေ”ဟု ထပ်ပြီးဆုတောင်းမိသည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

နောက်နေ့ခရီးထွက်သောအခါ ကား(၃)စီးအပြင် ကားလမ်းဆက်၍မပေါက်သောအခါသယ်ရန် လှည်း(၅)စီး၊ ဆင်နှစ်ကောင်နှင့် မြင်း(၇)ကောင်ခန့်ပါလာခဲ့ပေသည်။ ဆင်များကားသစ်ဆွဲဆင်များဖြစ်နေ၍ အပေါ်မှတက်စီးရန်အတွက် ခြင်းကြားထိုင်ခုံခပ်စုတ်စုတ်များသာ တင်ခဲ့နိုင်ပေသည်။

"ဟိုရောက်လို့ပြောင်းကြရင်တော့ ဘဘလှိုင်တို့၊ ဘဘစပ်သီဟနန္ဒာတို့၊ ဆရာချောန်မြင့်တို့၊ ညီလေးထွဏ်းထွဏ်းတို့ဆင်ပေါ်ကိုမျှစီးကြပေါ့။ အရေးကြီးတဲ့ပစ္စည်းတွေလဲ ဆင်နှစ်ကောင်ကိုမှ တင်ကြရမှာပဲ"

"ထွဏ်းထွဏ်းကတော့ အစ်ကိုနောင့်လို့ပဲ မြင်းနဲ့လိုက်မယ်။ ဒါမှပိုပြီး ခရီးတွင်မှာ အစ်ကိုနောင်ကိုလည်းကူနိုင်မှာသိလား"

"ညီလေးထွဏ်းထွဏ်း. . . ဘဘလှိုင်တို့နဲ့လိုက်ပါကွာ၊ အစ်ကိုနောင်က အရေးပေါ်ရင်ရင်ဆိုင်ဖြေရှင်းနိုင်အောင် ဉာဏ်ဝင်းတို့တစ်တွေနဲ့အဖွဲ့ခွဲပြီးသွားကြရမှာမို့ပါကွာ"

မြေပုံရွာမှ(၁၀)မိုင်လောက်ရောက်သောအခါ လှည်းလမ်း





သည် တောင်ပေါ်ကိုဖြတ်ရတော့၏။ ၎င်းနောက်မှ လှည်းလမ်းကြောင်းသည် ဘီးရာအလွန်နက်လှသည်ကြောင့် ကားမောင်း၍ရတော့ပေ။ ထိုအခါကားပေါ်မှပစ္စည်းများအား လှည်းပေါ်သို့လည်းကောင်း၊ အချို့အရေးကြီးသော မီးစက်ကိရိယာများအားဆင်ပေါ်သို့လည်းကောင်း ပြောင်းရွှေ့တင်ကြလေ၏။

"သားကြီး နားထောင်စမ်း၊ ဟိုးတောင်ကြောပေါ်က မြင်းခွာသံကြားနေရတယ်"

ဘဘစပ်သီဟနန္ဒာမှာကား အဆင့်မြင့်သိုင်းဆရာပီပီအဝေးမှအသံကို ချက်ချင်းကြားလိုက်ပေသည်။ နောင်နောင်ကားသေချာစွာ နားထောင်တော့မှ ကြားတစ်ချက် မကြားတစ်ချက်။

"ဟုတ်တယ် ဘဘ၊ မြင်းခွာသံပဲ၊ ဒီဘက်ကို ပိုနီးလာတယ်ဆိုတော့ ဒီကိုဦးတည်လာနေတာလား မသိဘူး"

ဘဘစပ်သီဟနန္ဒာသည်ကား နန္ဒဝန်အိမ်ကိုရောက်ပြီးနောက်ပိုင်းတွင် နောင်နောင်၏သိုင်းသင်တန်းဆရာဖြစ်ခဲ့ရပေသည်။ ဒါကြောင့်လည်း ယခုကဲ့သို့ ခရီးသွားရင်းပင် သင်ကြားပေးခြင်းဖြစ်ဟန်တူပေသည်။

"ပေါ်ထောက်. . . ကျွန်တော့်လည်း သိုင်းပညာသင်ပေးဦးနော်"

"ဆရာချောန်က တခြားမှာလုပ်ငန်းတစ်ဖက်နဲ့ဆိုတော့သင်လို့လွယ်ပါ့မလား၊ အချိန်ပေးနိုင်ရင် အပင်ပန်းခံနိုင်ရင်ရပါတယ် ဆရာလေးရဲ့"

"ဟော. . . ဟော ဟိုတောင်ကုန်းထိပ်ဘက်မှာမြင်းစီးလာတဲ့ လူပေါ်လာပြီ"

အားလုံးအသံတိတ်ဖို့ အမူအရာဖြင့်ပြောလိုက်သည်။

"စိုင်းအောင်မြင့်. . . စိုင်းအောင်မြင့်"

ဉာဏ်ဝင်းက လှမ်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဗိုလ်ညာဏ်၊ ဘဘလှိုင်တို့လဲပါတာပဲ၊ လူစုံတက်စုံပါလား"

"ဟုတ်တယ်ဟေ့၊ မင်းတို့ မမလေးမိထူးဒုက္ခပေးလို့ ငါတို့အားလုံးလိုက်လာခဲ့ရတာပဲ"

"ဟုတ်ကဲ့. . . ဘဘလှိုင်ကို မမလေးကစာပါးခိုင်းလိုက်ပါတယ်"

စာကို ကမ်းပေးလေ၏။

*ဘဘရှင့် . . .*

*သမီးရှိသေစွာ စာရေးအပ်ပါသည်။*

*ရှင်မွန်လှ၏ ရွှေပြားသိုက်စာချုပ်တွင်ပါသောအကြောင်းအရာအားလုံး သမီးအဓိပ္ပာယ်ဖော်ပြီးဖြစ်ပါတယ်။ အဲဒီသိုက်စာအညွှန်းအရ နေလဂူကိုသမီးရောက်နေပါတယ်။ အဲဒီဂူမှာ(၉)ရက်တိတိရှစ်ပါးသီလနဲ့ အဓိဋ္ဌာန်ဝင်ရမှာဖြစ်ပါတယ်။ သမီးကိုဘာမျှစိုးရိမ်မနေပါနဲ့ရှင်၊ သမီးတို့အဖွဲ့ ဂူထဲရောက်သွားတဲ့အခါမှ အတွင်းကနေ ဂူတံခါးခလုတ်ကို ပိတ်ထားလို့ရပါတယ်။ အဲဒီလိုပိတ်ထားရင် ဆင်နဲ့တိုက်ဖွင့်လို့တောင် မရပါဘူးရှင့်။ အခုဒီလို အဓိဋ္ဌာန်ဝင်ပြီး ဆောင်ရွက်ခြင်းဟာလဲ ဘဘနဲ့မေမေဝင်းတို့စီစဉ်နေတဲ့အကြောင်းအရာတစ်ခုအတွက် သမီးလိုက်လျောဖြည့်ဆည်းပေးနိုင်မှုမရှိတာကြောင့် မျက်နှာပူပြီးထွက်လာရခြင်းဖြစ်ပါတယ်ရှင့်။*

*ဒီလုပ်ငန်းတွေ အောင်မြင်သွားရင် မြန်မာတစ်ပြည်လုံးဘဘကြိုက်သလို ဘုရားတွေတည်နိုင်အောင် သမီးကရတနာတွေရှာဖွေပေးနိုင်မှာဖြစ်ပါတယ်။ အဲဒီလို ရှာဖွေပေးနိုင်မှသာ သမီးမလိုက်လျောနိုင်တဲ့ကိစ္စအတွက် အစားထိုးလုပ်ဆောင်ပေးရာလည်းရောက်မှာဖြစ်တဲ့အပြင် ဘဘကိုကျေးဇူးဆပ်ရာလည်းရောက်မှာဆိုတဲ့ စေတနာနဲ့ဖြစ်ပါတယ် . . . ဘဘရှင့်။*





*အခုလည်း ဘဘတို့ အစစ,အရာရာစိတ်မပူရအောင် စိုင်းအောင်မြင့်ကို စာနဲ့စေလွှတ်လိုက်ရခြင်းဖြစ်ပါတယ်ရှင့်။ ဘဘမှာချင်တာရှိလဲ စိုင်းအောင်မြင့်နဲ့ စာရေးမှာလိုက်ပါရှင့် . . .။*

*သမီး*

*ထူးနန္ဒာ*

"ဘာတဲ့လဲ ကိုစိန်လှိုင်"

"ဩော်. . . သူ့ကို စိတ်မပူဖို့နဲ့၊ အဲဒီဂူက အထဲကနေပိတ်ထားရင် အပြင်က ဆင်နဲ့တိုက်ဖွင့်တောင် ဖွင့်လို့မရဘူးတဲ့"

"ဒါပဲလား ကိုစိန်လှိုင်ရဲ့"

"အခု သမီးလေးက နေလဂူမှာ ကျင့်စဉ်ကျင့်နေတာ စုစုပေါင်း(၉)ရက်၊ ရှစ်ပါးသီလအဓိဋ္ဌာန်ဝင်ရမယ်ပြောတာပဲ။ အခုစိုင်းအောင်မြင့်ပါနေတော့ လမ်းပြအတွက်မပူရတော့ဘူးပေါ့ဗျာ"

"စိုင်းအောင်မြင့်က ထူးထူးဆီက လာတာရောသေချာရဲ့လား ဘဘရာ"

"ဟုတ်ပါတယ် သားလေးရာ၊ အခုစာက မင်းညီမလေးလက်ရေးနဲ့ ကိုယ်တိုင်ရေးပေးလိုက်တဲ့စာပါ သားရ"

နောင်နောင့်စိတ်ထဲကတော့ . . .

"အင်း. . . ဘဘလှိုင်က စာကိုမပြပုံထောက်တော့ ထူးထူးဆီက လျှို့ဝှက်ထားရမယ့်အရာတွေ ဘာတွေများပါလိမ့်"

ဟု လူသားတစ်ယောက်စီ မသိနိုင်သေးသောအရာအတွက် လိုလားတောင့်တလိုက်မိလေသည်။

"ဩော်. . . လူအများနဲ့မို့ဖြစ်မှာပါ၊ သားအဖနှစ်ယောက်ထဲဆိုရင်တော့ ဒီစာကိုပြတန်ကောင်းပါရဲ့"ဟု သူ့ကိုယ်သူ နှစ်သိမ့်အားပေးလိုက်မိသေးသည်။

ကားပေါ်မှ ပစ္စည်းများရွှေ့ပြောင်း၍ပြီးသောအခါ စမ်း



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကလေးအနီးတွင် တက်သုတ်နှင့်၍ နံနက်စာကိုစားလိုက်ကြပေသည်။ ဆင်နှင့်မြင်းချည်းသားဆိုလျှင် ခရီးတွင်မည်ဖြစ်သော်လည်း၊ လှည်းများပါနေသေး၍ တအိအိသာမောင်းနှင်နိုင်ပေသည်။ နောင်နောင်အနေနှင့်ကား မြင်း(၃-၄)စီးခန့်နှင့် မိမိတို့အရင်သွားနှင့်လို၏။

"ဘဘလှိုင်. . . သားနဲ့မြင်းသုံးစီးလောက် အရင်သွားနှင့်ချင်တယ်။ ထူးထူးအတွက် စိတ်မချလို့ပါ"

"မသွားနဲ့သားကြီး၊ ဂူတံခါးက စိတ်ချရပါတယ်၊ စိုင်းအောင်မြင့်ပြောနေတာပဲ၊ ဖေဖေတို့ နှစ်ဖွဲ့ခွဲသွားရင် အခက်အခဲတွေအများကြီးတွေ့နိုင်တယ်၊ လမ်းတို့ နယ်မြေတို့မကျွမ်းကျင်တာကြောင့်ရယ်၊ ညမှောင်မှရောက်သွားပြီး အဖွဲ့နှစ်ဖွဲ့ပြန်ဆုံဖို့ခက်နိုင်တာရယ်ကြောင့် ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒါကြောင့် လောလောဆယ်တော့ တစ်လုံးတစ်စည်းထဲပဲဖြစ်အောင်သွားရမယ်သားကြီး"

ဘဘလှိုင်က ညင်သာဖြေးလေးစွာရှင်းပြသည်။

ထမင်းစားပြီးသောအခါ လှည်းများကိုဦးဆောင်လျက်တအိအိဖြင့်ဆက်လက်ထွက်ခွာခဲ့ကြသည်။

'ကောက်ကကွေး ကော်. . . ကောက်ကကွေး ကော်'ဟု ယောက်ဖခွေးခေါ် ငှက်များ၏အော်သံတို့ကိုလည်းကောင်း၊ 'ဝေါက်ဝေါက်'ကနဲလန့်လျက်တောတိုးပြေးသွားသော ဂျီဟောက်သံများကိုလည်းကောင်း၊ 'တရိန်. . တရိန်'ကနဲ ဆတ်များလန့်အော်သံတို့သည်လည်းကောင်း၊ တောအစပ်ကိုရောက်လာပြီဖြစ်ကြောင်း ဖော်ပြလျက်ရှိပေသည်။

တော၏အရိပ်အာဝါသတို့သည် တဖြည်းဖြည်းထူထပ်လာသောကြောင့် အရိပ်တို့သည် နေပျောက်မထိုးအောင်စိပ်လျက်ရှိ၏။ တောတိရစ္ဆာန်တို့၏သဘာဝအော်မြည်ဟစ်ကြွေးသံတို့အပြင်





ညင်သာသော တေးသံကိုပြုလျက် စီးဆင်းသောစမ်းရေသံများ၊ အနည်းငယ်ပြင်းထန်စွာစီးဆင်းလျက်ရှိသော စမ်းကျရေတံခွန်တို့၏ရေကျသံများတို့သည် တော၏သဘာဝအာရုံများနှင့်အတူ အချက်ကျကျထွက်ပေါ် လျက်ရှိပေသည်။

"ဒီတောကြီးက သိပ်သာယာတာပဲနော် အစ်ကို"

"ဟုတ်တယ် ညီလေးရာ၊ ဒီလှပတဲ့ တောရဲ့သဘာဝကို အသိဉာဏ်ကြွယ်လှပါတယ်ဆိုတဲ့လူတွေ အလှဆင်ဖို့မကြိုးစားဘဲ ဖျက်ဆီးဖို့ကြိုးစားတာဆိုးတာပဲ ညီလေးရ"

"ညီလေးတော့ ဒီလိုသာယာတဲ့ တောကြီးထဲမှာတစ်လလောက်နေချင်လိုက်တာ အစ်ကိုနောင်ရာ"

"ရပါတယ် ညီလေး၊ ညီမလေးထူးနဲ့အတူ အစိဋ္ဌာန်ဝင်လိုက်ပေါ့ကွာ၊ အဲဒါဆို ဒီတောအလှသဘာဝတွေကို ခံစားလို့ရတာပေါ့"

"ရပါလိမ့်မယ်အားကြီး၊ အစ်ကိုနောင် စဉ်းစားကြည့်လေ ညနေစာမစားဘဲ ဥပုသ်ဆောက်တည်ပြီးမှ အစိဋ္ဌာန်ဝင်တာ အစ်ကိုရ၊ ညီမလေးကလည်း ပြောရအတော်ခက်ပါတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ဘာကြောင့်များ ဒီလိုလူကြီးစိတ်ဝင်သွားရတာပါလိမ့်"

စကားတပြောပြောနှင့်လာခဲ့ရာ၊ ဂူအနီးရှိရေတံခွန်ကိုရောက်သောအခါ ညမှောင်လုလုအချိန်သို့ပင် ရောက်ရှိခဲ့ပေပြီ။

ရေတံခွန်ကြီးကား ပေ(၁၀၀)ခန့်အမြင့်မှ တဝေါဝေါထိုးဆင်းလျက်ရှိပေသည်။ ထိုရေတို့သည် အောက်ရှိတစ်ဧကခန့်အကျယ်ရှိသော ရေအိုင်စိမ်းပြာပြာထဲသို့ တဝေါဝေါထိုးဆင်းလျက်ရှိ၏။ ထိုရေအိုင်ကြီးကား အလွန်နက်ရှိုင်းလှသဖြင့် ရေများသည်စိမ်းပြာပြာအရောင်ပေါက်လျက်ရှိပေသည်။

စိုင်းအောင်မြင့်သည် ရေအိုင်ဘေးမှကျောက်တုံးများကိုကျော်ခွသွားရင်း ရေတံခွန်ဘေးရှိကျောက်ဆောင်တစ်ခုအနီးသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသွား၏။ နောင်နောင်သည် စိုင်းအောင်မြင့်ဘေးမှကပ်၍ လိုက်ပါသွားသည်။ ယင်းကျောက်ဆောင်ပေါ်တွင် ရှုရင်ကောက်ပင်များ၊ ဒေါင်းခြေပင်များ၊ ထူထပ်စွာပေါက်ရောက်လျက်ရှိရာ ထိုအပင်များကြားထဲမှ အစိမ်းရောင်ပိုက်တစ်ခုကို ဆွဲထုတ်လိုက်လေ၏။ ၎င်းပိုက်တွင် နှုတ်ခမ်းကိုတေ့ကာ . . .

"စိုင်းဖုန်း . . . ငါပြန်ရောက်လာပြီ"

"ဘယ်သူလဲ၊ ဘယ်သူလဲ နာမည်ပြော"

"ရေမြင်း. . ရေမြင်းနဲ့အတူ အိမ်ကြီးကလူတွေပါလာတယ်"

"ခဏစောင့်၊ မမလေးအခိဠာန်တစ်ချိန် ထပ်ဝင်နေတယ်၊ နောက်ထပ်(၂)နာရီလောက်စောင့်ပါ။ သူအခိဠာန်က,ထမှ တံခါးဖွင့်ပေးလို့ရတယ်"

"အေး . . . အေး"

ညလည်းမှောင်ရီပျိုးပြီဖြစ်၏။

"တဲ. . . အားလုံးညစာစားကြမယ်၊ ဒီနေ့ညတော့ ပေါင်မုန့်ယိုသုတ်နဲ့ပဲ လက်စသတ်လိုက်ကြပော့၊ မီးရောင်မထွက်ချင်ဘူး"

"နောင်နောင်ရာ၊ မင်း ဘဘကသာ မီးရောင်မထွက်ချင်ဘူးပြောနေတာ၊ ဟိုတောင်စောင်းကနေဆင်းလာတာ မီးရောင်တွေမဟုတ်လား"

"ဆရာစျာန်၊ ဒါက စိုင်းဝဏ္ဏာတို့အဖွဲ့ဖြစ်ဖို့များတယ်၊ ညီမလေးဆီ မြန်မြန်ဝင်နိုင်မှဖြစ်မယ်"

"ဟုတ်တယ် သားကြီးရေ၊ သမီးလေးထူးဆီ မြန်မြန်ဝင်လို့ရအောင်ကြိုးစားမှဖြစ်မယ်။ ဟိုခွေးကောင်တွေဆင်းလာရင် မျှော်လင့်မထားတာတွေဖြစ်လာလိမ့်မယ်"

◆◆◆



## အခန်း(၂၉)

စိုင်းပေါက်နှင့် စိုင်းအောင်မြင့်တို့နှစ်ယောက်တည်း ရေတံခွန်မှရေများကျနေသော ရေအိုင်တစ်ဖက်ရှိရေစီးပေါက်၏ ရေတံခါးအား သွားပိတ်လိုက်သည်။ ရေတို့သည် တဖြည်းဖြည်းချင်းမြင့်တက်လာတော့သည်။

"စိုင်းအောင်မြင့်၊ ဟိုးတောင်ဘေးက ဆင်းလာတဲ့ စိုင်းဝဏ္ဏာတို့အဖွဲ့မရောက်ခင် တို့ဂူထဲကိုဝင်လို့ရပါ့မလားကွ"

"အင်း. . . တို့ကစောပြီး ဝင်နိုင်ပါစေလို့ ဆုတောင်းရတော့တာပဲကွာ၊ ဒီရေအိုင်ထဲမှာ ရေလေးပေလောက်မြင့်တက်လာတော့မှ ဖောင်စီးပြီးရေတံခွန်အောက်ဝင်ရမှာကွ၊ အဲဒီတော့မှ ဂူနှုတ်ခမ်းဝပေါ်တက်လို့ရမယ်"

"ဂူရဲ့လျှို့ဝှက်တံခါးဖွင့်ဖို့ ကိစ္စကရော"

"အဲဒါကလည်း ခုနငါခလုတ်တစ်ခုနှိပ်လိုက်တယ် မဟုတ်လား၊ အဲဒီမှာ ရေပေါက်တစ်ခုကနေ ရေတွေကျလာပြီးတော့ အဲဒီရေတွေသံကန်ထဲမှာပြည့်မယ်၊ အဲဒီကန်ပြည့်တော့မှ အဲဒီဝိတ်က ဆွဲချသွားတဲ့အတွက် တံခါးမကြီးကိုမ,ပြီး ဖွင့်သွားပြီးသားဖြစ်ရော"

"ပြန်ပိတ်တဲ့စနစ်လည်း ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"တံခါးကြီးပွင့်သွားတဲ့အခါ ကန်ကြီးကအောက်ကိုစောင်းကျသွားပြီး နှစ်မိနစ်မှာ ရေတွေကုန်ပြီးတော့ ဂူရဲ့လျှို့ဝှက်တံခါးကြီးပြန်ပိတ်ကျသွားမှာပေါ့ကွာ"

ဂူ၏တံခါးကြီးအား ကုတ်ခါမ,ဖွင့်ပေးမည့် သံရေလှောင်ကန်ပြည့်ရန်အတွက်စောင့်ရင်း၊ လပြည့်ညလ၏တဖြည်းဖြည်း မြင့်တက်လာမှုကိုကြည့်ကာ စိတ်လှုပ်ရှားမှုများ ပိုမိုပြင်းထန်လာလျက်ရှိသည်။ လပြည့်စလ၏ပြည့်ရွှန်းသာယာမှုသည် ပတ်ဝန်းကျင်တစ်ခုလုံးအား ကူးစက်ပျံ့နှံ့လျက် သာယာမှုအလုံးစုံကို လက်ဆင့်ကမ်းလျက်ရှိပေသည်။ လူတိုင်း၏စိတ်ထားတို့သည် လပြည့်ညတို့ကဲ့သို့လူသားတို့အား လက်ဆင့်ကမ်းပေးဝေနိုင်လျှင် ကောင်းပေစွတကားဟု နောင်နောင်စိတ်ထဲမှာ မျှော်လင့်တောင့်တခြင်းကြီးစွာဖြစ်နေပေတော့သည်။ အထူးသဖြင့် စိုင်းဝဏ္ဏသည်လည်းကောင်း၊ စိုင်းဝဏ္ဏ၏အဘိုးဖြစ်သူ စိုင်းပဏ္ဏိတို့သည်လည်းကောင်း၊ လပြည့်ည၏သာယာသော စိတ်နှလုံးချမ်းမြေ့မှုတို့၏ကူးစက်မှုအတိုင်းသာပြည့်ဝကြပါလျှင် ထူးထူးသည်လည်းကောင်း၊ ထွဏ်းထွဏ်းသည်လည်းကောင်း၊ ဘဘစပ်သီဟနန္ဒာတို့သည်လည်းကောင်း ဘယ်လောက်များ စိတ်ချမ်းမြေ့လိုက်ပါ့မလဲ။ နောင်နောင်၏အတွေးတို့သည် အဆုံးအစမဲ့ပျံ့ဝဲလျက်ရှိနေဆဲ၊ ချေငယ်ကလေးတို့သည်လည်း ဂူ၏ရှေ့ဘက်ရှိကွက်လပ်တွင် ပြေးလွှားမြူးတူးခုန်ပေါက်လျက်လည်းကောင်း၊ ယုန်ငယ်ကလေးများသည်လည်း လရောင်ကိုခံလျက်လည်းကောင်း၊ ည၏အလှတို့ကိုတန်ဆာဆင်လျက်ဖြည့်စွမ်းပေးနေကြ၏။ ထူးထူးတို့၊ ထွဏ်းထွဏ်းတို့သည်လည်း လောဘဒေါသ၊ မောဟ၊ မာန်မာနတည်းဟူသော အဖျက်တရားများကင်းစင်လျက် ချေကလေးများ၊ ယုန်ကလေးများကဲ့သို့ လောကအလှကိုတန်ဆာဆင်နေကြပါ၏။ အဲဒီအချိန်မှာ ယုန်ကလေး၊ချေကလေးများကို ချောင်းမြောင်းပစ်ခတ်မည့် မုဆိုးတစ်ယောက်ပေါ်လာလျှင်





ဘေးမှပွဲကြည့်ပရိသတ်အနေဖြင့် ဘယ်လောက်များဒေါမနဿပွားလိုက်ကြပါလိမ့်မလဲ။ အခုလည်း စိုင်းဝဏ္ဏတို့၊ စိုင်းပဏ္ဏိတို့သည် ညမုဆိုးကဲ့သို့ဖြစ်နေ၏။ ဒီညမှမုဆိုးတို့ကို ပွဲကြည့်ပရိသတ်ဖြစ်သော နောင်နောင်တို့၊ ဘဘလှိုင်တို့အားလုံးက မခံမရပ်နိုင်ဖြစ်ကြရ၏။

ဒီမခံရပ်နိုင်မှုမှတစ်ဆင့် ဒေါသကိုဖြစ်စေ၏။ ဒီဒေါသတို့သည် လူသားတို့အားလည်းကောင်း၊ လောကိုလည်းကောင်း၊ ပျက်စီးရာပျက်စီးကြောင်း ဖန်တီးပေးမှာအမှန်ဖြစ်ပေ၏။ ဒီထက်ပိုဆိုးသည့်ပွဲကြည့်ပရိသတ်ကားရှိပါ၏။ ထိုသူ၏အဖြစ်ကို ဂူထဲသို့ လူတွေအားလုံးရောက်သောအခါမှ နောင်နောင်တို့သိရှိကြခြင်းဖြစ်သတည်း။

"ကဲ. . . အားလုံးဂူထဲရောက်ရင် ဂူကိုပိတ်ချလိုက်တော့မယ်"

"နေဦး. . . နေဦး အစ်ကိုနောင်၊ လူတစ်ယောက်လိုနေတယ်"

"လိုနေတာ ဘယ်သူလဲဟေ့"

"စိုင်းပေါက် လိုနေတာ. . . စိုင်းပေါက်"

စိုင်းအောင်မြင့်က သွက်လက်စွာဖြေလိုက်သည်။

"ကဲ. . . ဒါဆိုရင် မောင်အောင်တို့အဖွဲ့က လူနှစ်ယောက်မ,စာလောက်ရှိတဲ့ ကျောက်တုံးကိုယူပြီး တံခါးဘောင်မှာ ခဏချထားကွာ၊ ဒါမှတံခါးကျသွားလဲ အောက်မှာခံနေမှာ၊ နောက်ပြီး အဲဒီကျောက်တုံးအောက်မှာ ကုတ်အသားချောင်းတစ်ခုလည်း ထည့်ထားလိုက်"

မောင်အောင်တို့ကား ခိုင်းသည့်အတိုင်းအတိအကျလုပ်လိုက်ကြသည်။ အစီအစဉ်ကိုကား တံခါးကြီးအောက်သို့ ပိတ်ရန်ဆင်းလာသောအခါမှ သိလိုက်ကြတော့သည်။ ကျောက်တုံးကြီးခံ



www.burmeseclassic.com

www.burmeseclassic.com



ထားမှုကြောင့် တံခါးကြီးသည် အောက်ထိလုံးဝပိတ်မသွားပေ။

"ကဲ. . . စိုင်းအောင်မြင့်နဲ့ ဉာဏ်ဝင်း ကာဘိုင်တစ်လက်စီယူပြီး ငါ့နောက်လိုက်ခဲ့"

နောင်နောင်ဦးဆောင်၍ တံခါးကြီး၏အောက်ရှိ ကြက်မနှစ်ဝပ်စာအောက်မျှလျှို၍ထွက်လိုက်ကြသည်။

"ဗျတ္တကတော့ သထုံပြည်ကိုတိုက်တဲ့အခါ ကြက်မတစ်ဝပ်စာနေရာကနေ ဝင်ပြီးတိုက်ရတယ်။ တို့ကတော့ ညာတကုတ်ဂူကနေ ထွက်တိုက်တဲအခါ ကြက်မနှစ်ဝပ်စာကနေ ထွက်တိုက်ရတယ်၊ သထုံကိုအောင်သလို အောင်ရမှာပေါ့ကွာ"

အပြင်ရောက်သောအခါ လပြည့်ည၏အလင်းရောင်တို့သည် ပတ်ဝန်းကျင်တစ်ခုလုံးအား မီးမောင်းထိုးပြထားသည့်အတွက်လင်းချင်းလျက်ရှိနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးအားအလင်းခတ်ပေးနေသော်လည်း ရေကန်ထဲရှိဝါးဖောင်ပေါ်မှ စိုင်းပေါက်၏စိတ်အလျင်ကိုတော့ အလင်းခတ်သည်အမှောင်များပယ်ရှင်းအောင် ထွန်းလင်းပေးနိုင်ဟန်မတူပေ။ စိုင်းပေါက်ကားဒေါသအမှောင်တို့ဖြင့် ဖုံးလွှမ်းနေချေပြီ။ စိုင်းပေါက်သည် လက်ထဲရှိ ရိုင်ဖယ်သေနတ်ကို ပခုံးပေါ်တင်လိုက်၏။ ထို့နောက် ဂူအထက်ပိုင်းကိုချိန်လိုက်သည်။ တစ်မိနစ်ခန့်ချိန်ပြီး မောင်းခလုတ်ကို ဖြုတ်ချလိုက်ရာ 'ဒိုင်း'ခနဲသေနတ်ပြောင်းဝမှ မီးပွင့်အလင်းတန်းလေးနှင့်အတူ မြည်ဟည်းသွား၏။ နောင်နောင်တို့ခေါင်းပေါ်မှ ကျောက်ခဲများ ဖွာခနဲကျသွားသလို 'ဝရောရောဒုန်း. . . ဝရောရော"ဟု လေးပင်သောအရာတစ်ခုလျှောကျသံကြားရသည်။ နောက်အောက်ထိဆက်ကျမလာဘဲ၊ တစ်နေရာတွင် ရပ်သွား၏။

နောင်နောင်တို့ မော့ကြည့်သောအခါ နောင်နောင်တို့အပေါ်တွင် လူတစ်ယောက်တွဲလောင်းကြီးဖြစ်နေ၏။ နောက် စိုင်းပေါက်၏ဖောင်သည် ဂူဝထိအမြန်ရောက်လာပြီး စိုင်းပေါက်ဂူဝ





ကို တက်လိုက်၏။ နောက်ဂူဝ၏အပေါ်ရှိ သစ်မြစ်များကို ဆွဲကာဆက်တက်၏။ အပေါ်သို့တက်ရင်းမှတွဲလောင်းဖြစ်နေသော လူကိုမိ၏။

"ခွေးမသားစိုင်းဝဏ္ဏ. . . သေပေတော့"ဟု ပြောကာအပေါ်မှသူ၏ခြေထောက်ကို ဖမ်းဆွဲ၏။

"ဟာ. . စိုင်းပေါက်၊ ငါကိုင်ထားတဲ့ သစ်မြစ်က မခိုင်တော့ဘူး"ဟု စိုင်းဝဏ္ဏပြောနေရင်း သစ်မြစ်ပြုတ်ထွက်သွားကာ

"ဟာ. . ကျပြီ. . ကျပြီ"ဟု

စိုင်းအောင်မြင့် လှမ်းအော်၏။

စိုင်းဝဏ္ဏနှင့် စိုင်းပေါက်နှစ်ယောက်စလုံး,လုံးထွေးကာရေတံခွန်အောက်ရေကန်ထဲကျ၏။

"ဗွမ်း . . ဗွမ်း"

ဟု ရှေ့ဆင့် နောက်ဆင့်ကျသွား၏။

ထိုစဉ်ရေကန်အား ပိတ်ထားသော ရေတံခါးလည်းဖွင့်သွတ်နေချိန်ဖြစ်၍ ရေစီးနဲ့အတူပါသွား၏။

"ဟာ . . . ရေစီးထဲပါသွားပြီ"

ဉာဏ်ဝင်းမှ ဝါးလုံးကို လှမ်းပေး၏။ မမီချေ။

ရေစီးအားနှင့်အတူပါသွားပြီး ညတကုတ်အောက်ရေတံခွန်နှင့်အတူ ကျပါသွားသည်ကိုမြင်ရ၏။ လမင်း၏အလင်းကိုကျောခိုင်းသူတို့သည် အမှောင်လမ်းသို့ သက်ဆင်းသွားကြပေပြီ။ သူတို့နှစ်ယောက်ရဲ့ ကံကြမ္မာသည်ကား လမင်းကိုကျောခိုင်းလျက်။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၀)

ဂူပေါက်ကို တစ်ဖန်ပြန်ဖွင့်နိုင်ရန်အတွက် ရေအိုင်၏ ရေထွက်ပေါက်ပိတ်ကာ တစ်ကြိမ်ရေပြန်ပြည့်အောင်စောင့်ရပြန်သည်။ အရှေ့ဆီမှ ရောင်နီတို့ပျို့လာချေပြီ။ 'တုံ. . တုံ. . တုံ'ဂူ၏ အနောက်တောအုပ်ဆီမှပေါ်လာသော အုန်းမောင်းခေါက်သံဖြစ်ပေ၏။

"အစ်ကိုနောင်. . အုန်းမောင်းခေါက်သံကြားတယ်ဗျ"

ဟု ဉာဏ်ဝင်းက နားစွင့်ရင်းပြောလိုက်ပေ၏။

"ဟာကွာ. . လူမရှိတဲ့ တောကြီးမျက်မည်းထဲမှာ ဘယ်သူကအုန်းမောင်းလာခေါက်မှာလဲ"

နောင်နောင် တွေးတွေးဆဆပြောလိုက်သည်။

"ဟို အမြီးရှည်ရှည်ငှက်တစ်မျိုးကအော်ရင် 'တုံ. . တုံ. . တုံ. . တုံ'နဲ့ အော်တာ အစ်ကိုနောင်ရ"

ဟု စိုင်းအောင်မြင့်က ဝင်ပြော၏။

"မင်းဟာကလဲကွာ အဝေးကြီးကနေ ပဲ့တင်သံထွက်နေအောင်မြည်တာ ငှက်အော်သံဖြစ်နိုင်ပါ့မလား"

"နောင်. . . . နောင်" "ဒူ. . ဟူ. . . ဟူ"





"ဟော. . . ကြေးစည်သံနဲ့ မောင်းသံကော ထွက်လာပြန်ပြီ"

"ကဲ. . . စိုင်းအောင်မြင့်၊ ဒါကလည်း ငှက်အော်တဲ့အသံပဲလားကွ"

"အင်း. . ဒါတော့ မမလေးပြောတာပြန်ပြောရမှာဘဲ"

"ပြောစမ်းပါဦးကွာ"

"ဒီဂူဘေးမှာ သာမန်လူသားတွေ မမြင်နိုင်တဲ့ ရှေးဟောင်းရွာတစ်ရွာရယ်၊ နောက်ပြီး သာမန်အတိုင်းမမြင်နိုင်တဲ့ ရွှေကျောင်းတစ်ဆောင်ရယ်ရှိတယ်တဲ့၊ အဲဒီကနေ တစ်ခါတစ်ခါအုန်းမောင်းခေါက်သံတွေ၊ ကြေးစည်သံ၊ မောင်းသံတွေ ကြားရတတ်တယ်တဲ့၊ အဲဒီလိုပြောတာပဲ၊ ကျွန်တော်တော့ မယုံပါဘူးဗျာ၊ အခုအသံကိုလည်း ကျောက်မောင်းတို့၊ ကျောက်စည်တို့ကို မျောက်တို့ မျောက်ဝံတို့က တုံးတစ်ခုခုနဲ့ ထုနေတာနေမှာပေါ့"

"ဟုတ်တယ်ဟေ့၊ နင့်အဖေ မျောက်ဝံတွေ လှုစုတာနေမှာ"

ဟု ဉာဏ်ဝင်းက ငေါ့ပြောတော့သည်။

"ကဲ. . ကဲ မင်းတို့နှစ်ယောက် ဂူအပြင်မှာ ကင်းစောင့်နေကြ၊ ဂူတံခါးပွင့်ပြီးရင် ရေဖွင့်ချလိုက်၊ ငါ ဂူထဲဝင်မယ်၊ ဖွင့်ချင်တဲ့အခါ မင်းတို့ကိုပြောလိုက်မယ်၊ ရန်လဲမဖြစ်နေကြနဲ့ဦး"

နောင်နောင်လည်း သေနတ်ကို ဉာဏ်ဝင်းတို့အားပေးခဲ့ကာ တံခါးအောက်ခုထားသော ကျောက်တုံးဘေးမှငုံ့လျှိုးကာ ဂူအတွင်းသို့ ဝင်လာခဲ့ပေတော့သည်။

"သားကြီး ပြန်လာပြီလား၊ ဘာထူးသေးလဲ"

"စိုင်းပေါက်တော့ ဒေါသရဲ့တရားစီရင်မှုကိုခံသွားရပြီ၊ ဒီလိုဘဲ စိုင်းဝဏ္ဏလည်း လောဘရဲ့တရားစီရင်မှုကြောင့် သေမလား၊ ရှင်မလား မသိရတော့ဘူး" ဟု ပြောရင်း နောင်နောင်မှ ဂူအပြင်တွင်ဖြစ်ခဲ့ပုံတို့အား အကျဉ်းချုံး၍ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . သမီးလေးထူးကလည်း ဒီနေ့ညမှာပဲ အစိဋ္ဌာန်ကိုးရက်စေ့မယ်၊ အဲဒီတော့ သူ့ကိုတစ်နေ့စောင့်ရင်း စိုင်းပေါက်နဲ့ စိုင်းဝဏ္ဏရဲ့အလောင်းကိုရှာမှဖြစ်မယ်"

"ဟုတ်တယ် ကိုစိန်လှိုင်၊ ကိုစိန်လှိုင်နဲ့တစ်ဖွဲ့က အဲဒီအလောင်းနှစ်လောင်းကို တောနင်းရှာပေ့၊ ကျွန်တော်နဲ့သားကြီးနောင်နောင်က သမီးလေးထူးကို စောင့်နေမယ်၊ စိုင်းဖုန်းတို့ လင်မယားလဲ နေခဲ့ပေါ့"

ဘဘစပ်သီဟနန္ဒာမှလည်း စီမံခန့်ခွဲလိုက်၏။

ဘဘလှိုင်နဲ့တစ်ဖွဲ့လည်း ဂူ၏တံခါးကိုအတွင်းရှိ လျှို့ဝှက်ခလုတ်အားဖွင့်၍ ထွက်လိုက်ကြသည်။

နောင်နောင်လည်း အခုမှသာ ဂူအတွင်းကိုအသေးစိတ်လေ့လာဖို့အချိန်ရပေတော့သည်။

ထူးနန္ဒာအစိဋ္ဌာန်ဝင်နေသောနေရာကား ဂူအတွင်းတွင် အထူးခြားဆုံးနေရာဖြစ်နေသည်။ ယခုရောက်နေသော ဂူ၏အပိုင်းမှာ အလွန်ကျယ်ပြန့်၏။ အနံ(၇၅)ပေခန့် အလျားပေ(၁၅၀)ကျော်ခန့်ရှိပြီး။ အလယ်တွင် ရေအိုင်ထွန်းနေ၏။ ယင်းရေအိုင်၏အလယ်တွင်ကျောက်ဖျာကြီးသဖွယ်ဖြစ်နေသည်။ လူ(၄-၅)ဦးခန့်အိပ်နိုင်ပြီး အကျယ်(၁၀)ပေပတ်လည်နီးပါးရှိ၏။ ယင်းကျောက်ဖျာပေါ်တွင် (၃)ပေခန့်ကျယ်သည့် ကျောက်သလွန်လေးထက်၌ ထူးနန္ဒာသည် ထိုင်နေ၏။ သူ၏ကိုယ်ခန္ဓာပေါ်သို့ နံနက်ခင်းရောင်ခြည်သည် ဖြာဝေကာ မီးမောင်းထိုးသကဲ့သို့ တိကျစွာရောက်လျက်ရှိသည်။ သူမရှိနေသည့် ကျောက်ဖျာ၏ဘေးပတ်လည်ရှိ ရေကန်တို့အတွင်းသို့ကား ကျောက်စက်ကျရေများသည် တဖြောဖြော၊ တဖြောက်ဖြောက်ကနေသည်မှာ အံ့မခန်းသောရှုခင်းတစ်ခုပေတည်း။ ယင်းကျောက်စက်ကျရေများကြောင့် ဂူအမိုးအမြင့်ပေ(၉၀)ခန့်မှလည်းအောက်အထိ ကျောက်စက်တိုင်ကြီးသည် ထိုးဆင်း





ကျနေသည်မှာ ပေ(၇၀)ကျော်ခန့်ရှိ၏။ အောက်တွင်လည်း ကျောက်စက်ခွက်လေးများက ရေချိုးများတက်ကာ မြင့်တက်နေသည်မှာ လူတစ်ရပ်ခန့်ရှိ၏။ အပေါ်မှကျောက်စက်အိုင်နှင့်အောက်မှကျောက်စက်ခွက်တို့ကို ထိလုထိခင်ရှိရန် (၁၀)ပေနီးပါးခန့်သာလိုတော့သည်။ သို့ပေမယ့် ဤကျောက်စက်အိုင်နှင့် ကျောက်စက်ခွက်တို့ထိစပ်ရန်အတွက် နှစ်ထောင်ပေါင်းများစွာကြာရှည်ဦးမည်ဖြစ်သည်။

ဘေးတွင်လည်း မြောက်မြားစွာသော ကျောက်စက်ပန်းဆွဲများသည် ဂူအမိုးမှတွဲလောင်းကျလျက် ယင်းတို့မှကျနေသော ရေစက်ရေပေါက်များကလည်း ဖြောဖြောဖြောက်ဖြောက် ဆူညံစွာကျနေ၏။ ၎င်းဂူထဲသို့ စီးထွက်လာသောချောင်းကလေးထဲအတိုင်းဝင်သွားသောအခါ လူတစ်ယောက်ခေါင်းလွတ်ရုံသာ ဂူအမိုးလေးအတိုင်းဆက်ဝင်ရပေသည်။ အတွင်းပိုင်းရောက်သွားသောအခါ ရေချောင်းလေးသည် အပေါ်မှရေတံခွန်ကလေးသဖွယ်ဖြစ်ကာ စီးဆင်းလာခြင်းဖြစ်သည်။ ယင်းအပေါ်ကို ပေ(၃၀၀)ခန့် ကုတ်ကပ်တက်လိုက်ရသည်။ ထိုအခါ အပေါ်ဘက်၌ ရေအိုင်ကြီးတစ်ခုဖြစ်ပေါ်နေလေ၏။ ရေအိုင်ထဲသို့အပေါ်ဘက်ရေတံခွန်နှစ်ခုမှရေတို့သည် ဒလဟောထိုးဆင်းနေသည်ကို အံ့ဩဖွယ်ရာတွေ့ရှိရသည်။ ထိုရေအိုင်လေးမှာကား လူ၏ရင်ခေါင်းလောက်အနက်ရှိသောကြောင့် နောင်နောင်သည် အကျႌချွတ်ကာ ၎င်းရေအိုင်ထဲသို့ဆင်းကာ ရေချိုးလိုက်မိပေသည်။ ထိုရေအိုင်ထဲသို့ချိုးစဉ် ငါးအချို့သည် အုတ်စုဖွဲ့၍ ဟိုတစ်ဘက် ရေအိုင်ထဲသို့သွားနေသည်ကိုတွေ့ရသဖြင့် နောင်နောင်လည်းနောက်မှလိုက်ကာကြည့်ရှုမိသည်။ ထိုသို့ကြည့်ရှုမိသောအခါမှ ထူးဆန်းသောမြင်ကွင်းတစ်ခုမြင်လိုက်ရသောကြောင့် အံ့ဩတကြီးအော်လိုက်မိပေသည်။

"ဟောကောင် စိုင်းဖုန်း၊ ဒီမှာငါးရဲ့အဖြူကြီးတစ်ကောင်ဟော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကိုနောင်၊ အဲဒါ ငါးရံ့မင်းလို့ မမလေး ပြောတာပဲ"

ဟုတ်ပေသည်။ (၃)ပေခန့်ရှည်ပြီး ပေါင်လုံးခန့်လုံးပတ်ရှိသော ငါးရံ့ဖြူကြီး၏နောက်သို့ သာမန်ငါးရံ့များသည် အုပ်ဖွဲ့လျက် တကောက်ကောက်လိုက်လျက်ရှိပေသည်။

"ဒီငါးရံ့ကြီးက ဒီဂူထဲမှာနေခဲ့တာ နှစ်ပေါင်းရာနဲ့ချီပြီး ကြာနေပြီလို့ ပြောတာပဲ၊ နောက်ပြီး ဒီငါးရံ့ကြီးက မမလေးပြောတဲ့အတိုင်းအကုန်လုပ်တယ် အစ်ကိုနောင်ရ"

"မင်းဟာကလဲကွာ မဖြစ်နိုင်လိုက်တာ၊ ငါးရံ့ကလူစကားနားလည်ရမလားလို့ တိုက်ဆိုင်တာဖြစ်ပါလိမ့်မယ်"

"ကျွန်တော်လည်း အစကတော့မယုံဘူးဗျို့၊ ကိုယ်တိုင်မျက်စိနဲ့တပ်အပ်တွေ့တော့မှ ယုံမိတော့တာပဲ၊ ဒီငါးရံ့ကြီးက အဲဒီရေတွေထွက်နေတဲ့ အထွက်ပေါက်ကနေ တိုးပြီးဝင်သွားတယ်။အဲဒါက အဝတစ်ပေလောက်ပဲရှိတာဆိုတော့ လူဝင်ဖို့မဆံ့ဘူး။ အဲဒီထဲကို ငါးရံ့မင်းကြီးက တိုးဝင်သွားပြီး မမလေးယူခိုင်းတဲ့ဟာ အကုန်ယူလာတာပဲ"

"ဘာတွေယူလာလို့လဲကွ"

"အစ်ကိုလေးတို့ အိမ်ကြီးမှာရှိတဲ့ ရှင်မွန်လှရွှေဒင်္ဂါးပြားတို့၊ နောက်ပြီး ရှင်မွန်လှလက်စွပ်တို့ ယူပြတာပဲ"

"အဲဒါတွေက ဘယ်မှာ. . ."

"မမလေးဆီမှာ ရှိတယ်၊ အဲဒါတွေရတော့မှ မမလေးအဓိဋ္ဌာန်ဝင်လို့ရတာ"

"အင်း. . . ညီမလေး'ထူး'က ပါရမီရှင်တစ်ယောက်ပဲလေ၊ သူ့အဓိဋ္ဌာန်ကထွက်တဲ့အချိန်ကျမှ သေချာမေးကြည့်ရဦးမယ်"

"လာပြန်ပြီလား ဒီအချိန်၊ အချိန်ဆိုတာ လူတွေပိုင်ဆိုင်တဲ့အရာတစ်ခုပါကွာ"





အချိန်ကို အတ္တပိုင်ဆိုင်မှုတစ်ခုအနေနှင့် နောင်နောင်မှ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပေသည်။ အချိန်ဆိုသည်မှာကား အတ္တမဟုတ်၊ တစ်ဦးတစ်ယောက်အတွက် ပိုင်ဆိုင်နိုင်ကောင်းသောအရာဖြစ်နေချိန်တွင်နောက်တစ်ဦးတစ်ယောက်တွင်ကား မပိုင်ဆိုင်ခြင်းမည်သေ အနတ္တများဖြင့် လွှမ်းမိုးနေချိမ့်မည်။ သို့သော် ဤသဘောတရားသည်လည်း ကာလတစ်ခုအထိ မှန်ကန်နိုင်မည်ဖြစ်၏။ တစ်ခုသောကာလ ကန့်သတ်ချက်တွင်ကား အခြားဖြစ်စဉ်ပြောင်းလဲချက်တစ်ခုအဖြစ် ရောက်ရှိမည်ဖြစ်သတည်း။

ဤသည်ကို (Limitation) ဟု ဖွင့်ဆိုကြမည်လားဟု နောင်နောင်စဉ်းစား ကြည့်လိုက်မိပေသည်။

"ငါလည်း ဉာဏ်မမှီပါဘူးလေ"

ညည်းတွားရင်း ရေအိုင်ထဲမှ တက်လာလိုက်လေသည်။

"ဩော်. . . တစ်နေ့တာရဲ့အချိန်က ကုန်ဆုံးတော့မှာပါလား၊ ဒါကြီးကို ငါက ဆွဲထားလို့မရဘူးလေ၊ ဒါကိုများ ပိုင်ဆိုင်တယ်လို့ ပြောလိုက်ကြသေးရဲ့"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၁)

ဂူ၏အပြင်ဘက်တွင် နေ၏အလင်းရောင်တို့သည် ဖျော့တော့စွာသာ ထွန်းလင်းတောက်ပနိုင်တော့၏။ ဤသည်ကို ထူးနန္ဒာ၏ကိုယ်ပေါ်တွင် ဂူခေါင်းမိုးအပေါက်မှကျရောက်သော နေရောင်ခြည်၏တောက်ပအားကို ခန့်မှန်းခြင်းဖြင့်ပင် သိရှိရပေတော့၏။

"ဘဘလှိုင်. . . စိုင်းဝဏ္ဏတို့ စိုင်းပေါက်တို့ တွေ့သလားဟင်"

"စိုင်းပေါက်တော့တွေ့တယ် သားကြီး၊ စိုင်းဝဏ္ဏတော့ မတွေ့ဘူး"

"စိုင်းပေါက်အခြေအနေကကော"

"စိုင်းပေါက်တော့ ဒေါသရဲ့တရားစီရင်မှုကြောင့် တမလွန်တရားရုံးကိုရောက်ရှိသွားပြီပေါ့ကွယ်"

"စိုင်းဝဏ္ဏကော ဘယ်ရောက်နေပြီလဲမသိ"

"စိုင်းဝဏ္ဏကတော့ တမလွန်ကိုမသွားသေးပါဘူး၊တမလွန်ကိုမသွားခင်အတောအတွင်း သမီးတို့၊ အစ်ကိုနောင်တို့ကို အားရပါးရနှောင့်ယှက်လိမ့်ဦးမယ် ဘဘလှိုင်"

"ဟော. . . သမီးလေးတောင် အမြော်အမြင်ထွက်လာပြီပဲ၊





အချိန်လင့်နေပြီဆိုတော့ နက်ဖြန်မှပြန်နိုင်ကြမယ်ထင်တယ် သမီးရေ"

ထူးနန္ဒာက 'ဟူး'ကနဲ သက်ပြင်းကြီးကို မှုတ်ထုတ်ရင်း. .

"နက်ဖြန်လည်း သွားလို့မရသေးဘူး ဘဘလှိုင်၊ နက်ဖြန်ကို မြေပုံကဖြစ်ဖြစ် ဘုန်းကြီးသုံးပါးလောက်ပင့်ပြီး စိုင်းပေါက်ကို ဒီရေတံခွန်အနီးမှာပဲ သင်္ဂြိုဟ်ခဲ့မှဖြစ်မယ် ဘဘလှိုင်"

"ဟုတ်သားပဲ. . . သမီးလေးပြောမှသတိရတယ်၊ စိုင်းပေါက်ရဲ့အလောင်းကြီးကို ပြန်သယ်လို့ ဘယ်ဖြစ်မလဲ၊ ကဲ. . . ဒါဆိုရင်လည်း ဉာဏ်ထွန်းနဲ့ စိုင်းဖုန်း ညကတည်းက မြင်းနဲ့ မြေပုံကိုသွား၊ မြေပုံက လှည်းငှားပြီး ဘုန်းကြီးသုံးပါးပင့်၊ မြေပုံရွာသူကြီးနဲ့ လိုက်လိုတဲ့သူ ဆယ့်လေး,ငါးဦးလည်းဖိတ်ခဲ့ကွာ။ စိုင်းပေါက်ရဲ့ ဈာပနကို ဒီရေတံခွန်နားမှာပဲ လုပ်ရမယ်။ ဈာပနကိုပြင်ဖို့အတွက်က ဆရာချောန်မြင့် တာဝန်ယူပေးပါဗျာ"

"စိတ်ချပါ ဘဘလှိုင်၊ ကျွန်တော်စီစဉ်ပေးပါ့မယ်"

ဟု ပြောလျက် ဆရာချောန်မြင့် ဂူအပြင်ဘက်သို့ထွက်သွားတော့သည်။

အားလုံးအလုပ်ရှုပ်ကုန်ကြချေပြီ။ ကျန်လူများက စိုင်းပေါက်၏ဈာပနအတွက် အလုပ်ရှုပ်နေကြ၏။ သို့သော် ထူးနန္ဒာနှင့် နောင်နောင်တို့မှာကား သီးခြားလုပ်ငန်းအတွက် ဆွေးနွေးတိုင်ပင်ကာ အလုပ်ရှုပ်လျက်ရှိပေတော့သည်။

"ဒီမယ် အစ်ကိုနောင်၊ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်က ဘယ်နှစ်မျိုးရှိနိုင်သလဲ"

"လူတစ်ယောက်ရဲ့ခန္ဓာကိုယ်ဟာ မြင်နေရတဲ့အတိုင်းဆိုရင် တစ်မျိုးတည်းရှိတာပေါ့ ထူးထူးရဲ့"

"အင်း. . . အစ်ကိုနောင်ပေးတဲ့အဖြေဟာ မှန်လည်းမှန်တယ်၊ နောက်ပြီး မှားလည်းမှားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ. . . ဘယ်လို"

ထူးနန္ဒာ သေချာစွာရှင်းပြမှ သဘောပေါက်တော့သည်။

"မှန်တယ်ဆိုတာက အမြင်အတိုင်း ခန္ဓာတစ်ခုတည်း တစ်မျိုးတည်းမြင်ရတယ်ဆိုတာ မှန်တာပေါ့"

"ဒါဖြင့်ရင် မှားတယ်ဆိုတာက"

"ခန္ဓာတစ်ပါးတည်းဆိုတဲ့ အဓိပ္ပာယ်အတိုင်း လျှော့နံခေါ်ထစ်ဆိုရင်တော့ မှားတယ်၊ မမြင်နိုင်တဲ့ ခန္ဓာတွေရှိတယ်"

"ကဲ. . . ဒါဆိုရင် ညီမလေးပဲ တွက်ပြပါဦး"

"ရူပက္ခခန္ဓာ (Physical body)၊ ဒါကမြင်နေရတဲ့ ခန္ဓာပေါ့။ ဝိညာဏက္ခခန္ဓာ (Mental body)ရယ်၊ နက္ခတ္တခန္ဓာ ဒါမှမဟုတ်သညက်ခန္ဓာလို့ခေါ်တဲ့ (Astral body)ရယ်၊ ဝေဒနက္ခခန္ဓာလို့ခေါ်တဲ့ (Etheric body)ရယ်ပေါ့၊ ဒါတွေက မမြင်နိုင်တဲ့ ခန္ဓာတွေလေ၊ နောက်ခန္ဓာတစ်ပါးကတော့ ပြဆိုမထားသေးဘူး"

"ဒါဆို အစ်ကိုနောင် နည်းနည်းတော့ သဘောပေါက်လာပြီ၊ ရုပ်ခန္ဓာဆိုတာဟာ မြင်နိုင်တဲ့ (Vissible region)လှိုင်းနယ်ပယ်ဖြစ်တဲ့ (4000 A)လေးထောင်အမ်စထရောင်းကနေ (8000 A)ရှစ်ထောင်အစ်စထရောင်းအတွင်း လှိုင်းအလျားရှိတဲ့ခန္ဓာ၊ ကျန်တဲ့ခန္ဓာသုံးခုကရှိတော့ရှိတယ်၊ ဒါပေမဲ့ မမြင်နိုင်တဲ့ လှိုင်းနယ်ပယ်ထဲမှာဖြစ်နေတော့ လူတွေမမြင်နိုင် မတွေ့နိုင်၊ ဆုပ်ကိုင်လို့မပြနိုင်ဘူး. . ဟုတ်တယ် မဟုတ်လား"

"အင်း. . . အစ်ကိုနောင်ကတော့ သိပ္ပံနည်းကျကျရှင်းပြနိုင်တာပေါ့ မှန်ပါတယ်၊ အဲဒီခန္ဓာထဲမှာ သာမန်လူသားတွေက ရုပ်ခန္ဓာကြီးအတိုင်း လှုပ်ရှားနေတာကို တွေ့ထိခံစားနိုင်တယ်၊ မြင်နိုင်တယ်၊ ဒါကသုံးဆယ့်တစ်ဘုံသားထဲက လူဆိုတဲ့ ဘုံသားထဲက သာမန်လူသားတွေပေါ့လေ"

"ကဲ. . . ဆက်ပြောပါဦး၊ လူသားမှာ သီးခြားအထူး





ပြောစရာများရှိသေးလို့လား"

"ရှိသေးတယ်လေ အစ်ကိုနောင်၊ လူ့ရဲ့ခန္ဓာနဲ့တခြား မမြင်နိုင်တဲ့ခန္ဓာတွေဟာ တစ်သားတည်းထပ်နေကြတာ၊ ဥပမာ ရေထဲကို သံပုရာရည်ညှစ်၊ နောက်သကြားထည့်လှုပ်လိုက်သလိုပဲ ထုထည်တိုးမလာဘဲ မော်လီကျူးကြားတွေထဲကို တခြားမော်လီကျူးတွေတိုးဝင်သွားသလိုပဲပေါ့၊ ဒါထက်ရှင်းတဲ့ ဥပမာနဲ့ပြောရရင် နှမ်းဆီကို ဇွန်းတစ်ဇွန်းအပြည့်ထည့်ထား၊ အဲဒီထဲကို ပျားရည်လေး,ငါးစက်ထည့်ကြည့်၊ ဇွန်းကလျှံမထွက်မသွားဘဲ ပျားရည်က ပျော်ဝင်သွားတယ်။ လူ့ရဲ့ရုပ်ခန္ဓာထဲမှာ တခြားခန္ဓာသုံးမျိုးပျော်ဝင်နေမှုကလည်း ဒီနည်းအတိုင်းပဲ အစ်ကိုနောင်"

နောင်နောင် ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .

"အဲဒီတော့ . . . ."

"လူ့ရဲ့ခန္ဓာထဲကနေ နက္ခတ္တခန္ဓာ (Astral body)ကို ဆွဲထုတ်နိုင်ရင် လူဟာကြားခံယာဉ်ဖြစ်တဲ့ လှေ၊ သင်္ဘော၊ ကား၊ လေယာဉ်စတဲ့ အရာတွေမလိုဘဲ လိုရာခရီးရောက်နိုင်တယ်တဲ့"

"ညီမလေးထူး ဒီလောက်သိုင်းဝိုင်းပြောနေရတာ ဘာများအကြောင်းထူးရှိလို့လဲ၊ အစ်ကိုနောင့်ကို သေချာပြောပြပါဦး"

ထူးနန္ဒာ တွေဝေနဲ့တစ်ချက်စဉ်းစားလိုက်၏။ နောက်ခဏကြာမှ ခေါင်းကလေးကို တစ်ချက်ဆတ်လိုက်ကာ . . .

"ဖြည်းဖြည်းတော့ ပြောပါ့မယ် အစ်ကိုနောင်ရဲ့၊ ဒါပေမဲ့ ညီမလေး တင်ပြမယ့်ကိစ္စတွေကို အစ်ကိုနောင် သဘောပေါက်ဦးမှကောင်းမှာမို့ပါ"

"ကဲပါ လိုရင်းကို ရှင်းသာရှင်းပြပါ၊ ညီမလေး လိုအပ်တဲ့အကူအညီဆိုတာ ဘယ်လိုအခြေအနေပဲဖြစ်နေဖြစ်နေ၊ အစ်ကိုနောင် ဖြေရှင်းပေးမှာပါ ညီမလေးရယ်"

"စေတနာလည်းပါမယ်၊ သဘောပေါက်ပြီး ဝါသနာလည်း



www.burmeseclassic.com

www.burmeseclassic.com



ပါလာမယ်ဆိုရင် အတိုင်းထက်အလွန်မို့ ရှင်းပြနေရတာပါအစ်ကိုနောင်၊ ခုနညီမလေးပြောတယ်မဟုတ်လား၊ ရုပ်ခန္ဓာဆိုတာ သုံးဆယ့်တစ်ဘုံသားအနက် လူ့ဘုံထဲ သာမန်လူသားတွေအတွက်ပဲ အသုံးကျတယ်လို့၊ ကျန်တဲ့သုံးဆယ့်တစ်ဘုံသော ဘုံသားတွေအတွက်က အစ်ကိုနောင်ပြောတဲ့မမြင်နိုင်တဲ့ လှိုင်းတွေမှ ပိုအသုံးဝင်တယ်"

"အဲဒါနဲ့ အံ့ဝင်ခွင်ကျဖြစ်အောင်ဆိုရင် . . ."

"လူရဲ့ခန္ဓာကိုယ်ထဲကနေ (Astral body)ကို ဆွဲထုတ်ရမှာပေါ့၊ အဲဒါကလည်း ခွေတစ်ခုပေါ်ကိုအပူပေးပြီး အံ့ဝင်ခွင်ကျစွပ်ထားတဲ့ အမာစားကွင်းတစ်ခုလိုပဲ ပြန်ဖြုတ်ဖို့ တအားခဲယဉ်းတယ်၊ အဲဒီတအားခဲယဉ်းတဲ့ ကွင်းကိုဖြုတ်နိုင်၊ တတ်နိုင်လုပ်တတ်ရင် (Astral body) ကိုဖြုတ်ပြီး လိုရာလွှင့်လို့ရပြီလေ"

"အဲဒီလို လွှင့်တတ်ပြီးရင် . . ."

"အဲဒီလို လွှင့်တတ်ရင် ဒီလူ့ဘောင်ဘုံဘဝမှာပဲရှိနေတဲ့ မမြင်နိုင်တဲ့အရာတွေကို လေ့လာရမယ်၊ အဲဒီလေ့လာမှုတွေထဲက ရရှိတဲ့အချက်အလက်တွေကို လူ့ဘောင်အတွက်အကျိုးရှိအောင် အသုံးချနိုင်ရေးကူညီရမယ်"

"ကဲ. . . သင်စရာရှိလဲသင်ပါ မယ်မင်းကြီးမရယ်၊ ခြေဆင်းတွေ ဘာတွေလုပ်မနေပါနဲ့"

"ခုန ညီမလေးပြောတယ် မဟုတ်လား၊ ခွေတစ်ခုပေါ်ကို အပူပေးပြီး စွပ်ချထားတဲ့ကွင်းလို့ပြောခဲ့တယ်။ အဲဒီကွင်းကို ပြန်ဖြုတ်ဖို့ကျတော့လဲ အပူပေးပြီးဖြုတ်ရတယ်။ အဲဒီမှာ မထင်မှတ်ဘဲ အဲဒီကွင်းလေးတွေ ပြုတ်သွားခဲ့ဖူးတာတွေရှိတယ် သိလား"

"အချို့ဆိုရင် အရက်မူးနေပြီး မိမိစိတ်နဲ့ကိုယ် နည်းနည်းလွတ်နေတဲ့အချိန်တို့၊ ရောဂါပြင်းထန်ပြီး သေလုဆဲဆဲအချိန်တို့၊ အိပ်ပျော်လုပျော်ခင်အချိန်တို့ ဒီအချိန်တွေမှာ ခုနပြောတဲ့ခွေနဲ့





ကွင်းဟာ ပြုတ်ထွက်သွားတတ်တယ်၊ အဲဒီမှာ (Astral body)က နေရာအနှံ့လျှောက်သွားပြီး အတိတ်ကအကြောင်းတွေကို သီကုံးဖွဲ့နွဲ့စာရေးတာတို့၊ ကဗျာရေးစပ်တာတို့၊ မန်းချီဆွဲတာတို့၊ သီချင်းစပ်တာတို့၊ တီးလုံးတီတာတို့၊ ဘုရားဖူးတာတို့၊ အို. . ပြောင်မြောက်တဲ့ ပါရမီလုပ်ငန်းတွေကို အကုန်လုပ်တော့တာပဲ"

"အစ်ကိုနောင်တို့က အဲဒါတွေလုပ်ဖို့လား"

"မဟုတ်ဘူး အစ်ကိုနောင်၊ ညီမလေးတို့က အပူပေးပြီး ကွင်းနဲ့ခွေဖြုတ်တဲ့နည်းရှာဦးမယ်၊ အဲဒါကတော့ ဒီလရောင်နဲ့ နေရောင်ရတဲ့ တရားပလ္လင်ပေါ်မှာ သမထအာရုံယူပြီးတော့ (Astral body) ကို ထုတ်မယ်၊ စိတ်ရှက်လွှင့်မယ်"

"လွယ်ပါ့မလား ညီမလေးရာ"

"ရိုးရိုးအတိုင်းပြန်ဖြေရရင်တော့ မလွယ်ဘူးလို့ပြန်ဖြေရမှာပဲ အစ်ကိုနောင်၊ ဒါပေမဲ့ ဒီလိုပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေရဲ့ ဟိတ်တွေ (ဝါ)လှိုင်းတွေ ကျန်ခဲ့တဲ့နေရာတို့၊ နောက်ပြီး နေဓာတ် (အဖိုဓာတ်)နဲ့ လဓာတ် (အမဓာတ်)တို့ စနစ်တကျပေါင်းစုထားတဲ့နေရာတို့ဟာ ဓာတ်ခွဲခန်းတို့၊ ခွဲစိတ်ခန်းတို့လိုပဲ၊ အဲဒီလုပ်ငန်းအတွက်အဆင်ပြေအောင်ဆောင်ရွက်ထားတာဆိုတော့ သိပ်အခက်ကြီးမဟုတ်ဘူးလို့ ပြောရမှာပဲ အစ်ကိုနောင်"

"ညီမလေးကတော့ လုပ်လို့ရနေပြီလား"

"ညီမလေးက ဟိုးဘဝအဆက်ဆက်က ကျင့်ခဲ့တဲ့ပါရမီတွေရဲ့အကူအညီကြောင့် အောင်မြင်နေပါပြီ။ ညီမလေးလုပ်လို့အောင်မြင်တာကြောင့် အစ်ကိုနောင်ကိုခိုင်းတာပေါ့၊ ဒါပေမဲ့တစ်ခုတော့ ဂရုစိုက်ရမယ်"

"ပြောပါဦး"

"ဒီရုပ်ခန္ဓာထဲကနေ အစ်ထရယ်ဘော်ဒီထွက်သွားပြီအခါ ရုပ်ခန္ဓာကို အစောင့်တွေချထားခဲ့ရမယ်၊ စိုင်းအောင်မြင့်တို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



အစောင့်ထားရမှာပေါ့။ နောက်ပြီး ရုပ်ခန္ဓာထဲကို အက်စထရယ်ဘော်ဒီပြန်ဝင်တဲ့အခါ အခက်အခဲ အထစ်အငေါ့ရှိနိုင်တယ်၊ အစ်ကိုနောင် ကြောက်ရင်တော့မလုပ်နဲ့ပေါ့"

"မကြောက်ပါဘူး ညီမလေးရယ်၊ ညီမလေးတောင် လုပ်ရဲသေးတာ၊ အစ်ကိုနောင် ဘာလို့ကြောက်ရမှာလဲ၊ ဒါဆိုစပြီး လေ့ကျင့်မယ်၊ နောက်ပြီး စိတ်ရွက်လွှင့်ခြင်းလုပ်မယ်၊ စိန်လိုက်။ ဒါပေမဲ့ အဲဒီလိုရွက်လွှင့်တဲ့အခါ ဘယ်ကိုသွားကြမှာလဲဟင်"

"ဒါကတော့ အလွန်ထူးဆန်းပြီး အစ်ကိုနောင် မရောက်သေးတဲ့ ထူးထူးဆန်းဆန်းလူတွေကြားထဲကို သွားကြမယ်လေ"

"အဲဒါက ဘယ်မှာရှိတာလဲ"

"ဒီနားတစ်ပိုက်မှာရှိနေတဲ့ သာမန်လူသားတို့ အလည်ရောက်ဖို့ခဲယဉ်းတဲ့ ရှေးအကျဆုံးလူသားတွေဆီသွားကြမယ် အစ်ကိုနောင်"

◆◆◆



## အခန်း(၃၂)

ထူးနန္ဒာကား ဂူ၏ရေအိုင်အလယ်ရှိ ကျောက်သလွန်ထက်တွင်ထိုင်ရင်း . . .

"အစ်ကိုနောင် ဒီခုတင်လေးပေါ် လာထိုင်လေ"

"ခုတင်မဟုတ်ပါဘူး ညီမလေးရယ် . . သလွန်ပါ။ ပေါက်ပေါက်ရှာရှာ ဒီသလွန်လေးက ဘယ်ကရောက်လာတာလဲ"

"ဂူရဲ့မြေအောက်ခန်းထဲမှာ အသုံးအဆောင်ပစ္စည်းတွေ အားလုံးရှိတယ်၊ ဒါပေမဲ့ လိုသလောက်ပစ္စည်းကို အချိန်အကန့်အသတ်နဲ့ပဲ ငှားလို့ရတာ အစ်ကိုနောင်ရဲ့၊ အဲဒီကငှားလာတာလေ"

"ဒါဆိုရင် တို့ပြင်ဦးလွင်အဝင်မှာရှိတဲ့ ကျောက်တောင်ဘုရားဘေးက ကျောက်သေတ္တာနဲ့တူနေတာပေါ့၊ အဲဒီကျောက်တောင်သေတ္တာထဲကနေ လက်ဝတ်လက်စားတွေ၊ စိန့်,ရွှေရတနာတွေ အကုန်ငှားလို့ရတယ်လေ"

"အခုကော ငှားလို့ရသေးလား အစ်ကိုနောင်"

"လူတွေက ငှားပြီး ပြန်ပြန်မပေးကြတော့ မရတော့ဘူးပြောတာပဲ"

"ဒီဂူထဲက ပစ္စည်းတွေကတော့ ဂူအထဲမှာပဲသုံးလို့ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အပြင်ယူသွားလို့တော့ မရဘူး၊ အဝတ်အစားကော လက်ဝတ်ရတနာတောင် ငှားလို့ရတာယ် အစ်ကိုနောင်"

"ဟောဗျာ. . . ဟိုးရှေးရှေးတုန်းက နာရီရှိလို့လား"

"ဒီကုန်းဘောင်ခေတ်နှောင်းပိုင်းက ပစ္စည်းတွေဖြစ်မှာပေါ့ အစ်ကိုနောင်"

"ကဲ. . . ကဲ ဆရာမ၊ သင်စရာရှိတာ သင်ပေတော့"

"ကဲ. . . စိုင်းအောင်မြင့် သလွန်ပေါ်ခင်းဖို့ မွေ့ရာတစ်ခု စီသွားငှားပါဦး"

ဟုတ်တော့ အဓော်ဟုတ်သည်။ စိုင်းအောင်မြင့်ထမ်းလာသော မွေ့ရာကား ရှေးအလွန်ကျသောလက်ရာဖြစ်ပြီး မင်းအသုံးအဆောင်ဖြစ်မှန်းသိသာသည်။ အရောင်မှာကား ကြက်သွေးရောင်ဖြစ်ပြီး ဒီခေတ်တွင် မတွေ့နိုင်သော ဂန္ဓာလရာဇ်တိုင်းဖြစ် ကတ္တီပါစများဖြင့် ချုပ်ထားသော မွေ့ရာကြီး(၂)ခုပေတည်း။ ၎င်းတို့ကို ထူးနန္ဒာထိုင်မည့် ကျောက်သလွန်ပေါ်တွင် မွေ့ရာတစ်ခု၊ နောင်နောင်ထိုင်မည့် ကျွန်းသလွန်ပေါ်တွင် မွေ့ရာတစ်ခုခင်းထားလိုက်ပေသည်။

အဲဒီနောက် ထူးနန္ဒာသင်ပြပေးသောအချက်အလက်များကို မွေ့ရာပေါ်၌ပက်လက်အိပ်ရင်း အကြောများပြေလျော့ထားကာ နောင်နောင်နားထောင်နေလိုက်သည်။ အိပ်ပျော်လုပျော်ခင် အနေအထားဖြစ်ပြီး ထူးထူးသင်ပြမှုတို့ကို မကြားတစ်ချက်ကြားတစ်ချက်ဖြင့် လိုက်နာလုပ်ဆောင်လိုက်သည်။

"ဒီစိတ်ရွှက်လွှင့်ခြင်းလုပ်ဖို့အတွက် အသံဆူညံမှုနည်းတဲ့နေရာ၊ နောက်ပြီး သားရဲတိရစ္ဆာန်တွေဘေးရယ်၊ တခြားအန္တရာယ်ဘေးတွေရယ်က လုံခြုံတဲ့နေရာမှာ လုပ်ရတယ်အစ်ကိုနောင်ရဲ့၊ အဲဒီအတွက်တကယ်လုပ်ပြီဆိုရင် ဂူရဲ့အောက်ဆုံးထပ်ကခန်းမကြီးကို ရွေးထားပြီးပါပြီ အစ်ကိုနောင်"





"အင်း"ဆိုသောအသံကိုပင် . . .

"အင်း. . ဟင်း. . . ဟင်း. . ဟင်း"ဟု ဖြည်းဖြည်းလေးလေးအချိန်ဆွဲကာ လိုက်ပြောနေရသည်။

"ပထမဦးဆုံး အရေးကြီးတာက မိမိအိပ်နေတဲ့မွေ့ရာရဲ့အနေအထားပဲ အစ်ကိုနောင်၊ မွေ့ရာက မပျော့လွန်း မတင်းလွန်းတဲ့မွေ့ရာဖြစ်ရမယ်၊ အဲဒီမွေ့ရာပေါ်မှာ အခုလိုပက်လက်အနေအထားအိပ်ရမယ်"

ဟု ထူးနန္ဒာက ပြောလည်းပြော အိပ်လည်းအိပ်ပြ၏။

"အိပ်တဲ့အခါမှာလည်း ခေါင်းအုံးခပ်နိမ့်နိမ့်ကို ဇက်ပိုးအောက်ခုထားပေးရမယ်၊ အဲဒီတော့မှ ခေါင်းကနောက်လန်နေပြီး မေးစေ့က အပေါ်ဆုံးရောက်နေတဲ့အတွက် အသက်ရှူထုတ်မှုက လွှတ်လွှတ်လပ်လပ်ရှိမယ် အစ်ကိုနောင်ရဲ့၊ ကဲ. . အစမ်းအနေနဲ့ အစ်ကိုနောင် အသက်ကို ရှူလိုက် ထုတ်လိုက် လုပ်ကြည့်စမ်းပါဦး"

"ရှူး . . . ဟား . ."

ဟု အသက်ကို ၄, ၅, ၁၀ခါခန့်ရှူထုတ်လိုက် လုပ်ကြည့်လိုက်ပေသည်။

"အသက်ရှူလိုက် ထုတ်လိုက်ရတာ လွှတ်လွှတ်လပ်လပ်ရှိရဲ့လား အစ်ကိုနောင်"

"အင်း. . . ဟင်း ကောင်းပါတယ်"

ဘာကြောင့်မှန်းမသိ၊ ဒီသလွန်ညောင်စောင်းပေါ်ရောက်တတည်းက လူသည်သိစိတ်မှခွာပြီး မသိစိတ်တို့လွှမ်းမိုးချင်နေ၏။ ထူးနန္ဒာမှ တစ်ခါတစ်ခါခေါ်ပြောလိုက်စဉ်က သိစိတ်တို့ပြန်ကပ်လာ၏။

"ဘာဖြစ်လို့လဲ မသိဘူး ညီမလေးရယ်၊ အစ်ကို့စိတ်တွေတာ အိပ်ပျော်နေတုန်းမှာ ဘီလူးစီးခံရသလိုမျိုးပဲ၊ သိစိတ်ထက် မသိစိတ်ကပိုပြီးလွှမ်းမိုးနေတယ်၊ ညီမလေးက လှန့်နှိုးလိုက်မှသာ သိစိတ်



www.burmeseclassic.com

www.burmeseclassic.com



က အစ်ကို့ဆီပြန်ရောက်လာတယ်လေ"

"ဟုတ်ယ် အစ်ကိုနောင်၊ ဒီနေရာဟာ အစ်ကိုနောင် အရင် ကပြောဖူးခဲ့သလိုပဲ၊ မြေအောက်မှာရှိတဲ့ သဘာဝသံလိုက်ရဲ့ သံလိုက်စက်ကွင်းရယ် ဂူရဲ့စုချွန်မှုအရဖြစ်လာတဲ့ လျှပ်စစ်စက်ကွင်းတို့ရယ် စုဆုံကြတယ်လေ၊ အဲဒါကြောင့် လူခန္ဓာကိုယ်ရဲ့လျှပ်စစ်တွေဟာ ညှို့ယူခြင်းခံရတာကြောင့် အခုလိုလူဟာ သတိမေ့ချင်သလိုလို၊ အတိတ်မေ့ချင်သလိုလို ခံစားရတာပေါ့ အစ်ကိုနောင်"

"ဟာ. . . ညီမလေးထူးက တကယ့်ပါမောက္ခကြီးကျနေတာပဲ တော်တယ်ဟေ့၊ အစ်ကိုနောင်တောင် အရှုံးပေးရတော့မယ်၊ ဟား. . . ဟား. . ဟား"ဟု ဝမ်းသာအားရဆက်ပြောကာ ရယ်လိုက်မိသည်။

"တော်ပြီ. . . ဒါဆို ညီမလေး ဆက်ရှင်းမပြတော့ဘူး၊ အစ်ကိုနောင့်ဘာသာလုပ်တော့ ဒါပဲ"

"ဘွာတေး. . . ဘွာတေး ညီမလေးရေ၊ ဆက်ပြီးပို့ချပါဦး၊ အစ်ကိုနောင် တအားစိတ်ဝင်စားနေပြီ၊ နောက်မဆုတ်နိုင်တော့ဘူး"

"တကယ်နော်. . ဒါဆိုဆက်ပြောမယ်၊ ဒုတိယအဆင့်အနေနဲ့က အစ်ကိုနောင်ရဲ့ခန္ဓာကိုယ်မှာရှိနေတဲ့ ကြွက်သားတွေကို ဖြေလျှော့ပစ်ဖို့ပါပဲ၊ အဲဒါကလဲ သူ့နည်းစနစ်နဲ့သူရှိတယ်၊ ခြေဖျားလက်ဖျားလေးတွေကနေစပြီး လျှော့လာရတယ်၊ ငါ့ရဲ့ခြေဖျားလေးတွေ တင်းမနေရဘူး၊ လျှော့လာပြီ၊ လျှော့လာပြီဆိုပြီး စိတ်ထဲကရွတ်ဆိုပြီး တဖြည်းဖြည်းချင်းလျှော့သွားရတာ အစ်ကိုနောင်၊ အဲဒီကနေတစ်ဆင့်တက်ပြီးတော့ ခြေသလုံးကြွက်သားတွေကို တစ်ဆင့်လျှော့ပေတော့၊ ကဲ. . အစ်ကိုနောင် စမ်းသပ်ကြည့်ပါဦး"

အစ်ကိုနောင် မေးစေ့ကို အပေါ်မြှောက်တင်ထားပြီး၊ အသက်ကို ရှုထုတ်လိုက်၏။





"ငါ့ခြေသလုံးကြွက်သားတွေ လျှော့လာရမယ်"ဟု အသံထွက်ကာ လျှော့နေ၏။

"အသံထွက်စရာမလိုပါဘူး အစ်ကိုနောင်ရဲ့"

"ဒါက အစဦးပိုင်းမို့ပါ ညီမလေးရဲ၊ နောက်တော့ အသံထွက်စေရပါဘူး"

"အိုကေ. . . ဆက်မယ် အစ်ကိုနောင်။ ခုနကြွက်သားတွေလျှော့လာလိုက်တာ နောက်ဆုံးနဖူးကြွက်သား၊ မျက်ခွံတွေ ဒါတွေကို လျှော့ချရတော့တာပေါ့၊ အဲဒီအဆင့်ရောက်တဲ့အခါမှာ ခြေဖဝါးကိုထောင်ထားမှ သက်သာတယ်လို့ထင်ရင် ထောင်ထားပါ။ ဒါမှ ဟုတ်လှဲထားမှ သက်သာတယ်လို့ထင်ရင် လှဲတာပေါ့၊ လက်ဖဝါးကလည်း မိမိသက်သာမယ့်အနေအထားအတိုင်းထား၊ ပါးစပ်ကိုလဲပိတ်ရင်ပိတ် ဒါမှမဟုတ် ဧရင်ဧ၊ အဓိကတော့ မိမိရေရှည်အနှောင့်အယှက်မဖြစ်တဲ့အနေအထားဟာ အကောင်းဆုံးပါပဲ အစ်ကိုနောင်"

"ကဲ. . . အစ်ကိုနောင် စမ်းကြည့်ဦးမယ် ညီမလေး"

အစ်ကိုနောင် အမျိုးမျိုးစမ်းသပ်ကြည့်၏။ နဖူးမှစတင်၍ လက်ဖဝါးခြေဖဝါးတိုင်အောင် အကြောများ ဖြေလျှော့လိုက်၏။

"ငါရဲ့ အကြောအချင်တွေ လျှော့သွားပြီ၊ ငါဒီသက်တောင့်သက်သာအနေအထားအတိုင်း အကြာကြီးနေလို့ရပြီ"ဟု မှတ်ယူထားကာ ပက်လက်အိပ်ပြီး ကျင့်နေလိုက်၏။

"အိုကေ ညီမလေး"

"မပြီးသေးဘူး အစ်ကိုနောင် ကျန်သေးတယ်"

"ဟောဗျာ. . အစ်ကိုနောင်က အလုပ်ဆက်လုပ်လို့ရပြီထင်နေတာ"

"အခုထိ အစ်ကိုနောင်ကျင့်နေတဲ့ဟာက ရုပ်ပိုင်းဆိုင်ရာကျင့်ကြံအားထုတ်မှုပဲ ရှိသေးတယ်၊ အခုမှ စိတ်ပိုင်းဆိုင်ရာကျင့်ကြံ



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်မှုအပိုင်းကို ရောက်တော့မှာ"

"ကဲ. . ကဲ စတော်မူပါဗျာ"

"အစ်ကိုနောင်နော်. . . နောက်တီနောက်တောက်လုပ် မနေနဲ့"

"မနောက်ပါဘူး ဆရာမရာ၊ ကျွန်တော်က အဆင်သင့် ဖြစ်နေလို့ စခိုင်းတာပါဗျ"

"ဟုတ်ပြီ ငြိမ်ငြိမ်လေးဆက်ပြီးနားထောင်ပါ့မယ်၊ အသက် ကို ဖြည်းဖြည်းရှူ ဝင်လေလေး ဝင်သွားတာ၊ ထွက်လေလေး ထွက် သွားတာကို အာရုံပြုထားလိုက်၊ စူးစိုက်ထားလိုက်၊ အဲဒီ စူးစိုက် ထားမှုကို ကြိမ်ဖန်များစွာပြုလုပ်ရမယ် အစ်ကိုနောင်၊ အဲဒီလို ဝင်လေ ထွက်လေအပေါ် စူးစိုက်ထားမှုနေရာမှ စိတ်ကအမှန် တည်ငြိမ်နေအောင် ကြိုးစားလိုက်ပါ။ အဲဒီလို တည်ငြိမ်နေကြောင်း အခါမလပ် ဆင်ခြင်သုံးသပ်နေပါ။ အဲဒီလို စိတ်ဟာအမှန်ပဲ တည် ငြိမ်နေတဲ့အခါ သားစွဲ၊ မယားစွဲ၊ ဥစ္စာပစ္စည်းစွဲ၊ ပညာစွဲဆိုတာတွေ အနိုက်ချုပ်နေပြီး သဘောကျမှုဆိုတဲ့ ပီတိတွေဖြစ်ထွန်းလာလိမ့် မယ်"

နောင်နောင် မျက်စိမှိတ်လျက် အပြန်အလှန်လေ့ကျင့်နေ တော့သည်။

"ကဲ . . . ရပြီလား အစ်ကိုနောင်"

"တခြားအစွဲတွေတော့ ဘာမှမရှိဘူး၊ ညီမလေးကို ယောဝ် ဝတ်စုံနဲ့မြင်မြင်နေတဲ့အစွဲပဲ ကျန်နေတယ်"

"အဲဒါဆိုလည်း သီလရှင်ဝတ်စုံနဲ့မြင်အောင် ပြောင်းကြည့် လိုက် အစ်ကိုနောင်၊ ကဲ. . အခုတစ်ဆင့်သင်ပြပေးပြီးရင် လုပ်ငန်း ရဲ့အခြေခံအဆင့်ကို စလေ့ကျင့်လို့ရပြီ အစ်ကိုနောင်"

"အခုမှ အခြေခံအဆင့်ကို စမှာဟုတ်လား"

"အများကြီးသင်ရဦးမှာပေါ့"





"ကဲပါ. . . ခုမှ ပျင်းမနေပါနဲ့ အစ်ကိုနောင်ရယ်၊ ခုနက သဘောကျတယ်ဆိုတဲ့ ပီတိအဆင့်ထိရောက်ရှိနေတဲ့ စိတ်ရဲ့အသိ တရားလေးဟာဆက်ပြီး မှန်ကန်အောင်မပျက်မယွင်း အာရုံတည် ငြိမ်မှုနဲ့ အလေ့အထပြုလိုက်တဲ့အခါမှ ချမ်းသာ၏ဟု အမှန်ကိုသိ နေတဲ့ တရားကြီးဖြစ်ထွန်းလာမှာပဲ အစ်ကိုနောင်၊ အဲဒီချမ်းသာ၏ လို့ အမှန်ဖြစ်ထွန်းနေတဲ့တရားကြီးကို ကြိမ်ဖန်များစွာ သိလိုက်၊ လျှောက်လိုက်နဲ့ အာရုံကိုစုစည်းပြီးတည်ငြိမ်အောင် လုပ်ယူရတယ် အစ်ကိုနောင်၊ အဲဒီစိတ်ရဲ့ တည်ငြိမ်မှုဟာ တစ်ချိန်မှာဘယ်မှမရွေ့ တော့ဘဲ တည်ငြိမ်,ငြိမ်သက်လဲသွားရော လောကကြီးမှာဘာနဲ့မှ သဲလို့မရတဲ့ ချမ်းသာအစစ်အမှန်ကြီးကို ခံစားခွင့်ရသွားတော့ တယ်လေ။ အဲဒါကို ဇေတဂ္ဂဒါလို့ခေါ်တာပဲ အစ်ကိုနောင်၊ အဲဒီ အဆင့်ထိရောက်အောင် လေ့ကျင့်ယူပါဦး၊ တချို့ဒီအဆင့်ရအောင် နှစ်နဲ့ချီပြီး အလေ့အလာကောင်းကောင်းနဲ့ ကျင့်ရပါတယ်။ တချို့ ဆိုရင် ဆယ်နှစ်၊ ဆယ့်ငါးနှစ်ကျင့်တာတောင်မှ ဒီအကျင့်ကိုရဖို့ ခဲယဉ်းပါတယ်။ အစ်ကိုနောင်ကတော့ ပါရမီဓာတ်ခံရှိတဲ့သူဆိုတော့ မကြာခင်ရမှာပေါ့"

"အစ်ကိုနောင်က ပါရမီဓာတ်ခံရှိတယ်ဆိုတာ ညီမလေး က ဘယ်လိုလုပ်ပြီး သိသလဲဟင်၊ အစ်ကိုနောင့်ကို ရှင်းပြပါဦး"

"အင်း. . . ဒါတွေကတော့ ရှင်းပြဖို့ ခပ်ခက်ခက်ပဲ အစ်ကို နောင်၊ အစ်ကိုနောင် အခုလိုသမာဓိအားကို ပြင်းပြင်းထန်ထန် လေ့ကျင့်လိုက်ရင် မိမိအကြောင်းလည်း မိမိသိလာမှာပါ။ မိမိ အကြောင်းကို သိလာသလို တစ်ချိန်ချိန်မှာ သူများအကြောင်းကို လည်း ထိုးထွင်းသိမြင်လာမှာ မလွဲပါဘူး အစ်ကိုနောင်"

"ဒါဆို ညီမလေးတို့ပညာရပ်က သိပ်စိတ်ဝင်စားဖို့ကောင်း တာပဲကွာ။ အစ်ကိုနောင် မဖြစ်,ဖြစ်အောင်လေ့ကျင့်မယ်သိလား"

"ဟုတ်တယ် အစ်ကိုနောင်၊ ဒီလိုစနစ်တကျမှီထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂူနေရာတွေဟာ ညီမလေးပြောခဲ့သလို၊ သမာဓိအားကိုဖြည့်ပေးတဲ့ ရုပ်သဘာဝတတ်ဝန်းကျင်တွေပဲ အစ်ကိုနောင်။ လျှပ်စစ်အားတွေ သံလိုက်စက်ကွင်းအားတွေ နေခာတ်၊ လခာတ်တွေ စနစ်တကျ စုစည်းပေးထားတဲ့နေရာပေါ့။ အဲဒီနေရာမှာ လေ့ကျင့်ရင်၊အမိဋ္ဌာန် ဝင်ရင် ခဏလေးအတွင်း သမာဓိအားရလိမ့်မယ် အစ်ကိုနောင်"

နောင်နောင်ထံမှ စကားပြန်သံမကြားရတော့။ နောင်နောင်သည် ဝင်လေကို ပြင်းပြင်းရှူ၍လည်းကောင်း၊ ထွက်လေကို ပြင်းပြင်းထုတ်၍လည်းကောင်း ရှုမှတ်လျက်ရှိပေသည်။ ထိုစဉ် ဘယ်သူ့ကိုမှ စကားပြောချင် တွေ့ချင်မည်မဟုတ်၊ ထူးနန္ဒာ အစ်ကိုနောင်ဘေးမှ အသာအယာထွက်လာခဲ့သည်။

"အစ်ကိုနောင်တို့ မိသားစုကို မိထူးကျေးဇူးဆပ်နိုင်မှာ ဒီလုပ်ငန်းတစ်ခုပဲရှိလို့ အစ်ကိုနောင်ကနေတစ်ဆင့် ကျေးဇူးဆပ် နေရတာပါ အစ်ကိုနောင်ရယ်"ဟု တီးတိုးရေရွတ်လျက် ဂူအတွင်းပိုင်းကို ထွက်လာခဲ့သည်။

♦ ♦ ♦



## အခန်း(၃၃)

နောင်နောင် သမထအာရုံမှနေ၍ ထလိုက်သည်။ ပထမဦးဆုံးမျက်လုံးဖွင့်လျှင် ဖွင့်ချင်း မိမိအားဘေးမှစောင့်ကြည့်နေသော အပြစ်ကင်းစင်လှသည့် ညီမလေးထူး၏မျက်နှာကို အရင်တွေ့လိုက်ရပေသည်။

"အစ်ကိုနောင် တော်တော်သမာဓိအားကောင်းသားပဲ၊ စုပေါင်းလေးနာရီလောက်ကြာတယ်"

"ညီမလေးက တောက်လျှောက်စောင့်ကြည့်နေတာလား၊ အစ်ကိုနောင်က အိပ်ပျော်သွားတာဖြစ်နေပါဦးမယ်"

"အိပ်ပျော်တာမဟုတ်ပါဘူး အစ်ကိုနောင်၊ ညီမလေးက သေသေချာချာခွဲခြားတတ်ပါတယ်။ လူများ ငအမှတ်နေလို့လား"

"ကဲပါ. . စိတ်ဆိုးဖို့ မစဉ်းစားပါနဲ့ဦးခင်ဗျ၊ ကျွန်တော်မျိုးကို ဘာကြောင့်စောင့်ကြည့်နေရတာလဲဆိုတာ မိန့်ပါဦး"

"အပြင်ဘက်ကနေ ဘဘလှိုင်တို့ကမှာတယ်၊ စိုင်းပေါက်နဲ့အလောင်းပျောက်သွားလို့တဲ့၊ အဲဒါ အစ်ကိုနောင်နဲ့ တိုင်ပင်ချင်သို့ထွက်ခဲ့ပါဦးလို့ ပလတ်စတစ်ပိုက်တယ်လီဖုန်းနဲ့ ပြောနေတယ်"

"စိုင်းပေါက်အလောင်းက ကျားဆွဲသွားတာနေမှာပါကွာ၊



www.burmeseclassic.com

www.burmeseclassic.com



စောင့်တဲ့လူတွေပါ ကျားဆွဲမသွားတာ တော်သေးတာပေါ့ကွာ”

အစ်ကိုနောင် ဒေါသသံဖြင့် ခပ်မာမာပြောလိုက်သည်။

“ဒေါသမကြီးနဲ့ဦးလေ ဆရာကြီးရဲ့၊ အပြင်မှာစောင့်နေတဲ့လူအားလုံးကို ညကအိပ်မွေ့ချသွားပြီး အလောင်းကိုယူသွားတာပဲ၊ ဒီနေ့မှာ အလောင်းကို သရဏဂုံတင်ခါနီးမို့ဖွင့်ကြည့်လိုက်တော့ မရှိတော့ဘူးဖြစ်သွားတာပဲ အစ်ကိုနောင်၊ တော်တော်တော့ စဉ်းစားစရာကောင်းနေပြီ”

ထူးထူးက လေးတွဲ့တွဲ့ဖြင့် လူကြီးကဲ့သို့ပြောလိုက်သည်။

“ဒါဆို အစ်ကိုနောင်လိုက်သွားမယ်ကွာ၊ ဂူတံခါးမကြီးဖွင့်ဖို့ စီစဉ်ပေးပေတော့”

“ဒါလည်း ဖွင့်လို့မဖြစ်ဘူး အစ်ကိုနောင်”

“ဘာကြောင့် . . .”

“အခုအသုဘမှာ ဖိတ်ထားတဲ့သူတွေ ရွာကလူတော်တော်များများရောက်နေတယ်လေ၊ အဲဒီရှေ့မှာ ဂူကြီးဖွင့်ထွက်လိုက်ရင် ခက်ကုန်မှာပေါ့အစ်ကိုနောင်၊ အထူးသဖြင့် ဂူထဲကိုဝင်ကြည့်ချင်မယ်ဆိုရင် ညီမလေးတို့ရဲ့ အစီကလုပ်ငန်းကြီးပျက်စီးသွားမှာပေါ့ အစ်ကိုနောင်”

“ဒါဆိုရင် ကျွန်တော်ဘယ်လိုဆက်လုပ်ရမှာလဲ ဆရာမ”

“နှာခေါင်းပိတ်ပြီး ရေထဲခုန်ချလိုက်”

“ဘုရားရေ”

နောင်နောင်ပခုံးကိုတွန့်လျက် ကြောက်သည့်ပုံလုပ်လိုက်သည်။

“နှာခေါင်းမပိတ်တော့ပါဘူး ညီမလေးရယ်၊ ဒီအတိုင်းပဲ ခုန်ဆင်းလိုက်ပါတော့မယ်ကွယ်”

“အလကားနောက်တာပါ အစ်ကိုနောင်၊ အစ်ကိုနောင်တို့ယူလာတဲ့ ရေငုပ်ဝတ်စုံဝတ်ပြီး ဆင်းသွားတာပေါ့။ ဒီရေကန်က





အပြင်က ရေတံခွန်ကျတဲ့ ကန်ကြီးထဲကို ထွက်လို့ရတယ်လေ။ ဒီအတိုင်းထွက်သွားပေါ့။ နောက်ပြီး ညီမလေးရဲ့စာတစ်စောင်လည်းယူသွား၊ အဲဒီကျတော့မှ ဖွင့်ဖတ်ပြလိုက်ပါ အစ်ကိုနောင်”

“တစ်ခုတော့ ပြောချင်တယ် ဆရာမ”

ထူးထူးကား သူ့လက်ထဲတွင်ရှိသော ကြိမ်လုံးကလေးနှင့် ဖိနပ်သလွန်ကို တဖြန်းဖြန်းရိုက်ရင်း သဘောတွေ့နေပေသည်။ ဖြစ်သည်။ ငယ်စဉ်ကတည်းက သူ့ကိုဆရာမဟုခေါ်လျှင် ကြိမ်လုံးကလေးတဖြန်းဖြန်းရိုက်ကာ လက်ပိုက်ထိုင်ခိုင်းခြင်း၊ ကကြိုး,ခခွေးဆိုခိုင်းခြင်းတို့မှာ အကျင့်ပါနေပေသည်။

“ပြောလေ. . ပြောလေ အစ်ကိုနောင်”

“ဒီလိုပါ ဆရာမ၊ ကျွန်တော်တို့ယူလာတဲ့ရေကူးဝတ်စုံကြီးက ရှေးရေကူးဝတ်စုံဖြစ်နေတယ်၊ ရှေးရေကူးဝတ်စုံက ဦးထုပ်ကြီးကိုက ပေါင်(၁၀၀)လောက်ရှိနေတယ်။ ဒါကြီးနဲ့ငုပ်ရင် ကျွန်တော် ရေငုပ်ဝတ်စုံဆွဲအားကြောင့် ပြန်ပေါ်မလာနိုင်ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် နောက်ဆုံးပေါ် ရေကူးဝတ်စုံလေးများ ဆရာမ စုဆောင်းထားတဲ့ လိုတရအခန်းထဲက ငှားလို့ရနိုင်မလားလို့ပါ ဆရာမ”

“ဟာ. . . တော်ပြီ၊ ဒါညီမလေးကို သက်သက်ညစ်တာပဲ၊ ရေကူးဝတ်စုံငှားလို့တော့ ဘယ်ရနိုင်ပါ့မလဲ အစ်ကိုနောင်ရယ်၊ ဘယ်လီဗေးရှင်းတို့၊ ဗီဒီယိုစက်တို့ ရုပ်ရှင်မင်းသမီးလေး ဘာလေး တော့ ငှားချင်သေးရင် သွားငှားလေ အစ်ကိုနောင်။ ဒါမှတင်းပုတ်နဲ့ ထုလွှတ်လိုက်လို့ မှတ်ကရောဖြစ်သွားမယ်”

“ရုပ်ရှင်မင်းသမီးလေးကတော့ ရှေ့မှာရောက်နေလို့ မငှားတော့ပါဘူး၊ ရုပ်ရှင်မင်းသားလေးတစ်ယောက်လောက်ပဲ ဆရာမအတွက်ငှားပေးချင်တာ”

“ကဲ. . နောက်ဦးဟာ. . နောက်ဦး၊ ဆရာမကိုနောက်ချင်တဲ့လူ တင်းပုတ်စာမမိခင် ကြိမ်လုံးစာထိပြီ အောက်မေ့ပေတော့”ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ နောက်မှနေ၍လိုက်လေတော့သည်။ အတော်လေးပြေးမိ၍ ဘာဘလိုင်တို့ ပစ္စည်းပုံနားရောက်သောအခါ နောင်နောင်လည်း ရေကူးဝတ်စုံခေါင်းစွပ်ကြီးကို မ,လိုက်သည်။

"အမယ်လေးဗျ၊ ကောင်မလေးတစ်ယောက်စာလောက် လေးတယ်ခင်ဗျ"

"ပေါ်ပြီဟေ့. . ပေါ်ပြီ၊ ဒါဆို အစ်ကိုနောင် ကောင်မလေး တစ်ယောက်ယောက်ကို မ,ဖူးတာသေချာနေပါပြီ"

"မ,ဖူးပါတယ်ခင်ဗျ၊ ငယ်ငယ်တုန်းက ကောင်မလေးတစ် ယောက် ချွေးချေးပုံတက်နင်းမိပြီးအော်နေလို့ မ,ပြေးရဖူးပါတယ်"

"အစ်ကိုနောင်နော် သိပ်စတာပဲ၊ အော်ငိုလိုက်မယ်"

"ကဲပါ. . မငိုပါနဲ့ အစ်ကိုနောင်က ညီမလေးကိုချစ်လို့ စတာပါ"

"ဒါဆိုလည်းပြီးရော၊ အစ်ကိုနောင် မနက်စာ မစားရသေး ဘူးမဟုတ်လား"

"ဟဲ့. . . နန်းကျောက် မနက်စာယူချည်ဦး"

နန်းကျောက်သည် ကြိုက်တဲ့ပစ္စည်းငှားလို့ရသည်ဆိုသော လိုတရအခန်းထဲသို့ ဝင်သွားလေသည်။ ခဏလောက်နေသောအခါ နန်းကျောက် ယင်းအခန်းထဲမှထွက်လာပြီ။ နန်းကျောက်ကိုမြင်ရ သောအစ်ကိုနောင်အဖို့ ပါးစပ်အဟောင်းသားဖြစ်ရချေတော့ သည်။

"ညီမလေး. . နန်းကျောက်က မှန်စီရွှေချဆွမ်းအုပ်ကြီး ပိုက်လို့ ထွက်လာပါလား၊ အနော်ရထာမင်းဆီကများ ငှားလာတာ လားဟ"

"ဘယ်သူ့ဆီက ငှားငှား၊ အစ်ကိုနောင်စားရဖို့အရေးကြီး တာမဟုတ်လား။ ကဲ. . နန်းကျောက် စားတော်အုပ်ကို သလွန်ပေါ် ချထားလိုက်"





"စားတော်အုပ်တွေ၊ သလွန်တွေခေါ်ပြီး အစ်ကိုနောင့်ကို မကျွေးပါနဲ့ဟာ၊ အစ်ကိုနောင် ဝမ်းတော်တွေလားကုန်ပါ့မယ်"

"အဲဒီလိုမခေါ်လို့. . . တခြားနည်းလမ်းလဲ မခေါ်တတ် တော့ဘူး အစ်ကိုနောင်။ ကဲပါ. . . နန်းကျောက် ထည့်စားဖို့ ပန်းကန်ပြားသွားငှားချည်ဦး"

"အင်း. . . ဟိုဟာငှား ဒီဟာငှားနဲ့ ဟိုကစိတ်တိုပြီး ဒန် ပန်းကန်ပြားတွေပဲ ငှားလိုက်လိမ့်မယ်နော် နန်းကျောက်"

ဟုတ်သည်။ နန်းကျောက် ထွက်လာသောအခါ ဒန်ပန်း ကန်ပြား(၇)ချပ်ခန့်နှင့် လက်သုတ်ပုဝါတွေသာ ပါလာသည်မို့ နောင်နောင် ကြွေမဆည်နိုင်တော့ဘဲ တဟားဟား အော်ရယ် လိုက်မိတော့သည်။

"ဟား. . . ဟား ညီမလေး တပည့်ကတော်တယ်ဟေ့၊ ဒန်ပန်းကန်ပြားကို တကယ်ရအောင်ငှားလာတယ်။ ဒီလိုတပည့်မျိုး ရတာ ပွတာပဲ"

"ဟုတ်ပါရဲ့ နန်းကျောက် ငှားချင်းငှားရင်လည်း ယွန်း ပန်ကန်ပြားလေး ဘာလေးငှားပါရော့၊ ဒါလောက်တောင်ပဲ 'နု'ရ သလားဟဲ့"ဟုဆိုကာ နန်းကျောက်ခေါင်းကို ဒေါင်ခနဲနေအောင် ခေါက်လိုက်လေတော့သည်။

"မဟုတ်ဘူး မမလေးရဲ့၊ အစ်ကိုနောင်က ဒန်ပန်ကန်ပြား လို့ နောက်ပြီးပြောလိုက်တော့ နားထဲမှာစွဲသွားပြီး အဲဒီအတိုင်း ပါးစပ်ကထွက်ငှားလိုက်တာပဲ မမရဲ့"

"အမယ်လေး နန်းကျောက်ရယ်၊ မှားချင်းမှားရင်လဲ ရွှေ ပန်းကန်ပြားလေး ဘာလေးနဲ့ မှားရောပေ့ါ၊ ဒါမှအစ်ကိုနောင် အပြင်အထွက်မှာ အသာလေးထည့်ယူသွားလို့ရမှာသိလား"

"တင်းပုတ်စာနော် . . တင်းပုတ်စာ"

နောင်နောင် ဇက်ကလေးပုကာ လက်နှစ်ဖက်ကို ကလူ



www.burmeseclassic.com

www.burmeseclassic.com



ကလူလုပ်ပြ၍ ငြိမ်နေလိုက်မိတော့သည်။

"ဩော် နန်းကျောက်၊ ဘဘကို သွားခေါ်ချည်ဦး၊ ဘဘ ဘုရားခန်းထဲမှာ အဓိဋ္ဌာန်ပုတီးစိပ်နေတယ်။ မနက်စာစားရ အောင်လို့ပြောခဲ့"

နန်းကျောက်သည် ဘဘစပ်သီဟနန္ဒာရှိသော အတွင်းခန်းဘက်သို့ ထွက်သွားချေသည်။ နန်းကျောက်ထွက်သွားသဖြင့် နံနက် စာကို ညီမလေးထူးကိုယ်တိုင် ပြင်ဆင်ပေးလေတော့သည်။ ညီမ လေးထူး နံနက်စာပြင်နေပုံကို နောင်နောင် တဖျပ်ဖျပ်ဖြင့် ဓာတ်ပုံ မှတ်တမ်းတင်လိုက်သည်။

"ဟောဗျ. . . ငှက်ပျောသီးတစ်ဖီး"

ထူးနန္ဒာ တစ်ခုခုဆွဲထုတ်လိုက်တိုင်း နောင်နောင်က ပါးစပ်မှအော်ပြောရင်း ကင်မရာဖြင့် ဖျန်ခနဲဓာတ်ပုံရိုက်၏။

"ဟောဗျာ. . . နာနတ်သီး"

ဓာတ်ပုံရိုက်ပြန်၏။

"ဟော . . . သဘော်သီး"

ဖျပ်ကနဲ ကင်မရာမှမီးလင်းသွားပြန်သည်။

"ဆီးသီးတွေ" ဓာတ်ပုံရိုက်လိုက်၏။

"ကောက်ညှင်းကျည်ထောက်"အော်ရင်း ဓာတ်ပုံရိုက် လိုက်ပြန်၏။

"ခေါပုတ်ကြော်"

"ပဲပုတ်မီးကင်"

"ဆီတို့ဟူး"

"ရေတကောင်း"

ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ပြီးချေပြီ။ ထူးထူးက စားစရာ တွေကို ပန်းကန်ပြားဖြင့်ထည့်ရင်း အစီအရီနေရာချ၏။

"စပျစ်သီး"





"မာလကာသီး"

"လိမ္မော်သီး"

"အစ်ကိုနောင်နော်၊ ဘာလို့မပါတာတွေ လျှောက်ရွတ် ဖတ်နေရတာတုန်း"

"ဟာ. . . အစ်ကိုနောင် စားချင်တာတွေ ဆက်ရွက်နေရ တာလေ၊ နောက်ပြီးတော့ ရေခဲမုန့်"

"အစ်ကိုနောင်ကြိုက်တဲ့ ဒန်ပေါက်နဲ့ ဖာလူဒါကော ရွတ်ပါ ဦးလား"

"အင်း. . . ညီမလေးပြောမှ သတိရတယ်၊ အစ်ကိုနောင် တို့ ပိတ်ချင်းမြောင်တစ်ဝိုက် သန့်ရှင်းရေးလုပ်အားပေးလုပ်တဲ့ ရက်တုန်းက ဘဘလှိုင်ကနေ မနက်ပိုင်းတင် ပြီးတယ်ဆိုလို့ ထမင်း ထုပ်ယူမသွားကြဘူးလေ၊ အခုလိုဆိုင်တွေ၊ ကန္တားတွေလည်း မရှိကြ တော့ ထမင်းငတ်ကရောဆိုပါတော့။ အစ်ကိုနောင်ကတော့ ပိတ် ချင်းမြောင်ကရေကို ကုန်းပြီးခပ်သောက်လိုက် ပါးစပ်ကနေ 'ဖာလူ ဒါသောက်ပြီဟေ့'လို့ အော်လိုက်၊ နောက်တစ်ခွက်သောက်လိုက် 'လိမ္မော်ရည်ဟေ့'လို့ အော်လိုက်နဲ့ပေါ့လေ"

နောင်နောင်က စကားပြောရင်း ရေတစ်ခွက်ယူသောက် လိုက်၏။

"အစ်ကိုနောင် ဆက်ပြောလေ၊ သူများနားထောင်နေမှန်း သိရင်အဲဒီလိုသိပ်ညစ်တာပဲ"

"ဩော်. . . ဆောရီးဆရာမ၊ ခင်ဗျားနားထောင်နေမှန်း မသိလို့ အာခြောက်တာနဲ့ ရေသောက်မိတာပါ၊ ဆက်ပြောပါ့မယ်"

"ကဲကွာ. . . ဝိဦးကွာ၊ ဝိဦးကွာ"နှင့် အစ်ကိုနောင်၏ လက် မောင်းများသို့ ညီမလေးထူး၏ လက်သီးဆုပ်များက စုပြုံကျရောက် လာတော့သည်။

"ပြောပါပြီခင်ဗျာ. . ပြောပါပြီခင်ဗျာ၊ တို့ခြံထဲက မမေ



www.burmeseclassic.com

www.burmeseclassic.com



ဝင်း ဂန္ဓာမာခင်းမှာအငှားလုပ်တဲ့ ချစ်သွယ် သိလား"

"သိတယ်လေ၊ သူ့နာမည်တောင် ရှစ်သွယ်လို့ပြောတာ"

"မှန်တယ် . . မှန်တယ်၊ အဲဒီ ရှစ်သွယ်ဆိုတဲ့အကောင်က ရေကုန်းခပ်ပြီး အားရပါးရအလကားမတ်တင်း စဉ်းစားပြီးစိတ်ကူးယဉ်အော်ရတဲ့အစားအသောက်ကို ဘယ်လိုအော်တယ်များမှတ်တုန်း၊ သိလား ညီမလေး"

"ဘယ်သိမှာတုန်း အစ်ကိုနောင်ရဲ့"

"မသေမချင်းမှတ်ထား၊ ရေကို ကုန်းသောက်ပြီးစိတ်ကူးယဉ်အော်လိုက်တာက 'အညှက်နဲ့ မှင်းကြမ်း'ဆိုပြီး အော်လိုက်တယ်ဟေ့ . . . သေရော"

"ဘာလဲ အစ်ကိုနောင်ရဲ့ . . အညှက်နဲ့ မှင်းကြမ်းဆိုတာ ဘာကို စိတ်ကူးယဉ်တာတုန်း"

"ထန်းလျက်နဲ့ ထမင်းကြမ်းကို စိတ်ကူးယဉ်တာဟေ့၊ မှတ်ပြီလား"

ထူးနန္ဒာကား ဣန္ဒြေမဆည်နိုင်ဘဲ ခိုးခိုးခစ်ခစ်ရယ်လိုက်လေတော့သည်။

"ဟဲ့ . . . ဒီမောင်နှမတွေ ဘာတွေသဘောကျနေကြတာလဲကွယ့်"

"ဒီမှာ အစ်ကိုနောင် . . ညီမလေးကို နောက်စရာတွေပြောပြီး ထမင်းမစားနိုင်အောင်လုပ်နေတယ် ဘဘရဲ့"

"ဘယ်မှာလဲ ညီမလေးငှားလာတာက အမင်း(ထမင်း)လဲ မပါပါဘူး၊ ဘယ်ကလာ ထမင်းစားမယ်ပြောနေရတာလဲ ကိုရှစ်သွယ်ညီမရဲ့"

"အမင်းတော့မပါဘူး အစ်ကိုနောင်ရေ၊ မှင်ရည် (ထမင်းရည်)ပဲပါတယ်တော့၊ ကိုရှစ်သွယ်ရဲ့အစ်ကိုရဲ့"ဟု ခါးလေးထောက်ကာ ဟန်ပါပါရန်တွေ့နေတော့သဖြင့် နောင်နောင်မှာ ခွက်ထိုး





ခွက်လန်ရယ်မောကာ အရယ်အတောမသတ်နိုင်တော့ပါချေ။

"ကဲ . . . ကဲ သားနဲ့သမီးတို့ ထမင်း . . အဲလေ ဘဘလည်းယောင်သွားတယ်၊ မနက်စာ စားကြတာပေါ့"

ဟုဆိုကာ ကောက်ညှင်းပေါင်းနဲ့ပါသောဟင်းများ၊ အသီးအနှံများကို အားရပါးရစားသောက်ကြလေတော့သည်။

ထမင်းစားသောက်ပြီးသည်နှင့် နောင်နောင်သည် သလွန်ပေါ်၌ထိုင်လျက် တစ်ချက်လှန်လိုက်ကာ . . .

"စားပြီး သောက်ပြီး မလုပ်ချင် . . . တို့ကရင်"ဟု ဆိုလျက်လှဲအိပ်လိုက်လေတော့သည်။

"ဩော် . . . အစ်ကိုနောင်က ကရင်မချောချောလေးကို ကြိုက်လို့ စားပြီး,သောက်ပြီ မလုပ်ချင်တော့ဘူးပေါ့၊ အပြင်မှာ အစ်ကိုနောင့်ကိုစောင့်နေမယ့် ပရိသတ်နဲ့ဘုန်းကြီးတွေရှိနေတယ်နော် . . . သတိထားပါဦး ကရင်ကြီးရဲ့"

"ဟုတ်ကဲ့ပါ ဆရာမ"

ဟု ဆိုလျက် နောင်နောင်က ရေကူးဝတ်စုံကို ပြေး၍ဝတ်လိုက်ချေတော့သည်။

"သားကြီးနောင်နောင် ဒါကြီးဝတ်ပြီး ဘယ်သွားငုပ်မှာလဲဟ"

"ဟာ . . ဒီကန်ထဲမှာ ငုပ်မှာလေ ဘဘ"

"ဟာ . . . ဒီကန်ထဲမှာ ဘာရှိလို့ ငုပ်နေရမှာလဲဟ"

"ဒီကန်ထဲကတစ်ဆင့် အပြင်မှာရှိတဲ့ ဘဘလှိုင်တို့ဆီသွားရမှာ"ဟု ပြောရင်း စိုင်းပေါက်၏အလောင်းပျောက်ဇာတ်လမ်းကို ရှင်းပြလိုက်သည်။

"ဒါဆို ဘဘပါလိုက်မယ်ကွယ်"

"မဖြစ်ဘူး ဘဘ . . မဖြစ်ဘူး၊ ဘဘက ညီမလေးထူးရဲ့ အနားမှာစောင့်ရမှာ၊ ညီမလေးရေ တာတာ့"ဟု လက်ပြရင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်းဦးထုပ်ကို အမြန်ဝတ်လျက် ဂူထဲရှိ ရေကန်အတွင်းသို့ နောက်ပြန်ခုန်ချလိုက်လေတော့သည်။

"သွားပေဦးတော့ မောင်တော်ရေ့ . . .၊ ရေအောက်မှာ မောင်တော်အထူးအဆန်းတွေ တွေ့လာဦးမှာပါ၊ ဘဝဟောင်းက မှတ်မိစရာတွေ မောင်တော့်အတွက် ဒုနဲ့ဒေးပါ"ဟု ပါးစပ်မှ တီးတိုးပြောရင်း လက်ကလေးကိုဝှေ့ယမ်းနှုတ်ဆက်လျက် ကျောက်သလွန်ထက်တွင် ပုံ့ပုံ့ကျုံ့ကျုံ့လေးထိုင်လျက် ကျန်ရစ်ခဲ့ရှာသည်။

◆◆◆



## အခန်း(၃၄)

ရေအောက်အတော်အတန်နက်သောနေရာအထိ နောင်နောင်ငုပ်ဆင်းလိုက်မိသည်။ လက်ထဲတွင် ကိုင်ထားသောလက်နှိပ်ဓာတ်မီးကို ထိုးလိုက်သောအခါ ရေအောက်ကို သဲကွဲစွာမြင်လာရသည်။

ရေစီးအတိုင်းမျှော၍လိုက်ပါသွားသည်။ ၎င်းနောက် ရေအောက်တွင် ကလိုဏ်ပေါက်သဏ္ဍာန်လမ်းအမြွာနှစ်ခုကို တွေ့လိုက်ရ၏။ ဘယ်ဘက်ရှိ ကလိုဏ်သည် အပြင်ထွက်သည့်လမ်းမဟုတ်သည်ကို အတွင်းစိတ်ကအလိုလိုသိနေ၍ ကိုယ့်ကိုယ်ကို နောင်နောင် အလွန်အံ့ဩမိနေမိပေသည်။ အပြင်ထွက်သည့်လမ်းမဟုတ်မှန်းသိသော်လည်း စူးစမ်းလိုစိတ်ဖြင့် နောင်နောင် ဘယ်ဘက်လမ်းကို ဆက်၍လိုက်သည်။ ပေ(၅၀)အကွာအဝေးခန့်အထိ ရေအောက်ဂူသည် လူတစ်ယောက်လွတ်ရုံအမြင့်ရှိသေးသည်။ ၎င်းထက်ကျော်သောအခါ လူတစ်ထိုင်စာလောက်သာကျယ်တော့သည်။ အဲဒီနောက် လူတစ်ကိုယ်အဝန်းအဝိုင်းနှစ်ခုစာခန့်သာရှိတော့သဖြင့် ရေငုပ်ဝတ်စုံဖြင့် ဆက်ဝင်ရန်မဖြစ်တော့ချေ။ ပြန်လှည့်ရန်အလွန်ကပင် တော်တော်လေးအခက်အခဲဖြစ်နေသည်။ ဒါကြောင့် အားနံရံ



www.burmeseclassic.com

www.burmeseclassic.com



များတိုက်ကိုင်လျက် ခြေထောက်နောက်ဘက်မှထားပြီး နောက်ဆုတ်သလိုပြန်ဆုတ်ခဲ့ရသည်။ လူဆိုသည့် အသိဉာဏ်သုံးနိုင်သည့်သတ္တဝါမို့တော်ပေသေးသည်။ ငါးတို့ဘာတို့ကဲ့သို့ သတ္တဝါဆိုလျှင်ပြန်လှည့်၍မရတာနှင့် ဒီနေရာမှာတင် ဒုက္ခရောက်သွားနိုင်ပေသည်။ ဒီနေရာလာလျှင် နှစ်ယောက်ပါမှလာ၍ရမည်။ နောက်ပြီးရေငုပ်ဝတ်စုံမယူခဲ့ဘဲနှင့် အောက်ဆီဂျင်ဘူးကို အသက်ရှူပိုက်ရှည်ရှည်တပ်ပြီး ဝင်မှရမည်ဟု စိတ်ထဲတွင် တေးမှတ်ထားလိုက်သည်။ လိုဏ်ဂူလမ်းဆုံသို့ ပြန်ရောက်သောအခါ ညာဘက်ရေအောက်လိုဏ်ဂူလမ်းအတိုင်း လိုက်သွားသည်။ ဆက်၍ဝင်သွားသောရေစီးအားသည် တော်တော်ပြင်းထန်လာ၏။ လိုဏ်ဂူအနေအထားကျဉ်းသွားလေလေ ရေစီးအားပြင်းထန်လာလေလေဖြစ်သည်။ တော်တော်လေးငုပ်ဝင်သွားမိသောအခါ ရေအောက်လိုဏ်ဂူထဲတွင် ကူးခပ်စရာမလိုတော့ဘဲ ရေစီး၏ဆွဲအားကြောင့် အလျင်အမြန်ပါသွားလေတော့သည်။ ပြွန်တစ်ခုထွက်သလိုမျိုးခံစားရပြီး အနည်းငယ်လင်းသွားသောနေရာသို့ ဖြုတ်ခနဲရောက်သွားသည်မို့ ညာတကုတ်ဂူ၏အပြင်ရှိ ရေအိုင်အတွင်းသို့ရောက်လာပြီဖြစ်ကြောင်း သိလိုက်မိပေပြီ၊ ချက်ချင်းရေပေါ်သို့ မတက်သေးဘဲ တတ်နိုင်သမျှလမ်းဘက်သို့ကပ်သွားလိုက်မိသည်။ မိမိရေပေါ်တက်မည့်နေရာသည်ကား လူစုစုအုပ်အုပ်နေရာနှင့် အတော်နီးကပ်နေသည်။ ဘွားခနဲ မိမိပေါ်သွားသည်နှင့် . . .

"အောင်မယ်လေးဗျ"

"ဘုရားကယ်တော်မူပါ"

"စိုင်းပေါက်ကြီးထင်တယ်ဟေ့"

ဟူသော အံ့ဩသည့် အာမေဋိတ်သံတွေနှင့်အတူ ကြောက်ရွံ့နေကြသော လူအုပ်ကြီးကို ရင်ဆိုင်လိုက်ရပေသည်။

နောင်နောင်အားတွဲ၍ မ,တင်မည့်သူပင်မရှိသောကြောင့်

ကြည်လှမောင်စာပေ



ဘမ်းပါးစောက်ကို တွယ်ဖက်၍တက်ခဲ့ရပေသည်။

"ဟကောင်တွေ တွဲပြုပြီးခေါ်ကြပါဦးဟ၊ သရဲသဘက်မဟုတ်ပါဘူး"

ကမ်းပေါ်ရောက်၍ ခေါင်းပေါ်ရှိ ရေငုပ်ခေါင်းစွပ်ကြီးချွတ်လိုက်သောအခါမှ . . .

"အမယ်လေး. . အစ်ကိုနောင်ရေ၊ မပြောမဆိုနဲ့ ဒီဝတ်စုံကြီးဝတ်ပြီး ရေအောက်ကလာတယ်ဆိုတော့ ဘယ်ကဂြိုဟ်သားများလဲလို့ အကုန်လုံးလန့်ကုန်ကြတာပေါ့"

"အောင်မယ်ကွာ သရဲကြောက်, ကြောက်တယ်ပြောစမ်းပါဦးကွာ"

"ဉာဏ်ထွန်းရာ မင်းကပိုကြောက်တာပါကွာ၊ ညကတောကြောင်တစ်ကောင်ဘေးနားလာတာတောင်မှ မှင်စာဆိုပြီး၊သေနတ်နဲ့အတွဲလိုက်ထပစ်နေသေးတယ်မဟုတ်လား"

"မဟုတ်မှလွဲရော အခေါင်းထဲက အလောင်းကောင်ကြီးထွက်သွားတာ အဲဒီအချိန်နောက်ပိုင်းဖြစ်မှာပဲကွ၊ ကင်းကျတဲ့မောင်အောင်ကလည်း ကြောက်ကြောက်နဲ့ ငါ့ဘေးလာတိုးနေတာကွာ၊ ဘယ်မြင်ရမလဲ"

"ကြောက်တာလဲ မပြောနဲ့လေကွာ၊ တောခွေးတွေက အုပ်လိုက်ပတ်ပြီး ဟောင်နေတာကွ၊ နောက်ပြီး လူညည်းသံလိုလို အသံကြီးကလည်း အဆက်မပြတ်ကြားနေရတာကွ ဉာဏ်ထွန်းရ"

"မင်းစိတ်ထင်လို့ပါကွာ အစ်ကိုနောင်သာရှိရင်တော့ ဒီအလောင်းကောင်ကြီးထွက်ပြေးလို့မရပါဘူး၊ အင်းလေ. . . ထွက်ပြေးတယ်လို့ဆိုရအောင်ကလည်း အခေါင်းကပိတ်ပြီးတော့ အပေါ်ကနေ အသားတန်းနဲ့ ကန့်လန့်ရိုက်ပြီး ပိတ်ထားတာကွ"

ဉာဏ်ဝင်းကအခေါင်းကို သေချာစွာပိတ်ထားကြောင်းအထူးပြုပြော၏။

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်း. .အခေါင်းကို အလုံပိတ်ထားလို့မရဘူး ဟကောင်ရ၊ အခေါင်းဆိုတာ နည်းနည်းလေးဟပြီးဖွင့်ထားရမယ်။ ဒါမှသေတဲ့လူက မျောနေတာမျိုးဆိုရင် အသက်ရှင်နိုင်မှာဆိုတဲ့အယူနဲ့ ဟပေးထားရတာပေါ့ကွ၊ အခုတော့ အသေပိတ်ထားလိုက်လို့ အလောင်းကောင်ကြီးက ဒေါကန်ပြီး ကိုယ်ရောင်ဖျောက်သွားတာနေမှာပေါ့ကွာ၊ အခေါင်းကို အသေပိတ်ထားတဲ့ကောင်ကိုတော့ စိုင်းပေါက်က ခွင့်လွှတ်မှာမဟုတ်ဘူးသိလား"

နောင်နောင်က မနောက်သာနောက်သာ နောက်လိုက်သည်။

"ငါမဟုတ်ဘူး စိုင်းပေါက်ရေ၊ ဉာဏ်ထွန်းမြောက်ပေးလို့ ငါကအခေါင်းကို ပိတ်ထားမိတာ၊ ဒီကောင်ကိုပဲ ပညာပေးလိုက်ကွ"

ဟု ဉာဏ်ဝင်းက ပါးစပ်တွင် လက်နှစ်ခုဝိုင်းလျက် အော်ပြောလိုက်လေတော့သည်။

"ကဲ. . . ကဲ မင်းတို့ရဲ့ ကြောက်ချေးပန်းကိစ္စတွေ အသာထား၊ သားကြီးနောင်နောင် ဘဘလှိုင်တို့ ဘာဆက်လုပ်ရင်ကောင်းမလဲ အကြံပေးပါဦး"

"ညီမလေးထူးကတော့ တစ်ခုခုကြိုသိနေတဲ့ပုံပဲ၊ သူကတော့ ဒီလိုဖြစ်ရလိမ့်မယ်ဆိုတာ အတိအကျခန့်မှန်းထားပြီးဖြစ်နေလို့နေမှာ၊ အဲ့ဒီမှာလည်း စာတစ်စောင်ရေးပေးလိုက်တယ်၊ ရော့ ဘဘလှိုင်ဖတ်ကြည့်လေ"

"ကဲပါ. . . သားကြီးပဲ ဖတ်ပြပါတော့ကွာ"

*ဘဘလှိုင်တို့ရှင့် . . .*

*သမီး ရှိသေစွာစာရေးအပ်ပါတယ်ရှင့်၊ ယခုစာရေးသားခြင်းမှာလည်း စိုင်းပေါက်ဗျာပနကိစ္စနှင့် တိုက်ရိုက်ပတ်သက်နေ၍ရေးသားရခြင်းဖြစ်ပါတယ်ရှင့်၊ လူတစ်ဦးချင်း၏ ဘဝအဆက်*





*ဆက်၊ သံသရာအဆက်ဆက်ဆိုသော စကားရပ်တို့သည်တောင်လူတစ်ဦးချင်း၏ ဝဋ်နာကံနာ၏သဘောကိုလည်းတောင်း ထပ်၍လျှင် သမီးဆက်လက်ပြောပြမည့်အကြောင်းအရာတွေကိုလည်း သဘောပေါက်လာကြလိမ့်မည်ဖြစ်ပါသည်ရှင့်၊ ကံ၏အကြောင်းတရား၊ သံသရာအကျိုးဆက်နှင့် ဝဋ်ဆိုသည့်သဘောတို့သည် ဘုရားဟောကျမ်းဂန်တွင် ပါရှိပြီးဖြစ်၍ ဗုဒ္ဓဘာသာဝင်တိုင်းငြင်းဆို၍မရသောအချက်တစ်ခုလည်း ဖြစ်ပါသည်ရှင့်။*

*ထို့ပြင်လူတို့၏သဘောသဘာဝ၊ စရိုက်လက္ခဏာသည် ဘဝဆက်တိုင်းဆက်တိုင်းပုံသဏ္ဌာန်အနည်းငယ်ကွဲပြားသော်လည်း မူလသဘာဝစရိုက်ကို မစွန့်လွှတ်ကြောင်း ဘုရားဟောတွင်ပါရှိပါသည်။ ရဟန္တာအရှင်သူမြတ်ကြီးတွေတောင်မှ စရိုက်လက္ခဏာ မစွန့်ကြောင်း၊ ဘုရားဖေကန် စင်စစ်ဖြစ်သောအခါမှသာ စရိုက်လက္ခဏာစွန့်ကြောင်း၊ အရှင်မြတ်စွာဘုရားကိုယ်တိုင်ဟောကြားခဲ့ပါသည်ရှင့်။*

*ယခုကဲ့သို့ စာကိုရှည်ရှည်ဝေးဝေးရေးသားရခြင်းမှာလည်း စိုင်းပေါက်နှင့်ပတ်သက်၍ ရှေးအတိတ်ကံအကြောင်းများကို ပြောပြရမည်ဖြစ်၍အကြောင်းအကျိုးခိုင်လုံအောင် ရှင်းပြနေရခြင်းဖြစ်ပါသည်ရှင့်။*

*မျောက်ဘဝမှ ဆင်းသက်လာသူသည် ဘဝဆက်တိုင်း တုန်းများကိုခိုခြင်း၊ တောင်ကင်ဘားများ ကစားခြင်းကို သက်စွန့်ဆံဖျားလုပ်ရသော်လည်း မစွန့်၊ စစ်သူကြီးဘဝမှလာသောသူများမှာ တုတ်ရှည်၊ လှံတံတို့ကိုသော်လည်းကောင်း၊ ယင်းနှင့်ဆင်တူသော တုတ်တံများကိုသော်လည်းကောင်း မစွန့်ပါ။*

*ယခုစိုင်းပေါက်နှင့်အတူ အမြဲတမ်းရန်ဘက်အဖြစ်ရှိနေသူတို့မှာ စိုင်းပဏ္ဍိနှင့် စိုင်းဝဏ္ဏတို့ ခေါင်းဆောင်သောအဖွဲ့ဖြစ်ပါသည်။ ထိုနှစ်ဖွဲ့ကိုကြည့်လျှင် ဘဝတစ်ပြန် ကျားတစ်ပြန်တွယ်နေ*



www.burmeseclassic.com

www.burmeseclassic.com



သော ညှိုးသူရန်ဘက်များဖြစ်သည်ကို ဘာဘတို့တွေ့ရမည်ဖြစ်ပါသည်ရှင့်။

ငင်းတို့၏ရန်စကို ကျောင်းတော်ကရန်စဟုခေါ်သည်ထက် ပုဂံကရန်စဟုခေါ်လျှင် ပို၍မှန်မည်ဖြစ်ပါသည်ရှင့်။ ပုဂံကရန်စဟု အမည်တပ်ပေးလိုက်၍ သမီးကိုကြီးကြီးကျယ်ကျယ်အတွေးခေါင်တတ်ရန်ကောဟု ယခင်ကလိုတစ်မျိုးတစ်မည်ထင်ကာ အရှူးကုသလို အကုခံရနေရမည်ကိုလည်း ကြိုတင်စိုးရိမ်မိပါသည်ရှင့်၊ ယခုကိစ္စကတော့ အကြောင်းခြင်းရာသက်သေများ ဆွဲထုတ်ပြသသွားပါမည်ရှင့်။

ပုဂံကရန်စဟုဆိုရာတွင် ပုဂံခေတ်က ဆင်းသက်လာသော ရန်စများ,များစွာရှိပါသည်။ မနူဟာအဆက်အနွယ်များနှင့် ပတ်သက်သော ရန်စမျိုးနွယ်ဆက်ကြီးများ၊ အရည်းကြီးတို့ စတင်ခဲ့သော အရည်းကြီးနှင့် ပုဂံစစ်သည်တို့၏ရန်စ အစုအဝေးကြီးများကို ပင်တိုင်ထား၍ လေ့လာကြည့်နိုင်ပါသည်ရှင့်။

ယင်းကဲ့သို့သော ရန်ကြွင်းရန်စအုပ်စုကြီးများအနက် ယခုကိစ္စလည်း စိုင်းပေါက်နှင့် တစ်ဖက်အုပ်စုတို့၏ ရန်ကြွင်းရန်စမှာ ပုဂံစစ်သည်နှင့် အရည်းကြီးတို့၏ရန်ကြွင်းရန်စပင် ဖြစ်ပါသည်။

သို့သော် အခြေအနေအချိန်အခါတို့၏ ကန့်သတ်ထားချက်အမျိုးမျိုးကြောင့် ဘယ်သူသည်အရည်းကြီးအစုအဖွဲ့ဖြစ်ကြောင်း၊ မည်သူသည် ပုဂံစစ်သည်မျိုးနွယ်စုဖြစ်ကြောင်း မဖော်ပြလိုသေးပါရှင့်၊ ဤကိစ္စရပ်နှင့်တိုက်ရိုက်ဖြေရှင်းရမည့် မျိုးနွယ်စုတစ်စုက ငုပ်ကောင်အဖြစ်တည်ရှိသောကြောင့် မဖော်ပြရသေးခြင်းဖြစ်ပါသည်ရှင့်။ ထိုငုပ်ကောင်အုပ်စုတစ်စုထပ်မံပေါ်ထွက်လာပြီးမှသာလျှင် အရည်းကြီးနှင့် ပုဂံစစ်သည်အုပ်စုတို့၏ ရန်ကြွေးဆပ်ပွဲကြီးသည် ပီပီပြင်ပြင်တွေ့မြင်ကြမှာ ဖြစ်ပါသည်ရှင့်။

ယခုလည်း စိုင်းပေါက်အနေနှင့် သူ့ဘာသာသတိရပြီး





ဖောက်ထွက်သွားတာဆိုလျှင် စိုင်းပေါက်သည် အရည်းကြီးအုပ်စုမှဖြစ်မှာ သေချာပါသည်ရှင့်။ သို့တည်းမဟုတ် တခြားအဖွဲ့တစ်ခုမှ သတိမေ့မြောနေလျက် ဖွင့်ကာခိုးယူခံရခြင်းဖြစ်ပါက စိုင်းပေါက်သည် ပုဂံစစ်သည်အုပ်စုမှဖြစ်ပါသည်ရှင့်။

အချုပ်အားဖြင့်တော့ စိုင်းပေါက်သည် မသေပါ။ တစ်ချိန်ချိန်ပြန်တွေ့ရပါမည်။ ဒါကြောင့် သရဏဂုံတင်မည့် ဘုန်းကြီးများကိုလည်း ပြန်ပို့ပေးလိုက်ပါ။ အသုဘပို့သော ပရိသတ်များကိုလည်း အပြန်ခိုင်းလိုက်ပါလို့ သမီးတိုက်တွန်းပါရစေရှင့်။

ရိုသေစွာရှိခိုးဦးတင်လျက်

သမီးထူးနန္ဒာ

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၅)

"ကဲ. . . ညဏ်ဝင်း မြေပုံရွာက ဆရာတော်ကြီးတွေ ပြန်ပင့်ဖို့ အစီအစဉ်လုပ်"

"ဟုတ်ကဲ့. . . ဘဘလှိုင်"

"ဆရာတော်ကြီးတွေကတော့ ဒီကနေတစ်ဆင့်လှည်းနဲ့ပင့်ကွာ၊ လမ်းဆုံရောက်ရင်ကားနဲ့ပေ့ါ။ လူတွေက အင်အားများတယ်၊ ဒီကနေလမ်းဆုံကို ခြေလျင်လျှောက်ပစေပေ့ါ၊ လမ်းဆုံရောက်ရင် ရွာကထွန်စက်နဲ့ ထွေလာတွေကို စောင့်သယ်ခိုင်း"

"ဆရာတော်ကြီးတွေ ဆွမ်းဘုဉ်းပေးပြီးတာနဲ့ ပင့်သွားမယ် ဘဘ"

"အေး. . အေး လူတွေကိုတော့ မနက်စာ စောင့်ကျွေးလိုက်ပါဦး. . . ခရီးအဝေးသွားကလား"

လုပ်ရမယ့်အလုပ်ကို အားလုံးတစ်ပြိုင်နက်တည်း ညီညီညာညာဆောင်ရွက်လိုက်ကြသည်။ ပျားပန်းခတ်မျှဟူသော စကားမှာ ညာတကုတ်ဂူရှေ့ရှိ လူအုပ်ကြီးအတွက် ရည်ရွယ်ပြီးပြောထားသော စကားများလားဟု ထင်မှတ်စရာရှိပေသည်။ အားလုံး သူ့အလုပ်နှင့်သူ ရှုပ်ယှက်ခတ်လျှက်ရှိ၏။ မြေပုံရွာကလာသော





ဧည့်သည်များသည် ဆွမ်းဘုဉ်းပေးပြီးသော ဆွမ်းပွဲများသယ်ခြင်း၊ ပန်းကန်ခွက်ယောက်များ ဆေးခြင်းတို့ဖြင့် ကုသိုလ်ဝင်ယူလျက်ရှိ၏။

"စိုင်းပေါက်တို့ကတော့ သေတာတောင် အေးအေးဆေးဆေး မသေသေးဘူး၊ ရွာသားတွေကိုရော၊ ဘုန်းကြီးကိုရော ဒုက္ခပေးသွားသေးတယ်"

ညဏ်ထွန်းက ဗျစ်တောက်ဗျစ်တောက်နှင့် အပြစ်တင်နေ၏။ ဘေးမှရောက်လာသော လှဦးက ရေငုပ်ဝတ်စုံခေါင်းစွပ်အလေးကြီးအားခေါင်းစွပ်လျက် အပေါ်မှစောင်အမည်းကြီးခြုံကာ . . .

"ညဏ်ထွန်း. . . ဒီနေ့ည မင်းအလှည့်ပဲ"

အသံကြီးမှာ ဟိန်းထွက်လျက်ရှိရာ . . .

"ဟာ. . . ဒီကောင်လှဦး မနောက်နဲ့ကွာ၊ အခုဟာ စိုင်းပေါက်က ဖုတ်ဝင်ပြီးထသွားတာလား၊ တစ်ယောက်ယောက်က သူ့အခေါင်းဖွင့်ပြီး အလောင်းကိုခိုးသွားတာလား၊ ဒွိဟဖြစ်နေတုန်း မနောက်နဲ့ကွာ. . . ငါကြောက်တယ်၊ ဒီအတိုင်းဆို မြေပုံရွာကို လိုက်အိပ်မိလိမ့်မယ်"

"အဲ့မှာ. . . စိုင်းပေါက်က ဖုတ်ဝင်သွားတာသေချာရင်တော့ မြေပုံရွာဆိုရင်လည်း ခဏလေးနဲ့ လိုက်လာမှာကျိန်းသေပဲ"

"အေးဟုတ်တယ်. . . မင်းလိုနောက်တောက်တောက်ကောင်ကိုလည်း စိုင်းပေါက်က ကြည့်မရဘူး၊ လည်ပင်းလာညှစ်လိမ့်မယ်"

ထိုစဉ် ညဏ်ဝင်းက နောက်မှရောက်လာလျက် အချိန်ကိုက်ပင် လှဦး၏ခါးကို ဝင်တို့လိုက်လေ၏။

"အမယ်လေး. . . လုပ်ပါဦး၊ ဖွဟဲ့. . . ဖွဟဲ့. . ဖွဟဲ့"ဟု ဆိုကာ ခြေထောက်မှ မြေမှုန့်များကို နဖူးသို့သုတ်လေ၏၊ သို့သော် ရေငုပ်ဝတ်စုံခေါင်းစွပ်ကြီးကြောင့် နဖူးကိုမထိပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကယ်ပါဦးဗျို့"

ဟု ပြောကာ ပြေးရင်း ပြေးရင်း မမြင်မစမ်းနှင့်ပြေးရာ သစ်ပင်တစ်ပင်ကို ဝင်တိုက်ကာ မှူးပြီးဖင်ထိုင်ကျသွားလေတော့၏။

"လူများ သွားခြောက်တဲ့အကောင် မှတ်ပြီလား"

လှဦးကား ခေါင်းအမူးမပြေသေး၍ မထနိုင်သေး။

"မနက်မိုးလင်းခါနီးတုန်းက မှင်စာ၊ မှင်စာနဲ့အော်ပြီး ခြောက်တာလဲ ဒီကောင်ပဲ၊ အခု သူများခြောက်လွန်းလို့ သူပြန်ထိ တာ မှတ်လောက်သားလောက်ပြီပေါ့ကွာ"

"ကဲ. . . တော်ကြတော့ဟေ့၊ ဘုန်းကြီးတွေ၊ ညွှဲသည်တွေ လည်း ပြန်သွားပြီ၊ မင်းတို့လည်း ညမအိပ်ရ နေ့မအိပ်ရနဲ့ပင်ပန်း လှပြီ၊ တရေးတမောအိပ်ကြဦးကွာ၊ နိုးရင် တို့ဆက်လုပ်စရာတွေ ဆက်တိုက်တိုင်ပင်စရာတွေရှိတယ်"

ဘဘလှိုင်က ဆော်ဩလိုက်၏။

"အိပ်တာတော့ ကောင်းတယ် ဘဘ"

ညဏ်ထွန်း အထွန့်တက်လိုက်၏။

"အိပ်တာက ကောင်းတယ်ဆိုရင် ဘာက မကောင်းတာလဲ ရှင်းရှင်းပြောကွာ အချိန်သိပ်မရှိဘူး"

ဘဘလှိုင်က အသံမာမာနှင့် ပြန်ပြော၏။

"ရေတံခွန်နှင့် ဂူဝအကြားဆိုရင် လုံခြုံတယ် ပြောမလို့ပါ ဘဘ၊ ဒီဘက်ကမ်းကြီးက စိုင်းပေါက်လာပြီး ခြောက်မယ်ဆို ရင် ခြောက်နိုင်တယ်၊ အဲဒါကို ကြောက်လို့ပါ"

"အတော်ကျလဲ ကျတဲ့ကောင်ကွာ၊ သူ့ရဲတစ္ဆေပဲဟာ၊ ဟို ဘက်ကမ်းလည်း ကူးနိုင်တာပဲ၊ နံရံလည်း ဖောက်နိုင်တာပဲ၊ သူတို့ မှာ လူတို့မမြင်နိုင်တဲ့ လှိုင်းတွေ၊ ဖောက်ထွင်းအားကောင်းတဲ့ လှိုင်း တွေရှိတယ်ကွာ၊ မင်းတို့အသံ အလုံပိတ်အခန်းထဲဝင်နေလဲ သူတို့





အမြင်ကတ်ရင် ဝင်ပြီးခြောက်မှာပဲ"ဟု နောင်နောင်က ထပ် ခြောက်၏။

"ဘုရားရေ. . . ဘိုးတော်မ,မှုပိုဆိုးနေပြီ၊ ဘယ်လိုပဲဖြစ် ဖြစ်၊ ဂူအဝမှာ အိပ်တယ်ဆိုတော့ နည်းနည်းကျောလုံသလိုရှိလို့ပါ"

"ကဲ. . ကဲ ဖျာတွေရွှေ့ပြီး ဂူဝမှာ ရွှေ့အိပ်ကြ၊ ငါတို့တော့ ဒီဘက်ပျဉ်းကတိုးတောမှာပဲ အိပ်မယ်ဟေ့"

ဟု ရွှေ့ပြောင်းကြပြီးနောက် ခဏကြာသောအခါ ကွင်း တစ်ခုလုံး ငြိမ်သက်သွားတော့သည်။

ဂျီဟောက်သံ၊ တစ်တီတူးအော်သံ၊ ငှက်မြည်သံတို့မှအပ တစ်တောလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိပေသည်။

သစ်ရွက်အချင်းချင်း ပွတ်တိုက်သံတို့သည်လည်း သေချာ နားစွင့်ထားပါက တီးတိုးစကားသံများပမာပင် မသဲမကွဲပေါ်ထွက် လျက်ရှိလေသည်။

လေပွေတို့သည်လည်း သစ်ရွက်အချင်းချင်း လေတိုးမှုကို ပင် မနာလိုမရှုစိမ့်ဟန်ဖြင့် တိုးဝင်တိုက်ဖျက်လျက်ရှိနေသည့် ပမာပင်။

ရုပ်လောက၌ပင်လျှင် ဆန့်ကျင်ဘက်တို့ ယှဉ်တွဲမှု၊ အဖျက် အမှောင့်တို့၏ ဂယက်တို့သည်နေရာမလပ်ဖြစ်ပေါ်လျက်ရှိ၏။ သို့ ဆိုလျှင် လူသားတည်းဟူသော ဖြစ်ပျက်စဉ် လောကကြီး၌ကား ဆိုဖွယ်မရှိတည်းဟု နောင်နောင်စဉ်းစားရင်းမှေးခနဲငိုက်မလိုလို ရှိ၏။

ထူးထူးပြောဖူးသော ပုဂံ၏ဝိရောဓိကို စဉ်းစားမိသည်။ ပုဂံခေတ်ကဲ့သို့ ရှေးအတီတေကာလ၌ လူတို့သည် သီလ၊ သမာဓိ မြိုကြကုန်၏။ မတော်လောဘနည်းပါးသလို မစ္ဆရိယစိတ်သည်လည်း အလွန်နည်းပါးကုန်၏။ ထိုကဲ့သို့ အချိန်ကပင် ပုဂံဟူသောလူသား တို့၏ပျော်ရွှင်ဖွယ်ရာ ရှေးတိုင်းပြည်ကြီးတွင် အရည်းကြီးတည်းဟူ



www.burmeseclassic.com

www.burmeseclassic.com



သောမိစ္ဆာတို့သည် လွှမ်းမိုးခဲ့ကြကုန်၏။ ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ်တည်းဟူသော ရုပ်ပိုင်းဆိုင်ရာလွှမ်းမိုးမှုကြောင့်၊ ချွေး အမြိုက်တို့ထွက်အောင် ပြုလုပ်၏။ ထိုကဲ့သို့ ချွေးများထွက်သွားခြင်းတည်းဟူသော ရုပ်ပြောင်းလဲခြင်းဖြစ်စဉ်ကြောင့် ပေ့ါပါးသွားခြင်းကိုပင်လျှင် ကိလေသာစင်သည်ဟု မနိုင်းကောင်း မနိုင်းအပ်သည်တို့နှင့် နှိုင်းခဲ့ပေသည်။ အပျိုစင်တို့၏ဘဝများအား ဖျက်ဆီးခြင်းတို့ပင်လျှင် ဘဝ၏ပန်းဦးလွှတ်ခြင်းဟု ခေါင်းပုံဖြတ်တင်စားခဲ့၏။ သို့သော် မင်းအဆက်ဆက် အုပ်ချုပ်သူအဆက်ဆက် ပြည်သူတွေအားလုံးသည်ကား နလပိန်းတုန်းဘဝဖြင့် ခေါင်းငုံ့ခံခဲ့ကြ၏။ သို့သော် အနုရုဒ္ဓါတည်းဟူသော အနော်ရထာမင်းတရားလတ်ထက်တွင်ကား ထက်မြက်သောဘုရင်ဖြစ်သည့်အပြင် လက်အောက်ရှိမင်းမှုထမ်းစစ်သူကြီးများသည်လည်း လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် ပြည့်စုံသောကြောင့် တိုင်းပြည်ကို သာယာဝပြောအောင် ဦးဆောင်နိုင်ခဲ့၏။ ထို့အပြင် ရှင်အရဟံသည်ကား ဗုဒ္ဓ၏နိဗ္ဗာန်လမ်းကို မီးမောင်းထိုးပြနိုင်ခဲ့၏။ ထိုမီးမောင်းအရောင်ကြောင့် အရည်းကြီးတို့၏ အစွယ်ဖွေးဖွေးသရုပ်သကန်တို့ကို မင်းနှင့်ပြည်သူတို့ မြင်ခဲ့ကြ၏။ မင်းနှင့်ပြည်သူတို့၏အမြင်ကို တစ်သားတည်းဖြစ်အောင် ရှင်အရဟံမှ ပေါကြားပြသလမ်းညွှန်ခဲ့၏။ ထိုသောအခါ အနော်ရထာမှ အရည်းကြီးတို့အား နှိမ်နင်း၏။ အရည်းကြီးတို့၏ မြောက်မြားလှစွာသော ဂိုဏ်းဝင်တို့အား ဖမ်းဆီး၏။ သူတို့အင်အားမှာကား ထောင်နှင့် သောင်းနှင့်ချီ၍ များပြား၏။ သိုင်း, ဗန်တို, ဗန်ရှည်တတ်၏။ အင်း, အိုင်, လက်ဖွဲ့အတတ်တို့တတ်၏။ ကိုယ်ပျောက်ရုပ်ပြောင်းရုပ်လွဲတတ်၏။ အသက်ဓာတ်တို့ မြှင့်သည့် အာယုသိဒ္ဓိပြီး၏။ လူတို့ကို စွဲဆောင်နိုင်သည့် ပီယသိဒ္ဓိပြီး၏။ သို့သော် ထိုသိဒ္ဓိအပေါင်းမြောက်များစွာကို ဗုဒ္ဓ၏အဆုံးအမလမ်းညွှန်မှုနှင့် မေတ္တာတရားတို့စွမ်းအားက အနိုင်ယူခဲ့၏။ အနိုင်





ယူခဲ့ရာတွင်လည်း စစ်၏သဘောသဘာဝအတိုင်း ချေမှုန်းခြင်းအဆင့်အထိ အနိုင်မယူခဲ့ပါ။ တိုက်ပွဲတိုက်ခိုက်ရင်း သေဆုံးသည့်အရည်းကြီးများမှတစ်ပါး အရည်းကြီးတော်တော်များများသည် အသက်ရှင်ခွင့်ရခဲ့၏။ ဗုဒ္ဓ၏မေတ္တာတရား၊ ရှင်အရဟံ၏ကရုဏာလမ်းပြမှုကြောင့် အရည်းကြီးများ သေဆုံးခြင်းမရှိခဲ့ပါချေ။

တစ်ချို့ဝေးလံသောအရပ်သို့ ထွက်ပြေးခဲ့ပါ၏။ တစ်ချို့ဖမ်းဆီးခြင်းခံရပါ၏။ ဖမ်းမိသူအရည်းကြီးများအား ထောင်သွင်းအကျဉ်းချခြင်းမပြုဘဲ ဆင်ချေး၊ မြင်းချေးကျုံးအဖြစ်သာထားခဲ့၏။ မေတ္တာတရားဖြင့် အနိုင်ယူခြင်းမည်ပေ၏။ ကောင်းလေစွ။

သို့သော် အရည်းကြီးတို့မှာကား အရည်းကြီးဝါဒကို မစွန့်၊ ဗုဒ္ဓမေတ္တာကို မခံယူ။

"နေသေးသပ ခြုံထဲက၊ ချိုသွေးသပတမြမြ"လုပ်နေခဲ့ကြသည်။ ဤသည်မှာလည်း နှစ်ပေါင်း(၉၀၀)ကျော်ခဲ့ပေပြီ။ ဒီလိုစဉ်းစားရင်း နောင်နောင်မေ့ခနဲ အိပ်ပျော်သွား၏။

အိပ်မက်ထဲမှာ အရည်းကြီးတို့ ဖမ်းဆီးခြင်းကိုခံနေရ၏။ လက်ဝါးကပ်တိုင်လို စင်ကြီးပြုလုပ်ကာ ၎င်းစင်ပေါ်မှာ နောင်နောင်ကို တုပ်နှောင်ထား၏။

"ရှင်မွန်လှသည် ရှင်အရဟံ၏အဆုံးအမကို စောစီးစွာရရှိခဲ့သူ ရှင်အရဟံနှင့် ဗုဒ္ဓဝါဒကို ပုဂံသို့ရောက်အောင် လမ်းပြခဲ့သူ၊ အရည်းကြီးများ ကျဆုံးရန်အတွက် လမ်းထွင်ခဲ့သူ၊ ၎င်းရှင်မွန်လှ၏ လက်ရုံးတစ်ဆူမှာ နောင်နောင်ဖြစ်နေ၏။ မင်းညီမင်းသား အဝတ်အစားနှင့်ဖြစ်နေသော နောင်နောင်အား လက်ဝါးကပ်တိုင်တွင် ချည်နှောင်လျက် ကပ်ထား၏။

ရှင်မွန်လှကို ဖမ်းမမိနိုင်။ သူ့ကိုဖမ်းမိရေးအတွက် နောင်နောင်၏ခေါင်းကို တင်းပုတ်တစ်ခုနှင့်စ၍ထု၏။

"ဒိုင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေးဗျ"ဟု နောင်နောင်လန့်အော်၏။

အားလုံးသည် သစ်ပင်များဘေးတွင်-နေရာယူပြီးဖြစ်၏။ အရည်းကြီးတွေက သေနတ်ကိုင်ပြီး မိမိတို့ကို ဝိုင်းနေပြီလား။ ဘဘလှိုင်က တိုးတိုးလှမ်းအော်၏။

"ဟော့ကောင်တွေ ငြိမ်ငြိမ်နေကြ၊ သေနတ်သံက တို့နဲ့ မဆိုင်ဘူး၊ ဟိုးအပေါ်မှာ သူတို့ဘာသာ လူရှာရင်းပစ်နေတာထင်တယ်"

ဟု ပြောကာ ဆက်ပြီးသစ်ပင်ရိပ်မှာ မလှုပ်မယှက်အိပ်နေလိုက်ကြတော့သည်။

◆◆◆



## အခန်း(၃၆)

"စိုင်းပေါက်ကိုရှာဖို့ ဟိုဘက်တောင်ကုန်းအနီးတဝိုက်ကို တောနင်းရှာရလိမ့်မယ်"

ဘဘလှိုင်က ဖြုံခွင်းလိုက်၏။

"အဖွဲ့လေးဖွဲ့ ခွဲမယ်၊ ငါနဲ့တစ်ဖွဲ့၊ နောင်နောင်နဲ့တစ်ဖွဲ့၊ ဉာဏ်ဝင်းနဲ့တစ်ဖွဲ့၊ ဒေါက်တာချာန်မြင့်နဲ့တစ်ဖွဲ့၊ အဖွဲ့တိုင်းမှာ သေနတ်တစ်လက်စီခွဲယူကြ၊ နောက်ပြီး စိုင်းဖုန်းတို့အဖွဲ့ကတော့ ထုံးထူးနဲ့အတူ ဂူမှာပဲ လုံခြုံအောင်စနစ်တကျနေကြ"

"သားတို့လုပ်ငန်း ဘယ်လောက်တောင်ကြာမှာလဲ"

"အခုတော့ နေ့အချိန်မှာ နေရာအလိုက်ခွဲထွက်ပြီး၊ ညအမှောင်ခင် ဒီဂူကိုအရောက်ပြန်လာခဲ့ကြရမယ်"

ပြောရင်း သလိပ်ကိုရှင်းကာ ချောင်းဟန့်၍ထွေးလိုက်၏။

"ငါနဲ့အဖွဲ့ ဇမ္ဗူဒီပဘက်ကို သွားမယ်၊ နောင်နောင်နဲ့အဖွဲ့က ရွှေကျောင်းဆောင် တောဘက်တစ်လျှောက်သွားပါ။ ဉာဏ်ဝင်းနဲ့အဖွဲ့ ကျောက်လက်ပတ်ရေကန်တစ်ဝိုက်အထိသွား၊ ဆရာချာန်မြင့်က သူယောင်တော"

"ဗုဒ္ဓေါ. . . သူယောင်မယ်တွေနဲ့တွေ့ရင် ကျွန်တော် ဘာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမလဲ ဘဘ"

"ဆေးတောင်ဝှေးနဲ့ ထိုးလိုက်ပေါ့ကွာ"

"အပြန်အထိလိုက်လာရင် ခက်မယ် ဘဘ"

"မခက်ပါဘူး ဆရာဈာန်ရာ၊ ဆရာလည်း သူယောင် ဘဝလိုက်ပြောင်းပေါ့"

"ဟာ. . . မဖြစ်ဘူး ဘဘ၊ ကျွန်တော်အခြောက်ဘဝနဲ့ဆို မနေတတ်ဘူး"

"ကဲ. . ကဲ နေ့လည်စာ ထမင်းယူသွားကြ၊ ညနေစာအတွက်ကို ကောက်ညှင်းကျည်တောက်တွေ လုပ်ထားတယ်၊ ရေအတွက်ကတော့ သောက်ရေဘူးအပြင် ရေဆေးပြားတွေ အလုံအလောက်တောင်းသွားကြ"

"စကားဝှက်ကတော့ ပေါ်က္က၊ ဒါကအရေးကြုံရင်၊ ညအချိန်ဖြစ်လာရင် သုံးဖို့ပဲ"

ဟု ဘဘ စကားဆုံးသည်နှင့် အသီးသီး မိမိတို့သွားရမည့် တောများသို့ ဆက်ထွက်ခဲ့ကြတော့၏။

နောင်နောင်နဲ့အဖွဲ့တွင်ကား လှဦးနှင့် စိုင်းအောင်မြင့်တို့ပါ၏။ သေနတ်ကို လှဦးက ကိုင်လျက်ရှေ့မှသွား၏။

"အစ်ကိုနောင် ကျွန်တော်ရှေ့က မသွားရဲတော့ဘူးဗျာ"

"ဟာ. . . မင်းကတော့ လုပ်ချလိုက်ပြီကွာ၊ သူရဲကလည်းကြောက်သလားမမေးနဲ့တော့၊ ဒါဆိုသေနတ် ငါ့ပေး၊ ငါရှေ့ဆုံးကသွားမယ်"

"အစ်ကိုနောင် ကျွန်တော်နောက်ဆုံးကလည်း မလိုက်ရဲဘူး"

"လဲသေလိုက်ကွာ. . . စိုင်းအောင်မြင့်၊ မင်းနောက်ဆုံးကလိုက်၊ ဒီကောင်အလယ်က လိုက်တဲ့အခါမှ သူရဲကသစ်ပင်ပေါ်ကခုန်ချလာလိမ့်မယ်"

ကြည်လှမောင်စာပေ



"မြတ်စွာဘုရား. . . ကယ်တော်မူပါ"

ဟု အော်ရင်း လှဦးတစ်ယောက် မြေပေါ်တွင် ပြားပြားဝပ်အောင်မှောက်နေလိုက်သည်။

လှဦး မြေပေါ်မှောက်နေရာမှ ဆွဲထူလိုက်၏။

"မင်း မြေပေါ်ဝပ်နေမှ မြေကြီးထဲက သူရဲက လှမ်းဆွဲလိမ့်မယ်"

"လုပ်ကြပါဦးဗျ" ဟု အော်ရင်း ထခုန်လိုက်၏။

"ဟ. . ဟ. . လှဦး၊ မင်းရင်ဘတ်မှာ ဘာကြီးလဲဟ"

လှဦး ကမန်းကတန်းဖမ်းဆွဲလိုက်၏။ သူ၏ရင်ဘတ်ရှိ လက်ဖွဲ့ဆွဲကြိုးတွင် ကပ်ညိကာပါလာသည်ကား တောစီးကင်းဘတ်ရှူးအစိမ်းရောင်၊ ဂွင်းလည်ပင်းရှိ တန်းလန်းဖြစ်နေသော ဖိနပ်ကြိုးကိုယူလျက် . . .

"ဒါ. . . စိုင်းပေါက်ရဲ့ဖိနပ်ပဲ နောင်နောင်"

"မင်းက ဘယ်လိုကြောင့် စိုင်းပေါက်ဖိနပ်လို့ တပ်အပ်ပြောနိုင်ရတာလဲကွ"

"ညက်ထွန်း ကင်းကျတုန်းက အိမ်ထဲကိုမြေအောက်လမ်းကနေ စိုင်းပေါက်ဝင်တော့ အောက်ထပ်အခန်းထဲခြေရာထင်ကျန်ခဲ့တာ ဒီဖိနပ်ပဲလေ"

"အင်း. . ဟုတ်သလိုလိုတော့ ယူဆရမှာပေါ့ကွာ"ဟု ပြောရင်း လှဦး၏လက်ဖွဲ့ပေါ်မှာ တွယ်နေသော ဖိနပ်ကိုဖြုတ်လိုက်၏။

"ဖိနပ်ထဲမှ 'ချလွမ်'ကနဲမြည်လျက် အောက်သို့ခပ်ဝင်းဝင်းအရာတစ်ခုပြုတ်ကျသွားသည်။ နောင်နောင် ကောက်ယူကြည့်လိုက်၏။

"ဒီလက်ကောက်က ရွှေနဲ့လုပ်ထားတာထင်တယ်"

"ပြစမ်း. . . အစ်ကိုနောင်၊ ဒါအစ်ကိုနောင်နဲ့ ကျွန်တော်တစ်ဝက်စီပိုင်တာနော်"

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမိုင်းရဲ့အထောက်အထားပြတဲ့ ရှေးဟောင်းပစ္စည်းဆိုရင်တော့ အစ်ကိုနောင်တို့ ဘယ်ပိုင်မလဲပေါ့ကွာ"

"ဟောဗျာ. . . ဒါဆိုကြည့်တောင် မကြည့်ချင်တော့ဘူး"

"စိတ်မပူပါနဲ့ကွာ၊ ဘယ်တာတ်နိုင်မလဲ၊ ထိုက်တန်တဲ့သူရမှာပါ၊ အရေးကြီးတာက ဒီလက်ကောက်က ဘာနဲ့ပတ်သက်နေသလဲဆိုတာကို တို့ဖော်ထုတ်နိုင်ဖို့အရေးကြီးတယ်"

လက်ကောက်မှာကား (၂)ကျပ်သားခန့်အချိန်စီးမည်ဟု ထင်ရ၏။ လက်ကောက်သည် လုံးပွထုထားပြီး၊ အပေါ်ဘက်မှ လက်နှစ်ဖက်ယှက်နေသည့်သင်္ကေတန်ထုထားသည်။ ယင်းလက်နှစ်ဖက်ဆက်ထားသည်မှာကား၊ လက်တစ်ခုနှင့်တစ်ခုတူညီသည့်ပုံသင်္ကေတန်မရှိပေ။ လက်တစ်ခုပေါ်တွင် ပေါက္ကံဟူသောစာလုံးထွင်းထားပြီး၊ အခြားလက်တစ်ဖက်ပေါ်၌ ရှမ်းစာတွေထွင်းထုထားသည်ကို တွေ့ရ၏။

"ဒီဘက်လက်ပေါ်မှာက ပေါက္ကံလို့ရေးထားတယ်ကွ၊ ဟိုဘက်လက်မှာကတော့ ရှမ်းစာလို့ယူဆရတာပဲ၊ ဟိုရောက်မှ ဘာသာစပ်သီဟန္တာကိုပြပြီး အဖြေထုတ်ရမယ်"

နောင်နောင်တို့ ဆက်လျှောက်ကြ၏။ အလွန်စိမ်းညို့နေသော သစ်တောထဲသို့ဝင်လာကြ၏။ အချမ်းဓာတ်ကလေးပင်ပါဝင်လာသည်ကို ခံစားကြရသည်။ ခြေလှမ်းတစ်ရာကျော်ခန့် လျှောက်မိသောအခါ၊ ဧကတစ်စိတ်ခန့်ကျယ်သော ရေကန်တစ်ကန်ကို တွေ့ရ၏။ ရေကန်၏အပေါ်ဘက်အပိုင်းတွင်း မြေအောက်မှရေများ တစ်ပွက်ပွက်ထွက်နေသည်ကိုတွေ့ကြရ၍ လန်းဆန်းသွားအောင်ကိုယ်လက်သုတ်သင်လိုက်ကြသည်။

"ဒါရွှေကျောင်းရေထွက်ပဲ၊ ဒီကနေဆင်းသွားတဲ့ ချောင်းဟာ ရွှေချောင်း၊ ရွှေချောင်းကနေ ဗဟန်းချောင်းထဲ စီးဝင်သွားတာ"

"ဟာ. . . ပွတာပဲ အစ်ကိုနောင်၊ ရွှေချောင်းဆိုရင် ရွှေ





တွေ တွေ့နိုင်တာပေါ့နော်"

"လူ့ဦး မင်းကတော့ တော်တော်လောဘကြီးတဲ့ကောင်ပဲ၊ ရွှေချောင်းဆိုတာက လောဘနည်းတဲ့လူတွေ၊ ဘုန်းကံရှိတဲ့လူတွေ ဆင်းသွားတဲ့အခါမှ ရွှေဖြစ်မှာကွ၊ မင်းလို လောဘကြီးတဲ့လူဆင်းရင်တော့ ရွှေချေးတွေပဲဖြစ်မှာ ဆင်းကြည့်ပါလား"

"ရွှေချေးဖြစ်ရင်လည်း မနည်းပါဘူး အစ်ကိုနောင်ရဲ့၊ ရွှေချေးလည်း မိုက်ထုတ်တဲ့သူတွေဆီ ရောင်းရင်ရမှာပဲပေါ့"

"အေး. . ရတယ်ဟေ့ ရတယ်၊ ဒီရွှေချေးတွေကို ဆာလာအိတ်နဲ့မင်းပဲထမ်းခဲ့၊ တောင်ခွန်နှစ်လုံးလောက်ကျော်ပြီးမှယူ၊ နောက်ဆာလာအိတ်တစ်လုံးကို တစ်ထောင်နဲ့ရောင်း မင်းစီးပွားဖြစ်ပြီ"

"ဟင်း. . . အစ်ကိုနောင်ကလဲ၊ ဆာလာအိတ် တစ်နေ့ကိုတစ်ထောင်လောက်သယ်နိုင်ရင် ဆယ်သိန်းပဲ"

"အေး. . . ဆာလာအိတ်ထမ်းတဲ့ကောင်တွေက နှစ်ရက်ခံနိုင်ထမ်းရတာဆိုတော့ ဆာလာအိတ်တစ်အိတ်ကို ထောင့်နှစ်ရာလောက်တောင်းမှာ သေချာတယ်"

"ဟာ. . . ဒါဆိုရှုံးပြီပေါ့ အစ်ကိုနောင်ရ"

"အေးလေ. . ဒါကြောင့်မို့လို့ ရွှေတူးတဲ့အခါမှာ အပုံတစ်သန်းပုံရင် လေးပုံပါမှတူးလို့ရတယ်လို့ ပညာရှင်တွေက သတ်မှတ်ကြတာပေါ့ကွာ၊ ဒါဟာလည်း နည်းပညာသိပ်မြင့်တဲ့ နိုင်ငံတွေမှာပါကွာ၊ တို့နိုင်ငံမှာက အပုံတစ်သန်းပုံရင် ဆယ့်နှစ်ပုံလောက်ပါမှ ဒါတောင် လမ်းပန်းဆက်သွယ်ရေးကောင်းတဲ့နေရာတွေမှ လုပ်နိုင်သေးတာ"

"အစ်ကိုနောင်. . . ဒီကျောက်ဂူလေးထဲမှာ လူလေး‚ငါးယောက်နေသွားတဲ့ပုံပဲ"

စိုင်းအောင်မြင့် လာပြန်ပြော၍ နောင်နောင်တို့တစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်ကြသည်။

ဟုတ်သည်။ ဂူထဲတွင် မြက်များဖြန့်ခင်းထားသည်မှာ လူ လေး,ငါးယောက်စာပင်ရှိ၏။ ငါးသေတ္တာဘူးတွေ၊ အမဲဘူးတွေကို လည်းတွေ့ရသည်။ မီးဖို(၂)ဖိုလည်းတွေ့ရ၏။ မီးတို့ကိုလက်ဖြင့် တို့ကြည့်၏။

"ဟာ. . . သည်ကောင်တွေ၊ ဒီမနက်ကထွက်သွားတာကွ"

လှဦး တစ်စုံတစ်ရာစဉ်းစားဟန်ဖြင့် ပြော၏။

"ဟ. . . ဒီကောင် ဆားပုလင်းအတိုင်းပါလား၊ ဂိုက်တာ လည်းအပြည့်ပဲ"

စိုင်းအောင်မြင့် သရော်၏။

"ဟုတ်တယ်လေကွာ၊ မီးကတော့ သေနေပြီ၊ ဒါပေမဲ့ ပြာ ကခပ်ပူပူပဲရှိသေးတယ်၊ ဒါဆိုရင် ဒီလူတွေ ထွက်သွားတာ လွန်ခဲ့ တဲ့ လေးနာရီကပဲဆိုတာ ထင်ရှားနေတယ်ကွ"

"ဒါဆို ဆရာလှဦးအနေနဲ့ ချေးပုံကိုနင်းပြီးတော့ကော မပြောနိုင်ဘူးလား ခင်ဗျား"

"ဒါကတော့ လွယ်ပါတယ်ကွာ၊ မဟော်သဓာကို ပြန်ဖတ် ပေါ့၊ ချေးလတ်လတ်ဆတ်ဆတ်ဆိုရင် ချိုတယ်၊ တစ်ညအိပ်ရင် ချဉ်တယ်၊ နှစ်ညအိပ်ရင် အဆိပ်ဖြစ်ပြီး ခါးတယ်တဲ့"

"ဩော်. . . ဆရာလှဦးက မြည်းကြည့်ဘူးလား"

"မဟုတ်ဘူးဟေ့၊ ပုရွတ်ဆိတ်ကိုကြည့်ပြီး ပြောတာပဲကွ"

"ကဲ. . ကဲ ဆားပုလင်းတို့ ချေးသုတေသနကို ခဏရပ်ပြီး ဂူရဲ့ခပ်လှမ်းလှမ်းမှာ ထမင်းစားကြမယ်၊ ဒီဂူကိုလဲ တစေ့တစောင်း အကဲခတ်ရင်းပေါ့၊ ခြေရာလက်ရာလဲ ဖျောက်ခဲ့ကြဦး"

"အစ်ကိုနော်င့် အစီအစဉ်က အကောင်းဆုံးပဲဗျို့"

ဟူ ပြိုင်တူ ထောက်ခံလိုက်ကြလေတော့သည်။

♦♦♦



## အခန်း(၃၃)

ညပိုင်း(၇)နာရီခန့်တွင် ညာတကုတ်ဂူ၌ အားလုံးဆုံကြ သည်။

"ဟ. . . ဆရာချာန်တို့အဖွဲ့က အရင်ရောက်နေပါလား"

"ဟုတ်တယ်. . . နောင်နောင်ရေ၊ ငါလည်း ကျားစာဖြစ် ထားတဲ့ ဆတ်တစ်ကောင်ရလာတော့၊ ညမှောင်မှပြန်လာရင် အပ တွေ ဘာတွေမှီမှာလန့်လို့ စောစောပြန်လာတယ်ဟေ့"

"ဟာဗျာ. . ဆရာချာန်ကလည်း ဆရာဝန်တစ်ယောက် လုပ်နေပြီး အပမှီမှာလန့်ရသလားဗျာ၊ ဒါဆို ကျားစားထားတဲ့ အကောင်ကို သယ်လာတော့ ပိုမဆိုးဘူးလားဗျာ"

"ဆရာဝန်ဆိုတာလဲ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်ပါ နောင် နောင်ရာ၊ အပမှီတယ်ဆိုတဲ့ ပရလောကကို မကြောက်ဘဲနေလို့ရ ပါ့မလား၊ ပရလောကကို မယုံပါဘူးလို့ ငွတ်ခံငြင်းနေတာဟာ မျက် ကန်းတစ္ဆေမကြောက်ဆိုတဲ့ တစ်ဖက်နားပေါက်လူတွေရဲ့အလုပ်ပါ၊ အခုဆတ်ကြီးယူလာရတာလည်း နေရာသေးသေးလေး ချို့ယွင်း တာကလွဲပြီး အင်္ဂါပြည့်စုံလို့ ငါထမ်းပြီး သယ်လာခဲ့တာကွ"

"ပြောစမ်းပါဦး၊ ဇာတ်လမ်းလေးနားဆင်ရအောင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွာ၊ ဒီကသွားကတည်းက သူယောင်ခံတောလို့ ဘာ ပြောတာကို နားထဲစွဲပြီး သူယောင်မယ်ကို မျက်စိထဲမြင်နေတယ် ဟော့၊ အဲဒါတွေ့မယ့်တွေ့တော့ သူယောင်မယ်မတွေ့ဘဲ ကျားဟိန်း သံပဲကြားရတယ်။ ကျားကလည်း စားမာန်ခုတ်ပြီး ဟိန်းတာဝါ ငါတို့လည်း ကြောက်ကြောက်နဲ့ရှေ့တိုးတာ မသေမရှင်ဖြစ်နေတဲ့ ဆတ်ကြီးကို ကျားကမတော်တရော်ဆွဲစားပြီး လစ်ပြေးပါရောလား ကွာ"

"ဟာဗျာ. . . ဆရာချာန်ကလည်း မုဆိုးဥပဒေအရဆိုရင် ဆရာချာန်က ဥပဒေချိုးဖောက်သူဖြစ်နေပြီဗျ"

"ဟုတ်တယ် ဆရာချာန်၊ လူမုဆိုးဟာ သားကောင်ပစ်ပြီး လို့ ထမ်းမသွားနိုင်ရန် သားကောင်ရဲ့နားရွက်များ၊ လျှာဖျား၊ နှာသီး ဖျားတစ်ခုခုကိုဖြတ်ယူရင် (Booking) လုပ်ပြီးသားဖြစ်သွားပြီပေါ့ ဗျာ၊ အဲဒါဆိုရင် ကျားမုဆိုးက အဲဒီသားကောင်ကို မစားတော့ဘူး"

"ဟာကွာ. . အဲခုဟာက မင်းပြောတဲ့အပိုင်းတွေ မဟုတ် ဘူးကွ၊ မျိုးပွားပြီး ရှုရှုပေါက်တဲ့ အဖိုမျိုးစေ့ပစ္စည်းတွေကို သမသွား တာကွ"

"အဲဒါက ပိုပြီးအဆင့်မြင့်တဲ့ (Booking)ပဲ၊ ဒီလိုမှတ်သား တတ်တဲ့ ကျားမုဆိုးဟာ အမှတ်သည်းခြေပိုကြီးတယ်တဲ့ဗျ၊ အဲဒီ သားကောင်ယူသွားတဲ့သူကို မဖြစ်မနေခြေရာခံပြီး သွေးကြွေးဆပ် လေ့ရှိတယ်တဲ့ဗျ"

"ဗုဒ္ဓေါ. . . တော်သေးတာပေါ့၊ ဒီသတ္တဝါကိုထမ်းကာ ဥာဏ်ထွန်းနဲ့ ဟန်တင်ပဲ၊ ဒီကောင်နှစ်ကောင်ရဲ့အနံ့ကို မှတ်ထား ပြီး ကျားကလိုက်ရှာမှာပေါ့ကွာ"

"နှစ်ယောက်ထဲတင် ဘယ်ကမလဲ ဆရာချာန်ရယ်၊ အဲဒီ ဆတ်သေကြီးအနီးရပ်သွားတဲ့ သူတွေရဲ့အနံ့တွေအကုန်လုံး အနံ့ခံ ပြီးလိုက်ရှာမှာဗျ"

ကြည်လှမောင်စာပေ



"အဲဒါဆိုလဲ မထူးပါဘူးကွာ၊ ဒီဆတ်သားစားတဲ့လူတွေရဲ့ ဗိုက်ထဲကို ဒီကျားကြီးက အနံ့ခံပြီး လိုက်လာလိမ့်မယ်ကွာ၊ အဲဒီ အသားစားတဲ့လူတွေက လင့်စင်ပေါ်တက်အိပ်ကြ"ဟု ပြောရင်း ဘဟားဟား အော်ရယ်နေပေတော့သည်။

"ဟော. . ဆရာချာန်၊ ဘာတွေ သဘောကျနေတာလဲ"

ထူးထူးအနားရောက်လာကာ မေးလေတော့သည်။

"ထူးထူးပါလား၊ ဘာမှမဟုတ်ပါဘူးကွယ်၊ ဆရာချာန်ရခဲ့ တဲ့ ဆတ်အကြောင်းပြောတာပါ"

"ဆရာချာန်. . . အသားတွေ ဘာတွေချက်ရင် ပြုတ်ရင် ဒီဂူထဲမှာလုပ်လို့မရဘူးနော်၊ အသားလည်း ဒီဂူထဲမှာ စားလို့မရဘူး"

"ဟုတ်တယ်. . . စိုင်းဖုန်းပြောလို့ ဆတ်သားကို အပြင် ထုတ်ချက်ခိုင်းထားတယ်၊ ဒါဆိုရင် ဆတ်သားစားတဲ့သူတွေအားလုံး အပြင်ထွက်အိပ်ရတော့မှာပေါ့နော် ထူးထူး"

"ဒါဆို နောင်နောင်တော့ ဆတ်သားမစားတော့ဘူး"

"ဘာလဲ ကိုယ်တော်လေးက သခင်မလေးအနီးအနားပဲ အိပ်ချင်တယ်ပေါ့ မဟုတ်လား"

"ဟာ. . . ဆရာချာန်ကလဲဗျာ၊ အပြင်မှာဆိုရင် သရဲ ကြောက်လို့ပါဗျာ"

နောင်နောင် ပခုံးတွန့်ရင်းပြောလိုက်သည်။

"အစ်ကိုနောင်တို့ကော ဘာထူးခြားမှုတွေ့ခဲ့သေးတုန်း"

"ဟောဒီ ကင်းဘတ်ရှူးဖိနပ်တစ်ဖက်ရယ်၊ နောက်ပြီး ရွှေ လက်ကောက်တစ်ရံရယ် တွေ့ခဲ့တာပေါ့ဗျာ"

"အင်း. . . အဲဒါဆိုရင် ကင်းဘတ်ရှူးကတော့ နောင် နောင် မင်းပဲယူကွာ၊ လက်ကောက်တော့ ငါသိမ်းတယ်ဟော့"

"ရတယ်. . . အဲဒီလက်ကောက်သိမ်းတဲ့လူပဲ ကျားကဆွဲ မယ်လို့ပြောတာပဲ"ဟု ဆက်နောက်လိုက်သည်။

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟ. . ဟ အဲဒါဆိုရင် လက်ကောက်က ထူးထူးပဲအပ်ပော့၊ ငါတော့အပြင်ထွက်ပြီး ဆတ်သားနဲ့ထမင်းစားလိုက်ဦးမယ်"

"လင့်စင်ပေါ်တက်အိပ်နေဘ် ဆရာချာန်"

"ဖိနပ်က ဘာလို့ယူလာတာလဲ အစ်ကိုနောင်ရဲ့"

"လူဦးတို့ အပြောအရဆိုရင် ဖိနပ်က စိုင်းပေါက်ရဲ့ဖိနပ်လို့ ပြောတာပဲ"

"ဒါဆို ဖိနပ်နဲ့လက်ကောက်က. . ."

"ဟုတ်တယ် ညီမလေး၊ ဖိနပ်ထဲကနေ ရွှေလက်ကောက်တွေ့ပြီးရတော့ စိုင်းပေါက်က လိုက်လာတဲ့သူတွေသိအောင်လွှတ်ခဲ့တယ်ဆိုတာ သေချာတာပေါ့"

"ဒါဆို လက်ကောက်ကိုပြစမ်းပါဦး"

"ဟောဒီမှာ ညီမလေး၊ ရွှေလက်ကောက်ပုံကတော့ တော်တော်ဆန်းတယ်"

ရွှေလက်ကောက်ကိုမြင်လိုက်သည်နှင့် ထူးထူး၏မျက်နှာလေးသည် ဝင်းလက်သွားကာ အမူအရာထူးခြားသွားသည့်အနေအနေကို နောင်နောင် အကဲခတ်လိုက်၏။ ကလေးငယ်တစ်ယောက်သည် ပျောက်ဆုံးသွားသော မိမိပစ္စည်းတစ်ခုပြန်၍တွေ့ရှိရသောအခါ ဝမ်းသာသည့်အပြုံးမျိုးကို လှစ်ခနဲတွေ့လိုက်ရသည်။

"ညီမလေး ရှာဖွေရမယ့်အထဲမှာ ဒီလက်ကောက်လည်း ပါနေတယ် အစ်ကိုနောင်"

"ဒါဆို အစ်ကိုနောင်လည်း ပင်ပန်းရကျိုးနပ်တာပေါ့နော်"

ထူးထူးထံမှ စကားပြန်မရသေး။ လက်ကောက်အား သေချာစွာကြည့်နေ၍ဖြစ်သည်။

"ဘာတွေ စစ်နေတာလဲ ညီမလေးရဲ့"

"ပစ္စည်းအတုဖြစ်နေမှာစိုးလို့ပါ"

ကြည်လှမောင်စာပေ



"စာက ရှမ်းစာလိုရေးထားတာပဲလားဟင်"

"ဂုံရှမ်းစာပေါ့ အစ်ကိုနောင်၊ စစ်ဆောင်ပန်းနားလက်ဆောင်လို့ အဓိပ္ပာယ်ရတာပေါ့"

"စစ်ဆောင်ပန်းနားဆိုတာက. . ."

"ရှမ်းပြည်နယ်ကြီးရဲ့ ချစ်သက်သေလက်ဆောင်ဆိုတဲ့ အဓိပ္ပာယ်ပါ"

"ဘယ်သူနဲ့ပတ်သက်နေလဲ"

"အစ်ကိုနောင်ကို အတိအကျပြောလို့ မဖြစ်သေးပါဘူး၊ ရှင်မွန်လှနဲ့ ပတ်သက်နေတယ်လို့ပဲ မှတ်ထားပေါ့၊ ရှမ်းမြန်မာတွေရဲ့ ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ်တွေကိုဖော်ပြတဲ့ အထိမ်းအမှတ်ပါ၊ လက်နှစ်ဖက်ဆွဲယှက်ထားတာကိုက ယောကျ်ားလက်နဲ့ မိန်းမလက်ဆိုတာ အနုပညာလက်ရာရဲ့ အနုစိပ်ဖော်ကျူးမှုပေါ့လေ၊ ယောကျ်ားလက်နဲ့ မိန်းမလက်ဆိုကတည်းက အနုရုဒ္ဓါလို့ခေါ်တဲ့ အနော်ရထာဘုရင်မင်းမြတ်နဲ့ ရှင်မွန်လှလို့ခေါ်တဲ့ စောမွန်လှရဲ့ သက်ချင်းဂဟေဆက်၊ နှလုံးသားခြင်း ယှက်တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ အစ်ကိုနောင်"

"အဲဒါက ဘာကြောင့် စိုင်းပေါက်နဲ့ပတ်သက်နေတာလဲဟင်"

"အစ်ကိုနောင် ဂူရဲ့ရေချောင်းအောက်ကနေ ဂူအပြင်ထွက်တဲ့အခါ ဘာဘာလိုင်ဆီ သမီးစာရေးပေးလိုက်တယ်လေ၊ အဲဒီစာထဲမှာပါတာ မှတ်မိလားမသိဘူး၊ စိုင်းပေါက်ကို သတိမေ့လျက်နဲ့ ခိုးသွားရင် စိုင်းပေါက်က ပုဂံဆက်၊ နောက် စိုင်းပေါက်ဖာသာသာသွားရင်တော့ သူကအရည်းကြီးဂိုဏ်းဝင်ဖြစ်လိမ့်မယ်လို့ ပြောတယ် မဟုတ်လား"

"အင်း. . မှတ်မိပြီ၊ အခုဒါဆိုရင် စိုင်းပေါက်ဟာ ပုဂံဆက်သား အရည်းကြီးဆက်လား"

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အရည်းကြီးဂိုဏ်းဝင်မဖြစ်တာတော့ သေချာသွားပြီ၊ ဒါပေမဲ့ ပုဂ်ဆက် ဟုတ်,မဟုတ်ဆိုတာတော့ သေသေချာချာစစ်ဆေးရဦးမယ်၊ ဘယ်လိုပဲဖြစ်ဖြစ် စိုင်းပေါက်ဟာ အရည်းကြီးဆက် မဟုတ်ဘူးဆိုရင် စိုင်းဝဏ္ဏတို့အပြင် အခြားရန်သူတစ်ဖွဲ့တိုးလာတာတော့မှန်နေပြီ အစ်ကိုနောင်"

"ရန်သူတစ်ဖွဲ့မကလို့ ရန်သူတစ်ထောင်ပဲတိုးတိုး၊ သခင်မလေးအတွက်ဆို မောင်တော်ကံမကုန်သေးသမျှ အသက်နဲ့လဲပြီး ကာကွယ်သွားမယ်"

"ဘယ်လို. . . မောင်တော်လို့ပြောလိုက်တယ် ဟုတ်လား အစ်ကိုနောင် ပြောစမ်းပါဦး"ဟု ပြောရင်း ထူးထူးသည် နောင်နောင်၏လက်မောင်းနှစ်လက်ကို ကိုင်ကာဆွဲလှုပ်လိုက်၏။

နောင်နောင် ကြက်သေသေနေရာမှ . . .

"ဟူး"ကနဲ သက်ပြင်းကြီးမှုတ်ထုတ်လိုက်ရင်း . . .

"နောင်နောင် ဘာပြောလိုက်မိပါလိမ့် ညီမလေးရယ်" ဟု ရင်တွင်းမှ ရေရွတ်လိုက်မိသည်။

◆◆◆



## အခန်း(၃၈)

"ညီမလေးတို့ အဆုံးအဖြတ်ပေးရမယ့်အချိန်ရောက်နေပြီ အစ်ကိုနောင်"

"ဘာတွေဆုံးဖြတ်ပြီး၊ ဘာတွေလုပ်ရမယ်ဆိုတာ မိန့်တော်မူပါဦး မမလေး"

"အစ်ကိုနောင်နော် အရေးကြီးနေတဲ့အချိန်မှာ မနောက်နဲ့ သိလား"

"ဟုတ်ပါပြီဗျာ၊ ဘာဆက်လုပ်ရမလဲပြော"

"ညီမလေးတို့ (Astral Body) ကိုလွှင့်ရမယ်၊ အခုအစ်ကိုနောင် အခြေအနေ ဘယ်လောက်ထိလေ့ကျင့်လို့ရနေပြီလဲဟင်"

"အစ်ကိုနောင် လေ့လာဖူးတဲ့စာအရဆိုရင် တစ်ဝက်လောက်ခရီးရောက်နေပြီလို့ ဆိုရမှာပဲ"

"ဟင်. . . ဒီပညာရပ်တွေကို အစ်ကိုနောင် လေ့လာဖူးတယ် ဟုတ်လား၊ ဟန်ကျတာပဲ၊ ဒါဆိုအစ်ကိုနောင် သိထား၊ ဖတ်ထားဖူးသလောက်ပြန်ပြောပြလေ"

"တတ်နိုင်သမျှ အတိုချုံ့ပြောရင်တောင် တော်တော်ကြာကြာပြောယူရမယ် သိလား ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ဝိတဲ့ အစ်ကိုနောင်၊ နားထောင်ချင်လို့ပြော ပြပါ သိပ်ဝိတယ်"

"ကဲ. . . ကဲ နားထောင်၊ ဂြိုဟ်တစ်ခုနဲ့တစ်ခုဆွဲငင်သလို ပဲ လူသားထဲမှာလည်း (Cell)တွေ တစ်ခုနဲ့တစ်ခု တွန်းကန်ခြင်း၊ ဆွဲငင်ခြင်းတွေရှိကြတယ်တဲ့"

"ဆက်ပြော အစ်ကိုနောင်"

"အဓိကသောချက်ဖြစ်တဲ့ နှလုံးကိုလေ့လာကြည့်ရင် နှလုံး ဟာ ကြွက်သားမျှင်တွေနဲ့ ဖွဲ့စည်းထားတယ်၊ အဲဒီနှလုံးထဲနဲ့သွေး ကြောတစ်လျှောက် (NaCl) နဲ့ (KCL) ဆိုတဲ့ သွေးထဲပါတဲ့ဓာတ်တွေ မှာ လျှပ်စစ်တွေ စီးဝင်လာမယ်၊ အဲဒီလျှပ်စီးဓာတ်စီးဝင်မှု ရယ်၊ ကမ္ဘာမြေကြီးမှာရှိတဲ့ သံလိုက်အားတွေရယ်ကြောင့်. . . နှလုံး တည်ရှိရာတစ်လျှောက်တွန်းအားတစ်ခု ဖြစ်ပေါ်လာမယ်"

"အဲဒီ တွန်းအားက ဘယ်နေရာမှာသုံးသလဲ"

"အဲဒီတွန်းအားဟာ (Astral Body)ကို တွန်းထုတ်ပေးတာ ပဲ၊ ဒီလို တွန်းပေးတဲ့အားရရှိအောင်ဆိုရင်၊ ဈာန်အင်္ဂါငါးပါးထိရ အောင် သမာဓိရယူပြီး နှလုံးသားမှာရှိတဲ့ ကြွက်သားမျှင်တွေ သွေး လှည့်ပတ်မှုတွေကို (Simple, hermonic, motion).စည်းဝါးမှန်လှုပ်ရှား မေးနိုင်အောင်လုပ်ယူတဲ့နည်းပဲ၊ ဒါလည်း အပြောသာလွယ်တာ နော်၊ လက်တွေ့တော့အလွန်ခက်တယ် သိလား"

"ကဲပါ အစ်ကိုနောင် ပြောပြတာနဲ့ ညီမလေးလုပ်နေတာ ကို ကိုက်ညီလား မညီလားသာကြည့်"

"အခုထိတော့ ကိုက်ညီပါတယ် အစ်ကိုနောင်၊ ဆက်ပြီး ရှင်းစမ်းပါဦး"

"ခုနပြောထားတဲ့ တွန်းအားကိစ္စကိုအသာမှတ်ထားပြီး၊ အခု အူးရစ်အကဲ (Euric Egg) လို့ခေါ်တဲ့ အူးရစ်ဥခွံအကြောင်း ဆက်ရမယ်၊ အူးရစ်ဥခွံဆိုတာကတော့ သိပ္ပံပညာနဲ့အနီးစပ်ဆုံး





ပြောရရင် လူရဲ့စက်ကွင်းကိုခေါ်တာပဲ၊ လူ့ခန္ဓာကိုယ်ရဲ့ပတ်ဝန်း ကျင်တစ်လျှောက်မှာ စနစ်တကျရှိနေတဲ့ အဝန်းအဝိုင်းတစ်ခုပဲ ပေါ့"

"အစ်ကိုနောင် ပြောပြထားတဲ့ အူးရစ်ခွံကြီးကနေ လွတ် ထွက်လို့ရရင် (Astral body)ကို ရွက်လွှင့်လို့ရပြီ ညီမလေး၊ ဒီလိုဖြစ် ဖို့ကလည်း သိပ်ခဲယဉ်းတယ်၊ အစ်ကိုနောင် ပြောပြီးခဲ့သလို မိမိဟာ ဈာန်အင်္ဂါငါးပါး ညီညွတ်အောင်နေမယ်၊ အဲဒီလိုနေတဲ့အချိန်မှာ မိမိဟာ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ သီလမဂ္ဂင်အမှန်တည် နေပြီဖြစ်တယ်၊ အဲဒီ မဂ္ဂင်အင်္ဂါရပ်တွေညီနေတဲ့အချိန်မှာ မိမိဟာ သားရေကြိုးနဲ့အချည်ခံထားရတဲ့ ဘောလုံးကို သားရေပင်က လွတ် ထွက်သွားတဲ့ အခြေအနေမျိုးရရှိအောင် ကြိုးစားရမှာဖြစ်တယ်၊ ပထမတစ်ကြိမ်နဲ့တော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ အကြိမ်ကြိမ်ပဲ ကျရှုံးလိုက် မဖြစ်လိုက် (Astral body) က (Physical body) ထဲ ပြန် ဝင်လိုက်နဲ့ ပက်ကျိန်ရဲတက်သလိုဖြစ်နေမှာအမှန်ပဲ"

"မှန်လိုက်လေ အစ်ကိုနောင်၊ ညီမလေး ဒီလုပ်ငန်းကို လေ့ကျင့်တာ နှစ်,နှစ်ကျော်ကြာနေပြီ၊ အစ်ကိုနောင်ရော လေ့ကျင့် ဖူးပြီလား"

"အစ်ကိုနောင် လေ့ကျင့်တာလဲကြာပါပြီ ညီမလေးရယ်၊ ဒါပေမဲ့ ညီမလေးကတော့ လက်တွေ့အောင်မြင်ပြီးပြီလို့ အစ်ကို နောင်ထင်တယ်၊ အစ်ကိုက အခုညီမလေးရှိနေတဲ့အချိန်မှာ လေ့ ကျင့်မယ်၊ အဲဒီအချိန်မှပဲ အောင်မြင်မှုရတော့မှာ၊ မအောင်မြင်ရင် လည်း သေချင်သေတော့ဆိုတဲ့စိတ်ထားရတော့မှာပဲ၊ ဒါဟာလဲ ရေကူးသင်သလိုပဲ သေချင်သေတော့ဆိုမှ တတ်တဲ့ကိစ္စဆိုတော့ အရိုးကြေကြေအရေခမ်းခမ်း၊ သေမြေကြီး ရှင်ရွှေထီးလို့ထားရမှာ ပဲ ညီမလေးရေ"

"ခုန (Astral body) နက္ခတ္တခန္ဓာဟာ ရူလခန္ဓာကနေ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ထွက်လုထွက်ခင် အနေအထားအမျိုးမျိုးရှိတယ်၊ အစ်ကိုနောင်ပြောတဲ့ စက်ကွင်းအနေအထားအရဆိုရင် စက်ကွင်းအကျဉ်းအကျယ်ပေါ့၊ တချို့ဆိုရင် ခြောက်ပေလောက်က အမြင့်ထိပဲ စက်ကွင်းအကျယ်ရှိတယ်၊ တချို့က ပေနှစ်ဆယ်၊ ပေသုံးဆယ်စသည်ဖြင့် ရှိတာပေါ့လေ"

"ဟုတ်တယ် ညီမလေး၊ အစ်ကိုနောင်က စက်ကွင်းကိုးပေလောက်အကျယ်ရှိတဲ့ (Astral body) ကို လွှတ်တင်ပြီး အပြင်ထွက်လို့ရနေပြီ၊ ဒါပေမဲ့ လွှတ်မပစ်ရဲဘူး"

"အဲဒါ အစ်ကိုနောင့် စိတ်ထဲမှာ သံသယဖြစ်နေလို့ပဲ၊ အကယ်၍ ငါ့စိတ်လွှင့်လိုက်လို့ ငါ့ခန္ဓာထဲပြန်ဝင်လို့မရရင် အခက်ပဲဆိုတဲ့ စိတ်ဖြစ်ပေါ်နေလိမ့်မယ်၊ ဒါကြောင့် ထွက်လို့မရဘူးဖြစ်နေတာပေါ့၊ လူ့စိတ်ထဲမှာ လုပ်ငန်းအသစ်တစ်ခု စတင်လုပ်တဲ့အခါ ချီတုံချတုံဖြစ်နေသလိုမျိုးပေါ့၊ အဲဒါဆိုရင် ကိုးပေအကွာအဝေးက ထွက်နိုင်အောင်အရင်ကြိုးစားပါ၊ အဲဒီအခါ ပြင်းထန်တဲ့ခံစားမှုတစ်ခုရှိမှာအမှန်ပဲ၊ သေနတ်ပစ်လိုက်တဲ့အခါ အသံမြည်ဟည်းသွားပြီး အဲဒီအသံကိုကြောက်မိသွားသလိုပေါ့၊ နောက်တော့ ယဉ်သွားတာပါဘဲ၊ ဒါပေမဲ့ အဝေးကြီးမသွားဘဲ မိမိရဲ့မူလခန္ဓာထဲပြန်ဝင်တဲ့စနစ်ကို အရင်လေ့ကျင့်ထား၊ အဲဒါသေချာအောင် လေးခါ၊ ငါးခါလောက်လေ့ကျင့်၊ အဲဒီလေ့ကျင့်တာအောင်မြင်ရင် လုပ်လို့ရပြီ အစ်ကိုနောင်"

"အိုကေ. . . အစ်ကိုနောင် မေ့နေတာ ဒီအချက်ပဲ၊ ဒါဆို အခုချိန်ကစပြီး လေ့ကျင့်မယ်၊ ညီမလေးက လိုအပ်တာညွှန်ပြပေးတော့"

"စိန်လိုက်လေ အစ်ကိုနောင်"

ပြောပြောဆိုဆို နောင်နောင်တစ်ယောက် ကျောက်သလွန်ပေါ် သို့လှဲအိပ်လိုက်သည်။ မျက်စိမှိတ်၍ ခန္ဓာကိုယ်ကို ဖြေ





လျော့ထားလိုက်၏။

"မောင်တော်ရဲ့အကူအညီမပါဘဲ လုပ်လို့မရတာမို့ မောင်တော့်ကို ခေါ်ခဲ့ရတာပါကွယ်၊ ဒါမှမဲ့ မောင်တော်နဲ့ နှမတော် ဘယ်လောက်ကြာကြာများ ဆက်ပြီးအတူနေခွင့်ရပါ့မလဲ၊ အချိန်တွေကလဲ နည်းလိုက်တာနော်"

ဟု ဆီမန်း,မန်းသလို တတွတ်တွတ်ပြောဆိုနေလိုက်သည်။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၉)

"အခု အစ်ကိုနောင်နဲ့ ညီမလေးတို့နှစ်ယောက် စမ်းသပ်ပြီး (Astral body) ကို လွှင့်ထုတ်မယ်၊ အစ်ကိုနောင်ကတော့ ဘယ်သွားမယ်ဆိုတာ မသိတော့ ညီမလေးနောက်ကိုပဲ ဆက်လိုက်ရမှာပေါ့"

"သွားတာတော့ ဟုတ်ပါပြီ၊ အစ်ကိုနောင်ကလမ်းလျှောက်တတ်စကလေးတစ်ယောက်လို သွားရတာဆိုတော့ ညီမလေးတို့ ဘယ်မီပါ့မလဲကွယ်"

"မဟုတ်ဘူး အစ်ကိုနောင်၊ အစ်ကိုနောင့် မျက်စိထဲမှာ ညီမလေးရဲ့ပုံကိုပဲ ပေါ်အောင်ကြည့်ပြီး အဲဒီနောက်ကို တစိုက်မတ်မတ်လိုက်ပေါ့၊ တစ်ခုတော့ရှိတယ်၊ ညီမလေးပုံကို ရှေးတုန်းက နန်းဝတ်နန်းစားပုံလေးဖြည့်စွက်ပြီး မှတ်ထားရမှာနော်"

"ဗုဒ္ဓေါ၊ အဲဒါဆိုရင် မှတ်မိပါ့မလားဟင်"

"လွယ်ပါတယ် အစ်ကိုနောင်ရာ၊ မြေပုံဘုရားမှာ ရှင်မွန်လှ ဘုရားထိုင်ကန်တော့နေတဲ့ပုံကို သိတယ်မဟုတ်လား၊ အစ်ကိုနောင် သိပါတယ်၊ အဲဒီပုံတော်နဲ့တူတဲ့သူနောက် တစိုက်မတ်မတ်လိုက်ပေတော့"





"ဒါထက်ချောတာလေး တွေ့နေရင်ကော"

"ဒါထက်ချောတာ တွေ့ရင်တော့ ဘီလူးမက မင်းသမီးဖန်ဆင်းထားတာဖြစ်မှာပဲ၊ အစ်ကိုနောင့်ဂုတ်ကို ချိုးစားလိုက်တော့မှာပေါ့"

"ဒါဆို ဒီကောင်မလေးကရော ဂုတ်ချိုးမစားဘူးလား"

"မစားချင်ပါဘူး၊ ရေမချိုးဘဲ အမြဲညစ်ပတ်နေတဲ့ ခန္ဓာကိုယ်ကြီးကို၊ ကဲပါ နောက်မနေပါနဲ့ လုပ်ရမယ့်အလုပ်တွေ အများကြီးကျန်သေးတယ်"

"မှန်ပါ့မမရယ်. . . ကျွန်တော်မျိုးဆင့်ခြင်ပါ့မယ်"

"ဒီလို အစ်ကိုနောင်ရေ. . . ဒီလို၊ ပထမတစ်ဆင့်အနေနဲ့ ညီမလေးတို့ ရွှေကျောင်းဆောင်ကိုသွားမယ်၊ ဒါကလည်း ဗဟန်းချောင်းထိပ်က ကုန်းကလေးပေါ်မှာရှိတယ်၊ မင်းတုန်းမင်းရဲ့နန်းဦးဆရာတော်အတွက် ရွှေအတိနဲ့ဆောက်ထားတဲ့ကျောင်းပေါ့"

"ရွှေတွေအတိဆိုတော့ အစ်ကိုနောင် စိတ်ကိုထိန်းမှထိန်းနိုင်ပါ့မလား မသိဘူး"

"ပြောရဦးမယ်၊ ဒါက အဓိကလိုက်နာရမယ့်အချက်ပဲ၊ ညီမလေးတို့ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်နှစ်ပါးကို တည်နေသလို လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေကိုလည်း ချိုးနှိမ်ထားရမယ်၊ အဲဒီအထဲက တစ်ခုခုချိုးဖောက်လိုက်ရင်လဲ ညီမလေးတို့ စည်းပေါက်ပြီလို့သာ အောက်မေ့လိုက်တော့"

"စည်းပေါက်တယ်ဆိုရင် အစ်ကိုနောင်တို့ ပြန်မပြေးလာရဘူးလား"

"ပြန်ပြေးဖို့ အချိန်မရဘူး အစ်ကိုနောင်၊ (Astral body) က မူလခန္ဓာထဲ ပြန်ဝင်လို့မရတဲ့အတွက် သေပြီလို့သာမှတ်လိုက်ပေတော့"

"ဒါဆို မင်းသမီးချောချောလေးတွေ တွေ့ရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ မူလခန္ဓာဆီပြန်ဖို့နေနေသာသာ ရောက်တဲ့နေရာကနေ ရွှေ့လို့တောင်ရမှာမဟုတ်ဘူး"

"ကြိုက်ပြီဟေ့. . . စူဠလိပ်ရေထဲရောက်တော့မှာ"

"အစ်ကိုနောင်နော်. . . ဒါကစားနေတာ မဟုတ်ဘူး"

"စတာပါ ညီမလေးရာ၊ အစ်ကိုနောင်လည်း လောဘ ဒေါသ၊ မောဟ၊ မာန်မာနဆိုတဲ့ ရန်သူကြီးတွေကို ပိုင်ပိုင်နိုင်နိုင် ချိုးနှိမ်နိုင်ပါတယ်ကွယ်၊ ညီမလေးရဲ့အစ်ကိုနောင်ပါ၊ ညီမလေးလုပ်တဲ့အတိုင်း အကုန်လိုက်လုပ်နိုင်မယ့်သူပါ၊ ညီမလေးလိုက်နာတဲ့ အတိုင်း အကုန်လိုက်နာနိုင်မယ့်သူပါ ပူမနေပါနဲ့"

"ဒါများပေါက်တတ်ကရတွေ လျှောက်ပြောနေ ညီမလေးကဖြင့် စိတ်တောင်တိုချင်နေပြီ"

"အစ်ကိုနောင်က ညီမလေး စိတ်တိုအောင်စချင်လို့လေ ညီမလေးစိတ်တိုမှ မျက်နှာကြီးနီပြီး နားရွက်ကြီးထောင်လာမှာ"

"ဟင်း. . လုပ်ပြန်ပြီ၊ လူကိုခွေးလို့ပြောချင်တာပေါ့၊ ဟုတ်တယ် ဒီမှာ တိုးလုံရဲ့ညီမ တိုးကုန်လာပြီ၊ လွတ်အောင်သာပြေး"

ဟု ပြောရင်းလိုက်လေတော့၏။

"အမယ်လေးဗျ၊ ခွေးမလေးကိုက်တယ်ဗျ"

ဟု ပြောရင်း ပြေးလေတော့၏။

နောက်နှစ်ယောက်သား ဒေါင်းလန်းကြီးဘေးတွင်ထိုင်ကာ သစ်သီးရည်များကို တိတ်ဆိတ်စွာသောက်နေလေတော့၏၊

"ဒါက ဘာအရည်တွေလဲ ညီမလေး"

"ဒါကတော့ ညီမလေးတို့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အစာဟောင်းတွေကိုထိန်းပေးတဲ့ သစ်သီးရည်ပေါ့၊ သစ်သီးမျိုးစုံကို ပေါင်းထားတာ၊ နာနတ်, ငှက်ပျော, ဇီး, ဇီးဖြူသီး, စပျစ်သီးကအစ အားလုံးပါတယ်၊ နန်းတွင်းအာဟာရလို့လဲ ခေါ်တယ်"

"သောက်လို့ကောင်းတယ်. . . ညီမလေး ထပ်ပေးပါဦး"





"မရတော့ဘူး အစ်ကိုနောင်. . . တစ်ခွက်ထက်လည်း ပိုသောက်ဖို့မသင့်ဘူးလေ"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"ဖောက်လာပြန်ပြီ"

"ကဲ. . . ကဲ စိုင်းအောင်မြင့်တို့၊ စိုင်းဖုန်းတို့လာကြ၊ ငါသင်ထားစရာရှိတယ်"

ဂူထဲတွင် ကျန်နေခဲ့သော စိုင်းအောင်မြင့်၊ စိုင်းဖုန်းတို့ လင်မယား၊ ဉာဏ်ဝင်းနှင့် မောင်အောင်တို့အားလုံးရောက်လာကြ၏။

"အခု အစ်ကိုနောင်နဲ့ ထူးထူးတို့ ဂူအလယ်က ကျောက်သလွန်ညောင်စောင်းပေါ်မှာ လဲလျောင်းပြီး တရားထိုင်မယ်၊ အဲဒီဘေးမှာ တစ်ယောက်တစ်လှည့်စီ နေ့ ည စောင့်ရမယ်၊ တစ်ရက်ကြာချင်ကြာမယ်၊ တစ်လကြာချင်ကြာမယ်"

"တို့ ပြန်မထမချင်း စောင့်နေရမယ်၊ ဘာအကြောင်းကြောင့်ဖြစ်ဖြစ် တို့ကိုလာမထိနဲ့၊ ဘေးပတ်ဝန်းကျင်က သတ္တဝါတစ်ကောင်ကောင်၊ လူတစ်ဦးဦးကလာပြီး ထိခြင်း၊ နှောင့်ယှက်ခြင်းမပြုနိုင်အောင် အချိန်ပြည့်စောင့်ရမယ်၊ တို့မှာတာတွေအားလုံးကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ဖို့ အဓိကပဲ"

ဟု ပြောရင်း သလွန်ညောင်စောင်းပေါ်သို့ စိတ်ကိုဖြေလျှော့ကာ ပက်လက်လှန်၍ အိပ်စက်သကဲ့သို့ မျက်စိကိုမှိတ်လိုက်ကြလေတော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၀)

"ဟော. . ဟော အစ်ကိုနောင်နဲ့ မမလေးပြန်နိုးလာကြပြီ"

နောင်နောင် ဖြေးဖြေးချင်း ထထိုင်လိုက်၏။

ဘူးထူးကား ငါးမိနစ်ခန့် အိပ်လျက်နေပြီးမှ ထထိုင်၏။

"အစ်ကိုနောင် ချက်ချင်းကြီး ဆတ်ကနဲမထရဘူး၊ အဲဒီလို ထလိုက်ရင် ခေါင်းထဲမူးနောက်နေပြီး တစ်နေကုန် နေလို့ထိုင်လို့ မကောင်းဘူးဖြစ်သွားမယ် သိလား"

"အမလေးဗျာ ခေါင်းက ကောင်းနေလဲ လူကတော့ တစ်နေကုန်နေလို့ ကောင်းမှာမဟုတ်ပါဘူး"

"ဘာဖြစ်လို့"

"ဟောဗျာ. . . ကျုပ်မှာ တစ်ခါမှမစီးဘူးတဲ့ လေယာဉ်ပျံ တက်စီးပြီး ကောင်းကင်ပေါ်ရောက်မှ ကန်အချခံရတဲ့ ခံစားမှုမျိုး ခံစားနေရတော့ ဘယ်ကလာဦးနှောက်ကြည်လင်ပါ့မလဲ၊ နေလို့ ထိုင်လို့ကော ဘယ်ကလာကောင်းပါ့မလဲ စဉ်းစားကြည့်ပါဦး မမရယ်"

"ဒါကလည်း ပထမဦးဆုံးအကြိမ်မို့ပါ အစ်ကိုနောင်ရာ၊





လေယာဉ်ပျံစီးဖူးသွားတဲ့လူ အရသာတွေ့သွားရင် နောက်ဆို မီးရထား ဘယ်တော့မှမစီးတော့ဘူးတဲ့ မှတ်ထား"

"မှတ်ထားပါသတဲ့ဗျာ၊ ခုခံစားရတာကလည်း မလွယ်ပါဘူး ညီမလေးရာ၊ ညတိုင်းမှာ ဘုရားရှိခိုးမအိပ်လို့ ဘီလူးစီးခံရတာနဲ့ အတူတူပါပဲ၊ ကိုယ့်နေရာကိုပဲ ပြန်သွားချင်နေတာ၊ ညီမလေးက ပြောထားလို့သာ ညီမလေးနောက် မဖြစ်မနေလိုက်ရတာ သိလား၊ ကိုယ့်ဒုက္ခက မသေးဘူး၊ ညီမလေးကို စကားပြောချင်တာလဲ ပြောလို့မရ၊ ညီမလေးလက်ဖမ်းဆွဲပြီး လိုက်ချင်တာလဲ ဖမ်းလို့မရ ဆွဲလို့မရ၊ ရွှေကျောင်းဆောင်ရောက်တော့လဲ ရွှေအစစ်ဟုတ်,မဟုတ်သိချင်လိုက်တာ၊ လက်နဲ့တို့ပြီး စမ်းကြည့်ဖို့လဲ အကြိမ်ကြိမ်ကြိုးစားကြည့်သေးတယ်၊ ဒါပေမဲ့ ညီမလေးက စိတ်ကိုထိန်းဖို့ နိုင်ဖို့ကြိုးစားအားတင်းခိုင်းထားတာဆိုတော့ မကိုင်မိအောင် စိတ်ကိုချုပ်တည်းလိုက်ရတာ မပြောပါနဲ့တော့"

"အမယ်လေး. . . အစ်ကိုနောင်ရာ၊ တို့လို့ ထိလို့ရပါတယ်၊ ယူချင်တဲ့ လောဘ၊ စိတ်တိုတဲ့ ဒေါသတွေထိန်းဖို့ပဲ ညီမလေးက မှာတာပါ"

ဟုတ်သည်။ နောင်နောင် စိတ်ထဲ၌ပြောစရာတွေ များလှသည်။ ဗဟန်းချောင်းဘေး ကုန်းထိပ်သည် မြရာခြုံတောများ၊ မက်မွန်ပင်များနှင့် စိန်နဘန်ဖုန်းဆိုးများသာရှိသည်ကို မိမိသိပြီးသား၊ ဒါပေမဲ့ နောင်နောင်နှင့် ထူးထူးရောက်သွားသောအခါ အလွန်ခမ်းနားပြီး ရွှေရောင်တဝင်းဝင်းဖြစ်နေသည့်ကျောင်းဆောင်ကြီး အုတ်လှေကားအကြီးကြီးနှစ်ခုပင်လျှင် ရွှေချထား၏။ အောက်ထပ်ရှိ တိုင်လုံးကြီးများမှာ လူနှစ်ဖက်နီးပါးမျှရှိရာ ၎င်းတို့ကို ရွှေပြားများအပြည့်ကပ်ထား၏။ အပေါ်ထပ်တက်သွားသောအခါတွင်လည်း ရွှေတိုင်လုံးကြီးတွေအပြင် ရွှေတံခါးများ၊ မှန်စီရွှေချနံရံများ တွေ့နေရ၏။ ကျောင်းဆောင်ကြီး၏ဘုံငါးဆင့်ရှိ အမိုးများလုံးသည်



www.burmeseclassic.com

www.burmeseclassic.com



ဟာသ်ာပြဒါးသုတ်ထားသည်ဟု ထင်ရ၏။ အားလုံးရဲရဲနီနေ၏။ ထို့ ထက်ပိုသည်မှာကား ဘုရားဆောင်ခန်းဖြစ်၏။ ပဋ္ဌလောဟာဖြင့် သွန်းထားသည့် မြတ်စွာဘုရားရုပ်ရှင်တော်မြတ်သည်ကား လွန်စွာ သပ္ပါယ်လှပေ၏။ ဥဏ္ဏာတော်တစ်ထောင့်ထွာခန့်ရှိပြီး သင်းတော် တော်တွင် မန်ကျည်းစေ့ခန့် ပဒ္မမြားတစ်ချို့၊ နီလာတစ်ချို့၊ သြဇာ စေ့အရွယ်ခန့် ရတနာများစီချယ်ထားပေ၏။ ဘုရားရှေ့ရှိ ဘုရား ပန်းအိုးသုံးလုံးတွင် ထိုးထားသည့်ပန်းများသည်ကား နောင်နောင် လုံးဝမမြင်ဘူးသည့်ပန်းများပေတည်း။ အနံ့အလွန်မွှေးကြိုင်သင်းပျံ့ လှသည်မှာ ယခုတိုင်မွှေးကြိုင်နေဆဲဟု စိတ်ထဲတွင် ထင်မိတော့ သည်။

“ညီမလေးရေ. . အဲဒီတုန်းက ရွှေကျောင်းဆောင်တ ဘုရားပန်းအိုးထဲက ပန်းနံ့ဟာ အခုထိမွှေးနေတုန်းလို့စိတ်က ထင်မိ တယ်ဟော့”

“မဥ္ဇူသကနတ်ပန်းပါ၊ အဲဒီနားတစ်ဝိုက် လပြည့်ညမှာ သွားရင်မွှေးတယ်သိလား”

“ဒါနဲ့ ဒီရွှေကျောင်းဆောင်ပေါ် ဘုရားလာဖူးတဲ့သူတွေရဲ့ အဝတ်အစားက တစ်မျိုးပဲနော်”

“ဂုံရှမ်းတွေရဲ့ အဝတ်အစားပဲ အစ်ကိုနောင်၊ မိန်းမတွေ ဆို ဆံထုံးရဲ့ ဘီးစပါတ်ကို အပေါ်မှာထားတယ်”

“ဘုရားဆောင်ပေါ်က ဆင်းပြီးတော့ ကျောက်ဂူတစ်ခုထဲ ဝင်သွားတာ ဘာလုပ်ကြတာလဲဟင်”

“သူတို့ အလေးအမြတ်ထားတဲ့ ရွှေရုပ်တုတစ်ခုကို သွားပြီး ဦးတိုက်ကြတာပေါ့”

“အင်း. . . အဲဒီရွှေရုပ်ကို ဦးမတိုက်ခင် ညီမလေးကိုလဲ ဒူးလေးညွှတ်ပြီး လက်အုပ်ချီတယ်နော်၊ အဲဒါ ဘာသဘောလဲ”

“နောက်တော့ သိလာရမှာပေါ့ အစ်ကိုနောင်ရာ”





“ဒါ့ထက် အစ်ကိုနောင်တို့ရွှေကျောင်းဆောင်ပေါ်ရောက် တော့ နောက်ကတက်လိုက်လာတာ စိုင်းဝဏ္ဏာထင်တယ်၊ သူတို့ကို ဘာလို့ အဲဒီကအစောင့်တွေက တက်ခွင့်မပေးတာလဲဟင်”

“သူ့ကိုတော့ ပိတ်ပင်ဖို့အကြောင်းသိပ်မရှိလှပါဘူး၊ သူ့ နောက်မှာလိုက်လာတဲ့ ရန်သူတစ်ယောက်ရှိတယ်လေ၊ သူတို့နှစ် ယောက် ရွှေကျောင်းဆောင်ပေါ်မှာရန်ဖြစ်နေမှာစိုးလို့ပေါ့၊ ဒီရွှေ ကျောင်းဆောင်မှာ လောဘ၊ ဒေါသ၊ မောဟ၊ မန်မာနကင်းရမယ်၊ ကိုးပါးသီလလုံခြုံရမယ်လေ”

“စိုင်းဝဏ္ဏာနောက်မှာ ရန်သူဟုတ်လား၊ သူ့ရန်သူက ဘယ် သူလဲ ညီမလေးသိလား”

“အင်း. . . ပြောဖို့အချိန်မရောက်သေးဘူးလေ”

“လာပြန်ပြီ ဒီအချိန်၊ ဒီအချိန်ဆိုတဲ့ ဝေါဟာရကို အစ်ကို နောင်တော့ မြေမြှုပ်သင်္ဂြိုလ်ချင်လှပြီဟော့”

ဒီတစ်ကြိမ် ရှက်လွှင့်သောအခါ နောင်နောင်နှင့် ထူးနန္ဒာ တို့အား လမ်းပြသူမှာ ဖိုးသူတော်တစ်ဦးဖြစ်ပေသည်။

“အဘခေါင်. . သမီး ဘယ်ကိုလိုက်ရမှာလဲ”

“ညာတကုတ်ဂူလေ၊ နင်တို့ရှာတွေ့ထားတာက ညာတ ကုတ်ဂူအစစ်မဟုတ်ဘူးဟဲ့၊ ဂူအစစ်က ငါတို့ကွယ်ထားတယ်”

အဘခေါင်နောက်မှ သုတ်သုတ်နှင်၍လိုက်ပါကြရသည်။ လပြည့်ည၏အလင်းရောင်ကြောင့် ပတ်ဝန်းကျင်အားလုံးထင်ရှား စွာ မြင်နေရ၏။

သည်တောင်ကား ဆင်မင်းတောင်။ သည်လျှိုကား မျောက်ငိုလျှိုဟု မှန်းမိ၏။ သို့သော် သစ်တောအနေအထား သစ်ပင် များ၏အနေအထားကား အလွန်ကွာခြားနေသည်မို့ အပြင်မှာ တစ် မျိုးဖြစ်နေသည်မှာ ထင်ရှား၏။ ဆင်မင်းတောင်ခါးပန်းသို့ တက် လျက် မျောက်ငိုလျှိုကို ပြန်၍ဆင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



'သည်လှိုဏ်ကား လူများဆင်း၍မရ'ဟု ယခင်က သိထားခဲ့ရသည်။ လူပင်မဆိုထားဘိ မျောက်ပင်ကြည့်ကာ ငိုရသဖြင့် မျောက် ငိုလှိုဏ်ဟုခေါ်ကြ၏။ ဒါကြောင့် လူများဆင်းရန် စဉ်းပင် မစဉ်းစားမိကြချေ။

ယခင်က ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ရှုပ်ယှက်ခတ်ကာ လွန်စွာကျောက်စွန်း ကျောက်ခတ်ပါသောနေရာဖြစ်သည်။ ယခု ကား ကျောက်လှေကားထစ်များနှင့် အစီအရီဖြစ်နေချေပြီ။

"အဘခေါင်. . . အရင်က ဒီနေရာမှာ ကျောက်လှေကား ထစ်တွေမရှိပါဘူး၊ အခုဘယ်က ရောက်လာတာလဲဟင်"

"အကြောင်းရှိလို့ရောက်လာတာပဲကွာ၊ ငါလည်းမဖြေ တတ်တော့ဘူး၊ အင်း. . . အင်း ခုနပြောသလို သူတို့ကွယ်ထားလို့ မမြင်ရတာဘဲ မှတ်လိုက်ကွာ"

ယခင်က ဤမျောက်ငိုလှိုဏ်အနီးတွင် သစ်ခွများရှာဖို့ ရောက်ဖူးသည် သာမန်တွေ့နေကျ ပန်းသစ်ခွများသာတွေ့လေ့ရှိ သည်။ ယခုကား သစ်ခွမျိုးစုံကို တွေ့နေရသည်။ နီရဲသော သစ်ခွ ပန်းကြီးကြီးအပွင့်များ၊ ခရမ်းရောင်နှင့် လိမ္မော်ရောင်တွဲထားသည့် ပေါက်ပွင့်သဏ္ဍာန်အပွင့်ကောက်ကောက်ကလေးများ ပွင့်သည်။ သစ်ခွ၊ သစ်ရွက်ဖားဖားကြီးများ အောက်ကိုတွဲလောင်းကျကာပွင့် တတ်သည့် သစ်ခွပန်းများစသည်ဖြင့် မမြင်ဖူးသည့်ပန်းမျိုးစုံကို တွေ့မြင်နေရသည်။

"ထူးထူးအတွက် သစ်ခွပန်းအလှလေးတွေ ခူးပေးစမ်းပါ ဦး. . . အစ်ကိုနောင်"

"ရှူး. . . နတ်မကြိုက်ဘူး ညီမလေးရဲ့၊ ကိုယ့်ဖာသာ သတ် သတ်သွားတဲ့အခါမှ ခူးပေးမယ်"

ဟု တိုးတိုးတိတ်တိတ် နှစ်သိမ့်ထားလိုက်ရသည်။ သစ်ခွ ပန်းသာမဟုတ် အခြားအမျိုးအမည်မသိသည့် ပန်းများမှာလည်း





စုံတကာစေ့အောင်ပွင့်ဖူးဝေဆာလျက်ရှိသည်။ ယင်းပန်းတို့အထဲ တွင် လွန်စွာမွှေးကြိုင်လှသည့် မဥ္ဇူသကနတ်ပန်းကိုကား ယခင် ရွှေကျောင်းဆောင်တွင် တွေ့ဖူးကတည်းကမမေ့ပါ။ မဥ္ဇူသကဟု သိရသည်မှာ ယခင်က ထူးနန္ဒာပြောပြထား၍သာ သိရခြင်းပေ တည်း။

"အဘခေါင်. . . ဒီအရမ်းမွှေးတဲ့ပန်းက မဥ္ဇူသကပန်း မဟုတ်လားဟင်"

"နင့်မေကလိန်းတဲ့. . . ဒီလောက်မွှေးတဲ့ပန်းမှတော့ မဥ္ဇူ သကပန်းဖြစ်မှာပေါ့ကွာ"

"ဟာ. . . ပွတာပဲ"

နောင်နောင်ပင်လျက် ဟန်မဆောင်နိုင်ဘဲ၊ ယင်းမဥ္ဇူသက ပန်းကို ပြေးခူးလိုက်ရာ ဖိုးသူတော်ကြီးအဘခေါင်က ဖမ်း၍ဆွဲထား လိုက်သည်။

"နေဦးကလေးရဲ့၊ ဒီနယ်မြေမှာ မတောင်းမရမ်းဘဲနှင့် ခွင့်ပြုချက်မရဘဲနဲ့ ဘာမှလုပ်လို့မရဘူးကွဲ့၊ အဲဒါမြဲမြဲမှတ်ထား အပြန်မှ အဘခေါင်ပေးလိုက်မယ်"

"ဟုတ်ပ. . . အစ်ကိုနောင်ကလည်း စိတ်မြန်လိုက်တာ လည်းလွန်ရော"

ထူးထူးကပါ ကရုဏာဒေါသောအပြစ်တင်လိုက်လေရာ။

"ကောင်းတယ် အန်တီထူးရေ၊ ကျွန်တော်မျိုးပြေးပြီး ခူး တာလဲ ပန်းကိုမက်မောတဲ့ အန်တီထူးအတွက်ပါတဲ့ခင်ဗျ"

"ဆောရီး အစ်ကိုနောင်. . . ဆောရီး"

"ရပါတယ်. . . ရပါတယ်"

မျောက်ငိုလှိုဏ်သို့ဆင်းသော အဆင်းလမ်းမှာကား လှိုဏ်ထဲ အတည့်ဆင်းခြင်းမဟုတ်ဘဲ၊ ဘေးစောင်းအလိုက်ဝေ့ဝိုက်ဝင်နေ ခြင်းကြောင့် လမ်းမှာသိပ်မတ်စောက်ခြင်းမရှိလှပေ။ လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တောင်တက်လှေကားလမ်းကဲ့သို့ အထပ်လိုက်ဆင်းရခြင်းဖြစ်၏။ ပတ်လမ်း(၇)ထပ်ခန့်ဆင်းရသောအခါ စုစုပေါင်းအချိန်နာရီဝက်ခန့်ကြာပြီးနောက် လှိုဏ်၏အခြေမြေပြန့်ကွင်းကြီးသို့ ရောက်လေတော့၏။ ယင်းမြေပြန့်တွင်ကား ပန်းတို့သာမက အသီးအနှံပင်များပါ စုံစီနဖာပေါများလှတော့၏။

မာလကာအနီပင်၊ ရေသဖန်းပင်၊ ကတွက်ပင်၊ ရှောက်ပင်၊ မင်းဂွတ်၊ ဒူးရင်း၊ ရှောက်ချိုသီး၊ ပန်းသီး၊ စပျစ်သီး၊ သရက်ပိန္နဲ၊ ငှက်ပျော၊ မရမ်း၊ ဇီးသီးမှစ၍ အုန်းသီး၊ ကွမ်းသီးပါမကျန်များစွာပေါများလှသည်။ သီးနှံပင်များသည် လူတို့အားခူးဆွတ်ပါလှည့်ဟု ခေါ်သယောင်ယောင်ပင် ထင်ရ၏။

"ဘာလဲ ကောင်လေး၊ အသီးအနှံခူးချင်ပြန်ပြီလား"

"ညီမလေးအတွက် ခူးပေးချင်တယ်. . . အဘခေါင်"

"လာပြန်ပြီလား၊ ဒီညီမလေးအတွက်ဆိုတဲ့စကား ဒီနယ်မြေမှာ သံယောဇဉ်ဆိုတာ ထားစရာမလိုဘူး၊ သူ့အတွက်လိုရင်သူခူး၊ ကိုယ့်အတွက်လိုရင် ကိုယ်ခူးပဲ၊ နောက်နက်ဖြန်အတွက်လည်း စုဆောင်းထားဖို့မလိုဘူး၊ လိုချင်တဲ့အချိန် လိုချင်တဲ့အသီးအနှံရတယ်။ ဒါပေမဲ့ သား,ငါးနဲ့အရက်တော့ လုံးဝမရဘူး၊ သား,ငါးနဲ့အရက်၊ မိန်းမကလွဲရင် မင်းတို့လိုချင်တာအကုန်ရှိတယ်"

"ဒါဆိုရင် မိတ်ကပ်ဗူးရသလား အဘခေါင်"

"ကပ်သီးကပ်သပ်ကွာ၊ သံယောဇဉ်တွေ၊ သမုဒယတွေမလိုဘူးဆိုမှတော့ အလှအပနဲ့ပတ်သက်တဲ့ ပစ္စည်းတွေ ဘယ်ရပါ့မလဲကွာ၊ အဝတ်အစားလိုချင်ရင်တောင် ငါ့လိုဝတ်ဖြူစင်ကြယ်ပဲရမယ်၊ သစ်ခေါက်ရောင်လိုချင်ရင် ဟောဟိုသစ်ခေါက်ကိုပြုတ်ပြီးဆိုး၊ အဲဒါပဲ ဝတ်လို့ရမယ် ကောင်လေးရေ၊ မင်းတို့လည်း ကြာကြာမနေနိုင်ပါဘူးကွာ၊ အဝတ်အစားအဆင့်အထိ ပြောဖို့မလိုပါဘူး"

"အိပ်ဖို့အတွက် ခေါင်းအုံးတို့၊ စောင်တို့ရသလားဟင်





အဘခေါင်"

"ခေါင်းအုံးကတော့ ကျောက်တုံးပဲ အုံးရတာပေါ့၊ စောင်တတော့ ကိုယ့်ပုဆိုး ကိုယ်ခြုံ၊ ကိုယ့်ဝတ်ရုံကိုခြုံပေါ့၊ ဒါပေမဲ့ ဂူထဲရောက်ရင် မချမ်းပါဘူးကွာ"

"ဂူထဲဝင်ရဦးမှာလား. . . အဘခေါင်"

"အေးလေကွာ၊ ရှေးတုန်းက မင်းတို့ခေတ်လို အနှစ်လေးဆယ်၊ ငါးဆယ်ခံမယ့်အဆောက်အဦမရှိတော့ ဂူကိုပဲ အားပြုထားသုံးရတာပေါ့ကွာ၊ အရေးကြီးတဲ့ ပစ္စည်းမှန်သမျှ ဂူထဲမှာပဲရှာရမယ်။ ဂူထဲဆိုပေမယ့် ကြောက်မနေပါနဲ့ ဘယ်ခြသေ့်မှ မရှိပါဘူး"

အဘခေါင်က ဂူ၏ဘေးရှိကျောက်မောင်းတံကြီးတစ်ခုကိုဆွဲချလိုက်ရသည်။ ဂူတံခါးကြီးသည် ရှေ့ဘက်သို့တဖြည်းဖြည်းလန်၍ကျလာ၏။ ယင်းဂူတံခါးကြီးမှာ အောက်ဘက်၌တဝုန်းဝုန်းစီးဆင်းနေသောရေချောင်းပေါ်သို့ တံတားအဖြစ်ကန့်လန့်ကျသွားခြင်းဖြစ်ပေသည်။

ယင်းတံတားပေါ်မှ ဖြတ်ကျော်လိုက်ပြီးသောအခါ ခြောက်ပေအကျယ်ခန့်ရှိကျောက်တုံးများ အစီအရီရှိနေသော လူသွားလမ်းကလေးအတိုင်း ဆက်၍လိုက်လာကြသည်။ ဂူကားအလွန်ရှည်လျားလှသည်။ ဂူခေါင်မိုးဝတွင် သဘာဝအလျောက်ပေါက်နေသော သစ်ပင်တို့လဲကျသွားခြင်းဖြင့် အမြစ်နေရာများမှ ဂူအပေါက်များဖြစ်နေကြကုန်၏။ ယင်းဂူအပေါက်များမှ လရောင်တို့သည် ယိုဖိတ်ကျလာကြကုန်၏။ လရောင်ရှိနေ၍သာ ပတ်ဝန်းကျင်အားလုံးကိုမြင်နိုင်ကြရသည်။ ဆက်လက်၍လျှောက်သွားသောအခါတွင်ကား ဂူတွင်းရှိအခန်းအကျယ်ကြီးတစ်နေရာကို ရောက်လေတော့၏။ ပေ(၁၀၀)ပတ်လည်မက ကျယ်ဝန်းသောဂူခန်းမကြီးထဲသို့ရောက်၏။ သို့သော်ငြားတွင်ကား ရေပြင်ဖြင့် အားလုံးဖုံးလွှမ်းထားပြီဖြစ်သည်။ သို့သော် ရေပြင်ကျယ်ကြီးများကား အငွေ့တစ်ထောင်း



www.burmeseclassic.com

www.burmeseclassic.com



ယောင်းထနေသော ရေပြင်ကျယ်ကြီးဖြစ်နေချေတော့သည်။

"အဘခေါင် ဒီဂူထဲမှာ ဘယ်သူကရေနွေးတွေလာထည့်ထားတာလဲဟင်"

ထူးထူးက အမောတကောမေး၏။

"ဟာ. . . ဘယ်ကလာ ရေနွေးတွေကမှာလဲ ကလေးရယ် ရေပူစမ်းကြီးတစ်ခုပေါ့၊ အဲဒီရေပူစမ်းထဲကို ကြက်ဥထည့်လိုက်ရင် ကြက်ဥပြုတ်ဖြစ်သွားမယ်ကွဲ့၊ လူဆိုရင်တော့ လူပြုတ်ဖြစ်သွားမှာပေါ့"

"ဟုတ်တယ် ညီမလေး၊ အဲဒီထဲစမ်းပြီး မဆင်းလိုက်နဲ့နော် လူစွပ်ပြုတ်ဖြစ်သွားမယ် သိလား"

"ဟင့်အင်း. . . အစ်ကိုနောင် အရင်ဆင်း"

"ရှေ့မှာလမ်းပိတ်နေပြီ အဘခေါင်၊ သားတို့ ဘယ်ကိုဆက်သွားမှာလဲဟင်"

"အဲဒါကို လမ်းပြဖို့ အဘခေါင်လိုက်လာတာ၊ ဒီရေပူစမ်းကိုဖြတ်ပြီး သွားနိုင်ဖို့အရေးကြီးတယ်၊ အဲဒါဖြတ်ပြီး ဟိုဘက်လမ်းအဆုံးရေတံခွန်ရောက်တဲ့အခါမှ ငါ့သားတို့သွားရမယ့်လမ်းဆုံးရောက်မယ်။ အဲဒီရေတံခွန်အောက်ရောက်မယ့်ဂူဟာ သခင်မလေးသွားရမယ့်၊ ရောက်ရမယ့် အဓိကနေရာပဲ၊ အဲဒီနေရာကို သခင်မလေးရောက်ဖို့အတွက် ငါ့သားက အကူအညီပေးရမယ်ကွဲ့"

"အကူအညီပေးတာတော့ ဟုတ်ပါပြီ အဘခေါင်ရယ်၊ ဒီရေပူစမ်းဖြတ်ဖို့ကတော့ သတ္တုလှေကလေးရမှဖြစ်မယ်ထင်တယ် အဘ"

"မလိုပါဘူး ငါ့သား၊ သူ့နေရာ သူ့အလျောက် လျှို့ဝှက်ချက်ရှိတယ်၊ အဲဒီလျှို့ဝှက်ချက်ရဲ့အဓိကသော့ချက်ကတော့ ဒီထဲမှာရှိတယ်။ အဲဒီသော့က တခြားမဟုတ်ဘူး၊ ညာတကုတ်ပဲ၊ အဲဒီ ညာတကုတ်က ပြဒါးနဲ့ပြုလုပ်ထားတယ်၊ အဲဒီပစ္စည်းကို ရွှေကြုတ်





ကြီးနဲ့အလုံထည့်ထားတယ်၊ အဲဒီရွှေကြုတ်အလေးအပင်ကို တင်ပြီး အသုံးပြုရင် လှေကားထစ်တစ်ထစ်အတွက် တစ်ခါသုံးရမယ်၊ အဲဒီနည်းနဲ့ ဟိုဘက်ကမ်းရောက်အောင်လုပ်ပေတော့"

"ဒါဆိုရင် ဒီအခန်းထဲကို သားဝင်တော့မယ်"

"ဟဲ့. . . ဟဲ့ အရမ်းမလုပ်နဲ့သားလေး၊ လူလိုသွားရင် ဓားစက်၊ လှံစက်ထိလိမ့်မယ်။ ခွေးလိုသွားမှ လွတ်မယ်မှတ်ထား"ဟု ပြောကာ ဖိုးသူတော်သည် တိုင်အကွယ်တွင်ပျောက်သွားလေတော့၏။

နောင်နောင်လည်း လေးဘက်ထောက်ကာ လျှို့ဝှက်အခန်းအတွင်းဝင်လေရာ ကျောမလွတ်၍ 'ဘုတ်'ခနဲထိလေတော့၏။

"အမယ်လေးဗျ"ဟု အော်သျက် နောင်နောင်ထထိုင်၏။

နောင်နောင်၏ကျောပေါ်သို့ ပန်းသီးတစ်လုံး'ဘုတ်ကနဲ' ကျကာလန့်နိုးခြင်းဖြစ်၏။

"ဟဲ့. . . နန်းကျောက်၊ ဘာလုပ်တာလဲ"

"အစ်ကိုနောင်ဘေးမှာ ပန်းသီးလေးလုံးတွေ့လို့ယူလိုက်တာလေ၊ အဲဒါအစ်ကိုနောင့်ခါးပေါ်ပြုတ်ကျလို့ အစ်ကိုနောင်နိုးတာ"

"အင်း. . . နန်းကျောက်က အစားပဲငန်းတာ၊ ဒီမဥ္ဇူသက ပန်းတော့မမြင်ဖူး"

"ဟုတ်တယ်. . . အဲဒါ ထူးထူးကိုပေးနော် အစ်ကိုနောင်"

"ပေးပါ့မယ်ဗျာ. . . ပေးပါ့မယ်၊ ဒါပေမဲ့ အဲဒီပန်းဘယ်သိုရသလဲလို့တော့ မမေးတော့ဘူးလား"

"ပန်းရပြီးရင်တော့ မေးမှာပေါ့ အစ်ကိုနောင်ရဲ့"

"ကဲ. . . ပန်းပေးပါပြီတဲ့ဗျာ"

"ယူပါပြီတဲ့ရှင်"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၁)

“ပန်းသီးကို ညီမလေးတစ်ယောက်ထဲ မစားပါဘူး၊ ရော့ အစ်ကိုနောင်လည်း တစ်ဝက်စား”ဟု ပြောရင်း ပန်းသီး၏အလယ်တွင် ဓားမြှောင်ထည့်ကာ ခွဲလိုက်လေတော့၏။

“အို”

ထူးနှုတ်ခမ်းဖျားမှ အာမေဋိတ်သံ ထွက်သွား၏။

“ဘာဖြစ်သွားလဲ ညီမလေး”

“ပန်းသီးအတွင်းပိုင်းကို ကြည့်ပါလား အစ်ကိုနောင်ရဲ့”

“ဟယ်. . . ဟုတ်တယ်ဟော့၊ ညီမလေးက အသည်းတစ်ခုကို တစ်ခြမ်းစီခွဲထုတ်ပစ်လိုက်ပြီ”

“ဒါက အဓိပ္ပာယ်ကောက်ချင်သလို ကောက်လို့ရတယ် အစ်ကိုနောင်၊ ညီမလေးဟာ ညီမလေး အသည်းတွေကို ခွဲခြမ်းပြီး လူသားတွေအမျိုးအတွက် ပြန်သုံးလိုက်တယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ယူရင်ရတာပေါ့နော်”

“ကဲပါ. . . စိတ်သာရှင်စေဘုရားဟောလို့ ယူဆပြီး ဘုရားဆေး၊ တရားဆေး၊ သံဃာဆေးလို့ အဓိဋ္ဌာန်တင်စားလိုက်ကြပေတော့”





နောင်နောင်သည် ပြောပြောဆိုဆို ပန်းသီးကို တစ်ကိုက်ကိုက်လိုက်၏။ ကြက်သီးတွေ တဖြန်းဖြန်းထကာ ပုခုံးကိုဆတ်ကနဲ ဆတ်ကနဲတွန့်လိုက်သည်။

“ဘာဖြစ်တာလဲ အစ်ကိုနောင်”

“ညီမလေး တစ်ကိုက်,ကိုက်ကြည့်လေ”

ထူးထူးလည်း ကြက်သီးဖြန်းဖြန်းထ၏။

“ဒါ. . . အဘခေါင်ပေးတာထင်တယ်၊ ဟုတ်သလား အစ်ကိုနောင်”

“ဟုတ်တယ် ညီမလေးရဲ့ အဘခေါင်ဆိုတဲ့ ဘိုးသူတော်ကြီးက နေရာအနှံ့ခေါ်သွားတာပဲ၊ ဒီဂူက ဉာဏကုတ်ဂူအစစ်မဟုတ်ဘူးဆိုပြီးတော့ ဉာဏကုတ်ဂူအစစ်ရှိတဲ့နေရာ ခေါ်သွားတာပဲ၊ ဒါပေမဲ့ ရှေ့ဆက်သွားလို့မရတော့ဘဲ အငွေ့တစ်ထောင်းထောင်းထနေတဲ့ ရေပူစမ်းအိုင်ကြီးကိုရောက်တော့ အဲဒီရေအိုင်ကြီးကိုဖြတ်ဖို့ လှေကားထစ်တွေပေါ်အောင်လို့ ဉာဏကုတ်ထည့်ထားတဲ့ ရွှေကြုတ်ကြီးရဲ့အကူအညီသုံးရမယ်လို့ပြောတာပဲ ညီမလေးရဲ့”

“ဒါဆိုရင် ဒီဉာဏကုတ်ရွှေကြုတ်ကြီးကော အစ်ကိုနောင် မတွေ့ဘူးလားဟင်”

“အဲဒီမှာ ဒုက္ခရောက်တော့တာပဲ ညီမလေးရဲ့”

“ဘယ်လိုဒုက္ခရောက်သွားတာလဲဟင်”

“ဒီလို ညီမလေးရဲ့ဒီလို ဉာဏကုတ်နဲ့ ရွှေကြုတ်ထားတဲ့ အခန်းကို အဘခေါင်ပြတယ်၊ အဲဒီအခန်းထဲကို ဝင်မယ်လုပ်တော့ အစ်ကိုနောင့်ကို ဖမ်းဆွဲထားပြီး ပြောတယ်သိလား၊ ‘ငါ့သား အဲဒီအခန်းဝင်ရင် လုံ့စက်၊ ဓားစက်တွေထိမယ်၊ လူလိုဝင်မသွားနဲ့ ခွေးလိုဝင်လို့ပြောတယ်’ ဒါကြောင့် အစ်ကိုနောင်လည်း လေးဘက်ထောက်ဝင်တာဘဲ၊ ဒါတောင် ခါးကိုထိဖြစ်အောင်ထိပြီး လန့်နိုးတော့တာပဲဟော့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ အစ်ကိုနောင်က ခွေးလိုသွားရုံပဲ သွားပြတာ၊ ဟောင်မှ ဟောင်မပြဘဲ ခေါင်းကိုထိမှာပေါ့လို့"

နောင်နောင်လည်း ထူးနန္ဒာခေါင်းကိုပုတ်လျက်. . .

"နောက်တစ်ခါဆိုရင် ဟောဒီခွေးမလေးခေါ် သွားရမယ်၊ ဟောင်တဲ့နေရာမှာတော့ နိုးတူးပဲမဟုတ်လား"

"ဟုတ်တယ် ဘာဖြစ်လဲ၊ အခုကိုက်တဲ့နေရာမှာလည်း နိုးတူးပဲ"

ဟု ဆိုကာ နောင်နောင်လက်မောင်းကို ဖမ်းကိုက်လေတော့သည်။

"မှတ်ပြီလား၊ သူများမသိဘဲ သူယောင်တောထဲသွား၊ ပန်းတွေခူး၊ ပန်းသီးတွေစားနဲ့ နောက်တစ်ခါဆိုရင် အကွင်းထင်အောင် ကိုက်ပစ်မယ်"

"ညီမလေးထူးကလည်းကွာ၊ အစ်ကိုနောင် ညီမလေးသင်ပေးတဲ့ စိတ်ရှက်လွင့်ခြင်းအတတ်ပညာနဲ့သွားတာ မဟုတ်ပါဘူးကွာ၊ အိပ်မက်အနေနဲ့ ရောက်တာပါ။ အခုလည်း တကယ်သွားကြရဦးမှာ မဟုတ်လား၊ အဲဒီအခါကျတော့ ညီမလေးရော အစ်ကိုနောင်ရောအတူ ပန်းတွေ အသီးတွေခူးကြမယ်လေ၊ လုပ်. . ပြင်ဆင်တော့"

"အသာနေဦး အစ်ကိုနောင်၊ ဒီပန်းသီးကို လိုက်မဲ့သူတွေကို အကုန်ကျွေးထားကြ၊ ဒါကအနည်းဆုံး ခွန်နှစ်ရက်တိတိ အစားမစားဘဲနေနိုင်တဲ့ ပန်းသီးပဲ၊ အာဟာရသိဒ္ဓိပါတယ်လေ၊ မဇ္ဈုသကပန်းကိုတော့ ဘုရားတင်လိုက်ဦးမယ်"

"ကြွတော်မူပါ သခင်မလေး"

"အစ်ကိုနောင်နော် အဘခေါင်က အကုန်သင်ပေးလိုက်ပြီမဟုတ်လား"

"မဟုတ်ရပါဘူးဗျာ၊ အစ်ကိုနောင်ဖာသာ ခေါ်ကြည့်တာပါ"





"မှန်ပါ့ နောင်တော်ဘုရား"

ထိုစဉ် ဘဘစပ်သီဟနန္ဒာရောက်လာပြီး . . .

"အံမယ် ဒီမောင်နှမ သခင်မလေးတွေ၊ နောင်တော်တွေနဲ့ . . . .

"သမီးက ပြန်စတာပါ။ ကဲ. . သမီး ဘုရားဂူထဲခဏသွားလိုက်ဦးမယ်နော် ဘဘ"

"အော်. . . သမီးက မဇ္ဈုသကတွေကိုရနေပြီဆိုတော့ ဉာဏကုတ်ရွှေကြုတ်လည်း ရနေပြီပေါ့နော်"

"ဘဘက ဘယ်လိုလုပ်သိသလဲ"

"ဘခေါင်ကို ဘဘလည်းခင်ပါတယ် သမီးရယ်၊ ဒါပေမဲ့ ဒီဖိုးသူတော်ကြီးက သစ္စာတအားကြီးတယ်၊ ထူးနန္ဒာမှ ထူးနန္ဒာ ထင်နေတာ၊ ဘဘကို ဘယ်တော့မှမခေါ်ဘူး၊ မပြဘူး၊ မပေးဘူးလေ"

ထူးနန္ဒာ အံ့သြဟန်ပြလျက်. . .

"ဘဘကိုသာ မပြောဘူး မပြဘူးလို့ သူကပြောတာ၊ အခု အစ်ကိုနောင်ကျတော့ သွားရမယ့်လမ်းတွေကို လုပ်ရမယ့်နည်းတွေကို အကုန်ပြတယ်လေ ဘယ့်နှယ့်လုပ်မလဲ"

"ဟုတ်လား သမီးလေးထူး၊ သားကြီးနောင်နောင်က သွားရမယ့်လမ်း၊ လုပ်ရမယ့်နည်းတွေကို အကုန်သိပြီဟုတ်ရဲ့လား"

"ညီမလေးထူး ဘာတွေလျှောက်ပြောနေတာလဲ၊ ဘုရားခန်းထဲသွားတော့"ဟု ပြောကာနှင်လွှတ်လိုက်၏။

"နောင်နောင်က အိပ်မက်တာပါ ဘဘစပ်သီဟနန္ဒာ၊ အဲဒါကို ထူးနန္ဒာက လျှောက်ပြောနေတာ"

"ကဲပါ. . . အဲဒီအိပ်မက်အကြောင်း ပြောပြပါဦး၊ ဘဘ နားထောင်ကြည့်ချင်တယ်"

"တချို့မှတ်မိပြီး၊ တချို့မေ့သွားတယ်သိလား. . . ဘဘ၊



www.burmeseclassic.com

www.burmeseclassic.com



နောင်နောင် မှတ်မိသမျှပြောပြပါ့မယ် ဘဘ”

ဟု ဆိုကာ နောင်နောင်သည် ဂူထဲရှိညာတကုတ်ယူနည်း လှေကားထစ်များပေါ်လာအောင်လုပ်နည်းတို့ ချန်လှပ်ကာအကုန် ပြောပြလိုက်၏။

“အင်း. . . သားကြီးအိပ်မက်က သိပ်မပြည့်စုံဘူးကွဲ့”

“ဟုတ်တယ် ဘဘရဲ့၊ အရေးကြီးတဲ့အပိုင်းတွေ သားမေ့သွားတယ်လေ၊ သူတို့ကလည်း တမင်မေ့အောင်လုပ်ထားတယ် ထင်ပါရဲ့”

နောင်နောင်က မေးစေ့ကိုပွတ်လျက်၊ စဉ်းစဉ်းစားစား ပြောလိုက်သည်။

ဘဘစပ်သီဟနန္ဒာလည်း ပုတီးကို တစ်ချောက်ချောက် စိပ်ရင်း ဆက်ထွက်သွားတော့သည်။

ထူးနန္ဒာ ဘုရားခန်းထဲမှထွက်လာပြီး တိုးတိုးမေး၏။

“အစ်ကိုနောင် ထူးထူးရဲ့ ဘဘကိုမယုံလို့ ထူးထူးတို့လုပ်ရမယ့်အလုပ်တွေကို လျှို့ဝှက်ထားရတာလားဟင် အစ်ကိုနောင်”

“မဟုတ်ပါဘူး ညီမလေးရာ၊ အစ်ကိုနောင်တို့ပြောနေချိန်မှာ တခြားသူတွေရှိတယ်လေ၊ သူတို့ကြားသွားရင် အစ်ကိုနောင်တို့ လျှို့ဝှက်ကိစ္စတွေရန်သူသိနိုင်တာပေါ့”

“ပြီးရော. . . ပြီးရော ညီမလေးအထင်က အစ်ကိုနောင်တစ်ယောက် ဘဘစပ်သီဟနန္ဒာကိုပါ မယုံတော့ဘူးလားလို့ပါ”

“ယုံပါတယ် ညီမလေးရဲ့”

အားလုံး ညလုပ်ငန်းစဉ်အတွက် ပြင်ဆင်နေကြသည်။ ညာတကုတ်ရွှေကြုတ်သည် အတော်အတန်ကြီးမားပြီး လေးပင်မည်ဟုယူဆသောကြောင့် ထမ်းမည့်ထမ်းပိုးနှစ်ချောင်း၊ ရွှေကြုတ်ချည်နှောင်ရမည့် ကြိုးများအားလုံးပြင်ကြ၏။

“အခုည ခရီးထွက်ရင်၊ ထူးထူးအပြင် ဉာဏ်ဝင်းနဲ့မောင်





အောင်ရယ်၊ ဉာဏ်ထွန်းရယ်လိုက်ခဲ့၊ ကိုယ်တို့လေးယောက်က ရွှေကြုတ်ကို ပခုံးနဲ့ထမ်းရမယ်၊ လိုအပ်မယ့် လက်နှိပ်မီးတွေ အခင်းနဲ့ ခြုံစောင်တွေယူခဲ့၊ ရိက္ခာတော့ မယူတော့ဘူး၊ ဒီပန်းသီးကို တစ်ယောက်တစ်ကိုက်စီ စားကြတော့”

“ဒါလေးနဲ့ ဘယ်ဗိုက်ဝပါ့မလဲ နောင်နောင်ရယ်၊ ဉာဏ်ထွန်းဆိုရင် ထမင်းငါးပန်းကန်လောက်စားတဲ့ဉစ္စာ”

“ကဲပါကွာ၊ စမ်းစားကြည့်စမ်းပါဦး၊ နောက်တစ်ပတ်လောက်နေမှ ဒီပန်းသီးရဲ့အစွမ်းကိုသိမယ်၊ အခု ကိုယ့်ဗိုက်ကို စိတ်မချတဲ့သူက ထမင်းထပ်စားကြည့်၊ စားကြည့်ချင်စိတ်ကိုမရှိဘူး ဖြစ်နေမှာသေချာတယ်”

အားလုံးကိုယ်စီကိုယ်ငှ အလုပ်ရှုပ်လျက်ရှိနေကြသည်။

နောင်နောင်နှင့် ထူးထူးကတော့ ဘုရားဆောင်ဂူတွင် တရားထိုင်နေကြသည်။ ဘဘစပ်သီဟနန္ဒာကား စိပ်ပုတီးတစ်ချောက်ချောက်စိပ်လျက် ဂူ၏အခန်းကျယ်ကြီးအတွင်းခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေသည်။

ညသည် မှောင်ရမည့်အစား လင်းသည်ထက်လင်းလာသည်။ လမင်းကြီးကား ခေါင်းပေါ်တည့်တည့်ရောက်လုပေပြီ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၂)

ဆင်မင်းတောင်သို့သွားစဉ် ညာဏ်ဝင်းက ရှေ့ဆုံးမှသွား၍ လမ်း(၂)ခါလွဲသွားသောကြောင့် အချိန်လင့်ကုန်ကြသည်။

"ဒါဆို မောင်အောင် ရှေ့ဆုံးကသွားကွာ"

မောင်အောင်ကို ရှေ့တင်၍သွားသောအခါတွင်လည်း လမ်းလွဲနေပြန်သည်။

"ငါ့သား ထူးနန္ဒာကို ရှေ့ဆုံးကသွားခိုင်း"

တီးတိုးလေသံတစ်ခု နောင်နောင်၏နားမှလာ၍ကပ်ပြောသကဲ့သို့ကြားရ၏။

ထိုအချိန်ထိ နောင်နောင်သဘောမပေါက်သေးချေ။ လေးခါလောက်လမ်းလွဲပြီးသောအခါ. . .

"ထူးထူးကို ရှေ့ဆုံးကထားပြီး သွားခိုင်း၊ ငါပြောသလို မလုပ်ရင် သားကြီးတို့ ဒုက္ခတွေ့တော့မယ်"

"ဘုရား. . ဘုရား၊ ဒါအဘခေါင်အသံပဲ"ဟု နောင်နောင် တိတိပပသိလိုက်ချေပြီ။

"ညီမလေးထူး ဒီကိုလာဟော့၊ အစ်ကိုနောင်နဲ့ ရှေ့ဆုံးက နေသွားရအောင်"





ထူးထူး ရှေ့တက်လာ၏။ နောင်နောင်က ထူးထူးနောက်မှကပ်လျှက်လိုက်၏။ အန္တရာယ်ရှိက ချက်ခြင်းကာကွယ်နိုင်အောင် ပိုင့်တူးတူးပစ္စတိုကို ခါးမှာချိတ်ထားရာမှ အသင့်ကိုင်ထားလိုက်၏။

"အစ်ကိုနောင်က ဒီတော ဒီတောင်မှာက အန္တရာယ်တွေ့မယ်ထင်လို့မို့ သေနတ်တကားကားလုပ်နေရတာလားဟင်"

"ဩော်. . . ညီမလေးကိုရှေ့ဆုံးမှာတင်ထားတာဆိုတော့ အစ်ကိုနောင် စိတ်ပူပြီး သေနတ်တပြင်ပြင်လုပ်နေရတာပေါ့ကွယ်"

"အမယ်လေး. . . အစ်ကိုနောင်ရယ်၊ ဒီတောမှာက ဘာအန္တရာယ်မှမရှိဘူး၊ လမ်းကလည်း အလွယ်ကလေးပဲ၊ မဥ္ဇူသဏပန်းရဲ့အနံ့အတိုင်း အနံ့ခံပြီးလိုက်သွားရင် လမ်းကိုမမှားတော့ဘူးမှတ်"

"ဩော်. . . အနံ့ခံပြီးသွားတာကိုး၊ ညီမလေးက အနံ့ခံတော့ စပယ်ရှယ်ပဲဟော့"

"အစ်ကိုနောင်နော်. . . သူများကို ခွေးလို့ပြောလိုက်တာပဲသိလား၊ အဲဒီလိုပြောရင် လက်မောင်းကိုအကွင်းလိုက်ကိုက်ပစ်လိုက်မယ်သိလား"

"အမယ်လေးဗျာ. . . မကိုက်ပါနဲ့ဗျာ၊ ချက်ပတ်လည်ဆေးထိုးနေရပါဦးမယ်"

"အစ်ကိုနောင်နော်၊ ဒါသက်သက်မဲ့ သူများကိုခွေးမလေးဆိုပြီးနှိမ်တာပဲ၊ တော်ပြီရှေ့ကနေမသွားတော့ဘူး"

ဟု ပြောပြောဆိုဆိုဘေးမှာရှိသော ညောင်မြစ်ကြီးတစ်ခုပေါ်သွားထိုင်နေလိုက်သည်။ ထိုစဉ် ရှေ့ကွေ့အနားရှိချုံတစ်ခုသည် 'ရှဲကနဲ' 'ရှဲကနဲ'လှုပ်သွား၏။

"ယော. . . ကြားသလား ညီမလေး"

"ဘာလဲ. . . သူရဲလို့ပြောဦးမလို့မဟုတ်လား၊ မဟုတ်ဘူး အစ်ကိုနောင်ရဲ့ အဲဒါဖိုးသူတော်ကြီး အဘခေါင်လေး ထူးထူးတို့ ရှေ့ကနေလမ်းပြသွားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ ညီမလေးက မဥ္ဇူသကပန်းနဲ့ခံပြီး သွားတာဆို"

"ရှေ့ဆို မျောက်ငိုလျှိုထဲဆင်းရတော့မှာ အစ်ကိုနောင်ရဲ့ အဲဒီလျှိုအနိမ့်ထဲဆိုရင် ပန်းနဲ့ဘယ်ရတော့မလဲ၊ ဒါဆို အဘခေါင် ရှေ့ကလမ်းပြပေးမှ လမ်းမှန်ရောက်တော့မှာပေါ့"

"သိပါပြီတဲ့ဗျာ"

"ကဲ. . . သစ်သီးတောထဲရောက်ပြီ၊ အစ်ကိုနောင် ကြိုက်တဲ့ပန်းသီးတို့၊ စပျစ်သီးတို့ခူးလေ၊ မာလကာ၊ ငှက်ပျော၊ ပိန္နဲအကုန်ရှိတယ်၊ ကြိုက်တာခူးထည့်ခဲ့"

"အစ်ကိုနောင် မမြင်ဖူးကွယ်၊ ညီမလေးသာ အဘခေါင်ကို ခွင့်တောင်းပြီး လိုအပ်သလောက်ခူးခဲ့ပေါ့"

မျောက်ငိုလျှိုမှ ဆင်းကြသောအခါ ထူးနန္ဒာကရှေ့ဆုံးမှာနေပြီး တစ်ယောက်ခါးကို တစ်ယောက်ကိုင်ကာဆင်းကြရသည်။ လှုစီးမိးရထားတွဲကြီး တောင်ပေါ်မှဆင်းလာသည်နှင့်တူလှ၏။

"ဖြည်းဖြည်းဆင်းကြနော်၊ တစ်ထစ်ချင်းသာ မလွဲအောင် ဆင်းကြ၊ လွဲရင်မှောက်လျက်လဲပြီး ခေါင်းပေါက်သွားကျိုးဖြစ်မှာ သေချာတယ်"

ဟု ထူးထူးက ပြောလိုက်ရာ . . .

"ဟုတ်ကဲ့ပါ မမ"

ဟု နောင်နောင်က ပြောလိုက်သဖြင့် ကျန်လူများကလည်း သံပြိုင်ပြောကြရာ . . .

"အစ်ကိုနောင်နော်"

ဟု ပြောရင်း တတောင်ဖြင့် အတွက်ခံရတော့သည်။

"ကဲ. ဂူဝရောက်ပြီ အစ်ကိုနောင်"ဟု ထူးထူးက ပြောလျှင် ပြောချင်း နောင်နောင်သည် ဂူတံခါးဖွင့်သည်။ ကျောက်မောင်းတံကို ဆွဲဖိချလိုက်၏။ ရေများ တဝုန်းဝုန်းစီးနေသော ချောင်းပေါ်သို့ ယင်းတံခါးသည် တံတားအဖြစ်ကျဆင်းသွားတော့သည်။





"ကဲ. . . ဒီတံတားကို မြန်မြန်ဖြတ်ကူးကြပြီးရင် တံခါးကို ပြန်ပိတ်မယ်"

ဒီတစ်ခါကျတော့ ထူးထူးကိုယ်တိုင်ဝင်ပြောခြင်းဖြစ်၏။ ဟိုဘက်ကမ်းရောက်သောအခါ ဂူနံရံရှိ ကျောက်တုံးတစ်တုံးကို ဖွင့်လျက် အထဲရှိဘုကိုနှိပ်ချလိုက်လေရာ . . .

တကျိကျိတအိအိမြည်လျက် တံတားကြီးမြောက်တက်လာလျက် ဂူတံခါးကို အလိုအလျောက်ပိတ်လျက်သားဖြစ်သွားတော့သည်။ အမှန်တော့ ထိုခလုပ်နှိပ်၍ပိတ်လိုက်ပါက အပြင်ဘက်ရှိ ယခင်ဖွင့်ခဲ့သော မောင်းတံဖြင့် တံခါးပြန်ဖွင့်က မရတော့ပေ။

"ထူးထူးက ဒီခလုတ်တွေ ဘယ်လိုသိသလဲဟင်၊ အဘခေါင်က အဲဒီခလုတ်တွေကို အစ်ကိုနောင်ကို မပြပေါင်"

"အဘခေါင်က ဘယ်ပြလိမ့်မလဲ အစ်ကိုနောင်ကလဲ၊ သူကိုယ်တိုင်က အဲဒီခလုတ်ကို မသိဘူး"

"ဗုဒ္ဓေါ. . . ဒါဆို ညီမလေးက ဘယ်လိုလုပ်ပြီး သိသလဲ ဟင်"

ထူးနန္ဒာမေးစေ့လေးပွတ်ကာ စဉ်းစားရင်းပြောလိုက်သည်။

"အစ်ကိုနောင်ပြောတဲ့ ဈာန်အင်္ဂါငါးပါးနဲ့ပြည့်စုံတဲ့အထိ သမာဓိရသွားရင် အတိတ်ကဖြစ်ခဲ့တာတွေ ပြန်မြင်နိုင်တယ်ဆို၊ ညီမလေးလဲ တရားထိုင်ပြီး သမာဓိထူးတွေရနေလို့နေမှာပေါ့ အစ်ကိုနောင်"

"ဟုတ်ပါ့ဗျာ၊ သမထလုပ်ငန်းအောင်မြင်ပြီး သမာဓိတရားကို တည်ငြိမ်အောင်ဆောက်တည်နိုင်ရင် သိသင့်တာသိတယ်လို့ ဘုရားဟောဇာတ်တော်တစ်ချို့မှာ အတိအလင်းပြဆိုထားတယ် ညီမလေး"

"ဘာပဲဖြစ်ဖြစ် လူတွေရဲ့ဦးနှောက်ထဲမှာ မကြာသေး



www.burmeseclassic.com

www.burmeseclassic.com



သော ဘဝဟောင်းတစ်ခုရဲ့ မှတ်ဉာဏ်တွေလည်း အလိုလိုရှိနေတတ်တယ် အစ်ကိုနောင်၊ ဒါကလည်း ထူးခြားတဲ့တွေ့ကြုံမှုတွေနဲ့ ပတ်သက်တဲ့ မှတ်ဉာဏ်ကိုပြောတာပါ အစ်ကိုနောင်"

"ဟုတ်တယ် ညီမလေး၊ ထူးခြားတဲ့ မှတ်ဉာဏ်ကသာ ဘဝအဆက်ဦးနှောက် (Net work)နက်ဝါက်ထဲမှာ သိမ်းထားပေးတာ မထူးခြားရင်တော့ ပြီးခဲ့တဲ့နှစ်က ကိစ္စတောင် မေ့မောတတ်တာပဲ ကဲ. . . ညီမလေးကိုမေးမယ်၊ ညီမလေး လွန်ခဲ့တဲ့တစ်ပတ်တာ မနက်စာကို ဘာဟင်းနဲ့စားခဲ့သလဲ"

ဟု ကောက်ကာငင်ကာမေး၏။

"ဟင့်အင်း"ဟု ထူးနန္ဒာက ဖြေ၏။

"ဒါဆို ညီမလေးသဘောပေါက်လောက်ပါပြီ၊ ညာတကုတ်အခန်းကျရင်လည်း ညီမလေးပဲ ဝင်ယူတော့သိလား"

စကားတပြောပြောနှင့် လာကြရာ ညာတကုတ်အခန်းရှေ့သို့ရောက်လာ၏။ ထိုအခန်းရှေ့ရောက်သောအခါ နောင်နောင်လည်း ဉာဏ်ထွန်းလက်ရှိထမ်းပိုးတစ်ချောင်းကိုယူကာ ညာတကုတ်အခန်းပေါက်ဝအလယ်သို့ ထိုးထည့်လိုက်၏။ လုံ့စက်၊ ခေါးစက်ကြီးသည် တံခါးဘောင်ဘေးထဲရှိအပေါက်များကထွက်လျက် ထမ်းပိုးကိုလာ၍ တဒုတ်ဒုတ်စိုက်ကုန်ကြတော့၏။

"တွေ့လား ညီမလေး၊ ဘယ်နေရာကနေ လုံ့စက်၊ ခေါးစက်လွှတ်တယ်ဆိုတာ အစ်ကိုနောင်ပြမယ် ကြည့်"

နောင်နောင်က ထမ်းပိုးကို နေရာအပြည့်ရွှေ့ပြောင်းကာထားကြည့်၏။ တစ်နေရာ၌ ထမ်းပိုးတွင် လုံ့စက်၊ ခေါးစက်တို့ လုံးဝဝင်လာခြင်းမရှိတော့။

"တွေ့လား ညီမလေး၊ အဲဒီနေရာ အဲဒီအမြင့်လောက်နဲ့ပဲ မှောက်လျက်ဝင်သွားပေတော့ပေါ့"

"ညီမလေး ဝင်ရမှာနော်"

ကြည်လှမောင်စာပေ



"ညီမလေး ကျွမ်းကျင်တဲ့ ဂူဆိုတော့ ညီမလေးပဲ ဝင်သွားရမှာပေါ့"

ဟု နောင်နောင်စကားပြော၍ မဆုံးသေး၊ ထူးနန္ဒာအတွင်းသို့ရောက်သွား၏။ အတွင်းသို့ဝင်သွားပြီး (၁၅)မိနစ်ခန့်ကြာသွားသောအခါ. . .

"အစ်ကိုနောင်တို့ ဝင်ခဲ့ကြတော့ လုံ့စက်၊ ခေါးစက်တွေ ရှင်းပြီးပြီ"

ဟုတ်သည်။ နောင်နောင်မှ ထမ်းပိုးဖြင့် စမ်းသပ်ကြည့်ရာ လုံ့စက်၊ ခေါးစက်တို့ လာမစိုက်တော့ချေ။

"အစ်ကိုနောင်က ညီမလေးကို မယုံသေးလို့ စမ်းကြည့်တာပေါ့နော်"

"သေချာအောင်လို့ပါ ညီမလေးရာ"

လက်နှိပ်ဓာတ်မီးထိုး၍ ဝင်သွားသောအခါ အတွင်းပိုင်းတွင် ထူးနန္ဒာက ကြုံ့ကြုံ့ကလေးထိုင်နေရှာ၏။

"ဟိုနံရံမှာရှိတဲ့ ဘုကလေးကိုလှည့်လိုက်တာပဲ အစ်ကိုနောင်"

"ညီမလေးက ဘယ်လိုခလုတ်နှိပ်သလဲ၊ အဲဒီလုံ့စက်၊ ခေါးစက်ရပ်တဲ့ ခလုတ်နေရာက မတ်တပ်ရပ်ပြီး နှိပ်ရတာဆိုတော့ သိပ်ခက်မှာပေါ့"

"အဲဒီနားကို မှောက်လျက်သွားပြီး ခလုတ်ဘုကို ယူသွားတဲ့ ထမ်းပိုးနဲ့လှမ်းဖိလှည့်လိုက်တော့ အဲဒီနားမှာ လုံ့စက်၊ ခေါးစက်တွေ ရှင်းသွားတယ်လေ၊ အဲဒီအခါ မတ်တပ်ရပ်ပြီး ဘုကိုလှည့်လိုက်တာပေါ့"

"ဒါတွေအကုန်သိတာ အံ့သြစရာပဲနော်"

"အစ်ကိုနောင်ပြောတဲ့ ပါရမီမှတ်ဉာဏ်ပေါ့ အစ်ကိုနောင်ရဲ့"

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အုံးကနဲအသံကြီးနဲ့ပအတူ ဂူကြီးသိမ့်ကနဲ လှုပ်သွား၏။

"အရည်းကြီးအဖွဲ့တွေလား၊ ရန်သူအဖွဲ့တွေလား၊ ဂူဝတို ဖွင့်ဖို့ကြိုးစားကုန်ကြပြီ အစ်ကိုနောင်"

"အေးဟေ့. . . ငါတို့က ရေပူအိုင်ကိုဖြတ်ကျော်ပြီးဖြစ်လို့ အရေးကြီးတယ် လာကြဟေ့"

"ဟုအော်ခေါ်ရင်း ညာတကုတ်နှင့် ရွှေကြုတ်ရှိရာအခန်း၏အတွင်းပိုင်းသို့ ဝင်လိုက်သွားလေတော့ စပယ်ပွင့်တို့ဖြူဖွေးနေအောင်ပွင့်နေသည့် စံပယ်ရုံကြီး(၄)ရုံကို တွေ့လိုက်ရလေတော့သည်။

ဂူအတွင်းထဲတွင် စံပယ်တို့လှိုင်သင်းနေအောင် ပွင့်နေသောကြောင့် အလွန်အံ့ဩနေမိသည်။

အပြင်မှာ ပွင့်နေကျစံပယ်ပွင့်တို့ထက် (၂)ဆခန့်အပွင့်ကြီးပြီး မွှေးရနံ့လွန်စွာကြိုင်သင်းလှသော အခန်းကြီးသည် နောင်နောင်တို့၏စိတ်များကို လန်းဆန်းအောင်ပြုပြင်ပေးလိုက်ချေပြီ။

ဂူအပြင်ဘက် ထိုရေပူစမ်း ဟိုဘက်ရောက်သောအခါ လျှို့ဝှက်တံခါးမှထွက်ကာ ဂူ၏လျှို့ဝှက်ထွက်ပေါက်ကိုပိတ်သည်။

ရန်သူတို့ကား ဂူတံခါးကို 'တအုန်းအုန်း'သစ်လုံးများ ထမ်းပိုး၍တိုက်ကာ ထုဖွင့်နေကြလျက် . . .။

◆ ◆ ◆



## အခန်း(၄၃)

"အဘခေါင်ပြောတာက ရွှေကြုတ်၊ အခုနောင်နောင် တွေ့တာက ငွေရောင်တပြောင်ပြောင်နဲ့ရုပ်ထုကြီးတစ်ခုဖြစ်နေပါလား"

"အဲဒါ ပြဒါးကို ခဲထားတာလေ အစ်ကိုနောင်ရဲ့"

"ဟာ. . . ညီမလေးကလည်း ပြဒါးဆိုတာ အရည်နဲ့အငွေ့ဘဝမှာပဲနေတာ၊ အခဲဘဝမနေဘူးလို့ အစ်ကိုနောင် လေ့လာဖူးတယ်လေ"

"ဒါက မြန်မာရဲ့ရှေးဟောင်းအဂ္ဂိရိတ်ပညာ တစ်နည်းပြောရရင် ရှေးအကျဆုံး သိပ္ပံပညာပေါ့၊ အစ်ကိုနောင်တို့ ခေတ်မီသိပ္ပံနည်းတွေလိုက်မမီတဲ့ ရှေးဟောင်းပညာရပ်တွေအများကြီးထဲကပဲလို့ အမှတ်ထားလိုက်ပေတော့"

နောင်နောင် တအံ့တဩနှင့် ရုပ်ထုကြီးအား လေ့လာကြည့်လိုက်သည်။

ပြဒါးကို ဤကဲ့သို့သော အခဲအနေအထားကို တစ်ကြိမ်မှ မတွေ့ဘူးပေ။ ပြဒါးဟူသည်မှာကား သိပ်သည်းခြင်း (Density) အများဆုံးဖြစ်၏။ ရွှေသည်ကား အလေးဆုံးအရာဟုထင်ရသော်လည်း ပြဒါးထက် သိပ်သည်းခြင်းနည်းပေ၏။ ပြဒါးအရည်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ရွှေတုံးများကို ထည့်လိုက်ပါက ပေါလောပေါ်လျက်ရှိနေကြောင်း တွေ့ရပေသည်။

“ဒီညာတကုတ်ရုပ်တုက သိဒ္ဓိကိစ္စပြီးအောင်ဖော်စပ်ထားတဲ့ ပြဒါးစပ်နဲ့ အရည်ကြိုပြီး သွန်းလုပ်ထားတာပေါ့၊ ဆရာတော်ကြီးတစ်ပါးရဲ့ ရုပ်တုပဲ အစ်ကိုနောင်”

“ကဲပါ. . . ဒီရုပ်တုက တန်ဖိုးရှိတာတော့ ဟုတ်ပါရဲ့၊ ဒီလူအင်အားနဲ့နိုင်အောင် ဘယ်လိုသယ်မလဲဟင် ညီမလေး”

“အစ်ကိုနောင်ကလည်း ရုပ်တုကိုသေချာစစ်ဆေးကြည့်ဝါဦး၊ အထဲမှာအခေါင်းပွကြီးလေ၊ လူနှစ်ယောက်ကောင်းကောင်းထမ်းနိုင်တာပေါ့”

ရုပ်တုကြီးအောက်သို့လက်များ ထမ်းပိုးများရှိထည့်၍ မ,ကြည့်ကြသည်။

“ဟုတ်တယ် ညီမလေးရဲ့၊ ရုပ်တုက အခေါင်းပွကြီး”ဟု ပြောရင်း နောင်နောင်မှ ရုပ်တု၏အခေါင်းပွအတွင်းသို့လက်တဆုံး နှိုက်ကြည့်လိုက်သည်။ အပေါ်ပိုင်းဦးခေါင်းထဲသို့ လက်နှိုက်မိ၏။

“အထဲမှာ တစ်ခုခုရှိနေတယ် ညီမလေးထူး”

“နှိုက်ယူရအောင် ရုပ်တုကိုစောင်းလိုက်ကြဟေ့”

တက်ညီလက်ညီဖြင့် ရုပ်တုကြီးကိုစောင်းထားစဉ် နောင်နောင်က လက်တဆုံးနှိုက်ယူလိုက်သည်။

“ဟာ. . . ရွှေသားပုရပိုဒ်တွေ”

ဟု ပြောရင်းနောင်နောင်ကယူ၍ ဖတ်ကြည့်လိုက်၏။

“ဟင်း. . . ဘာစာတွေလဲ မသိပါဘူး၊ ဖတ်လို့လဲ မတတ်ဘူး၊ ရှမ်းစာတွေလားဟင် ညီမလေး”

“မဟုတ်ဘူး အစ်ကိုနောင်၊ ဒါကပျူစာလို့ ထင်တာပဲ”

“ညီမလေး ဖတ်တတ်လား”

“ဖြည်းဖြည်းတော့ ကြိုးစားကြည့်ရမှာပဲ အစ်ကိုနောင်၊





အပြင်ဘက်ဂူတံခါးက ဖွင့်တဲ့ဘူတွေက ဒီရွှေပုရပိုဒ်ကိုလိုချင်ကြတဲ့သူတွေပဲ”

“ဒါတင်တော့မကလောက်ဘူး၊ ဟိုဘက်ကမ်းမှာလဲ ဒါထက်ထူးဆန်းတာတွေရှိနေဦးမှာ သိလား၊ အချိန်ဆွဲနေလို့မဖြစ်ဘူး၊ ဒီရုတ်တုကြီးကို သယ်ကြစို့”

“ညီမလေးကလည်းကွာ၊ အဖိုးတန်တဲ့ ရွှေပုရပိုဒ်ရပြီပဲဟာ၊ ဘာကြောင့် ပြဒါးစပ်ရုပ်တုကြီးကိုအလေးခံပြီး သယ်နေကြဦးမှာလဲ”

“အစ်ကိုနောင်ကလည်း အဘခေါင်ပြောတာမေ့နေပြီထင်တယ်၊ ဒီပြဒါးရုပ်တုကြီးကို အသုံးပြုရမယ့်ကိစ္စလဲရှိသေးတယ်လေ”

“မီးစင်ကြည့်ကရတော့မှာပေါ့၊ ရှေ့ဂူဝကို ပြန်ထွက်လို့မှ မရတော့ဘဲဟာ၊ ရှေ့ဂူဝကနေ အဘခေါင်ရဲ့လူတွေများ သက်သက်လာနောက်နေတာလားမှ မသိတာ”

“မဟုတ်ဘူး၊ အစ်ကိုနောင်ကလည်း အဲဒီလူတွေဟာ ဒီပုရပိုဒ်ကိုရအောင်ယူ၊ သံသေ၊ ဓာတ်သေတွေလုပ်၊ လူတွေကို အဲဒီအစွမ်းသတ္တိတွေပြပြီး စည်းရုံးသိမ်းသွင်း၊ စည်းရုံးသိမ်းသွင်းလို့ ရရင် သူတို့ရဲ့ ဘာသာအယူဝါဒကို ထူထောင်မယ်လေ”

“ဘာ. . . ဘာသာ၊ ဘာ. . . အယူဝါဒလဲ ညီမလေး”

“အရည်းကြီး ဘာသာ၊ အရည်းကြီး အယူဝါဒပေါ့”

“အရည်းကြီးဝါဒဆိုတာက ရေငုပ်၊ မီးလျှို၊ တုံးခုန်၊ ဇယ်ခတ်ပေါ့ ဟုတ်လား”

“ဒါက သူတို့ရဲ့အဓိကအကျဆုံးရည်မှန်းချက် မဟုတ်သေးဘူးလေ”

“ဒါဆို ညီမလေးသိသလောက်ပြောပြစမ်းပါဦး”

“ကိလေသာဆိုတဲ့ အညစ်အကြေးတွေ၊ အကုသိုလ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



တရားတွေကို ခန္ဓာငါးပါးအခြေခံပြီး သီလ၊ သမာဓိ၊ ပညာနဲ့ အကုသိုလ်မီးငြိမ်းအောင် ဆောင်ရွက်စရာမလိုဘူး၊ ခုနပြောတဲ့ ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ်ဆိုတာကို ချွေးထွက်အောင်လုပ်လိုက်၊ ချွေးထွက်သွားရင် အကုသိုလ်ကင်းရော၊ ကိလေသာကင်းရောတဲ့ အရှည်းကြီးဝါဒအခြေခံပဲ"

"လွယ်လှချည်လား ညီမလေးရဲ့"

"နောက် ဗုဒ္ဓဘုရားရဲ့ ဗုဒ္ဓဘာသာတော်မှာ အလွယ်လမ်းလိုက်ချင်တဲ့သူတွေကို အပေါ်ယံတန်ခိုးသိဒ္ဓိတွေနဲ့ စည်းရုံးသိမ်းသွင်းပြီး အရှည်းကြီးဘာသာထူထောင်ကြမှာလေ။ ဒီအကြောင်းတွေ အေးအေးဆေးဆေးကျတော့မှ ဆွေးနွေးကြတာပေါ့ အစ်ကိုနောင်"

"ကဲ. . ကဲ မောင်အောင်တို့ ဒီသံသေပြဒါးရုပ်တုကြီးကို ထမ်းပိုးနဲ့ထမ်းလို့ရအောင် ကြိုးနဲ့ဆိုင်းပြီး ချည်ကြဟေ့"

နောင်နောင်လောဆော်လိုက်သည်။

ရုပ်တုကြီးအား ခြင်းတောင်းကြိုးပတ်သလို(၄-၅)ပတ်ပတ်ချည်ကြ၏။

"အဲဒါက ငါ့အလုပ်မဟုတ်ဘူးဟေ့၊ မင်းတို့ မမလေးအလုပ် သူနားလည်မယ် ထင်တာပဲ"

"ညီမလေး သိသလောက်ပြောပြမယ်၊ အစ်ကိုနောင် ပြဒါးဆိုတာ ရေလိုပဲ၊ ဒြပ်ပစ္စည်းတိုင်းရဲ့ ဓာတ်ပေါင်းပစ္စည်းထဲမှာ အမြဲတမ်း တစ်စိတ်တစ်ဒေသပါတယ်"

"ဒါဆို လူ့အသားတို့၊ တိရစ္ဆာန်အသွေးအသားတို့ထဲမှာ ကော၊ လူ့အသွေးအသားထဲမှာကောပါတယ်၊ ပြဒါးဘီလူးဆိုတာ အဲဒါကိုခေါ်တာများလား မသိဘူးနော်"

"ကဲပါ. . . ခုနက စကားကိုဆက်စမ်းပါဦး"

"အဲဒါကိုဆက်ရင် ရုပ်ဖွဲ့စည်းပုံ၊ ဓာတ်ဖွဲ့စည်းပုံတွေရဲ့





ခွဲခြမ်းစိတ်ဖြာခြင်း သီအိုရီပါနည်းနည်းပြောပြဦးမှဖြစ်မှာ"

"ရှင်းပြပါဦး ဆရာမ"ဟု နောင်နောင်က ပျက်ချော်ချော်အသံသေးသေးဖြင့် အော်လိုက်၏။

"အစ်ကိုနောင် နောက်နေရင် ဆက်မပြောတော့ဘူး ဒါပဲ"

"ဘွာတေး. . . ဘွာတေး၊ အစ်ကိုနောင် အံ့သြလွန်းလို့ နောက်မိတာဆက်ပြော"

"ငြိမ်ငြိမ်နေ. . . ဒါပဲ၊ ဟောတော့. . . ခုနစကားတောင် ပျောက်သွားပြီ"

"အယ်နာလက်ဆစ် အော့ဖ်ဖစ်ဆစ် အယ်ကွန်ပေါင်းအင်န်ကယ်မီကယ်ကွန်ပေါင်းပါ ခင်ဗျ"

"ထူးထူးက အင်္ဂလိပ်လိုနားမလည်ပါဘူး၊ အစ်ကိုနောင်တို့သာ ဆရာဝန်ဆိုတော့ နားလည်မှာပေါ့"

"အလကားစတာပါကွာ၊ ဒါတွေကို ညီမလေးက ဘယ်က နေတတ်နေတာလဲလို့ အံ့သြလွန်းလို့ပါ"

"မသိဘူး အစ်ကိုနောင်၊ အရင်ကလည်း မဖတ်ဖူးဘူး၊ သိလည်း မသိဘူး၊ ဒီဂူထဲ ဒီအခန်းထဲရောက်မှပြောချင်နေတာ"

"အင်း. . . ဒီအခန်းထဲမှာရှိတဲ့ ဟိတ်လေ၊ တစ်နည်းပြောရရင် ရှေးပဝေသဏီကကျန်ခဲ့တဲ့ လှိုင်းတွေဟာစွမ်းအင်တည်မြဲမှုနိယာမအတိုင်း မပျောက်မပျက်ဘဲ ဒီအတိုင်းရှိနေခဲ့တာနေမှာဘဲ၊ အဲဒီလှိုင်းတွေဟာ ဟိတ်အဖြစ်နဲ့ ထူးထူးရဲ့ကိုယ်ခန္ဓာက လှိုင်းတွေနဲ့သွားပေါင်းပြီး ဒီဟာကနေ စွမ်းအင်ပြောင်းလဲပြီး စကားသံအဖြစ်ထွက်လာတာနေမှာပေါ့"

"ဟုတ်တယ်လေ အစ်ကိုနောင်၊ ညီမလေး ပြောချင်တဲ့ အထဲမှာ ဒီအချက်တွေလည်းပါတယ်။ အစ်ကိုနောင် စဉ်းစားကြည့်လေ၊ ပြဒါးနဲ့ ရွှေပဲကြည့်၊ သူတို့ရဲ့အက်တမ်တစ်ခုစီရဲ့ဖွဲ့စည်းပုံမှာ ဓာတုဗေဒနည်းအရဆိုရင် ဗေလင်စီတစ်ခုစီပဲကွာတယ်တဲ့။ ပြဒါး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အက်တမ်ပါလမ်းထဲကနေ အီလက်ထရွန်တစ်ခုတိုက်ထုတ်လိုက်ရင် ရွှေဖြစ်သွားတယ်၊ အဲဒါအဏုဗိဇ္ဇာရဲ့အစပဲ ဟုတ်တယ်မို့လား"

"အင်း. . . ဆက်ပြောပါဦး"

"ဒီထက်မြင့်တဲ့ အဏုဗိဇ္ဇာဓာတ်သေပစ္စည်းတစ်ခုရတဲ့အခါ ဒီဓာတ်သေပစ္စည်းနဲ့တို့လိုက်တာနဲ့ ထိမိတဲ့ ကြေး၊ သံ၊ သတ္တုတွေဟာ ရွှေဖြစ်ကုန်တယ်ဆိုတာ ပုဂံခေတ်ရာဇဝင်တွေ၊ အရှင်အဋ္ဌဂေါဏလက်ထက်မှာ အထင်အရှားရှိခဲ့တာပဲ အစ်ကိုနောင်"

"အင်း. . . ပုဂံရာဇဝင်ပါလာလို့ထင်တယ်၊ အစ်ကိုနောင်တို့ တုတ်ထမ်းရတော့မယ်၊ တုတ်နဲ့ရှိုးပြီး ရုပ်တုကြီးကိုထမ်းရမယ်ပြောတာလေ"

"အဲဒီနည်းတူပဲ လူသားတွေဟာ နည်းပညာတိုးတက်လာတဲ့အခါ မိမိမှာရှိတဲ့ပစ္စည်းကို အဲဒီအထဲက ရုပ်ပစ္စည်းတွေ၊ ဓာတ်ပစ္စည်းတွေကို တစ်ဆင့်ခြင်း၊ ပြောင်းယူပြီး လိုချင်တဲ့ပစ္စည်းကိုလုပ်လို့ရတယ်၊ ဖန်ဆင်းရှင်ခေတ်ကိုရောက်တာပဲ"

"လူတွေ ဒီတစ်ကမ္ဘာမပျက်ခင်မှာပဲ၊ အဲဒီခေတ်ရောက်ဦးမှာလား ညီမလေး"

"ရောက်ရမှာပေါ့ အစ်ကိုနောင်ရာ၊ ပဒေသာပင်ခေတ်ဆိုတာ အဲဒီခေတ်ပေါ့၊ မြောက်ကျွန်းမှာက လိုချင်တဲ့ပစ္စည်းကို ပဒေသာပင်ကနေ ခူးယူလိုက်ရုံပဲ၊ ဇမ္ဗူဒိပါလက်ယာတောင်ကျွန်းနိမိတ်ထွန်းတဲ့၊ ဒီကျွန်းမှာတော့ လက်နဲ့ဝှေ့ဝိုက်ပြလိုက်ပြီး လိုချင်တဲ့ပစ္စည်းကို ပြောင်းယူလိုက်ရုံပဲ"

"အင်း. . . အစ်ကိုနောင် ရေးရေးတော့ သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ရှင်းရှင်းလင်းလင်း မသိသေးဘူး ညီမလေး"

"အစ်ကိုနောင်ကလည်း သစ်ပင်စိုက်ပျိုးတာပဲကြည့်လေ၊ တောထဲက အပင်ရိုင်းတွေပေါ် အဖူးမြှုပ်ပြီး ပန်းသီး,သီးအောင်





လုပ်တယ်၊ ရှောက်သီးနဲ့ သံပုရာပေါင်းပြီး သံပုရာသီးအကြီးကြီးတွေ သီးနိုင်းတယ်။ နှင်းဆီပင်တစ်ပင်ထဲကနေ နှင်းဆီအရောင်စုံပွင့်နိုင်းတယ်။ သရက်တစ်ပင်ထဲကနေ ဖူးနေတဲ့အကိုင်း၊ မှည့်နေတဲ့အကိုင်း၊ သီးနေတဲ့အကိုင်း မျိုးစုံဖန်ဆင်းလို့ရနေပြီလေ"

"ဒါတော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ သစ်သားကို သံလုပ်လို့မရသေးဘူး၊ သံကို သစ်သားလုပ်လို့ မရသေးဘူး"

"ဒါကလည်း အစ်ကိုနောင်ရာ သစ်သားထဲက ဒြပ်ပေါင်းတွေ မလိုတာထုတ်လိုတဲ့ သံဓာတ်ပေါင်းအတွက် ဟိတ်ရှိတဲ့ သိဒ္ဓိပစ္စည်းတစ်ခုခုကနေယူလိုက်ရင် သံဖြစ်သွားတာပဲ၊ အဲဒီကနေ လိုအပ်တဲ့ ပုံဆောင်ရအောင်လုပ်တော့တာပေါ့"

နောင်နောင် ကိုယ့်နဖူးကိုယ်ထုလိုက်သည်။

"သေပါတော့ကွာ"

"ဘာဖြစ်တာလဲ အစ်ကိုနောင်"

"အစ်ကိုနောင်တို့ ရအောင်သယ်ရမှာက ညာတကုတ်ရွှေကြုတ်လေ၊ အခုရတာက ညာတကုတ်ရုပ်တုကြီးဖြစ်နေတယ်လေ၊ ညာတကုတ်ရွှေကြုတ်က ဘယ်လမ်း ဘယ်စခန်းမှာလဲ မသိ"

"ဟုတ်ပါရဲ့ ညီမလေးလဲ မေ့နေလိုက်တာ"

"ဒါဆို ဘယ်လိုစီစဉ်မလဲ ညီမလေး"

"ညီမလေးတို့ အလုပ်လုပ်ကြရဦးမှာပေါ့"

"ဘာအလုပ်လဲ ညီမလေးရဲ့"

"သမထအလုပ်တစ်ခု စလိုက်ကြရအောင်"

နှစ်ယောက်သား ထက်ဝယ်ဖွဲ့ခွေထိုင်ကြလျက် လက်ကလေးနှစ်ဖက်ပေါင်ပေါ်ယှက်တင်ထားပြီး ခါးကိုမတ်လျက်၊ ဝင်လေလေး ဝင်ခြင်းအမှန်၊ ထွက်လေလေး ထွက်ခြင်းအမှန်ကို အာရုံပြုနေလိုက်ကြရလေတော့သည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၄)

ထက်ဝယ်ဖွဲ့ခွေ တင်ပလ္လင်ခွေနေသော နောင်နောင်နှင့် ထူးထူးတို့နှစ်ယောက်အနက် နောင်နောင်က အရင်ဦးဆုံးထလိုက်သည်။

"ဒီဘက်ထောင့်မှာတော့ ကြုတ်မည်းမည်းကြီးတစ်ခုတွေ့တာပဲ"

"ဟုတ်တယ် အစ်ကိုနောင်၊ အမြင်အာရုံတွေ အတော်သန့်လာပြီပဲ၊ အဲဒီကြုတ်မည်းမည်းကြီးက ဗီဇာတကုတ်ပုံတော်ကြီးထည့်တဲ့ကြုတ်ကြီးပေါ့"

ထူးနန္ဒာက ကြုတ်ကြီးရှိသောနေရာကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

"အဘခေါင်ပြောတော့ ရွှေကြုတ်ဆို၊ အခုဘာကြောင့် ကြုတ်မည်းမည်းကြီးဖြစ်နေရတာလဲ ညီမလေး"

"အဲဒီအနေအထား မည်းမည်းအတုံးကြီးက ရွှေနဲ့ဂုဏ်သတ္တိအကုန်တူတဲ့ ကိတ်ပဲ အစ်ကိုနောင်၊ ကိတ်ဆိုတာ အဂ္ဂိရတ်အခေါ်အဝေါ်ပေါ့၊ အဲဒီကိတ်ဆိုတဲ့ပစ္စည်းဟာ အသက်ခါတ်အားလို့ခေါ်တဲ့ အာယုခါတ်ကိုမြှင့်ပေးတယ်လေ"





"ဒါဆို အဲဒီကိတ်အတုံးကြီး ရေစိမ်သောက်ရင် အစ်ကိုနောင်တို့အသက်ရှည်မှာပေါ့နော်"

"ဒီလောက်နဲ့လဲ ခရီးဆုံးမဟုတ်သေးဘူး အစ်ကိုနောင်ရဲ့၊ ကိတ်ကနေ ရွှေပြာစီရင်နိုင်ရမယ်၊ အဲဒီရွှေပြာရတော့မှ ကွမ်းရိုးတစ်တို့တို့ယူပြီး ပျားရည်တစ်ပုလင်းနဲ့ရောရတာ ပျားရည်နဲ့ အဲဒီရွှေပြာရောလိုက်ရင် ရွှေပြာဟာ အာယုခါတ်မြှင့်ပေးနိုင်တဲ့ ပြာဟုတ်,မဟုတ်ကြည့်ရုံနဲ့သိနိုင်တယ် အစ်ကိုနောင်"

"ဆူပွက်ပြီး တက်လာတော့တာပဲလား"

"တအားကြီး ဆူပွက်တက်လာတာမျိုးတော့မဟုတ်ဘူး၊ နည်းနည်းအမြှုပ်တွေတက်လာမယ်၊ တချို့အာယုခါတ်ရှည်ရုံပဲရတဲ့ရွှေပြာဆိုရင် ပျားရည်က အဝါရောင်ကနေ အကြည်ဖြစ်သွားတယ်၊ အာယုခါတ်သိပ်မြှင့်နိုင်တဲ့ ရွှေပြာဆိုရင်တော့ ပျားရည်က နွားနို့လိုဖြူသွားရတယ် သိလား၊ အဲဒီပျားရည်မျိုးစီရင်ပြီး အာယုသိဒ္ဓိပြီးအောင်နေကြတာ အစ်ကိုနောင်ရဲ့၊ အာဟာရဆိုတာက စားသောက်လိုက်ရင်စွန့်ပစ်ရတဲ့ ပစ္စည်းတွေအများကြီးပဲ၊ အာဟာရသိဒ္ဓိပြီးတဲ့အရာကျတော့ စွန့်ပစ်စရာမလိုတော့ဘူး၊ အိမ်သာတက်အပေါ့စွန့် ဘာမှမလိုတော့ဘူး။ ကရိကထ ဘယ်လောက်နည်းသလဲ။ အဲဒါကြောင့် ဂူအောင်းပြီး သိဒ္ဓိလမ်းကျင့်ကြံအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီလိုသိဒ္ဓိဝင်ပစ္စည်းတွေကို ရှာနေတာပေါ့"

"ကဲ... ညီမလေး ပြောတဲ့ဘက်က ရွှေကြုတ်ကို အစ်ကိုနောင်လက်နဲ့လဲ တို့ထိကြည့်လို့မရပါလားဟ၊ ဒါကြီးက ထင်ယောင်ထင်မှားဖြစ်ရုံများပြနေတာလားဟင်"

"ဒါကတော့ အစ်ကိုနောင်ရာ၊ သူတို့ ပြိတ္တာဘုံမှာရှိတဲ့ အချို့ပုဂ္ဂိုလ်တွေဟာ ကမ္မဇိဒ္ဓိရှိတယ်လေ၊ အဲဒါကို အသုံးပြုပြီး လူတွေ မမြင်နိုင်တဲ့ လိုင်းအဖြစ် ဖန်တီးထားရင်ရတာပေါ့"

"ဩော်... အစ်ကိုနောင်တို့ လူသာမန်တွေရဲ့မျက်စိဟာ



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းအလျား လေးထောင်အစ်စထရောင်းကနေ ခွန်နှစ်ထောင် အစ်စထရောင်းအထိပဲ မြင်ရတယ်လေ၊ အဲဒီထက်-လေးထောင် အစ်စထရောင်းထက်နိမ့်တဲ့ လှိုင်းတွေကော ခွန်နှစ်ထောင်အစ်စ ထရောင်းထက်မြင့်တဲ့·လှိုင်းတွေကောကို ဘယ်သူမှမမြင်နိုင်ဘူးလေ"

"အခုထိတော့ အစ်ကိုနောင်ရဲ့သိပ္ပံပညာက ရှေးဟောင်း ပညာရပ်တွေ၊ သိဒ္ဓိပညာတွေကို ဖြေရှင်းလို့ရနေသေးတာပေါ့လေ၊ ဒါကထက် နက်နဲရင်တော့ အစ်ကိုနောင့်ပညာရပ်တွေ ရှင်းနိုင်မှာ မဟုတ်တော့ပါဘူး"

"အဲဒီလို မတွေးနဲ့ညီမလေးရဲ့၊ လောကကြီးမှာအကြောင်း တရားနဲ့ကင်းတဲ့ အကျိုးတရားဆိုတာ လုံးဝမရှိဘူးတဲ့။ သိပ္ပံပညာ ဆိုတာအကြောင်းတရားနဲ့ အကျိုးတရားနှစ်ခုကို ဆက်စပ်ပေးတဲ့ ကြားခံတစ်ခုပဲပေါ့လေ။ အခုလည်း ညာတကုတ်နဲ့ ရွှေကြုတ် ဘယ် လိုဆက်စပ်ကြမလဲဟင်"

"ဒါကတော့ သံသေပြဒါးနဲ့ကိတ်ကို ထိပေးရမှာပဲ အစ်ကို နောင်၊ ညီမလေးတော့ ဒီရုပ်တုကြီးကို မ,ပြီး အဲဒီရွှေကြုတ်နဲ့ထိ ကပ်လိုက်ချင်တာပဲ"

"ကဲ. . . ကဲ မောင်အောင်တို့အဖွဲ့လာကြဟေ့ လာကြ"

အားလုံးထမ်းပိုးကို ကိုင်တဲ့သူက ကိုင်၊ ကြိုးကို ကိုင်ပင့်သူ က ကိုင်ကာ ညာတကုတ်ရုပ်တုကြီးအား တက်ညီလက်ညီရွှေ့ကာ ကပ်လိုက်ကြသည်။

"ရွှေကြုတ်. . . အဲလေ ယောင်လို့ ကိတ်ကြုတ်ကြီးနဲ့ထိပြီ လား ညီမလေး"

"နည်းနည်းကပ်ဦး အစ်ကိုနောင်၊ ထိမိရင် အစ်ကိုနောင် ပြောသလိုပဲ အကျိုးတရားတစ်ခုကို မျက်ဝါးထင်ထင်မြင်ရမှာပေါ့"

'ကလပ်. . . ခွမ်'ခနဲ သတ္တုနှစ်ခုတိုက်ထိသည့်အသံပေါ် လာသည်။





"ဟယ်. . . ရွှေတုံးကြီးဟ"

"ဗုဒ္ဓေါ"

ဟုတ်ပေသည်။ နောင်နောင်တို့ ယောင်ယမ်း၍အော်မည် ဆိုလည်း အော်လောက်ပေသည်။ ရွှေရောင်ဝင်းနေသော ညာတ ကုတ်ရွှေကြုတ်ကြီးမှာကား ရိုးရိုးရွှေတုံးများကဲ့သို့မဟုတ်ဘဲ အခန်း တစ်ခန်းလုံးအား အဝါရောင်များထွန်းလင်းလာစေသည်မှာ မျက် ဝါးထင်ထင်ဖြစ်ပေတော့သည်။

"ဇမ္ဗူရာဇ်၏ရွှေလား၊ သိင်္ဂီရွှေလား၊ နရဏီရွှေလား အစ်ကိုနောင်တော့ မခွဲတတ်ပါဘူး၊ ဒါပေမဲ့ ရွှေဝါရောင်တွေ ထွန်း လင်းအောင် တောက်ပတဲ့ အဲဒီလိုရွှေမျိုးတော့ ဒီတစ်သက်မတွေ့ ဘူးတာ အမှန်ပဲဟေ့"

"ဟုတ်တယ် အစ်ကိုနောင်၊ ဒီရွှေကတစ်မျိုးပဲ၊ ကိုင်ကြည့် ရင်လဲ ပျော့အိအိတွဲတွဲလေး"

မောင်အောင်တို့အဖွဲ့က ညာတကုတ်ရွှေကြုတ်အနားထိ တိုးကပ်ကြည့် ပြောပြသည်။

"ဟုတ်တယ် ညီမလေး"

" Hundred percent gold တောင် ဒီလောက်မပျော့ဘူး ကြည့်စမ်း"

"ဒါက အင်္ဂရိတ်ရွှေရဲ့ နောက်ဆုံးအဆင့်လေ အစ်ကိုနောင် ရဲ့၊ ဒီရွှေလေးတစ်ရွေးသားနဲ့ ကြေးတစ်ပိဿာရောလိုက်ရင် ရွှေ ဖြစ်တယ်လေ၊ အဲဒီရွှေလို ရှင်အဋ္ဌဂေါဏလုပ်ပေးတဲ့ အင်္ဂရိတ်ရွှေ တွေနဲ့ မုဆိုးမတွေတောင် ဘုရားတည်ကြတယ်လို့ ပုဂံရာဇဝင်မှာ ဆိုထားတာပဲ"

"ကဲ. . . ဒီရွှေရဲ့တန်ဖိုးကတော့ ဟုတ်ပါပြီ ညီမလေးရယ်၊ ညာတကုတ်ပြဒါးရုပ်ကြီးက တစ်ခု၊ ညာတကုတ်ရွှေကြုတ်ကြီးက တစ်ခု ဘယ်လိုသယ်ကြမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး တစ်ခုတော့ စမ်းသပ်ကြည့်ချင်တယ် အစ်ကိုနောင်"

"ပြော"

"ဒီညာတကုတ် ပြဒါးရုပ်တုကြီးမှာ ထမ်းပိုးချည်ထားတာတွေ ပြန်ဖြုတ်ပြီး ညာတကုတ်ရွှေကြုတ်ထဲ ထည့်စမ်းကြည့်ချင်တယ် အစ်ကိုနောင်"

"ဆန့်ပါ့မလား ညီမလေးရာ"

"စမ်းကြည့်သေးတာပေါ့၊ စမ်းမှ မစမ်းရသေးဘူး အစ်ကိုနောင်က လက်လျှော့ချင်နေပြီ"

"ကဲ. . . မမလေးသဘော၊ မမလေးသဘော"

"အရေးထဲ မဖောက်နဲ့နော် ဒါပဲ"

ဟု ချစ်စဖွယ်လက်ညှိုးကလေးထောင်လျက် ညာတကုတ်ပြဒါးရုပ်ကြီးရှိကြိုးများကို စတင်ဖြေလိုက်သည်။

"ကဲ. . . မောင်အောင်တို့အဖွဲ့လည်း မြန်မြန်ပြီးအောင်လုပ်ကွာ၊ တော်ကြာ ဂူဝကအကောင်တွေ ဂူတံခါးဖျက်ပြီး ဝင်လာလို့ ကွဲနေဦးမယ်"

"အမယ်လေး. . . အဲဒီအတွက်တော့ မပူနဲ့အစ်ကိုနောင်၊ ဒီဂူတံခါးက အမြောက်နဲ့ထုလို့တောင်ပွင့်မှာမဟုတ်ဘူး မှတ်ထား"

"မှတ်ထားလိုက်ပါ့မယ် မမလေး"

"ကဲ. . . နောက်ဦး"

"အမယ်လေး. . . ဗိုက်ကြောပြတ်ပါပြီခင်ဗျ"

အားလုံးကြိုးများဖြေပြီးသောအခါ ညာတကုတ်ရွှေကြုတ်ကြီးကိုမ,ရန် ကိုင်လိုက်ကြ၏။

"ဟာ. . . ပွတာပဲ၊ ဒီရွှေကြုတ်မှာက ကိုင်စရာလက်ကိုင်ကွင်းတွေပါတယ်ဟေ့"

ထိုစဉ် ထူးနန္ဒာက အရေးတကြီး ဝင်ပြော၏။

ကြည်လှမောင်စာပေ



"ညာတကုတ်ရွှေကြုတ်ကို မ,တဲ့အခါ ပြဒါးရုပ်တုကြီးနဲ့ မလွတ်စေနဲ့နော်၊ အဲဒီလို လွတ်သွားလိုက်ရင် ကွာသွားလိုက်ရင် ရွှေကြုတ်ကြီးပျောက်သွားမယ်၊ ပျောက်သွားရင် ဘယ်မှရှာလို့မရတော့ဘူးမှတ်"

"ကဲ. . . မင်းတို့ မမလေးပြောတဲ့အတိုင်း မလွတ်အောင်ထိကပ်ပြီး မ,တင်ကြ၊ ရွှေကြုတ်နဲ့ရုပ်တုနဲ့စွပ်မိအောင် အပေါ်ထိမ,ကြဟေ့"

ကိုင်စရာကွင်းကလေးတွေပါနေသောကြောင့် ရွှေကြုတ်ကို ကိုင်ထားရသည်မှာ တော်တော်လေးအဆင်တပြေရှိလှသည်။

"တစ်. . . နှစ်. . . သုံး မ,ကြဟေ့"

"အပေါ်ရောက်ပြီ အတည့်စွပ်"

"ကဲ. . . တစ်. . နှစ်. . သုံး ဖြည်းဖြည်းချင်းအောက်ကိုရွှေ့ချ၊ ငါဘက်က ထိထားမယ်"

"ဂျရစ်. . . ဂျရစ်"ဟု ဘေးမှ တိုက်မိသံနှင့်အတူ တဖြည်းဖြည်းချင်း ညာတကုတ်ရုပ်တုသည် ရွှေကြုတ်ကြီးထဲသို့ကျသွားသည်။

"ဟုတ်"ခနဲ လေများ ဟပ်သလိုခံစားလိုက်ရသည်။

"စွပ်မိသွားပြီဟေ့"

"ဟယ်. . . ရွှေရောင်ကနေ ငွေရောင်ပြောင်းသွားပြီဟ၊ ညာတကုတ်ရွှေကြုတ်ကလည်း ညာတကုတ်ငွေကြုတ်ဖြစ်သွားပြီ၊ ဘယ်နှယ့်ကြီးပါလိမ့်"

"ဒါကပြဒါးရဲ့သတ္တိက ကိတ်ရဲ့သတ္တိထက်မြင့်တဲ့အကြောင်းပြတာလေ အစ်ကိုနောင်၊ အစ်ကိုနောင်မှာရှိတဲ့ ရွှေထည်ပစ္စည်းတစ်ခုခုကို ပြဒါးနဲ့ပွတ်ကြည့်ပါလား၊ ရွှေရောင်က အလိုလိုနေရင်း ပြဒါးရောင်ပြောင်းသွားတာပဲလေ၊ နောက်ရက်အတော်ကြာတော့မှ ရွှေရောင်ပြန်ဖြစ်သွားတာ"

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . မောင်အောင်တို့ရေ၊ ဒီညာတကုတ်ရုပ်တုနဲ့ ညာတကုတ်ရွှေကြုတ်ထူးဆန်းတာတွေ၊ ငိုကာဖွင့်နေရုံနဲ့တင်မပြီးသေးဘူးဟေ့၊ တို့မှာ နောက်ကရန်သူတွေရှိသေးတယ်၊ ဒီရွှေကြုတ်ထမ်းဖို့ ချည်ကြ တုပ်ကြတော့"

"ဒီတစ်ခါ ချည်ရ တုပ်ရတာတော့ လွယ်ပါတယ် အစ်ကိုနောင်၊ ဘေးမှာ သံကွင်းတွေပါတယ်၊ အဲဒါနဲ့ ချည်လိုက်ရုံပဲပေါ့"

ဒုတိယအကြိမ်ဖြစ်နေ၍ မြန်ဆန်စွာ ချည်နှောင်တုတ်လိုက်ကြလေပြီ။

"ကဲ. . . ကဲ ထမ်းကြည့်ကြဦးစို့"

"ဟာ. . . ခုနက ညာတကုတ်ပြဒါးရုပ်တုအလေးချိန်လောက်ပဲ ပြန်ရှိနေတယ် အစ်ကိုနောင်၊ အမှန်ဆိုရင် ညာတကုတ်ရွှေကြုတ်ရဲ့အလေးချိန်ကောဆို နှစ်ဆလောက်လေးရမှာ။ အခုဆိုကြည့်. . . ကျွန်တော်တို့ နှစ်ယောက်ထဲနဲ့ ထမ်းနိုင်နေတယ် အံ့ဩရာပဲနော်"

"ဒါလဲ သိဒ္ဓိဝင်ပစ္စည်းတွေရဲ့ ဟိတ်တစ်မျိုးကြောင့်ပဲ အစ်ကိုနောင်၊ ဒါကြောင့် သီလ သမာဓိပြည့်စုံတဲ့ ဆရာတော်ကြီးတွေ ပန်းမွေ့ရာပေါ် နင်းလျှောက်တဲ့အခါ အလေးချိန်အရာထင်မသွားတာဟာလဲ ဒီဟိတ်ကြောင့်ပဲလေ၊ ဒီဟိတ်ဟာ သမာဓိအဆုံးစွန်ထိများတင်လိုက်ရင် ကောင်းကင်ပျံတက်နိုင်တဲ့ တန်ခိုးဈာန်အထိဖြစ်ထွန်းသွားတယ်လေ"

"ဒါဆို ဒီညာတကုတ်ရွှေကြုတ်က အပေါ်ထိအောင်များ ပျံနေဦးမှာလား ညီမလေး"

"ဒီအချိန်မှာတော့ ဒီလောက်အထိ မဖြစ်နိုင်သေးပါဘူး အစ်ကိုနောင်၊ နောင်တခြားဟိတ်တစ်ခုခုနဲ့တွေ့ရင်တော့ ခုနက ပြောသလို အဝေးထိပျံချင်လဲ ပျံမှာပေါ့လေ"

"အဲဒီလို အပေါ်ပျံရင်လဲကောင်းသား မမလေးရာ၊ ဒီရွှေ





ကြုတ်စီးပြီး ရေပူချောင်းကို ဖြတ်ကျော်သွားပစ်လိုက်မယ်"

"ငရဲကြီးကုန်ပါ့မယ် ကိုအောင်တို့ရာ၊ ဒီညာတကုတ်ပြဒါးရုပ်တုနဲ့ ညာတကုတ်ရွှေကြုတ်ရဲ့ ဟိတ်နဲ့ကိုအောင်တို့အခက်အခဲဖြစ်နေတဲ့ ရေပူချောင်းဖြတ်နိုင်ပါလိမ့်မယ်"

"မြန်မြန်ဖြတ်ဖို့ စီစဉ်ကြစို့ ညီမလေး၊ ရွှေ့ဂူဝကလည်း တအုံးအုံးနဲ့ထုနေပြီဟ"

◆◆◆

ဘယ်ဆိုတော့ ၁.

ရှေ့သို့ဆက်သူ

အဆောင်ဆောင်မှု. . အစ်ကိုနောင်က သိပ်အရဲကိုးတာပဲ ဖြည်း

သွားသည်။ အစ်ဆင့်ချင်းလုပ်မှပေါ့လို့"

များစီခါ "အမယ်လေး . . . ညီမလေးရာ၊ အစ်ကိုနောင်လည်း



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၅)

"ကဲဟေ့. . . ညာတကုတ်ရွှေကြုတ်ကြီးကို ဒီကမ်းစပ်ရွှေ့ခဲ့ကြ"

နောင်နောင်က ဦးဆောင်၍ရွှေ့လိုက်ကြသည်။

"ဒီကျောက်စွန်းလေးနားအထိရွှေ့ အစ်ကိုနောင်"

"ထောက်. . . ထောက်. . . ထောက်"ဟု အသံမြည်ကာ ရေပူချောင်းထဲအပေါ်သို့ တိုင်ငုပ်သုံးခုပေါ်တွင် တန်းလေးတင်ထားသော သစ္စာတိုင်များပေါ်လာသည်။

"ဟိုး တစ်တောင်ကျော်လောက်မှာ တိုင်ငုပ်ပေါ်လာတာတော့ ဟုတ်ပါပြီ၊ အဲဒီအပေါ်ကို ဘယ်လိုသွားကြမလဲဟင်"

"ဘေးနားမှာ ရှာကြည့်စမ်းပါဦး အစ်ကိုနောင်၊ ဒီတံပါတင်ပြီး ဖြတ်ဖို့ ပျဉ်ချပ်ဖြစ်ဖြစ်၊ သစ္စာချပ်ဖြစ်ဖြစ်အောင်များတော့ ရှိမှာပဲ"

"ဟာ. . . ဟုတ်တယ် မမလေးအထိ မဖြစ်နိုင်သေးပါဘူး အစ်ကိုနောင်၊ နောင်တခြားဟိတ်တစ်ခုခုနဲ့တွေ့ရင်တော့ ခုနကပြောသလို အဝေးထိပျံချင်လဲ ပျံမှာပေါ့လေ"

"အဲဒီလို အပေါ်ပျံရင်လဲကောင်းသား မမလေးရာ၊ ဒီရွှေ





သည်။ အကျယ်တစ်ပေခန့်ရှိသည်။ ရေပူချောင်း၏အကျယ်ထပ်ပိုနေသည်။

"လုံလောက်ပြီဟေ့၊ အဲဒီပျဉ်တစ်ချပ်ကို ခုနကထွက်လာတဲ့ ငုတ်ပေါ်နည်းနည်းတင် ညာတကုတ်ကို ရှေ့ပိုင်းရွှေ့"

အားလုံးထိန်းကိုင်ကာ ရွှေ့ရသည်။ နောက်ဘက်ရှိ ပျဉ်ပိုင်းတွင်လည်း လူများတက်ဖိထားရသည်။ ထိုသို့ဖိမထားက ပျဉ်ချပ်ထောင်ပြီး ညာတကုတ်ရွှေကြုတ်သာမက အပေါ်ရှိလူများအားလုံးရေပူချောင်းထဲအထိ ကျသွားမည်ဖြစ်သည်။ ပျဉ်ချပ်ကိုလည်း နှစ်ချပ်ကပ်၍ တင်ထားရသည်။ သို့မဟုတ် ညာတကုတ်နှင့် လူတို့အလေးချိန်ကြောင့် ပျဉ်ချပ်ကျိုးကျနိုင်ပေသည်။

"ကဲ. . . ညီမလေးနဲ့ ညာဏ်ဝင်းပျဉ်ချပ်နောက်ပိုင်းကို ဖိထား၊ လာကျန်တဲ့ကောင်တွေ ညာတကုတ်ရွှေကြုတ်ကို ထိန်းထားဖြည်းဖြည်းချင်းရှေ့ကိုရွှေ့"

"ထောက်. . . ထောက်. . . ထောက်"

"ဟူး. . . ဒေါက်တိုင်တစ်စုံအပေါ်တက်လာဖို့ကို တော်တော်အားစိုက်ရတယ်ဟေ့၊ မြန်မြန်လုပ်ကြ"

အားလုံးမခိုကပ်ဘဲ ချွေးတစ်ပြိုက်ပြိုက်ကျအောင် အားစိုက်ထုတ်လိုက်ရသည်။

စတုတ္တမြောက်ငုတ်ရှိသောနေရာရောက်သောအခါ နောင်နောင် ဟန်ချက်ပျက်ပြီး ရေထဲသို့အရှိန်လွန်မလိုဖြစ်သွားရာ မောင်အောင်က ခါးကိုဖမ်းဆွဲထားလိုက်ရသည်။

"အမယ်လေး. . . တော်သေးတာပေါ့ အစ်ကိုနောင်ရာ၊ အစ်ကိုနောင်သာ ရေထဲကျသွားရင်တော့ မလွယ်ဘူး"

"ဟုတ်ပ. . . အစ်ကိုနောင်က သိပ်အရဲကိုးတာပဲ၊ ဖြည်းဖြည်းချင်းတစ်ဆင့်ချင်းလုပ်မှပေါ့လို့"

"အမယ်လေး . . . ညီမလေးရာ၊ အစ်ကိုနောင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်ပါဘူး၊ ဒီမှာ ရင်ဖိုနေရတဲ့အထဲ ခဏနေကြပါဦးဟ"

"ကဲ. . . ဒါဆိုလဲ ညီမလေးကိုယ်တိုင်ရှေ့ကိုလာခဲ့မယ် အစ်ကိုနောင်ခဏနားပေါ့"

"မလုပ်ပါနဲ့ ညီမလေးရာ၊ အခုလဲ တစ်ဝက်လောက်ဦး နေပြီပဲဟာ၊ ခဏနေရင် ပြီးသွားတော့မှာပါ"

"ကဲ. . . သဘော. . .'သဘော"ဟု ပြောကာ ခဏထိုင်နားနေလိုက်ကြသည်။

ချွေးတပြိုက်ပြိုက်ကျအောင် ဆက်၍လှုပ်ရှားကြရသည်။

"ကဲ. . . ဟိုဘက်ကမ်းတော့ ဘေးမသီရန်မခဘဲ ရောက်ပြီဟေ့၊ ရှေ့ဆက်ဘာတွေ ရင်ဆိုင်ရဦးမလဲသာမသိတာ"

"မောင်အောင်တို့အဖွဲ့ နောက်ကပျဉ်ချပ်တွေပြန်ဖြုတ်ပြီး ဒီဘက်မှာအကုန်သိမ်းထားလိုက်ဦး၊ မတော်ရင် ဟိုအဖွဲ့တွေ ရောက်လာပြီး ဒီတံတားကနေကူးလာနေဦးမယ်"

မောင်အောင်နှင့် ညာဏ်ဝင်းတို့တံတားပေါ်တက်သွားပြီး ပျဉ်ချပ်တွေကို လက်ဆင့်ကမ်းသယ်ဖို့လုပ်ကြသည်။

"ဟိုး. . ညာတကုတ်အခန်းထဲ ပျဉ်ချပ်တွေပါ သွားသယ်ထားကြဟေ့"

သုံးယောက်သား အတော်ကလေးအလုပ်ရှုပ်သွားကြသည်။

"ကဲ. . . ပျဉ်ချပ်တွေတော့ အကုန်လုံး ဒီကမ်းပေါ်ရောက်လာပြီ၊ မောလို့ ခဏနားဦးမယ်ဟေ့၊ ခရီးမဆုံးသေးဘူး။ ဒီညာတကုတ်ဂူထဲက မြန်မြန်ထွက်နိုင်မှ အန္တရာယ်ကင်းမှာ"

ထိုစဉ် နောက်သို့မီးထိုးကြည့်ရာ ရေပူချောင်းထဲမှ တိုင်ငုတ်များ ပြန်ဝင်သွားသည်ကို တွေ့လိုက်ကြရသည်။ ညာတကုတ်ရှေကြုတ်ကြီးအား ထမ်းကာတဖြည်းဖြည်း တရွေ့ရွေ့ထွက်လာကြသည်။





"အစ်ကိုနောင် မီးကိုမြင့်အောင်ထိုးပါဦး၊ဗျ"

"အေးပါ. . . ကဲ ညီမလေးရဲ့ဓာတ်မီးပါထိုးဟေ့၊ အလင်းရောင်ရှိမှမဟုတ်ရင် ခလုတ်တိုက်လဲပြီး ရှေကြုတ်ကွဲသွားမှအခက်" ဟု

တစ်နာရီခန့် ခက်ခက်ခဲခဲလျှောက်လာကြသည်။

"ဟာ. . . ဒီဘက်မှာ လမ်းနှစ်ခွဖြစ်နေတယ်၊ ဘယ်ဘက်လမ်းက ကျယ်တယ်၊ အပေါ်တက်ရမယ်၊ ညာဘက်လမ်းဂူကျဉ်းတယ်၊ ဒါပေမဲ့ မြေအညီဆိုတော့ မပင်ပန်းဘူး၊ အဲဒါ ဘယ်လမ်းဆက်လိုက်ရမလဲ ညီမလေး"

"အမယ်လေး. . . အစ်ကိုနောင်ကလဲ ညီမလေးကိုများ တန်ခိုးရှင်အောက်မေ့နေလား မသိဘူး၊ အစ်ကိုနောင်လည်း အမြင်အာရုံရှိနေပြီပဲဟာ၊ အဲဒါနဲ့ဆုံးဖြတ်ချက်ယူရမှာပေါ့"

နောင်နောင် အချိန်ဆိုင်းမနေတော့ဘဲ၊ ဂူနှစ်လမ်းဆုံတွင် တင်ပလ္လင်ခွေကာ ထိုင်လိုက်သည်။ ဂူနှစ်ခု၏အလယ်တည့်တည့်နေရာသို့မျက်နှာမူကာ သမာဓိအာရုံရယူလိုက်ရသည်။ အဘခေါင်၏ရုပ်ပုံပေါ်လာသည်။

"အဘခေါင်"ဟု စိတ်ထဲမှ တိုးတိုးရေရွတ်လိုက်သည်။ နောင်နောင်စိတ်ထဲတွင်လည်း အားတက်လာကာ ကြက်သီးမွေးညင်းများလည်း တဖျင်းဖျင်းထလာသည်။

"အဘခေါင်နောက်မှာ ပါတဲ့သမီးဟာ ရှင်မွန်လှရဲ့ရံရွေတော်စောနုပဲ ငါ့သား၊ သူကဆက်ပြီး လမ်းပြပေးလိမ့်မယ်"ဟု ပြောလျက် အဘခေါင်လည်း နောင်နောင့်မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

"နောင်တော်စပ်နောင်လှ. . . ကျွန်တော်မ သွားရာလမ်းအတိုင်းသာလိုက်ခဲ့ပါ"

ဟု ဆိုလျ[illegible]ယ်ဘက်လမ်းသို့ တက်သွားသည်။ နောင်နောင်မျက်လုံးကိုဖွင့်လိုက်တော့ ပိုးစုန်းကြူးလေးတစ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။

"ကဲ. . . အားလုံးဘယ်ဘက်လမ်းကနေ တက်ကြမယ်၊ အသင့်ပြင်ပော့"

"လမ်းစရပြီလား အစ်ကိုနောင်"

"ရပြီ ညီမလေး၊ အဘခေါင်နဲ့တွေ့တယ်လေ၊ စောနုဆိုတဲ့ ရှမ်းမလေးကို ညီမလေးကြားဖူးလား"

"သိတာပေါ့ အစ်ကိုနောင်ရဲ့ ရှင်မွန်လှရဲ့ ရံရွေတော်တစ်ဦးပဲ"

"ဩော် . . . ညီမလေးက အကုန်သိနေတော့တာပဲကိုး"

"ကဲ. . . ကဲ အားလုံး ဟိုရှေ့ကပိုးစုန်းကြူးနောက်ကို လိုက်ကြမယ်ဟော့"

အတက်လမ်းဆိုပေမယ့် ယောင်ယောင်လေးတက်ရသော အတတ်လမ်းမို့သာ တော်သေးသည်။ သို့မဟုတ်ပါက အားလုံးခြေကုန်လက်ပန်းကျကုန်နိုင်သည်။

တော်တော်လေး ထမ်းပြီးလျှောက်မိကြသောအခါ. . .

"ရှီးကနဲ" "ရှီးကနဲ"တိုးခွေ့သွားသော လေတိုးသံတွေကြားရသည်။

"အမယ်လေးဗျ. . . လင်းနို့ကြီးတွေ အကြီးကြီးဗျ"ဟု ဆိုတာ ဉာဏ်ဝင်းအော်သည်။

ဆက်၍လျှောက်မိသောအခါ တဖြည်းဖြည်းနဲ့ အပေါ်က မိုးစက်များ တဖျောဖျောကျလာနေသံကြားရသည်။

"ဟာ. . . ဂူထဲမှာ မိုးရွာတယ်ဟ"

"မဟုတ်ဘူး အစ်ကိုနောင်ရဲ့ မီးကို ခပ်စောင်းစောင်းထိုးပြီး ဂူအမိုးပေါ်ကိုကြည့်လိုက်"

"ဘုရားရေ. . . လင်းနို့တွေ ဂူအမိုးပေါ်မှာအပြည့်ပဲ၊ အတောင်တွေ သိန်းသောင်းချီပြီးရှိမယ်ထင်တယ်"

ကြည်လှမောင်စာပေ



"ဟုတ်တယ် အစ်ကိုနောင်၊ အဲဒါ ဘယ်သူမှအသံမထွက်ကြနဲ့ မီးကိုလည်း အပေါ်ကိုမထိုးကြနဲ့၊ ဒီနေရာကျော်အောင် မြန်မြန်လျှောက်၊ ဟိုဘက်ရောက်မှနားမယ်"

လင်းနို့များ သိန်းသောင်းချီသော ဂူအမိုးအမြင့်ကြီးကို ကျော်သွားသောအခါ ပြေပြစ်လာသည်။ အလင်းရောင်စိုစိုလေးလည်း မြင်နေရသည်။ ဂူထွက်ပေါက်ကို နီးနေသောအရိပ်အရောင်ပင်ဖြစ်ပေသည်။ စမ်းကျပေါက်ကလေးတစ်ခုသည် ဂူဘေးနံရံမှ တသွင်သွင်ကျနေသည်။ ညာတကုတ်ရွှေကြုတ်အား ပခုံးထက်မှချ၍နားကာ ရေများကို အငမ်းအရသောက်လိုက်ကြသည်။

"ကဲ. . . ခဏနားပြီးရင် လမ်းဆုံးရောက်အောင် ဆက်ထွက်ကြမယ်ဟော့"

နောင်နောင်ကပြော ်း ရှေ့မှဦးဆောင်ထွက်သွားသည်။

ယင်းဂူမှထွက် ရီခန့်လျှောက်လိုက်သောအခါ ဂူတံခါးကို ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ရောက်သေးဘဲ အခြားဂူပေါက်တ

လေးရေ၊ ရွှေကျည်း

ာ"

ျည်းဘောင်တွေက

ုတာပဲ၊ အနှစ်တစ်ထောင်ခံ

ုလဲ"

းသောအခါ တံခါးဘောင်များအခန်းခန်း

ှားဖွဲ့ထားသော ဂူနန်းအကျယ်ကြီးထဲရောက်ရှိ

ခြို့နံရံတို့တွင် ရွှေနှင့်အနားကွပ်ထားသော ရတနာ

ယထားသည်မှာ တဖျတ်ဖျတ်တစ်လက်လက်နှင့်ငြိမ်းနေသည်။

ကြည်လှမောင်စာပေ

www.burmeseclassic.com



"ဟာ. . . ငါတို့တော့ နန်းတော်တစ်ခုထဲရောက်နေပြီ"

"ဟာ. . . ရှေ့မှာ ရုပ်တုတစ်ခုဟ"

ရွှေသားအတိပြီးသော ရုပ်တုတစ်ခုဒူးတစ်ဖက်ထောင်ကာ ထိုင်နေသည်။ ကျောဝ်သင်းတိုင်းတစ်ခုခြုံထားပြီး သင်းပိုင်ပုံသဏ္ဍာန်ခါးဝတ်မှာ အလွန်တိုနုံနုံနိုင်လှသည်။ လည်ပင်း၌သဖန်းသီးအရွယ်ရှိ ပုတီးစေ့များပါသော ပုတီးတစ်ကုံးလွယ်ထားသည်။ ခေါင်း၌အလွန်ရှည်သော ဆံပင်နှင့် မေး၌ကား လက်လေးသစ်ခန့်ရှိ မုတ်ဆိတ်မွေးတို့ပါသော ရုပ်တုတစ်ခုကိုတွေ့ရသည်။

"ညီမလေး. . . ဒါ ဘာရုပ်တုကြီးလဲ"

"အရည်းကြီးရုပ်တုပဲ အစ်ကိုနောင်"

ရုပ်တုကြီးရှေ့တွင်လည်း သစ်သီးပွဲများ၊ အချိုပွဲများ အမွှေးတိုင်များ၊ ထမင်းဟင်းများ၊ အမဲသား၊ ငါးဟင်းလျာများ စုံစေအောင် ခင်းကျင်းထားသည်။ အငွေ့များတထောင်းထောင်းထလျက်ရှိသည်။

"အစ်ကိုနောင်. . . ညီမလေးတို့ လမ်းမှားလာခဲ့ကြပြီ"

"အစ်ကိုနောင်ကို အဘခေါင်ကိုယ်တိုင်ပြောတာပဲ၊ စောနနောက်လိုက်သွားဖို့ကို လက်ညှိုးထိုးပြလိုက်တာ"

"ပြိတ္တာဆိုတာ အမျိုးမျိုးဝင်စားလို့ရတယ် အစ်ကိုနောင်၊ သူက အစ်ကိုနောင်ကို အဘခေါင်ပုံဖမ်းပြီးလိမ်သွားတာ၊ သူတို့လည်း မျက်လှည့်တစ်မျိုးကို ဖန်တီးတတ်တယ်လေ၊ ဒီအရည်းကြီးရုပ်တုကြီးကနေ လိမ်ထားတာပဲ၊ ဒီရှေ့က အမဲသား၊ ငါး၊ အသီးအနှံတွေ အားလုံးအလိမ်တွေချည်းပဲ"

"ဒါဆို ဘာဆက်လုပ်မလဲ ညီမလေး"

"အားလုံးမှတ်ထားကြ၊ ခဏနေရင် ရုံရွှေတော်တွေထွက်လာလိမ့်မယ်၊ သူတို့ကျွေးတာတွေ တစ်ခုမှမစားကြနဲ့၊ အဲဒီထဲက စောနကို ညီမလေးကယ်ထုတ်ပြီး လမ်းပြဖို့ခိုင်းမယ်"





"ဘယ်လို ကယ်ထုတ်မလဲ ညီမလေး"

"စောနကတော့လိုက်ရဲမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ညီမလေးမှာ အစ်ကိုနောင်တို့ရထားဖူးတဲ့ လက်ကောက်ရှိတယ်၊ အဲဒါကိုသုံးပြီး သူ့ကိုကယ်ထုတ်ရမှာပဲ"

ထိုစဉ် "နောင်. . . ဒိုင်း. . . ဒူဝေဝေ"ဟု ကြေးစည် ခြူစသည်တို့နှင့် မောင်းသံကြားလိုက်ရသည်။

"အားလုံးမှတ်ထားကြ၊ ဘာမှမစားနဲ့ ဘာကိုမှမယူနဲ့၊ ဘာကိုမှ မတို့မထိကြနဲ့"

"ဟုတ်ကဲ့ မမလေး"

ကြီးမားသော ခန်းဆောင်တံခါးကြီးက ကျွီကနဲပွင့်လာသည်။ လှပသော နန်းတွင်းသူလေး (၂၀)ခန့် သစ်သီးအချိုပွဲများ ထမင်းနှင့်အမဲသားဟင်းလျာအုပ်များကိုင်လျက် အစီအရီစောင့်နေကြသည်။

အခန်းတစ်ခုလုံးတွင် စပယ်နံ့တို့ကြိုင်သင်းနေရာ မွှေးချင်မွှေချင်အောင် တိမ်းညွတ်ဖွယ် မွှေးကြိုင်လျက်ရှိသည်။

"ဒါတွေက လိမ်နေ ညာနေတာလား ညီမလေးရယ်"

"ဖန်ဆင်းရှင်တွေက ဖန်ဆင်းပြတာလေ အစ်ကိုနောင်"

"ဒါဆို ဘာဆက်လုပ်ကြမလဲဟင်"

"အကြောင်းတရားတွေ တွေ့ရတော့မှာ အစ်ကိုနောင်ရဲ့၊ အဲဒီအကြောင်းတရားကနေ ဖြစ်ပေါ်လာမယ့် အကျိုးတရားကို အချိန်က အဖြေပေးမယ်လေ"

"ဩော်. . . ဒီအချိန်ဆိုတဲ့ ဝေါဟာရကြီးက နောင်နောင်ကို ခြောက်လှန့်နေတုန်းပါပဲလား"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၆)

"အဲ. . . အားလုံးကိုယ်စားချင်တဲ့ အသီးအနှံတွေကို ရုံရွှေတော်တွေစီကယူကြ၊ မမလေးပြောတဲ့အတိုင်းပဲနော်"

"ဟုတ်ကဲ့ပါ မမလေး"

"သခင်မလေး အမဲသားဟင်းလျာကော သုံးဆောင်ကြည့်ပါဦး"

"မမလေးတို့က အသက်သတ်လွတ်ပဲ သုံးဆောင်ကြတယ်ကွယ့်"

"သာဓု. . . သာဓု. . . သာဓု"

ဟု သံပြိုင်ရွတ်ဆိုလိုက်သံကို ကြားလိုက်ရ၏။

"ဩော်. . ခက်ပြီ ညီမလေးစောနုရေ၊ မမတို့ရေပူချောင်းဘေးမှာ အရေးကြီးတဲ့ပုရပိုဒ်တွေ မေ့ထားခဲ့တယ်၊ အဲဒါသွားယူကြရဦးမှာ"

"ဒုက္ခပဲ သခင်မလေးရယ်၊ ဖိုးဘုရားကလည်း အဲဒီပုရပိုဒ်ကို အမိကထားကြည့်ချင်နေတာပဲ၊ ဒါဆိုသွားယူလိုက်လေ"

"ညီမလေးစောနုပါ လိုက်ခဲ့ပေါ့"

"မဖြစ်ဘူး သခင်မလေး၊ အဲဒီလမ်းခွဲနေရာဟာ ညီမလေး





နယ်နိမိတ်အဆုံးပဲ၊ အဲဒီနေရာအကျော်ထိ သွားခွင့်မရှိဘူးလို့ ဖိုးဘုရားက မှာထားတယ်"

"အေးကွယ်. . . အဲဒါဆိုလဲ လမ်းခွဲနားအထိ မမလေးတို့ကို လိုက်ပို့ပေါ့ကွယ်"

ဟု ဆိုကာ သုတ်ခြေတင်ကြတော့သည်။ သွားရသောလမ်းက မခက်ခဲသော်လည်း လင်းနို့များသည် လူ၏အပူငွေ့ကြောင့်လော၊ မီးရောင်ကြောင့်လောမသိ၊ 'ဝူး'ခနဲ၊ 'ဝူး'ခနဲ ကောင်းကင်မှ အုပ်လိုက်ပြန်ဆင်းကာ လူတို့ကိုတိုက်ချနေသည်။

"ဟဲ့. . . ဟဲ့. . . အို"

ဟု အော်ဟစ်ကာ လက်ဖြင့်ဝှေ့ယမ်းတိုက်ခတ်နေရ၏။ သို့သော် အနှောင့်အယှက်ဖြစ်မြဲဖြစ်နေ၏။ သို့သော် စောနုမှ လင်းနို့များအော်သံနှင့်တူအောင် သွားနှစ်ခုကြိတ်ကာ 'ကျရစ်၊ ကျရစ်'ဟု မြည်တွန်လိုက်၏။ လင်းနို့များ အပြင်ကိုပျံထွက်ပြေးကြတော့သည်။

"ညီမလေးစောနုက တော်တယ်ဟေ့၊ လာ လမ်းဆုံးနားအထိလိုက်ပို့"

"ဒါတွေ မမလေးသင်ပေးထားတာတွေလေ၊ မမလေး မေ့နေပြီလား"

"ဩော်. . . အေးကွယ်၊ မမလေးမှာ ရုံရွှေတော်တွေကို မျိုးစုံသင်ပြပေးနေရတာဆိုတော့ မေ့နေပြီပေါ့ကွယ်"

ဂူလမ်းဆုံးနားရောက်သောအခါ ထူးနန္ဒာသည် စောနု၏လက်ကိုကိုင်ကာ နောင်နောင်တို့ကောက်ရထားခဲ့သော လက်ကောက်ကိုစွပ်ပေးပြီး 'ဂျလောက်'ကနဲ ဘေးသော့ပါပိတ်ပစ်လိုက်သည်။

"အမေ့"ဟု အော်ရင်း စောနုမေ့သွားသည်။

"အစ်ကိုနောင်လာ စောနုကို ဟိုဘက်ဂူလမ်းဆုံးအထိ အမြန်ကယ်ထုတ်မှရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ. . . ကောင်မလေးဆို မထမ်းရဲဘူး"

"ဟာ. . အစ်ကိုနောင်ကလည်း အဲဒီလိုလုပ်မနေနဲ့၊ လာခဲ့ အစ်ကိုနောင်က ဂျိုင်းကနေမ၊ ညီမလေးက အောက်ခြေကမ,မယ်၊ အမြန်ရွှေ့လှည့် အချိန်မရှိတော့ဘူး"

"ဗုဒ္ဓေါ. . . ဘာသံတွေပါလိမ့်"

ဟုတ်ပေသည်။ လင်းနို့အုပ်ကြီး 'ဝရှူး'ကနဲ ပျံထွက်သွားသံနဲ့အတူ. . .

"ရိုက်ပုတ်ထုတ်ကြ၊ ရန်သူတော်ရှင်မွန်လှကို ရိုက်ပုတ်ထုတ်ကြဆိုပြီး အသံတိုင်ပေးတဲ့ အသံသြသြကြီးဟာ ငါတို့တရင်းတနှီးသိတဲ့အသံပဲနော်"

ဟု နောင်နောင်က နားစွင့်ထောင်ရင်းပြောလိုက်၏။ တခြားဂူလမ်းဘက်ကွေ့ရင်း စောနုကို အောက်သို့အသာအယာပွေ့ချလိုက်သည်။ စောနု၏ပါးစပ်ထဲသို့ရေအနည်းငယ်လောင်းထည့်ပေးလိုက်သောအခါ 'အင်း. . . အင်း'ဟု ညည်းညူရင်း မျက်လုံးကလေးဖွင့်လာလေတော့သည်။

"ရန်သူတော်ရှင်မွန်လှကို ရိုက်ပုတ်ထုတ်ကြ"

ဟူသော အော်သံတွေထပ်ပေါ်လာ၏။

"ဟော. . . ဖိုးဘုရားတို့လိုက်လာတယ်၊ သခင်မလေး ဘယ်လိုလုပ်ကြမလဲဟင်"

"ညီမလေးစောနုပဲ ပြောထားတယ်လေ၊ သူတို့က ဒီဂူလမ်းဆုံးထိပဲ နယ်နိမိတ်ပိုင်တာဆို၊ အခု မမလေးတို့က ဟိုဘက်ကမ်းရောက်နေပြီ၊ သူတို့လိုက်လို့မရတော့ဘူးပေါ့"

"အင်း. . . တော်သေးတာပေါ့၊ စောနုကို ဒီတစ်ခါပြန်မိသွားရင်တော့မလွယ်ဘူး၊ သဲဒဏ်, ရေဒဏ်တင်မကဘူး၊ ကြိမ်စကြာဒဏ်ပါ,ပါလိမ့်မယ်၊ ဒီပြိတ္တာကောင်တွေက လူစိတ်လုံးဝမရှိဘူးသိလား သခင်မလေး"





"ပြိတ္တာပါဆိုနေမှ. . . ဘယ်လိုလုပ်ပြီး လူစိတ်ရှိပါ့မလဲ ညီမလေးရယ်"

"အဲဒီပြိတ္တာတွေထဲမှာ ဖိုးဘုရားက အဆိုးဆုံးပါပဲ၊ သူမှ ရောက်မလာနဲ့ ရောက်လာရင် ပွဲဆူပြီလို့သာအောက်မေ့ပေတော့ ရိုက်လိုက်၊ နှက်လိုက်၊ ကြိမ်းလိုက်၊ မောင်းလိုက်တာများ ငရဲပြည်ရောက်သလားအောက်မေ့ရတယ်။ တာစောကန်းတို့၊ တာဖုန်းဆိုးတို့လို အကောင်တွေတောင် အရိုက်ခံရတာလိုမ့်နေတာပဲ"

"ညီမလေးကော. . ."

"ညီမလေးကတော့ ခဏခဏ အဖျားခတ်ခံရတယ်လေ၊ သူတို့လို ဆိုးဆိုးဝါးဝါးမဟုတ်တော့ နင်ဘဲငှဆတော့ တစ်ခါမှအရိုက်မခံရဘူး၊ ဖိုးဘုရားက အမြဲပြောတယ်လေ၊ နင့်မမလေးက ဒီကိုပြန်လာပြီး ဒီမှာအုပ်ချုပ်မယ်၊ နင်နဲ့အတူနေမယ်၊ အဲဒီလိုအမြဲပြောတယ်လေ၊ အဲဒီစိတ်လေးနဲ့ပဲ စောနုအသက်ရှည်နေရတာ၊ သခင်မလေးပြန်မလာနိုင်တော့ဘူးထင်ပါရဲ့လို့ စိတ်လျှော့ပြီး သေများသေသွားခဲ့ရင် သခင်မလေးနဲ့ တွေ့ရတော့မှာ မဟုတ်ဘူးနော်"

"အင်း. . . လူရဲ့စိတ်ဆိုတာ အတော်ထူးဆန်းတာပဲနော်၊ မျှော်လင့်ချက်ကလေးတစ်ခုနဲ့ကို အသက်ရှင်နေကြတာပါလား"

"ဟုတ်တယ် သခင်မလေးရယ်၊ သူတို့ရဲ့ တဖောပျားရည်တို့၊ သက်ရှည်ပန်းသီးတို့၊ သက်ပြန်စံပယ်ပန်းတို့ ဒါတွေကလည်း စွမ်းတယ်ထင်ပ့ါ။ ညီမလေး ဒီဂူထဲနေတာကိုနှစ်ပေါင်းဘယ်လောက်ဆိုတာ မှတ်တောင်မမှတ်မိတော့ပါဘူး"

"ညီမလေး ဒီဂူထဲ ဘယ်ကနေရောက်လာတာလဲဟင်"

"ညီမလေး ဒီဂူကိုရောက်လာတာက ညီမလေးတို့ မိသားစုဆွေမျိုးတွေရှိတဲ့ ဆယ်မလန်ရွာပုန်းကနေ ရောက်လာတာသခင်မလေး"

"အဲဒီ ဆယ်မလန်ရွာပုန်းဆိုတာက . . ."



www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေးရဲ့ မွေးဇာတိ ဆယ်မလန်ရွာအတိုင်း အတိအကျထူထောင်ပြီး ပြန်တည်ထားတာလေ၊ အဲဒီရွာထဲမှာ သခင်မလေးရဲ့ မပုတ်မသိုးသေးတဲ့ ရုပ်ခန္ဓာဟောင်းရယ်၊ သခင်မလေးရဲ့ ရုပ်တုရယ်ရှိတယ်၊ ဒါတွေကို ခုနကလိုက်လာတဲ့ ဖိုးဘုရားတို့ မသွားနိုင် မဝင်နိုင်တဲ့နေရာမှာထားကြတယ်"

"ဘာကြောင့် သူတို့ကို မဝင်နိုင် မသွားနိုင်အောင် လုပ်ထားကြရတာလဲဟင်"

"သူတို့က ဗုဒ္ဓဘုရားမကြိုက်တဲ့ အရည်းကြီးဘာသာကို ထူထောင်ကြတယ်၊ သခင်မလေးက ဗုဒ္ဓဘုရားရဲ့အဆုံးအမအတိုင်း အကုန်လုပ်တယ်၊ အဲဒါကြောင့် သခင်မလေးဟာ သူတို့ရဲ့ရန်သူလို့ လဲပြောတယ်၊ နောက်ပြီး ဉာဏ်ကုတ်ထဲက ပုရပိုဒ်တို့၊ သခင်မလေး ရုပ်ကလပ်ထဲက မာတ်လုံးတွေတို့ရရင် တန်ခိုးတွေအပြည့်အစုံရသွားပြီး လူတွေကို အဲဒီတန်ခိုးပြနိုင်မယ်ပြောတာပဲ၊ အဲဒီတန်ခိုးနဲ့ ပြပြီး လူတွေကိုစည်းရုံး၊ နောက်အဲဒီလူတွေကို သူတို့အထဲစည်းရုံးသိမ်းသွင်းမယ်၊ နောက်ပြီး တစ်ကမ္ဘာလုံးသူတို့အရည်းကြီးဘာသာဝင်တွေဖြစ်အောင်ထူထောင်မယ်လို့ ကြုံးဝါးနေတာပဲ"

"ဘုရား. . . ဘုရား၊ မိစ္ဆာအယူဝါဒတွေ ကမ္ဘာကိုလွှမ်းမိုးလာအောင် လုပ်ဆောင်နေကြပါလား. . . ဘုရားကယ်တော်မူပါ"

ဟု ရေရွတ်ကြုံးဝါးသံလေးကို နောင်နောင်နားထောင်ရင်း . . .

"အစ်ကိုနောင် တတ်နိုင်သမျှ ဒီရန်ကတွန်းလှန်ပေးပါ့မယ်ကွယ်"

◆◆◆



## အခန်း(၄၇)

ဒီတစ်ခါလမ်းပြသူက စောနုဖြစ်ပေသည်။

"သခင်မလေး လျှောက်နိုင်ရဲ့လား"

"သွားပါစောနုရယ်၊ ပေါက်ကရာမကနေ နတ်ကျူးတောရအထိတောင် လျှောက်လာခဲ့တာ၊ ဒီခရီးကတော့ အသာကလေးပေါ့ စောနုရာ"ဟု ပြောရင်း တောင်နှာမောင်းတစ်ခုအတိုင်း ဖြေးဖြေးတက်နေကြရသည်။

"ယောကျ်ားဘာသားလေ့လေ့. . . လေ့လေ့"ဟု သံပြိုင်အော်ရင်း မောင်အောင်တို့အဖွဲ့က ဉာဏ်ကုတ်ရွှေကြုတ်ကြီးကို ထမ်းသယ်နေကြသည်။

"မောင်တော်. . . သူတို့ကို အဲဒီလိုအသံထွက်အော်မနေကြစေနဲ့၊ အရည်းကြီးအဖွဲ့ကြားသွားရင်ခက်မယ်"

"ဟုတ်တယ် မောင်ကြီးစပ်နောင်လှဘုရား၊ ဂူထဲမှာက သူ့လမ်းကိုယ့်လမ်း၊ သူ့စည်း ကိုယ့်စည်းခွဲထားကြတာ၊ ဂူအပြင်မှာကြတော့ အားလုံးကြိုက်တဲ့နေရာ လွတ်လွတ်လပ်လပ်သွားခွင့်ရှိတယ်။ အချိန်မရွေးလာပြီး နှောင့်ယှက်ခွင့်ရှိတယ်ဘုရား"

"ဟဲ့. . စောနု၊ ငါ့ကို ဘယ်လိုခေါ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီးစပ်နောင်လှလေ၊ သခင်မလေးရဲ့ကိုယ်ရံတော်တပ်မှူး၊ နောက်ပြီး သခင်မလေးရဲ့မောင်တော်တစ်ဝမ်းကွဲလေ"

"ငါ့ကို ညည်းသခင်မလေးက အဲဒီလိုလည်းမပြောပါလား ကွယ်"

"အခုသိပြီပဲ ကျေနပ်တော့ပေါ့"

"ငါက ကိုယ်ရံတော်တပ်မှူးဆိုရင် သခင်မလေးအန္တရာယ်ရှိမယ့် ကိစ္စဟူသမျှ တားဆီးပိုင်ခွင့်ရှိတာပေါ့နော်"

"ရှိတယ်ဘုရား"

"ဟယ်. . . စောနုကလည်း ဘုရားတွေ ဘာတွေတပ်ခေါ်မနေစမ်းပါနဲ့၊ ငါနားမယဉ်ဘူး၊ ရိုးရိုးပဲပြော"

"ဟုတ်ကဲ့ မောင်ကြီး"

"အေးတော်သေးတယ်"

"ကဲ. . . သခင်မလေးထူးနန္ဒာ၊ ကြားတယ်မဟုတ်လား၊ ခင်ဗျားအတွက် အန္တရာယ်ရှိတဲ့ကိစ္စဆိုရင် နောင်နောင့်မှာတာဝန်ရှိတယ်၊ အဲဒါကြောင့် အရေးကြီးတဲ့ ကိစ္စတိုင်းမှာ နောင်နောင့်စကားကိုနားထောင်ပါ"

"နားမထောင်ဘူး"

"နားမထောင်ရင် တီးတယ်"

ဟု ခေါင်းကို ပုတ်လိုက်၏။

"ဟင်. . . ကြည့်ကြည့် အစ်ကိုနောင် တကယ်လုပ်တာ"

"တကယ်လုပ်တာဆိုရင် ထိပ်ပုပ်သွားမှာပေါ့ ညီမလေးရာ၊ ကျီစားတာ ကျီစားတာ"

"သခင်မလေးဘုရား၊ ညာတကုတ်ဂူရယ်၊ ဆယ်မလန်ရွာရယ်၊ ရှင်မွန်လှဂူရယ် သုံးနေရာရဲ့ သုံးပွင့်ဆိုင်နေရာကိုရောက်ပြီ၊ သခင်မလေး နဲနဲတော့သတိထားရမယ်"

"ဟော. . . ဆယ်မလန်ရွာဘက်က လူအုပ်ကြီးတစ်ခုပေါ်





လာပြီ၊ ဟောတော့. . . ရှေ့ဆုံးမှာ စိုင်းပဏ္ဍိရယ်၊ စိုင်းဝဏ္ဏရယ်ပေါ်လာပါလား၊ သတိတော့ထားရမယ် သခင်မလေး"

"ကဲပါ ငါ့ကိုအမှန်အတိုင်းပြောကွယ်၊ အဲဒီစိုင်းပဏ္ဍိတို့က ဘယ်အဖွဲ့အစည်းကလဲ၊ အရည်းကြီးဘက်ကအဖွဲ့အစည်းလား"

"မဟုတ်ဘူး သခင်မလေး၊ သူတို့ကသီးခြားပဲ၊ သူတို့က ဆယ်မလန်ရွာကို တည်ထောင်ထားတယ်၊ အဲဒီမှာသခင်မလေးနဲ့ ပတ်သက်တဲ့ ဆွေတော်စုမျိုးတော်စုအားလုံးအသက်ရှည်စွာရှိနေပြီးပြီ၊ သခင်မလေးလည်း အဲဒီမှာက သက်ရှိထင်ရှားလာရောက်နေထိုင်ရမယ်၊ နောက်တော့ နိဗ္ဗာန်ရောက်ကြောင်းတရားအားထုတ်ပြီး အားလုံးကျွတ်တမ်းဝင်ကြမယ်လို့ဆိုနေတာပဲ သခင်မလေး"

"အင်း. . . သခင်မလေး အသက်ရှင်လာမှ သခင်မလေး ဦးဆောင်မှုဆိုတဲ့ အစွဲကိုစွဲမှတ်နေတဲ့စိတ်နဲ့ ဘယ်လိုလုပ် နိဗ္ဗာန်ကို ရောက်နိုင်မှာလဲ ညီမလေးရယ်၊ လူဆိုတာ သားစွဲ၊ မယားစွဲ၊ ခန္ဓာစွဲ၊ ပညာစွဲ၊ မာနစွဲ၊ ဓနဥစ္စာစွဲတွေကို ပယ်ဖျက်နိုင်မှ နိဗ္ဗာန်မဂ်ဖိုလ်ကို ရောက်တော့မှာပေါ့၊ သူတို့ကလည်း လမ်းပေါ်မှာလမ်းပျောက်နေတဲ့သူ၊ အရည်းကြီးအဖွဲ့ကတော့ လမ်းကိုမှောက်မှားပြီး အဝီစိကိုသွားနေကြတယ်၊ အဲဒါကိုလဲ ကျွတ်အောင်ချွတ်နိုင်မှ ကောင်းတော့မယ် ကွယ်"

"အရည်းကြီးအဖွဲ့ကိုတော့ ဂရုစိုက်ပြီးဆက်ဆံပါ သခင်မလေးရယ်၊ သူတို့ကပြိတ္တာတွေဆိုတော့ အရိုင်းအစိုင်းတွေ သတ်ဟယ်၊ ဖြတ်ဟယ်နဲ့ လက်မနှေးကြဘူး၊ ဒါ့ထက်အရည်းကြီးအဖွဲ့က အောက်လမ်းအတတ်ပညာ၊ အင်းအိုင်ခလှဲ့အတတ်၊ လှံကိုလှံရှည်အတတ်၊ ဗန်တိုဗန်ရှည်အတတ်၊ လှံစကြာ၊ ဓားစကြာအတတ်၊ စက္ကောမအတတ်တွေ အကုန်သင်ကြားတတ်မြောက်ထားတာ၊ ဒါတွေနဲ့ ရန်ပြုခဲ့ရင် ဘယ်အခါမှရှောင်လို့မလွတ်ဘူး သိလား"

"အော်. . . ညီမလေးစောနုရယ် 'ခမ္မောဟဝေ ရက္ခတိ



www.burmeseclassic.com

www.burmeseclassic.com



မွစာရိုမ္မွာ သုစိန္တော သုခမဝဟတိ၊ သောနိသံ သော ဓမ္မေ သုစိဏ္ဏော နဒုက္ခတိံဂစ္ဆတိဓမ္မစာရီ'တဲ့သိလား၊ တရားကိုကျင့်သော သူကို တရားကစောင့်၏တဲ့၊ အဲဒါကြောင့် တရားကိုသာနှလုံးသွင်း ထား ကံစီမံရာအတိုင်းပဲ ဖြစ်ကြ ပျက်ကြတာချည်းပဲ၊ အဲဒီမှာ တရားကို နတ်စောင့်တယ်၊ ညီမလေး ဘာမှမပူနဲ့၊ သခင်မလေး အနိစ္စရောက်သွားခဲ့ရင်တောင် နောင်နောင်နဲ့ညီမလေးတို့ဦး ဆောင်ပြီး အမှန်တရားကို လမ်းပြသွားကြရမယ်ကွဲ့မှတ်ထား"

"ဟုတ်ကဲ့ပါ. . . သခင်မလေး"

"ဟုတ်ကဲ့ပါ. . မမလေး"ဟု သံပြိုင်ခေါင်းညိတ်လိုက်ကြသည်။

ထူးနန္ဒာနှင့် နောင်နောင်တို့ ဦးဆောင်သောအဖွဲ့လည်း ရှင်မွန်လှဂူဆီသို့ဦးတည်သွားနေရာ၊ ဆယ်မလန်ရွာသားအုပ်စု သည်လည်း ဟိုဘက်လမ်းအတိုင်း အပြိုင်လျှောက်လှမ်း၍ ရှင်မွန်လှ ဂူသို့ လိုက်ပါလာနေသည်။

"စောနု. . . ဟိုဘက်က ဆယ်မလန်ရွာသားတွေက အသက်ဘယ်လောက်ရှည်နေကြပြီလဲဟင်"

"သူတို့က အသားမစား၊ အသီးအရွက်ကိုချက်ပြုတ်မစား ပဲ၊ မီးလွတ်စားကြတယ်၊ နောက်ပြီးငါးပါးသီလကိုလည်း ခါးဝတ် ပုဆိုးလိုမြဲပြီး၊ အနိမ့်ဆုံးသမထကျင့်စဉ်နဲ့ ပထမဈာန်ကိုရအောင် ကျင့်ကြတယ်၊ တချို့ဆိုရင် စတုတ္ထဈာန်အထိကျင့်ပြီး၊ ဈာန်နဲ့ပဲ ဒီအတိုင်းမလှုပ်မရှားနေနိုင်ကြတယ်။ အသက်မာတ်အားက ထောင်ဂဏန်းထိရှည်နိုင်တယ်"

"ဩော်. . . အဲဒီဈာန်တန်ခိုးတွေနဲ့ရလာပြီး ဝိပဿနာ ဘက်ကို ရောက်အောင်မသွားနိုင်ကြတဲ့ အစွဲအလမ်းကြီးသူတွေပါ လား၊ အမှန်ဆို ငါတို့ထက်တောင်မှ အကျင့်သီလ၊ သမာဓိလွန်ကဲ နေကြပြီး၊ ပညာပိုင်းပဲလိုတော့တဲ့ တကယ့်ပုဂ္ဂိုလ်တွေပဲ"

ဟု ထူးနန္ဒာစိတ်ထဲတွင် တေးမှတ်ထားလိုက်သည်။

ကြည်လှမောင်စာပေ



သွားရင်း သွားရင်းနှင့် ရှင်မွန်လှဂူ၏အဝတွင် ရောက်ရှိ လာပြီဖြစ်၏။ ညာတကုတ်အားချ၍နားကာ ဂူဝတွင်ပိတ်ရပ်လိုက် ကြသည်။ ဂူဝဘေး၏မြေကွက်လပ်တွင်လည်း စိုင်းပဏ္ဍိတို့ ဆယ် မလန်ရွာသားများအားလုံး စုရုံးရောက်ရှိလာကြသည်။

"ဟာ. . ဟိုဂူထဲက အရည်းကြီးအဖွဲ့တွေထွက်လာပြီဟေ့"

ဟုတ်သည်။ ရှေ့ဆုံး၌ မောက်တိုပေါ်တွင် ဦးချိုနှစ်ခွပါ သော သံခေါင်းစွပ်ကြီးဖြင့် မြင်းစီးထားသော ကိုယ်ချပ်အကျီဝတ် ထားသူမှ ခေါင်းဆောင်လျက် အရည်းကြီးအဝတ်နှင့် ပုဂ္ဂိုလ်များ ထွက်လာကြချေပြီ။

"သခင်မလေး. . . အဲဒီသံခေါင်းစွပ်နဲ့ပုဂ္ဂိုလ်က ဘယ်သူ လဲသိလား"

စောနုက မေး၏။

"မသိဘူး၊ သူ့နောက်ကကြိုးနဲ့ချည်ပြီး ခေါ်လာတာတ တော့ စိုင်းပေါက်ထင်တယ်"

"ဟုတ်တယ် ညီမလေးထူးထူး၊ စိုင်းပေါက်ကိုဖမ်းခေါ်လာ တာပဲ၊ ဘာအပြစ်ရှိလို့ပါလိမ့်"

"စိုင်းပေါက်နဲ့ စိုင်းဝဏ္ဏကရန်သူတွေဆို၊ အခုဘယ်နှယ့် အရည်းကြီးတွေက ဖမ်းထားရပြန်ပါလိမ့်၊ ဒီကောင့်နှယ် ကံဆိုးလိုက် တာဟယ်"

"ကျွန်တော်နဲ့စိုင်းပေါက်က ရန်သူမဟုတ်ပါဘူး သခင် မလေးရာ၊ စိုင်းပေါက် ကျွန်တော့်အပေါ် အထင်လွဲအောင် အရည်း ကြီးတွေက ဖန်တီးပေးထားတာဗျ"

စိုင်းဝဏ္ဏက ပြောပြ၏။

"အခုမှ ဇာတ်ရည်လည်သလိုလို၊ ဒါပေမဲ့ အဲဒီသံခေါင်း စွပ်မင်းသားက ဘယ်သူလဲဆိုတာသိမှ ဇာတ်ရည်လည်တော့မှာပဲ ဟေ့"

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု နောင်နောင် ပြောလိုက်၏။

"ကဲ. . အဲဒါဆို စောင့်သာကြည့်နေတော့ နောင်နောင်ရေ၊ ဟောဒီလောက်လွှဲမှာ သားရေကြိုးတစ်ချောင်းပါတယ်၊ ဒီလောက်လွှဲသားရေကြိုးက သူ့သံခေါင်းစွပ်ဦးချိုကိုပတ်ပြီး စိုင်းပေါက်ရဲ့ရှေ့ကျမယ်၊ အဲဒါကို စိုင်းပေါက်က ပါးနပ်ရင်တော့ အဲဒီကြိုးဆွဲလိုက်ရင် သူ့ရဲ့ခေါင်းစွပ်ကြီးပြုတ်ကျပြီး သူ့ရဲ့ပင်ကိုယ်ဘီလူးခေါင်း ပေါ်လာမှာပဲ"

"နေကြပါဦးကွယ်. . . စိုင်းဝဏ္ဏတို့ရယ်၊ အချိန်အခါလေးနဲ့နဲ့စောင့်ကြည့်ဦးမှပေါ့။ တော်တော်ကြာ တင်းတင်းမာမာတွေဖြစ်ကုန်ပြီး လက်လွန်ခြေလွန်ဖြစ်ကုန်ပါဦးမယ်၊ ငါ့နှယ်စိတ်ညစ်လိုက်တာ"

"ဒီတစ်ခါတော့ အချိန်မစောင့်နိုင်တော့ဘူးဗျို့"

"လာလေ့"

"ဝှစ်. . . ဝှစ်. . . ဝီး"ဟူသော အသံတစ်ခုကြားလိုက်ရတော့သည်။

◆◆◆



## အခန်း(၄၈)

"ဟာ. . . ဟုတ်တယ်ဟေ့၊ လောက်လွှဲနဲ့ သားရေပင်ကဟိုကောင့် သံခေါင်းစွပ်ဦးချိုနှစ်ခုကို သွားပတ်ပြီ"

"ဖလပ်. . ဖလပ်. . . ဖလပ်"ဟု အသံဆုံးပြီးနောက်ကြိုးတန်းလန်းကြီးနှင့် နောက်သို့ကျ၏။

"စိုင်းပေါက်. . . စိုင်းပေါက်. . . ဆွဲဆွဲ"ဟု လှမ်းအော်ကြ၏။

စိုင်းပေါက်ကား လက်ကောက်ဝတ်ကို ကြိုးချည်ထားသော်လည်း လက်ချောင်းကလေးများက လွတ်ကင်းနေ၏။ ခုန်၍ဖမ်းဆွဲလိုက်သောအခါ အလွယ်ပင်လျှင် ဖမ်းမိသွားချေ၏။ ထူးဆန်းသော တိုက်ဆိုင်မှုတစ်ခုပေတည်း။ ယင်းတိုက်ဆိုင်မှုပင်လျှင် လူသားတစ်ယောက်၏ အသက်ဇီဝိန်ချုပ်ငြိမ်းရန် တိုက်တွန်းစေ့ဆော်မှုတစ်ခုနှင့် ထပ်တူကျသွားချေသည်ဟုဆိုလျှင် ပို၍အံ့ဩစရာဖြစ်ပေလိမ့်မည်။ ဟုတ်ပေသည်။ စိုင်းပေါက် ဆွဲချလိုက်သောလောက်လွှဲသားရေပင်ကြိုးသည် သံခေါင်းစွပ်ကြီးအား အရှိန်နှင့် ပြုတ်ကျသွားစေ၏။

"ဂလုန်း. . . ချလွမ်း. . . ချလွမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု မြည်ကာ နောက်ကိုလိမ့်ဆင်းကျသွား၏။ ဒါကိုပင်လျှင် စိုင်းပေါက်က အပြုံးကြီးစွာဖြင့် ယင်းခေါင်းစွပ်ကို ဘောလုံးတစ်လုံးကဲ့သို့ ကန်ထုတ်ပစ်လိုက်လေသည်။

"ဟယ်. . . ဘဘစပ်သီဟနန္ဒာ"

"ဟုတ်ပါရဲ့ ဘကြီးတော်စပ်သီဟနန္ဒာဟာ ဒီမိသားစုတပေါက်ဖွားပြီး၊ အရည်းကြီးအုပ်စုခေါင်းဆောင်ဖြစ်နေရတယ်လို့ ယုတ်မာပက်စက်လိုက်တာ"

"ဘကြီးတော် ဒီလိုမဖြစ်သင့်ဘူး"

ဟု အော်သံဆူသံတွေမျိုးစုံထဲမှ ထွက်ပေါ်လာ၏။

"ကဲ. . . စိုင်းပေါက် မင်းတရားကို မင်းစီရင်ပေတော့"

ဟု ဆိုကာ ဘဘစပ်သီဟနန္ဒာ၏ပတ္တမြားကျောက်စီဓားမှ ပြိုးပြိုးပျက်ပျက်အရောင်တစ်ခုလက်သွားသည်။

"အား"ဟု အော်သံနက်ကြီးတစ်ခုလည်း ထွက်ပေါ်လာသည်။ စိုင်းပေါက် ဒူးညွတ်၍ခွေကျသွားသည်။

"စိုင်းပေါက် သူငယ်ချင်း၊ သူငယ်ချင်း. . . လူကို ခွေးသတ်တာခံရပြီပေါ့ကွာ"

ဟု စိုင်းဝဏ္ဏသည် သွေးရူးသွေးတန်းအော်ဟစ်လျက် ၎င်း၏လက်ထဲမှ လှံရှည်ကိုမြှောက်၍ ဘဘစပ်သီဟနန္ဒာထံသို့ ပစ်လွှတ်လိုက်လေသည်။ ဘဘစပ်သီဟနန္ဒာကား အဆင့်မြင့်သိုင်းသမားအတတ်၊ သိုင်းဗန်တို့ဗန်ရှည်၊ လှံတို၊ လှံရှည်၊ လှံစကြာ၊ ဓားစကြာအတတ်တို့အား အပြီးတိုင်တတ်မြောက်ထားသူပီသစွာ လှံရှည်ကို လှစ်ကနဲဖမ်းလိုက်လေသည်။

"ကဲ. . ငါ့ဘဝအမှန်ကို သမီးလေးထူးနန္ဒာသိနေပြီပဲ၊ နောက်ပြီး ဒီပုရပိုဒ်တွေ၊ ဓာတ်လုံးတွေလည်း ထူးနန္ဒာမရှိမှ ငါ အကုန်ရမှာ၊ ဒါကြောင့် နင့်ကို အရှင်ထားလို့မရတော့ဘူး"

ဟု ပြောပြောဆိုဆို လှံရှည်နှင့်လှမ်း၍ ထူးနန္ဒာထံပစ်





လိုက်ချေတော့သည်။

အချိန်တို့ကား တစ်စက္ကန့်ပင်မကြာလိုက်။ သို့သော် ယင်းတစ်စက္ကန့်မကြာသောအချိန်တို့ကပင်လျှင် အသက်ဇီဝိန်တို့အားချွေလျက်ရှိနေကြသည်။ ထူးနန္ဒာကော နောင်နောင်ပါ အချိန်၏ဝေါဟာရကို အခုမှထိုးထွင်းသိမြင်ကြတော့၏။ အချိန်ဆိုတာ အနိစ္စဒုက္ခအနတ္တတည်းဟူသော လက္ခဏာရေးသုံးပါးတို့ကို သိသည်နှင့်သေရက်ကို ငုံ့လင့်တွက်ပေးသောစက်တစ်ခုအဖြစ် မြင်နိုင်နေကြပေပြီ။

ယခုပင်ကြည့်ပါတော့။ စပ်သီဟနန္ဒာပစ်လွှတ်လိုက်သည့်အရှိန်အလွန်ပြင်းသော လှံရှည်သည် ထူးနန္ဒာထံသို့ တိုက်ရိုက်ဝဲပျံလာချေသည်။

ယင်းအချိန်တွင် မျှော်မှန်းမထားသော လူတစ်ဦးက ခုန်ဝင်လျက်လှံရှည်ကိုဖမ်းလိုက်၏။ သို့သော် လှံရှည်၏အရှိန်ကားအလွန်ကြီးမားသည်ဖြစ်၍ လက်ကိုပင်ကျော်လွန်ကာ ပြေးဝင်လာသူ၏ရင်ဝကိုအထိ စူးနစ်ဝင်သွားချေသည်။

"အား"

ဟူသော အသံနက်ကြီးဖြင့် လဲကျသွားချေသည်။

"ဟယ်. . . စိုင်းဝဏ္ဏကို ထိသွားပြီလုပ်ကြပါဦး"

ဟူသော အသံတို့ထွက်ပေါ်လာချေသည်။

"ဩော်. . မိထူး၊ နင်ဟာ ဘုန်းကံကြီးနေတုန်းကိုး"ဟု ပြောလျက် ဘေးရှိအရည်းကြီးတစ်ဦးထံမှ လှံရှည်တစ်ချောင်းကို ဘဘစပ်သီဟနန္ဒာဆွဲယူလိုက်သည်ကိုမြင်ရသည်။ ထူးနန္ဒာဘေးရှိ အရိပ်တစ်ခုက ဖျတ်ခနဲလှုပ်ရှားသွား၏။

"ဒိုင်း"ကနဲ မြည်ဟီးသံတစ်ခုထွက်ပေါ်လာသည်။

နောင်နောင်လည်း ယမ်းငွေ့ဝေနေသော သေနတ်ကိုကိုင်လျက် ကြောင်ကြည့်နေသည်။ ဘဘစပ်သီဟသည် မြင်းပေါ်မှဝုန်းကနဲပြုတ်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးထူး. . . နောင်နောင့်ကို ခွင့်လွှတ်ပါကွယ်၊ ဘာဘစပ်သီဟနန္ဒာကို နောင်နောင်မသတ်ရင် သူက ညီမလေးထူးကို သတ်တော့မှာမို့ပါကွယ်"

"ညီမလေးနားလည်ပါတယ် အစ်ကိုနောင်၊ သူတော်ကောင်းတရားတွေ ပွားများကြရမယ့် အခုလိုနေရာမှာ ဘာလို့များ လူတွေသတ်နေကြရတာပါလိမ့်ဟင် အစ်ကိုနောင်၊ လောကကြီးကပဲ မတရားမှုတွေဆီ တွန်းပို့နေကြရော့လား၊ ညီမလေးစိတ်မချမ်းသာလိုက်တာ"

"အကောင်းကိုရောက်ဖို့ အဆိုးဘက်ကိုဖြတ်ကြရတာ မမွှတာပါ ညီမလေးရယ်၊ ဘယ်နေရာမှာဖြစ်ဖြစ် အဆိုးနဲ့အကောင်း ခွန်တွဲနေတာ ဓမ္မတာပါပဲ၊ အဲဒီအဆိုးတွေကို အကောင်းတွေအဖြစ် ပြုပြင်ချင်ပြုပြင်၊ ဒါမှမဟုတ် အဲဒီအဆိုးတွေကို သုတ်သင်ပစ်ချင် သုတ်သင်ပစ်၊ ဒါမှအမှန်ကိုရောက်တော့မှာပေါ့ ညီမလေးရယ်"

"ဒါဆို အဆိုးတွေက အားများရင်ကော၊ လူကောင်းသူကောင်း၊ သူတော်ကောင်းတွေ ရင်စီးခံကြရဦးမှာပေါ့နော်"

"အဲဒီကျတော့လည်း ဓမ္မောဟဝေတရားကို လက်ကိုင်ထားကြရုံပေါ့၊ တရားကိုစောင့်သောသူကို တရားကစောင့်၏တဲ့။ မည်သူတရားပျက်ပျက် ကိုယ်မပျက်ဖို့ဘဲ အရေးကြီးတယ်"

"ရန်သူတော် ရှင်မွန်လှကို ရိုက်ပုတ်ထုတ်လိုက်"

ဟူသော အလွန်ဆူညံသော လူအုပ်ကြီးသည် ညာသံပေးလျက် နီးကပ်လာချေပြီတည်း။

"ဟော. . . အရည်းကြီးတွေ တစ်စခန်းထလာကြပြန်ပြီ အစ်ကိုနောင်"

"အင်း. . . လူဆိုးတွေ လာကြပြန်ပြီပေါ့ ညီမလေးထူးရဲ့၊ ဓမ္မောဟဝေတရားတော်ကို အရေးတကြီးပြုဖို့အချိန်ရောက်ပြီလေ"

◆◆◆



## အခန်း(၄၉)

"ညီမလေး. . . အရည်းကြီးအဖွဲ့တွေ ဒီဘက်လာကုန်ကြပြီ၊ ဘယ်လိုလုပ်ကြမလဲဟင်"

နောင်နောင်၏ စိုးရိမ်တကြီးမေးမြန်းလိုက်သံကို မကြားသကဲ့သို့ မတုန်မလှုပ်နေသော ညီမလေးထူးနန္ဒာအား နောင်နောင်စေ့စပ်စွာစူးစိုက်၍ ကြည့်လိုက်မိသည်။

"ဩော်. . . ညီမလေး သမထတန်ခိုးနဲ့ အဓိဋ္ဌာန်လုပ်ငန်းတစ်ခုကို ဆောင်ရွက်နေတာပါလား"

ဟု စိတ်ထဲတွင် တီးတိုးရေရွတ်ရင်း ဆိတ်ငြိမ်စွာနေလိုက်မိသည်။

"မသူတော်ရှင်မွန်လှကို ရိုက်ပုတ်ထုတ်လိုက်"ဟူသော ညာသံကိုပေးရင်း အရည်းကြီးတို့သည် ညာတကုတ်ဂူဘက်မှ တစ်ရွေ့ရွေ့ချဉ်းကပ်လာနေကြပြီဖြစ်သည်။

ညီမလေးထူးနန္ဒာကား နှုတ်မှအဓိဋ္ဌာန်တို့ကို တိုးညှင်းငြိမ်သာစွာ ရွတ်ဆိုလျက်ရှိသည်။

ရှင်မွန်လှဘက်သို့ မျက်နှာမူရင်း လက်ကန့်တော့စံပယ်တင်ထားသည့် မြစိမ်းရောင်တဘက်ကို နောင်နောင် ယခုမှသတိ



www.burmeseclassic.com

www.burmeseclassic.com



ထားကြည့်လိုက်မိချေသည်။ နဝရတ်များစီချယ်ထားသကဲ့သို့ ဖျိုး ဖျိုးဖျက်ဖျက်အရောင်များ လင့်လက်နေသော ယင်းမြတဘက်ကို ယခင်က မတွေ့ခဲ့ဘူးပါချေ။

"စောနု. . . ဒီမြတဘက် ဘယ်ကရောက်လာတာလဲဟင်"

"ညီမလေးစောနုလက်ထဲမှာ သိမ်းထားတာ နှစ်ပေါင်းများ စွာကြာပြီဖျာ့၊ စောနုလက်ထဲမှာ သိမ်းထားတုန်းကတော့ ဘာ အရောင်မှ ဖျိုးဖျိုးဖျက်ဖျက်မထွက်ခဲ့ပါဘူး၊ အခုသခင်မလေး ပခုံး ပေါ်လဲတင်ပေးလိုက်ရော စိန်ရောင်၊ ပတ္တမြားရောင်တွေ လက်လာ လိုက်တာ အံ့ဩစရာပါပဲဖျာ့"

"အေးဟယ်. . . ညီမလေးထူးနန္ဒာ ဘယ်လိုပဋ္ဌာန်း ဆက်၊ ဘယ်လိုပါရမီဆက်ဓာတ်ခံဆိုတာ အခုမြင်နေရတဲ့ မြတ ဘက်အရောင်နဲ့ကို ရှင်းနေပါပြီ။ အနော်ရထာမင်းကြီးလက်ထက် က ရွှေစာရံစေတီကို ညတွင်းချင်းဦးတည်ရာလှည့်ပြောင်းနိုင် အောင်စွမ်းခဲ့တဲ့ တဘက်ကလည်း ဒီတဘက်ပဲပေါ့၊ တဘက်က ဘယ်လိုစွမ်းစွမ်း ဘုန်းကံမရှိဘဲ လူရဲ့လက်ထဲမှာတော့ အသုံးမဝင် တဲ့ ရုပ်ဝတ္ထုပစ္စည်းတစ်ခုပဲ၊ ဘုန်းကံရှိတဲ့လူရဲ့ လက်ထဲရောက်မှ အသုံးဝင်သွားတော့တယ်နော် စောနု"

"ဟုတ်တယ်ဖျာ့. . ဘုန်းကံဆိုတာကလည်း ပါရမီဓာတ်ခံ တစ်ခုထဲနဲ့မရပါဘူး၊ သခင်မလေးက အကျင့်သီလလည်း ပြည့်စုံ တယ်၊ သမထအားကို ပြည့်စုံအောင်လည်း အချိန်ပြည့်ကြိုးစား တယ်၊ နောက်ပြီး မမှုမလျော့ရှိအပ်တဲ့ ကိုယ်ပိုင်ဉာဏ်လမ်းကိုလဲ ပွင့်အောင်အပြည့်အဝအသုံးချတယ်။ အဲဒီအပြင် သစ္စာအဓိဋ္ဌာန် အတိုင်းလဲ အဓိဋ္ဌာန်ပြုဆောင်ရွက်တယ်၊ အဲဒီတော့ သခင်မလေး လက်ထဲရောက်တဲ့ နွယ်မြက်သစ်ပင်တောင် ဆေးဘက်ဝင်သွားတာ တွေ စောနုတို့မျက်မြင်ကိုယ်တွေ့ပဲဖျာ့"

"အင်း. . တို့တွေလည်း မျက်မြင်ကိုယ်တွေ့ တွေ့ကြုံရဦး





မယ်ထင့်ပါ"

ဟုပြောရင်း နောင်နောင်လည်း ထက်ဝယ်ဖွဲ့ခွေထိုင်ရင်း မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးအား အာရုံညွတ်၍ဝင်လေ ထွက်လေတို့အား အမှတ်ပြု၍နေလိုက်လေသည်။

ထိုစဉ် 'ရှိ. . . ရှိ. . . ရှိ'ဟူသော လေချွန်သံလို လေတိုးသံ တစ်ခုကြားလာရသည်။ လေဝဲကတော့တစ်ခုသည် သစ်ရွက်များ ကို သယ်ဆောင်လျက် တဖြည်းဖြည်းရွေ့လျား၍လာသည်။ ထူးနန္ဒာ အနီးသို့ရောက်သောအခါ ထိုလေပွေဝဲကတော့သည် ထူးနန္ဒာ၏ ဆံပင်တို့ကိုပင် အပေါ်သို့လေလွင့်၍တက်လာစေသည်ကို တွေ့ရ တော့သည်။ ထိုစဉ်လေဝဲကတော့သည် 'ဟုတ်'ခနဲအသံတစ်ခုမြည်- လာလေ၏။ လေတိုက်ခိုက်မှုမြန်ဆန်လာပြီး ထူးနန္ဒာ၏ပခုံးထက်ရှိ မြတဘက်ကို ဝဲကန်တော့နှင့်အတူ သယ်ဆောင်သွားလေတော့ သည်။

"ဟော. . . မြတဘက်ကြီး လေဝဲကန်တော့နဲ့ပါသွားပြီ"

ဟု ဆယ်မလန်ရွာသားများ အော်ဟစ်ရင်း မြတဘက် အား ထိုင်၍လက်အုပ်ချီကန်တော့နေကြသည်။ မြတဘက်ကို သယ် ဆောင်သွားသော လေပွေရိုင်းသည် မြန်သည်ထက်မြန်ကာ အရည်း ကြီးတို့ဘက်သို့ရွေ့လျားသွားလေသည်။ ထိုပြင်းထန်ကြမ်းတမ်းသော လေပွေရိုင်းကြီးသည် သစ်ရွက်သစ်ခက်များ၊ ဖုန်များသယ်ဆောင် ၍ ရွေ့လျားသွားရာ ပတ်ဝန်းကျင်တစ်ခုလုံးအား အမှောင်ကန့် လန့်ကာတစ်ခုဖြင့် ခြားလိုက်သကဲ့သို့ဖြစ်သွားစေပေသည်။ ထို့ပြင် ညာတကုတ်ဂူဘက်ရှိအခြမ်းတွင်ကား သစ်ပင်ကြီးများ ယိမ်းထိုး လျက် အချို့သစ်ပင်ငယ်များအမြစ်မှကျွတ်ကာ လေပွေရိုင်းနောက် ပါလျက် အကျည်းတန်အရုပ်ဆိုးမှုကို သရုပ်ဖော်လျက်ရှိပေသည်။ ရှင်မွန်လှဂူဘက်တွင်ကား လေပြေခပ်ပြင်းပြင်းကလေးတိုက်သည်ဆို ရုံမျှသာဖြစ်နေသောကြောင့် အံ့ဩစရာအလွန်ကောင်းနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတဘက်ကြီးလေပွေနဲ့ပါသွားပြီ၊ အရည်းကြီးတွေတို့ ဒုက္ခပေးနေပြီး ရှေ့ဆက်ဘာဖြစ်လာဦးမလဲ မသိဘူးဖျာ့"

"အော်. . . ညည်းသခင်မလေးကို သတ်ဖို့လုပ်နေတဲ့ ဖိုးဘုရားတို့အဖွဲ့ကို ကရုဏာသက်နေတုန်းပဲလားဟ"

"မဟုတ်ပါဘူးဖျာ့၊ ရှေ့ဆက်ဘာဖြစ်ဦးမလဲဆိုတာ စဉ်းစားကြည့်တာပါဖျာ့"

"ဒါကတော့ ကံစီမံရာအတိုင်းပေါ့ စောနုရယ်"

"သခင်မလေးဖျာ့၊ အရည်းကြီးတွေတော့ လေဝဲကတော့ ထဲပါကုန်ပြီထင်တယ်"ဟု ဆယ်မလန်ရွာသားအချို့က အော်ကာ တိုင်တန်းကြ၏။

နောင်နောင်က လက်ကာပြရင်း တိတ်တိတ်နေရန် အမူအရာဖြင့် ပြလိုက်သည်။

ထိုစဉ်. . ပတ်ဝန်းကျင်တစ်ခုလုံးရှိ မိုးကောင်းကင်သည် လိမ္မော်ရောင်သို့ပြောင်းလဲသွားသည်ကို နောင်နောင်သတိထားလိုက်မိသည်။ ခပ်ဝေးဝေးဆီမှ'ဟီး. . ဟီး. . ဟီး'ဟူသော အသံများသည် အသံတိုးတိုးမြည်လာရာမှ တဖြည်းဖြည်းကျယ်လောင်လာသည်။ 'ဟီး. . . ဟီး. . ဟီး'ဟူသော အသံကြီးသည် ကျယ်လောင်သည်ထက် ကျယ်လောင်လာသည်။

"တော်လဲသံတွေဟေ့. . . တော်လဲသံတွေ"

ဟု ဆယ်မလန်ရွာသားများကော နောင်နောင်တို့ပါပြိုင်တူအော်လိုက်မိကြသည်။

"အားလုံးမြေပြင်ပေါ်မှောက်နေကြ"ဟု အော်လိုက်မိသည်။

အချို့ကား မြေပြင်ပေါ်မှောက်နေရင်း မြေကြီးကို 'တဘုတ်ဘုတ်'လက်ဖဝါးဖြင့် ပုတ်နေကြသည်။ 'ဟီး. . . ဟီး. . ဟီး'ဟူသော တော်လဲသံကြီးသည် (၁၀)မိနစ်ခန့်ဖြစ်ပေါ်နေရာ. .





"ဟာ. . . ဒီညာတကုတ်တောင်ဟာ မိုးတောင်ကြီးထင်တယ် စောနု"

"မသိဘူးဖျာ့၊ အခုတော့ မြေကြီးတစ်ခုလုံး တုန်ဟီးနေတာ စောနုတို့တောင် မြေမျိုခံရမှာ ကြောက်နေရသေးတယ်"

"အင်း. . . ဖြစ်နိုင်တယ်၊ စောနုပြောတာ ဖြစ်နိုင်တယ်၊ အရည်းကြီးတွေကိုများ မိုးတောင်ကြီးက မြေမျိုပစ်မလို့လား မသိဘူးဖျာ့"

ဟု ပြောရင်းဖြင့် နားကိုပါပိတ်ထားလိုက်မိကြတော့၏။ သို့သော် ညာတကုတ်ဂူနှင့် ရှင်မွန်လှ၏အကြားတွင် (၁၀)ပေခန့်ကျယ်သော မြေပြတ်ကြီးတစ်ခုဖြစ်ပေါ်နေပေပြီ။

"ဟာ. . . အရည်းကြီးတွေ ဘယ်ပျောက်ကုန်ပြီလဲဟ၊ မတွေ့တော့ပါလား"

"အဲဒီမြေမျိုတဲ့ ပြတ်ရွှေ့ချောက်ကြီးထဲရောက်သွားပြီလေ"

အမှန်တော့ အားလုံးက ထိန်လန့်ကြောင့်ရွံ့စွာ မြေလိုက်ခြင်းဖြစ်ပါသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅၀)

လေပွေဝဲကတော့သည် 'ဝှီး'ခနဲတစ်ချက်တိုက်ကာ ရွေ့လျားလာ၏။ ၎င်းလေပွေထဲတွင်ပါသော မြူတဘက်သည် တဖြည်းဖြည်းအရှိန်သေကာ ထူးနန္ဒာ၏ပခုံးထက်သို့ လျော့ကျလာသည်။

ထူးနန္ဒာသည် ထက်ဝယ်ဖွဲ့ခွေထိုင်နေရာမှ ဖြည်းညှင်းစွာထလိုက်သည်။

"ဘဘစပ်သီဟနန္ဒာကိုသွားကြည့်ရအောင် အစ်ကိုနောင်"

ထူးနန္ဒာနှင့်အတူ ညာတကူတ်ဂူဘက်သို့ လိုက်ပါသွားကြသည်။

မြေလျှင်ကြောင့် အသစ်ဖြစ်ပေါ်လာသော ပြတ်ရွေ့ချောက်ကြီးထိပ်ရှိ ကြီးမားသော ကညင်ပင်ကြီးတွင် လှံတစ်ချောင်းစိုက်လျက်ရှိ၏။ ယင်းလှံတံတွင် အတူချည်ထားသော အနီရောင်ကြိုးတုတ်တုတ်တစ်ချောင်းအားကိုင်စွဲလျက် ချောက်အဆုံးတွင်ကား ခါးကြိုးတန်းလန်းဖြင့် ချောက်ထဲကျလုဆဲဆဲ ကိုယ်ကျပ်အကျႌပိုင်ရှင်ကိုတွေ့ရ၏။

"ဟာ. . . ဘဘစပ်သီဟနန္ဒာပဲ၊ နောင်နောင် ဆွဲတင်ကြရအောင်"





"သွားမလုပ်နဲ့ ညီမလေး၊ အစ်ကိုနောင်တို့ ကညင်ပင်နားရောက်ရင်ကို ဒီချောက်ကမ်းပါးက ဆက်ပြိုးပြိုကျမယ့်သဘောရှိတယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာ အစ်ကိုနောင်စဉ်းစားလိုက်ဦးမယ်"

"ဘဘကို ကယ်ဖို့မကြိုးစားကြနဲ့တော့. . . သမီးထူးထူးရေ ဘဘရဲ့အကုသိုလ်ကံအကျိုးပေးအတိုင်း ဘဘခံစားရမှာ ဝမ်းမနည်းပါဘူး၊ အခု ဘဘကိုကယ်ရင် မဆိုင်တဲ့သူတွေပါ ဒုက္ခရောက်သွားနိုင်တယ်ကွယ့်၊ ခပ်ဝေးဝေးမှာနေကြပါ"

"ရပါတယ် ဘဘရယ်၊ သမီးတို့ရှိနေရက်နဲ့ ဘဘ ဒီဒုက္ခခံစားနေရတာ မကြည့်ရက်လို့ပါ။ အစ်ကိုနောင် ကယ်ဖို့လုပ်စမ်းပါဦး အစ်ကိုနောင်"

"သမီးလေးတို့ တန်ဖိုးရှိတဲ့အချိန်တွေ အလဟဿဖြစ်ကုန်ပါ့မယ်ကွယ်၊ ဘဘဟာ သမီးတို့သူတော်ကောင်းတွေနေတဲ့ လူ့ဘုံလောကနဲ့ မထိုက်တန်လို့ ဟိုအဝီစိအပါယ်ငရဲကို ဆင်းရတော့မှာပါ။ အဲဒီမသွားခင် ဘဘရဲ့အပြစ်တွေကို ဝန်ချတောင်းပန်ခဲ့ပါဦးမယ်ကွယ်"

ဘဘဟာ သမီးရဲ့ဖေဖေ၊ စပ်ဗလနန္ဒာကို သတ်ခဲ့တဲ့လူပါ။ သူ့ကိုသတ်ပြီး ဟော်နန်းကိုလည်းမသိမ်းဘူး၊ ရတနာတွေကိုလည်း အပိုင်မစီးခဲ့ဘူး၊ ဘဘလိုတာက သမီးတို့သယ်လာတဲ့ ညာတကူတ်ထဲက ပုရပိုက်တွေရယ်၊ ရှင်မွန်လှရွှေရုပ်ထဲက သံသေပစ္စည်းတွေရယ်၊ ယူဖို့အတွက် စပ်ဗလနန္ဒာဆီက မြေပုံတွေ၊ ဂုဏ်စာတွေကိုဖတ်ပြီးယူခဲ့တာ၊ ဒါပေမဲ့ လက်တွေ့မှာကိုယ်ဖြစ်ချင်သလိုဖြစ်မလာဘဲ ကံစီမံရာအတိုင်း ဖြစ်လာခဲ့တယ်၊ အဲဒါတင်လားဆိုတော့ ဒါ့ထက်ဆိုးတဲ့အပြစ်တွေကို ဘဘကျူးလွန်ခဲ့တယ်၊ အဲဒါကဘာလဲဆိုတော့ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမတွေကို ဖီလာဆန့်ကျင်ပြုတဲ့ အရည်းကြီးတွေရဲ့အကျင့်ကို ပြန်ထူထောင်ခဲ့ခြင်းက အဆိုး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပဲ၊ ဒိဋ္ဌိဆိုတဲ့အဖြစ်ကို အရင်ကတော့ အခေါ်အဝေါ်ဆိုးတဲ့အဖြစ်လောက်ပဲခံယူခဲ့တာ၊ တကယ်တော့ ဒိဋ္ဌိဆိုတာဟာ အရှင်လတ်လတ် အဝီစိငရဲထိကျနိုင်တယ်လို့၊ အခုဘဘကိုယ်တိုင်မျက်ဝါးထင်ထင်တွေ့ကြုံခံစားနေရပြီလေ၊ ဒါကြောင့် ကျန်တဲ့လူသားတွေအားလုံးကို ပြောပြပါ။ နိဗ္ဗာန်မရခင်စပ်ကြားမှာ သာမန်လူသားအဖြစ် မရပ်တည်ဘဲ၊ ဆရာအတင်မှားလို့ အဇာတသတ်လိုဖြစ်ခဲ့ရင် ဘဘတို့လိုပဲ တစ်လမ်းသွားဖြစ်ကြရမယ်ဆိုတာ သမီးကပဲ ဆက်ပြီးတရားပြပေးပါကွယ်"

ဘဘစပ်သီဟနန္ဒာကား စကားဆက်ပြောပြီး မှာကြားလိုသေး၏။ သို့သော် ကံဇာတ်ဆရာသတ်မှတ်သောအချိန်တို့အား ဘဘမပိုင်ခဲ့ချေ။ ကညင်ပင်ကြီးသည် ပြတ်ရွေ့ချောက်ဘက်သို့ ခပ်စောင်းစောင်းလဲကျမယောင်ရှိနေရာမှ တဖြည်းဖြည်း တအိအိပြိုဆင်းလျက်ရှိ၏။

"ဝေါ"ကနဲမြည်၍ မြေနှင့်ကျောက်စိုင်ခဲတို့ တစ်ချို့ပြိုကျ၏။

"ဝုန်း"ကနဲ ကြီးမားသောအသံနှင့်အတူ ကညင်ပင်ကြီးသည်ချောက်ထဲသို့ ထိုးဆင်းကျသွား၏။

"ဘဘ. . . ဘဘ"

ဟု ထူးနန္ဒာ၏အော်သံလေးကို လွန်ခဲ့သော(၁၀)နှစ်ခန့်က ပိတ်ချင်းမြောင်ဂူဘေးရှိ ချောင်းဘေးတွင် ဘဘစပ်သီဟနန္ဒာ ရေထဲကျစဉ်အော်လိုက်သောအသံလေးကဲ့သို့ ပြေး၍မြင်ယောင်လိုက်မိသည်။ ဩော်. . . အဖြစ်အပျက်ကား ခပ်ဆင်ဆင်တူသေယောင်ရှိ၏။

သို့သော် အချိန်တို့ကား ကွာခြားခဲ့ပြီဖြစ်ပါ၏။ ထူးနန္ဒာသည်လည်း ယခင်က ထူးနန္ဒာမဟုတ်တော့ပြီ။

ဘဘစပ်သီဟနန္ဒာသည်လည်း ယခင်က မြေးနှစ်ယောက်





ကို ကျွေးမွေးထိန်းသိမ်းနေသည့် ရိုးသားသောရှမ်းအဘိုးကြီးစပ်သီဟနန္ဒာနှင့် ယခုဗုဒ္ဓဘုရား၏လမ်းစဉ်ကို ဆန့်ကျင်သည့်ပုဂ္ဂိုလ်အဖြစ်တို့ကား အခြားနားကြီးခြားနားလှသည်တကား။ ထိုစဉ်က ပိတ်ချင်းမြောင်ချောင်းကြီးသည် ရေစီးသန်ကာ လူတို့ကိုဝါးမြိုခဲ့ချေ၏။ ဒီထက်အဆတစ်ရာသာသော ညာတကုတ်မီးတောင်ပြတ်၏ပြတ်ရွေ့ကြီးကား အကုသိုလ်များကို ဖန်တီးသူတို့အား တရားစီရင်ခဲ့ချေပြီတကား။

ထူးနန္ဒာသည်လည်း အားလုံးကို မျက်ဝါးထင်ထင်မြင်တွေ့ရပြီးနောက် အချိန်၏အဆုံးအဖြတ်ကို ငံ့လင့်လျက်ရှိ၏။ အချိန်ဆိုတာ စက္ကန့်တိုင်းအရေးကြီးလှပါတကား။ မည်သည့်အတွက် အရေးကြီးတာလဲ။ ရာထူးဌာနန္တရအတွက်လား၊ တန်ခိုးအာဏာအတွက်လား၊ နေဥစ္စာအတွက်လား၊ ဘယ်အတွက်မှမဟုတ်ပါ။ သေခြင်းတရား၏ငံ့လင့်နေသော သေမင်းလက်ထဲသို့ အချိန်စက်ယန္တရား၏ခလုတ်ကိုမပေးအပ်ခင် အချိန်၊ ဒီအချိန်အတွင်းမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါးကို ရှုမြင်ရင်း သံသရာ၏အဆုံးအစွန်တစ်ခုကိုရှာဖွေဖို့ နိဗ္ဗာန်၏အမြိုက်တရားကို ရှာဖွေတွေ့ရှိဖို့၊ ဒါတွေကို ရေတွက်နေရုံနဲ့ရှာ ဖွေတွေ့ရှိမှာမဟုတ်၊ ဒီတော့ထူးနန္ဒာသွားရမယ့်လမ်းကို ထူးနန္ဒာဖာသာ စိတ်ချလက်ချသွားဖို့သာပင်။ သို့သော်လောလောဆယ်တော့ ထူးနန္ဒာဦးဆောင်လျက် ရှင်မွန်လှဂူဘက်သို့ ဦးတည်လိုက်လေသည်။ ထူးနန္ဒာတို့ ကျော်ခိုင်းခဲ့သော ညာတကုတ်ဂူ၏ပြတ်ရွေ့ ကြီးများကား တဖြည်းဖြည်းတိုးကပ်ကာ ကျဉ်းမြောင်းပြီး ထိကပ်လုနီးပါးပြန်ဖြစ်နေတာမို့ ချောက်ပြတ်ရွေ့ကြီးကို မြင်ကြရတော့မည်မဟုတ်တော့။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅၁)

ရှင်မွန်လှ၏ ရုပ်ကလာပ်၏ရှေ့သို့ အားလုံးစုရုံးရောက်ရှိကြလေပြီ။

"သခင်မလေး ဉာဏ်တကုတ်ရွှေကြုတ်ထဲက ပုရပိုက်ပြပါ။ အဲဒီထဲကပါတဲ့ ဆေးနည်းအတိုင်း ဆယ်မလန်ရွာသားတွေဟာ အဂ္ဂိရိတ်ပညာသုံးပြီး ဆေးဖော်တတ်ပါတယ်"

ဟု အသက်အကြီးရင့်ဆုံးဘိုးသံဖြူက အော်ကာပြော၏။

"သမီးတို့ကို အချိန်ခဏလေးပေးပါ ဘိုးသံဖြူ"

"ဉာဏ်တကုတ်ရွှေကြုတ်ရပြီးပြီဆိုရင် ရှင်မွန်လှဂူထဲမှာရှိတဲ့ ရှင်မွန်လှရွှေရုပ်အစစ်ကိုလည်း ဖွင့်လို့ရပြီလေ၊ ဖွင့်ဖို့လုပ်ကြပါလား"ဟု ပြောသူက လှမ်းပြော၏။

"ဟုတ်တယ် သခင်မလေး၊ အဲဒီရှင်မွန်လှရွှေရုပ်ထဲမှာပါတဲ့ သံသေဓာတ်လုံးပစ္စည်းက ပိုပြီးအဖိုးတန်ပါတယ်၊ အဲဒီအစီအရင်ကို သခင်မလေးကိုယ်တိုင်ရအောင် ဆောင်ကြဉ်းပေးပါ"

ဟု တောင်းဆိုသူက တောင်းဆိုကြပြန်ပါ၏။ နောင်နောင်၏စိတ်ထဲတွင် တင်းကနဲဖြစ်သွား၏။

"ညီမလေးရာ. . ဒီရွာကလူတွေက စိုင်းဝဏ္ဏတို့ စိုင်းပေါက်





တို့၊ ဘဘစပ်သီဟနန္ဒာတို့ဟာ ဒီလောဘတရားတွေအခြေခံရင်း အသက်ဆုံးရှုံးသွားတယ်ဆိုတာကို မြင်ရက်နဲ့တောင် အခုထိအမှတ်သည်းခြေမရှိ တောင်းဆိုနေကြတုန်းပါလား"

"ဟုတ်တယ် အစ်ကိုနောင်၊ သူတို့ဟာ မောဟဆိုတဲ့ မသိနားမလည်မှု အမိုက်မှောင်ကြီးတစ်ခုဖုံးလွှမ်းနေတယ်လေ၊ ဒီအမိုက်အမှောင်ကြီးဖယ်ပေးဖို့ကလည်း စွဲလမ်းခြင်းဥပါဒါန်ဆိုတဲ့ ငပုတ်ဖမ်းလကို ဖယ်ရှားပေးသလို ဖယ်ရှားပေးမှရမှာ အစ်ကိုနောင်"

"အင်း. . . ညီမလေးရဲ့ဆွေတော်မျိုးတော်တွေကို ညီမလေးပဲ လမ်းပြပေးမှဖြစ်တော့မှာပဲကွယ်"

"ကဲ. . . ကဲ ဘိုးသံဖြူအပါအဝင် သခင်မလေးကိုချစ်တဲ့ ရွာသူရွာသားတွေအားလုံး သခင်မလေးရဲ့စကားကို နားထောင်ကြမလား"

"တရားနည်းလမ်းကျတဲ့ ဆုံးမစကားဆိုရင် အားလုံးလိုက်နာကြမှာပါ"

"တရားနည်းလမ်းကျရမှာပေါ့၊ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်ဟောကြားထားတဲ့ လမ်းစဉ်ဖြစ်လို့ပါ၊ ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း အားလုံးလိုက်နာ ကျင့်ကြံအားထုတ်ကြဖို့လိုတယ်"

"ပြောပါ. . . အချိန်လုလုပ်ရမှာဆိုတော့ သခင်မလေး မြန်မြန်ရှင်းပြမှဖြစ်ပါမယ်"

"သခင်မလေး ပြောလိုတာကတော့ ဆယ်မလန်ရွာသားအားလုံးဟာ ရှင်မွန်လှသခင်မပြန်ပြီး အသက်ရှင်ကာနိုးထလာမဲ့ အချိန်ကို စောင့်နေကြတယ်. . . ဟုတ်တယ်နော်"

"မှန်ပါတယ် သခင်မလေး၊ ရှင်မွန်လှရဲ့ ရုပ်ကလာပ်တော်ကို မပုပ်မသိုးစီရင်ထားပါတယ်၊ အဲဒီရုပ်ကလာပ်တော် အသက်ရှင်နိုးထနိုင်မယ့် အဂ္ဂိရတ်ပညာ၊ ဂါထာမန္တာန်အတတ်ပညာ၊ အင်္ဂါရုပ်



www.burmeseclassic.com

www.burmeseclassic.com



ပညာ၊ အစီအရင်တွေအားလုံးဟာ ညာတကုတ်ရွှေကြုတ်ရယ် ရှင်မွန်လှရွှေရုပ်ရယ်၊ အဲဒီအထဲတွေမှာ အားလုံးပြည့်စုံစွာရေးသား စီရင်ထားပြီးဖြစ်ပါတယ်၊ ရှင်မွန်လှသခင်မနိုးထလာပြီးမှ ရှင်မွန်လှ သခင်မရဲ့ ရှေ့ဆောင်လမ်းပြမှုနဲ့အတူ ကျင့်ကြံအားထုတ်ကြပြီး နိဗ္ဗာန်ကို ကျွတ်တမ်းဝင်ကြမှာဖြစ်ပါတယ် သခင်မလေး"

"အဲဒီတော့ ရှာသူရှာသားတွေရဲ့ အမှားတွေလိုအပ်ချက်တွေအားလံးကို သခင်မလေးတစ်ခါတည်းဖြည့်စွက်ပေးချင်ပါတယ်၊ ရှာသူရှာသားတွေ မွေးဖွားလာစဉ်ကတော့ အဖော်ပါလာကြပါသလား၊ သေဆုံးသွားတဲ့အခါမှာကော အဖော်ခေါ်သွားကြရပါသလား"

"အားလုံးအဖော်မပါ မိမိတစ်ဦးတည်း သွားကြရမယ့် ခန္ဓာဖြစ်ပါတယ်"

"နိဗ္ဗာန်ဆိုတဲ့ မဂ္ဂင်ခရီးလမ်းဟာလည်း ငါ့အဖေ၊ ငါ့အမေ၊ ငါ့အစ်မဆိုပြီး သံယောဇဉ်တွေနဲ့ခေါ်သွား၊ ယူသွားလို့ရကြမလား"

"မရပါဘူး သခင်မလေး"

"ဒီရှာသူရှာသားတွေအားလုံးဟာ အသက်ရှည်နိုင်တဲ့ ပညာရပ်၊ အနာရောဂါကင်းနိုင်တဲ့ ပညာရပ်ဆေးနည်းတွေကြောင့် အသက်ရှည်လှကြပါပြီ၊ တရားမဲ့တွေဆိုရင်လည်း ခေတ်အဆက်ဆက်တရားတွေကို အဆက်မပြတ်ကြားနာခဲ့ရလို့ နားရည်ဝလှပါပြီ၊ နိဗ္ဗာန်ရောက်ကြောင်းတရားဆိုရင်လဲ ကျင့်ရလှလို့ နားထဲမှာရော ရင်ထဲမှာပါ စွဲနေပါပြီ၊ ဒါပေမဲ့ နိဗ္ဗာန်ကို ဘာကြောင့်မရကြသေးတာလဲ၊ အဲဒါသိကြရဲ့လား"

"မသိပါဘူး သခင်မလေး"

"အဲဒါ ဥပါဒါန်အစွဲဆိုတဲ့ လငပုပ်ဖမ်းနေလို့ပဲ"

"အဲဒီလငပုပ်ကို သခင်မလေးပဲ ဖယ်ရှားပေးပါတော့ဘုရား"





"ညာတကုတ်ရွှေကြုတ်နဲ့တကွ ရွှေကြုတ်ထဲမှာရှိတဲ့ ပရဗိုဒ်၏အပေါ်စွဲတဲ့ အစွဲတွေ၊ အဲဒီပရဗိုဒ်ပါအတိုင်းပြု ဆေးဖော်စားသုံးရင် အသက်အနန္တရှည်မယ်ဆိုတဲ့ အတ္တဝါဒအစွဲ(ဝါ)သက္ကာယဒိဋ္ဌိအစွဲတွေ၊ ရှင်မွန်လှရုပ်ကလာပ်ထဲမှာရှိတဲ့ သိဒ္ဓိအောင်မာတ်လုံးတွေ၊ နောက်ရှင်မွန်လှပြန်ရှင်ပြီး ဆယ်မလန်ရှာသားတွေ နိဗ္ဗာန်ရောက်အောင်ဦးဆောင်ရမယ်ဆိုတဲ့ အစွဲတွေ၊ အဓိကအားဖြင့် ရှင်မွန်လှရဲ့ ရုပ်ကလာပ်အပေါ်စွဲတဲ့ အစွဲတွေကိုမေ့ပျောက်ပါ။ အဲဒီလိုပဲ မိမိတို့အသက်ရှည်ဖို့ မိမိတို့ကျန်းမာပြီး အခုလိုတည်မြဲစွာနေဖို့ဆိုတဲ့ သဘာဝတရားရဲ့ဆန့်ကျင်ဘက်အဖြစ်တွေကို မခံယူပါနဲ့ ဗုဒ္ဓဘုရားရှင်ဟောတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေကို ဆင်ခြင်ရှုပွားရင်း နိဗ္ဗာန်ရောက်ဖို့ ကျင့်ကြံကြိုးကုတ်အားထုတ်ကြပါ"

ဟု ပြောရင်းလွန်စွာဝေးသော တောအုပ်တောင်တန်းဆီသို့ တစ်ရွေ့ရွေ့ထွက်ခွာသွားသော ထူးနန္ဒာအား ရီဝေသောမျက်လုံးအစုံဖြင့် နောင်နောင်စိုက်ကြည့်ရင်း အားလုံးအမြင်မှားဝေဝါးလျက်ရှိတော့သည်။

မိမိ၏ရှေ့ရှိ ညာတကုတ်ရွှေကြုတ်အား ရှာသူရှာသားတို့မ,သွားသောအခါတွင်လည်း လှမ်း၍မတားမိ။ သူတို့အားလုံး ဂူထဲဝင်သွားသောအခါ နောက်မှလိုက်ပါသွား၏။ အဲဒီအထဲရှိ လျှို့ဝှက်ခလုတ်တို့အား စောနု၏ပြသမှုဖြင့် အားလုံးဖွင့်၍ရချေပြီ။ အားလုံးဖွင့်ပေးပြီးနောက် . . .

"စောနုကို သခင်မလေးနောက် လိုက်သွားခွင့်ပြုပါဖျာ"

ဟု ပြောသောအခါတွင် နှုတ်မှအဖြေမပေးဘဲ ခေါင်းငြိမ့်၍ပြလိုက်မိသည်။

ညာတကုတ်ရွှေကြုတ်ရောက်သွားသောအခါ ရှင်မွန်လရွှေရုပ်၏ဦးခေါင်းပေါ်ရှိ ပလ္လင်အဆင့်တွင်တင်ထားလိုက်၏။ ထိုစဉ်အတွင်းဆောင်တစ်ခု၏ ဂူသည်ပွင့်လာပြီး ယင်းဂူထဲရှိ သလွ



www.burmeseclassic.com

www.burmeseclassic.com



ထက်တင် ဝင်းဝါစိုပြေသောအသားနှင့် လိုက်ဖက်စွာမြစိမ်းရောင်အင်္ကျီ၊ မြစိမ်းရောင်ထမိတို့ဖြင့် ပီဘိအိပ်စက်နေသော ညီမလေးထူးနန္ဒာနှင့် တစ်ထေရာတည်းတူသည့် ရုပ်ကလာပ်သည်ပြင်ပလေနှင့်ထိတွေ့သောကြောင့်လား၊ သို့တည်းမဟုတ် အခြားအစီအရင်ကြောင့်လားမသိ၊ တဖြည်းဖြည်း အသားရောင်ဝါရာမှ ဖြူ၊ ဖြူရာမှ တဖြည်းဖြည်းရင့်ရော်ညိုပုတ် နောက်မီးသွေးပြာအဖြစ်ထိ ပြောင်းလဲသွားတော့ရာ အနိစ္စ၏မမြဲခြင်းတရားတို့ကို လက်တွေ့မြင်လိုက်ရချေပြီ။

နောင်နောင်ကိုယ်တိုင်ကပင်. . .

"အဘသံဖြူရယ်၊ ဒီဂူကြီးဟာ လူသားတွေအတွက် တရားသံဝေဂရရုံတင်ပေးရင်တော်ပါသေးရဲ့၊ ရက်စက်ကြမ်းကြုတ်မှုတွေ လောဘ, ဒေါသ, မောဟတွေပါ ပေးဝေနေတာဆိုတော့ ဂူကို အသေပဲ ပိတ်လိုက်ကြပါစို့ဗျာ"

ဟု တဖွဖွတောင်းပန်ရင်း နောက်မှရောက်လာသော ဘဘစိန်လှိုင်၏စီမံခန့်ခွဲမှုဖြင့် ယင်းဂူကြီးကို အင်္ဂတေသံကူကွန်ကရစ်များဖြင့် ပိတ်လိုက်ချေပြီ။

ယင်းဂူကြီးကို သံကူကွန်ကရစ်ဖြင့် ပိတ်လိုက်သည့်နည်းတူ ထူးနန္ဒာသည်လည်း လောကီထုပတ် လူတို့ဇာတ်ကို သံကူကွန်ကရစ်ပိတ်ကာ လိုက်ကာဖုံး၍ ပြည်ဖုံးကားချခဲ့ချေပြီ။ နောင်နောင်သည်လည်းကောင်း၊ ဘိုးသံဖြူတို့ ဆယ်မလန်ရွာသားတို့သည်လည်းကောင်း မိမိတို့ရင်ထဲမှာ ရှင်မွန်လှတည်းဟူသော သခင်မလေးအစွဲကို ဖျောက်ဖျက်ဖို့ကြိုးစားနိုင်သော တစ်နေ့အတွက် အချိန်ကို စောင့်ကြရပေဦးမည်။

♦♦♦

ဥတ္တရနေလ

ကြည်လှမောင်စာပေ

BURMESE CLASSIC
www.burmeseclassic.com